
www.burmeseclassic.com

လောကသစ်စာပေ



# မြသန်းတင့်

# ဘဝနေနည်း အနုပညာ

**Andre Maurois**
**THE ART OF LIVING**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မြသန်းတင့်

## (၁၉၂၉–၁၉၉၈)

၁၉၂၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့၌ အဖ ရွှေနေဦးပေါ်တင့်၊ အမိ ဒေါ်လှိုင်တို့မှ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရရှိသည်။

၁၉၄၉ ခုနှစ်တွင် 'ဒုက္ခသည်' ဝတ္ထုတိုကို စတင်ရေးသားခဲ့ပြီး ပဒေသာ၊ သွေးသောက်၊ ရှုမဝ၊ ဂျာနယ်ကျော်၊ လင်းယုန်စသည့် မဂ္ဂဇင်း ဂျာနယ်များ၌ ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါးများ ရေးသားသည်။ စာပေသစ် မဂ္ဂဇင်းကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေခဲ့ပြီး စာရေးဆရာအသင်း၏ စာပေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ 'ပြည်တော်သစ်' ဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ တိုးတက်ရေးသတင်းစာတွင် နိုင်ငံခြားရေး အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ 'နွံထဲကကြာ' ဝတ္ထုမှစ၍ ကလောင်အမည်ကို 'မြသန်း' မှ 'မြသန်းတင့်' သို့ ပြောင်းသည်။

ပင်ကိုယ်ရေးနှင့် ဘာသာပြန်စာအုပ် တစ်ရာခန့် ရေးသားခဲ့သည်။ ပင်ကိုယ်ရေးဝတ္ထုများအနက် နွံထဲကကြာ၊ အမှောင်ရိပ်ဝယ်၊ မာယာဘုံ၊ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် တို့သည် ထင်ရှား၍ ဘာသာပြန်ဝတ္ထုများအနက်၊ 'စစ်နှင့်ငြိမ်းချမ်းရေး' သည် ၁၉၇၂ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆု၊ 'လေရူးသုန်သုန်' သည် ၁၉၇၈ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆု၊ 'ခန်းဆောင်နီအိပ်မက်' သည် ၁၉၈၈ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆု၊ 'သုခမြို့တော်' သည် ၁၉၉၂ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆု၊ 'အချစ်မိုးကောင်းကင်' သည် ၁၉၉၅ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်ဆုများ ရရှိခဲ့သည်။

ဆရာမြသန်းတင့်သည် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်နေ့ ည (၉း၁၅) တွင် ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ

နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်
သတ်မှတ်ချေမှုန်းကြ

**နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။**

[၁]

# မြသန်းတင့်

# ဘဝနေနည်း အနုပညာ

**ANDRE MAUROIS**

**THE ART OF LIVING**

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်
၁၃၄/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်
၂၈၃/၂၀၀၁ (၄)
ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (၀၁၂၉၉)
တိုင်းလင်းစာပေ၊ ၈/၆၉ အုပ်စု၊
၃/ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။
ပုံနှိပ်သူ
ဦးမြတ်ကျော် (၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက်
၁၉၄၊ ၃၃ - လမ်း၊ ရန်ကုန်။
အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (မြ ၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။
အဖုံး
မုတ်သုံ
ကွန်ပျူတာ
ပြည့်စုံ
ဖလင်
ကျော်ကျော် (Perfect)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀၊
မေ၊ ၂၀၀၁။
တန်ဖိုး
၂၀၀၁

လောကသစ်စာပေ (၇)၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# အမှာစာ

ပြင်သစ်စာရေးဆရာ အင်ဒရေမော်ရွိုင်းသည် ၁၈၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ အဲလ်ဘတ်မြို့တွင် မွေးဖွားပါသည်။ ဝတ္ထု၊ သမိုင်း၊ အတ္ထုပ္ပတ္တိ စသည်ဖြင့် စာစုံရေးပြီး ယခုဆရာမြသန်းတင့် ပြန်ဆိုသော The Art of Living သည် မော်ရွိုင်း၏ တင်ရှားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ် (The Art of Living) ကို မော်ရွိုင်းသည် ၁၉၄၀ ခုနှစ်က ရေးပါသည်။ ယခုဆိုလျှင် ဤစာအုပ်၏ သက်တမ်းသည် အနှစ် ၆၀ ကျော်ပြီဖြစ်သော်လည်း နိုင်ငံအသီးသီးတွင် ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုရေးသားနေဆဲ၊ ထုတ်ဝေဖတ်ရှုနေဆဲ ဖြစ်ပါသည်။

စာအုပ်၏အကြောင်းအရာမှာ အချစ်၏ သဘော၊ အိမ်ထောင်ပြုခြင်း၏ သဘော၊ မိသားစု၏ သဘော၊ မိတ်ဆွေ၏ သဘော၊ တွေးခေါ်ခြင်း၏ သဘော၊ အလုပ်လုပ်ခြင်း၏ သဘော၊ ခေါင်းဆောင်၏ သဘော၊ အိုခြင်း၏ သဘော၊ ပျော်ရွှင်မှု၏ သဘောတို့ကို ဖွင့်ဆိုရင်း ဘဝကို အောင်မြင်ပျော်ရွှင်စွာ နေထိုင်နည်းကို ညွှန်ပြခြင်းဖြစ်ပါသည်။

ဤစာအုပ်သစ်ကို မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဆရာ့ကို ချစ်ခင်လေးစားကြသော စာဖတ်ပရိသတ်များအတွက် အထူးတင်ဆက်လိုက်ပါသည်။ ။

လောကသစ် စာပေ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| ၁။ ချစ်ခြင်းအနုပညာ | ၇ |
| ၂။ လက်ထပ်ထိမ်းမြားခြင်း အနုပညာ | ၄၅ |
| ၃။ မိသားစုဘဝ အနုပညာ | ၈၅ |
| ၄။ မိတ်ဆွေဖွဲ့ခြင်း အနုပညာ | ၁၁၇ |
| ၅။ တွေးခေါ်မှု အနုပညာ | ၁၄၉ |
| ၆။ အလုပ်လုပ်ခြင်း အနုပညာ | ၁၈၇ |
| ၇။ ခေါင်းဆောင်မှု အနုပညာ | ၂၃၁ |
| ၈။ အိုခြင်းအနုပညာ | ၂၅၅ |
| ၉။ ပျော်ရွှင်ခြင်းအနုပညာ | ၂၉၁ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းအနုပညာ

ချစ်တာဟာ အနုပညာ (အတတ်ပညာ) တစ်ခုလား၊ ဒါမှမဟုတ် အလိုအလျောက် ပေါ်လာတဲ့ ပကတိစိတ်တစ်မျိုးလား။

ဒီမေးခွန်းကို မဖြေခင် နောက်မေးခွန်းတစ်ခုကို ထပ်မေးရဦးမယ်။ အနုပညာဆိုတာဘာလဲ။

'အနုပညာသည် သဘာဝလောကကြီးကို ထပ်မံပေါင်းဖြည့်ထားသည့် လူဖြစ်သည်' လို့ စာရေးဆရာ ဘေကွန်က ပြောခဲ့တယ်။ ရိုးရိုးဥဒါဟရုဏ်ကလေးတွေကို ကြည့်လိုက်ရင် ဘေကွန်ရဲ့ အဆိုဟာ သင့်မြတ်တဲ့ အဆိုဖြစ်ကြောင်းကို တွေ့နိုင်ပါတယ်။ သဘာဝကြီးဟာ ပန်းချီဆရာတစ်ယောက်အတွက် ပန်းချီကားရေးဖို့ ကုန်ကြမ်းတွေကို ဖန်တီးပေးတယ်။ သစ်ပင်တွေ၊ ပန်းပွင့်တွေ၊ ပင်လယ်၊ သက်ရှိသတ္တဝါ၊ အလင်းရောင် စတဲ့ ကုန်ကြမ်းတွေကို ပေးတယ်။ ပန်းချီဆရာက သူ့စိတ်ကူးက တောင်းဆိုနေတဲ့ အတိုင်း အဲဒီကုန်ကြမ်းတွေကို ပုံတူဆွဲတယ်။ ဖွဲ့စည်းတယ်။ အနုပညာအဖြစ် ဖန်တီးတယ်။ သဘာဝကြီးဟာ ဝတ္ထုတစ်ပုဒ်အတွက် အခြေခံပစ္စည်းတွေကို ဖန်တီးပေးတယ်။ ငိုသံတွေ၊ ရမက်တွေ၊ အဖြေရှာမရတဲ့ လူသတ်မှုတွေ။ စာရေးဆရာဟာ ရှုပ်ထွေးနေတဲ့ ကုန်ကြမ်းပစ္စည်းတွေကို သိမ်းကျုံးယူလိုက်ပြီး လိုရာရွေးယူတယ်။ ပွဲကြည့်ပရိသတ်တွေ နားလည်နိုင်တဲ့ သူတို့ကို စိတ်လှုပ်ရှားစေတဲ့ အလွမ်းဇာတ်တစ်ပုဒ်ကို ဖန်တီးလိုက်တယ်။

ဘေကွန်ရဲ့ ဖော်ပြပါ အနက်ဖွင့်ဆိုချက်ကို လက်ခံတယ်ဆိုရင် ချစ်တာမှာလည်း အနုပညာရှိတယ်ဆိုတာကို လက်ခံရပေလိမ့်မယ်။ အခြားသော ကိစ္စများမှာ သဘာဝကြီးဟာ ကုန်ကြမ်းများကို ပေးပြီး အနုပညာကို လူက ဖန်တီးရသလို၊ အချစ်ကိစ္စမှာလည်း သဘာဝကြီးဟာ ကုန်ကြမ်းများကို

www.burmeseclassic.com

www.burmeseclassic.com



ပေးထားတယ်။ သဘာဝကြီးဟာ လူတွေကို ကျားနဲ့မ ဆိုပြီး နှစ်မျိုးခွဲပေးထားတယ်။ မျိုးနွယ်တွေ ပြန့်ပွားအောင် လုပ်ဖို့လိုအပ်ချက်ကို ဖန်တီးပေးထားတယ်။ သွေးသားတောင့်တမှုကို ဖန်တီးပေးထားတယ်။ သွေးသားတောင့်တမှုဟာ သွေးသားကို ဖြည့်ဆည်းဖို့နဲ့ ကျားနဲ့မကို ပေါင်းစပ်အောင် လုပ်ပေးတဲ့ ပကတိစိတ်ပါပဲ။ လူသားဟာ အဲဒီကုန်ကြမ်းတွေကို ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံပြီး လှပအောင်သိကုံးခဲ့တယ်။ အဲဒီလိုသာ မလုပ်ခဲ့ရင် ကျွန်တော်တို့ ရဲ့ အချစ်ဟာ ဘာမှစိတ်ဝင်စားစရာမကောင်းတော့ဘဲ တိရစ္ဆာန်တွေရဲ့ အချစ်လို ရိုးစင်းနေတော့မှာပေါ့။ ကျွန်တော်တို့ဟာ တိရစ္ဆာန်တွေရဲ့ အချစ်ကိုကြည့်မယ်။ နောက်ပြီးတော့ ရည်စားစာတစ်စောင်ကို ဖတ်မယ်။ ဒီနှစ်ခုကို ကြည့်လိုက်ရင် အချစ်ကိစ္စမှာ သဘာဝအနုပညာဟာ ဘယ်လောက်အလှမ်းကွာ ခြားနားနေတယ်ဆိုတာကို ခန့်မှန်းနိုင်တယ်။

တစ်လောက လန်ဒန်ကို ရောက်သွားတော့ အဖိုးကြီးတစ်ယောက်ရဲ့ အကြောင်းကို ကြားခဲ့ရတယ်။ အဖိုးကြီးက သူ့သမီးအတွက် စာအုပ်ဝယ်တယ်။ 'ဒီစာအုပ်ထဲမှာ ဖို-မ ကိစ္စတွေ ဘာတွေတော့ မပါပါဘူးနော်' လို့ မရဲတရဲနဲ့ မေးသတဲ့။ ဒီတော့ စာအုပ်ရောင်းတဲ့ အမျိုးသမီးက 'မပါပါဘူးရှင်၊ ဒါက အချစ်ဝတ္ထုပါ' လို့ ဖြေသတဲ့။ ဒီပုံပြင်ကလေးဟာ ရယ်စရာပုံပြင်ကလေး ဖြစ်ပေမယ့် လေးနက်တဲ့ ပြက်လုံးကလေးဖြစ်ပါတယ်။ ပြက်လုံးများ ထုံးစံအတိုင်း အမှန်တရားကို အကျယ်ချဲ့ပြီး ပြောထားတာပါ။

အချစ်ဝတ္ထုတိုင်းမှာ ဖို-မနဲ့ ပတ်သက်တဲ့အကြောင်းတွေ အများကြီးပါကြတယ်။ ဒါပေမယ့် လူ့အချစ်ရဲ့ ထူးခြားချက်ကတော့ အလွန်ရိုးစင်းတဲ့ ပကတိစိတ်တစ်ခုဖြစ်တဲ့ သွေးသားဆန္ဒကို အလွန်လှပဆန်းကြယ် ရှုပ်ထွေးတဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှု အဆောက်အအုံကြီးအဖြစ် ဆောက်လုပ်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

သွေးသားဆန္ဒဆိုတာ ခဏပဲသက်တမ်းရှိပါတယ်။ ဒီလောက် သက်တမ်းတိုလှတဲ့ သွေးသားဆန္ဒပေါ်ကနေပြီး၊ ဒီလောက်ပြောင်းလဲလွယ်တဲ့ ပကတိစိတ်ထဲကနေပြီး လူဟာ ဒီလောက်သန့်စင်ပြီး ဒီလောက်ကြာရှည်တဲ့ အချစ်ဆိုတဲ့ ခံစားချက်ကို ဘယ်လိုလုပ်ပေါ်ပေါက်လာအောင် လုပ်နိုင်သလဲ။ အဲဒီ သွေးသားဆန္ဒကို ဘယ်လိုလုပ်ပြီး သန့်စင်မွန်မြတ်လာအောင် လုပ်နိုင်သလဲ။



ချစ်ခြင်းအနုပညာအကြောင်းကို နားလည်ချင်ရင် ဒီပြဿနာကို ဖြေရှင်းရလိမ့်မယ်။

ဒါပေမယ့် ပြဿနာကို မဖြေရှင်းခင် ပဏာမမေးခွန်းတွေကိုတော့ ဖြေကြရလိမ့်ဦးမယ်။

ယောက်ျားမိန်းမ ထောင်ပေါင်းများစွာတို့ဟာ နေ့စဉ်နဲ့အမျှ တွေ့ဆုံနေကြတယ်။ ဒီလိုတွေ့ဆုံနေကြတဲ့အထဲမှာ တစ်ယောက်ကိုတော့ မချစ်မိဘဲ ဘာဖြစ်လို့ တခြားတစ်ယောက်ကိုတော့ သွားချစ်မိရသလဲ။ တစ်ယောက်ကိုတော့ စိတ်မဝင်စားဘဲ ဘာဖြစ်လို့ တခြားတစ်ယောက်ကိုသွားပြီး စိတ်ဝင်စားရသလဲ။

ဒီအမေးကို ဖြေစရာနှစ်ခုရှိတယ်။ အဖြေနှစ်ခုစလုံးမှာ အမှန်တွေတော့ ပါနေတယ်။

ပထမအဖြေက ဒီလို။

ကျွန်တော်တို့ရဲ့ဘဝ အချို့သောအရွယ်တွေမှာ အထူးသဖြင့် ကြီးကောင်ဝင်စအရွယ်နဲ့ အသက်ငါးဆယ်နားရောက်တဲ့ အရွယ်တွေမှာ ချစ်ခြင်းကို တောင့်တလာတတ်ကြတယ်။ ဘယ်သူ့ကို ချစ်တယ်ရယ်လို့တော့မဟုတ်ဘူး။ ဒါပေမယ့် ထွေပြားတဲ့ ခံစားချက်မျိုးပါ။ တစ်စုံတစ်ခုကို မျှော်လင့်ပြီး ကြည်နူးနေတတ်တဲ့ စိတ်မျိုးပါ။ ဒီလို အချိန်မျိုးမှာ လူတစ်ယောက်ဟာ သူ့စိတ်ကူးထဲက မိုးနတ်မယ်လိုလှတဲ့ မိန်းကလေးတွေကို အစွဲလမ်းကြီးစွဲလမ်းနေတတ်တယ်။ စိတ်ကူးထဲက မိန်းကလေးလို့ ပြောရတာက တခြားကြောင့်မဟုတ်ဘူး။ တကယ့်မိန်းကလေးမှ မတွေ့သေးဘဲကိုး။ မိန်းမငယ်လေးတစ်ယောက်ဟာ ဝတ္ထုထဲက ဇာတ်လိုက်တွေ၊ နာမည်ကျော်ရုပ်ရှင်မင်းသားတွေ၊ အင်္ဂလိပ်စာပါမောက္ခတွေကို ကြိုက်ချင်ကြိုက်နေတတ်တယ်။ အချစ်ကို လှုံ့ဆော်ပေးတဲ့ ဆေးတွေထဲမှာ ငယ်ရွယ်နုပျိုခြင်းဆိုတဲ့ ဆေးကတော့ အာနိသင်အထက်ဆုံးပါပဲ။ နုပျိုခြင်းဆိုတဲ့ နတ်သုဒ္ဓါရည်ကို သောက်ပြီးတာနဲ့ မိန်းမတိုင်းဟာ ဟယ်လင်မင်းသမီးလို လှနေတော့တာပဲ' လို့ ဂါထေးက ရေးခဲ့ဖူးပါတယ်။ ချစ်သူလောင်းအလာကို စိုးရိမ်တကြီး စောင့်မျှော်ရင်းနဲ့ ပထမဆုံးတွေ့ဆုံတဲ့ နှစ်လိုစဖွယ် မိန်းကလေးဟာ သူ့အချစ်ကိုနိုးပေးလိုက်သူ ဖြစ်လာတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနဲ့ ယောကျာ်းလေးတွေ့ဆုံရတဲ့ အခြေအနေများဟာလည်း အရေးကြီးတဲ့ အခန်းက ပါတတ်ပါတယ်။ မိမိတို့ရဲ့ ခံစားချက်များ၊ တောင့်တမှုများကို ဖော်ထုတ်ဖို့ ဝန်လေးတဲ့ ရှက်ကြောက်တတ်သူများ ကျတော့လည်း အခြေအနေပေးလို့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးလာခဲ့ကြတာမျိုးလည်းရှိတယ်။ မိန်းကလေးတွေရဲ့ အမြင်မှာ ယောကျာ်းတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ၊ ကျော်စောမှု စသည်တို့ဟာ အဲဒီယောကျာ်းလေးရဲ့ ဘေးပတ်လည်မှာ မြူမှုန်တွေ ဝိုင်းသလို ဝိုင်းနေတတ်ပြီး သူ့အပြစ်တွေကို ဖုံးကွယ်ပေးထားတတ်တယ်။ လေယာဉ်မှူးတစ်ယောက်၊ ဇာတ်လိုက်မင်းသားတစ်ယောက်၊ ဘောလုံးသမားတစ်ယောက်၊ စကားပြောကောင်းတစ်ယောက်ရဲ့ အောင်မြင်ကျော်ကြားမှုဟာ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို မွေးဖွားပေးရာမှာ အဓိကလက်သည်တွေပဲ။ လူချင်းတွေ့ခွင့်ကြုံကြတဲ့အခါမှာ ခံစားမှုချင်းတူကြတယ်လို့လည်း တစ်ယောက်နဲ့တစ်ယောက် ထင်သွားတတ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြတော့ ကြားလူရဲ့စကားတွေကို ကြားပြီးသားဖြစ်နေကြတဲ့အတွက် အကြည့်နှစ်ခုဟာ ဆုံမိကြတယ်။ တစ်ယောက်ရဲ့ခံစားချက်တွေကို အပြန်အလှန်ဖော်ပြကြတယ်။ မော်တော်ကားအတူစီးလာကြတော့ ကားက ချိုင့်တစ်ခုထဲကို ကျသွားတယ်။ လက်ချင်းထိမိကြတယ်။ မရည်ရွယ်ဘဲ ထိမိသွားကြတယ်။ ဒီလောက်ဆိုရင် လုံလောက်သွားပြီပေါ့။ တစ်ယောက်နဲ့တစ်ယောက် အသွင်တူဟာ မတူတာတွေ အပထား။ အဖြစ်အပျက်တွေကြောင့် ချစ်သူနှစ်ယောက်ဟာ ဆုံမိသွားကြတယ်။ (အခြေအနေက ဖန်တီးလို့ ချစ်သူဖြစ်သွားကြတယ်ပေါ့။)

ဒုတိယအဖြေကတော့ ဒီလို။

ဒီအဖြေကတော့ ပထမအဖြေနဲ့ ပြောင်းပြန်ပဲ။ ဒီအချစ်မျိုးကတော့ 'လျှပ်တစ်ပြက် အချစ်' လို့ ခေါ်နိုင်တယ်။ မြင်မြင်ချင်း ချစ်မိတာမျိုးလို့လည်း ခေါ်နိုင်တယ်။ တစ်နည်းပြောရမယ်ဆိုရင် နဖူးစာပါလာလို့ ရေးကရေစက်ပါလာလို့ ချစ်မိတာမျိုးလို့လည်း ပြောလို့ရတယ်။ ခေါ်မဒဏ္ဍာရီပုံပြင်တစ်ခုရှိတယ်။ ဒီပုံပြင်အရ လူဆိုတာ မိန်းမနဲ့ယောကျာ်း ပေါင်းစပ်ထားတဲ့ သတ္တဝါလို့ ဆိုတယ်။ နောက်တော့ ဘုရားသခင်က သူတို့နှစ်ယောက်ကို ခွဲပစ်လိုက်တဲ့အတွက် မိန်းမနဲ့ယောကျာ်းဟာ တစ်ယောက်ကိုတစ်ယောက် အမြဲတမ်းလိုက်



လံရှာဖွေနေကြတယ်လို့ ဆိုတယ်။ ဒီလို ထာဝရဘုရားက ဖန်ဆင်းပြီး ခွဲခြားပစ်လိုက်တဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ပြန်လည်တွေ့ဆုံကြတာနဲ့ တစ်ပြိုင်နက်အလွန်ပြင်းထန်အားကောင်းပြီး အလွန်ချိုမြိန်တဲ့ ဆက်သွယ်မှုကြောင့် သူတို့နှစ်ခုဟာ တစ်ခုနဲ့တစ်ခု သွေးသားတော်စပ်ကြတယ်ဆိုတာကို သိသွားကြသတဲ့။ အဲဒီပုံပြင်အရ ကျွန်တော်တို့ ကိုယ်တွင်းမှာ ဘစ်စုံတစ်ခုသော လှပတဲ့အရည်အချင်းတစ်ခုရှိတယ်တဲ့။ အဲဒီလှပတဲ့ အရည်အချင်းဟာ ကွဲကွာသွားတဲ့ လှပတဲ့အရည်အချင်းကို လိုက်လံရှာဖွေနေတယ်တဲ့။ ဒါ့ကြောင့်မို့ ယောကျာ်းကလေးဟာ လှပတဲ့မိန်းကလေးကိုတွေ့ရင် လူပျိုပေါက်ဘဝက စိတ်ကူးအိပ်မက်ထဲမှာ မျှော်မှန်းခဲ့တဲ့ နတ်မိမယ်လို မိန်းကလေးမျိုးကိုတွေ့သွားရင် သူ့အပေါ်မှာ တိမ်းညွှတ်သွားပြီး ချစ်ခင်နှစ်သက်ခြင်း ဖြစ်ပေါ်လာတာဖြစ်တယ်တဲ့။

တစ်ချို့လူတွေရှိတယ်။ သူတို့ဟာ ရုပ်ရည်ရူပကာအားဖြင့်လည်း နှစ်သက်စွဲလမ်းဖွယ်ကောင်းတယ်။ နှုတ်အားဖြင့်လည်း ချစ်ခင်နှစ်လိုဖွယ်သောစကားကို ဆိုတတ်တယ်။ အဲဒီလို ကာယကံအားဖြင့်လည်းလှ၊ ဝစီကံအားဖြင့်လည်းလှတဲ့ သူမျိုးကိုဆိုရင် သူ့အပေါ်မှာ အပြစ်ရယ်လို့ လုံးဝမမြင်တော့ဘဲ အချစ်ဝင်နေတော့တာပဲ။ သူတို့နဲ့ ရင်းရင်းနှီးနှီး၊ နီးနီးကပ်ကပ် နေရလေလေ သူတို့ကို ချစ်ခင်နှစ်သက်လာလေလေဖြစ်တတ်တယ်။ သူတို့နှုတ်ဖျားက ထွက်လာတဲ့ အသံဟာ ဂီတသံလို သာယာငြိမ့်ညောင်းတယ်။ သူတို့ရဲ့စကားဟာ ကဗျာတစ်ပုဒ်လို လှပနေတယ်။ လူတစ်ယောက်ကို ချွင်းချက်မရှိ လုံးဝဥဿုံပုံပြီး ချစ်ရမြတ်နိုးရတာဟာ အလွန်ကြီးကျယ်တဲ့ ချမ်းသာသုခဖြစ်ပါတယ်။ ကိုယ့်ချစ်သူရဲ့ အဆင်းနဲ့အချင်း၊ ခန္ဓာကိုယ်အလှနဲ့ စိတ်အလှကို မြတ်နိုးမှုအပေါ်မှာ ခြေခံတည်ဆောက်ထားတဲ့ အချစ်ဟာ အလွန်ဆက်သန့်တဲ့ ပီတိကိုဖြစ်စေပါသတဲ့။ (ဒါက နဖူးစာပါလို့၊ ရေးရေစက် ပါလို့ တွေ့ကြတာမျိုးပေါ့။)

ဒါပေမယ့် လောကမှာ ဒီလိုအခြေအနေလည်းမပေး၊ ရေးရေစက်လည်းမပါဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့ကြတာလည်း ရှိပါတယ်။ အဲဒီလို လူမျိုးတွေအတွက် ချစ်ခြင်းအနုပညာဟာ ဘယ်လောက် အကူအညီပေးနိုင်သလဲ။ ဘယ်လိုလမ်းညွှန်မှုတွေများ ပြနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သလဲလို့ မေးစရာရှိတယ်။ စိတ်သဘောဖြောင့်မှန်တာ၊ စိတ်ရှည်တာ၊ အထူးသဖြင့် ကြည်လင်ရွှင်ပျတဲ့ စိတ်သဘောရှိတာတို့ဟာ ပျော်ရွှင်ချမ်းမြေ့မှုကို လိုက်လံရှာဖွေရာမှာ အလွန်အဖိုးတန်တဲ့ အရည်အချင်းတွေဖြစ်တယ်။ အမြဲတမ်းမဟုတ်သည့်တိုင် အများအားဖြင့်တော့ ဒီအရည်အချင်းများဟာ ကျန်းမာတဲ့ စိတ်ထားနဲ့ ကျန်းမာတဲ့ ကိုယ်ခန္ဓာက ပေါ်ထွက်လာခြင်းဖြစ်တယ်။ ဒါ့ကြောင့်မို့ တစ်ဦးနဲ့တစ်ဦး ဖူးစာဖက်ရွေးကြတော့မယ်ဆိုရင် သက်ဆိုင်ရာ မိသားစုများ၊ မိဖများဟာ ဒီအချက်ကို အလေးထားစဉ်းစားသင့်တယ်။ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ပျော်ရွှင်ချမ်းမြေ့မှုရှိရာ အရပ်မှာပဲ ကြီးထွားနိုင်တယ်။ အောင့်အီးချုပ်ချယ်မှုတွေ၊ စိတ်ညစ်စရာတွေများတဲ့ ပတ်ဝန်းကျင်မှာ အချစ်ဟာ ချက်ချင်းညှိုးနွမ်းသွေ့ခြောက်သွားမှာပဲ။

မိန်းမတွေဟာ အားကောင်းပြီး ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားတွေနဲ့ နေရတာကို ပျော်ကြတယ်။ ယောကျ်ားတွေကတော့ ချစ်ခင်ယုယတတ်ပြီး ကိုယ့်နောက်ကို ဖဝါးခြေထပ်လိုက်ချင်တဲ့ မိန်းမတွေနဲ့ နေရတာကို ပျော်တတ်ကြတယ်။ တော်တော်ငယ်တဲ့ မိန်းမပျိုကလေးတွေကတော့ ကိုယ်လွှမ်းမိုးချုပ်ကိုင်လို့ရတဲ့ ယောကျ်ားမျိုးနဲ့မှ လက်ထပ်ချင်တယ်လို့ ပြောလေ့ရှိတယ်။

ကျွန်တော်တွေ့ဖူးသမျှကို ပြောရရင်တော့ သတ္တိနဲ့ ကျန်းမာသန်စွမ်းမှုကြောင့် ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့မိတဲ့ မိန်းမတွေဟာ ပျော်ရွှင်ချမ်းမြေ့မှုကို ရကြတာများတယ်။ အခြားအကြောင်းကြောင့် ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့မိတဲ့ မိန်းမတွေထဲမှာ ပျော်ရွှင်ချမ်းမြေ့မှုကို တကယ်ရတဲ့ မိန်းမဆိုလို့ မတွေ့ဖူးသလောက်ပါပဲ။ အလားတူပဲ နှုတ်ကြမ်းလျှာကြမ်း၊ ကြမ်းတမ်းခက်ထရော်တဲ့ မိန်းမတစ်ယောက်ကိုရလို့ ပျော်ရွှင်ချမ်းမြေ့မှုကိုရတဲ့ ယောကျ်ားကိုလည်း ကျွန်တော်တစ်ခါမှ မတွေ့ဖူးသလောက်ပါပဲ။

မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ဟာ တစ်ခါနှစ်ခါ တွေ့ဖူးရုံနဲ့ တစ်ယောက်ကိုတစ်ယောက် ဘဝကြင်ဖော်အဖြစ် ဆုံးဖြတ်ရွေးချယ်ဖို့ကိစ္စဟာ တော်တော်ခက်ပါတယ်။ ဒီနေရာမှာတော့ အသိဉာဏ်နဲ့ စဉ်းစားတာထက် ပကတိစိတ်နဲ့ ဆုံးဖြတ်တာက ပိုတောင်ကောင်းလိမ့်မယ် ထင်ပါတယ်။ သူ့ကို ချစ်ရမလားလို့ မေးခွန်းထုတ်ဖို့ မသင့်ပါဘူး။ ချစ်တယ် မချစ်ဘူးဆိုတာ မေးခွန်းထုတ်ဖို့မလိုဘဲ ကိုယ့်ရင်ထဲမှာ အလိုလိုသိရမယ့်



ကိစ္စ ဖြစ်ပါတယ်။ အခြားသောအရာများ မွေးဖွားလာသလိုပဲ အချစ်ဟာလည်း သဘာဝအလျောက် အလိုလိုမွေးဖွားလာခြင်းဖြစ်ပါတယ်။ ချစ်ခြင်းအနုပညာကို နောက်မှလေ့ကျင့်ယူရတာပါ။ လောလောဆယ်မှာတော့ အနုပညာသည်ဟာ သူ့ရဲ့ ကုန်ကြမ်းပစ္စည်းတွေကို ဘယ်အချိန်မှာစတင် ပုံဖော်သလဲ ဆိုတဲ့အချက်ကို အရင်ရှာဖွေကြည့်ချင်ပါတယ်။

သူ့ရဲ့ (De L' Amour) ဆိုတဲ့ ဝတ္ထုထဲမှာ စတဲင်ဒယ်က အချစ်ဆိုတဲ့ ခံစားမှုမွေးဖွားပေါ်ပေါက်လာပုံကို နှစ်သက်စဖွယ် ရေးဖွဲ့ထားခဲ့ပါတယ်။ ဒီမှာ သူ ဖော်ပြထားတဲ့ အရေးကြီးတဲ့ အချက်တွေကို ပထမထောက်ပြချင်ပါတယ်။ နောက်ပြီးတော့မှ ကျွန်တော် ဘယ်လိုမြင်တယ်ဆိုတာကို ထပ်ပြောပါ့မယ်။

အချစ်ဟူသမျှဟာ အထင်ကြီးမြတ်နိုးခြင်း အရှိန်အဟုန်ကြီးစွာ ဖြစ်ရာက ပေါ်ထွက်လာခြင်းဖြစ်တယ်။ ဒါမှမဟုတ်ရင်လည်း သနားကရုဏာကိုဖြစ်စေတဲ့၊ တောင့်တမှုကိုဖြစ်စေတဲ့ အဖြစ်အပျက်တစ်ခု အရှိန်အဟုန်ကြီးစွာ ဖြစ်ရာက ပေါ်ပေါက်လာခြင်းဖြစ်တယ်။ တော်စတွိုင်းရဲ့ 'အင်နာကရီးနီးနား' ဝတ္ထုမှာ ဗရွန်းစကီးဟာ ရထားပေါ်က ဆင်းလာရင်း 'မဒမ်ကရီးနီးနားဟာ တော်တော်ချောတာပဲ၊ ငါ့ကို ဘာအဓိပ္ပာယ်နဲ့ ကြည့်သွားတာပါလိမ့်' လို့ တစိမ့်စိမ့်တွေးလာတယ်။ 'ယူဂျင်းဂရင်းဒက်' ဝတ္ထုထဲမှာ ချားလ်ဂရင်းဒက်ဟာ တစ်ဖက်သတ်ခံစားနေရတဲ့ စိတ်ကူးယဉ် ဇာတ်ဆောင်တစ်ယောက်အဖြစ် တစ်ညနေမှာ ဇာတ်လိုက်မင်းသမီးရဲ့ ဘဝထဲကို ဝင်ရောက်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး သူမဟာ ချားလ်ဂရင်းဒက်ကို ဘဝတစ်လျှောက်လုံး စွဲစွဲမြဲမြဲချစ်သွားတော့တာပဲ။

အားကြီးတဲ့ အဖြစ်အပျက်တစ်ခုကြောင့် မိန်းကလေးတစ်ယောက်ရဲ့ အပေါ်မှာ အာရုံစူးစိုက်မိသွားပြီဆိုတာနဲ့ တစ်ပြိုင်နက် အဲဒီမိန်းကလေးကို မတွေ့ရ၊ မမြင်ရလေလေ တွေ့ချင်မြင်ချင်ဇောတွေ ဖြစ်လာပြီး အချစ်ဟာလည်း ပိုလို့အားကောင်းလာခဲ့ပါတယ်။ 'မိန်းမတို့ရဲ့ ခွန်အားဟာ တခြားမဟုတ်ပါ၊ နောက်ကျရောက်လာခြင်း သို့မဟုတ် အလှမ်းကွာဝေးခြင်းပဲ ဖြစ်တယ်' လို့ ဒဿနိကဗေဒ ပညာရှင် အာလိန်းက ပြောခဲ့ဖူးတယ်။ နီးကပ်နေခြင်းဟာ မိန်းမတွေရဲ့ အားနည်းချက်ကို ချက်ချင်းဖော်ပြလိုက်သလို ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝေးကွာနေခြင်းဟာ ကျွန်တော်တို့ လူပျိုပေါက်အရွယ်တုန်းက စိတ်ကူးအိပ်မက်ထဲမှာရှိခဲ့တဲ့ နတ်မိမယ်ကလေးတစ်ပါး ဖြစ်သွားစေတယ်။ စတဲင်ဒယ်က ဒီလိုဖြစ်စဉ်မျိုးကို 'ပုံဆောင်ခဲအသွင်ဆောင်ခြင်း' လို့ ခေါ်ခဲ့တယ်။ သူက ဝေးကွာနေတဲ့ မိန်းကလေးကို သစ်သားစကလေးတစ်ခုနဲ့ နှိုင်းတယ်။ အဲဒီသစ်သားစကလေးဟာ ဆားတွင်းကြီးထဲကို ရက်ပေါင်းများစွာ ကျသွားတော့ တောက်ပတဲ့ ပုံဆောင်ခဲတွေ ဖုံးလွှမ်းသွားပြီး ကျောက်မျက်ရတနာတစ်ခုနဲ့ တူသွားတယ်လို့ ပြောခဲ့ပါတယ်။

အဲဒီလို ပုံဆောင်ခဲအသွင်ဆောင်တဲ့ဖြစ်စဉ် လွန်မြောက်သွားတဲ့နောက်မှာဖြင့် ကိုယ့်ချစ်သူဟာ ကွဲပြားခြားနားတဲ့ လူတစ်ယောက်ဖြစ်သွားပြီး အဆင့်မြင့်တဲ့ သာလွန်တဲ့ လူတစ်ယောက်လည်းဖြစ်သွားတော့တယ်လို့ သူက ပြောခဲ့ပါတယ်။ ဒါ့ကြောင့် ပရုစ်က အချစ်ဆိုတာ ဆန္ဒစွဲဆန်တယ်တဲ့။ ကျွန်တော်တို့ဟာ တကယ်သက်ရှိလူတွေကို ချစ်နေတာမဟုတ်ဘဲ ကျွန်တော်တို့ စိတ်ကူးထဲက ဖန်တီးထားတဲ့ သူတွေကို ချစ်နေကြခြင်းသာဖြစ်တယ်လို့ ပြောခဲ့တယ်။ အလှတရားဆိုတာ ကြည့်သူရဲ့ မျက်လုံးပေါ်မှာ တည်တဲ့စကားလိုပေါ့။ (ကိုယ်ထင်ကုတင်ရွှေနန်းပေါ့။)

ပုံဆောင်ခဲအသွင်ဆောင်မှု ဖြစ်စဉ်ပြီးတဲ့နောက်မှာ ဒုတိယအကြိမ်တွေ့တဲ့အခါမှာတော့ ကျွန်တော်တို့အဖို့ အချစ်တွေပျက်ပြယ်မှာကို စိုးရိမ်စရာမလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ခံစားချက်တွေ ပြည့်နေတော့ တကယ့်ချစ်သူကို မမြင်နိုင်တော့ဘူး။ ကိုယ့်ချစ်သူဟာ ကိုယ့်ရှေ့မှာ ရပ်နေမယ်၊ ကိုယ်နဲ့မျက်နှာချင်းဆိုင်ပြီး စကားပြောချင်ပြောနေမယ်၊ ဒါပေမယ့် အဲဒီအခါမှာ လူအစစ်ကို မမြင်တော့ဘဲ ပုံဆောင်ခဲအသွင်ကို မြင်နေရလို့ပဲ။ ကိုယ့်ချစ်သူက ကိုယ့်ကိုလာစကားတွေပြောနေပေမယ့် သူလိုကိုယ်လို စကားလို့ မထင်တော့ဘူးတဲ့။ ကိုယ့်ချစ်သူက စဉ်းစားဉာဏ်ကင်းမဲ့နေရင်လည်း စဉ်းစားဉာဏ်ကင်းတယ်လို့ မထင်တော့ဘူးတဲ့။ အဲဒီအချိန်မှာ ချစ်သူတို့ ခံစားရတဲ့ ပီတိကို ဖျက်ဆီးနှောက်ယှက်ခြင်း မပြုနိုင်တော့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ပီတိကို ဖြစ်စေတဲ့ အကြောင်းရင်းဇာစ်မြစ်ဟာ ကိုယ့်ရင်ထဲ၊ အသည်းနှလုံးထဲကို ရောက်နေလို့ပါပဲ။

ဒီလိုဖြစ်နေတုန်းမှာတော့ အချစ်ဟာ ပျော်ရွှင်မှုကို ယူဆောင်လာခဲ့



သပေါ့။ တခြားသော [illegible] ပေါ့။ ဒါပေမယ့် [illegible]ကော်တစ်ခုဟာ လောင်စာမရှိဘဲ မတောက်နိုင်ဘူး။ မျှော်လင့်ချက်ဆိုတဲ့ လေပြေလေညင်း မရှိခဲ့ရင် အဲဒီမီးတောက်ဟာ ငြိမ်းသွားမှာပဲ။

ချစ်သူဟာ အားတက်စရာ အရိပ်အယောင်ကို မြင်ရရင်၊ အားမတက်ဘဲ မနေနိုင်ဘူး။ အားတက်ရတယ်။ ကြည်နူးရတယ်။ ကိုယ့်ချစ်သူက တစ်ချက်လှမ်းကြည့်လိုက်တာ၊ ချစ်သူ့လက်ကလေးနဲ့ ထိလိုက်ရတာ၊ ကိုင်လိုက်ရတာ၊ အားတက်စရာအဖြေကို ကြားလိုက်ရတာတွေဟာ ချက်ချင်း အကျိုးထူးစေပါတယ်။

ဒီလိုအရိပ်အယောင်တွေဟာ ချစ်သူဆီ၊ မိန်းကလေးဆီက ဆက်တိုက်လာနေပြီ၊ ထင်ထင်ရှားရှားပြပြီဆိုရင်တော့ အမြန်အလှန် မေတ္တာသက်ဝင်ကြပြီဆိုတဲ့ သဘောကို ဆောင်လာပြီပေါ့။ အဲဒီအချိန်မှာတော့ သည့်ထက်ပျော်ရွှင်မှုဆိုလို့ ဘယ်မှာရှိတော့မှာလဲ။ ဒါပေမယ့် လုံခြုံမှုကို သိပ်ပြီး အသားပေးလွန်းရင် အဲဒီပျော်ရွှင်မှုကလေးဟာလည်း ပျက်စီးသွားတတ်ပါတယ်။

လူတော်တော်များများမှာ ဖြစ်လေ့ရှိတာက သမီးရည်းစားဖြစ်ခါစ၊ ချစ်ဦးသူဖြစ်ခါစမှာ တစ်ယောက်နဲ့တစ်ယောက် သံသယတွေရှိနေတတ်ကြပါသေးတယ်။ နွေးထွေးလိုက်၊ အေးစက်လိုက်၊ အားတက်စရာတွေ့လိုက်၊ စိတ်ပျက်စရာတွေ့လိုက်နဲ့ တစ်လှည့်စီကြုံတတ်ကြပါတယ်။ ဒီလိုဖြစ်ကြရတာဟာ တစ်ယောက်နဲ့တစ်ယောက် မချစ်ကြလို့မဟုတ်ပါဘူး။ ဒီလိုဖြစ်ရတာဟာ တစ်ယောက်နဲ့တစ်ယောက် ရှက်ကြောက်နေကြလို့၊ တစ်ယောက်နဲ့တစ်ယောက် ကြွေ့တွေ၊ သိက္ခာတွေ ဆယ်နေကြလို့သာ ဖြစ်ပါတယ်။

ချစ်သူတွေဟာ အသေးစိတ်ကလေးတွေကို ကြည့်တတ်ကြပါတယ်။ မြင်လည်းမြင်တတ်ကြပါတယ်။ ခေါင်းကိုက်လို့၊ ခါးပတ်ကကျပ်နေလို့၊ ခြေအိတ်က ပေါက်နေလို့၊ မကြည်မသာ ဖြစ်တာမျိုးကလေးတွေကို မြင်ပြီး အဲဒါကလေးတွေဟာ မကောင်းတဲ့ အတိတ်နိမိတ်လို့ ထင်ချင်ထင်တတ်ကြတယ်။ ဘာမဟုတ်တဲ့ အသေးအဖွဲကလေးတစ်ခုဟာ ချစ်သူတစ်ယောက်အဖို့ အကြီးအကျယ် စိတ်ညစ်စရာကြီးဖြစ်ချင်ဖြစ်နေတတ်ပါတယ်။ ချစ်သူဟာ အကြည့်တွေ စကားလုံးတွေ၊ အမူအရာတွေကို ခွဲခြမ်းစိတ်ဖြာကြည့်တယ်။ အဲဒီအရာတွေရဲ့ နောက်ကွယ်မှာရှိတဲ့ အဓိပ္ပာယ်ကို လိုက်ရှာတယ်။ ကိုယ့်ချစ်

www.burmeseclassic.com

www.burmeseclassic.com

သူက ကိုယ့်အပေါ်မှာ ခပ်စိမ်းစိမ်းဆက်ဆံလာသလိုရှိရင်၊ ကိုယ့်မှာ ဘာများ အပြစ်ရှိလေမလဲလို့ ကိုယ့်ဘာသာကိုယ် ပြန်စိစစ်တယ်။ ဒါတွေကို အကြောင်း ရှာမရလေလေ (အကြောင်းရှာလို့လည်း ဘယ်မှာရပ့ါမလဲ၊ အကြောင်းက တကယ်မှ မရှိတာ) သူချစ်တဲ့ မိန်းကလေးအကြောင်းကို ပိုပြီး စဉ်းစားလာ လေလေ၊ သူ့အချစ်ဟာလည်း သူ့ရင်တွင်းမှာ နက်ရှိုင်းလေးနက်လာလေလေ ဖြစ်လာတော့တာပဲ။ စိုးရိမ်စိတ်က ပေါက်ဖွားလာတဲ့ အချစ်ဟာ နှုတ်လိုက် တိုင်း အသားထဲကို စူးဝင်သွားတဲ့ ဆူးတစ်ချောင်းနဲ့အလားသဏ္ဌာန်တူတယ်။

သည်အမြင်နဲ့ ပြောရရင် မိန်းမတို့ရဲ့ အနုဘာဝလေးဆယ် တစ်နည်းပြောရရင် ကလူ၏သို့ မြူ၏သို့ လုပ်တာမျိုးတွေ၊ ငါးမျှားကြိုးကို လျှော့ချည်တင်းချည် လုပ်တာမျိုးတွေဟာ အချစ်ကို နိုးကြားနေအောင်၊ ရှင်သန်နေအောင်လုပ်တဲ့ မာယာပရိယာယ်တွေလို့ ထင်စရာပါပဲ။ လျှော့ ပေးလိုက်၊ ပြန်ဆွဲလိုက်လုပ်နေတဲ့ သိုးမွေးလုံးကလေးတစ်လုံးကို ခုန်ပြီး လိုက်ဖမ်းနေတဲ့ ကြောင်ကလေးတစ်ကောင်လို ကျွန်တော်တို့ သားကောင်တွေ (လူတွေ) ဟာလည်း မာယာများတဲ့ မိန်းမတွေရဲ့ အချော့အမြှူတွေကို သဘောကျကြတယ်။ လူဆိုတာ ရတာကို မလိုချင်၊ မရတာကိုမှ လိုချင်တတ် တဲ့ သဘာဝရှိတယ် မဟုတ်လား။ ဒီတော့ မိန်းမတို့ရဲ့မာယာတွေကို သဘော ကျတာဟာလည်း မဆန်းပေဘူးပေါ့။

ဒါပေမယ့် မာယာပရိယာယ်ကို ကြည်ရှည်ကျင့်သုံးခြင်းဟာ အချစ် ကို ပျက်စီးစေပါတယ်။

ကျွန်တော်တို့ သမိုင်းမှာ မာယာကြွယ်လွန်းလှတယ်လို့ နာမည်ကြီး တဲ့ မဒမ်ရေကာမီယာဟာ ဘင်ဂျမင်ကွန်စတင်ကို ဖြားယောင်းသိမ်းသွင်း တယ်။ သူ့မာယာပရိယာယ်တွေဟာလည်း အောင်မြင်ခဲ့တယ်။ ရင့်ကျက်တဲ့ လူကြီးတစ်ယောက်ဖြစ်တဲ့ ဘင်ဂျမင်ကွန်စတင်ဟာ ကလေးငယ်တစ်ယောက် လို ဖြစ်ခဲ့ရတယ်။ သူဟာ ငါ့ကို တကယ်ချစ်တာမဟုတ်ဘူး ဒါပေမယ့် ငါ့ကိုတော့ နည်းနည်းပါးပါး သဘောကျဟန်တူရဲ့လို့ သူ တွေးတယ်။ မဒမ်ရေ ကာမီယာဟာ သူ့ကို ကလေးလေးတစ်ယောက်လို ကစားနေတယ်ဆို တာကို တွေ့လာရတဲ့အခါမှာ ဘင်ဂျမင်ကွန်စတင်ဟာ အကြီးအကျယ် စိတ်ဆင်းရဲရ တယ်။ ငါဟာ ဒီလောက်မာယာများတဲ့ မိန်းမကို တစ်ခါမှ မတွေ့ဖူးသေးဘူး။



ကြည့်စမ်း၊ သင်းတို့ဟာ စက်ဆုပ်ဖွယ်သတ္တဝါတွေပါကလား။ ငါ သူ့ကို မုန်း တယ်လို့ သူ သတိရလာတယ်။ အဲဒါနဲ့အတူ ပုံဆောင်ခဲအသွင်ဟာလည်း အရည်ပျော်ကျသွားပြီ။ သူဟာ ငှက်ဦးနှောက်သာရှိပြီး ဘာမှ မှတ်ဉာဏ်မရှိတဲ့ မိန်းမ၊ သတိမရတတ်တဲ့ မိန်းမလို့ သိသွားခဲ့တယ်။ ဒီနည်းအားဖြင့် မာယာ များတဲ့ မိန်းတွေဟာ မာယာကို အလွန်အကျွံသုံးမိပြီး ဒုက္ခရောက်သွားတတ် ကြပါတယ်။ 'လူ့လောကဆန့်ကျင်ရေးသမား' ဆိုတဲ့ ပြဇာတ်ထဲမှာ ဆေလီမင် နေဟာ သူ့အလှနဲ့ သူ့အပြောကလေးတွေကို စွဲမက်ခဲ့တဲ့ ယောက်ျားတွေအား လုံးက နောက်ဆုံးမှာ သူ့ကို စွန့်ပစ်တာခံခဲ့ရတယ် မဟုတ်လား။

ခွဲစိတ်စားပွဲပေါ်မှာ ရောက်နေတဲ့ လူမမာတစ်ယောက်ရဲ့ အဆုတ် ထဲကို အောက်ဆီဂျင်နဲ့ ဓာတ်ငွေ့တွေ တစ်လှည့်စီသွင်းပေးနေရတဲ့ ဆရာဝန် တစ်ယောက်လို မာယာများတဲ့ မိန်းမတစ်ယောက်က အသက် ၇၀ ရွယ် အဘိုးအိုတစ်ယောက်ကို မာယာပရိယာယ်တွေနဲ့သွားပြီး မြူဆွယ်တယ်ဆိုရင် အဲဒီအဘိုးအိုဟာလည်း ရဟန္တာချောန်ပျံမို့ ခံနိုင်မှာတဲ့လား။ ကြွေသွားမှာပဲ။ ဒါပေမယ့် အဲဒီရက်စက်တဲ့ ကစားနည်းကို ကစားသင့်ပါသလား။ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ ယောက်ျားတွေထဲက စိတ်ဓာတ်အခိုင်ဆုံးဆိုတဲ့ လူတွေဟာ ချစ်လို့ပဲဖြစ်စေ၊ သနားကြင်နာလို့ပဲဖြစ်စေ၊ မာယာပရိယာယ် ကြောင့်ရတဲ့အခွင့်အရေးတွေ၊ အကျိုးအမြတ်တွေကို မလိုချင်ကြပါဘူး။ စွန့် လွှတ်ဖို့အသင့်ရှိနေကြမှာပါပဲ။ ရက်ရောသဘောထားကြီးသူတစ်ယောက်က တော့ 'ကိုယ်က ချစ်ရတယ်ဆိုတာ ကိုယ့်ကိုမင်းရဲ့ တန်ခိုးသြဇာအောက်မှာ ပံ့အပ်ထားရတာနဲ့ အတူတူပဲ။ ဒါပေမယ့် ဒီလိုဖြစ်ရတာကိုက ကျေနပ်နေ ဘယ်' လို့ ပြောကောင်းပြောမိမယ်။ ဒါကို မိန်းကလေးကလည်း တန်ဖိုးထား ဘယ်ဆိုရင် ဒီအချစ်မျိုးဟာတော့ အကောင်းဆုံးပါပဲ။ နှစ်ဦးနှစ်ဖက်စလုံးက အပြန်အလှန်မျှဝေခံစားကြရပြီ၊ အပြန်အလှန် ယုံကြည်မှုရှိတဲ့ အချစ်မျိုးဖြစ် ဘဲ့အတွက် အကောင်းဆုံးသော အချစ်လို့ ဆိုရလိမ့်မယ်။ ဒါပေမယ့် သူဟာ ဒီလိုအချစ်မျိုးနဲ့ မထိုက်တန်ဘူးဆိုရင်တော့ သူ့ကို တစ်ခါတစ်ရံမှာ မာယာ ခုံစ်နဲ့ ချစ်ပြဖို့ တစ်ခါတစ်ရံမှာ လိုအပ်ပါတယ်။

နှစ်ဦးအပြန်အလှန်ချစ်ခါစ ပထမအဆင့်ဟာ ပျော်ရာအကောင်း ဆုံးအချိန်လို့ ယူဆလေ့ရှိကြတယ်။ ဒီလိုယူဆတာဟာလည်း မှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ဟာပုံဆောင်ခဲအသွင် နောက်တစ်ခါ ဆောင်ချိန်ဖြစ်ပါတယ်။ ကြာလေသွေးရင် ဝေးတယ်လို့ထင်တဲ့ အချိန်ဖြစ်ပါတယ်။ တစ်ယောက်မျက်စေ့ထဲမှာ တစ်ယောက်ဟာ စံပြတွေဖြစ်နေတယ်။ ဒီလိုအခြေအနေမျိုးဟာ ကြာရှည်တည်လာခဲ့ရင် သူတို့ နှစ်ယောက်ရဲ့ ဘဝဟာ လုံးဝပြည့်စုံချမ်းမြေ့တဲ့ ဘဝပဲလို့ ဆိုနိုင်လိမ့်မယ်။ ဒါပေမယ့် ဒီလိုအချစ်မျိုးမှာတောင်မှပဲ ခံစားချက်နှစ်ခုဟာ ခွန်အားပမာဏ အစဉ်အမြဲ ညီတူညီမျှဖြစ်နေဖို့ဆိုတာ အလွန်ရှားပါတယ်။ လူတော်တော်များများဟာ ကိုယ်လိုချင်တဲ့ တွယ်တာတပ်မက်သူကို ရရှိစေဖို့၊ ပြန်လည်ရရှိဖို့ လိုပါတယ်။ ဒါကြောင့်မို့ အဲဒီသူကို ချစ်နေဖို့လိုပါတယ်။

ကောင်းပြီ။

ဒါဖြင့်ရင် လူတစ်ယောက်ကို ချစ်ဖို့အချစ်ကို လှုံ့ဆော်ပေးလို့ ရသလား။ လိုကောလိုအပ်သလား။ တကယ်လို့ ကိုယ့်အချစ်စိတ်ဟာ ဒီလိုတာရှည်တဲ့အချစ်မျိုးကို ပေးနိုင်စွမ်းမရှိရင် ပျော်ရွှင်မှု သက်သက်ကိုပဲ လိုက်ရှာနေတာမျိုးက ပိုပြီးမကောင်းပေဘူးလား။

ရှေးဟောင်း ယဉ်ကျေးမှုခေတ်တွေတုန်းကတော့ ဒီအတိုင်းပဲ လုပ်ခဲ့ကြတာပါပဲ။ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို အလိုရှိလာတာနဲ့ အဲဒီမိန်းမကို အတင်းအနိုင်အထက်ကျင့်ပြီး ခေါ်ဆောင်သွားတော့တာပါပဲ။ အနိုင်အထက်ခေါ်ဆောင်ခြင်းခံရတဲ့ မိန်းမဟာလည်း စစ်ဘုရင်လက်ထက်မှာ သူပြသမျှ နုရတဲ့ ဘဝမှာနေရတော့တာပါပဲ။ နောက်တော့ အမျိုးသမီးဟာ အဲဒီအမျိုးသားကို ချစ်လာခဲ့တယ်။ အဲဒီအမျိုးသားက သူ့ကို ရွေးချယ်ထားပြီကိုး။ သူ့အရှင်သခင်ဖြစ်သွားပြီကိုး။ ဒါမှ မဟုတ်ရင်လည်း အမျိုးသားဟာ သူချစ်နိုင်တဲ့သူမျိုး ဖြစ်သွားပြီကိုး။

နှောင်းခေတ်တွေကျတော့ ခွန်အားရဲ့ နေရာမှာ စည်းစိမ်ဥစ္စာနဲ့ တန်ခိုးအာဏာတို့က နေရာဝင်ယူလာခဲ့ကြတယ်။ သူ့ကိုယ်သူ ရွေးမှန်ကလေး



ဘစ်မှန်အဖြစ် ဖန်ဆင်းလိုက်တဲ့အခါမှာ ဂျူပီတာဟာ ဒန်္တီနဲ့တွေ့ဖို့ အခက်အခဲမရှိတော့ဘဲ လွယ်ကူသွားပြီမဟုတ်လား။

ဒါပေမယ့် ဇီဇာကြောင်သူတွေအဖို့ အနိုင်အထက်ပြုလို့ ချစ်ရတယ်၊ အရှင်သခင်မို့လို့ ကိုယ့်ကိုပြန်ချစ်ရတယ်ဆိုတာမျိုးကို မကြိုက်ဘူးလေ။ ယောကျ်ားဆိုတာ မိန်းမရဲ့ အရွေးချယ်ကို ခံချင်တယ်။ မချစ်သော်လည်း အောင့်ခါနမ်းဆိုတဲ့ အဖြစ်မျိုးကိုတော့ မလိုချင်ကြဘူး။ အောင်နိုင်ခြင်းခံရသူဟာ သူ့အလိုအလျောက် စိတ်လိုလက်ရ မဟုတ်ဘဲနဲ့ အတင်းအကြပ် အောင်နိုင်ခြင်း ခံခဲ့ရရင် အနိုင်ရသူမှာ အရသာမရှိဘူး။ အောင်နိုင်မှုဟာလည်း ပျော်စရာမကောင်းတော့ဘူး။ အဲဒီအခါကျမှသာလျှင် သံသယနဲ့ စိုးရိမ်စိတ် ပေါ်ပေါက်လာနိုင်တယ်။ ပျော်ရွှင်မှုအပေါင်းမှာ အမြင့်ဆုံးသော ပျော်ရွှင်မှုကို ပေးနိုင်တဲ့ အလေ့အကျင့်နဲ့ ပျင်းရိငြီးငွေ့မှုတို့ကို ချိုးနှိမ်နိုင်တဲ့ အောင်ပွဲတွေသာလျှင် အကောင်းဆုံးဖြစ်တယ်။ မူဆလင်ဘုရင်များရဲ့ မိန်းမဆောင်က လှပတင့်တယ်တဲ့ မိန်းကလေးများကို မူဆလင်ဘုရင်က သိပ်မချစ်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တစ်တွေဟာ အနိုင်အထက်ဖမ်းဆီးခေါ်ဆောင်လာခဲ့တဲ့ သုံ့ပန်းတွေ ဖြစ်နေကြလို့ပါပဲ။

အပြန်အလှန်အားဖြင့် ဒီနေ့ခေတ်ပင်လယ်ကမ်းခြေ အပန်းဖြေနိပ်သာတွေက အလွယ်တကူရနိုင်တဲ့ မိန်းမတွေကျတော့လည်း အချစ်ကို နှိုးဆွမပေးနိုင်ကြပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သိပ်ပြီး လွတ်လပ်လွန်းနေလို့ပဲ။ မျက်နှာဖုံးမရှိတဲ့နေရာ၊ ဣန္ဒြေသိက္ခာမရှိတဲ့နေရာ၊ ကိုယ့်ကိုယ်ကိုယ် သိက္ခာမစောင့်စည်းတဲ့နေရာတွေမှာ အချစ်ဟာ အောင်ပွဲခံပြီး သရဖူမဆောင်းနိုင်တော့ဘူးပေါ့။ စိတ်ကူးယဉ် အချစ်ဆိုတာ သိပ်ပြီးလွတ်လပ်လွန်းတဲ့ မိန်းမမျိုးတွေအပေါ်မှာ မချစ်နိုင်ဘူး။ မပေါ်ပေါက်နိုင်ဘူး။ ဘာသာတရားအရဖြစ်စေ၊ အစဉ်အလာအရဖြစ်စေ၊ စောင့်စည်းနေရတဲ့ မိန်းမတွေအပေါ်မှာသာ စိတ်ကူးယဉ်အချစ်မျိုးဟာ ဖြစ်ပေါ်နိုင်တယ်။ ဒါကြောင့်မို့ အနှောင်အဖွဲ့၊ အတားအဆီးတွေ များမြောင်လှတဲ့ အလယ်ခေတ်လို ခေတ်မျိုးမှာသာလျှင် စိတ်ကူးယဉ်အချစ်ဟာ ပေါ်ထွန်းနိုင်တယ်။ လူချင်း အနေဝေးလေလေ၊ စိတ်ကူးယဉ်အချစ်ရဲ့ ထုထည်ပမာဏဟာ ကြီးလေလေပဲ။

လူပျိုပေါက်ကလေးတစ်ယောက်ဟာ ဇာတ်စင်ပေါ်မှာ မြင်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်မင်းသမီးကို ချစ်မိတတ်တယ်။ သူ့အသံကလေးနဲ့ မျက်နှာကလေးကို မြင်ပြီး မင်းသမီးဟာ ဘုံကြိုးပြတ်တဲ့ နတ်မိမယ်ကလေးတစ်ပါးလို့ ထင်တယ်။ တကယ်တော့ အဲဒီမင်းသမီးမှာလည်း အပြစ်အနာအဆာတွေ ရှိတာပါပဲ။ ဒါပေမယ့် လူပျိုပေါက်ကလေးဟာ အဲဒီအပြစ်အနာအဆာတွေကို မမြင်ဘူးလေ။ မာရီဗောရဲ့ ပြဇာတ်၊ ဒါမှမဟုတ် မူဆေးရဲ့ ပြဇာတ်ထဲမှာ သရုပ်ဆောင်တဲ့ မင်းသမီးကို ကြည့်ပြီး အရည်အချင်းတွေ အပြည့်ရှိနေတယ်လို့ ထင်နေတတ်တယ်။ မင်းသမီးရဲ့ အသက်အရွယ်ကိုလည်း သတိမထားမိတော့ဘူး။ ဒီမင်းသမီးရဲ့ ပါးရေကလေး တွန့်နေတာကိုလည်း မမြင်တော့ဘူး။ သူမြင်နေတာက ဇာတ်စင်ပေါ်မှာ မီးလိမ်းပြင်ဆင်ထားတဲ့ မီးရောင်အောက်က မင်းသမီးကိုပဲ မြင်နေတော့တာကိုး။ အဲဒီမင်းသမီး စိတ်ကောက်တတ်တာ၊ အဲဒီမင်းသမီး မာနကြီးတာ၊ ဘဝင်မြင့်တာတွေကို မမြင်တော့ဘူး။ ဘယ်မှာ မြင်နိုင်ပါမလဲ။ သူက အဲဒီ မင်းသမီးကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးတာမှ မဟုတ်ဘဲကိုး။ အဲဒီ မင်းသမီးနဲ့အတူမှ မနေဖူးဘဲကိုး။ မိန်းမတစ်ယောက်နဲ့ အတူနေဖို့ထက် မိန်းမတစ်ယောက်အတွက် အသက်စွန့်ဖို့က ပိုပြီးလွယ်တယ်လို့ ကဗျာဆရာ ဘိုင်ရွန်က ပြောခဲ့ဖူးတယ်။

အလားတူပဲ။ စာရေးဆရာတစ်ယောက်ကို ချစ်နေတဲ့ မြီးကောင်ပေါက်မကလေးတစ်ယောက်ဟာ အဲဒီစာရေးဆရာမှာ သူ့ဝတ္ထုတွေထဲက ဇာတ်လိုက်တွေမှာရှိတဲ့ အရည်အချင်းတွေ အပြည့်ရှိနေတယ်လို့ ထင်နေတတ်တယ်။ အဲဒီစာရေးဆရာမှာ အဆစ်အမြစ်ကိုက်တဲ့ ရောဂါဖြစ်နေတာ၊ အစာမကြေရောဂါဖြစ်နေတာ၊ အဲဒီစာရေးဆရာပျင်းတာ၊ အဲဒီစာရေးဆရာ စိတ်တိုတတ်တာတွေကို မမြင်နိုင်တော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် အနေဝေးနေမှ စိတ်ကူးယဉ်အချစ်ဟာ ကြီးထွားနိုင်တယ်။ တစ်ယောက်နဲ့တစ်ယောက် အနေဝေးမှ စိတ်ကူးယဉ်အချစ်နဲ့ ချစ်ရတာ ပိုလွယ်တယ်။

ဒါဖြင့်ရင် တစ်သက်လုံး ချစ်နေနိုင်ဖို့အတွက် အချစ်ကို တာရှည်စေဖို့အတွက် ဒီလိုပဲ ဝေးဝေးနေကြရတော့မှာလား။ ဒီလိုပဲ စိတ်ကူးယဉ်ပြီး အဝေးက ချစ်နေရတော့မှာလား။ ဒီလိုပဲ အချစ်ကို ရင်ထဲမှာ သိမ်းဆည်းထားပြီး အုံ့ပုန်းချစ်နေတော့မှာလား။ မဟုတ်ပါဘူး။ တကယ်တော့ ဒီလိုစိတ်ကူးယဉ်အချစ်၊ အုံ့ပုန်းချစ်ဟာလည်း တကယ်တော့ တာရှည်မခံပါဘူး။ 'အချစ်ဆိုသွားရာလမ်းကြောင်းဟာ ရှည်လျားလေလေ၊ ချစ်သူတို့ရရှိတဲ့ ပျော်ရွှင်မှုဟာသည်း အရှိန်အဟုန်မြင့်မားလေလေ' လို့ ပြောလေ့ရှိကြပါတယ်။ ဒီစကားဟာ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒီအချစ်လမ်းကြောင်းဟာ ကြည်နူးစရာအကွေ့အကောက်ကလေးတွေကို ဖြတ်သန်းပြီးရင်တော့ ပန်းတိုင်ကို ရောက်မှ ဖြစ်ပေလိမ့်မယ်။ ပန်းတိုင်ကို မရောက်ဘဲ အချစ်လမ်းကြောင်းဟာ တောကြီးမျက်မည်းထဲမှာ လမ်းစပျောက်သွားလို့တော့ ဘယ်မှာ ပျော်ရွှင်မှုကို ရပါတော့မလဲ။ ဒီလိုနဲ့ စိတ်ကူးယဉ်အချစ်နဲ့ ချစ်နေသူဟာ ကြာလာတဲ့အခါမှာ သူကိုယ်တိုင်ကလည်း အချစ်ခံချင်လာတတ်ပါတယ်။



ဒါဖြင့်ရင် ချစ်ခြင်းအနုပညာ (အတတ်ပညာ) က သူ့ကို ဘာတွေ သင်ကြားပေးလိုက်သလဲ။

အနုဆေးတွေ သုံးဖို့လား။ ပီယဆေးတွေ သုံးဖို့လား။ ရှေးကဗျာ လင်္ကာတွေ၊ ဒဏ္ဍာရီတွေထဲမှာတော့ ယောကျ်ားတွေကို ညို့ယူဖမ်းစားတတ်တဲ့ မိန်းမတွေအကြောင်းကို ရေးဖွဲ့လေ့ရှိကြတယ်။ သီအိုကရစ်တပ်စ်တို့၊ အိုးဗစ်တို့ခေတ်တုန်းကလိုပဲ၊ ဒီနေ့ခေတ်မှာလည်း မိန်းမတွေဟာ ယောကျ်ားတွေချစ်အောင် ဘယ်လိုလုပ်ရမလဲလို့ တစ်နေ့ကို အကြိမ်ပေါင်းများစွာ မေးမြန်းနေကြတယ်။ ရာစုနှစ်ပေါင်းများစွာ ကြာညောင်းခဲ့တဲ့ လူ့အတွေ့အကြုံက အဲဒီမေးခွန်းကို အဖြေပေးခဲ့ပါတယ်။

အဲဒီအဖြေကတော့ ကိုယ့်ကို ယောကျ်ားတွေ ချစ်စေချင်ရင် ဘယ်လိုနေထိုင်၊ ပြုမူရမယ်ဆိုတဲ့ ထုံးတမ်းနည်းနာတွေပါပဲ။

ချစ်သူအချင်းချင်းကြားမှာ အထိမ်းအမှတ်ကလေးတွေ လုပ်ကြတာ၊ အခမ်းအနားကလေးတွေ လုပ်ကြတာ၊ စိတ်ကောက်လိုက် စိတ်ပြေလိုက် လုပ်ကြတာ၊ ပလီပလာ ခရာတာတာကလေးတွေ လုပ်ကြတာရှိတယ်။ ဒီနည်းအားဖြင့် ချစ်သူတွေဟာ တစ်ယောက်ကိုတစ်ယောက် အချစ်ပြကြတယ်။ ဒါကို ကျွန်တော်တို့က ပိုးပန်းမှုလို့ ခေါ်လိုက်ကြတယ်။ ပိုးပန်းတာဟာ လူတွေမှ ပိုးပန်းကြတာ မဟုတ်ပါဘူး။ တိရစ္ဆာန်တွေလည်း သူ့ရာသီနဲ့သူ ပိုးပန်းတာတွေရှိပါတယ်။ တိရစ္ဆာန်တွေရဲ့ အရှင်းဆုံး၊ အလွယ်ကူဆုံး ပိုးပန်းနည်းတွေက အစ လူတွေရဲ့ အရှုပ်ထွေးဆုံး၊ အခက်ဆုံး ပိုးပန်းနည်းတွေအဆုံး အားလုံးကို ကျွန်တော် အကျဉ်းချုပ်ပြောချင်ပါတယ်။ ပိုးနည်းပန်းနည်းတွေ ဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ပိုးတုံးပန်းတုံးအခါမှာ တစ်ဖက်က ကိုယ့်ကို စိတ်ဝင်စားလာအောင် ပထမလုပ်ပြရတယ်။ အဲဒီလို ကိုယ့်ကို စိတ်ဝင်စားလာအောင် အများသူငါ လုပ်လေ့ရှိတဲ့ နည်းတစ်ခုကတော့ ကိုယ့်ကိုယ်ကို ပြင်ဆင်မွမ်းမံခြင်းပဲ။ ပန်းပင်တွေဟာ သူ့အချိန်ရောက်လာတာနဲ့ ဖူးပွင့်လာပြီး အသွေးအရောင် တွေတောက်လာတယ်။ ဒါဟာ အလကားပွင့်လာတာမဟုတ်ဘူး၊ သူတို့ဆီကို ပန်းဝတ်မှုန်တွေ ယူခဲ့ကြပါတော့လို့ ပိုးမွှားကလေးတွေကို အချက်ပေးလိုက် တာ၊ ပိုးမွှားကလေးတွေကို ဆွဲဆောင်လိုက်တာပါ။ ညမှာ ပိုးစုန်းကြူးကလေး တွေ၊ ပိုးစိမ်းကောင်ကလေးတွေဟာ တလက်လက် တောက်ပနေကြတယ်။ ဒါဟာ အကြောင်းမဲ့ လက်နေကြတာမဟုတ်ဘူး။ သူတို့ဟာ မိတ်လိုက်ဖို့ အဆင်သင့် ရှိနေကြပြီ အချစ်အတွက် အဆင်သင့်ဖြစ်နေကြပြီလို့ သူတို့ အချင်းချင်းကို အချက်ပြတာဖြစ်တယ်။ အလားတူပဲ မိန်းမတွေဟာလည်း အဝတ်အစား လှလှပပဝတ်ဆင်ကြတယ်။ လက်ဝတ်ရတနာတွေကို ဆင်မြန်း ကြတယ်။ ဒါဟာ အကြောင်းမဲ့ ဝတ်တာမဟုတ်ဘူး။ ယောက်ျားတွေက မျက် စေ့ကျအောင်၊ သူတို့ကို ရွေးချယ်အောင် ပြင်ဆင်တာဖြစ်တယ်။ မြင်ရသူတို့ကို ကြည်နူးရွှင်ပြုံးအောင် လုပ်ဖို့ကိစ္စဟာ မိန်းမငယ်တို့ရဲ့ ပိုင်ခွင့်ဖြစ်တယ်။ သူတို့ရဲ့ တာဝန်လည်းဖြစ်တယ်။ ဒီရည်ရွယ်ချက် ပြီးမြောက်ဖို့အတွက် အား ထုတ်ကြတယ်။ မိုက်မဲတဲ့ မိန်းမပျိုကလေးတွေကျတော့ သည့်ထက်သိမ်းသွင်း ဆွဲဆောင်နိုင်တဲ့ နည်းတွေကို အသုံးပြုကြတယ်။ အများစုဟာ ဖက်ရှင်ကို လိုက်ပြီး ဝတ်စားကြတယ်။ ဖက်ရှင်ဝတ်စားတာရဲ့ အဓိက ရည်ရွယ်ချက် ဟာ တခြားမဟုတ်ဘူး။ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်သိမ်းသွင်းဖို့ဖြစ် တယ်။ အပ်ချုပ်ဆိုင်ကြီးများ၊ အလှပြင်ဆိုင်ကြီးများ၊ လက်ဝတ်ရတနာဆိုင် ကြီးများဟာ ယောက်ျားတွေကို ချော့မြူလိုတဲ့ မိန်းမတွေရဲ့ ဆန္ဒပေါ်မှာ တည်ပြီး စီးပွားလမ်းဖြောင့်နေကြတယ်။

တချို့မိန်းမတွေကတော့ ဟန်ဆောင်လို့ဖြစ်စေ၊ အထင်သေးလို့ဖြစ် စေ ဖက်ရှင်ဝတ်စားဆင်ယင်တာကို လျစ်လျူရှုကြတယ်။ ဒါပေမယ့် အလုပ် သမမှသည် မြို့စားကတော်အထိ မိန်းမအားလုံးက ဖက်ရှင်ဝတ်စားဆင်ယင် မှုကို လက်ခံနေကြတဲ့အချိန်၊ လက်ခံနေကြတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာ ဒီလို ဖက်ရှင်ဝတ်စားဆင်ယင်မှုကို လုံးဝလျစ်လျူပြုတာကတော့ နည်းနည်း



သုံးဆန်းပြီး ကြောင်သလိုလိုဖြစ်နေတယ်။ ဒီလို ဖက်ရှင်ဝတ်စားဆင်ယင်မှု ခေတ် စားလာတဲ့အတွက် အရိုးဆုံးဟာ အဆန်းဆုံးဖြစ်လာပြီး၊ အဆန်းဆုံး ဟာ အရိုးဆုံးဖြစ်သွားတတ်တယ်။ အမှန်ကတော့ ပြင်ဆင်မွမ်းမံမှု ဆိုတာမျိုး ဟာ သူ့တစ်ခုတည်းဆိုရင် ဘာမှအဓိပ္ပာယ်ရှိတာ မဟုတ်ပါဘူး။ ရာဇဝင်ယံ အကြို ခေတ်တုန်းက အင်္ဂလိပ်အမျိုးသမီးငယ်များဟာ တနင်္ဂနွေနေ့ မနက်ဆို ရင် ဝိလျံမောရစ်ရဲ့ အိမ်ကို သွားလေ့ရှိကြတယ်။ သူတို့ဝတ်တဲ့ အဝတ်အစား က ခပ်ရိုးရိုးပဲ။ အဝတ်အစားက ပြောင်သက္ကလတ်အပြာရောင်၊ ပြီးတော့ လည်ပင်းမှာ ပယင်းပုတီးကလေးက တစ်ကုံးလောက်ဆွဲတယ်။ ဒါပေမယ့် သူတို့ တစ်တွေဟာ ဝိတိုရိယခေတ်ကုန်ခါနီးမှာ ခေတ်စားတဲ့ ပြိုးပြိုးပြက်ပြက် တောက်တောက်ပပတွေ ဝတ်လေ့ရှိတဲ့ ဖက်ရှင်တွေကို ဝတ်စားဆင်ယင် ထားကြတဲ့ အမျိုးသမီးတွေထဲမှာ ထင်းထင်းကြီးပေါ်ပြီး ထူးခြားနေကြတယ်။ အဲဒီခေတ်တွေတုန်းက အနုပညာသည် ပန်းချီဆရာတို့ ဘာတို့ဆိုရင် အနား ပတ်အပြားကြီးကြီး ဦးထုပ်ကြီးတွေကို ဆောင်းတတ်တယ်။ လူငယ်လက်ဝဲ စာရေးဆရာတို့ ဘာတို့ဆိုရင် သားရေဂျာကင်ကြီးကို ဝတ်လေ့ရှိတယ်။ ရှိုး ကျကျ ဝတ်တတ်သူတွေဆိုရင် ကတ္တီပါခါးတိုအကျီကို ဝတ်တတ်တယ်။ အဲဒီ တုန်းက ခေတ်စားခဲ့တဲ့ ဖက်ရှင်တွေပေါ့။ ဒီတော့ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲ ဖြစ်ဖြစ် ဖိုသတ္တဝါမှန်သမျှဟာလည်း သူတို့ကိုယ်သူတို့ မွမ်းမံပြင်ဆင်ကြတာ ချည်းပါပဲ။ အဲ ပြင်ဆင်မွမ်းမံခြင်းမရှိတဲ့ သတ္တဝါဆိုလို့ ဒေါင်းပဲရှိတယ်။ ဒေါင်းကတော့ သဘာဝအနုပညာကို အနိုင်ရလိုက်တဲ့ ပြယုဂ်တစ်ခုပါပဲ။ ဒီတော့ စီးပွားရေးအရ တာဝန်ကြီးတဲ့အတွက် ယောက်ျားက ပြင်ဆင်မွမ်းမံ ခြင်းမပြုသည့်တိုင် မိန်းမကတော့ သူ့ကိုယ်သူ ပြင်ဆင်မွမ်းမံရလိမ့်မယ်။ ဒီနေ့ထုတ်ဝေနေတဲ့ အမေရိကန်မဂ္ဂဇင်းထဲက ကြော်ငြာတွေကို ကြည့်လိုက် ရင် မိန်းမဟာ ယောက်ျားကို အောင်နိုင်လွှမ်းမိုးဖို့အတွက် ဘယ်လောက်စိတ် အားထက်သန်စွာ ကြိုးပမ်းအားထုတ်နေသလဲဆိုတာကို အလွယ်တကူနဲ့ သိ နိုင်တယ်။

မိမိကိုယ်ကို မွမ်းမံပြင်ဆင်တဲ့နည်းနဲ့ မိန်းမဟာ ယောက်ျားကို စိတ် ဝင်စားလာအောင် ဆွဲဆောင်တယ်။

နောက်တစ်နည်းကတော့ အခြားသူများထက်သာအောင် လုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် တစ်ဖက်သားကို ဆွဲဆောင်တယ်။ ယောကျ်ားတစ်ယောက်ဟာ သူ့ကျွမ်းကျင်မှုကို ပြတတ်တယ်။ ဒီလိုပြတဲ့နေရာမှာ နည်းတွေကတော့ အမျိုးမျိုးရှိသပေါ့။ တချို့ငှက်ကလေးတွေဆိုရင် သူတို့ကို ငှက်မတွေသဘောကျအောင် ရေထဲကို ငုပ်သွားပြီး ရေထဲက မှော်ပင်ကလေးတွေကို ကိုက်ချီပြတတ်ကြတယ်။ ပြင်သစ်စာရေးဆရာတစ်ဦးဖြစ်တဲ့ ရှာတိုဗရိုင်းယန်းကို 'အရှေ့တိုင်းရောက်ရင် ဘယ်လိုပစ္စည်းကို ရှာမှာလဲ' လို့ မေးတော့ သူက 'ကျော်ကြားမှုကို ရှာမယ်' တဲ့။ ဒါမှ သူ့ကို လူတွေက ချစ်ခင်ကြမယ်တဲ့။ ဒီနည်းအားဖြင့် ရှာတိုဗရိုင်းယန်းဟာ အရှေ့တိုင်းကို ငုပ်လျှိုးသွားခဲ့တယ်။ သူပြန်လာတဲ့အခါမှာ သူချစ်တဲ့ မဒမ်ဒီနိုအေလီအတွက် မသေနိုင်တဲ့ စာတွေကို ယူဆောင်လာခဲ့တယ်။ အချစ်ဝတ္ထုရေးဆရာတွေဟာ အချစ်ဝတ္ထုတွေကို ရေးကြတယ်။ အဲဒီဝတ္ထုတွေထဲမှာ စိတ်လှုပ်ရှားဖွယ် ကောင်းလောက်အောင် သူတို့ရဲ့ ခံစားချက်တွေကို ရေးချယ်ပြထားတာကို မိန်းမတွေ သွားတွေ့ကြရတယ်။ သီချင်းရေးဆရာတော်တော်များများ အားလုံးလောက်ဟာ သူတို့ရဲ့ မြည်တမ်းမှုတွေ၊ ဆန္ဒတွေကို တေးသီချင်းစာသားတွေအဖြစ် ပြောင်းပစ်ခဲ့ကြတယ်။ ဒါပေမယ့် တင်းနစ်ချန်ပီယံကတော့ သူ့ရဲ့ ရိုက်ချက်ပြင်းတဲ့ လက်ပြန်ရိုက်ချက်တွေကို ကြည့်ပြီး သူ့အစွမ်းကို ပြချင်တာပေါ့။ မော်တော်ကား အမြန်မောင်းသမားကလည်း သူ အမြန်မောင်းရဲတာကို ပြချင်တာပေါ့။ ဘဲလေးကချေသည်ကလည်း သူ့ခြေဖျားကလေးတွေ ဖျတ်လတ်ကျွမ်းကျင်ပုံကို ပြချင်တာပေါ့။

ဒီအထဲမှာ ယောကျ်ားတစ်ယောက်ဟာ ဒွန်ဂျွမ်းလို မိန်းမစွဲပြီလို့ နာမည်ကြီးလာရင်တော့ တော်တော့်ကို အန္တရာယ်များတဲ့ စွမ်းအားတွေရှိသွားပြီလို့ ပြောရတော့မှာပဲ။ ဒီလိုအခါမျိုးမှာ လိမ္မာတဲ့ အပျိုကလေးတွေက သူ့ဆွဲဆောင်မှုကို မခံကြပေမယ့် မိုက်မဲတဲ့ အပျိုကလေးတွေကတော့ ငါစွံတယ်ဆိုတာကို ပြချင်တတ်ကြတယ်။ ကျော်ကြားတဲ့ အဲဒီယောကျ်ားပျိုကို ပြိုင်ဖက်တွေ၊ တစ်ခါတစ်ရံ သူငယ်ချင်းတွေဆီက လုယူနိုင်တယ်လို့ ကြွားချင်တတ်ကြတယ်။ အဲဒီစိတ်ဓာတ်ဟာ တော်တော်ရှုပ်ထွေး ဆန်းကြယ်တဲ့ စိတ်ဓာတ်ဖြစ်တယ်။ အဲဒီ စိတ်ဓာတ်ထဲမှာ ကြွားချင်တာလည်းပါတယ်။ တခြားမိန်းကလေးတစ်ယောက်အကောင်းအမွန် ရွေးချယ်တာကို လေးစားအားကျတာလည်းပါတယ်။ ခက်ခဲတဲ့ အောင်မြင်မှုတစ်ခုကို အရယူ နိုင်ခဲ့တဲ့အတွက်



ကိုယ့်ကိုယ်ကို အထင်ကြီး[illegible]မိန်းမရှိသေးရဲ့လားဆိုတဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးတာလည်းပါတယ်။ မိန်းမစွဲတဲ့ ဒွန်ဂျွမ်းဟာ ပထမတော့ သူက ကောင်မလေးတွေကို ရွေးတယ်။ ဒါပေမယ့် နောက်ကျတော့ သူက အရွေးခံသူဖြစ်သွားပါတယ်။

မိန်းမတွေရဲ့ နောက်ဆန္ဒတစ်ခုရှိသေးတယ်။ အဲဒါကတော့ လုံခြုံမှုကိုလိုချင်တဲ့ ဆန္ဒပဲ။ မိန်းမဟာ အားနည်းသူဖြစ်လေတော့ ပိုပြီး အားနွဲ့သာလေလေ၊ ကိုယ့်ကိုအကာအကွယ် သို့မဟုတ် ထောက်ပံ့မှုပေးနိုင်မယ့် အစွမ်းသတ္တိရှိတဲ့ ယောကျ်ားမျိုးကို ရှာဖွေလာတတ်တယ်။ စစ်ဖြစ်နေချိန်တို့ ဘာတို့ဆိုရင် မိန်းမဟာ စစ်သူရဲကောင်းရဲ့ ရင်ပတ်ပေါ်က တံဆိပ်တွေကို ရေတွက်နေတတ်တယ်။ ငြိမ်းချမ်းတဲ့ ကာလဆိုရင်တော့ အဲဒီယောကျ်ားရဲ့ ဉာဏ်ပညာ သို့မဟုတ် စည်းစိမ်ဥစ္စာကို ကြည့်တတ်တယ်။ ယောကျ်ားအဖို့ကလည်း ချစ်သူကို လက်ဆောင်ပေးခြင်းဟာ သူ့မှာ စွမ်းအားသတ္တိ ဘယ်လောက်ရှိကြောင်းကို ပြသတဲ့သဘောဖြစ်တယ်။ ရေခဲငှက်နဲ့ တင်ကျီးဟာ လှပတဲ့ ခဲလုံးကလေးတွေကို ကောက်ပြီး သူ့ငှက်မကို လက်ဆောင်ပေးတယ်။ ငှက်ရွှေဝါဟာ သစ်ကိုင်းကလေးတွေ၊ သစ်ရွက်ကလေးတွေကို ကိုက်ချီပြီး သူ့ငှက်မကို လက်ဆောင်ပေးတယ်။ ဒီအတိုင်းပါပဲ။ လူငယ်ဟာလည်း သူ့ချစ်သူ သူ့ရည်းစားကို သိုးမွေးထိုးဆွယ်တာကလေးတွေ၊ ကော်ဇောကလေးတွေ၊ ခန်းဆီးကလေးတွေ လက်ဆောင်ပေးတတ်တယ်။ မိန်းမနဲ့ ပျံလွှားငှက်မဟာ သူ့ကြင်ဖော်ကို ရွေးချယ်ပြီးတာနဲ့ အသိုက်အမြုံကို စိတ်ကူးတော့တာပါပဲ။

ချီးမွမ်းပြောဆိုခြင်းဟာလည်း လက်ဆောင်ပေးခြင်းတစ်မျိုးပါပဲ။ အချစ်ကဗျာတွေအားလုံးလောက်ဟာ ချစ်သူကို ချီးမွမ်းတာနဲ့ ချစ်သူကို မရလို့ မြည်တမ်းတာတွေပဲ မဟုတ်လား။ မြည်တမ်းတာဟာ သဘောတော့ကျစရာကောင်းပါရဲ့။ ဒါပေမယ့် ကြာတော့ နားငြီးပြီး ငြီးငွေ့စရာကောင်းသွားတတ်တယ်။ ချီးမွမ်းတာတစ်ခုသာလျှင် လူတစ်ယောက်ကို အချိန်မရွေးကျေနပ်မှုကို ဖြစ်စေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလွန်မောက်မာပါတယ်ဆိုတဲ့ လူမျိုးတွေမှာတောင် ကိုယ့်ကိုယ်ကို သိမ်ငယ်စိတ်ကလေးတွေရှိနေတတ်လို့ပဲ။ လှပတဲ့ မိန်းမတွေမှာ သူတို့ရဲ့ အသိဉာဏ်နဲ့ ပတ်သက်လို့ အားငယ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိကြတယ်။ မလုံမလဲစိတ်ရှိကြတယ်။ အသိဉာဏ်ထက်မြက်တဲ့ မိန်းမများကျတော့လည်း သူတို့ရုပ်ရည်ရှုပကာနဲ့ ပတ်သက်လို့ သံသယဖြစ်လေ့ရှိကြတယ်။ အားငယ်လေ့ရှိကြတယ်။ ကိုယ့်ရဲ့အလှကို သတိမထားမိတဲ့ မိန်းကလေး၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို မလှဘူးလို့ ထင်နေတဲ့ မိန်းကလေးတစ်ယောက်ကို သူ့ရဲ့ အလှတွေ ချီးမွမ်းခန်းသွားဖွင့်ရတာမျိုးဟာ တော်တော်ကြည်နူးစရာကောင်းပါတယ်။ ဒီလိုထုတ်ဖော်ချီးကျူးခြင်းခံရတဲ့အတွက် အရှက်အကြောက်ကြီးပြီး စိတ်အားညှိုးငယ်တတ်တဲ့ မိန်းမလေးတွေဟာ နေခြည်မှာ ပန်းပွင့်သလို တင့်လန်းဝေဆာလာတတ်ပါတယ်။ တချို့မိန်းမတင် မဟုတ်ပါဘူးလေ။ ယောကျ်ားတွေဟာလည်း တော်တော်ချီးမွမ်းခံချင်တဲ့ သတ္တဝါတွေဖြစ်ပါတယ်။ တချို့အရုပ်ဆိုး အကျည်းတန်မိန်းမများဟာ ယောကျ်ားတွေရဲ့ချစ်မြတ်နိုးခြင်းကို ခံရတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ သူတို့ဟာ ချီးမွမ်းစကား ပြောတတ်လို့ပဲ ဖြစ်ပါတယ်။ ဘယ်လို ချီးမွမ်းပြောဆိုရမယ်ဆိုတာကို သိလို့၊ နားလည်လို့ဖြစ်ပါတယ်။ လူတွေဟာ သူတို့မှာရှိတဲ့ အရည်အချင်းတွေကို ထုတ်ဖော်ချီးမွမ်းတာထက် သူတို့မှာမရှိတဲ့ အရည်အချင်းတွေကို ထုတ်ဖော် ချီးမွမ်းတာမျိုးကို ပိုပြီး သဘောကျလေ့ရှိပါတယ်။ စစ်ဗိုလ်ချုပ်တစ်ယောက်ကို သူ့ အောင်ပွဲတွေအတွက် သွားချီးကျူးနေရင် သိပ်ကျေးဇူးတင်မှာမဟုတ်ပါဘူး။ ဒါပေမယ့် သူ့မျက်လုံးတွေ ဘယ်လောက် တောက်ပဝင်းလက်သလဲဆိုတာကို သွားပြောရင် အကြီးအကျယ် သဘောကျသွားမှာပါ။ နာမည်ကျော် ဝတ္ထုရေးဆရာတစ်ယောက်ကို သူ့ဝတ္ထုတွေကောင်းကြောင်း သွားချီးမွမ်းနေရင် သိပ်ဝမ်းသာမှာမဟုတ်ပါဘူး။ ဒါပေမယ့် သူ့ရဲ့ လူသိနည်းပြီး အများသိပ် မကြိုက်တဲ့ ဆောင်းပါးတိုလေးတစ်ပုဒ်ကို သွားချီးကျူးခဲ့ရင် ဒါမှ မဟုတ် သူ သီချင်းဆိုပြတာ ဘယ်လောက်အသံကောင်းတယ်ဆိုတာကို သွားပြီး ချီးကျူးတယ်ဆိုရင်တော့ ချက်ချင်းစိတ်ဝင်စားပါလိမ့်မယ်။

မိန်းမတွေမှာလည်း အောင်မြင်မှုအတွက် သူတို့ရဲ့ ကိုယ်ပိုင်နည်းလမ်းတွေရှိပါတယ်။ မိန်းမဟာ ယောကျ်ားတွေရဲ့ အစကို စောင့်တတ်တယ်လို့ အများအားဖြင့် ယူဆခဲ့ကြတယ်။ အမှန်ကတော့ ဒါဟာ အပေါ်ယံကိုကြည့်ပြီး ပြောခြင်းသာ ဖြစ်ပါတယ်။ ဘားနတ်ရှောက မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို စောင့်တာတော့ မှန်တယ်။ ဒါပေမယ့် သူစောင့်



တာမျိုးက ပင့်ကူက ယင်ကောင်တစ်ကောင်ကို စောင့်တာမျိုးပဲဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ကျား-မ တွဲကတဲ့ ခလေ့ရဲ့ ရည်ရွယ်ချက်ဟာ ယောကျ်ားရဲ့ ရှက်ကြောက်စိတ်ကို ဖျောက်ဖျက်ပစ်ဖို့နဲ့ တစ်ပြိုင်တည်းမှာ သူ့ရဲ့ ဆန္ဒများကို မျိုသိပ်တတ်စေဖို့ဖြစ်တယ်။ ခုခေတ်မြို့ကြီးပြကြီးတွေမှာ ကနေတဲ့ ကပွဲတွေကတော့ ရှေးခေတ်က ကပွဲတွေ၊ ကျေးလက်ကပွဲတွေနဲ့ မတူတော့ဘူးပေါ့။ အဲဒီကပွဲတွေမှာတော့ သွေးသားနှိုးဆွတဲ့ သဘောတွေက အများကြီး ပါတာပေါ့။

မိန်းမတွေအတွက် မာယာပရိယာယ်လုပ်ခြင်းဟာ တစ်ခါတစ်ခါမှာ အာရုံလွှဲပစ်တာ၊ ကိုယ့်ကိုယ်ကို အားပေးတာ၊ စိတ်ဓာတ်အရ ထောက်ခံမှုပေးတာတို့လည်း ဖြစ်တတ်ပါတယ်။ မဒမ်ဒီမန်တီနွန်ဟာ လူဝီဘုရင် ၁၄ ကို အနိုင်ရသွားတာကိုပဲ စဉ်းစားကြည့်ပါ။ သူတို့အဖြစ်လောက် မျှော်လင့်ချက်ကင်းမဲ့တဲ့ အဖြစ်မျိုးရှိနိုင်ပါဦးမလား။ အဲဒီတုန်းက မဒမ်ဒီမန်တီနွန်ဆိုတာ ငယ်ရွယ်နုပျိုတဲ့ အရွယ်လည်း မဟုတ်တော့ဘူး။ သူနဲ့ဘုရင်နဲ့ အဆက်အဆံဆိုလို့လည်း သိပ်ရှိတာ မဟုတ်ဘူး။ အရင်တစ်ယောက်ဖြစ်တဲ့ မဒမ်ဒီမွန်တက်စပင်နဲ့ ရခဲ့တဲ့ ကလေးတွေကို စာပြပေးရတဲ့ ဆရာမ။ မဒမ်ဒီမွန်တက်စပင်ဟာ သိပ်လှပြီး တစ်ခါတုန်းကဆိုရင် ဘုရင့်အပေါ်မှာ အလွန်ဩဇာညောင်းခဲ့တဲ့ အမျိုးသမီး။ ဒါပေမယ့် မဒမ်မန်တီနွန်ဟာ လူဝီဘုရင်ကို သူ့ပြိုင်ဖက် မဒမ်ဒီမွန်တက်စပင်ရဲ့ လက်ထဲက လုယူနိုင်ခဲ့ရုံတင်မကဘူး။ မဒမ်မွန်တက်စပင်တောင် မလုပ်ရဲ မမျှော်လင့်ရဲခဲ့တဲ့အရာကို ရအောင်ယူသွားနိုင်ခဲ့ပါတယ်။ အဲဒါကတော့ ဘုရင်နဲ့ တရားဝင် လက်ထပ်ထိမ်းမြားတာပဲ ဖြစ်ပါတယ်။

ဒါဖြင့်ရင် သူ့အောင်မြင်မှုရဲ့ သော့ချက်ဟာ ဘာလဲ။ အဲဒီအချိန်တုန်းက ဘုရင်ဟာ သူ့ရဲ့မောင်းမတစ်ဦးဖြစ်တဲ့ မဒမ်ဒီမွန်တက်စပင်ရဲ့ ဆူပူသောင်းကျန်းတတ်တဲ့ စရိုက်ကို စိတ်ပျက်နေချိန်ဖြစ်တယ်။ ဒီလိုအချိန်မှာ မဒမ်ဒီမန်တီနွန်ဟာ အေးဆေးတည်ငြိမ်သူတစ်ဦးအနေနဲ့ ချဉ်းကပ်တယ်။ ယောကျ်ားတွေဟာ သူတို့ချစ်တဲ့ မိန်းမတွေရဲ့ မနာလိုဝန်တိုမှု၊ ဒေါသအမျက်ထွက်မှု၊ ဆူပူသောင်းကျန်းမှုတွေကို အခိုက်အတန့်အားဖြင့်တော့ သည်းခံတတ်ကြတယ်။ တစ်ချို့ဆိုရင် ငြိမ်သက်တဲ့ ပင်လယ်ထက် လှိုင်းထန်တဲ့ ပင်လယ်ကို ပိုပြီး သဘောကျကြတယ်။ ငြိမ်သက်အေးဆေးတဲ့ အချစ်ထက်၊

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကောက်တွေ၊ အနိမ့်အမြင့်တွေနဲ့ ဖြတ်သန်းသွားရတဲ့ အချစ်မျိုးကို သဘောကျတတ်ကြတယ်။ ဒါပေမယ့် အများအားဖြင့်တော့ အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက် နေရတာကို သဘောကျတာချည်းပါပဲ။ ကြည်လင်တဲ့ စိတ်သဘော၊ ရိုးသားမှု၊ နူးညံ့မှုတို့နဲ့ တွေ့ရင် သူတို့ဟာ အလိုလိုပျော်ကျသွားတော့တာပါပဲ။ အထူးသဖြင့် ခပ်ရမ်းရမ်းမိန်းမတွေကြောင့် စိတ်ပျက်သွားတဲ့ နကိုက စိတ်ကြမ်းလူကြမ်း ယောကျာ်းမျိုးဆိုရင် ကြင်နာမှုကို ပိုပြီးတောင် သဘောကျတတ်ပါသေးတယ်။

လူဝီဘုရင်အလုပ်လုပ်တဲ့အခါများမှာဆိုရင် မဒမ်မန်တီနွန်ဟာ ဘုရင့်အပါးမှာ အမြဲရှိနေအောင် အကျင့်လုပ်ထားတယ်။ ဘုရင်ကလည်း ဝန်ကြီးတွေကို မဒမ်မန်တီနွန်ရဲ့ နန်းဆောင်ထဲကို ဆင့်ခေါ်တယ်။ ဒီအခါမျိုးမှာ မဒမ်မန်တီနွန်ဟာ ဝန်ကြီးတွေတင်သွင်းတဲ့ အစီရင်ခံစာများကို တိတ်ဆိတ်စွာနားထောင်တယ်။ ဘုရင်က သူ့ကို ကောက်မေးလိုက်တဲ့အခါ သူဟာ တစ်လျောက်လုံး နားထောင်ခဲ့ကြောင်း၊ သူတို့ ဖတ်ကြားတဲ့ အစီရင်ခံချက်များကို နားလည်ကြောင်း ပြတဲ့အနေနဲ့ ထင်မြင်ချက်ပေးလေ့ရှိတယ်။ ဘုရင်တစ်ပါးကို သူ့အလုပ်ကို သူ ဂရုတစိုက်လုပ်အောင်၊ သူချစ်တဲ့ မိန်းမထက် ပိုပြီး ဂရုစိုက်အောင် လုပ်ပေးနိုင်တဲ့အတွက် မဒမ်မန်တီနွန်ဟာ ထက်မြက်ပါးနပ်တဲ့ မိန်းမတစ်ဦးလို့ ဆိုပါတယ်။ တကယ်လို့သာ မဒမ်မန်တီနွန်က ဘုရင်ကို သူ့အလုပ်မှာ စိတ်မဝင်စားအောင်လုပ်ခဲ့ရင်၊ နေရာတကာ သူက နေရာဝင်ယူလွန်းရင်၊ ခဏတော့သည်းခံမှာပဲ။ ဒါပေမယ့် ကြာလာတော့ သူ့စရိုက်ကို မကြိုက်နိုင်ဖြစ်လာပြီး မကြာခင်မှာပဲ တစ်ခြားမိန်းမတစ်ယောက်ဘက်ကို ဦးလှည့်သွားမှာ သေချာပါတယ်။ သူ့ထက် ကျွမ်းကျင်တဲ့၊ သူ့ထက်ပါးနပ်တဲ့ မိန်းမတစ်ယောက်ဘက်ကို ပါသွားမှာပဲ။

ငှက်တွေဟာ သူတို့ကိုယ်ပိုင်သီချင်းတွေကိုဆိုပြီး ရေအောက်က မှော်ပင်ကလေးတွေကို ရှာဖို့အတွက် ရေငုပ်ကြတယ်။ ပုစွန်တွေဟာ ကျောက်ဆောင်တွေကြားထဲက အိုင်ကလေးတွေထဲမှာ သူတို့အချစ်စွန့်စားခန်းဖွင့်ကြတယ်။ လူတစ်ယောက်ဟာ ကိုယ့်ချစ်သူအကြောင်းကို ကိုယ်တိုင်ကဗျာစပ်မဲ့ အစား ဘော့ဒလဲယားရဲ့ ကဗျာတစ်ပုဒ်ကို သူ့ချစ်သူကို ဖတ်ပြတယ်။ စန္ဒယားဆရာဟာ သူ့ချစ်သူရဲ့ အချစ်ကိုတောင်းခံဖို့အတွက်၊ ရှိုပင်ရဲ့ တေးသွား



ကို တီးပြရတယ်။ ရှိုပင်ရဲ့ ဂီတဉာဏ်ဟာ နားထောင်သူ ဂီတချစ်သူ တွေကို ခိတ်ကြည်နူးအောင် ဖန်တီးပေးတယ်။ ဂီတဟာ ချစ်သူနှစ်ဦးရဲ့ စိတ်ဓာတ်ကို စိစဉ်တကျရှိတဲ့ အလှနဲ့ပြည့်လျှမ်းစေတယ်။ ကောင်းကင်ဆန်တဲ့ ကြည်နူးမှုကို ပေးတယ်။ ဒီနည်းအားဖြင့် ဂီတဟာ ချစ်သူတို့ရဲ့ အချစ်ကို လှုံ့ဆော်ပေးတယ်။ ဗီသိုဗင်၊ မိုးဇတ်နဲ့ ဝဂ်နာတို့ဟာ ချစ်သူစုံတွဲများကို ပေးစားခဲ့ပြီပဲ။ ဟုတ်ပါတယ်။ အချစ်ဇာတ်လမ်းများစွာတို့ဟာ ချောင်ကျတဲ့ ပန်းချီပြတိုက်တွေထဲမှာ အစပြုခဲ့ကြတယ်ဆိုတာ မှန်ပါတယ်။ ဝတ္ထုကောင်းကြီးတွေဟာ မိန်းမနဲ့ ယောကျာ်းကို စကားပြောစရာ အကြောင်းအရာတွေကို ပေးခဲ့ကြတယ်။ ဆက်ဆံရာမှာ နည်းပေးလမ်းပြ ဖြစ်ခဲ့ကြတယ်။ အကောင်းဆုံးဝတ္ထုကြီးတွေဟာ အချစ်ရေးမှာ သင်ခန်းစာတွေဖြစ်ခဲ့ကြပြီး အဲဒီသင်ခန်းစာတွေကို လက်တွေ့ကျင့်သုံးခဲ့ ကြသူများကို ပီတိချမ်းသာရစေခဲ့ကြတယ်။ ယဉ်ကျေးမှု အဆင့်အတန်းတူညီမှုဟာ အချစ်ကို ပေါက်ဖွားစေနိုင်တဲ့ ရေခံမြေခံဖြစ်ပြီး အဲဒီအချစ်ဟာလည်း အလွန်အဆင့်အတန်းမြင့်တဲ့ အချစ်မျိုးဖြစ်ပါတယ်။ စိုးရိမ်ပူပန်စရာတွေ ပေါ်လာခဲ့ရင်လည်း ဒီသောကတွေကို ဖြေဖျောက်ရာမှာ ဒီလိုအဆင့်အတန်းမြင့်တဲ့ ဝတ္ထုကြီးတွေဟာ အများကြီး အကူအညီဖြစ်စေပါတယ်။ ယဉ်ကျေးမှုရှိ ခြင်းဟာ အချစ်ပန်းပင်ကို စိုက်ပျိုးဖို့ ပန်းခင်းပြင်ဆင်ခြင်း ဖြစ်ပါတယ်။

မိန်းမနဲ့ယောကျာ်းဟာ တစ်ယောက်နဲ့တစ်ယောက် ဘာသာအယူဝါဒချင်းတူဖို့၊ အမျိုးသားရေးနဲ့ နိုင်ငံရေးယုံကြည်ချက်ချင်းတူဖို့၊ ပန်းတိုင်ချင်းတူဖို့ အရေးကြီးပါတယ်။ ဒီယုံကြည်ချက်တွေမှာ တစ်ယောက်နဲ့တစ်ယောက် မျှဝေခံစားတတ်ဖို့ လိုပါတယ်။ အဲဒီလို ယုံကြည်ချက်တွေကို မျှဝေခံစားနိုင်ကြခြင်းဟာ အချစ်ကို အုံ့ညြစရာကောင်းလောက်အောင် ခိုင်မြဲစေပါတယ်။ ဘာသာတရားကို အလွန်အမင်း ကိုင်းရှိုင်းသူများအဖို့ သူ့လို ဘာသာတရားကို ကိုင်းရှိုင်းခြင်းမရှိသူတစ်ဦးအပေါ်မှာ ရာသက်ပန်စွဲမြဲစွာ ချစ်ဖို့ဆိုတာ တော်တော်တော့ခက်ပါတယ်။ ဒီလိုအခါမျိုးမှာ ဘာသာတရားကိုင်းရှိုင်းသူက မကိုင်းရှိုင်းတဲ့ချစ်သူကို ဘာသာတရားမှာ စွဲမြဲစွာ ကိုင်းရှိုင်းလာအောင် လုပ်ချင်တယ်။ ဒီတော့ ဘာသာတရား မကိုင်းရှိုင်းသူဟာ တစ်ဖက်သားရဲ့ မျှော်လင့်ချက်ကို ပြိုကွဲမသွားရအောင် ကျွမ်းကျင်ပျော့ပျောင်းဖို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာ်ဖက်သားရဲ့ ယုံကြည်ချက်ကို လေးစားဖို့ လိုပါတယ်။ ဒီလို ချစ်သူရဲ့ အယူဝါဒကို ပြောင်းလဲသက်ဝင်သွားမှသာ၊ ဒါမှမဟုတ်ရင်လည်း ချစ်သူရဲ့ အယူဝါဒကို လေးစားမှသာ အချစ်ဟာ ခိုင်မြဲနိုင်ပါတယ်။ ကိုယ့်ချစ်သူရဲ့ အယူဝါဒကို မျှဝေသက်ဝင်ယုံကြည်နိုင်မှသာလျှင် ချစ်သူဘဝမှာ ပျော်ရွှင်မှုကို ရနိုင်ပါလိမ့်မယ်။ ဒီနည်းအားဖြင့် ကျွန်တော်တို့ရဲ့ အသိဉာဏ်ပညာဆိုင်ရာ အင်အားစု ဒါမှမဟုတ် ခံစားချက်ဆိုင်ရာ အင်အားစုဟာ မိမိတို့ ရွေးချယ်ထားတဲ့ ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။ အချစ်က တိုက်တွန်းလှုံ့ဆော်လို့ လုပ်လိုက်ရတဲ့ အရာတိုင်းဟာ ကြည်နူးစရာ၊ ပျော်စရာကောင်းလှပါတယ်။ လောကမှာ အချစ်နဲ့ အလုပ်လုပ်ခြင်းကို မှန်ကန်စွာ ပေါင်းစပ်ပေးနိုင်တဲ့အရာလောက် ပျော်စရာ၊ ကြည်နူးစရာကောင်းတဲ့ အရာရယ်လို့ တစ်ခုမှမရှိပါဘူး။ ဒီလို မှန်ကန်စွာ ပေါင်းစပ်ပေးနိုင်တဲ့အတွက် ပညာရှင် ဇနီးမောင်နှံတွေ၊ အနုပညာရှင်ဇနီးမောင်နှံတွေ၊ ဘာသာတရား ကိုင်းရှိုင်းတဲ့ ဥပါသကာ-ဥပါသကီ ဇနီးမောင်နှံတွေ အများကြီး ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့ဟာ ဇနီးမောင်နှံမျှသာ မဟုတ်ကြတော့ပါဘူး။ ယုံကြည်ချက်တစ်ခု၊ အလုပ်တစ်ခုကို အတူပူးတွဲလုပ်နေကြတဲ့ လုပ်ဖော်ကိုင်ဘက်တွေ ဖြစ်လာကြပါတယ်။ ဒီနေရာမှာတော့ ပိုးပန်းခြင်းဟာ အရာမရောက်တော့ပါဘူး။ စိတ်ချင်းသဘောချင်း သက်ဝင်ယုံကြည်မှုချင်း ပေါင်းဖော်မှုဟာ အဓိက ဖြစ်လာပါတော့တယ်။

ပိုးပန်းတဲ့အကြောင်းကို ပြောရဦးမယ်။

ပိုးပန်းမှုတစ်ခုဟာ အချိန်တိုချင် တိုနိုင်တယ်။ ကြာချင်ကြာနိုင်တယ်။ သိမ်မွေ့နူးညံ့ချင် နူးညံ့နိုင်တယ်။ ရိုးစင်းချင် ရိုးစင်းနိုင်တယ်။ ဘယ်လိုဖြစ်ဖြစ် ပိုးပန်းမှုပြီးရင်တော့ အချစ်ဟာ ပေါ်ပေါက်လာရတော့တာပါပဲ။ ဒါပေမယ့် အချစ်ရဲ့ အရွယ်မရောက်မီ အသေအပျောက်နှုန်းဟာ များလွန်းလှပါတယ်။ ဒါကြောင့်မို့ အချစ်ကို ဂရုစိုက်ပြီး သင့်လျော်တဲ့ အစာအာဟာရ



တို့ကိုတော့ ကျွေးရလိမ့်မယ်။ ချစ်သူနှစ်ယောက်ကို တစ်ယောက်နဲ့တစ်ယောက် ဆွဲဆောင်ကြတဲ့ ဆွဲဆောင်မှုတွေမှာ အစွမ်းထက်ဆုံး ဆွဲဆောင်မှုကတော့ တစ်ယောက်နဲ့တစ်ယောက် အသစ်အဆန်းဖြစ်အောင် လုပ်ဖို့ကိစ္စပါပဲ။ အသစ်အဆန်းဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ဆွဲဆောင်မှုရှိကြတယ်။ ဒါပေမယ့် အသစ်အဆန်းဟာလည်း ကြာတော့ ရိုးအီသွားတတ်တယ်။ ချစ်စခင်စ ကြင်နာစမှာတော့ တစ်ယောက်ကိုတစ်ယောက် အသစ်တွေ့ရှိချက်တွေ လေ့လာခဲ့ကြတယ်။ ငယ်ငယ်က အကြောင်းတွေကို ပြောကြတယ်။ မိတ်ဆွေတွေအကြောင်းတွေကို ပြောကြတယ်။ သီချင်းတွေကို ဆိုပြကြတယ်။ ရယ်စရာတွေကို ပြောကြတယ်။ အပွေ့အဖက်၊ အယုအယတွေနဲ့ ကြည်နူးကြတယ်။ ချစ်ဦးသူတို့ရဲ့ ပျော်စရာနေ့သစ်တွေပေါ့။ ဒါပေမယ့် ကြာလာတော့ ပြောစရာတွေ ကုန်သွားကြတယ်။ တစ်ချိန်တုန်းက ရယ်စရာကောင်းတယ်လို့ ထင်ရတဲ့ ရယ်စရာစကားတွေဟာလည်း ငြီးငွေ့စရာကောင်းသွားပြီး ပျင်းခြောက်ခြောက် ဖြစ်လာတတ်ကြတယ်။ ပျော်ပွဲစားရုံတွေထဲမှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြတော့ဘဲ ငူငူကြီးတွေ ထိုင်နေကြတဲ့ စုံတွဲတွေကို တွေ့ဖူးတယ်မဟုတ်လား။ အတူနေရတာ ကြာသွားလေလေ သူတို့နှစ်ယောက်ရဲ့ တိတ်ဆိတ်မှုဟာလည်း ရှည်လျားလာလေလေ ဖြစ်လာတော့တာပဲ။

ဒါပေမယ့် ဒီလိုဖြစ်လာတာဟာ အချစ်ကို ခံစားတတ်တဲ့သူတွေ၊ အချစ်ကို အစဉ်အမြဲ ဆန်းသစ်လတ်ဆတ်နေအောင် မလုပ်တတ်တဲ့ သူတွေမှာသာ ဖြစ်လေ့ရှိပါတယ်။ တကယ်ချစ်တဲ့ သူတွေကတော့ ကိုယ့်ချစ်သူရဲ့ အတွေးတွေထဲကို နေ့စဉ်လှည့်ပတ်သွားလာနေရတာကို ပျော်မွေ့တတ်ကြပါတယ်။ ဥယျာဉ်မှူးဟာ သူ့ပန်းပင်တွေကြားထဲမှာ ညနေတိုင်း လှည့်ပတ်သွားလာရတာကို ပျော်သလိုပေါ့။ တချို့ကတော့ ကိုယ့်ချစ်သူအပေါ်မှာ သစ္စာရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချစ်ကို အလေးအနက် သဘောထားကြလို့ဖြစ်တယ်။ တချို့ကျတော့လည်း အိမ်ကို တွယ်တာပြီးရှက်တတ်ကြောက်တတ်ကြတဲ့အတွက် ကိုယ့်ချစ်သူအပေါ်မှာ သစ္စာရှိကြတာ ဖြစ်တယ်။

တချို့ပျော်ရွှင်တဲ့ အိမ်ထောင်စုများဟာ လင်နဲ့မယား နှစ်ယောက်လုံးက အပြင်လောကကို ထွက်ရတာ၊ အပြင်လောကနဲ့ ဆက်ဆံရတာကို မနှစ်သက်လို့ ကိုယ်တွေ့နေကျ အသိုက်အဝန်းကလေး၊ ကိုယ်မြင်နေကျ

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကလေးထဲမှာပဲ ပျော်မွေ့နေချင်တဲ့ ဆန္ဒကလေးရှိနေကြလို့ ပျော်ရွှင်မှုကို ရကြတာဖြစ်တယ်။

တစ်နည်းပြောရရင် သူတို့ပျော်ရွှင်မှုဟာ ကိုယ့်အိမ်ကလေးထဲမှာ လုံလုံခြုံခြုံနေလိုတဲ့ ဆန္ဒပေါ်မှာ တည်ဆောက်ထားကြတာဖြစ်တယ်။ ဒါပေမယ့် သည့်ထက်အချစ်ပြင်းထန်သူဟာ သူ့ကိုယ်သူ အသစ်ဖြစ်နေအောင် လုပ်ရမယ်။ ချစ်သူကို ကျေနပ်မှုပေးတဲ့ နည်းတွေဟာ တစ်နေ့ပြီးတစ်နေ့ သုံးဖန်များလာတော့ ကြာလာတဲ့အခါ ရိုးပြီး ကုန်ခန်းသွားတတ်တယ်။ ဒါပေမယ့် ချစ်သူကို ကျေနပ်အောင်၊ ကြည်နူးအောင်တော့ လုပ်ကြရမှာပဲ။ တစ်ခါတစ်လေမှာ ဒီလိုကိုယ့်ချစ်သူကျေနပ်အောင် တမင်ကြိုးစားမနေရဘဲ အလိုလို မသိမသာ နေထိုင်ပြောဆိုသွားတာတွေဟာ အချစ်ကို လန်းဆတ်စေပါတယ်။ အမှန်ကတော့ လူတစ်ယောက်မှာ စွဲမက်စရာကလေးရှိနေရင် ဒီစွဲမက်စရာကလေးဟာ ဘယ်တော့မှ ပျောက်ပျက်မသွားတတ်ပါဘူး။ စွဲမက်ဖွယ် အချစ်မွေးကလေးဟာ ဘယ်တော့မှ ကုန်ခန်းမသွားတတ်ပါဘူး။

ချစ်မွေးပါလာတဲ့ သူများရဲ့ အမူအရာတိုင်း စကားလုံးတိုင်းဟာ ကြည်နူးစရာကောင်းနေတတ်ပါတယ်။ ဇရာရောက်သည့်တိုင်အောင် ချစ်မွေးဟာ ကျန်နေတတ်ပါသေးတယ်။ လှပတဲ့ မျက်နှာတစ်ခုဟာ အိုမင်းသွားတဲ့ အခါမှာတောင် ကျက်သရေ ရှိနေပါသေးတယ်။ ဖြူဖွေးနေတဲ့ ဆံပင်တွေ အောက်မှာ တစ်ခါက ချစ်ခဲ့ရတဲ့ အမူအရာနဲ့ အပြုံးကို မြင်ရတာဟာ အလွန် ကြည်နူးစရာကောင်းပါတယ်။

လူတွေကို မငြီးငွေ့အောင်လုပ်တဲ့ အတတ်ပညာရယ်လို့ မရှိတော့ဘူးလား။ လူတွေမငြီးငွေ့အောင်လုပ်တဲ့ သော့ချက်ကတော့ ပင်ကိုယ်အနေအထား အတိုင်း ရှိဖို့ပါပဲ။ ပင်ကိုယ်မဟုတ်တဲ့ သဘာဝမကျတဲ့ အပြုအမူတစ်ခုဟာ ချစ်ခင်နှစ်လိုဖွယ် မကောင်းပါဘူး။ ဆွဲဆောင်မှုမရှိပါဘူး။

သဘာဝမကျတဲ့ ဟန်ဆောင်တဲ့ အ[illegible]မှုတစ်ခုဟာ ချစ်စရာမ



ကောင်းပါဘူး။ ဟန်ဆောင်လိုက်တဲ့သဘော ပေါ်လာတာနဲ့ ချစ်စရာကလေး တွေဟာ ပျောက်ကွယ်သွားတတ်ကြပါတယ်။ ဉာဏ်ရှိတဲ့ချစ်သူကတော့ ကိုယ့် ချစ်သူ့ရဲ့ ပင်ကိုယ်ဝါသနာ၊ ပင်ကိုယ်စရိုက်ကလေးတွေကို ထိန်းသိမ်းထားဖို့ ကြိုးစားလေ့ရှိပါတယ်။ တချို့ယောက်ျားတွေဟာ မိန်းမတွေကို ပုံသွင်းချင်ကြ တယ်။ အတွေးအခေါ်တွေကို ရိုက်သွင်းချင်ကြတယ်။ ဝါသနာတွေကို အတင်းပြောင်းစေချင်ကြတယ်။ ဒါကတော့ သက်သက်မိုက်မဲတာပဲ ဖြစ်ပါ တယ်။ မိန်းမတစ်ယောက်ဟာ ကိုယ့်ရည်မှန်းချက်တွေ၊ ကိုယ့်စိတ်ကူး ချက် တွေနဲ့ မကိုက်ညီဘဲ ကွဲပြားနေတယ်ဆိုရင် မချစ်ရုံဘဲရှိပါတယ်။ ဒါပေမယ့် အဲဒီမိန်းမကို ရွေးချယ်မိပြီ၊ ချစ်မိပြီဆိုရင်လည်း သူ့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးနှောင့်ယှက်ခြင်း မပြုသင့်ပါဘူး။ မိတ်ဆွေဆက်ဆံရေးမှာပဲဖြစ်ဖြစ်၊ အချစ်မှာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ ဟန်မဆောင်ရတဲ့၊ ရှက်ကြောက်အား နာ မဖြစ်ရတဲ့သူတွေနဲ့ တွေ့ရတာကို ပျော်တတ်ကြပါတယ်။

လိမ္မာတဲ့ချစ်သူဟာ သာယာတဲ့ နေရာများမှာ ကိုယ့်ချစ်သူနဲ့ တွေ့နိုင်အောင် အမြဲသတိထား ရွေးချယ်လေ့ရှိကြပါတယ်။ လက်ထပ်ပြီး ခါစ ကြင်စဦးဇနီးမောင်နှံတို့ ပျားရည်ဆမ်းခရီးထွက်တဲ့ အင်မတန်ကောင်း တဲ့ ဓလေ့ထုံးစံဟာ အဲဒီစိတ်ကူး၊ အဲဒီအတွေးက ပေါ်ထွက်လာခြင်း ဖြစ်ပါ တယ်။ ဒါပေမယ့် အဲဒီ ပျားရည်ဆမ်းခရီးတွေဟာ သိပ်ပြီးမကြာဖို့တော့ သတိပြုသင့်တယ်။

အချစ်ဝင်နေတဲ့ မိန်းမတစ်ယောက်ဟာ သူနဲ့လိုက်လျောကိုက်ညီ မယ့် ပတ်ဝန်းကျင်ကို ပကတိစိတ်အရ ကောင်းကောင်းရွေးချယ်တတ်တယ်။ တချို့အမျိုးသမီးများကတော့ သဘာဝနဲ့အနုပညာရဲ့ ညို့ဓာတ်တွေကို ဘယ် လိုအသုံးချရမယ်ဆိုတာကို ကောင်းကောင်းသိကြတယ်။ သူတို့ ချစ်သူ တွေဟာ ဘယ်အချိန်မှာ လူသူကင်းရှင်းရာမှာ လွတ်လပ်စွာ နေချင်သလဲ။ ဘယ်ချိန်မှာ ရုပ်ရှင်တို့၊ ဇာတ်ပွဲတို့ကို သွားချင်သလဲ။ ဘယ်အချိန်မှာ ချစ်သူ နဲ့ နှစ်ယောက်မြို့ထဲ လျှောက်လည်ချင်သလဲဆိုတာတွေကို အလိုလိုသိနေ တတ်ကြတယ်။ အများအားဖြင့် မိန်းမများဟာ ယောက်ျားတွေထက် လူမှုရေး ကို နားလည်ကြတယ်။ ဒါကြောင့်မို့ ယောက်ျားတွေရဲ့ အချစ်နဲ့ပျော်ရွှင်မှုကို မိန်းမတွေ လက်ထဲမှာ လွှဲထားသင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ဟာ ကိုယ့်အပေါ် စိတ်ကောင်းစေတနာထားတဲ့မိန်းမတစ်ယောက်ကို၊ ကိုယ့်အပေါ် ယုယကြင်နာတတ်တဲ့ မိန်းမတစ်ယောက်ကို ငြီးငွေ့အောင် မလုပ်ချင်ဘူးဆိုရင် အဲဒီမိန်းမရဲ့ ဘဝမှာ အချစ်ဟာ ဘယ်လောက်အရေးကြီးတဲ့အခန်းက ပါနေသလဲဆိုတာကို နားလည်ထားရလိမ့်မယ်။

ဒဿနဆိုင်ရာ တွေးခေါ်မှုတောင်ထိပ်၊ ဒါမှမဟုတ် အယူအဆဆိုင်ရာ တွေးခေါ်မှုတောင်ထိပ်မှာရပ်ပြီး အဲဒီတောင်ထိပ်ကနေ မိန်းမတစ်ယောက်ရဲ့ ရည်မှန်းချက်တွေ၊ စိတ်ကူးမျှော်မှန်းချက်တွေကို အထင်သေးအမြင်သေးနဲ့ ကြည့်မြင်ခဲ့ရင် အဲဒီယောကျ်ားလောက် မိုက်မဲတဲ့လူဟာ လောကမှာ ရှိမယ်မထင်ဘူး။ အဲဒီမိန်းမရဲ့ အတွေးအခေါ်များ၊ ရည်မှန်းချက်များဟာ ရိုးသားရှင်းလင်းပြီး ပိုအမြော်အမြင်ကြီးလေတော့ ယောကျ်ားရဲ့အတွေးအခေါ်တွေနဲ့ ကွဲပြားခြားနားနေတယ်။ ယောကျ်ားဟာ ကိုယ့်ဇနီးသည်နဲ့ စိတ်ဝမ်းကွဲပြားနေတယ်၊ သဘောထားချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေကြတယ်ဆိုရင် ငြင်းခုံခြင်းဖြင့် ကိုယ့်ဘက်ကို ပါလာအောင် ဘယ်နည်းနဲ့မှ ဆွဲဆောင်နိုင်မှာမဟုတ်ဘူး။ ချစ်ခင်ယုယတဲ့နည်း၊ သည်းခံမှု၊ တိတ်ဆိတ်နေခြင်းစတဲ့ နည်းတွေနဲ့သာလျှင် ကိုယ့်ဘက်ကိုပါလာအောင် ဆွဲဆောင်နိုင်လိမ့်မယ်။ သူ့ဘဝတစ်လျှောက်မှာ မိန်းမဟာ အာရုံကြောအားနည်းမှုရဲ့ သားကောင်ဖြစ်တယ်ဆိုတာကို သတိပြုလိမ့်မယ်။

မိန်းမတစ်ယောက်ရဲ့ စိတ်ဟာ ပင်လယ်လှိုင်းတွေရဲ့ လှုပ်ရှားမှုနဲ့တူတယ်လို့ ကျွန်တော်ထင်တယ်။ ဉာဏ်အမြော်အမြင်ရှိတဲ့ ယောကျ်ားဟာ ဘယ်တော့မှ စိတ်ပျက်ခြင်းမရှိဘူး။ မုန်တိုင်းထဲမှာရောက်နေတဲ့ မာလိန်မှူးတစ်ဦးလို သူက ရွက်တွေကိုလျှော့တယ်။ အချိန်အခါကို စောင့်တယ်။ မျှော်လင့်ချက်ထားတယ်။ မုန်တိုင်းဟာ မာလိန်မှူးရဲ့ ပင်လယ်ချစ်တဲ့စိတ်ဓာတ်ကို ပျောက်ကွယ်သွားအောင် မလုပ်နိုင်ဘူး။



ကိုယ့်ချစ်သူကို ငြီးငွေ့မသွားစေဖို့အတွက် နှစ်ဦးနှစ်ဖက်စလုံးက လိုက်နာရမယ့်စည်းကမ်းတွေရှိတယ်။ ပထမအချက်ကတော့ ယိပြီးခင်မင် ရင်းနှီးလာကြတဲ့အခါများမှာလည်း ပထမဆုံးအကြိမ် တွေ့စမှာတုန်းကလိုပဲ တစ်ယောက်နဲ့တစ်ယောက် ယဉ်ကျေးသိမ်မွေ့မှုကို ပြသဖို့ဖြစ်တယ်။ အမျိုးကောင်းသားသမီးများဟာ ပင်ကိုယ်အားဖြင့် ယဉ်ကျေးသိမ်မွေ့တဲ့ သဘာဝရှိတတ်ကြတယ်။ စကားပြောရင်လည်း ယဉ်ကျေးသိမ်မွေ့တဲ့သဘာဝရှိတတ်ကြတယ်။ စကားပြောရင်လည်း ယဉ်ကျေးသိမ်မွေ့ကြတယ်။ ဒုတိယအချက်ကတော့ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်စေ (ဟာသဉာဏ်) ပျော်ရွှင်ကြည်နူးတဲ့စိတ်ထားမျိုးရှိရမယ်။ ကိုယ့်ကိုယ်ကို လှောင်ပြောင်သရော်ပစ်နိုင်ရမယ်။ ဘဝတစ်ယောက်နှင့်တစ်ယောက်ကြားမှာရှိတဲ့ သဘောကွဲလွဲချက်များကို အရေးမကြီးဘူးလို့ သဘောထားနိုင်ရမယ်။ မကျေနပ်ချက်တွေကို စုပြုံမျိုသိပ်ပြီး အရေးတကြီးထားနေတာမျိုး မဖြစ်စေရဘူး။ အတိတ်ကရန်ဖြစ်ခဲ့တာတွေကို တွေးခြင်းဖြင့် ပဋိပက္ခစိတ်ဆင်းရဲမှုကို ပိုကြီးမားနက်ရှိုင်းအောင် မလုပ်ရဘူး။ တတိယအချက်တော့ ကျိုးကြောင်းညီညွတ်တဲ့ အတိုင်းအတာအထိ ချစ်သူနှစ်ဦးကြားမှာ မနာလိုဝန်တိုမှုရှိအောင် လုပ်ပေးရမယ်။ သဘောကတော့ ချစ်သူနှစ်ဦးကြားမှာ တစ်ယောက်ကိုတစ်ယောက် ဥပေက္ခာပြုထားတာမျိုး၊ မယုံသင်္ကာဖြစ်နေတာမျိုး မရှိသင့်ဘူး။ တစ်ယောက်ကိုတစ်ယောက် ဥပေက္ခာပြုတာမျိုး၊ မယုံသင်္ကာဖြစ်တာမျိုးဟာ နှစ်ယောက်စလုံးကို နာကျင်စေတယ်။ စတုတ္ထအချက်ကတော့ တစ်ခါတစ်ရံမှာ ခွဲခွာနေခြင်းအားဖြင့် အချစ်ပုံဆောင်ခဲကို အသစ်ဖြစ်အောင် လုပ်ပေးတာမျိုးရှိရမယ်။ ချစ်သူနှစ်ဦး သို့မဟုတ် လင်နှင့်မယားတို့အချစ်မှ ခွင့်ရက်ရှည်ယူခြင်းဟာ အန္တရာယ်များသော်လည်း အဲဒီခွင့်ရက်များဟာ သိပ်လည်းမကြာဘူး၊ ဒီကြားထဲမှာ စာချင်းအဆက်အသွယ်တို့ ဘာတို့လည်း ရှိနေမယ်ဆိုရင်တော့ အကျိုးများနိုင်ပါတယ်။ တစ်ခါတလေကျတော့ လူနှစ်ဦးဟာ သိပ်အတွေ့များကြလို့ဖြစ်စေ၊ ပျင်းရိနေကြလို့ဖြစ်စေ သူတို့နှစ်ယောက်ရဲ့ စကားတွေထဲမှာ ကြင်နာနူးညံ့တဲ့အသံတွေ လျော့ပါးလာတတ်ကြတယ်။ ဒီလိုအခါမျိုးမှာ တစ်ယောက်နှင့်တစ်ယောက် စာတွေအပြန်အလှန်ရေးပြီး အဲဒီပျောက်ဆုံးစပြုနေတဲ့ကြင်နာမှုကို ပြန်လည်ရယူသင့်တယ်။ နောက်ဆုံးအချက်ဖြစ်ပြီး လူတွေသတိမပြုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချက်ကတော့ ကိုယ့် ချစ်သူကို ဆက်လက်ပိုးပန်းနေဖို့ပါပဲ။

'ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော်နဲ့သူ ချစ်နေကြပြီဗျ။ (ဒါမှမဟုတ် အကြင်လင်မယား ဖြစ်နေကြပြီဗျ)။ ဒါကိုဆက်ပြီး ပိုးတာပန်းတာတွေ လုပ်နေရဦးမှာလား' လို့ မေးကောင်းမေးကြလိမ့်မယ်။

ကိုယ့်ချစ်သူကို ကိုယ်တိုင်က ငြီးငွေ့နေပြီဆိုရင်တော့ ကိုယ့်ချစ်သူ မငြီးငွေ့အောင် ဆက်လက်ကြိုးစားနေခြင်းဟာ အချည်းနှီးသော အတတ်ပညာတစ်ခုပဲ ဖြစ်ပါလိမ့်မယ်။ ဒီတော့ ကိုယ်တိုင်က သူ့အပေါ်မှာ ငြီးငွေ့ခြင်းမဖြစ်ရအောင်လုပ်တဲ့ အတတ်ပညာများကော မရှိတော့ဘူးလား။ ဒါမှမဟုတ်ရင်လည်း လောကမှာ လူနှစ်ဦးရှိတယ်။ အဲဒါကတော့ သစ္စာရှိသူနဲ့ သစ္စာမရှိသူ၊ ဒါမှမဟုတ် ပြောင်းလဲတတ်သူနဲ့ မပြောင်းလဲတတ်သူတို့ ဖြစ်တယ်။ ကိုယ်က တစ်မျိုးဖြစ်နေရင် ဟန်ဆောင်မနေတာ ကောင်းတယ်လို့ပဲ ကျွန်တော်တို့ ပြောင်ဖွင့်ပြောကြရတော့မှာလား။

ကျွန်တော့်အဖြေကတော့ အခြားနေရာများမှာလိုပဲ ဒီနေရာမှာလည်း သဘာဝကအဖြေတွေကို ပေးထားပြီး ဖြစ်ပါတယ်။ ဒီအဖြေတွေကို ကျွန်တော်တို့က ရှာကြည့်ပြီး အဖြစ်အပျက်နဲ့ညှိနှိုင်းတွက်ချက်ကြည့်ဖို့ပဲ လိုပါတယ်။ လူတွေဟာ မွေးလာကတည်းက ပြောင်းလဲခြင်းမရှိ မွေးဖွားလာကြတာမဟုတ်ပါဘူး။ ပြီးတော့ သူတို့ရဲ့ အချစ်တွေမှာလည်း အပြောင်းအလဲတွေကို တွေ့ခဲ့ကြုံခဲ့ကြရတာပါ။ တစ်ခါကတော့ စိတ်ဓာတ်အရ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ပါးပါး၊ ပလီပလာ၊ ခရာတာတာ နေချင်ကြတယ်။ ဒါပေမယ့် အေးစက်စက် ထုံထိုင်းထိုင်း ချစ်သူနဲ့တွေ့ကြရတယ်။ အဲဒီလိုအခါမျိုးမှာ သူတို့က ကျင့်ဝတ်ကို စောင့်ထိန်းနေရင် သူတို့မှာ သစ္စာရှိတယ်လို့တော့ ပြောနိုင်ပါရဲ့။ ဒါပေမယ့် ပျော်ရွှင်မှုကိုတော့ မရကြဘူး။ ကျင့်ဝတ်ကို စောင့်ထိန်းခြင်း မပြုခဲ့ရင်တော့ သူတို့ဟာ သူတို့ကျေနပ်တဲ့ ချစ်သူမျိုးကို မတွေ့မချင်း ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထည်လဲထားပြီး သစ္စာမဲ့တဲ့ဘဝ၊ ရည်းစားတစ်ယောက်ပြီးတစ်ယောက် တွဲနေရတဲ့ ဘဝမျိုးကို ရောက်နေဦးမှာပဲ။ သူတို့ ကျေနပ်တဲ့ သူကိုတွေ့တော့မှပဲ သူဟာ ရုတ်တရက် ခြေငြိမ်ကျသွားတော့မှာပဲ။ သင့်လျော်တဲ့အဖော်ကို တွေ့တာနဲ့ ရည်းစားတစ်ယောက်ပြီးတစ်ယောက် လျှောက်တွဲနေတဲ့ ဘဝဟာ ရုတ်တရက်အဆုံးသတ်



သွားတတ်တယ်။

ဒါတွေကတော့ ခန္ဓာကိုယ်အားဖြင့် တည်ငြိမ်မှုမရှိတဲ့ သဘောကိုပြတဲ့ ဥဒါဟရုဏ်တွေပါပဲ။ ထားပါတော့ ဒါဖြင့် စိတ်ဓာတ်အရ မတည်ငြိမ်မှုတွေ ရှိကြသော်လည်း ယောကျ်ားတွေဟာ အမြဲတမ်း သွေးသားတောင့်တမှု ရှိနေကြတာ မဟုတ်ပါဘူး။ မိန်းမတွေကတော့ မကြာခဏဆိုသလို အေးစက်နေလေ့ရှိကြတယ်။ ဒါကြောင့်မို့ မိန်းမကို အောင်မြင်ခဲ့ရင် ယောကျ်ားဟာ သူ့ကိုယ်သူ ဂုဏ်ယူကျေနပ်လို့ မဆုံးတော့ဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်ချက်မရှိတဲ့မိန်းမ သို့မဟုတ် ယောကျ်ားတစ်ယောက်ရဲ့ မာနကို အစာကျွေးရတယ်။

ဘိုင်ရွန်ဟာ ပထမဆုံးအကြိမ်အဖြစ် မိန်းမပျိုကလေးတစ်ယောက်ကို ချစ်တော့ အဲဒီမိန်းမပျိုလေးက 'ကျွန်မက ရှင့်လို မစွမ်းမသန် ပုကွဲတစ်ယောက်ကို ဘယ့်နှယ့်လုပ် စိတ်ဝင်စားမှာလဲ' လို့ ပြန်ပြောလိုက်တယ်။ ဘိုင်ရွန်ဟာ သူ့တစ်သက်မှာ ဒီစကားကို ဘယ်တော့မှ မမေ့နိုင်တော့ဘဲ မိန်းမတွေကို လက်စားချေတော့တာပဲ။ မိန်းမတစ်ယောက်ဟာ သူ သိကျွမ်းခဲ့တဲ့ 'အဆက်' တစ်ယောက်ကို ရုတ်တရက်ချက်ချင်း အဆက်ဖြတ်ချင်ဖြတ် ဖြစ်လိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်သူ အရုပ်ဆိုးတယ်လို့ ယူဆလိုက်လို့ပဲ။ သူ့အဖို့ ကိုယ့်ကို ရိုသေလေးစားမှုကို အားဖြည့်ပေးဖို့ လိုတယ်လေ။ စိတ်ကူးယဉ်တဲ့ တနည်းပြောရရင် တကယ့်ဘဝနဲ့ ကင်းကွာတဲ့ ကလေးဘဝတစ်ခုဟာ ဘယ်တော့မှ အကောင်အထည်ဖော်လို့ မရနိုင်တဲ့၊ ဘယ်တော့မှ ဖြည့်စွမ်းခြင်းမပြုနိုင်တဲ့ စိတ်ကူးစိတ်သန်းတွေကို မွေးဖွားပေးတတ်ပါတယ်။ ရှာတိုဘာရိုင်ယန်ဟာ မိန်းမတွေကို တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ငယ်တုန်းက သူဟာ ရမက်သွေးသိပ်ဆူပြီး အဲဒီရမက်ကို ပြေပျောက်အောင် ဖြည့်စွမ်းနိုင်တဲ့ မိန်းမမျိုးကို ရှာခဲ့တယ်။ အငယ်အနှောင်းတွေ တစ်ယောက်ပြီးတစ်ယောက် ယူခဲ့ပေမယ့် ပြေပျောက်ခြင်းမရှိပါဘူး။ အသက်ကြီးလာတော့ သူ့စိတ်ကူးထဲမှာ စံပြထားခဲ့တဲ့ မိန်းမမျိုးဖြစ်တဲ့ ဂျူးလီယက်ရေကာမီယာကို သွားတွေ့ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရားမှာ တကယ်သီလစင်ကြယ်မြင့်မြတ်တယ်ဆိုတာ အကျင့်တွေကို အရမ်းကျင့်၊တရားဘာဝနာတွေကို အရမ်းအားထုတ်တိုင်း ဖြစ်တာမဟုတ်ဘူး။ နိဝါတတရားအရ မိမိကိုယ်ကို မိမိနှိမ့်ချခြင်း၊ သနားကြင်နာခြင်း၊ အလှူဒါနပေးခြင်းစတဲ့ အရာတွေလုပ်ရင်လည်း မြတ်တဲ့အဖြစ်ပါပဲ။

အချစ်မှာလည်း အလားတူပါပဲ။ စစ်မှန်တဲ့ အချစ်ဆိုတာ အာသာရမ္မက်တွေကို ပြနေတာမျိုး မဟုတ်သင့်ပါဘူး။ နေ့စဉ်နေထိုင်မှုဘဝမှာ ပြည့်စုံပြီး ပြေပြစ်ညီညွတ်မှု ရှိမှသာလျှင် ရနိုင်ပါတယ်။ ပုံဝတ္ထုတစ်ခုရှိပါတယ်။ တစ်ခါတုန်းက သီလရှင်ကလေးတစ်ဦးဟာ ရှင်ထရီဇာဆီကို သွားပြီးတော့ တရားတောင်းပါသတဲ့။ ဒီသီလရှင်ကလေးကတော့ သူ့ကို သူတော်စင်ရှင်ထရီဇာက တန်ခိုးပြာဋိဟာတွေကို ပြတော့မှာပဲလို့ ထင်တာပေါ့။ ဒါပေမယ့် ရှင်ထရီဇာက သူတည်ထောင်ထားတဲ့ သီလရှင်ကျောင်းကို ခေါ်သွားတယ်။ ပြီး . . . အဲဒီကျောင်းမှာ ဆင်းရဲဒုက္ခတွေ၊ ပင်ပန်းတဲ့အလုပ်တွေ၊ ဆုံးရှုံးမှုတွေနဲ့ ကြုံခဲ့ရတယ်။ နောက်ဆုံးတော့ သီလရှင်ကလေးဟာ မနေနိုင်တော့ဘဲ သူ့ကို မြင့်မြတ်တဲ့တရားထူးကို ပြမယ်ဆိုတာ ဘယ်တော့ပြမှာလဲလို့ မေးတယ်။ ဒီတော့ ရှင်ထရီဇာက တရားထူးတရားမြတ်ဆိုတာ တခြားမဟုတ်ဘူး။ ဘဝရဲ့ ဒုက္ခတွေကို နေ့စဉ်နှင့်အမျှ ချစ်ခင်မှု၊ စိတ်ရှည်မှုနဲ့ ရင်ဆိုင်နိုင်တာဟာတရားပဲ။ တို့ကျောင်းမှာ တို့ကျင့်နေတဲ့ အရာဟာ အဲဒီတရားပဲ' လို့ ပြန်ပြောပါတယ်။

အချစ်ကံကောင်းသူများဟာ အံ့သြစရာကောင်းလောက်အောင် ချစ်နိုင်စွမ်းရှိကြတယ်။ သူတို့ရဲ့ ချစ်နိုင်စွမ်းဟာ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုရင်း နွေဦးရက်များနဲ့တူတယ်။ အဲဒီနွေဦးရက်များမှာ နေခြည်ကလည်း ရွှန်းရွှန်းလဲ့လို့၊ နွေးထွေးလို့။ လောကကို ချော့မြှူသိပ်လို့။ တိမ်စတိမ်မျှင်ဆိုလို့ တစ်ခုမှမရှိ။ ချိုင့်ဝှမ်းလွင်ပြင်ထဲက အသေးငယ်ဆုံးဆိုတဲ့ ရွာငယ်ဇနပုဒ်ကလေးကလည်း နေခြည်ထဲမှာလှလို့။ ဒီလိုကြည်မောစရာကောင်းတဲ့ နေ့မျိုး၊ ဒီလိုမျှော်လင့်ချက်တွေ ပြည့်လျှမ်းစေတဲ့ နေ့မျိုးဟာ ကျွန်တော်တို့ကို နောင်လာတော့မယ် မည်းမှောင်တဲ့ မုန်တိုင်းကြီးကို ရင်ဆိုင်နိုင်စွမ်းရှိအောင် ခွန်အားသတ္တိကို ပေးခဲ့တာအမှန်ပဲ။

နွေရက်တွေပဲဖြစ်ဖြစ်၊ အချစ်ပဲဖြစ်ဖြစ် လောကမှာ ရှိရှိသမျှအရာ



အားလုံးဟာ သူ့သက်တမ်းစေ့ရင် ကုန်ဆုံးမေ့လျော့ကြရမှာ ဖြစ်လေတော့ ကျွန်တော်တို့ဟာ နွေရက်ကိုသာ ချစ်တတ်ရုံမကဘဲ မှုန်မှိုင်းပြာရီနေ့များ ဆောင်းဦးနှင်းမြူများနဲ့ ရှည်လျားတဲ့ ဆောင်းညများကိုလည်း ချစ်တတ်ရပေလိမ့်မယ်။ ဒါကြောင့်မို့ စာရေးဆရာကြီးအေဘယ်ဘွန်းနာ့ဒ်က 'အရိုးသားအစင်ကြယ်ဆုံး အချစ်သည် ပန်းရိုက်ပိုးစတစ်ဝက်၊ ပန်းရိုက်မပါသော ပိုးစတစ်ဝက်ဖြင့် ချုပ်ထားသော ဝတ်ရုံနှင့်တူ၏။ ပန်းရိုက်မပါသော ပိုးစသည် အဖိုးတန်၍ ထူးခြားသော အသားအရောင်ရှိသဖြင့် ပန်းရိုက်မပါသော အစကို ပန်းရိုက်စထက်ပို၍ သဘောကျပေ၏' လို့ ရေးခဲ့ဖူးပါတယ်။

ချစ်စခင်စ ကြင်နာစမှာ ရမ္မက်ရဲ့ဘေးမှာ မရဲတရဲနဲ့ ဝင်ရောက်လာပြီးနောက်မှာ ပိုင်စိုးမှုနဲ့ ထည်ထည်ဝါဝါ ရပ်လိုက်တဲ့ တည်ငြိမ်ပြီး နူးညံ့သိမ်မွေ့တဲ့ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ဘယ်လိုအရာမျိုးလဲ။ ဒါမှမဟုတ် ရမ္မက်ကနေ မွေးဖွားလာတဲ့၊ ရမ္မက်ကို ကျော်လွန်သွားတဲ့ အဲဒီအချစ်ဟာ ဘယ်လိုအရာလဲ။ ဘာနဲ့ပြုလုပ်ထားသလဲ။ အဲဒီအချစ်ကို ယုံကြည်မှု၊ အလေ့အကျင့်နဲ့ မြတ်နိုးမှုကို ဖွဲ့စည်းပြုလုပ်ထားခြင်းဖြစ်တယ်။ များသောအားဖြင့် ကျွန်တော်တို့ လူသားတွေအားလုံးလောက်ဟာ ကျွန်တော်တို့ကို လိမ်လည်ကြတယ်။ ဒါပေမယ့် အနည်းစုကတော့ တကယ့်စစ်မှန်တဲ့ ရိုးသားမှုနဲ့ ပွင့်လင်းတဲ့ အမျိုးသား၊ အမျိုးသမီးကို တွေ့လိုက်ရလို့ ပျော်ရတဲ့အရသာကို ကောင်းကောင်းသိပါတယ်။

ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ စိတ်အလိုဆန္ဒအတိုင်း လိုက်လျောနေထိုင်တဲ့၊ ကျွန်တော်တို့တစ်တွေ အခက်အခဲကြုံရင် ကျွန်တော်တို့ကို စွန့်ပစ်ခွာမသွားဘဲ ကျွန်တော်တို့နဲ့အတူ ရပ်တည်တဲ့ အမျိုးသား၊ အမျိုးသမီးကို တွေ့ရလို့ ပျော်ရွှင်တဲ့အရသာကို ကောင်းကောင်း သိကြပါတယ်။ အချို့သောသူ အနည်းငယ်တို့သာလျှင် ယုံကြည်စိတ်ချခြင်းဆိုတဲ့ အံ့ဖွယ်ခံစားမှုကို နားလည်ကြပါတယ်။ သူတို့ဟာ နေ့စဉ်နေ့တိုင်း အနည်းဆုံး လူတစ်ယောက်ကိုသာလျှင် လေးလံလှတဲ့ ခမောက်စွန်းကို မ ဖွင့်ပြလေ့ရှိပြီး လွတ်လပ်စွာ အသက်ရှုကြတယ်။ သူတို့ရဲ့ မျက်နှာနဲ့ သူတို့ရဲ့ နှလုံးသားကို ကြောက်ရွံ့ခြင်းမရှိ ဖွင့်လှစ်ပြသလေ့ရှိပါတယ်။

ယုံကြည်စိတ်ချခြင်းဟာ အလွန်အဖိုးထိုက်တန်တဲ့ အရာဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အလွန်အရေးမကြီးတဲ့ အပြုအမူများမှာပင်လျှင် ယုံကြည်စိတ်ချမှုက စွဲလမ်းနှစ်သက်ဖွယ်ကို ဖြစ်စေပါတယ်။ ငယ်စဉ်တုန်းကတော့ မိန်းမနဲ့ ယောက်ျားဟာ နှစ်ယောက်သား ပွေ့ဖက်နိုင်မယ့် အထီးကျန်အချိန်ကလေးတွေကို လိုက်လံရှာဖွေခဲ့ကြတယ်။

ခုတော့ တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချစွာတိုင်ပင်နှီးနှောဖို့ အထီးကျန်အချိန်ကလေးတွေကို လိုက်ရှာကြတယ်။ နှစ်ယောက်အတူတွဲ လမ်းလျှောက်ကြတာဟာ ငယ်ငယ်က ချိန်းပြီးတွေ့ကြတာလို အရေးကြီးလာတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် လုံးဝနားလည်တယ်လို့ ခံစားမိကြတယ်။ တစ်ယောက်မှာ စိတ်သောကဖြစ်လာရင် တခြားတစ်ယောက်က ကိုယ်ခန္ဓာမှာ နာကျင်သည့်အထိ ဖြစ်ရတယ်။ တစ်ယောက်အတွက်ဆိုရင် တစ်ယောက်က အသက်ကိုတောင် စွန့်သည်အထိ ဖြစ်ကြရတယ်။ ဒါကို တစ်ယောက်ကလည်း သိတယ်။ ဒီလိုခံစားချက်မျိုးကို မိတ်ဆွေသူငယ်ချင်းကြားမှာလည်း တွေ့ရတတ်ပါတယ်။ ဒါပေမယ့် ခြွင်းချက်မရှိပြည့်စုံတဲ့ မိတ်ဆွေသူငယ်ချင်း အချစ်မျိုးဆိုတာကတော့ အလွန်ကို ရှားပါတယ်။ ဒါပေမယ့် အချစ်ကတော့ အရိုးဆုံး၊ အထုံထိုင်းဆုံး လူတစ်ယောက်ကိုတောင် ဉာဏ်အမြော်အမြင်ရှိလာစေပါတယ်။

သူတို့အချစ်ရဲ့ ဆောင်းဦးပေါက်ချိန်ကို ရောက်နေတဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့ ဇနီးမောင်နှံတို့ရဲ့ ဘဝကို ဘယ်လိုဖော်ပြရမလဲ။ အချစ်နတ်ရဲ့ မျက်နှာဟာ သင်္ခါရသဘောကို မလွန်ဆန်နိုင်တဲ့ မျက်နှာဖြစ်နေပေမယ့် အဲဒီ အချစ်နတ်က နတ်တစ်ပါးပဲ ဖြစ်နေသေးတယ်ဆိုတာကို ဘယ်လိုဖော်ပြရမလဲ။ ပါရမီထူးချွန်တဲ့ တေးပြုစာဆို အကျော်အမော်တစ်ဦးက ရေးဖွဲ့ပြီး တီးလုံးပြုထားတဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်းတေးသံစုံတစ်ပုဒ်ဟာ ကြီးကျယ်ခမ်းနားရပေလိမ့်မယ်။ သာမန်ဂီတသမားတစ်ဦးကတော့ ဆူညံပြင်းထန်တဲ့ အကြောင်းတွေကို ရေးဖွဲ့စပ်ဆိုရာမှာ သာချင်သာလိမ့်မယ်။ ပါစီဖ်သီချင်းကြီးရဲ့ ပဏ္ဏာမခြေဆင်းပိုဒ်ရဲ့ ကြင်လင်တဲ့ တက်သံဟာ ကြားရသူရဲ့ ဝိညာဉ်တို့ မကြုံစဖူးထူးကဲတဲ့ ဝေယံအမြင့်ဆီကို ပို့ဆောင်ပေးနိုင်တယ်။ တေးပြုစာဆို ကြီးဖရန့်ရဲ့ လီကိကျူးတေးသွားကြီးနဲ့ ဖော်ရေးရဲ့လီကွီယန်ဟာ ဖြိုဖျက်လို့မရတဲ့ ဟာမိုနီရဲ့ သဘာဝကျပြီး အားကောင်းတဲ့ လက်သံကို ဖော်ပြရာမှာ



စကားတွေနဲ့ ပြောရတာထက် များစွာထိရောက်နိုင်တယ်။

ကျွန်တော်ဟာ ခပ်စောစောတုန်းက ရီကွီယန်ဝတ်တက်သီချင်းတစ်ပုဒ်ကို ရွတ်ပြခဲ့တယ်။ ဒါပေမယ့် ပြည့်စုံအပြစ်ကင်းတဲ့ အချစ်သီချင်းတစ်ပုဒ်ထဲမှာ သေခြင်းတရားဆိုတဲ့ သဘောဟာ ငေါ်တူးတဲ့ အသံတစ်ခုဖြစ်နေတယ်။ ကိုဗင်ထရီပေါ်တ်မိုးရဲ့ ကဗျာတစ်ပုဒ်မှာ သူ့အဖို့ ကမ္ဘာလောကကြီးတစ်ခုလုံးဖြစ်ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ အလောင်းကို တွေ့တဲ့အခါမှာ ခံစားရတဲ့ လူတစ်ယောက်ရဲ့ စိတ်ပျက်အားငယ်မှုကို ဖော်ပြထားတယ်။ သူ့ကို စွန့်ခွာသွားရပါ့မလားဆိုပြီး အဲဒီမိန်းမကို ဝမ်းနည်းစွာ၊ တမ်းတစွာ၊ ကြင်နာသိမ်မွေ့စွာ သူ အပြစ်တင်တယ်။

'ဒီအရာဟာ မင်းရဲ့ ခမ်းနားပြီး တည်ကြည်သိမ်မွေ့တဲ့ အမူအရာ
မဟုတ်ပါလားကွယ်'
အချစ်ရေ . . .
တခြားသူတွေကို ဘယ်တော့မှ ပူဆွေးအောင်မလုပ်တတ်တဲ့ မင်းဟာ
ဒီဖူလိုင်ညနေခင်းမှာ . . .
မပီသတဲ့ ရုတ်တရက်စကားတစ်ခွန်း . . .
ထိတ်လန့်တဲ့ မျက်လုံးနဲ့ . . .
အနမ်းကလေး တစ်ချက်မပါ . . .
နှုတ်ဆက်စကားလေး တစ်ခွန်းမဆိုဘဲနဲ့ . . .
နေ့ရက်ပေါင်းများစွာ ကြာစေမယ့် မင်း . . . ခရီးကြီးကို . . .
မင်း . . . ထွက်ခွာသွားပုန်း . . . ပတ်သက်လို့ . . .
မင်း . . . ဘယ်တော့မှ နောင်တမရတော့ဘူးလား . . .
ဒီအရာဟာ ခမ်းနားပြီး တည်ငြိမ်သိမ်မွေ့တဲ့ မင်းရဲ့ အမူအရာမဟုတ်
ဘူး . . . တဲ့။

သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်တဲ့ ဖြစ်ပျက်လွယ်တဲ့ လူဆိုတဲ့ သတ္တဝါတစ်ခုအပေါ်မှာ အရာရာကို ပုံချတာကတော့ ကြီးကျယ်မြင့်မြတ်ခြင်းရှိသလို အန္တရာယ်လည်း ရှိပါတယ်။

ဒါပေမယ့် သေခြင်းတရားဟာလည်း အကြီးကျယ်ဆုံး အချစ်တွေကို ဖျက်ဆီးရာမှာတော့ ခွန်အားမဲ့နေတတ်ပါတယ်။ တစ်ခါတုန်းက စပိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတဲ့ ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့ လယ်သူမကြီးတစ်ဦးကို ကျွန်တော် တွေ့ခဲ့ဖူးတယ်။ သူက . . .

'အို . . . ငါ့မှာ နစ်နာချက်ဆိုလို့ ဘာမှမရှိပါဘူးကွယ်၊ ငါ့ဘဝမှာ ဒုက္ခတွေတော့ တွေ့ခဲ့ရတယ်ပေါ့လေ။ ငါ အသက်နှစ်ဆယ်လောက်တုန်းက လူငယ်လေးတစ်ယောက်နဲ့ ချစ်ခဲ့ကြတာပေါ့။ သူက ငါ့ကို သိပ်ချစ်တာ။ ဒါနဲ့ တို့ . . . လက်ထပ်ခဲ့ကြတယ်။ လက်ထပ်ပြီး ဘာကြာလို့လဲ၊ သူ ဆုံးသွားတာပဲ။ ဒါပေမယ့် ငါ့ဘဝမှာ ပျော်ခဲ့ရပြီးပြီလေ။ ခု . . . အနှစ်ငါးဆယ်လုံးလုံး သူ့အကြောင်းကိုပဲ ငါတွေးပြီး သူ့ကိုပဲ သတိရနေတာပဲ' လို့ ပြောဖူးတယ်။ ဒီလောက် စိတ်မကောင်းစရာဖြစ်ပြီး ဒီလောက်အထီးကျန်ဖြစ်ခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးမှာ အလွန်အပြစ်ကင်းတဲ့ ပျော်ရွှင်မှုကို ပြန်တွေးနိုင်တာဟာ ဘယ်လောက်ကောင်းတဲ့ ဖြေသိမ့်မှုပါလဲ။ ဒီလို ကိုယ့်အိပ်မက်တွေနဲ့ အတွေးတွေကို တောက်ပတဲ့ အတိတ်ရုပ်ပုံကားချပ်တွေနဲ့ ဖြည့်ပေးနိုင်တာဟာ တခြားတော့မဟုတ်ပါဘူး။ အပြစ်ကင်းစင်ပြီး ပြည့်စုံတဲ့ အချစ်ကြောင့်သာ ဖြစ်ပါတယ်။ ဒီလိုအတွေးမျိုးဟာ အနုပညာလက်ရာတစ်ခု၊ ဒါမှမဟုတ် ဘာသာတရားယုံကြည်ချက်တစ်ခုနဲ့ အလားသဏ္ဍာန်တူနေပါတယ်။ ချစ်ခြင်းအနုပညာနဲ့ ပတ်သက်လို့ နောက်ဆုံးပြောလိုတဲ့ အချက်ကတော့ စတင်ဒယ်ပြောတဲ့ စကားမဟုတ်ပါဘူး။ စတင်ဒယ်ကိုယ်တိုင် မိုးဇတ်ဆီက ကြားခဲ့တဲ့ စကားဖြစ်ပါတယ်။ ပြဇာတ်တစ်ခုကို သွားကြည့်ပြီး တေးဂီတသံသက်သက်နဲ့ စွဲလမ်းနှစ်သက်ဖွယ် သံစဉ်တွေကို နားထောင်ကြည့်ပါ။ အဲဒီအချိန်မှာ သင့်ခံစားချက် ရှုပ်ထွေးဆန်းပြားနေရင်၊ ကြွမ်းရှနေရင်၊ ငေါ်တူးတူးဖြစ်နေရင် သင်ဟာ ချစ်ခြင်းအနုပညာမှာ မယဉ်ပါးသေးဘူးလို့ အောက်မေ့ပါတဲ့။ ဒါပေမယ့် သင့်ခံစားချက်ထဲမှာ သင်ဟာ အလှကို တဖြည်းဖြည်း ရရလာတယ်လို့ သတိထားလာမိရင်၊ အံ့ဩဖွယ်ကောင်းတဲ့ နားလည်မှုကို ရလာခဲ့ရင်၊ တစ်ခုနဲ့ တစ်ခု အတိုက်အခံဖြစ်ပြီး ရန်ဖက်ကျတဲ့ သဘောတွေကို တည်ငြိမ်စွာပေါင်းစည်းပေးနိုင်ခဲ့ရင် အဲဒီအခါမှာ သင်ဟာ ဘဝမှာ နေပျော်တဲ့အနည်းငယ်မျှသော စွန့်စားမှုလမ်းကြောင်းပေါ်ကို ရောက်ပြီလို့သာ မှတ်လိုက်ပေတော့တဲ့။ အဲဒီစွန့်စားမှုကတော့ ကြီးကျယ်ခမ်းနားတဲ့ အချစ်ပါပဲတဲ့ . . .။

❤

# လက်ထပ်ထိမ်းမြားခြင်းအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းအနုပညာဟာ အတည်မကျ ပျံ့လွင့်နေတဲ့ ဆန္ဒရမ္မက်ကို တည်ကြည်ငြိမ်သက်တဲ့ ခံစားချက်အဖြစ် ပြောင်းလဲပေးတဲ့ အတတ်ပညာ ဖြစ်တယ်။ ဒီအချက်ကို လက်ခံရင် အဲဒီဆန္ဒရမ္မက်ရှိနေတဲ့ လူတစ်ယောက်ကို တရားဥပဒေက ဒီလိုမတည်ငြိမ်တဲ့ ရမ္မက်ဆန္ဒတွေနောက်ကို လိုက်မနေနဲ့၊ ခုရပ်လိုက်တော့ပြောရင် ဘယ်လိုနေမလဲ။ သင်ဟာ သင်ချစ်တဲ့အမျိုးသမီးတစ်ယောက်ကို သေတပန်သက်ဆုံးပေါင်းဖက်မယ်လို့ တရားဥပဒေနဲ့အညီ သဘောတူလက်မှတ်မရေးထိုးခဲ့လျှင် သင်တို့နှစ်ဦး ပေါင်းဖော်ရာက မွေးလာတဲ့ သားသမီးများကို ကျွေးမွေးစောင့်ရှောက်ပါ့မယ်လို့ တရားဝင်လက်မှတ်မထိုးခဲ့လျှင် သင်ဟာ သင့်ရဲ့ပကတိစိတ်ရဲ့အလိုကို မလိုက်နိုင်ဘူး။

အိမ်ထောင်မှုဆိုတဲ့ကြိုး ချည်နှောင်မှုဟာ တော်တော်ဖြတ်တောက်ဖို့ ခက်တဲ့ကိစ္စတစ်ရပ်ဖြစ်တယ်။ ခေတ်နဲ့ ထုံးတမ်းဓလေ့ကိုလိုက်ပြီး အနည်းနဲ့အများ ဆိုသလို ဖျက်ဆီးဖြတ်တောက်ဖို့ ခက်ခဲတယ်။ မူဆလင်ဘာသာဝင်တွေကတော့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတစ်ခုကို လုပ်လိုက်ရုံနဲ့ အိမ်ထောင်ရေးကို ပျက်ပြယ်သွားအောင် လုပ်ပိုင်ခွင့်ရှိကြတယ်။ ဇနီးကို ကွာရှင်းပိုင်ခွင့် ရှိကြတယ်။ ဒါပေမယ့် ဗရင်ဂျီဘာသာဝင်တစ်ယောက်ကတော့ ဒီလိုမလုပ်နိုင်ဘူး။ သာသနာက သူ့လက်ထပ်ထိမ်းမြားမှုကို မပယ်ဖျက်မခြင်း နောက်ထပ်အိမ်ထောင်မပြုနိုင်ဘူး။ ဒီလို လက်ထပ်ထိမ်းမြားမှုကို သာသနာက ချုပ်ကိုင်ထားဖို့ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ကြဘူး။ သာသနာက လင်မယားကို ကွာရှင်းပေးအောင်လုပ်ဖို့ကိစ္စဟာ တော်တော်ခက်ခဲတဲ့ ကိစ္စဖြစ်တယ်။ ခုထိသာသနာက လင်မယားကို ကွာရှင်းခွင့်ပေးတာ ခုယ်လို့ သိပ်မရှိလှဘူး။ ဒါကြောင့်မို့ မွတ်ဆလင်တစ်ယောက်ဟာ လင်မယား

www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းဖို့ လွယ်သလောက် ဧရင်ကျီဘာသာဝင်တစ်ယောက်မှာတော့ လင်မယားကွာရှင်းဖို့ ကိစ္စဟာ တော်တော်ခက်ခဲတဲ့ ကိစ္စဖြစ်တယ်။ ဒီအစွန်းနှစ်ခုကြားမှာ အလယ်အလတ်လမ်းတွေတော့ ရှိတန်သလောက်ရှိပါရဲ့။ တစ်ခါတလေမှာ တရားဥပဒေ သဘောဟာ သိပ်တင်းကျပ်လွန်းတဲ့အတွက် လင်နဲ့မယားမှာ ကွာရှင်းပြတ်စဲခွင့် မရကြဘူး။ ဒီမှာတွင် တိတ်တိတ်ပုန်း ဖောက်ပြန်တာတို့၊ ဖောက်ပြန်တာကို သိလျက်သားနဲ့ မမြင်ချင်ယောင်ဆောင်နေရတာတို့ ရှိလာတယ်။ တစ်ခါတလေကျတော့လည်း အမေရိကမှာလို တရားဥပဒေအရ လက်ထပ်ထိမ်းမြားမှုကို အလွယ်တကူ ဖျက်သိမ်းလိုက်ကြပြီး လွယ်လွယ်နဲ့ပဲ နောက်အိမ်ထောင်ပြုလိုက်ကြတယ်။ ဒီလို လုပ်လိုက်တာကိုလည်း စာရိတ္တကို မထိခိုက်တဲ့လုပ်နည်းတစ်ခုလို့ ယူဆနေကြတာတွေ့ရှိတယ်။

လက်ထပ်ထိမ်းမြားမှု နှောင်ကြိုးဟာ တင်းကျပ်သည်ဖြစ်စေ၊ လျော့ရဲသည်ဖြစ်စေ လင်ရယ်၊ မယားရယ်ဆိုပြီး အိမ်ထောင်ပြုကြတော့မယ်ဆိုရင်တော့ မင်္ဂလာအခမ်းအနားတွေ၊ လက်ထပ်ထိမ်းမြားမှုဆိုင်ရာ ပဋိညာဉ်တွေဟာ ဘယ်မှာပဲဖြစ်ဖြစ် လုပ်ရပေလိမ့်မယ်။ လုပ်သင့်တယ်လို့လည်း ယူဆတယ်။ ဘာကြောင့် လုပ်သင့်တယ်ဆိုတာကို ကျွန်တော်ကြိုးစားပြီး ရှင်းလင်းပါ့မယ်။

ဒါပေမယ့် လက်ထပ်ထိမ်းမြားဖို့ မလိုဘူး၊ ဒါတွေဟာ အဆောက်အယောင် အခမ်းအနားတွေသာဖြစ်တယ်၊ ဘာဖြစ်သလဲ၊ နှစ်ယောက်သဘောတူပြီး အတူနေထိုင်ကြရင် လင်မယားအရာမြောက်တာပဲလို့ ယူဆကြတဲ့ လူတွေလည်း ရှိပါတယ်။ ဒါကြောင့် လက်ထပ်ထိမ်းမြားမှုကို ဆန့်ကျင်ကန့်ကွက်တဲ့ သူတို့ရဲ့ အမြင်ကို ပထမဖော်ပြပါမယ်။ ပြီးတော့မှ ကျွန်တော့်အမြင်ကို ဖော်ပြပါမယ်။

❤

သမိုင်းမှာ လက်ထပ်ထိမ်းမြားရေးကို ပထမဆုံးနဲ့ အပြင်းထန်ဆုံး ကန့်ကွက်ခဲ့တဲ့ သူကတော့ (အင်္ဂလိပ်ကဗျာဆရာ) ရှယ်လီပါ။ အချစ်ဟာ ချုပ်တည်းမှုအောက်မှာ ရောက်သွားတာနဲ့တစ်ပြိုင်နက် သေဆုံးသွားရတော့တယ်လို့ သူက ပြောခဲ့ပါတယ်။ ပြီးတော့ ရမ္မက်ဆိုတာမျိုးဟာ အထိန်းအကွပ်ရှိတာမျိုးမဟုတ်ဘူး။ ဒီလို အထိန်းအကွပ်မရှိတဲ့ ရမ္မက်ကို တရားဥပဒေနဲ့ အုပ်ချုပ်လို့ မရဘူးလို့လည်း သူက ပြောခဲ့ပါသေးတယ်။ အချစ်ဟာ တရားဥပဒေဆိုင်ရာ အနှောင်အဖွဲ့တွေနဲ့ မနှိုင်းယှဉ်အပ်တဲ့ အရာဖြစ်တယ်။ ဘာကြောင့် အဲဒီဥပဒေကြီးတွေ ချည်နှောင်မှုကြီးတွေကို လုပ်နေရမှာလဲလို့ လက်ထပ်ထိမ်းမြားရေးကို ဆန့်ကျင်ကန့်ကွက်သူတွေက ဖြေလေ့ရှိကြတယ်။ အဲဒီလို ကန့်ကွက်သူများဟာ ယောကျ်ားတွေချည်းဖြစ်တယ်ဆိုတာကိုတော့ သတိပြုမိ လိုလိမ့်မယ်ထင်ပါတယ်။

ဘားနာဒ်ရှောရဲ့ အသံကို နားထောင်ကြည့်ပါ . . . ။

သူ့ပြဇာတ်ထဲမှာ ဇာတ်ဆောင်တစ်ယောက်ဖြစ်တဲ့ ဒွန်ဝှမ်းက ဒီလို ပြောထားပါတယ်။

'ကျုပ် လူ့ပြည်မှာရှိစဉ်က အမျိုးသမီးတွေကို ချစ်ရေးဆိုတိုင်း ဒီအဖြစ်မျိုးကို မကြာခဏကြုံခဲ့ရဖူးတယ်။ ကျုပ်က အဲဒီလို ချစ်ရေးဆိုတဲ့အခါမှာ အမျိုးသမီးက ဘာပြောသလဲဆိုတော့ ဂုဏ်သိက္ခာရှိရှိနဲ့ ကမ်းလှမ်းတာမျိုးဆိုရင် လက်ခံမယ်တဲ့။ သူဆိုလိုတဲ့ သဘောက ဒီလိုလေ။ ကျုပ်က သူ့ကို ကမ်းလှမ်းတာဟာ သူ့မှာ ပစ္စည်းဥစ္စာရှိရင် အဲဒီပစ္စည်းဥစ္စာကို ပိုင်ဆိုင်ချင်လို့ ကမ်းလှမ်းတာတဲ့။ အကယ်၍ သူ့မှာပစ္စည်းဥစ္စာမရှိဆိုရင်လည်း ဘဝမှာ သူ့ကို တစ်သက်လုံး ထောက်ပံ့ကျွေးမွေးရမယ်တဲ့။ ကျုပ်တစ်သက်လုံး သူနဲ့ သက်တွဲရမယ်တဲ့၊ တိုင်ပင်ရမယ်တဲ့၊ ဆွေးနွေးရမယ်တဲ့၊ ပြီးတော့ ဒီတာဝန်ဝတ္တရားတွေကို ဖောက်ဖျက်ရင် အပြစ်ရှိတယ်လို့ လက်ခံရမယ်တဲ့။ ပြီးတော့ သူက လွဲရင် တခြားမိန်းမတွေကို ဖွဲ့နဲ့ဆန်ကွဲလို သဘောထားရမယ်တဲ့။ ဒီတော့ကျုပ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက်တယ်။ ဒါတွေကို ကျုပ် ဘယ်ခါမှ စိတ်ကူးထဲတောင် မထည့်မိကြောင်း၊ အဲဒီအမျိုးသမီးဟာ အရည်အချင်းတို့ စရိုက်တို့ဟာ ကျုပ်ထက်မသာရင် သူ့စကားတွေဟာလည်း ကျုပ်အဖို့ အောက်တန်းကျနေမယ့်အကြောင်း၊ သူ့အကြံဉာဏ်ကို ယူရင်လည်း အလွဲတွေဖြစ်ကုန်မှာဖြစ်တဲ့အကြောင်း၊ ပြီးတော့ သူတစ်ယောက်တည်းကို

www.burmeseclassic.com



အဖော်ပြု နေရရင်လည်း ငြီးငွေ့စရာကောင်းနေမယ့်အကြောင်း၊ ကျုပ်ဘဝတစ်ခုလုံးအတွက် မပြောနဲ့ တစ်ပတ်အတွင်းမှာတောင် ကျုပ် နောက်ထပ်ဘာလုပ်မယ်ဆိုတာ ကျုပ်တာဝန်မခံနိုင်ကြောင်း ပြောလိုက်တယ်။ ပြီးတော့ ကျုပ်အပေါင်းအသင်းတွေနဲ့ အဆက်ဖြတ်ပြီး သူတစ်ယောက်တည်းနဲ့လည်း လောကကြီးမှာ မနေနိုင်တဲ့အကြောင်း၊ ပြီးတော့ သူ့ကို ချစ်ရေးဆိုတာဟာလည်း ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို မြင်ရင်ပေါ်လာတဲ့ စိတ်အလိုကိုလိုက်ပြီး ချစ်ရေးဆိုတာသာ ဖြစ်တဲ့အကြောင်း၊ သူနှင့်လက်ထပ်ထိမ်းမြား ပြီးနေဖို့ စိတ်ကူးလုံးလုံးမရှိတဲ့ အကြောင်းကိုပြောလိုက်တယ်။

ဒါတွေကတော့ လက်ထပ်ထိမ်းမြားရေးနဲ့ ပတ်သက်တဲ့ ဘားနာဒ်ရှော့ရဲ့ အယူအဆတွေပါပဲ။

ဒီတော့ လက်ထပ်ထိမ်းမြားရေးကို ဆန့်ကျင် ကန့်ကွက်သူတွေရဲ့ အဓိကအကြောင်းပြချက်ကို ကြည့်ရင်တစ်ခုရှိပါတယ်။ အဲဒါကတော့ လက်ထပ်ထိမ်းမြားခြင်းကိစ္စဟာ အတည်တကျလုပ်ဖို့ မလိုတဲ့ကိစ္စကြီးဖြစ်တဲ့အကြောင်း၊ ဒီလိုကိစ္စကို အတည်တကျဖြစ်အောင် လုပ်တာဟာ အဓိပ္ပာယ်မရှိတဲ့အကြောင်း၊ ခန္ဓာကိုယ်အချစ်ဟာ အစာဆာလောင်တာလို၊ ရေငတ်တာလို၊ သဘာဝအရ ပေါ်ပေါက်လာတဲ့ ပကတိစိတ်တစ်ခုသာဖြစ်ကြောင်း၊ ဒါပေမယ့် အချစ်ကို ထာဝရတည်ရှိနေရမယ်လို့ ယူဆတာဟာ ပင်ကိုယ်ပကတိစိတ် မဟုတ်ကြောင်း၊ များစွာသော ယောက်ျားများမှာ ဖြစ်လေ့ရှိသလို ခန္ဓာကိုယ်အချစ်ဟာ ပြောင်းလဲတတ်တဲ့ သဘောရှိကြောင်း၊ ခန္ဓာကိုယ်အချစ်ဟာ အဲဒီလိုပြောင်းလဲတတ်တဲ့ သဘောရှိရင် တစ်သက်လုံး သူ့တစ်ယောက်အပေါ်မှာ သေတစ်ပန်သက်ဆုံး သစ္စာရှိပြီး ချစ်သွားမယ်လို့ ပြောတာဟာဘာမှ အဓိပ္ပာယ်မရှိတဲ့အကြောင်း ပြောလေ့ရှိကြပါတယ်။

ပြီးတော့ လက်ထပ်ထိမ်းမြားရေးကို ဆန့်ကျင်ကန့်ကွက်သူများက ပြောကြတာရှိသေးတယ်။ လက်ထပ်ထိမ်းမြားခြင်းဟာ ယောက်ျားတစ်ယောက်ရဲ့ သတ္တိကို လျော့ပါးစေပြီး စိတ်တန်ခိုးသတ္တိကိုလည်း ပျက်ပြားသွားစေတယ်လို့ သူတို့က ဆိုကြသေးတယ်။

(စာရေးဆရာ) ရိုမိန်းရိုလန်က ထိမ်းမြားတဲ့ ယောက်ျားတစ်ယောက်ဟာ လူတစ်ပိုင်းသာ ဖြစ်တယ်လို့ ပြောခဲ့တယ်။ ပန်းရောင်မြင်းတပ်က ဗိုလ်



ကြီးဟာ လင်ကောင်းတစ်ယော[illegible]အတွက် စစ်ဗိုလ်ကောင်းတစ်ယောက်မဖြစ်တော့ဘဲ သာမန်စစ်ဗိုလ်တစ်ယောက်သာ ဖြစ်သွားတဲ့အကြောင်းကို စာရေးဆရာကစ်ပလင်းက ပြောဖူးတယ်။ အဲဒီစစ်ဗိုလ်ကြီးဟာ သားမယားရဲ့မျက်နှာကို ကြည့်နေရတဲ့အတွက် စစ်ပွဲမှာ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ ဖြစ်သွားတယ်တဲ့။ သတ္တိတွေ လျော့ပါးသွားရတော့တယ်တဲ့။ နိုင်ငံရေးသုခမိန်ကြီးတစ်ဦးဖြစ်တဲ့ ရှာတိုဘရိုင်ယန်းကဆိုရင် နိုင်ငံရေးသမားတစ်ယောက်ဟာ ဘယ်တော့မှ လက်မထပ်သင့်ဘူးလို့ ပြောခဲ့တယ်။ သူက တခြားကိုမကြည့်ပါနဲ့ ကျွန်တော့်ကိုပဲကြည့်ပါ။ ကျွန်တော်ရဲ့ နှပ်ထွေးခက်ခဲတဲ့ ဘဝတစ်လျောက်လုံးမှာ ကျွန်တော်ဘယ်လောက် တည်ငြိမ်တည်တံ့တဲ့ နေနိုင်သလဲ။ ဒီလိုနေနိုင်ခဲ့တာဟာ တခြားကြောင့်မဟုတ်ဘူး။ တစ်နေ့လုံး နိုင်ငံရေးတိုက်ပွဲတွေနဲ့ နပန်းလုံးလာပြီးနောက် ညနေပိုင်းမှာ အားလုံးကို မေ့ပျောက်ထားနိုင်ခဲ့လို့ ဖြစ်တယ်။ ကျွန်တော့်မှာ မနာလိုဝန်တိုဖြစ်မယ့် ဇနီးမယားလည်း မရှိဘူး။ နောက်ကနေပြီး ယောက်ျားကို နားပူနားဆာလုပ်နေမယ့် ရည်မှန်းချက်ကြီးတဲ့ ဇနီးလည်းမရှိဘူး။ နောက်ကနေပြီး ဘယ်သူကဖြင့် ဘာတွေဖြစ်နေပြီ၊ ဘယ်လောက်အောင်မြင်နေပြီဆိုပြီး နားပူနားဆာလုပ်မယ့် မိန်းမ၊ ကျွန်တော့်အကြောင်း ဘယ်သူက မကောင်းပြောနေတယ်၊ ဘယ်သူကဖြင့် ကျွန်တော့်ကို အပုပ်ချနေတာပဲလို့ လာပြောနေတဲ့မိန်းမ မရှိဘူး။ ဒါဟာ တစ်ကိုယ်တည်းသမားများမှာသာ ရှိနိုင်တဲ့ခွန်အားဖြစ်တယ်လို့ သူက ပြောခဲ့တယ်။

လက်ထပ်တာဟာ ဘာနဲ့တူသလဲဆိုရင် မှန်တိုင်းထန်တဲ့ ပင်လယ်ပြင်မှာ လှေရွက်ကြီးကို နှစ်ဆလောက်ကားလာအောင် ဖြန့်လိုက်တာနဲ့တူတယ်။ အဲဒီလို ဖြန့်လိုက်တာနဲ့ လူ့လောကမုန်တိုင်းတွေထဲမှာ ဒီရွက်ဟာ တစ်ကျစ်ကျစ်လျစ်လျစ် လိပ်ထားတာထက်ပိုပြီး အန္တရာယ်များလာတော့တာပဲလို့ သူတို့က ပြောလေ့ရှိကြတယ်။

သူတို့ပြောတာတွေဟာလည်း ဟုတ်သလောက်တော့ ဟုတ်ပါတယ်။ ခရင်ဂျီသာသနာသည်ပင်လျှင် အမြောင်စနစ်ထက် လက်ထပ်ထိမ်းမြားတဲ့စနစ်ကို အားပေးသည့်တိုင် ဖြဟ္မစရိယအကျင့်ဟာ အမြတ်ဆုံးဖြစ်တယ်လို့ ခရင်ဂျီဘုန်းတော်ကြီးတွေက ဒီအတိုင်း ပညတ်ခဲ့တယ်မဟုတ်လား။ နီတိ

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဆရာ အသီးသီးကလည်း [illegible] ဒွိကိစ္စတွေကို မရှောင်နိုင်တဲ့ ဒဿနဆရာလောက် အဓိပ္ပာယ်မရှိတဲ့ အရာဆိုလို့ တစ်ခုမှမရှိဘူးလို့ အကြိမ်ပေါင်းရာထောင်ပြောခဲ့ကြတယ်။ ဒဿနဆရာ၊ ပရမတ်ဆရာဟာ သူတို့ကိုယ်တိုင်တော့ အားနည်းချက်၊ ချွတ်ယွင်းချက်တွေ မရှိအောင် ကြိုးစားနိုင်ပေမယ့် သူ့ဇနီးရဲ့ အားနည်းချက်၊ ချွတ်ယွင်းချက်တွေကိုတော့ ရှောင်လို့မရတော့ဘူး မဟုတ်လား။ အကယ်၍ ဇနီးက စိတ်ဓာတ်အရ ဉာဏ်ပညာအရည်အချင်းအရ သာသည်တိုင်အောင်လည်း လင်နဲ့မယားရယ်လို့ ဖြစ်သွားရင် နှစ်ယောက်စလုံး ညံ့သွားတတ်ကြတယ်လို့ ပြောတတ်ကြတယ်။ လက်ထပ်ထိမ်းမြားရေးကို ဆန့်ကျင်သူများက မောင်နှံစုံတို့ရဲ့ဘဝဟာ နှစ်ယောက်အနက် ညံ့တဲ့တစ်ယောက်ရဲ့ဓာတ် ကူးစက်သွားပြီး နှစ်ယောက်စလုံးဟာ ခပ်ညံ့ညံ့တွေ ဖြစ်သွားတတ်ကြတယ်လို့ သူတို့က ပြောကြတယ်။

လက်ထပ်ထိမ်းမြားတယ်ဆိုတာဘာလဲ။ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းမကလေးတစ်ယောက်တို့ဟာ အသက်ငယ်ငယ်မှာ သူတို့ရဲ့ စိတ်ကူးယဉ်ဘဝကို အဆုံးသတ်လိုက်တာဖြစ်တယ်။ တစ်နည်းအားဖြင့် နောက်ထပ်စွန့်စားမှုအသစ်တွေ၊ ရန်ခုန်စရာအသစ်တွေကိုလည်း စွန့်လွှတ်လိုက်ကြတဲ့သဘောဖြစ်တယ်။ ချစ်သူချင်း ချိန်းတွေ့ပြီး ယစ်မူးရတဲ့အရသာကလေးတွေကို စွန့်လွှတ်လိုက်ရခြင်းဖြစ်တယ်။ နောက်ထပ်ချစ်လို့ခံစားရတဲ့ အံ့သြစရာကောင်းတဲ့ သာယာကြည်နူးမှုလေးတွေကို စွန့်လွှတ်လိုက်ရခြင်းဖြစ်တယ်။ သူတို့ရဲ့ အရေးကြီးတဲ့ အဓိကကျတဲ့ စွမ်းအင်တွေကို ဖြတ်တောက်ပစ်လိုက်ရတာဖြစ်တယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ ဘာမှရင်ခုန်မှုတွေ မရှိတော့တဲ့ ဘဝကြီးထဲကို တစ်သက်လုံး ဆင်းသက်သွားခဲ့ရတာဖြစ်တယ်။ ဒီလိုနဲ့ ဘဝကို စတင်ဖို့ ပြင်တုန်းဆင်တုန်းမှာပဲ ဘဝဆုံးသွားရတယ်။ ဒီလိုနဲ့ လင်ကိစ္စ၊ မယားကိစ္စ၊ သားသမီးကိစ္စထဲမှာ နစ်မြုပ်သွားပြီး ငြီးငွေ့စရာကောင်းတဲ့ဘဝကြီးထဲမှာ နစ်မွန်းသွားရတော့တယ်။ မျှော်လင့်ချက်တွေ ကုန်ဆုံးသွားရတော့တယ်။ အောင်မြင်မှုတွေ ကုန်ဆုံးသွားရတော့တယ်။ အောင်မြင်မှုတွေ့ဖို့ အလားအလာတွေပိတ်သွားရတော့တယ်။ အံ့သြစရာတွေ ပျောက်ပျက်ကုန်ဆုံးသွားရတော့တယ်။ နည်းနည်းကြာလာတော့ အချစ်ဟာလည်း ပျောက်ဆုံးသွားပြီး အိမ်မှုကိစ္စအတွက် လုံးပန်းရ၊ သားသမီးပညာရေး



အတွက် စိုးရိမ်ရ ဖြစ်လာတယ်။ ဒီလိုနဲ့ လူငယ်ရဲ့ဘဝ၊ လူငယ်ရဲ့ ပျော်ရွှင်စရာတွေကို မခံစားလိုက်ရဘဲ၊ မသိမသာနဲ့ အိုမင်းရင့်ရော်သွားခဲ့ရတယ်။ လက်ထပ်ရင် ပျော်စရာကောင်းမှာပဲဆိုတဲ့ စိတ်ကူးယဉ်အချစ်ကြောင့် လက်ထပ်ပေမယ့် လက်ထပ်လိုက်တာနဲ့ လက်ထပ်ချင်အောင် လှုံ့ဆော်ပေးခဲ့တဲ့ စိတ်ကူးယဉ်အချစ်ဟာလည်း ပြိုလဲပျက်စီးသွားတော့တယ်။

ဒါတွေကတော့ လက်ထပ်ထိမ်းမြားမှုကို ဆန့်ကျင်သူတွေရဲ့ တိုက်ခိုက်မှုတွေပဲ။ ဒီထိုးနှက်ချက်တွေဟာ အားနည်းတဲ့ ထိုးနှက်ချက်တွေမဟုတ်ဘူး။ ဒါပေမယ့် လက်ထပ်ထိမ်းမြားမှုကို ဘယ်လိုပဲတိုက်ခိုက်ကြပေမယ့် လက်ထပ်ထိမ်းမြားခြင်းစနစ်ဟာ ပြိုပျက်မသွားဘူး။ ရှိမြဲရှိနေသေးတယ်။ ဘာသာရေးအဆောက်အအုံ၊ စီးပွားရေးအဆောက်အအုံတွေသာ ပြောင်းသွားကြပေမယ့် ဒီစနစ်အဆောက်အအုံကြီးကတော့ နှစ်ပေါင်းထောင်ချီပြီး တည်တံ့နေတယ်။ လက်ထပ်ထိမ်းမြားခြင်းစနစ်ဟာ ပျောက်ကွယ်မသွားတဲ့အပြင် ပိုလို့တောင် ခိုင်မာလာတယ်။

ဘာဖြစ်လို့ ဒီလိုတည်တံ့နေရသလဲ။ ဒီလိုတည်တံ့စေတဲ့ လေးနက်တဲ့ လူမှုရေးအကြောင်းတရားတွေဟာ ဘာတွေလဲ။ အဲဒီအကြောင်းတရားတွေကို ကျွန်တော်တို့ နားလည်အောင် ကြိုးစားကြည့်ချင်တယ်။

သဘာဝအားဖြင့် လူတွေဟာ အတ္တကြီးသူတွေဖြစ်တယ်။ ဒါဟာ ဘာဇဝတ်ပြစ်မှု မဟုတ်ပါဘူး။ ဘဝတည်တံ့ရေးအတွက် ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့။ လူတွေဟာ မိမိကိုယ်မိမိ တည်မြဲရေးဆိုတဲ့ ပကတိစိတ်ကို ပိုင်ဆိုင်ကြတယ်။ စပင်နိုဇာပြောသလို အဲဒီပကတိစိတ်ဟာ မိမိတို့ဘဝဆက်လက်ရှင်သန်ရေးကို စေ့ဆော်ပေးတယ်။ မိမိလို ဘဝတူလူသားများကို အရင်းပြုရသည့်တိုင် မိမိတို့ရဲ့ လုံခြုံမှု၊ အစားအစာ၊ အကာအကွယ်တို့ကို ရအောင်ကြိုးစားတတ်တယ်။ ဒါပေမယ့် လူမှာ ဒီပကတိစိတ်တစ်ခုတည်းသာရှိရင် လူ့အဖွဲ့အစည်းကြီးကို ထူထောင်နိုင်မှာ မဟုတ်ဘူး။ ဆက်လက်တည်မြဲအောင်လည်း လုပ်နိုင်မှာမဟုတ်ဘူး။ ဒီအတိုင်းသာဆိုရင် လူဟာ မိမိအမျိုးအနွယ်ကြီးအဖွဲ့သူရိုင်းဖြစ်ပြီး အန္တရာယ်ကြီးတဲ့ တိရစ္ဆာန်ကြီးတစ်ကောင်ပဲ ဖြစ်နေမှာပေါ့။ ရှေးဟောင်းယဉ်ကျေးမှုခေတ်တွေတုန်းက လူ့ဘဝတည်မြဲရေးဆိုတဲ့ ပကတိစိတ်ဟာ အလားတူတန်ခိုးသြဇာကြီးတဲ့၊ အခြားသော ပကတိစိတ်တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



အနှံ့ပေးခဲ့ရတယ်။ အဲဒါကတော့ အစုအသင်းစိတ်ပဲ။ ဝံပုလွေတွေ၊ မျောက်ဝံတွေလိုပဲ ရှေးဦးလူသားဟာလည်း အစုအသင်းနဲ့နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ မိမိကိုယ်ကို တစ်ဦးတည်းကာကွယ်နိုင်ခြင်း မရှိလို့ပဲ။ လူပုဂ္ဂိုလ်တစ်ဦးချင်းဟာ အများစုရဲ့ လုံခြုံမှုကို ဦးစားပေးရတယ်။ အစုအသင်းဟာ ဒီဦးစားပေးမှုကို တစ်ဦးချင်းပုဂ္ဂိုလ်ထံက ရဖို့လိုတယ်။ ရလည်း ရခဲ့တယ်။ ဝံပုလွေနဲ့ လူသားဟာ အစုအသင်းအတွက် မိမိရဲ့အသက်ကို စွန့်လွှတ်ခဲ့ကြရတယ်။ ဒီမှာတင် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းရေးဆိုတဲ့ ပကတိစိတ်ဟာ ပေါ်ပေါက်လာရတယ်။ ဒီလို မပေါ်ပေါက်ခဲ့ရင် အဲဒီအစုအသင်းကို တခြားအစုအသင်းက အောင်နိုင်သွားတော့မှာပဲ။ ဒီလိုသာ အောင်နိုင်သွားရင် အဲဒီအစုအသင်းဝင်တွေဟာလည်း ပျက်စီးပျောက်ကွယ်သွားရတော့မှာပေါ့။

ဒါပေမယ့် ဘဝရဲ့အန္တရာယ်များ ပျောက်ကွယ်လျော့ပါးသွားတဲ့အခါ အစားအစာကို ရှာဖွေရာမှာ အန္တရာယ်နည်းပါးလာပြီး သားရဲတိရစ္ဆာန်များဟာ တောကြီးမျက်မည်းထဲမှာနေတဲ့အခါ၊ နယ်နမိတ်များကို အနည်းနဲ့အများ လေးစားလာကြတဲ့အခါမှာ အစုအသင်းစိတ်ဓာတ်ဟာ ပျောက်ကွယ်သွားတတ်ပြီး တစ်ဦးချင်းစိတ်၊ အတ္တစိတ်ဟာ ဝင်ရောက်လာတတ်တယ်။ ဒါပေမယ့် အဲဒီ အတ္တစိတ်ကို နည်းနိုင်သမျှနည်းအောင် လုပ်ကြရလိမ့်မယ်။ ဒီလိုမှ နည်းပါးအောင် မလုပ်နိုင်ခဲ့ရင် လူ့အဖွဲ့အစည်းကြီးဟာ မတည်တံ့နိုင်ဘူး။ ဒီအတိုင်းဆိုရင် ပစ္စည်းဥစ္စာကို ခွဲဝေပိုင်ဆိုင်မှုရယ်လို့လည်း မရှိတော့ဘူး။ အင်းအားကိုလည်း အသနားညှာတာကင်းမဲ့စွာ သုံးလာလိမ့်မယ်။ အဲဒီအခါမှာ အားနည်းသူများဟာ ကျေးကျွန်များ ဖြစ်သွားကြရတော့တယ်။

ဒါဖြင့်ရင် အဲဒီအတ္တစိတ်ကို ဘယ်လိုထိန်းချုပ်ကြမလဲ။

တစ်ကိုယ်ကောင်းစိတ်ကို အလားတူ အင်အားကောင်းတဲ့ ပကတိစိတ်တွေနဲ့ အတိုက်အခံဖြစ်စေခြင်းအားဖြင့်သာလျှင် တစ်ကိုယ်ကောင်းစိတ်ကို ထိန်းချုပ်တယ်။ တစ်ကိုယ်ကောင်းစိတ်လို အားကြီးတဲ့ ပကတိစိတ်ဆိုလို့ နှစ်မျိုးပဲရှိတယ်။ တစ်မျိုးကတော့ ဖိုမ ဆက်ဆံရေးစိတ်ဖြစ်ပြီး နောက်တစ်မျိုးကတော့ မိခင်စိတ်ဖြစ်တယ်။

အလွန်ရိုင်းစိုင်းတဲ့ တိရစ္ဆာန်များမှာပင်လျှင် ချစ်တင်းနှီးနှောချိန်နဲ့



သားဖွားချိန်များမှာ ကြမ်းကြုတ်တဲ့ပကတိစိတ်ဟာ ပျောက်ကွယ်သွားတတ်ပြီး သနားကြင်နာစိတ် ပေါ်ပေါက်လာတတ်တယ်။ ဒါပေမယ့် အတ္တစိတ် ချုပ်ငြိမ်းနေခဲ့သွားတဲ့အချိန်ဟာ အလွန်တိုတောင်းပါတယ်။ ပျောက်ကွယ်ဖို့လိုအပ်တဲ့အချိန်ကလေးထက် ဘာမှ မကြာပါဘူး။ ခဏလေးပါပဲ။ ဖိုမစိတ်ဆန္ဒပြည့်ဝသွားတာနဲ့၊ ကလေးတွေကြီးပြင်းလာတာနဲ့ တစ်ပြိုင်နက် မိသားစုအသင်းအပင်းကလေးဟာ ပြိုကွဲပျောက်ကွယ်သွားတယ်။ အုပ်စုဝင်အချင်းချင်းကြားမှာ ရက်စက်ကြမ်းကြုတ်မှုဟာ ပြန်ပေါ်လာတယ်။ တိုက်ခိုက်မှုဟာ ပြန်ပေါ်လာတယ်။

ဒါပေမယ့် ရက်စက်ကြမ်းကြုတ်ပြီး အတ္တစိတ်ကြီးတဲ့ လူသားတွေကို နိုင်ခန့်ကြာရှည်တဲ့ လူမှုအသင်းအဖွဲ့အစည်းများအဖြစ် ပြန်လည်စုစည်းမှုဟာ တန်ခိုးပြာဋိဟာနဲ့ လုပ်လိုက်သလို ပြန်လည်ပေါ်ပေါက်လာခဲ့တယ်။

ဘယ်လို ပြန်လည်ပေါ်ပေါက်လာခဲ့ပါသလဲ။

လူမှုကလာပ်စည်းကလေးများ သို့မဟုတ် မိသားစုကလေးများဆိုတဲ့ အသင်းအဖွဲ့ကလေး ပေါ်ပေါက်လာတဲ့ ဖြစ်စဉ်ထဲမှာ ပြန်လည်ပေါ်ထွက်လာခြင်းဖြစ်တယ်။ အဲဒီမိသားစုအတွင်းမှာ ကိုယ်ကျိုးမကြည့်တဲ့ စိတ်ဟာ ပြန်လည်ပေါ်ပေါက်လာခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဖြစ်စဉ်အတွင်းမှာ ဖိုမဆန္ဒနဲ့ မိခင်စိတ်တို့ အတူပါလာလို့ ဖြစ်တယ်။

ဒါပေမယ့် ဖိုမစိတ်ဆိုတာဟာ ပြောင်းလဲတတ်တဲ့ သဘောရှိတယ်။ တစ်ဦးကို တပ်မက်ရာက အခြားတစ်ဦးကိုတပ်မက်ပြီး ပြောင်းသွားတတ်တဲ့အတွက် ဖိုမစိတ်အပေါ် မူတည်ပြီး လူမှုကလာပ်စည်း သို့မဟုတ် မိသားစုကို ဘယ်လိုတည်ဆောက်မလဲလို့ မေးစရာရှိတယ်။

ဖိုမစိတ်ဆိုတဲ့ ပကတိစိတ်တစ်ခုကို မိသားစုဆိုတဲ့ အဆောက်အအုံခိုင်ခံ့ကြီးတစ်ခုဖြစ်လာအောင် ဘယ်လိုလုပ်မလဲလို့ မေးစရာရှိတယ်။ တည်မြဲခိုင်ခံ့တဲ့ လက်ထပ်ထိမ်းမြားရေးစနစ်ရယ်လို့ မပေါ်သေးခင်က အစစ်နေရာ၊ တစ်နေရာကို လှည့်လည်သွားလာနေတဲ့ လူသားမျိုးနွယ်များဟာ တော်တော်ထိုးထွင်းဉာဏ်ကောင်းတယ်လို့ ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သွားသားဆန္ဒကို ဖြည့်စွမ်းချိန်မှာ သူတို့တစ်ယောက်နဲ့တစ်ယောက် တည်တာမှုရှိမယ်လို့ သစ္စာကျိန်ဆိုခဲ့ဖို့ လိုတယ်ဆိုတာကို သဘောပေါက်ခဲ့ကြလို့ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး ပေါ်ပေါက်လာတဲ့ လက်ထပ်ထိမ်းမြားရေး ထုံးစံတွေကတော့ ခုလိုမဟုတ်သေးဘူးပေါ့။ အဲဒီတုန်းကတော့ အမိအုပ်စိုးတဲ့ခေတ်ပေါ့။ မယား အများအပြားယူတဲ့ လူ့အဖွဲ့အစည်း၊ လင်အများအပြားယူတဲ့ လူ့အဖွဲ့ အစည်းတွေ ဖြစ်ခဲ့ကြတယ်ပေါ့။ ကာလရွေ့လျားလာတဲ့အခါမှာတော့ အဲဒီ ထုံးစံဓလေ့တွေဟာ မှေးမှိန်ပြီး ယောကျ်ားနဲ့မိန်းမကြားမှာ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိပါ့မယ်ဆိုတဲ့ ပဋိညာဉ်ပြုတဲ့ ထုံးတမ်းဓလေ့ ပေါ်ပေါက်လာခဲ့ တယ်။ အဲဒီပဋိညာဉ်ထဲမှာ သူတို့နှစ်ယောက် ဘယ်ရွေ့ဘယ်မျှ ကြာအောင် ပေါင်းသင်းကြမယ်၊ မိန်းမကို အခြားသော ယောကျ်ားများရဲ့ရန်မှ ဘယ်လို ကာကွယ်စောင့်ရှောက်မယ်၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို ဘယ်လို စောင့်ရှောက်မယ်၊ နောက်ဆုံးအားဖြင့် လင်နဲ့မယားကို ဗဟိုပြုတဲ့ လူမှုက လာပ်စည်းကလေးတစ်ခုကို ဘယ်လိုထူထောင်မယ်ဆိုတာတွေနဲ့ ပတ်သက်လို့ တစ်ဦးနဲ့တစ်ဦး ကတိကဝတ်ပြုကြတယ်။

ဘားနဒ်ရှောရဲ့ ပြဇာတ်ထဲက ဇာတ်ဆောင်ဖြစ်တဲ့ ဒွန်ဝှန်းကတော့ သူဟာ လူမှုကလာပ်စည်း (မိသားစု) တွေ ဘာတွေကို အလေးမထားနိုင်ဘူး လို့ ကန့်ကွက်ကောင်း ကန့်ကွက်လိမ့်မယ်။ လူ့ဘဝဆိုတာ အာသာဆန္ဒတွေ၊ ပျော်ရွှင်မှုတွေကို အမြဲတစေ အဆက်မပြတ်ဖြစ်အောင် လုပ်ရတဲ့ နေရာဖြစ် တယ်လို့ ပြောကောင်းပြောလိမ့်မယ်။ ဒါပေမယ့် သူပြောသလို တစ်ယောက် ပြီးတစ်ယောက် လွတ်လပ်စွာအပြောင်းအလဲ လုပ်တာနဲ့ လောကကြီးမှာ ပျော်စရာကောင်းရောတဲ့လား။ တစ်ယောက်ပြီးတစ်ယောက် လွတ်လပ်စွာ ပြောင်းချစ်နေတာ၊ လွတ်လပ်စွာ ပြောင်းပြီးယူနေတာဟာ ပျော်ရွှင်မှုလို့ ခေါ်မလား။ မဟုတ်ပါဘူး။ အိမ်ထောင်မှုကို ခက်ခဲစေတဲ့ ပြဿနာများ (ရန်ဖြစ်ရတာ၊ မနာလိုဝန်တိုဖြစ်ရတာ၊ ငြီးငွေ့တာ၊ တစ်ယောက်နဲ့တစ် ယောက် အကြိုက်ချင်းကွဲပြားတာစသည်တို့) ဟာ အခြားသော ကိစ္စများမှာ လည်း ရှိတတ်ကြတာပါပဲ။

လွတ်လပ်သော အချစ်လို့ ခေါ်နေတဲ့ အရာဟာ တကယ်တော့ မလွတ်လပ်ပါဘူး။ လစ်ဖ်နဲ့ မဒန်ဒါဂိုးတို့ရဲ့ အဖြစ်ကို ကြည့်ပါ။ 'အင်နာက ရီးနီးနား' ကို ပြန်ဖတ်ပါ။ အင်နာနဲ့ ဗရွန်စကီးတို့ ခိုးထွက်ပြေးတဲ့ အကြောင်း ကို ရေးထားတဲ့ စာပိုဒ်ကို ပြန်ဖတ်ကြည့်ပါ။ အင်နာက ဗရွန်စကီးကို သိပ်ချစ်



တယ်။ မခွဲနိုင်မခွာရက်ဖြစ်တယ်။ ဒီတော့ ဗရွန်စကီးထင်တာက သူတို့နှစ်ဦး ရဲ့အချစ်၊ သူတို့နှစ်ဦးရဲ့ ပေါင်းဖော်မှုဟာ လက်ထပ်ထိမ်းမြားထားတဲ့သူ နှစ်ဦးထက် ခိုင်မြဲတယ်လို့ထင်တယ်။ သူ့အဖြစ်ဟာလည်း တရားဝင်လက် ထပ်ထားတဲ့ ယောကျ်ားတစ်ယောက်ထက်တောင် ခိုင်မြဲတယ်လို့ ထင်တယ်။ လက်ထပ်ထားတဲ့ ဇနီးမောင်နှံအတွက် စကားလုံးတွေ၊ အပြုအမူတွေ၊ လှုပ် ရှားမှုတွေဟာ သိပ်အရေးမကြီးလှပေမယ့် တရားဥပဒေအရ လက်ထပ်ထား ခြင်းမရှိတဲ့ သူတို့နှစ်ယောက်အဖို့မှာတော့ သိပ်ကိုအရေးကြီးနေတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ တစ်ဦးကိုတစ်ဦး စိတ်ကုန်ခန်းသွားကြပြီးလားဆိုတဲ့ မေးခွန်းဟာ သူတို့နှစ်ဦးကို အမြဲခြောက်လှန့်နေလို့ဖြစ်တယ်။ ဒီခြောက်လှန့် မှုကို ပပျောက်အောင် လုပ်နိုင်တဲ့အရာဆိုလို့ ရက်စက်စိမ်းကားမှုပဲ ရှိတော့ တယ်။ ဗရွန်စကီးနဲ့ ဘိုင်ရွန်တို့ဟာ ဒီလိုရက်စက်စိမ်းကားနိုင်ခဲ့ရင်တော့ စောစောကပြောခဲ့သလို အချစ်တွေ ကုန်ခန်းတော့မှာလားလို့တွေးပြီး စိုးရိမ် စရာမလိုတော့ဘူးပေါ့။ ဒါပေမယ့် ဘိုင်ရွန်ဟာ ရက်စက်စိမ်းကားခြင်း မပြု နိုင်ခဲ့ပါဘူး။ သူဟာ သူ့ချစ်သူရဲ့ အလိုကိုလိုက်ပြီး သူမတိုက်ချင်ဘဲနဲ့ တူရကီ တွေကို သွားပြီးတိုက်ခဲ့ရတယ်။ ဘိုင်ရွန်ဟာ မိန်းမတစ်ယောက်ကို လက်ထပ် ယူရမှာကို ဝန်လေးတယ်။ ခက်ခဲတယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်းကြီးနဲ့ သူနဲ့ ပတ်ဝန်းကျင်နဲ့ သူနဲ့ သဟဇာတဖြစ်ချင်တယ်။ အထူးသဖြင့် ကွာရှင်း မှုကို ခွင့်မပြုတဲ့နိုင်ငံများမှာ (ဗရင်ဂျီဘာသာဝင်များအကြားမှာ) ယောကျ်ားနဲ့ မိန်းမဟာ တရားဥပဒေထုံးတမ်းစဉ်လာတွေမပါဘဲ အကြင်လင်မယား အဖြစ် နေကြတယ်ဆိုတာ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဒီလို လက်မထပ်ဘဲ အတူတကွ နေရုံနေကြတဲ့အတွက် ပေါ်ပေါက်လာရတဲ့ ခံစားချက်တွေကို တော့ မလွဲမသွေတွေ့ကြရမှာပဲ။

ဒီအချက်ကို ကြည့်ရင် လက်ထပ်ထိမ်းမြားခြင်းဟာ ယောကျ်ားနဲ့ မိန်းမတို့အကြားမှာ အကောင်းဆုံးသော ဆက်ဆံမှုများကို ဖြစ်ပေါ်စေဖို့ အကောင်းဆုံး အခွင့်အရေးဖြစ်တယ်ဆိုတာ ဒွန်ဝှန်းရော၊ သူ့ရည်းစားပါ သဘောပေါက်တယ်ဆိုတာကို တွေ့နိုင်တယ်။ လူမှုရေးဆက်သွယ် ချည်နှောင် မှုဟာ အချစ်ကို အတားအဆီးမဖြစ်စေတဲ့အပြင် အချစ်ကိုပိုပြီးခိုင်မာစေ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချစ်ရေးကိစ္စကိုပဲကြည့်ကြည့် အစမှာမိန်းမနဲ့ယောကျ်ားဟာ သွေးသားဆန္ဒရဲ့ လှုံ့ဆော်မှုကြောင့် တစ်ယောက်ကိုတစ်ယောက် စုံမက်မြတ်နိုးလာခဲ့ကြတာချည်းပဲ။ တစ်ယောက်ကိုတစ်ယောက် သိရှိနားလည်ခဲ့ကြတာချည်းပဲ။ တကယ်လို့သာ သူတို့နှစ်ဦးဟာ လက်ထပ်ထိမ်းမြားခြင်း မပြုခဲ့ရင် သဘောကွဲစရာကလေးတစ်ချက် ပေါ်လာတာနဲ့ သူတို့နှစ်ဦးဟာ ချက်ချင်းခွာပြသွားကြတော့မှာ သေချာတယ်။ လင်မယားကွာရှင်းရေးကို လွယ်ကူအောင် လုပ်ထားရင် ထစ်ကနဲရှိတာနဲ့ ကွာပစ်ကုန်ကြမှာပဲ။ ပြီးတော့ တစ်ယောက်ယောက်က အကြီးအကျယ် နာမကျန်းဖြစ်လာရင်လည်း ကျန်တဲ့သူက စိတ်ကုန်ခန်းပြီး သူတို့နှစ်ယောက်ရဲ့ အချစ်ရေးဟာ ပြိုကွဲသွားကြတော့မှာပဲ။ ဒါပေမယ့် လက်ထပ်ထိမ်းမြားထားတဲ့ ဇနီးမောင်နှံတွေမှာတော့ ဒီလိုမဖြစ်နိုင်ဘူး။ နာမကျန်းဖြစ်တဲ့အတွက်ကြောင့်ပင်လျှင် တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယပြီး သစ္စာရှိရှိ ပြုစုပေးဖို့ အခွင့်အလမ်းရှိတယ်။ ဒီနည်းအားဖြင့် သူတို့ ဆက်ဆံရေးဟာ ပိုမိုခိုင်မြဲလာနိုင်တယ်။ တရားမဝင်နေထိုင်ကြတဲ့ အတွဲများမှာ ဇရာအရွယ် ရောက်လာရင် ကြာကြာမနေနိုင်ကြဘူး။ ဒါပေမယ့် လက်ထပ်ထားတဲ့ ဇနီးမောင်နှံများမှာတော့ အသက်ကြီးလာလေလေ သံယောဇဉ်နှောင်ကြိုးဟာ ပိုပြီး ခိုင်မာလာလေလေဖြစ်တယ်။ ကာလကြာမြင့်လေ သံယောဇဉ်နှောင်ကြိုးဟာ ပိုပြီး ခိုင်မာလာလေလေဖြစ်တယ်။ အိမ်ထောင်ပြုခြင်း၊ လက်ထပ်ခြင်းဟာ ကာလကြာမြင့်လေ ခိုင်မာလာလေဖြစ်တဲ့ တစ်ခုတည်းသော နှောင်ကြိုးဖြစ်တယ်။

လက်ထပ်ထိမ်းမြားခြင်းဟာ မိန်းမနဲ့ယောကျ်ားအကြားမှာ ကြင်နာမှုနဲ့ နားလည်မှုကို ရရှိစေဖို့အတွက် အကောင်းဆုံးသော ဆက်သွယ်မှုပုံဏ္ဍာန်လည်းဖြစ်တယ်။ ယောကျ်ားက မိန်းမတစ်ယောက်ရဲ့ထံမှ ရရှိတဲ့ ကျယ်ပြန့်တဲ့အသိ၊ မိန်းမတစ်ယောက်ထံမှ ရရှိတဲ့ ရင်းနှီးမှုကြောင့် ယေဘုယျ 'မ' လောကကြီးတစ်ခုလုံးရဲ့ အကြောင်းကို ပိုမိုနားလည်သွားပြီး ဘဝရဲ့အကြောင်းကို ပိုမိုပီပြင်စွာ သိနားလည်နိုင်တယ်။ ဘဝကို ကျိုးကြောင်းညီညွတ်တဲ့ အမြင်နဲ့ ကြည့်နိုင်တယ်။ လူပျိုတစ်ယောက်ဟာ လူမှုဆန့်ကျင်ရေးသတ္တဝါတစ်ယောက်ဖြစ်တယ်။ လူပျိုရဲ့ လွတ်လပ်မှုဆိုတာဟာလည်း မင်းမဲ့ဆန်တဲ့ လွတ်လပ်မှုသာဖြစ်တယ်။ အိမ်ထောင်မရှိတဲ့ လူပျိုကြီး၊ အပျိုကြီးများ



ဟာ သူတို့အကြောင်းလောက်ကိုပဲ သူတို့စိတ်ဝင်စားကြပြီး သူတို့ ကိုယ်ကျိုးလောက်ကိုပဲ ကြည့်ကြတယ်။ ဒီနည်းအားဖြင့် သူတို့ဟာ ခပ်ကြောင်ကြောင်တွေဖြစ်နေပြီး စိတ်ထားဟန်ချက်ညီမှုကို မထိန်းနိုင်သူများဖြစ်ကြတယ်။ လူပျိုလူလွတ်ကြီးတွေ ဖြစ်ကြတဲ့၊ ထင်ရှားကြီးကျယ်တဲ့ အနုပညာရှင်များဖြစ်ကြတဲ့ ဘားလ်ဇက်၊ စတင်ဒယ်၊ ဖလောဘေး၊ ပရုစ်တို့ဟာ စိတ်ထားတည်ငြိမ်သူများဖြစ်ကောင်းဖြစ်မယ်။ ခပ်ကြောင်ကြောင်လူ ဟုတ်ချင်မှဟုတ်မယ်။ ဒါပေမယ့် တစ်ကိုယ်ရေ လူပျိုဘဝနဲ့နေထိုင်ခြင်းဟာ သာမန်လူတစ်ယောက်အတွက်တော့ မသင့်လျော်ဘဲ အန္တရာယ်ဖြစ်စေနိုင်တယ်။ အချို့သောယောကျ်ားမိန်းမများဟာ တစ်ယောက်တည်းကို လက်ထပ်ယူခြင်း မပြုဘဲ အပျော်အပါးလိုက်စားခြင်းဖြင့် ပျော်ရွှင်မှုကိုရနိုင်တယ် လို့ယူဆပြီး အဲဒီပျော်ရွှင်မှုကို လိုက်ရှာဖို့ကြိုးစားခဲ့ကြဖူးတယ်။ ဟဲမင်းဝေးနဲ့ အဲလက်စ်ဟတ်စလေတို့ဟာ အဲဒီလို အမျိုးသား၊ အမျိုးသမီးတွေရဲ့ အကြောင်းကို ဝတ္ထုရေးခဲ့ဖူးကြတယ်။ ဒါပေမယ့် အံ့ဩစရာကောင်းတာက သူတို့ရဲ့ ဘဝဟာ ပျော်စရာကောင်းမယ့်အစား ပျော်စရာမကောင်းဘဲ စိတ်ညစ်ညူးခြင်း၊ ငြီးငွေ့ခြင်းစတဲ့ ပြောင်းပြန်အရာတွေကို တွေ့နေရတဲ့အချက်ပဲ။ ဟဲမင်းဝေးရဲ့ 'နေမင်းသည်လည်း ထွက်မြဲထွက်နေသည်' ဆိုတဲ့ ဝတ္ထုထဲက လေဒီ ဘရက်နဲ့၊ ဟတ်စလေရဲ့ 'ပွိုင့်ကောင်တာပွိုင့်' ဝတ္ထုထဲက လူစီတင်တေးမောင့်တို့ကိုပဲ ကြည့်ပါ။ လောကမှာ သူတို့ဘဝလောက် စိတ်ညစ်ညူးစရာကောင်းတဲ့ ဘဝမျိုး ရှိမှရှိသေးပါဦးမလားလို့တောင် ထင်ရပါတယ်။ အပျော်အပါးလိုက်စားသူဟာ မိမိရဲ့သွေးသားတောင့်တမှုကို စိတ်ညစ်တာကို ဖြေဖျောက်ဖို့ နည်းလမ်းတစ်ခုဖြစ်တယ်လို့ သဘောမထားဘူး။ မိန်းမတွေ၊ သို့မဟုတ် ယောကျ်ားတွေ ထည်လဲနဲ့ မိမိရဲ့သွေးသားတောင့်တမှုကို ဖြေဖျောက်နေသူတစ်ယောက်ဟာ သူရဲ့ စိတ်ပျက်ညှိုးငယ်မှုကို ယာယီအားဖြင့် ဖြေဖျောက်ပေးသလိုပေါ့။ ဒါပေမယ့် သူ့မှာ တကယ့်ပျော်ရွှင်မှုရယ်လို့ မရနိုင်တော့ပါဘူး။ ဘဝမှာ မ်းရမ်းကားကားနေသူတို့ ကြုံတွေ့နေရတဲ့ လူ့ဘဝရဲ့ ကြောက်စရာကောင်းမှုနဲ့ သေခြင်းတရားရဲ့ ကြောက်စရာကောင်းပုံတို့ကိုသာ သူ မြင်နေမှာပဲ။ ဆယ့်ရှစ်ရာစုနှစ်တုန်းကရှိခဲ့ကြတဲ့ ကာမဂုဏ်ကြူးသူများဟာ သူတို့ရဲ့ ကာမခေတ်ကို လွန်စွာငြီးငွေ့ခဲ့ကြတဲ့အတွက် အဲဒီတုန်းက ခေတ်စားခဲ့တဲ့ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ 'ဟယ်လင်မင်းသမီး' ဝတ္ထုကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်ခဲ့ကြတယ်။

ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထား၊ မယားတွေ တစ်ယောက်ပြီးတစ်ယောက် ယူတာဟာလည်း စိတ်ညစ်ငြီးငွေ့နေတဲ့ ပြဿနာကို ဖြေရှင်းမပေးနိုင်တဲ့အပြင် ပိုလို့တောင် ရှုပ်ထွေးလာစေပါတယ်။ လင်တစ်ယောက်နဲ့အတူတကွ နေထိုင်ဖို့ဆိုတဲ့ကိစ္စဟာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ရည်းစားတစ်ယောက်နဲ့အတူ နေထိုင်ဖို့ဆိုတာကတော့ သာလို့တောင် မလွယ်ပါသေးတယ်။ ဒီလို လက်ထပ်ထိမ်းမြားခြင်းမပြုဘဲ အတူတကွ ပေါင်းဖော်နေထိုင်ခြင်းဟာ အသက်ကြီးလာတဲ့အခါမှာ ဇရာကို တစ်ယောက်တည်း ရင်ဆိုင်ရတော့တာပါပဲ။ သားသမီးရယ်လို့ ရလာရင်လည်း အဲဒီသားသမီးတွေရဲ့ ပျော်ရွှင်မှုကို ပျက်စီးစေပါလိမ့်မယ်။ သမိုင်းကို ပြန်ကြည့်ရင် လင်မယားအများအပြားယူတဲ့ စနစ်ပေါ်မှာ အခြေခံထားတဲ့ ယဉ်ကျေးမှုကြီးများဟာ ပျောက်ကွယ်သွား ပြီး တစ်လင်တစ်မယားစနစ်ပေါ်မှာ အခြေခံတဲ့ ယဉ်ကျေးမှုကြီးများကသာ အောင်နိုင်လွှမ်းမိုးသွားကြပါတယ်။ မယားအများယူတဲ့စနစ်ဟာ ကျွန်တော်တို့ ခေတ်သစ်အမျိုးသမီးများရဲ့ အကြိုက်စရိုက်နဲ့လည်းမညီ၊ လိုအပ်ချက်နဲ့လည်း မကိုက်တဲ့အရာဖြစ်ပါတယ်။

အချစ်ရဲ့ လွတ်လပ်စွာ ရွေးချယ်မှုနှင့် အချစ်တို့ဟာ လက်ထပ်ထိမ်းမြားရေးရဲ့အောက်ခြေပင်မြစ် အကြောင်းရင်းတွေ ဖြစ်တယ်ဆိုတာ မကြာခဏ တွေ့ရပါတယ်။ ဒါပေမယ့် အမြဲတမ်းတော့ ဒီလိုအချစ်ကြောင့် လက်ထပ်ကြတာ မဟုတ်ပါဘူး။ ရှေးဟောင်းယဉ်ကျေးမှုနဲ့ အရှေ့တိုင်း ယဉ်ကျေးမှု ကြီးများမှာ ကာယကံရှင်တစ်ဦး သို့မဟုတ် နှစ်ဦးလုံးရဲ့ သဘောနဲ့ ဆန့်ကျင်ပြီး အတင်းအကြပ်ပေးစားခဲ့ကြတာ ဖြစ်ပါတယ်။ ၁၉ ရာစုနှစ် ပြင်သစ်ပြည်မှာလည်း မင်္ဂလာကိစ္စတော်တော်များများဟာ ဗရင်ဂျီဘုန်းတော်ကြီးတွေကဖြစ်စေ၊ ကြေးစားလုပ်ကိုင်စားကြတဲ့ အောင်သွယ်များကဖြစ်စေ၊ ရှေ့နေရှေ့ရပ်များ



ကတစ်ဆင့်ဖြစ်စေ စီစဉ်နေရာချထားပေးခဲ့ကြပါတယ်။ အများအားဖြင့်တော့ ကာယကံရှင်နှစ်ဦးရဲ့ အုပ်ထိန်းသူများက နေရာချထားပေးခဲ့ကြပါတယ်။ဒီလို အကြင်လင်မယားဖြစ်လာခဲ့ကြတဲ့ အိမ်ထောင်ပေါင်းများစွာတို့ဟာ ပျော်ရွှင်ချမ်းမြေ့ကြပါတယ်။ တချို့ဆိုရင် ချစ်လို့လက်ထပ်ခဲ့ကြတဲ့ အိမ်ထောင်တွေထက်တောင် ပျော်ရွှင်ချမ်းမြေ့ ကြပါသေးတယ်။ တဏှာပေမအချစ်ဟာ လူတွေကို အရှိအတိုင်း မမြင်စေဘဲ တစ်မျိုးတစ်ဖုံ မှောက်မှားတဲ့ အမြင်တွေကို ပေါ်ပေါက်စေပါတယ်။ အချစ်ကြီးတဲ့သူများဟာ လက်ထပ်ထိမ်းမြားပြီးတဲ့နောက်မှာ အိမ်ထောင်ရေးသုခကို သိပ်မျှော်လင့်တတ်ကြတယ်။ သူတို့ မျှော်လင့်သလို ထူးထူးခြားခြား ပျော်ရွှင်မှုမျိုးကို မရတဲ့အခါမှာ အိမ်ထောင်ရေးကို စိတ်ပျက်သွားတတ်ကြပါတယ်။ အချစ်ကြောင့် လက်ထပ်ကြတာမျိုးဟာ တခြားတိုင်းပြည်တွေမှာထက် အမေရိကန်ပြည်ထောင်စုမှာ ပိုများပါတယ်။ ဒါပေမယ့် အမေရိကန်တွေဟာ မကြာခဏဆိုသလို မြန်မြန်ဆန်ဆန်နဲ့ ကွာရှင်းလေ့ရှိပါတယ်။

အမေရိကန် လူငယ်အတော်တော်များများဟာ လက်ထပ်ပြီးတာနဲ့ ပြည့်စုံတဲ့ အချစ်ကိုရလိမ့်မယ်လို့ မျှော်လင့်တတ်တယ်လို့ အမေရိကန်ပြည်ထောင်စုမှာ အကြာကြီးနေခဲ့ပြီး အမေရိကန်လူမျိုးအကြောင်းကို ကောင်းကောင်းသိတဲ့ ပြင်သစ်ပညာရှင် ရူဆေးဒီဆေးက ပြောဖူးပါတယ်။ အမေရိကန်လူငယ်တော်တော်များများဟာ ရုပ်ရှင်ရုံတွေထဲမှာ အချိန်ကုန်လေ့ရှိပြီး အချစ်ဆိုတာ လှလှပပဝတ်ဆင်ထားတဲ့ မိန်းမချောမိန်းမလှကလေးတွေနဲ့ လျှောက်လည်တာလို့ နားလည်နေကြတယ်။ ချစ်သူတို့ရဲ့ စိတ်ကောက်မှုကလေးတိုင်းဟာ ရှည်လျားတဲ့ အနမ်းတွေနဲ့ အဆုံးသတ်လေ့ရှိတယ်ဆိုတာကိုလည်း သူတို့ သတိပြုမိကြတယ်။ ရုပ်ရှင်တွေက ဒီအတိုင်းပဲ ပြတတ်ကြတာကိုး။ ဒါပေမယ့် အဲဒီလို လျှောက်လည်ရတာဟာ ဘယ်လောက်ပိုက်ဆံကုန်သလဲ၊ ဘယ်လောက်ပင်ပန်းသလဲ၊ လှပတဲ့ပတ်ဝန်းကျင်ကို ရှာရတာ ဘယ်လောက်ခက်သလဲ၊ ကိုယ်နဲ့လိုက်လာတဲ့ ကောင်မလေး သို့မဟုတ် ကောင်လေးဟာ ဘယ်လောက်ကဂျီကဂျောင်ကျသလဲ၊ ဘယ်လောက်ကြောင်တတ်သန့်တတ်သလဲဆိုတာတွေကိုတော့ သူတို့ကို ဘယ်သူကမှ မပြောပြကြဘူး။ အဲဒီရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသမီးဟာ အလှပြင်သူတွေ မိတ်ကပ်သမား

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ မျက်နှာအလှခြယ်သူတွေကြောင့် ဒီလောက်လှနေတယ်ဆိုတာကိုလည်း သူတို့ကို ဘယ်သူကမှ ပြောမပြကြဘူး။ အိမ်ထောင်သည်လည်း ဖြစ်လာရော ဘိုသီဘတ်သီ၊ ကဗျစ်ကညစ်၊ ထဘီမနိုင်ပဝါမနိုင်၊ စိတ်ထားကလည်း ခပ်ပုပ်ပုပ်ဖြစ်နေတတ်တယ်ဆိုတာကိုလည်း သူတို့ကို ဘယ်သူကမှ ပြောမပြကြဘူး။ ဖျို့ရွယ်တဲ့ ဇနီးသည်တွေအဖို့လည်း သူတို့ ယောကျ်ားတွေ တစ်ကိုယ်ကောင်းဆန်တာတွေ၊ အတ္တဆန်တာတွေ၊ အလုပ်ပင်ပန်းလာလို့ မယားနဲ့မှ ကြည်ကြည်သာသာ စကားမပြောနိုင်တာတွေ၊ ဒီလိုပင်ပန်းပြီး စိတ်တိုတတ်တာတွေ၊ ဆူပူကြိမ်မောင်းတတ်တာတွေ၊ တီကျတတ်တာတွေကို ဘယ်သူကမှ ပြောမပြကြဘူး။

ဒီတော့ ဘာဖြစ်သလဲ။ မကြာခင်မှာပဲ တစ်ယောက်ကိုတစ်ယောက် စိတ်ပျက်လာကြတယ်။ လောကမှာ ပြည့်စုံတဲ့ အရာရယ်လို့ မရှိသလို အချစ်ဟာလည်း ပြည့်စုံခြင်းမရှိတဲ့အရာ၊ ခြောက်ပြစ်ကင်းတဲ့အရာ မဟုတ်ဘူးလို့ ဖြေသိမ့်တတ်ရမယ့်အစား မစဉ်းစားမဖြေသိမ့်နိုင်တော့ဘဲ လင်ယူမှားပြီး။ မယားမယူမှားပြီလို့ ထင်လာတတ်ကြတယ်။ တခြားတစ်ယောက်နဲ့ ယူခဲ့ရင် အကောင်းသားလို့ ထင်လာတတ်ကြတယ်။ ဒီမှာတင် သူတို့ဟာ ကွာရှင်းပြတ်စဲကြပြီး ရှာပုံတော်သစ် ဖွင့်ကြတော့တာပါပဲ။ ဒါပေမယ့် နောက်တွေ့တဲ့ အသစ်ဟာလည်း မရှိတဲ့ ပြည့်စုံမှုကို ဘယ်မှာဖြည့်စွမ်းပေးနိုင်ပါ့မလဲ။ ဒီတင် နောက်တစ်ခါ ကွာရှင်းပြတ်စဲပြီး နောက်တစ်ခါ အိမ်ထောင်သစ်ထူကြပြန်တယ်။ ဒီလိုနဲ့ တစ်ပင်လဲရင်း တစ်ပင်ထူရင်းနဲ့ ဇရာရောက်လာခဲ့ကြတယ်။ အဲဒီတော့မှ သြော် အိမ်ထောင်ဖက်ဆိုတာ အလျှော့အတင်းလုပ်, စေ့စပ်ရေးလုပ်ပြီး နေကြရတာမျိုးပါကလားဆိုတာ အတွေ့အကြုံအရ လက်ခံလာခဲ့ကြတော့တယ်။

ဒီနေ့ အမေရိကန် တက္ကသိုလ်တွေမှာ အိမ်ထောင်သည်ဘဝရဲ့ စိတ္တဗေဒနဲ့ ပတ်သက်လို့ အခြေခံသင်ခန်းစာတချို့ကို သင့်ပေးနေကြတယ်။ အဲဒီသင်ခန်းစာမျိုးရှိသလို အိမ်ထောင်ဖက်တို့မှာတစ်ဦးနဲ့တစ်ဦး စေ့စပ်နေထိုင်ရမယ့် စိတ်ပညာမျိုးကိုလည်း သင်ပေးဖို့ လိုတယ်လို့ ကျွန်တော်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အောင်မြင်တဲ့အိမ်ထောင်ရေးဟာ လင်နဲ့မယားတို့အကြားမှာ တစ်ယောက်ကိုတစ်ယောက် စေ့စပ်မှုအပေါ်မှာ အခြေတည်



နေတာကိုး။

အိပ်တဲ့အလေ့အကျင့်ချင်းတူ၊ အိပ်ရာထဲမှာ စာဖတ်လေ့ရှိတဲ့ အကျင့်ချင်းလည်းတူ၊ အိပ်ခန်းထဲမှာ အပူအအေး ကြိုက်တတ်တာချင်းလည်းတူ၊ အစားအသောက် အကြိုက်ချင်းလည်းတူတဲ့ 'လင်မယားမျိုးဟာ အလွန်ရှားပါတယ်။ ဒီစရိုက်ကလေး မတူကြတဲ့အခါမှာ နှစ်ယောက်စလုံး ယဉ်ကျေးသိမ်မွေ့မှုရှိခဲ့ကြရင်၊ ရယ်မောမေ့ပျောက်နိုင်တဲ့ သဘောထားမျိုး ထားနိုင်ခဲ့ကြရင်၊ ကိုယ့်အကြိုက်ကို စွန့်လွှတ်လိုက်လျော့နိုင်တဲ့ သတ္တိမျိုးရှိခဲ့ရင် ဒီအခက်အခဲကလေးတွေကို အလွယ်တကူကျော်လွှားပြီး တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း ညှိနှိုင်းလို့ရနိုင်ပါတယ်။ တစ်ခါတလေမှာ ဖြစ်တတ်တာက တစ်ဖက်က ဆွေမျိုးမိသားစုကို ဖြစ်စေ၊ မိတ်ဆွေကိုဖြစ်စေ ကိုယ်က မယုံကြည်သလို ဖြစ်နေတတ်တယ်။ တစ်ခါတလေမှာ မုန်းသလိုတောင် ဖြစ်နေတတ်တယ်။ အဲဒီအခါမျိုးမှာ ခွင့်လွှတ်နားလည်ဖို့ လိုပါတယ်။ ဒီလိုခွင့်လွှတ်နိုင်အောင်၊ လိုက်လျောနိုင်အောင် ကိုယ့်ဖက်က လိုက်လျောချင်တဲ့ ဆန္ဒရှိဖို့ ဒိတ်ကောင်းထားနိုင်ဖို့အတွက် အများကြီး အားထုတ်ရပါလိမ့်မယ်။ ဒီလိုလုပ်နိုင်မှသာလျှင် တစ်မိသားနဲ့ တစ်မိသားက မွေးလာတဲ့ အစုနှစ်ခုဟာ ပေါင်းသင်းဆက်ဆံနိုင်လိမ့်မယ်။ ဖိုမကိစ္စမှာ တစ်ဦးနဲ့တစ်ဦး စေ့စပ်လိုက်လျောဖို့ကတော့ ပိုလို့တောင် ခက်သေးတယ်။ တစ်ခါတစ်ရံမှာ ယောကျ်ားကရော၊ မိန်းမကရော နှစ်ဦးစလုံးက ဆန္ဒထက်သန်ကြတဲ့ အတွဲတွေရှိတတ်ဘယ်။ အဲဒီလိုအတွဲမျိုးကတော့ ပြောစရာမလိုဘူးပေါ့။ အတိုင်းထက်အလွန်ပေါ့။ ဒါပေမယ့် အများအားဖြင့်တော့ မိန်းမကသာ ယောကျ်ားရဲ့ဆန္ဒကို ဖြည့်စွမ်းပေးရသလို ဖြစ်နေတတ်ပြီး သူကိုယ်တိုင်ကတော့ အဲဒီအတွေ့အကြုံမျိုးကို မရဘဲ ဖြစ်နေတတ်တယ်။ အထူးသဖြင့် ပျော်စရာ၊ ကြည်နူးစရာ၊ ခံ့မက်စရာတွေလောက်ကိုသာ ရွေးချယ်ရေးထားတဲ့ ဝတ္ထုတွေ၊ ကဗျာလင်္ကာတွေကိုဖတ်ရပြီး သူကိုယ်တိုင်မှာတော့ ဒီလိုအတွေ့အကြုံမျိုးကို မရတဲ့ အဘွက် ပိုပြီးခံစားရတယ်။ ပိုပြီး စိတ်ထိခိုက်ရပါတယ်။ ဒါကြောင့်မို့ ဖိုမကိစ္စမှာ ဘစ်ဦးနဲ့တစ်ဦး အပေးအယူရှိတဲ့ ဆက်ဆံရေးမျိုးဖြစ်ဖို့အတွက် စိတ်ရှည်တဲ့ လိုက်လျောမှု၊ အပြန်အလှန် သည်းခံမှု၊ အသိဉာဏ်ရှိတဲ့ နားလည်မှုနဲ့ တစ်ခါဘစ်ရံမှာတော့ လုံးဝ အလိုလိုက်ရတာမျိုးတို့ ရှိဖို့လိုပါတယ်။ ဒီလိုဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



ရေးမျိုးဟာ ချစ်လို့ညားလာကြတဲ့ အိမ်ထောင်တွေမှာလည်း ဒီအတိုင်းပါပဲ။ မချစ်ဘဲနဲ့ ညားလာခဲ့ကြရတဲ့ အိမ်ထောင်တွေမှာလည်း ဒီအတိုင်းပါပဲ။

ဘောလ်ဇက်က လက်ထပ်ထိမ်းမြားမှု နှစ်မျိုးအကြောင်းကို စာအုပ်တစ်အုပ်မှာ ရေးခဲ့ဖူးတယ်။ ဒီလို လက်ထပ်ပုံနှစ်မျိုးဟာ ဒီနေ့ခေတ်ထဲမှာလည်း ရှိနေသေးတာပဲ။ အဲဒီစာအုပ်ထဲမှာ ဇာတ်လိုက်တစ်ယောက်ဖြစ်တဲ့ ရီနီက လက်ထပ်ထိမ်းမြားရေးနဲ့ ပတ်သက်လို့ သူ့အမြင်ကို ရေးထားတယ်။ ရီနီက သူ့သူငယ်ချင်းဆီပေးတဲ့ စာတစ်စောင်ထဲမှာ 'အိမ်ထောင်ပြုတယ်ဆိုတာ ဘဝဖြစ်ပြီး အချစ်ကတော့ ကိုယ်ခန္ဓာအတွေ့အထိကြောင့်ရတဲ့ ပျော်ရွှင်မှု သက်သက်ပဲလို့ ကိုယ်မြင်တယ်လေ။ ကိုယ်ခန္ဓာအတွေ့အထိကြောင့်ရတဲ့ ပျော်ရွှင်မှုဆိုတာ ခဏပါပဲကွယ်၊ နောင်ကျတော့ ဒီထက်အရေးကြီးတဲ့ အရာတွေဘက်ကို စိတ်က တိမ်းညွတ်သွားတာပါပဲ။ အိမ်ထောင်ပြုလက်ထပ်ထိမ်းမြားတာကတော့ အစဉ်ကျန်ရစ်ခဲ့တာပေါ့။ ပျောက်ကွယ်မသွားဘူးပေါ့။ ဒါကြောင့်မို့ တကယ်ပျော်ရွှင်တဲ့ အိမ်ထောင်ရေးဆိုတာဟာ မိတ်ဆွေသဖွယ် ဆက်ဆံရေးအပေါ်မှာ တည်ဆောက်သင့်တယ်လို့ ကိုယ်ထင်မြင်တာပဲ။ ဒါမှ သာလျှင် တစ်ယောက်ကိုတစ်ယောက် နားလည်ခွင့်လွှတ်နိုင်ကြမှာပေါ့' လို့ ရေးခဲ့ပါတယ်။ ဒါပေမယ့် သူ့သူငယ်ချင်းဖြစ်တဲ့ လွီကတော့ အချစ်ကြောင့် လက်ထပ်တာမျိုးကို ရွေးခဲ့ပါတယ်။ မနာလိုဝန်တိုအားကြီးလွန်းတဲ့အတွက် သူ့အချစ်ဟာ ပျက်စီးသွားခဲ့ပြီး သူ့ယောကျ်ားဟာလည်း သေသွားခဲ့ရတယ်။ သူကိုယ်တိုင်လည်း ဘဝပျက်သွားခဲ့ရပါတယ်။ ဒီတော့ အဲဒီဝတ္ထုမှာ ဘောလ်ဇက်ပြောချင်တာက ကျန်းမာရင်၊ အသိဉာဏ်ရှိရင်၊ အဆင့်အတန်းတူရင်၊ အကြိုက်ချင်းညီရင်၊ မျိုးရိုးချင်းမကွာရင် ဒါတွေအားလုံး စုပေါင်းရှိရင် နှုံပျို့ပြီး ကျန်းမာသန်စွမ်းတဲ့ အတွဲတစ်တွဲကြားမှာ အချစ်ဟာ ပေါ်ပေါက်လာနိုင်တယ်လို့ ဆိုတဲ့သဘော ဖြစ်ပါတယ်။

ဘောလ်ဇက်နဲ့ သူ့နောက် မျိုးရိုးဆယ့်နှစ်ဆက်လောက်အထိ ပြင်သစ်ပြည်မှာ လူကြီးတွေက စီစဉ်နေရာချထားပေးတဲ့ အိမ်ထောင်ရေးစနစ်မျိုးဟာ ထွန်းကားခဲ့တယ်။ ဒါပေမယ့် ပထမကမ္ဘာစစ်ကြီးပြီးသွားတဲ့ အချိန်မှာတော့ တခြားဥရောပတိုင်းပြည်တွေမှာလိုပဲ ပြင်သစ်ပြည်မှာလည်း ဒီစနစ်ဟာ ပျောက်ကွယ် တိမ်ကောသလောက်နီးနီးဖြစ်သွားပါပြီ။ အဲဒီစနစ်အစား



သူတို့ဘာသာ တွေ့မြင်ချစ်ကြိုက်လာကြပြီး သူတို့ဘာသာသူတို့ လူငယ်တွေကရွေးချယ်တဲ့ အိမ်ထောင်ရေးစနစ်မျိုး အစားဝင်ရောက်လာပါပြီ။ ဘာဖြစ်လို့ ဒီလိုပြောင်းလဲသွားခဲ့သလဲ။ ဘာဖြစ်လို့လဲဆိုတော့ စည်းစိမ်ဥစ္စာစုဆောင်းဘာ၊ စည်းစိမ်ဥစ္စာတွေကို ထိန်းသိမ်းပြီး များသည်ထက်ပွားများအောင် လုပ်ဘာစတဲ့ ခလေ့များဟာ အလွန်ကြောင်ပြီး အလွန်ခေတ်နောက်ကျသွားတဲ့ ခလေ့တစ်ခုဖြစ်သွားလို့ပါပဲ။ လျှင်မြန်တဲ့ ပြောင်းလဲမှုတွေ တစ်ခုပြီးတစ်ခု ပေါ်နေတယ်။ ဟိုတုန်းက စည်းစိမ်ရှင်ကြီးတွေ လူချမ်းသာကြီးတွေဟာ တဖြည်းဖြည်းမွဲသွားပြီး အထည်ကြီးပျက်တွေ ဖြစ်သွားကြတယ်။ ဒါတွေကို ကြည့်ပြီး လူလတ်တန်းစားရဲ့ သတိသမ္ပဇဉ်ဟာ ပျောက်သွားခဲ့ပါတယ်။ ရှေ့မှာ မျှော်လင့်စရာ အလားအလာတွေ မရှိတော့ရင် သတိသမ္ပဇဉ်တရားရှိနေတာဟာလည်း ဘာအသုံးကျဦးမှာတဲ့လဲ။ ဒါတင်မကဘူး။ လူငယ်တွေကလည်း အရင်ကနဲ့မတူဘဲ လွတ်လပ်စွာ နေထိုင်လာခဲ့ကြတဲ့အခါမှာ မိန်းကလေးနဲ့ ယောကျ်ားကလေး တွေ့ဆုံဖို့အခွင့်အရေးဟာ ရှေးယခင်ကထက်များပြားလာခဲ့တယ်။ လွယ်ကူလာခဲ့တယ်။ အရင်တုန်းက အဆင့်အတန်းကိုကြည့်တာတို့၊ ပစ္စည်းကို ကြည့်တာတို့ ရှိပေမယ့် နောက်တော့ ရုပ်ချောတာတို့၊ စိတ်သဘောကောင်းတာတို့၊ အကြိုက်ချင်း ဝါသနာချင်းတူတာတို့ကိုကြည့်ပြီး ကြင်ဖက်ကို ရွေးလာကြတယ်။

ဒါပေမယ့် ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုဖြစ်ဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် ရုပ်ရည်အားဖြင့် ဆွဲဆောင်မှုရှိရုံ၊ စိတ်သဘောအားဖြင့် ဆွဲဆောင်မှုရှိရုံနဲ့ မလုံလောက်သေးဘူး။ ချစ်လို့ပဲညားသည်ဖြစ်စေ၊ ပေးစားလို့ပဲ ညားသည်ဖြစ်စေ အရေးကြီးဆုံးအချက်ကတော့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကြတဲ့အခါမှာ နှစ်ဦးစလုံးက သေတပန်သက်ဆုံး ပေါင်းဖော်သွားဖို့ ရိုးသားတဲ့ ဆန္ဒရှိရမယ်။

၁၉ ရာစုနှစ်တုန်းက ခေတ်စားခဲ့တဲ့ ပြင်သစ်လူလတ်တန်းစားရဲ့ လက်ထပ်ထိမ်းမြားမှုဟာ ငွေကို အဓိကထားတဲ့ အိမ်ထောင်ရေးဖြစ်တယ်။ ဒါကြောင့်မို့ ယောကျ်ားကလေးကလည်း ချစ်လို့ လက်ထပ်တာမဟုတ်ဘဲ ခန်းဝင်ပစ္စည်းကို မက်လို့၊ တင်တောင်းတာကို မက်လို့ လက်ထပ်တာဖြစ်တယ်။ လက်ထပ်လို့သာ လက်ထပ်ရတယ်၊ သူ့စိတ်ထဲမှာတော့ ဒီမိန်းမကို

www.burmeseclassic.com

www.burmeseclassic.com



ငြိုးငွေ့သွားရင် နောက်တစ်ယောက် အငယ်အနှောင်းထားလိုက်ရုံပေါ့လို့ ခပ်ပေါ့ပေါ့ပဲ ထားလိုက်တယ်။ ဒီစိတ်မျိုးဟာ စေ့စပ်တဲ့နေ့ကတည်းကပဲ အဲဒီ အတွေးမျိုးဝင်နေတတ်တယ်။ ရုပ်မက်လို့ လက်ထပ်တဲ့ကိစ္စမျိုးမှာလည်း နှစ်ဦးစလုံးက စမ်းသပ်မှုတစ်ခုအနေနဲ့ လက်ထပ်ကြည့်ကြတာမျိုး ဖြစ်နေတတ်တယ်။ ဒီလိုအခါမျိုးမှာ မိန်းကလေးကလည်း သူနဲ့ ဟန်မကျရင် မပျော်ရင် ကွာရှင်းလိုက်ရုံပေါ့လို့ စိတ်ထဲမှာ ရှိနေတတ်တယ်။ ဒီအတွေးဟာလည်း စေ့စပ်တဲ့နေ့မှာကတည်းကိုက ရှိနေတတ်တယ်။

တစ်ခါတလေကျတော့ မောင်နဲ့မယ်တို့မှာ ထွေပြားတဲ့ အာရုံတွေ ရှိတတ်တယ်။ ပြောင်းလဲတဲ့ စိတ်နေသဘောထားတွေရှိတတ်တယ်။ ဒါတွေကို ထိန်းချုပ်ဖို့အတွက် တစ်ယောက်အပေါ်မှာတစ်ယောက် မသွေမဖယ်ရှိတယ် ဆိုတာ စကားဖြင့် ဖော်ထုတ်ခြင်း မပြုနိုင်သည့်တိုင် စိတ်ထဲမှာတော့ သစ္စာပြုဖို့လိုတယ်။ ကျွန်တော်၊ ကျွန်မတို့သည် ရိုးမြေကျသည်အထိ သေတပန်သက်ဆုံး ပေါင်းဖော်ကြမည်ဖြစ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့သည် တစ်ဦးကိုတစ်ဦး စုံမက်နှစ်သက်သဖြင့် ရွေးချယ်ခဲ့ကြပြီး ဖြစ်ပါသည်။ ယခုအခါမှစ၍ ကျွန်တော်၊ ကျွန်မတို့သည် မိမိနှစ်သက်မည့် အခြားတစ်ယောက်ကို ရှာဖွေရန် မဟုတ်ဘဲ မိမိရွေးချယ်ခဲ့သူ နှစ်သက်အောင် လုပ်ရန်ဖြစ်ပါသည်လို့ (အနည်းဆုံး စိတ်ထဲမှာ) ပိုင်းဖြတ်သင့်တယ်။ ဒီလို ပိုင်းဖြတ်ဖို့ ကိစ္စဟာ တော်တော်ခက်ခဲတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် အောင်မြင်တဲ့ ထိမ်းမြားမှုတစ်ခုဖြစ်ချင်ရင်တော့ ဒီအတိုင်းပဲ လုပ်ရလိမ့်မယ်။ ပြီးတော့ တစ်ဦးနဲ့တစ်ဦး ကတိသစ္စာထားကြတဲ့အခါမှာလည်း ရိုးသားဖို့လိုတယ်။ မရိုးသားခဲ့ရင် သူတို့နှစ်ဦး ပျော်ရွှင်မှုရဖို့ အခွင့်အရေးဟာ အလွန်နည်းပါးလိမ့်မယ်။ အစကတည်းက မရိုးမသား၊ အတွက်အချက်တွေနဲ့ လက်ထပ်ခဲ့ကြရင် အခက်အခဲတွေ၊ ရှောင်လွှဲလို့ မရတဲ့ ဘဝအခက်အခဲတွေ ပထမဆုံးပေါ်ပေါက်လာတာနဲ့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာလည်း အဖုအထစ်တွေ ဖြစ်လာပြီး စလယ်ဝင် ဖင်မမဲခင် ကွဲဖို့ကိန်းကြုံတော့တာပါပဲ။

ဘဝရဲ့ အခက်အခဲဆိုတာကလည်း အများသားကလား။ ဒီအခက်အခဲတွေဟာ တစ်ခါတလေမှာ သူတို့နှစ်ဦး ကျော်လွှားနိုင်တဲ့ အင်အားထက် အများကြီး ပိုနေတတ်ပါတယ်။ အဲဒီအခက်အခဲတွေရဲ့ အဓိကအကြောင်း



ခုင်းတွေကတော့ မောင်နဲ့မယ်တို့ရဲ့ နှစ်ဦးကြားက နေပုံထိုင်ပုံ၊ တွေးပုံခေါ်ပုံတွေ ကွဲပြားနေတဲ့ကိစ္စပါပဲ။ ဒီခေတ်မှာကတော့ ဒီလိုအကြိုက်ချင်း၊ ဝါသနာချင်း၊ နေပုံထိုင်ပုံချင်း ကွဲလွဲတာတွေဟာ သိပ်ပြီးအရေးကြီးတယ်လို့ မယူဆကြတော့ပါဘူး။ မိန်းမရဲ့ ပညာသင်ကြားမှုဟာလည်း ယောက်ျားရဲ့ ပညာသင်ကြားမှုနဲ့ အတူတူဖြစ်လာခဲ့တယ်။ အမျိုးသမီးတွေကလည်း အမျိုးသားတွေရဲ့ အလုပ်တွေကို တန်းတူအောင် လုပ်နိုင်လာခဲ့ကြတယ်။ နိုင်ငံအတော်များများမှာလည်း အမျိုးသမီးတွေဟာ မဲပေးပိုင်ခွင့်ရလာခဲ့ကြတယ်။ ဒါပေမယ့် ဒီလို တန်းတူအခွင့်အရေးတွေရှိလာပေမယ့် မိန်းမဟာ မိန်းမပဲဆိုတာကိုတော့ မမေ့သင့်ပေဘူး။ အတွေးအခေါ်ပညာရှင် ဩဂတ်စတီကွန်က မိန်းမဟာ ချစ်စရာကောင်းပြီး စိတ်ခံစားမှုပြင်းထန်တဲ့ အမျိုးအစားလို့ခေါ်ပြီး ယောက်ျားကတော့ ခံစားမှုကင်းတဲ့ အမျိုးအစားလို့ ခေါ်ခဲ့ပါတယ်။ သဘောကတော့ မိန်းမဟာ စိတ်နဲ့ကိုယ် နှစ်ခုတော်တော်နီးစပ်တဲ့ သတ္တဝါဖြစ်တယ်လို့ ဆိုလိုတဲ့သဘောဖြစ်ပါတယ်။

ယောက်ျားတွေဟာ စီမံကိန်းတွေ၊ ဇယားတွေ ရေးဆွဲရတာကို သဘောကျတယ်။ ကမ္ဘာလောကကြီးကို တစ်နည်းတစ်ဖုံစိတ်ကူးကြည့်တတ်တယ်။ လောကကြီးကို ကိုယ်စိတ်ကူးနဲ့ကိုက်အောင် ဖန်တီးချင်ကြတယ်။ အခွင့်အရေးကြုံလာရင် စိတ်ကူးထဲမှာတင်မကပဲ တကယ်လက်တွေ့ ပြောင်းလဲဖန်တီးကြည့်ချင်ကြတယ်။ မိန်းမတွေမှာတော့ ဒီအလုပ်တွေကိုလုပ်ဖို့ အချိန်မရဘူး။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အချစ်နဲ့ အိမ်ထောင်ရေးကိစ္စတွေနဲ့ပဲ အချိန်ကုန်နေရတယ်။ အချို့သော သတ္တဝါမျိုးနွယ်တွေထဲမှာ မသတ္တဝါဟာ တစ်ဦးတည်းသော အရေးကြီးတဲ့ သတ္တဝါဖြစ်ပြီး ဖိုသတ္တဝါဟာ ဖိုမဆက်ဆံရေးကိစ္စမှာပဲ အသုံးဝင်တဲ့ သတ္တဝါဖြစ်နေတယ်။ ပျားဘုရင်မက ပျားထီးတွေကို မျိုးဆက်ပြန့်ပွားရေးအတွက် အသုံးချပြီးတဲ့နောက်မှာ သတ်ပစ်လိုက်ကြတယ်။ ယောက်ျားရဲ့ စိတ်ထားဟာ အပြင်လောကကြီးကို အောင်နိုင်ဖို့ကြိုးစားရာမှာ အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတဲ့ အပေါ်မှာတည်ပြီး ကွဲပြားပြောင်းလဲတယ်တယ်။ မိန်းမရဲ့ စိတ်ထားကတော့ သူ့ရဲ့ ခံစားမှုကို လိုက်ပြီးပြောင်းလဲတတ်တယ်။ အများတွေကို မကြာခဏကျူးလွန်ပြီး မသိတတ်တဲ့ လူငယ်တွေရဲ့အလယ်မှာ မိန်းမဟာ အပြောင်းအလဲမြန်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နောက်မညီညွတ်ရုံမကဘူး၊ ခေါင်းမာတယ်လို့လည်း ထင်ရတတ်တယ်။ များစွာသော ငယ်ရွယ်သူလင်ယောကျ်ားများဟာ မိန်းမတွေရဲ့ အကြောင်းကို ဘာမှမသိတတ်ကြတဲ့အတွက် သူတို့ဟာ တယောထိုးဖို့ ကြိုးစားနေတဲ့ အိုရန်အိုတန်မျောက်ဝံ (အုန်းသီးရထားတဲ့ မျောက်တွေ) နဲ့ တူတယ်လို့ စာရေးဆရာကြီး ဘားလ်ဇက်က ပြောခဲ့ဖူးတယ်။

ယောကျ်ားတစ်ယောက်ဟာ လှုပ်ရှားဖို့ လိုအပ်တယ်ဆိုတာ မိန်းမကလည်း ကောင်းကောင်းနားမလည်ပါဘူး။ တကယ်တော့ ယောကျ်ားရဲ့ ပင်မအလုပ်ဟာ လှုပ်ရှားတက်ကြွတဲ့ သဘောရှိတယ်။ အဆောက်အဦဆောက်တာ၊ အင်ဂျင်နီယာလုပ်ငန်းလုပ်တာ၊ အမဲလိုက်တာ၊ စစ်တိုက်တာစသည်တို့ဖြစ်တယ်။ လက်ထပ်ပြီးခါစမှာ ယောကျ်ားဟာ အချစ်ဝင်နေဆဲဖြစ်နေတဲ့အတွက် အချစ်ဟာ အရာရာကို အစားထိုးသွားလိမ့်မယ်လို့ ထင်တယ်။ လက်ထပ်ပြီးခါစမှာ ငြီးငွေ့တယ်ဆိုတာမျိုးဟာ မရှိဘူးလို့ သူ ယုံကြည်တယ်။ အမြဲတစေ အနားယူနေရတဲ့ လူမမာမိန်းမကို လက်ထပ်မိရင် ညည်းညူတယ်။ ကိုယ် ဘာလိုချင်တယ်ဆိုတာကိုတောင်မှ မသိတဲ့ မိန်းမမျိုးကို လက်ထပ်မိရင် စိတ်ပျက်တယ်။ မိန်းမကလည်း ဟန်းနီးမွန်းထွက်လာလို့ ဟိုတယ်အိပ်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ အသစ်စက်စက်ခင်ပွန်းကို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်နေတတ်တယ်။ ဒါမျိုးတွေဟာ လက်ထပ်ပြီးခါစ ဇနီးမောင်နှံတွေမှာ မကြာခဏတွေ့ရတဲ့ အချက်တွေဖြစ်ပါတယ်။ အများအားဖြင့်တော့ ဒီလိုအခြေအနေမျိုးဟာ ဖြေရှင်းဖို့သိပ်မခက်လှပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ယုယမှုကလေးတွေ ပြလိုက်နိုင်ရင်၊ ရယ်မောနိုင်တဲ့ ဟာသဉာဏ်ကလေးရှိရင် ဒီအခြေအနေကို ချက်ချင်းကျော်လွှားနိုင်ပါတယ်။ လက်ထပ်ထိမ်းမြားမှုကို ရေရှည်ဆက်လက် ထိန်းသိမ်းထားဖို့ အိမ်ထောင်ရေးတည်မြဲဖို့ဆန္ဒဟာ အမြဲရှိနေဖို့ လိုပါတယ်။ တစ်ဦးအပေါ်မှာ တစ်ဦးထားခဲ့တဲ့ ကတိသစ္စာကို အသစ်အသစ်ဖြစ်နေအောင် ထပ်မံပန္နက်ချဖို့လိုပါတယ်။

သက်တမ်းအရှည်ဆုံး၊ အပျော်ရွှင်ဆုံးဆိုတဲ့ လက်ထပ်ထိမ်းမြားမှုများမှာပင်လျှင် တစ်ယောက်နဲ့တစ်ယောက် စိတ်နေသဘောထားချင်း မကိုက်ညီတာတွေ တော်တော်ရှိနေတတ်ပါသေးတယ်။ ဒီလိုသဘောထား



ကွဲပြားမှုကို တတ်နိုင်သမျှ ကြိုးစား [illegible] ရမှာဖြစ်ပေမယ့် ဘယ်တော့မှ လုံးဝပျောက်သွားမှာတော့ မဟုတ်ပါဘူး။ ရှိမြဲရှိနေကြဦးမှာပါပဲ။ ယောကျ်ားမှာလည်း ကျော်လွှားရမယ့် အခက်အခဲ ရှိမြဲရှိနေဦးမှာပဲ။ မိန်းမမှာလည်း ချစ်ဖို့၊ အချစ်ခိုင်မြဲဖို့ ဆန္ဒရှိမြဲရှိနေဦးမှာပဲ။ ယောကျ်ားဟာ စကြဝဠာကြီးကို ပြောင်းလဲပစ်ဖို့အတွက် ကိုရီယာအသစ်အဆန်းတစ်ခုကို ဖန်တီးလိုက်နိုင်ရင် ဝမ်းသာတယ်။ မိန်းမကတော့ တိတ်ဆိတ်ငြိမ်သက်တဲ့ မိမိအိမ်ဝန်းကျင်က ရိုးသားလွယ်ကူတဲ့ အလုပ်ကလေးတစ်ခုထဲမှာ နစ်မြုပ်နေရတာကို ကြည်နူးနှစ်ခြိုက်တယ်။ ယောကျ်ားက တည်ဆောက်လိုက်တဲ့ အရာတိုင်းဟာ လိုအပ်ချက်ဆိုတဲ့ တံဆိပ်ခတ်နှိပ်ထားတယ်။ သူ့အိမ်ခေါင်မိုး မတ်စောက်ခြင်းရှိမရှိဆိုတဲ့ အချက်ကို နှင်းနဲ့မိုးရေက ဆုံးဖြတ်တယ်။ သူ့လှည်းနဲ့ သူ့လှေရဲ့ လမ်းကြောင်းကို သူ့ကိုယ်စား လေနဲ့ရေက အမှတ်အသားတွေ ဆွဲပေးတယ်။ ဒါပေမယ့် မိန်းမတစ်ယောက်ရဲ့ လုပ်ငန်းကတော့ အမြဲလိုလို လူရဲ့ ခန္ဓာကိုယ်နဲ့ ဆက်သွယ်နေတတ်တယ်။ ဆိုဖာကူရှင်ဟာ လူရဲ့ခန္ဓာကိုယ်ကို ကြိုဆိုလက်ခံပြီး ထွေးပိုက်ထားတယ်။ အလှပြင်စားပွဲလာမှန်က လူရဲ့ ခန္ဓာကိုယ်ကို ထင်ဟပ်ပြတယ်။

ဒီအချက်တွေဟာ ယောကျ်ားနဲ့မိန်းမတို့ရဲ့ စိတ်နေသဘောထားကွာခြားပုံကို ညွှန်ပြနေတဲ့အချက်တွေပဲ။

ယောကျ်ားက သဘောတရားတွေ၊ အယူဝါဒတွေကို တီထွင်တယ်။ သူဟာ သင်္ချာသမားတစ်ဦးဖြစ်ပြီး တွေးခေါ်ရှင်တစ်ဦးလည်းဖြစ်တယ်။ မိန်းမကတော့ တကယ့်အစစ်အမှန်တွေထဲမှာ နစ်မြုပ်နေပြီး ဒြပ်မဲ့သဘောတရားတွေကို သိပ်ဂရုမစိုက်နိုင်ဘူး။ ဂရုစိုက်ပြန်ရင်လည်း အဲဒီအရာများဟာ သူ့ကို ဆွဲဆောင်မှုရှိတဲ့ ယောကျ်ားနဲ့ ပတ်သက်မှသာ၊ သို့မဟုတ် ယောကျ်ားက သူ့ကို လျစ်လျူပြုထားမှသာလျှင် အဲဒီအရာများကို သူဂရုစိုက်မိတော့တယ်။ မိန်းမတစ်ယောက် တွေးခေါ်ဉာဏ်ရင့်သန်ခြင်း၊ ဒဿနဆန်ခြင်းဟာ အချစ်ပျောက်ဆုံးတဲ့အတွက် တစ်နည်းတစ်ဖုံ တိတ်ဆိတ်ပူဆွေးတဲ့ ပုံသဏ္ဍာန်မျိုးဖြစ်တယ်။ အလွန်မိန်းမဆန်တဲ့ မိန်းမတစ်ယောက်ပြောတဲ့ စကားဟာ ငယ်စရာပုံပြင်တွေ၊ လူပုဂ္ဂိုလ်တွေကို ခွဲခြမ်းစိတ်ဖြာတာတွေ၊ အိမ်မွေ့တဲ့ အတင်းစကားတွေ၊ လူတွေရဲ့ ပြုမူလုပ်ဆောင်ချက်တွေ၊ ဒါမှမဟုတ် လက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကျတဲ့ အခြေအနေအရာတွေနဲ့ ချက်နည်းပြုတ်နည်းတွေဖြစ်တယ်။ ယောက်ျားအဆန်ဆုံးသော ယောက်ျားကတော့ ရယ်စရာ ပုံပြင်တွေနဲ့ ဝေးရာကို ပျံသွားပြီး အတွေးအခေါ်တွေနဲ့ပဲ အလုပ်ရှုပ်နေတတ်တယ်။

တကယ်ယောက်ျားဆန်တဲ့ ယောက်ျားတစ်ယောက်အဖို့ အရေးကြီးတာကတော့ တကယ်မိန်းမဆန်တဲ့ မိန်းမတစ်ယောက်နဲ့ အပေါင်းအဖော်ပြုဖို့ပဲ ဖြစ်တယ်။ သူ့အဖို့ ဒီလောက်အရေးကြီးတာရယ်လို့ တစ်ခုမှမရှိဘူး။ အဲဒီ မိန်းမဟာ ဇနီးမယားဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် အပျော်မယားဖြစ်ချင်ဖြစ်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အဖို့ အဲဒီလို မိန်းမမျိုးနဲ့ အပေါင်းအဖော်လုပ်ခြင်းအားဖြင့် လူမျိုးနွယ်ကြီးဟာတကယ် တည်ရှိနေတာပါကလားဆိုတဲ့ နက်ရှိုင်းတဲ့အသိကို ရနိုင်တယ်။ မိန်းမတွေကို ဂရုမစိုက်တဲ့ယောက်ျားတွေကတော့ ဒီအချက်ကို သိလေ့မရှိကြဘူး။ ယောက်ျားများရဲ့အတွေးဟာ လေယာဉ်နဲ့ ခရီးသွားတတ်ကြတယ်။ သူတို့အတွေးတွေဟာ ဟင်းလင်းပြင်နဲ့ အချိန်အထက်က ပျံသန်းသွားကြတယ်။ သူတို့အတွေးဟာ ကျယ်ပြန့်သော်လည်း အဓိကမကျတဲ့ ရှုခင်းတွေကို မြင်သိကြတယ်။ သူတို့ရဲ့ အတွေးတွေဟာ စကားလုံးတည်းဟူသော ကောက်ရိုးတွေကို တကယ့်အဖြစ်တည်းဟူသော ကောက်နှံတွေလို့ ထင်မှတ်ကြတယ်။ မိန်းမရဲ့ အတွေးကတော့ အမြဲတမ်းလိုလိုပဲ ခြေလျင်သွားလေ့ရှိတယ်။

ဒီနေရာမှာ တချို့က မေးကောင်းမေးမယ်။

နေစမ်းပါဦး . . .။ မိန်းမဟာလည်း ယောက်ျားလိုပဲ စာပေပညာကို အလိုလိုသင်ယူပြီး အားထုတ်မှုမပါဘဲ စာမေးပွဲမှာ ယောက်ျားတွေထက် သာသွားတာတွေ မရှိဘူးလား။ ဒီတော့ ယောက်ျားစိတ်နဲ့ မိန်းမစိတ်၊ ယောက်ျားရဲ့ စိတ်နေသဘောထားနဲ့ မိန်းမရဲ့ စိတ်နေသဘောထား ဘာများခြားနားတော့လို့လဲ၊ ဘာထူးပြီး ခွဲခြားပြောစရာလိုသေးလို့လဲလို့ မေးကောင်းမေးကြမယ်။

ဒီနေ့ ကျွန်တော်တို့ခေတ်က ဟိုတုန်းကခေတ်နဲ့ မတူတော့ဘူး။ ပြောင်းလဲနေပြီ။ ပညာရှိသော၊ စာတတ်သော မိန်းကလေးတစ်ယောက်ကို လှပသောလက်နက်ပစ္စည်းအဖြစ် သဘောထားရာ၏။ လက်တွေ့သုံးမရသော ပြတိုက်ပစ္စည်းတစ်ခုအဖြစ် သဘောထားရာ၏လို့ ရေးရမယ့်ခေတ်



မဟုတ်တော့ဘူး။ ဆေးရုံမှာ ရောက်နေတဲ့ မိန်းမလူနာတစ်ယောက်ဟာ သူ့ရဲ့ ဆရာဝန်ဖြစ်တဲ့ ယောက်ျားနဲ့ စကားပြောရင် သူတို့ ဘယ်နေရာမှာ ခြားနားချက်ရှိမယ် ထင်သလဲ။ တစ်ယောက်က မိန်းမဖြစ်ပြီး တစ်ယောက်က ယောက်ျားဖြစ်တယ်ဆိုတဲ့ ခြားနားချက်ပဲ ရှိတော့မယ်။ မိန်းကလေးတစ်ယောက်ဟာ လိုအပ်လာလို့ရှိရင် ယောက်ျားလေးတစ်ယောက်ရဲ့ အသိဉာဏ်ဆိုင်ရာဘဝကို ဝေငှယူနိုင် စွမ်းရှိတယ်။ အပျိုစင်ကလေးတွေဟာလည်း ပညာသင်ယူနိုင်စွမ်း၊ ငြင်းခုံနိုင်စွမ်းရှိကြတာပါပဲ။ ကညာပျို ဗာကီရီဟာ အချစ်စိတ်ဝင်မိသွားတဲ့အတွက် အရေးနိမ့်ပြီး ရှုံးသွားတာမဟုတ်လား။ အချစ်စိတ်မဝင်မီမှာ သူ့ကို ဘယ်သူ နိုင်အောင် တိုက်နိုင်လို့လဲ။ ဆီးဖရိုက်နဲ့ တွေ့သွားတဲ့အခါမှာ ဗာကီရီဟာ ဘယ်လိုဖြစ်သွားသလဲ။ အရှုံးပေးလိုက်ပြီး ခြားနားတဲ့ မိန်းမတစ်ယောက်ဖြစ် ဖြစ်သွားခဲ့တယ် မဟုတ်လား။ တစ်ခါမှာ ဆေးပညာသင်နေတဲ့ ဆေးကျောင်း သူတစ်ယောက်က (အောင်နိုင်ခြင်း ခံလိုက်ရတဲ့ ဗာကီရီတစ်ယောက်ဆိုပါတော့) ကျွန်တော့်ကို ပြောပြဖူးတယ်။ ဆရာရယ် ကြည့်စမ်းပါဦး။ အဲဒီ ယောက်ျားလေး ဆရာဝန်လောင်းမှာ အချစ်ရေးအဆင်မပြေဖြစ်သွားခဲ့ရင် သူတို့အဖို့ ဘာအရေးလဲ။ စိတ်ပြေလက်ပျောက် သူတို့လူနာတွေဆီ လျှောက်ကြည့်ပြီး ပြုစုကုသပေးနေရုံပေါ့။ ကျွန်မတို့သာ အိပ်ရာထဲလှဲပြီး မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေရတာလို့ ပြောဖူးပါတယ်။ ဟုတ်ပါတယ်။ မိန်းမတွေအဖို့ ခံစားမှုကမ္ဘာကြီးထဲမှာ မနေဘူးဆိုရင် ဘယ်နည်းနဲ့မှ ပျော်စရာမရှိတော့ပါဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ယောက်ျားလေးသင်ယူတဲ့ ပညာရပ်တွေကို သူတို့လည်း သိပ္ပံပညာထဲက သင်ယူနိုင်တဲ့အတွက်တော့ အများကြီးကောင်းပါတယ်။ လူရဲ့အကြီးမားဆုံးသော ပြဿနာက ယုံတမ်းစကားတွေကို သိပ္ပံပညာနဲ့ ပေါင်းစပ်ရေးဖြစ်ပါတယ်။ အိမ်ထောင်သည် ဘဝမှာလည်း ဒီအတိုင်းပါပဲ။

မိန်းမတွေဟာ ကြီးကျယ်တဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကို အုပ်ချုပ်ညွှန်ကြားနိုင်တယ်။ တချို့ဆိုရင် အံ့သြစရာကောင်းလောက်အောင် ကျွမ်းကျင်လိမ္မာကြတယ်။ ဒါပေမယ့် တကယ်တော့ အဲဒီလုပ်ငန်းတာဝန်တွေဟာ သဘောနဲ့ မလိုက်ဘူး။ အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်မိန်းမတစ်ယောက်က ဒီလိုဝန်ခံဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အလုပ်ကို စိတ်ချလက်ချ လွှဲပေးနိုင်မယ့် လူတစ်ယောက်လောက်ကို ကျွန်မရှာနေတာကြာပြီ ဆရာရယ်။ အဲဒီလူကိုတွေ့ရင် သူ့ကို အလုပ်ကို ဦးစီးခိုင်း၊ ကျွန်မကသူရဲ့ လက်ထောက်အဖြစ်လောက်ပဲလုပ်၊ ကျွန်မကလည်း သူ့ကို ချစ်တယ်ဆိုရင် ကျွန်မဟာ သူ့အဖို့ သိပ်အဖိုးတန်တဲ့ လက်ထောက်ဖြစ်မှာပဲ' ဟု ပြောဖူးပါတယ်။ မိန်းမတွေဟာ မူလဦးစီးဦးဆောင် ပြုလုပ်သူထက် လက်ထောက်တွေ၊ တွဲဖက်တွေ လုပ်တာက ပိုပြီး အစွမ်းထက်တတ်ပါတယ်။ မိန်းမရဲ့ တကယ့်ကိုယ်ပိုင် ဖန်တီးချက်ကတော့ ကလေးသားသမီးပဲဖြစ်ပါတယ်။

ဒါဖြင့်ရင် သားသမီးမရှိတဲ့ မိန်းမတွေကျတော့ ဘယ့်နှယ်လုပ်မလဲ။ ဘယ်လိုအချစ်နဲ့ချစ်ချစ် တကယ်ချစ်တဲ့ အချစ်တွေမှာ မိခင်လောင်းရဲ့ ဘဝဟာ တွဲပါနေတတ်ပါတယ်။ စစ်မှန်တဲ့ မိန်းမပီသတဲ့ မိန်းမတစ်ယောက်ဟာ စိတ်ဓာတ်အားကောင်းတဲ့ ယောကျ်ားကို ချစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမဟာ သူ့ရဲ့ အားနည်းချက်တွေကို သိလို့ပါပဲ။ သူ့ကိုကာကွယ်သလို သူလည်း ယောကျ်ားကို ပြန်ပြီး ကာကွယ်ပေးပါတယ်။ တချို့မိန်းမများဟာ သူတို့ချစ်မိပြီဆိုရင် အဲဒီယောကျ်ားတစ်ယောက်ကို မနာလိုဝန်တိုမှု၊ ကြောက်စရာကောင်းတဲ့ အချစ်မျိုးနဲ့ ချစ်တတ်ကြပါတယ်။ အခြေအနေကြောင့် ယောကျ်ားတွေ လုပ်ရတဲ့ အလုပ်ကို လုပ်ရတဲ့ မိန်းမများသည်ပင်လျှင် မိန်းမရဲ့ စရိုက်ကတော့ ပါနေသေးတာပါပဲ။ ဝိတိုရိယ ဘုရင်မကြီးဟာ ဘုရင်မဟုတ်ပါဘူး၊ ဘုရင်အလုပ်ကို လုပ်နေရတဲ့ ဘုရင်မကြီးပါ။ ဒစ်ဇရေးလီနဲ့ ရိုစ်ဘယ်ရီတို့ဟာ သူ့ရဲ့ ဝန်ကြီးတွေဖြစ်ပါတယ်။ ဒါပေမယ့် တစ်ပြိုင်နက်တည်းမှာ ဘုရင်မကြီး ချစ်ခင်မြတ်နိုးသူများ၊ ဘုရင်မကြီးရဲ့ သားရတနာများလည်း ဖြစ်ပါတယ်။ သူ့အဖို့ နိုင်ငံတော်ရဲ့ အရေးဟာ သူ့မိခင်အရေးနဲ့ အတူတူပါပဲ၊ နိုင်ငံတကာပဋိပက္ခတွေကတော့ သူ့အဖို့ မိသားစုရန်ပွဲတွေနဲ့ တူပါတယ်၊ သူဟာ စစ်ဗိုလ်တစ်ဦးရဲ့ သမီးဖြစ်တဲ့အကြောင်း၊ ဒါကြောင့်မို့ စစ်တပ်အပေါ်မှာ အင်မတန် သံယောဇဉ်ရှိတဲ့အကြောင်းကို ရိုစ်ဘယ်ရီကို ပြောဖူးပါတယ်၊ တစ်ခါမှာတော့ ဂျာမန်ဧကရာဇ်ဆီက သဝဏ်လွှာတစ်စောင်တင်ရာမှာ မြေးတော်သူတစ်ယောက်က အဖွားတစ်ယောက်ဆီကို ဒီလို အသုံးအနှုန်းမျိုးသုံးသင့်သလားလို့ သူ့ကို မေးဖူးတယ်လို့ ဆိုပါတယ်။



ဒီနေရာမှာ ကျွန်တော်ဆိုချင်တာက ကျားနဲ့မတို့အနက် ဘယ်သူဟာ ဘယ်သူ့ထက်သာတယ်၊ ဘယ်သူက ဘယ်သူ့ထက် ယုတ်နိမ့်တယ်လို့ ပြောလိုတာ မဟုတ်ပါဘူး။ ကျွန်တော်ဆိုလိုတဲ့သဘောက မိန်းမရဲ့ ဩဇာလွှမ်းမိုးခြင်းမခံရတဲ့အဖွဲ့အစည်းတစ်ခုဟာ ဒြပ်မဲ့တွေးခေါ်မှုတွေ၊ လက်တွေ့ဆောင်ရွက်တဲ့အခါမှာ အကြမ်းပတမ်းလုပ်မှုတွေကိုဖြစ်စေတဲ့ ရူးသွပ်တဲ့စနစ်တွေထဲကို ကျရောက်သွားနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒီအချက်မှန်ကန်ကြောင်းကို သက်သေပြတဲ့ အချက်အလက်တွေ၊ ဥပမာတွေအများကြီးကို ကျွန်တော်တွေ့ခဲ့ဖူးပါပြီ။ ရှေးဟောင်းဂရိယဉ်ကျေးမှုလို ယောကျ်ားဆန်တဲ့ ယဉ်ကျေးမှုဟာ နိုင်ငံရေးကြောင့်၊ အတွေးအခေါ် တက္ကဗေဒကြောင့်၊ မာနထောင်လွှားမှုကြောင့် ပျက်စီးခဲ့ရပါပြီ။

အယူအစွဲကြီးတဲ့ ပျားထီးတွေကို ပျားအုံရဲ့တန်ဖိုး၊ ပျားအုံရဲ့ အဓိပ္ပာယ်ကို သဘောပေါက်အောင် လုပ်နိုင်သူဟာ မိန်းမသာလျှင် ဖြစ်ပါတယ်။ ဖိုမနှစ်ဦးရဲ့ ပူးပေါင်းမှုမပါဘဲ ဘယ်ယဉ်ကျေးမှုမှ မပေါ်ထွန်းနိုင်ပါဘူး။ ဒါပေမယ့် မိန်းမနဲ့ယောကျ်ားတို့ကြားမှာ ခြားနားမှုရှိတယ်ဆိုတာကို နှစ်ဦးနှစ်ဖက်လက်ခံမှသာလျှင်၊ နှစ်ဦးနှစ်ဖက်က အပြန်အလှန်လေးစားမှုမျိုးကို ထူထောင်နိုင်ကြမှသာလျှင် အဲဒီပူးပေါင်းမှုမျိုးဟာ ရနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဒီနေ့ စိတ်ကုဆရာတွေနဲ့ ဝတ္ထုရေးဆရာတွေ မှားနေတဲ့ အချက်တစ်ချက်ကတော့ ဖိုမဆက်ဆံရေးကိစ္စကို အထူးအသားပေးနေကြတဲ့ ကိစ္စပါပဲ။ ပြင်သစ်၊ အင်္ဂလန်နဲ့ အမေရိကန် ပြည်ထောင်စုတို့မှာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်အတွင်း ကာလဟာ (ချွင်းချက်အနည်းငယ်မှအပ) မြို့ကြီးဇာတ်တွေအကြောင်း၊ ဘယ်သို့လျှင်မြန်စွာ စီးပွားဖြစ်လာကြတဲ့အကြောင်းကို ရေးထားပြီး အများအားဖြင့် မိန်းမကိုပဲ အဓိကထား ရေးထားတာများပါတယ်။ အဲဒီ စာပေတွေထဲမှာ ယောကျ်ားဟာ အခြားယောကျ်ားတစ်ဦးနဲ့ ယှဉ်ပြိုင်ကြိုးစားဖို့ကမ္ဘာလောက

www.burmeseclassic.com

www.burmeseclassic.com



သစ်ကြီးကို တည်ဆောက်ဖို့၊ အချစ်အတွက် ကမ္ဘာမဟုတ်ဘဲ သူ့နဂိုပကတိအတိုင်း လှပတဲ့ကမ္ဘာကြီးတစ်ခုကို တည်ဆောက်ဖို့ လိုအပ်ရင် အချစ်အတွက် အစစအရာရာကို စွန့်လွှတ်ဖို့ဆိုတဲ့ မိမိရဲ့မဟာတာဝန်ကို မေ့လျော့ပျောက်ကွယ်နေသူအဖြစ် ရွေးချယ်ပြသထားလေ့ရှိတယ်။

ရုပ်ရှင်ဟာလည်း ဒီအတိုင်းပါပဲ။ အချစ်ကို အသားပေးပြီး အလုပ်ကို ဘေးဖယ်ထားပါတယ်။

အချစ်ကို ဦးစားပေးနေတဲ့ မိန်းမသဘာဝနဲ့ ပြင်ပကမ္ဘာလောကကြီးအကြောင်းကို စဉ်းစားနေတဲ့ ယောကျ်ားစိတ်တို့ရဲ့ အကြားမှာ မလွဲမရှောင်သာတဲ့ ပဋိပက္ခတွေရှိတယ်။ ဒီပဋိပက္ခတွေကို ဖြေရှင်းဖို့အတွက် နည်းလမ်းတွေ အများကြီးရှိပါတယ်။

ပထမနည်းလမ်းကတော့ ဖန်ဆင်းသူဖြစ်တဲ့ ယောကျ်ားရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ကြီးစိုးမှုဖြစ်တယ်။ ယောကျ်ားဆီက စွမ်းပကားသတ္တိတွေကို မိန်းမတွေက တောင်းဆိုတာမဟုတ်ဘူး။ ယောကျ်ားရဲ့ ဘာသာရေးဆန်တဲ့ ဝိညာဉ်က မိန်းမတွေထက် ကျော်လွန်အောင် တွန်းအားပေးနေတာဖြစ်တယ်။ အမြင့်ဆုံး အလုပ်တွေကိုလုပ်အောင် စေ့ဆော်အားပေးနေတာဖြစ်တယ်။ ယောကျ်ားဟာ ဒီလိုစွမ်းပကား ထက်မြက်နေတာဟာ ဘုရားရဲ့အလိုတော်အရ ဖြစ်လာရခြင်းဖြစ်တယ်။ ခရစ်တော် ကိုယ်တိုင်ကလည်း အသင်မိန်းမ၊ သင်နှင့် ဆက်ဆံရန် အကြောင်းမရှိလို့ ပြောခဲ့ဖူးတယ်။ မိမိဟာ လောကကြီးကို ဖန်တီးပြောင်းလဲဖို့ တာဝန်ရှိတယ်လို့ (စာရေးဆရာကြီး) ဒီ၊ အိတ်ချ်၊ လောရင့်စ်က ရေးခဲ့တယ်။ အနုပညာသည်တစ်ယောက် သို့မဟုတ် ဘက်ကြွစွာ လှုပ်ရှားနေတဲ့လူတစ်ယောက် ရက်စက်ကြမ်းကြုတ်တဲ့ အိမ်တွင်းရေးဘဝက ထွက်ပြေးတာဟာ ဒီအကြောင်းကြောင့် (ဒါမှမဟုတ် အဲဒီအကြောင်းပြချက်အရ) ဖြစ်ပါတယ်။

တော်လ်စတွိုင်း အိမ်က ထွက်ပြေးပုံဟာ တော်တော်သနားဖို့ကောင်းပါတယ်။ သူဟာ ဇရာနဲ့ မရဏကို စောင့်ဆိုင်းရင်း ဒီအသုံးမကျတဲ့ သတ္တိပြောင်မြောက်တဲ့ အလုပ်ကို လုပ်ခဲ့ရတယ်။ ဒါပေမယ့် သူ့ရဲ့ စိတ်နဲ့ ထွက်ပြေးနေတာကတော့ တော်တော်ကြာပါပြီ။ သူ့ရဲ့ အယူအဆတွေနဲ့ သူ့ရဲ့ အိမ်ထောင်ရေးဘဝက သတ်မှတ်ဘောင်ခတ်ပေးလိုက်တဲ့ အနေအထိုင်



အပြုအမူတွေကြားက ကွာဟချက်အတွက် ကုစားရာ ဆေးမရှိဘူးလေ။

ပန်းချီကျော် ဂေါဂင်ဟာ ဇနီးနဲ့ ကလေးတွေကိုရော၊ စည်းစိမ်ဥစ္စာကိုရော စွန့်ပစ်ပြီး တဟီတီကျွန်းမှာ တစ်ယောက်တည်းသွားနေခဲ့တယ်။ နောက်ဆုံးမှာ သူ့ကိုယ်သူ ရှာဖွေတွေ့ရှိသွားခဲ့တယ်။

ဒါပေမယ့် ဒီအဖြစ်အပျက်နှစ်ခုစလုံးမှာ ထွက်ပြေးခြင်းဟာ စိတ်ခွန်အားနည်းခြင်းရဲ့ လက္ခဏာဖြစ်တယ်။

စစ်မှန်တဲ့ ဖန်ဆင်းသူဟာ သူ့အပါးမှာရှိသူတွေ အားလုံးရဲ့ လေးစားကြည်ညိုမှုကို အမြဲတောင်းဆိုတယ်။ (ကဗျာစာဆို) ဂါထေးရဲ့ အိမ်မှာ ဘယ်မိန်းမမှ ကြီးစိုးခြင်းမပြုရဘူး။ သူ့ရဲ့ လုပ်ငန်းတာဝန်တွေကို ဝင်ရောက်နှောင့်ယှက်တယ်လို့ သူ ထင်လာတာနဲ့ တစ်ပြိုင်နက် ဂါထေးဟာ အဲဒီမိန်းမကို ကျောက်ရုပ်တစ်ရုပ်အဖြစ် ပြောင်းလဲပစ်လိုက်တော့တာပါပဲ။ ဆိုလိုတာက သူ့ကို ဝတ္ထုတစ်ပုဒ်ထဲ ထည့်သွင်းလိုက်ပြီး အဲဒီမိန်းမနဲ့ လမ်းခွဲတော့တာပါပဲ။

အချစ်နဲ့ အလုပ်ကို ရွေးရတော့မယ်၊ (သို့မဟုတ် အချစ်နဲ့ တာဝန်ကို ရွေးရတော့မယ်) ဆိုရင် မိန်းမဟာ စိတ်ဆင်းရဲပြီး တတ်နိုင်သမျှ မရွေးဘဲနေရအောင် ဆန့်ကျင်တော့တာပဲ။ အချစ်အတွက် မိမိတို့ရဲ့ဘဝ တိုးတက်ရာတိုးတက်ကြောင်းကို စွန့်လွှတ်ခဲ့ကြတဲ့ သင်္ဘောသားတွေ၊ စစ်သားတွေရဲ့ အကြောင်းကို ကျွန်တော်တို့ သိခဲ့ကြပါတယ်။

တစ်ခါတုန်းက (စာရေးဆရာ) အာနိုးဘင်းနက်က ထူးဆန်းတဲ့ ပြဇာတ်တစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ အဲဒီပြဇာတ်ထဲမှာ နာမည်ကျော်လေသူရဲတစ်ဦးဟာ အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး နောက်ဆုံးမှာ သူချစ်တဲ့မိန်းမကို လက်ထပ်ယူခဲ့တယ်။ အဲဒီမိန်းမဟာ တော်တော်ထူးခြားတဲ့ မိန်းမဖြစ်တယ်။ ရုပ်ကလည်း သိပ်ချောတယ်၊ ဉာဏ်ထက်မြက်တယ်၊ ချစ်စရာကောင်းတယ်၊ စိတ်ကူးဉာဏ်လည်းရှိတယ်။ အဲဒီ မိန်းမဟာ အဲဒီလူပေါ်မှာ ဩဇာလွှမ်းမိုးထားမယ်လို့ ဆုံးဖြတ်ထားတယ်။ သူတို့နှစ်ယောက်ဟာ ကုန်းမြင့်ဒေသက ဟိုတယ်တစ်ခုမှာ သွားနေကြတယ်။ သိပ်လည်း ပျော်တယ်၊ အဲဒီမှာ သူ့ရဲ့ လေသူရဲစံချိန်ကို သူ့ရဲ့ပြိုင်ဘက်က ချိုးတော့မယ်ဆိုတာ လေသူရဲ သတိရလာတယ်။ ဒါကြောင့် သူ့စံချိန်မကျိုးရအောင် အဲဒီပြိုင်ဘက်နဲ့ သွားပြိုင်ချင်တယ်။ သူ့ဇနီးက သူ့ကိုဘယ်လောက်ချစ်တယ်ဆိုတဲ့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြောနေတုန်းမှာ လေသူရဲဟာ နားသာထောင်ခဲ့ရတယ်၊ သူ့စိတ်ထဲမှာတော့ လေယာဉ်ပျံကို စက်နှိုးနေတယ်။ သူ့ယောက်ျားဟာ လေယာဉ်ပြိုင်ပွဲကို သွားချင်နေတာကို သိသွားတဲ့အခါမှာ မိန်းမက 'လေယာဉ်မောင်းတဲ့ကိစ္စ ဟာ ယောက်ျားတွေမှာ အရေးကြီးသလို ဒီချစ်ရက်ကလေးတွေကလည်း မိန်းမတစ်ယောက်ရဲ့ဘဝ၊ မိန်းမတစ်ယောက်ရဲ့ မင်္ဂလာဦးမှာ အရေးကြီးတယ်ဆိုတာ ရှင်နားလည်ရဲ့လား' လို့ ဝမ်းပန်းတနည်း မေးတယ်။ ဒါပေမယ့် သူ နားမလည်ဘူး။ ဒီလိုနားမလည်တာဟာလည်း သဘာဝကျပါတယ်။

ချစ်ရမ္မက်ဟာ သူ့ဘဝရဲ့ ရည်မှန်းချက်တွေကို ကျော်လွန်သွားတော့တာနဲ့ ယောက်ျားအဖြစ်က ရပ်စဲသွားတော့တာပါပဲ။ ဒီလိုင်းလားရဲ့ ကျော့ကွင်းထဲကို ရောက်သွားတဲ့ ဆမ်ဆမ်နဲ့ အုန်ဖာလေရဲ့ ကျော့ကွင်းထဲကို ရောက်သွားတဲ့ ဟာကျူလီတို့ကို ကြည့်ပါလား။ ရှေးက ကဗျာစာဆိုများဟာ အချစ်နာကျနေတဲ့ သူရဲကောင်းရဲ့ စွမ်းအားမဲ့သွားပုံ၊ အချစ်ကျေးကျွန်ဖြစ်သွားရပုံတွေကို စာဖွဲ့ခဲ့ကြတယ်။ အချစ်နာကျတဲ့ ပရေစ်ဟာ တိုက်ရည်ခိုက်ရည်ညံ့တဲ့ စစ်သားဖြစ်သွားခဲ့ရတယ်။ ကားမင်ဟာ သူ့ချစ်သူကို အကျင့်ပျက်အောင် လုပ်ခဲ့ပါတယ်။ မာနန်ဟာ သူ့ချစ်သူကို ရာဇဝတ်မှုတွေ တစ်ခုပြီးတစ်ခု ကျူးလွန်အောင် ဖြားယောင်းခဲ့တယ်။

လင်ယောက်ျားရဲ့ ဘဝကိစ္စအားလုံးမှာ စွက်ဖက်လွှမ်းမိုးချင်တဲ့ မိန်းမတစ်ယောက်ဟာလည်း အလားတူ ကြောက်ဖို့ကောင်းပါတယ်။ ယောက်ျားတစ်ယောက်ဟာ တီထွင်ဖန်တီးတဲ့ လုပ်ငန်းတစ်ရဲ့ အရေးကြီးပုံကို သတိမပြုမိတော့တာနဲ့ တစ်ပြိုင်နက် သူဟာ သူ့ကိုယ်သူ စွမ်းအားမဲ့သွားပြီလို့ ခံစားလာရတယ်။ တကယ်လည်း စွမ်းအားမဲ့သွားတာ အမှန်ပါပဲ။ သူ့မိန်းမ သို့မဟုတ် သူ့မိန်းမနဲ့ သားသမီးဟာ သူ့ဘဝရဲ့ အဓိက အစိတ်အပိုင်းမဖြစ်တော့တာနဲ့ တစ်ပြိုင်နက် ရှေ့မှာ သူ့အဖို့ ပြဿနာတွေ တွေ့တော့တာပါပဲ။ လက်ရုံးရည်သမားတစ်ယောက်အဖို့ မိန်းမအသိုင်းအဝိုင်းနဲ့ ကင်းပြီးမနေနိုင်ဘူးဆိုရင် ဒါဟာ ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ တကယ်နှင်လား ငါလား လုပ်ရမယ့် အလုပ်တွေ၊ တကယ်ရင်ဆိုင်တိုက်ခိုက်မှုတွေကို ကြောက်တဲ့ သဘောပါ။ ရှေးခေတ်က သူရဲကောင်းကြီးများဟာ ဓားချင်းခုတ်ရမှာကို သဘောကျကြသလို ဆန္ဒရမ္မက်ကြီးသူဟာ စိတ်ချင်းတိုက်ခိုက်ရမှာကို နှစ်သက်တတ်ကြတယ်။



ဒါပေမယ့် ပျော်ရွှင်ချမ်းမြေ့တဲ့ အကြင်လင်မယားဘဝမှာ မိန်းမရဲ့ အခန်းကဏ္ဍ မိန်းမရဲ့ အချိန်ကာလဟာလည်း သူ့နေရာနဲ့ သူတော့ရှိပါတယ်။

'သို့ရာတွင် မည်သည့်ယောက်ျားမျှ တစ်နေ့လျှင် ၂၄ နာရီလုံးလုံး အိမ်ဦးနတ်မဖြစ်နိုင်ချေ။ ယေရှုခရစ်ဖြစ်စေ၊ နပိုလီယံဖြစ်စေ၊ ယောက်ျားမှန်သမျှသည် လက်ဖက်ရည်သောက်ချိန်တွင် အိမ်သို့ ပြန်လာကာ အိမ်တွင်းစီး လွှာဖိနပ်ကိုစီးပြီး ဇနီးသည်၏ မန်းမှုတ်မှု (ပြုစုယုယမှု) အောက်တွင် နေသင့်ပေသည်။ မိန်းမ၏ ကမ္ဘာဖြစ်သော အချစ်ကမ္ဘာ၊ ခံစားချက် ကမ္ဘာ၊ ကြင်နာယုယမှု ကမ္ဘာကြီးထဲသို့ ဝင်ရောက်သင့်ပေသည်' လို့ စာရေးဆရာကြီး ဒီ၊ အိတ်ချ်၊ လောရင့်စ်က ရေးပေးပါတယ်။

ယောက်ျားဟာ နေ့အချိန်မှာ ပြင်ပကမ္ဘာလောကကြီးထဲကို ထွက်ပြီး အခြားသူများနဲ့ ဆက်ဆံရတယ်။ ညနေရောက်တော့ လုံးဝကွဲပြားခြားနားတဲ့ ပတ်ဝန်းကျင်ကို ပြန်ရောက်လာခဲ့တယ်။ စစ်မှန်တဲ့ မိန်းမတစ်ယောက်ဟာ သူ့ယောက်ျားရဲ့ လုပ်ငန်းဆောင်တာ ကိစ္စတွေကို မနာလိုဝန်တိုခြင်း မဖြစ်ဘူး။ သူ့ရဲ့ နိုင်ငံရေးလုပ်ငန်း၊ အသိပညာဆိုင်ရာ လုပ်ငန်းတွေကို မနာလိုဝန်တိုခြင်းမဖြစ်ဘူး။ စစ်မှန်တဲ့ သူဟာ ခံစားချက်ရှိပေမယ့် သူ့ခံစားချက်ကို ဖုံးကွယ်ပြီး ယောက်ျားကို အားပေးတယ်။ ဟက်တာထွက်သွားတဲ့အခါမှာ အင်ဒရိုမာရှေးဟာ သူ့ မျက်ရည်တွေကို ဖုံးကွယ်ခဲ့တယ်။ မိန်းမတစ်ယောက်ဟာ ဘယ်လိုနေရမယ်ဆိုတာ သူ ကောင်းကောင်းသိတယ်။

❤ ❤

လက်ထပ်ထိမ်းမြားမှု တစ်ခုဟာ ဘယ်လောက်ပဲ လိုက်ဖက်တယ်ပြောပြော မိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ယောက်အဖို့ တစ်ဦးနဲ့တစ်ဦး အံချက်ညီညီ အပေးအယူမျှတမှုဟာ တော်တော်ခက်ပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ဘယ်လောက်ချစ်တယ်ဆိုဆို တစ်ယောက်နဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် စိတ်သဘောမျှတယ်ပြောပြော ညားကာစကာလများ မှာတော့ လုစိမ်းတစ်ယောက်ရဲ့ အနီးမှာ ရှိနေတယ်လို့ပဲ ခံစားကြရမှာပဲ။

ဒါပေမယ့် လက်ထပ်ပြီးစ ပထမသီတင်းပတ်များကိုတော့ 'ပျားရည်လ' ကာလလို့ပဲ ခေါ်နေကြပါတယ်။ ပြီးတော့ တကယ်ရင်းနှီးတဲ့ ဆက်သွယ်မှုကို ရသွားပြီဆိုရင်တော့ အတားအဆီး အခက်အခဲဟူသမျှဟာ မင်္ဂလာဦးညတွေရဲ့ ယစ်မူးမှုတွေထဲမှာ ပျောက်ကွယ်သွားကြတော့တာပါပဲ။ ယောက်ျားကလည်း သူ့အပေါင်းအဖော်တွေကို စွန့်လွှတ်လိုက်ရတယ်။ ရှိမိန်းရှိလန်ရဲ့ 'ဂျင်းခရစ္စတိုဖီ' ဝတ္ထုကြီးထဲမှာ လက်ထပ်ပြီးခါစ မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို ဖော်ပြထားပုံဟာ တော်တော်သရုပ်ပေါ်ပါတယ်။ အဲဒီမိန်းမဟာ လက်ထပ်ပြီးစမှာ တော်တော်လေးနက်တဲ့ စာအုပ်တစ်အုပ်ကို ဖတ်ဖြစ်သွားတယ်။ သာမန်အချိန်မှာဆိုရင် ဒီလိုစာအုပ်မျိုးကို ယောင်လို့တောင် ကိုင်မိမှာမဟုတ်ဘူးတဲ့။ အချစ်ဟာ သူ့ကို မြေကြီးပေါ်က လွတ်မြောက်သွားအောင် လုပ်ပေးလိုက်သလို ထင်မိသတဲ့။ အိပ်ပျော်နေရင်း လမ်းလျှောက်လာသူတစ်ဦးလို သူ့စိတ်ကူးထဲမှာ အိမ်ခေါင်မိုးပေါ်မှာ လျှောက်သွားမိသတဲ့။ ပြီးတော့ အဲဒီ အိမ်ခေါင်မိုးတွေပေါ်ကလျှောက်ပြီး သူ့အိမ်ကို သူပြန်သွားနေမိတယ်တဲ့။

လက်ထပ်ပြီးလ အတန်ကြာ သို့မဟုတ် နှစ်အတန်ကြာတဲ့အခါမှာ မိန်းမတွေဟာ ဒီလိုပဲ စိတ်ကူးနဲ့ဖြစ်စေ ကိုယ့်အိမ်ကို ပြန်သွားလေ့ရှိကြပါတယ်။ 'ကျွန်မက အိမ်ထောင်သည်ဘဝနဲ့ မကိုက်ပါဘူး' လို့ ညည်းညူလာတတ် ကြတယ်။

အဲဒီအချိန်မှာ ယောက်ျားကလည်း နည်းနည်းငြီးငွေ့စ ပြုလာပြီလေ။ ဒီတော့ လူပျိုတုန်းက နေခဲ့ထိုင်ခဲ့ရတာတွေကို ပြန်သတိရပြီး အဲဒီလို နေချင်လာတယ်။ ဒါနဲ့အတူ ဘိုင်ရွန်ပြောသလို 'ပျားရည်လ' ကလည်း 'သကာရည်လ' ဖြစ်လာတော့တာပဲ။ စိတ်ထက်သန်မှု ကုန်ခန်းသွားပြီးတဲ့ နောက်မှာ တစ်ယောက်နဲ့တစ်ယောက် အပြစ်တွေ မြင်လာကြပြီး အထအနကောက်လာကြတော့တာပါပဲ။

အဆင်မပြေတဲ့ အိမ်ထောင်ရေးရဲ့ အုတ်မြစ်တွေဟာ အဲဒီအချိန်ကစပြီး အခြေချခဲ့ကြတော့တာပါပဲ။



ဒီလိုနဲ့ စိတ်အားထက်သန်မှုတွေ လျော့ပါးပြီး တစ်ယောက်ကိုတစ်ယောက် အချစ်မဝင်နိုင်ကြတော့ပဲ အပြစ်မြင်လာခဲ့ကြတယ်။ ဒီလိုနဲ့ အဆင်မပြေတဲ့ အိမ်ထောင်ရေးအုတ်မြစ်တွေဟာ အခြေချပြီးသား ဖြစ်သွားကြတယ်။

တစ်ခါတလေမှာလည်း ဒီလိုမဟုတ်သည့်တိုင် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်နားလည်မှုတွေ လျော့ပါးသွားတတ်ကြတယ်။ လင်နဲ့မယားဟာ တစ်ယောက်ကိုတစ်ယောက် ပေါင်းသင်းလို့သာ နေရတယ်။ နီးနီးကပ်ကပ်ရယ်လို့ မရှိကြတော့ဘဲ ခပ်ဝေးဝေးက ကြင်နာနေကြတာမျိုးလောက်ပဲ ရှိတော့တယ်။ 'ကျွန်မယောက်ျားကို ကျွန်မသဘောကျပါတယ်။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်ဟာ ကျွန်းကလေးတစ်ကျွန်းဆီမှာ တခြားစီ ဖြစ်နေကြတယ်လေ။ ကျွန်မတို့နှစ်ယောက်က ဘယ်သူမှလည်း ရေမကူးတတ်ကြတော့ ဘယ်တော့မှ မတွေ့နိုင်တော့ဘူးပေါ့' လို့ အမေရိကန် အမျိုးသမီးတစ်ယောက်က ပြောဖူးတယ်။

ဘဝတစ်ခုတည်းကို အတူနေနေကြတဲ့ လင်နဲ့မယားဟာ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းပြင်ပြင်တွေလို နေနိုင်ကြတာ တော်တော်အံ့သြစရာကောင်းတယ်လို့ စာရေးဆရာကြီး အန်ဒရေဂျိုက ရေးခဲ့ဖူးပါတယ်။

တစ်ခါတလေကျတော့ လင်နဲ့မယားဖြစ်ပါလျက်သားနဲ့ သူစိမ်းပြင်ပြင်တွေလို နေကြတာဟာ တော်တော်ဆိုးဆိုးရွားရွားအထိ ဖြစ်လာတတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုမရှိရုံတင်မကဘဲ တစ်ယောက်ကိုတစ်ယောက် ရွံမုန်းလာကြတယ်။ တစ်ယောက်ကိုတစ်ယောက် တိတ်ဆိတ်စွာ မုန်းတီးနေကြတာ၊ လင်မယားနှစ်ယောက် မယုံသင်္ကာမျက်လုံးတွေနဲ့ အပြန်အလှန်စောင့်ကြည့်နေကြတာကို မြင်ဖူးကြမယ်ထင်တယ်။ တစ်ယောက်နဲ့တစ်ယောက် ရင်ထဲက မုန်းတီးနေကြပေမယ့် ဖွင့်တော့လည်းမပြောကြဘူး။ ပြောစရာ တူညီတဲ့ ဘာသာစကားလည်း ရှာလို့မတွေ့ကြဘူး။ မျက်လုံးတွေကလည်း ကြောင်လို့။ မိန်းမက တရှုတ်ရှုတ်ငိုလို့။ ယောက်ျားက အမှောင်ထဲကနေပြီး မိန်းမရဲ့ ငိုသံကို နားထောင်နေတယ်။ ချော့ဘူး။ သူလည်း မျက်ရည်တွေကျလို့။

အဲဒီလို လင်မယားနှစ်ယောက်ရဲ့ ရှုခင်းမျိုးကို မှန်းကြည့်စမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်နေတဲ့ ပြဿနာကို အဖြေရှာဖို့ကတော့ တစ်ယောက်နဲ့တစ်ယောက် အလျှော့ပေးစေ့စပ်ဖို့သာ ဖြစ်ပါတယ်။ လူနှစ်ယောက်ရဲ့ လက်ထပ်ထိမ်းမြားရေးမှာပဲ ဖြစ်ဖြစ်၊ နိုင်ငံတစ်ခုရဲ့ အစိုးရမှာပဲဖြစ်ဖြစ်၊ ပြည့်စုံတယ်ဆိုတာ ဘယ်အခါမှ မရနိုင်ဘူးဆိုတာ သဘောပေါက်ရမယ်။ အချစ်ကြောင့်၊ တန်ခိုးပြာဋိဟာ တစ်ခုခုကြောင့် ပြည့်စုံမှုကို ရခဲ့တယ်ဆိုရင်လည်း ဒါဟာ ကြာကြာမခံဘဲ ခဏသာတည်လိမ့်မယ်။ ဒီအချက်ကို သဘောပေါက်ရလိမ့်မယ်။ ပြည့်စုံမှုနဲ့ နီးစပ်လာအောင်တော့ တဖြည်းဖြည်းစိတ်ရှည်စွာ ကြိုးစားနိုင်တယ်။ ကျွန်တော်တို့ လုပ်လို့ရတာ ဒါပဲရှိတယ်။ ထီလက်မှတ်တစ်စောင်ကို ဝယ်ရင် ပေါက်ချင်ပေါက်မှာပေါ့၊ ကံကောင်းချင် ကောင်းမှာပေါ့၊ ဘယ်ပြောနိုင်မလဲဆိုပြီး ထီထိုးလို့ရတယ်။ ဒါပေမယ့် အိမ်ထောင်ပြုတာကိုတော့ ထီထိုးသလို လုပ်လို့မရဘူး။ အိမ်ထောင်ပြုတာဟာ ထီထိုးတာမဟုတ်ဘူး။ ပျော်ချင်ပျော်မှာပေါ့၊ ကံကောင်းချင် ကောင်းမှာပေါ့ဆိုပြီး သွားအိမ်ထောင်ပြုလို့မရဘူး။ အိမ်ထောင်ပြုတာဟာ အနုပညာသည်တစ်ယောက် အနုပညာလုပ်ငန်းတစ်ခုကို လုပ်တာနဲ့ အတူတူပဲ။ ခု တို့နှစ်ယောက်ဟာ ဝတ္ထုတစ်ပုဒ်ကို ရေးနေတာ မဟုတ်ဘူး။ ဝတ္ထုတစ်ပုဒ်ထဲမှာ ဝင်ရောက်နေထိုင်နေကြတာ။ ခု ငါရေးထားတဲ့ ဇာတ်ဆောင်နှစ်ဦးရဲ့ စရိုက်တွေမှာ သူတို့ရဲ့ ထူးခြားချက်တွေကို ငါထည့်စဉ်းစားရမယ်။ ဒီဝတ္ထုကို ငါကောင်းကောင်းရေးချင်တယ်။ ရေးလည်း ရေးနိုင်ရမယ်လို့ လင်ရောမယားပါ စိတ်မှာစွဲမှတ်ထားသင့်တယ်။

အိမ်ထောင်ရေးအစမှာ အဲဒီဆန္ဒမျိုး မရှိခဲ့ဘူးဆိုရင် သူတို့နှစ်ဦးရဲ့ အိမ်ထောင်ရေးဟာ တစ်ကယ်စစ်မှန်တဲ့ အိမ်ထောင်ရေးမဟုတ်ဘူး။ တရားဝင် အသိအမှတ်ပြုထားတဲ့ သမီးရည်းစားဘဝသာဖြစ်တယ်။

အိမ်ထောင်ရေးဆိုတာ တစ်နည်း လက်ထပ်ထိမ်းမြားမှုဆိုတာ ချက်ချင်းထမြောက်အောင်မြင်သွားနိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘူး။ အမြဲတမ်း ပြုစုပျိုးထောင်နေရတဲ့ အရာမျိုးဖြစ်တယ်။ တို့နှစ်ယောက် အိမ်ထောင်ကျပြီပဲ၊ အေးအေးဆေးဆေးနေကြရုံပဲဆိုပြီး လင်နဲ့မယား ပေါ့တီးပေါ့ဆနေလို့ မဖြစ်ဘူး။ အိမ်ထောင်ပြုခြင်းဆိုတဲ့ ကစားပွဲကြီးဟာ ဘယ်တော့မှ အဆုံးသတ်တယ်ရယ်လို့ မရှိဘူး။ လူ့ဘဝဆိုတာ အရာရာဖြစ်နိုင်တာချည်းပဲ။ အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို ကျော်လွှားနိုင်ခဲ့တဲ့ အိမ်ထောင်တွေဟာ ပထမ



ဘုမ္ဘာစစ်ကြီးအတွင်းက ဘယ်လိုဖြစ်သွားကြရသလဲ။ အောင်မြင်သော အိမ်ထောင်ရေးတို့မည်သည် နေ့စဉ်နှင့်အမျှ ပြန်ပြန်ပြီး ဆောက်နေရတဲ့ အဆောက်အအုံကြီးတစ်ခုသာ ဖြစ်တယ်။

ဒါပေမယ့် ဒီလိုနေ့စဉ် ပြန်လည်တည်ဆောက်နေတဲ့အခါမှာ ထုချေဘာတွေ၊ ဆန်းစစ်ဝေဖန်တာတွေ၊ အမှားဝန်ခံတာမျိုးတွေ မပါစေရဘူး။ လင်နဲ့မယားကြားမှာ တစ်ယောက်နှင့်တစ်ယောက် အပြစ်လိုက်ရှာပြီး ဝေဖန်တာမျိုးတွေ လုပ်တာဟာ အလွန်အန္တရာယ်များတယ်လို့ စာရေးဆရာ မဲရဲဒစ်က ပြောဖူးတယ်။ အိမ်ထောင်ရေးကို ခိုင်မြဲအောင် တည်ဆောက်တဲ့ နည်းဟာ ရှင်းလင်းလွယ်ကူပြီး မသိမသာ ပြုလုပ်သင့်တယ်။ မိန်းမမှန်ရင် သူတို့ အိမ်ထောင်ရေးကို ခြိမ်းခြောက်နေတဲ့ လက္ခဏာအချက်တွေကို ပကတိစိတ်နဲ့ အလိုလိုသိတတ်ကြတယ်။ မသိမသာ ဝင်ရောက်လာတဲ့ ငြီးငွေ့မှုကို သူတို့ ပကတိစိတ်နဲ့ အလိုလိုသိတတ်ကြတယ်။ ဒီအခါမှာ မိန်းမဟာ ဖြေဆေးကို အလိုလိုရှာလာတတ်တယ်။ အပြုံးကလေးတစ်ခု၊ ဒါမှမဟုတ် အကြည့်လေးတစ်ခုဟာ ဆင်ခြေလဲတဲ့ စကားလုံးတွေထက် အများကြီးတာသွားတယ်ဆိုတာ ယောကျ်ားကလည်းသိတယ်။ ဒါပေမယ့် ဘယ်နည်းနဲ့ပဲဖြစ်စေ၊ အိမ်ထောင်မှုကို ပြန်လည်တည်ဆောက်တဲ့ အလုပ်ကတော့ အမြဲတမ်းလုပ်နေရမယ်။ ဒီလိုအိမ်ထောင်မှု ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကို မေ့လျော့လျစ်လျူရှုခဲ့ရင် ကျွန်တော်တို့ရဲ့ဘဝမှာ ဘယ်အရာမှ ကြာရှည်ခံမှာမဟုတ်ဘူး။ မိုးတွေပြိုကျလာပြီး အချစ်ဟာလည်း အဆုံးကိုရောက်သွားမှာပဲ။ အုတ်ကြွပ်ပြားတစ်ပြားကို ပြန်ပြီး စီရိုက်ဖို့လိုတယ်။ တေ့ဆက်တစ်ခုကို ပြန်ပြီး ပွင့်ဖို့ လိုတယ်။ အထင်လွဲမှုတစ်ခုကို ပြန်ပြီးရှင်းဖို့လိုတယ်။ အထင်လွဲမှုတစ်ခုကို မရှင်းရင် စိတ်နာတာမျိုး ဖြစ်လာလိမ့်မယ်။ စိတ်ထဲမှာ စွဲသွားတဲ့ အနာတစ်ခုဟာ အခြားသောရောဂါတွေကိုပါ မွေးထုတ်ပေးလိမ့်မယ်။ တစ်နေ့မှာ ရန်လည်းဖြစ်ရော အဲဒီအနာဟာ ပေါက်သွားပြီး တစ်ဦးကိုတစ်ဦး ကြိတ်မုန်းနေတာကို မြင်သွားပြီး ထိတ်လန့်ရှုံမုန်းသွားကြလိမ့်မယ်။

တစ်ယောက်ရဲ့အကြိုက်၊ တစ်ယောက်ရဲ့အထာကို တစ်ယောက်က အပြန်အလှန် လေးစားရလိမ့်မယ်။ ဒီလိုမှ တစ်ယောက်ရဲ့အကြိုက်ကို တစ်ယောက်က မလေးစားဘူးဆိုရင် အိမ်ထောင်မှုတစ်ခုဟာ ပျော်ရွှင်တဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှု မဖြစ်နိုင်ဘူး။ လူနှစ်ယောက်မှာ အတွေးတစ်ခုတည်း၊ ဆန္ဒတစ်ခုတည်း ထင်မြင်ချက်တစ်ခုတည်းဆိုတာ မဖြစ်နိုင်ဘူး။ ဒီလိုရှိတယ်လို့ ထင်တာဟာ အဓိပ္ပာယ်ကင်းမဲ့တယ်။ မဖြစ်နိုင်ဘူး။ လိုလည်းမလို လားအပ်ဘူး။ စောစောကပြောခဲ့တဲ့အတိုင်း ပျားရည်ဆမ်းခရီးတုန်းက ချစ်သူနှစ်ယောက်ဟာ နေရာတကာမှာ အတူတူပဲလို့ ထင်ချင်ကြတယ်။ ဒါပေမယ့် တစ်ယောက်ရဲ့စရိုက်ကို တစ်ယောက် မစွန့်လွှတ်ချင်ကြတဲ့ အချိန် တွေ မလွဲမရှောင်သာ ကြုံလာကြတယ်။ အိမ်ထောင်ပြုခြင်းဟာ ခိုလှုံနားနေ ရာတစ်ခုဖြစ်ချင်တယ်ဆိုရင် အချစ်ကို မိတ်ဆွေသူငယ်ချင်း ဆက်ဆံရေးနဲ့ တဖြည်းဖြည်းအစားထိုးဖို့ပဲရှိတော့တယ်လို့ အာလိန်းက ပြောခဲ့ဖူးတယ်။ ဟုတ်တယ်။ ဒီအတိုင်းဆိုရင် အစားထိုးဖို့ပဲ ရှိတော့တယ်။ ဒါပေမယ့် အချစ်ကို သူငယ်ချင်းမိတ်ဆွေဆက်ဆံရေးမျိုးနဲ့ ဘယ်အစားထိုးရနိုင်မှာလဲ။ တကယ် ချမ်းမြေ့ပျော်ရွှင်မှုကို ရတဲ့ အိမ်ထောင်ရေးတွေမှာ သူငယ်ချင်းမိတ် ဆွေဆက်ဆံရေးနဲ့ အချစ်ဟာ ရောထွေးနေတယ်။ အဲဒီလို အိမ်ထောင်ရေးတွေမှာ မိတ်ဆွေသဖွယ် ချစ်ခင်ကြတဲ့အတွက် တစ်ယောက်ကိုတစ်ယောက် အချစ်ဝင် အကြင်နာပိုကြတယ်။ သူတို့ဟာ စိတ်ဓာတ်အားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအဆင့်အတန်းအားဖြင့်လည်းကောင်း၊ မတူညီကြဘူးဆိုတာ သိကြတယ်။ ဒါပေမယ့် သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် စိတ်နေသဘောထားချင်း ကွဲလွဲခြားနားတာကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြတယ်။ ဒီနည်းအား ဖြင့် စိတ်ဓာတ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ရအောင်လုပ်ဖို့ အခွင့်အလမ်းတွေ တွေ့ရှိသွားကြတယ်။ လောကီကိစ္စတွေရဲ့ အရှုပ်အထွေးက လွတ်မြောက်အောင် ရိုးရိုးသားသား ကြိုးစားရုန်းကန်နေတဲ့ ယောကျာ်းတစ်ယောက်ဟာ တက်ကြွတဲ့ ဝီရိယရှိတဲ့ ပွင့်လင်းတဲ့၊ တည်ငြိမ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စိတ်နဲ့နီးစပ်အောင် နေရတဲ့အတွက် အကူအညီအများကြီး ရနိုင်တယ်။ ဒီလို မိန်းမရဲ့စိတ်ထားဟာ လူ ရဲ့ အမှောင်တစ်ဝက်သန်းနေတဲ့ ကမ္ဘာတစ်ဝက်ကို အလင်းရောင်ထိုးပေးတယ်။ ဒီလို အိမ်ထောင်ရေးမျိုးမှာ ကာယကံမြောက် ပေါင်းသင်းဆက်ဆံရေးဟာ အစပထမပိုင်းမှာ အရေးကြီးကောင်းကြီးပေမယ့် နောက်ပိုင်းမှာ အရေးမကြီးတော့တဲ့ ပြဿနာတစ်ရပ်ဖြစ်သွားတယ်။ ဒီလိုဆက်ဆံရေးမျိုးရှိတဲ့ အိမ်ထောင်မှုမှာ အခြေခံလိုအပ်ချက်များဟာ မွန်မြတ်သန့်စင်တဲ့



အဖြစ်ကို ရောက်သွားကြတယ်။ ကိုယ်လက်နှီးနှောခြင်း ကိစ္စဟာလည်း သိပ်အရေးမကြီးတော့ဘူးလို့ ယူဆလာကြတယ်။ တကယ်ပေါင်းစည်းညီညွတ်မိသွားတဲ့ လင်မယားနှစ်ယောက်အဖို့ လူငယ်ဘဝ၊ လူငယ်ပျိုမျစ်မှုတွေ ကုန်ဆုံးသွားတာကိုလည်း အရေးကြီးတယ်လို့ မထင်တော့ဘူး။ နှစ်ယောက်အတူ အိုရခြင်းဆိုတဲ့ ပျော်ရွှင်မှုကြောင့် အိုရတဲ့ဝေဒနာကိုလည်း သိပ်မကြောက်တော့ဘူး။

လာရိုရှေးဖိုးကောရဲ့ စကားဟာ တော်တော်မှတ်သားဖို့ ကောင်းဘယ်။ လောကမှာ ကောင်းတဲ့အိမ်ထောင်ရေးတွေရှိတယ်။ ဒါပေမယ့် အလွန်ကောင်းတဲ့ အကောင်းဆုံးအိမ်ထောင်ရေးရယ်လို့ မရှိဘူးလို့ သူကပြောခဲ့တယ်။ အလွန်ကောင်းတဲ့ အိမ်ထောင်မှုတွေရှိတယ်ဆိုတာ ကျွန်တော်ပြခဲ့ပြီ။ ဒါပေမယ့် ဒီလို အိမ်ထောင်ရေးမျိုးကိုရဖို့အတွက် လွယ်တော့မလွယ်ဘူး။ ဘယ်နှယ်လုပ် လွယ်နိုင်ပါ့မလဲ။ နှစ်ယောက်စလုံးမှာ တစ်ခါတစ်ရံ ကောင်းစိတ်တွေ ပေါ်လာတတ်ကြတယ်။ အမှားတွေ ရှိကြတယ်။ စိတ်ထားကို ပြောင်းလဲစေတဲ့ နာမကျန်းဖြစ်မှုတွေရှိကြတယ်။ ဒီလိုအရာတွေကို ကြုံတွေ့ရင် ပေါင်းဖော်နေရတဲ့ လူနှစ်ယောက်ရဲ့ဘဝဟာ ဘယ့်နှယ်လုပ်ပြီး အစစအရာရာ ချောမွေ့နေနိုင်ပါ့မလဲ။ အခက်အခဲ၊ အကျပ်အတည်းတွေ မရှိတဲ့ လူမျိုးရယ်လို့ မရှိနိုင်သလို ပဋိပက္ခတွေမရှိတဲ့ အိမ်ထောင်မျိုးဟာလည်း မရှိနိုင်ဘူး။ ဒါပေမယ့် ချစ်ခင်ကြင်နာမှုဟာ အမျက်ဒေါသကို ချိုသာနူးညံ့တဲ့ အလိုလိုက်မှုအဖြစ် ပြောင်းလဲပစ်နိုင်ခဲ့ရင် တွေ့ရတဲ့ အကျပ်အတည်းတွေကို အလွယ်တကူ ဖြေရှင်းနိုင်လိမ့်မယ်။

ဒါကြောင့် အိမ်ထောင်ရေးဟာ စိတ်ကူးယဉ် ချစ်သူတို့ တွေးမြင်ခဲ့တာမျိုးမဟုတ်ဘူး။ အိမ်ထောင်ရေးဟာ ပကတိစိတ်အပေါ်မှာ အခြေခံတဲ့ အဆောက်အအုံ စနစ်တစ်ခုဖြစ်တယ်။ အောင်မြင်တဲ့ အိမ်ထောင်ရေးတစ်ခုဖြစ်ချင်ရင် ခန္ဓာကိုယ် တပ်မက်မှုသာမက စိတ်တန်ခိုးသတ္တိ၊ စိတ်ရှည်သည်းခံမှု၊ တစ်ယောက်ကိုတစ်ယောက် လက်ခံမှုဆိုတဲ့ ခက်ခဲတဲ့ အရည်အချင်းတွေလည်း လိုအပ်တယ်။ ဒီအရာတွေ ပြည့်စုံခဲ့ရင် လှပပြီး အခွန့်ရှည်တဲ့ ချစ်ခင်ကြင်နာမှုကို တည်ဆောက်နိုင်လိမ့်မယ်။ မတွေ့ကြုံဖူးသူတို့ နားမလည်နိုင်ဘဲ အချစ်၊ မိတ်ဆွေဆက်ဆံရေး လေးစားမှုတို့ရှိတဲ့ တစ်မူထူးခြားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးမျိုးကို တည်ဆောက်နိုင်လိမ့်မယ်။

ဒီအရာတွေမရှိဘဲ တကယ်စစ်မှန်တဲ့ အိမ်ထောင်ရေးမရှိနိုင်ဘူး။

❑❑❑

# မိသားစုဘဝ အနုပညာ

www.burmeseclassic.com

www.burmeseclassic.com

ဘကယ်လို့များ မိသားစုနဲ့ ပတ်သက်လို့ ဩဝါဒစကားတစ်ခွန်းလောက် ပြောရရင် ကဗျာဆရာ ပေါဗာလေရီရဲ့ စာတစ်ပုဒ်ကို ကိုးကားမိမှာပဲ။ သူက 'မိသားစုတိုင်း၌ ဖုံးကွယ်ထားသည့် ငြီးငွေ့သော စိတ်တစ်မျိုးရှိတတ်၏။ ထိုငြီးငွေ့မှုကြောင့် မိသားစုဝင်များသည် အိမ်မှ လွတ်ရာကျွတ်ရာသို့ ထွက်သွားကာ မိမိတစ်ဦးတည်း လွတ်လွတ်လပ်လပ်နေလိုသော ဆန္ဒများဖြစ်ပေါ်လာတတ်၏။ ထို့ပြင် မိသားစုတိုင်း၌ပင် ရှေးကျ၍ ခွန်အားကောင်းသော အင်အားစုတစ်ခုလည်း ရှိသေး၏။ ညနေစာထမင်းဝိုင်းတွင် မိသားစုအားလုံး အစုံအညီထိုင်မိသည့်အခါ မိမိတို့အိမ်သူအိမ်သားတွေချည်း လွတ်လပ်စွာရှိနေသည့်အခါမျိုးတွင် ထိုအင်အားစုသည် ကိုယ်ထင်ပြလာတတ်၏' လို့ သူက ရေးခဲ့ပါတယ်။

ဒီစကားပိုဒ်ကလေးကို ကျွန်တော် တော်တော်သဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစကားပိုဒ်ကလေးဟာ မိသားစုဘဝရဲ့ ကောင်းမွန်မြင့်မြတ်မှုနဲ့ မိသားစုဘဝရဲ့ စိတ်ညစ်ညူးဖွယ်ကောင်းပုံ စတဲ့ နှစ်ဖက်စလုံးကို ဖော်ပြလို့ပါပဲ။ အူထဲ အသည်းထဲကလာတဲ့ အဇ္ဈတ္တသန္တာန်ရဲ့ ငြီးငွေ့မှုကတစ်ဖက်၊ သဟဇာတဖြစ်ပြီး ပေါင်းစည်းသွားတဲ့ သဘောကတစ်ဖက်၊ နှစ်ဖက်စလုံးကို ဖော်ပြလို့ပါပဲ။ ဟုတ်ပါတယ်။ မိသားစုတိုင်းလိုလိုမှာပဲ ဒီခံစားချက်နှစ်မျိုးစလုံးကို တွေ့ရတတ်ပါတယ်။ မိသားစုတွေ စုံစုံညီညီပြန်တွေ့ဆုံကြတဲ့အခါမှာ ဗာလေရီရဲ့ တစ်ခုနဲ့တစ်ခုဆန့်ကျင်ဘက်ဖြစ်နေတဲ့ စကားနှစ်ခွန်းကို ကျွန်တော်တို့အထဲက ဘယ်သူသတိမရဘဲ နေနိုင်ပါ့မလဲ။ တစ်ခါတလေ ဘဝရိုက်ပုတ်ချက်တွေကြောင့် ကျေးလက်က ကိုယ့်မိသားစုရဲ့ အေးချမ်းတဲ့ ပတ်ဝန်းကျင်ရိပ်မြုံကလေးမှာ ခိုလှုံဖို့သွားတဲ့အခါမျိုးမှာ အဲဒီစကားနှစ်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို သတိရကြမှာပဲ။ မိတ်ဆွေသူငယ်ချင်းတစ်ယောက် ကိုယ့်ကိုချစ်တယ်ဆိုတာ ဆွဲဆောင်မှုရှိလို့ချစ်တာ။ ဒါပေမယ့် မိသားစုတစ်ခုက ကိုယ့်ကိုချစ်တာကတော့ ဘာကြောင့်မှမဟုတ်ဘူး။ ဘာအကြောင်းမှမရှိဘူး။ အဲဒီမိသားစုထဲမှာ မွေးလာပြီး အဲဒီမိသားစုရဲ့ သွေးသားမို့လို့ ချစ်တာ။ ဒါပေမယ့် အဲဒီမိသားစုသည်ပင်လျှင် ကိုယ့်ကို စိတ်ညစ်အောင်လုပ်ရာမှာ ကမ္ဘာပေါ်မှာရှိတဲ့ တခြားသူတွေထက် လုပ်နိုင်စွမ်းရှိတယ်။ လူတစ်ယောက်မှာ ငယ်ငယ်တုန်းက မပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်။ အိမ်မှာနေရတာ မွန်းကြပ်နေပြီ၊ ကျွန်တော်တော့ ဒီမိသားစုနဲ့ ဆက်မနေနိုင်တော့ဘူး။ သူတို့က ကျွန်တော့်ကို နားမလည်ကြဘူး။ ကျွန်တော်ကလည်း သူတို့ကို နားမလည်ဘူးဆိုတဲ့စကား။ ဒီစကားနှစ်မျိုးကို ငယ်ငယ်တုန်းက ဘယ်တော့မှ ပြောလေ့မရှိကြဘူး။ ကျွန်တော်ကလည်း ဘယ်တော့မှ ပြောလေ့မရှိဘူး။ ဒါပေမယ့် သူ့ဘေးမှာ လူစိမ်းသူစိမ်းတွေချည်း ဝိုင်းရံနေရင်၊ သူ့ကို လျစ်လျူရှုထားကြရင်၊ သူ့ကို အထင်သေးလှောင်ပြောင်ကြရင်၊ သူ့ကို စကြဝဠာရဲ့ ဗဟိုချက်မကြီးလို့ သဘောထားတဲ့ သူတွေကို အောက်မေ့သတိရပြီး ပြန်လာချင်တာဟာလည်း အဲဒီလူပါပဲ၊ အဲဒီအခါမျိုးမှာ သူဟာ အိမ်ကို ဘယ်လောက်ပြန်လာချင်လိုက်ပါသလဲ။

စာရေးဆရာမ ကက်သရင်းမင်းစဖီး ငယ်ငယ်တုန်းက အိမ်မှာနေရတာ မလွတ်လပ်လို့ စိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်လို့ အိမ်က ထွက်ပြေးဖူးတယ်လို့ သူ့မှတ်တမ်းထဲမှာ ရေးထားတယ်။ ဒါပေမယ့် နောက်ကျတော့ အိမ်သူအိမ်သားတွေနဲ့ဝေးပြီး တစ်စိမ်းတစ်ရံစာတွေထဲမှာ နေလာရတော့ ငယ်ငယ်တုန်းက သူ့အဖွားက အိပ်ရာထဲလာပြီး နွားနို့ပူပူတစ်ခွက်နဲ့ ပေါင်မုန့်လာကျွေးတာ၊ ရော့ ငါ့မြေးလေး စားဆိုပြီး တိုးတိတ်နူးညံ့တဲ့ အသံနဲ့ လာပြောတာတွေကို သတိရပြီး အိမ်ကိုဘယ်လောက် လွမ်းတဲ့အကြောင်းကို အဲဒီမှတ်တမ်းထဲမှာပဲ ဆက်ရေးထားတယ်။ အဲဒီလို အထီးကျန်ဖြစ်နေတဲ့ အချိန်မျိုးမှာ တစ်ခါတုန်းက ကိုယ်လှောင်ပြောင်အထင်သေးခဲ့တဲ့ မိသားစု (အိမ်) ကို တွေးလိုက်ရုံလေးနဲ့တောင် သူ့မှာ မယုံနိုင်လောက်အောင် ပျော်ရွှင်ကြည်နူးသွားရတယ်။

ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ အကြောင်းကတော့ လက်ထပ်ထိမ်းမြားမှုလိုပဲ မိသားစုဘဝဟာလည်း အင်စတီကျူးရှင်းလို့ခေါ်တဲ့ ဖွဲ့စည်းမှု



အဆောက်အအုံကြီးတစ်ခုဖြစ်လို့ပါပဲ။ ဒီအဆောက်အအုံကြီးဟာ သိပ်အရေးပါ သိပ်အရေးကြီးလွန်းတဲ့အတွက် ရှုပ်ထွေးဆန်းကြယ်လို့ပါပဲ။ ဒြပ်မဲ့တွေးခေါ်မှု၊ ဒြပ်မဲ့အယူအဆတွေကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က လူ့ဘဝကြီးနဲ့ သိပ်မှ မဆိုင်ဘဲကိုး။ ခပ်ဝေးဝေးမှာရှိနေတာကိုး။ မိသားစုစနစ်ကတော့ အမတ်တစ်ယောက်က ဥပဒေပြုပြီး ဖန်ဆင်းလိုက်တာမျိုး မဟုတ်ဘူး။ ဒါတွေအားလုံးဟာ လောကမှာ ကျားနဲ့မရယ်လို့ အမျိုးအစားကွဲလာခဲ့တာ၊ ကလေးငယ်မှာ ကာလကြာရှည်စွာ အကာအကွယ်မဲ့ ဖြစ်လာခဲ့ရတာ၊ အဲဒီလို အကာအကွယ်မဲ့တာကို ကြီးကြပ်ဖယ်ရှားပေးတဲ့ မိခင်ရဲ့မေတ္တာ၊ မိခင်မေတ္တာထက် ပိုအတုအယောင်ကျပြီး လူ့သမိုင်းမှာ ကြာခင်ကမှ ပေါ်လာခဲ့တဲ့ ဥထက်မကိုခင်တတ်တဲ့ ဖခင်မေတ္တာ စတာတွေနဲ့ အရာတွေက ပေါ်ပေါက်လာတဲ့ သဘာဝကျတဲ့ အကျိုးဆက်ဖြစ်တယ်။

◆◆◆

မိသားစုနဲ့ ပတ်သက်လာရင် လင်မယားအိမ်ထောင်ရေးကိစ္စမှာတုန်းက ပြောခဲ့သလိုပဲ ပြောရလိမ့်မယ်။ မိသားစုတွယ်တာနှောင်ဖွဲ့မှုကြီးဟာ အလွန်ခိုင်မာတယ်။ သဘာဝပကတိစိတ်တွေက အပြန်အလှန်ထောက်ကူထားတော့ မိသားစုနှောင်ကြိုးဟာ ခိုင်မာတော့တာပေါ့။ အစတုန်းကတော့ မိသားစုအစုတစ်ခုဟာ သဘာဝအလျောက် ပကတိစိတ်နဲ့ ပေါင်းစည်းထားတဲ့ အစုတစ်ခုဖြစ်တယ်။ နောက်တော့ဥပဒေတွေ ထုံးတမ်းစဉ်လာတွေရဲ့ အထောက်အကူကြောင့် အရှည်တည်မြဲတဲ့ အစုတစ်စုဖြစ်သွားတယ်။ မိဘဝတ္တရားတို့ တရားဥပဒေအရ အမွေဆက်ခံခွင့်တို့ စတဲ့အရာတွေဟာ သဘာဝတရားအလျောက် ဖြစ်ပေါ်လာတဲ့ ခံစားချက်ရဲ့ပတ်လည်မှာ သွားရောက်စုဝေးကြတယ်။ သဘာဝအလျောက် ပေါ်ပေါက်လာတယ်ဆိုရာမှာ ဘယ်လောက်များ သဘာဝအလျောက်ပေါ်လာသလဲဆိုရင် မိခင်စိတ်ဟာ လူတွေကို မပြောနဲ့ တိရစ္ဆာန်မျိုးနွယ်တွေတော်တော်များများမှာတောင် ရှိတယ်ဆိုတာ တွေ့နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်အပေါ်မှာထားရှိတဲ့ အမေရဲ့ ခံစားချက်ဟာ အလွန်သန့်ရှင်းစင်ကြယ်ပြီး အလွန်လှပတယ်။ အဲဒီ ခံစားချက်မှာ ဆန့်ကျင်ဘက်ဝိရောဓိသဘောရယ်လို့ မရှိဘူး။ ကလေးငယ်အဖို့ သူ့အမေဟာ နတ်တမန်တစ်ပါးဖြစ်တယ်။ အမေဟာ အစစအရာရာ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတယ်။ ကလေးကို ပြုစုကျွေးမွေးစဉ်မှာ အမေဟာ ပျော်ရွှင်မှုအပေါင်းတို့ရဲ့ မူလရင်းမြစ်ဖြစ်ပါတယ်။ ဘဝကြီးတစ်ခုလုံး ဖြစ်တယ်။ ကလေးငယ်ကို ဂရုစိုက်နေချိန်မှာဆိုရင် အမေဟာ ဝေဒနာအပေါင်းတို့ကို ပျောက်ကင်းစေသူ၊ ပျော်ရွှင်မှုအပေါင်းတို့ကို ပေးသူဖြစ်တယ်။ အမေဟာ အမွန်မြတ်ဆုံးသော ခိုလှုံရာရိပ်မြုံဖြစ်တယ်။ အမေဟာ နွေးထွေးမှု၊ စိတ်သက်တောင့်သက်သာရှိမှု၊ သည်းခံခြင်းတရားတို့ကို ယူဆောင်လာခဲ့တယ်။ အမေတစ်ယောက်ရဲ့ ကလေးဟာလည်း သူ့အမေအဖို့ ဘုရားသခင်တစ်ပါးဖြစ်တယ်။ (ဒီလိုဖြစ်လာတာကတော့ ခရစ်ယာန်ဘာသာတရားရဲ့ အကျိုးကျေးဇူးကြောင့် ဒီလိုဖြစ်သွားရတာ ဖြစ်ပါတယ်။)

အချစ်ကိစ္စမှာလိုပဲ မိခင်ဘဝမှာလည်း ချစ်ခင်လေးမြတ်ခြင်း၊ ဂရုစိုက်ခြင်းတို့ဟာ အလွန်လွယ်ကူပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီခံစားမှုတွေဟာ အတ္တရဲ့အခြားသော ပုံသဏ္ဌာန်များဖြစ်လို့ပါပဲ။ အမေတစ်ယောက်ဟာ သူ့ကလေးအတွက် အသက်စွန့်ဖို့ အဆင်သင့်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကလေးဟာ သူ့ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေလို့၊ သူ့အသွေးသူ့အသားဖြစ်နေလို့ပါပဲ။ လူ့အဖွဲ့အစည်းရယ်လို့ မပေါ်မီ ပဝေသဏီကတည်းကပဲ လူရိုင်းတွေဟာ ချစ်တတ်လာခဲ့ကြပါတယ်။ ဖိုမအချစ်နဲ့ မိခင်အချစ်တို့ ကျေးဇူးကြောင့် လူရိုင်းတွေဟာ ချစ်တတ်တဲ့ သင်ခန်းစာကို ရသွားကြခြင်းဖြစ်ပါတယ်။

ဖိုမချစ်ဟာ သွေးသားဆန္ဒတောင့်တမှုအပေါ်မှာ အမှီပြုထားပါတယ်။ မိခင်အချစ်ကတော့ စွန့်လွှတ်အနစ်နာခံမှုကို အမှီပြုထားပါတယ်။ ပကတိစိတ်နဲ့ ချစ်တဲ့အချစ်တို့အနက် မိခင်အချစ်ဟာ အသန့်ရှင်းဆုံး ဖြစ်ပါတယ်။ မိန်းမတွေက ယောက်ျားတွေကို ချစ်တဲ့ အချစ်သည်ပင်လျှင် မိခင်အချစ်ရဲ့ အရိပ်အရောင်တွေ ပါနေတတ်ပါသေးတယ်။ စာရေးဆရာမ ကျော့ဆင်းဟာ မူးဆေးကို ချစ်ရဲ့လား။ ရှိုပင်ကိုရော ချစ်ရဲ့လား။ ချစ်ပါတယ်။



ဒါပေမယ့် သူ့အချစ်ဟာ သွေးသားဆန္ဒအရ ချစ်တာမျိုးထက် မိခင်ချစ်က ပိုများပါတယ်။ သူ့အဖြစ်အပျက်ဟာ ခြွင်းချက်တစ်ခုတလေဖြစ်တာမျိုး မဟုတ်ပါဘူး။ စာရေးဆရာကြီးရှုးဆူး ငယ်ငယ်တုန်းက မဒမ်ဝါးရင်းနဲ့ ချစ်ကြတော့ သူက မဒမ်ဝါးရင်းကို မာမာလို့ခေါ်ခဲ့ပါတယ်။ ရှုးဆူးရဲ့အငယ်အနှောင်းတစ်ယောက်သာ ဖြစ်သည့်တိုင် ဒီဝါးရင်းဟာ ရှုးဆူးကို မိခင်တို့ရဲ့ မေတ္တာ၊ မိခင်တို့ရဲ့ ပိုက်ထွေးမှုနဲ့ သူ့ကိုပြုစုခဲ့တယ်။ မဒမ်ဒီဘနီနဲ့ လူငယ်စာရေးဆရာကလေး ဘားလ်ဇက်တို့ရဲ့ ဆက်ဆံရေးမှာလည်း ဒီအတိုင်းပါပဲ။ လူငယ်ကလေးတွေနဲ့ ရင့်ကျက်တဲ့ အမျိုးသမီးတွေကြားမှာ ဒီလိုဆက်ဆံရေးမျိုး ရှိတတ်ပါတယ်။ လူငယ်ကလေးဘက်ကတော့ အချစ်ပေါ့။ ဒါပေမယ့် အမျိုးသမီးတွေဘက်ကတော့ သွေးသားအချစ်နဲ့မိခင်အချစ်တို့ ထူးဆန်းစွာ ရောနှောနေပုံမျိုးလို့ ဆိုနိုင်ပါတယ်။ တချို့ကျတော့ ကိုယ့်ထက်အားနည်းတဲ့ သူကို အကာအကွယ်ပေးချင်တဲ့ အချစ်မျိုးနဲ့ ချစ်တတ်ပါတယ်။ ဒီလို မိန်းမမျိုးဟာ ကိုယ်ခန္ဓာအားဖြင့်သာ သန်မာတောင့်တင်းသူမျိုးကို သံယောဇဉ်တွယ်တတ်ကြပါတယ်။ သူ့ကို ချစ်တယ်ဆိုရင် အဲဒီလူရဲ့ စိတ်ဓာတ်အားနည်းချက်ကို သွားချစ်နေတာမျိုး ဖြစ်တတ်ပါတယ်။ (ဘားနတ်ရှောရဲ့ ကင်းဒီနဲ့ လူနဲ့ လက်နက်ဆိုတဲ့ ပြဇာတ်များကိုကြည့်ပါ။)

ကလေးငယ်တွေကကော။ အဲဒီကလေးငယ်ဟာ တကယ့်အမေနဲ့ တူတဲ့ အမေတစ်ယောက်ကိုတွေ့ရင် ပြည့်စုံပြီး ကိုယ်ကျိုးမပါတဲ့ အချစ်ဆိုတာ ဘယ်လိုအရာမျိုးလည်း ဆိုတာကို အဲဒီအမေဆီက စောစောစီးစီး သိလာရတယ်။ ကမ္ဘာလောကကြီးဟာ နေရာတကာမှာ ရန်လိုတဲ့ ကမ္ဘာကြီးမဟုတ်ဘူးဆိုတာ၊ သနားကရုဏာနဲ့ ချစ်ခြင်းမေတ္တာဟာ အမြဲတမ်းတွေ့နိုင်တယ်ဆိုတာ၊ လောကမှာ အကြွင်းမဲ့ စိတ်ချယုံကြည်နိုင်တဲ့ လူမျိုးရှိတယ်ဆိုတာ၊ ဘာကိုမှ မျှော်ကိုးလို့မဟုတ်ဘဲ မိမိမှာ ရှိသမျှကို ပေးတဲ့ လူတွေရှိတယ်ဆိုတာ မိခင့်အချစ်ကပြတယ်။ ဒီလိုအခြေအနေမျိုးနဲ့ ဘဝကို စတင်ရတာဟာ အလွန်ကုသိုလ်ကံထူးတယ်လို့ ဆိုရမယ်။ စိတ်မချမ်းသာစရာတွေ၊ ဒုက္ခသုခတွေကို တွေ့ကြုံရသည့်တိုင် ဘဝကို ယုံကြည်တဲ့အကောင်းမြင်ဝါဒီများဟာ ချစ်ခင်ယုယပြီး ညာဏ်အမြော်အမြင်ကြီးတဲ့ မိခင်ရဲ့ ကလေးတွေဖြစ်ခဲ့သော ရှိတယ်။ တစ်ဖက်မှာတော့ မိုက်မဲပြီး အမှားအမှန်ကို မခွဲခြားတတ်၊ တ

www.burmeseclassic.com

www.burmeseclassic.com



တခြင်းလည်း မရှိတဲ့ မိခင်တစ်ယောက်ဟာ စိတ်မချမ်းမြေ့ဖွယ်ကောင်းတဲ့ ဩဇာလွှမ်းမိုးမှုတစ်ခု ဖြစ်နိုင်တယ်။ သူ့ကြောင့် ကလေးတွေဟာ အဆိုးမြင်တတ်ပြီး ကြောက်လွယ်၊ လန့်လွယ်၊ တုန်လှုပ်လွယ်ဖြစ်ကြရတယ်။ အပျိုဖော်ဝင်ရွယ်မှာ သူတို့အမေတွေနဲ့ တစ်ကျက်ကျက်ရန်ဖြစ်နေတတ်တဲ့ မိန်းကလေးတွေကို ကျွန်တော်တွေ့ဖူးတယ်။ သူတို့တတွေ ဖွံ့ဖြိုးလာပုံကို ကြည့်လိုက်တဲ့အခါမှာ သူတို့ဟာ လောကကြီးကို ခါးသီးနာကျည်းနေတာ၊ ကန့်လန့်တိုက်ချင်တာ၊ မိန်းမတွေအားလုံးဟာ သူတို့အပေါ်မှာ မကောင်းတဲ့ စိတ်ထားရှိတယ်လို့ ထင်နေကြတာမျိုးတွေကို သွားတွေ့ရတယ်။ ကိုယ်မချစ်မနှစ်သက်တဲ့ အမေရဲ့ ချစ်မှုရေးရာကိစ္စကို မြင်လို့၊ ဒါမှမဟုတ် ရိုးတိုးရိပ်တိတ်သိလို့ ထိတ်လန့်တုန်လှုပ်သွားပြီး သူတို့ကြီးပြင်းလာတဲ့အခါမှာ အချစ်ဆိုတာကို မယုံတော့ဘဲ ဖြစ်သွားတာမျိုးတွေလည်းရှိတယ်။

ပြောင်းပြန်ပဲ။ သိပ်ယုယတတ်ပြီး သိပ်စိတ်ကူးယဉ်တတ်တဲ့ အမေတစ်ယောက်ဟာလည်း သားတစ်ယောက်အတွက် မကောင်းတဲ့ ဩဇာအရှိန်အဝါတစ်ခုဖြစ်နေတတ်တယ်။ သားငယ်ကို ဂရုစိုက်လွန်း၊ ယုယလွန်းတော့ အရွယ်မရောက်ခင်မှာ မဟုတ်တဲ့ အတွေးတွေ၊ တောင်တောင်အီအီ ခံစားချက်တွေကို နှိုးဆွပေးနေသလို ဖြစ်တတ်တယ်။ အထူးသဖြင့် သားက အမေကို ရိုသေလေးမြတ်တဲ့ စိတ်ကို ညစ်ညမ်းသွားအောင် သူမသိဘဲ မဟုတ်တယုတ်စိတ်မျိုး သွတ်သွင်းပေးခြင်းဟာ ယောကျ်ားကလေးတစ်ယောက်အတွက် အန္တရာယ်အကြီးဆုံးပါပဲ။ ဒီ၊ အိတ်ချ်၊ လောရင့်စ်ဟာ သူကိုယ်တိုင် ငယ်ငယ်တုန်းက ဒီလိုအဖြစ်မျိုးကြုံတွေ့ခဲ့ရတော့ သူ့ရဲ့ 'သားများနှင့် ချစ်သူများ' ဆိုတဲ့ ဝတ္ထုမှာ အဲဒီအကြောင်းကို ရေးခဲ့တယ်။ ဒီလိုရှုပ်ထွေးတဲ့ ကလေးဘဝကို ဖြတ်သန်းခဲ့ရတဲ့ လူရွယ်တစ်ယောက်ဟာ အချစ်ကို အယုံအကြည်ကင်းမဲ့သွားတတ်တယ်လို့ မြင်ခဲ့တယ်။

ခု ကျွန်တော်အထက်မှာ ဖော်ပြခဲ့တဲ့ အဖြစ်အပျက်မျိုးတွေကတော့ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့အတွက် ခြွင်းချက်အဖြစ် ထားလို့ရပါတယ်။ သဘာဝကျစွာပဲ မိသားစုဘဝဟာ ချစ်တတ်လာအောင် သင်ပေးတဲ့ နေရာဖြစ်ပါတယ်။ (အချစ်ကို သင်ပေးတဲ့ အချစ်ကျောင်း ဖြစ်ပါတယ်။) ဒါကြောင့်မို့သာ မိသားစုဘဝမှာ ဘယ်လိုစိတ်မချမ်းသာစရာတွေ ဘယ်လိုမကျေနပ်စရာ



တွေရှိရှိ၊ ကိုယ့်မိသားစုဆီကိုပဲ ပြန်လာချင်ကြတာပေါ့။ ဒါပေမယ့် အချစ်ကို သင်ပေးတဲ့ နေရာမို့လို့ မိသားစုဆီကို ပြန်လာချင်တာချည်းတော့ မဟုတ်ပါဘူး။ တလေရီပြောခဲ့သလို မိသားစုနှလုံးသားဟာ ဟန်ဆောင်ပန်ဆောင်တွေ လောကွတ်တွေမရှိဘဲ လွတ်လွတ်လပ်လပ် နေထိုင်နိုင်တဲ့ နေရာလည်း ဖြစ်လို့ပါ။ ဒါကြောင့် မိသားစုဆီကို ပြန်လာချင်ကြတာပါ။

ဒီလို ဟန်မဆောင် ပန်မဆောင် လွတ်လွတ်လပ်လပ် နေရတာဟာ ထူးခြားတဲ့ အခွင့်အရေးလား။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ်ကြိုက်တဲ့နေရာရောက်ရင် လွတ်လပ်ပြီးပျော်စရာကောင်းသွားတာပဲ မဟုတ်လား။ ဒီလိုတော့တ်ဘူး။ လူ့ဘဝမှာ လူရယ်လို့ ဖြစ်လာရင် အခန်းကဏ္ဍတစ်ခုမှာတော့ ပါရတယ်။ သဘောထားတစ်ခုကိုတော့ ရွေးရတယ်။ စရိုက်တစ်ခုတော့ ရှိလာရတယ်။ ကျွန်တော်တို့မှာ လုပ်ရမယ့် တာဝန်ဝတ္တရားတွေရှိတယ်။ လူမှုရေးကိစ္စတွေရှိတယ်။ ဘုန်းတော်ကြီးတွေ၊ ပါမောက္ခတွေ၊ လုပ်ငန်းရှင်တွေ စတဲ့ ပုဂ္ဂိုလ်မျိုးတွေမှာဆိုရင် သူတို့ဘာသာသူတို့ လွတ်လပ်စွာနေရတယ် လို့တောင် သိပ်မရှိကြဘူး။

စည်းလုံးညီညွတ်တဲ့ မိသားစုတစ်ခုမှာ မိသားစုဝင်တွေအတွက် လူမှုရေးကိစ္စဟာ အတတ်နိုင်ဆုံး နည်းနေတတ်တယ်။ ညနေထမင်းလည်း စားပြီးရော၊ မိသားစုဝိုင်းဖွဲ့ထိုင်ကြတယ်။ အဖေက ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး သတင်းစာ ဖတ်ချင်ဖတ်နေမယ်။ ဒါမှမဟုတ် အိပ်ငိုက်ရင်လည်း ငိုက်နေမယ်။ အမေလည်း အပ်ချုပ်နေမယ်။ ဒါမှမဟုတ် သမီးကြီးနဲ့ အိမ်မှာ အရေးကြီးတဲ့ ကိစ္စသုံးလေးခုအကြောင်းကို ပြောဆိုနေမယ်။ သားတစ်ယောက်က လေကလေးတချွန်ချွန်နဲ့ စုံထောက်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေမယ်။ အခြားသားတစ်ယောက်က ပျက်နေတဲ့ မီးခလုတ်တစ်ခုကို ပြင်နေမယ်။ နောက်တစ်ယောက်က ရေဒီယိုကလိနေမယ်။ ဒီလိုဖြစ်နေတာဟာ တိတ်ဆိတ်ငြိမ်သက်မှုကို အနှောင့်အယှက်ပေးနေတယ်။ ရေဒီယိုက အဖေသတင်းစာဖတ်နေတာ၊ စာဖတ်နေတာကို အနှောင့်အယှက်ဖြစ်တယ်။ အဖေက သတင်းစာကိုင်ပြီး ငြိမ်ချက်သားကောင်းနေတော့ အမေကငြီးငွေ့တယ်။ အမေနဲ့ သမီးကြီးတို့ စကားတွေကြောင့် သားတွေက နားငြီးတယ်။

ဒီအခါမှာ သူတို့ခံစားချက်တွေကို ထိန်ဝှက်မထားပဲ ဖွင့်ပြောကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မိသားစုအတွင်းမှာ အယဉ်အကျေး၊ အသိမ်အမွေ့ပြောနေစရာ မလိုပဲတိုး၊ စိတ်ထဲရှိတာကို ဖွင့်ပြောကြတာပေါ့။ မိသားစုတွေထဲမှာ တစ်ယောက်ကတစ်ယောက်ကို အရှုံးထတယ်၊ ကြောင်တယ်၊ စိတ်ပျက်စရာကောင်းတယ်လို့ ထင်တော့ထင်ကြတာပဲ။ ဒါပေမယ့် သည်းတော့ခံကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူညည်းတာ၊ သူ ဇီဇာကြောင်တာကိုလည်း တခြားမိသားစုဝင်တွေက သည်းခံကြမှာပဲလို့ သူ မျှော်လင့်ထားတာကိုး။

အဲဒီလိုလူမျိုးတွေဟာ မိသားစုဘဝမှာ ကျေနပ်လောက်တဲ့ ပျော်ရွှင်မှုကို မရကြဘူး။ ဒါပေမယ့် အထက်တစ်နေရာမှာ ပြောခဲ့တဲ့အတိုင်း သူတို့ဟာ အဲဒီမိသားစုထဲမှာ သည်လိုပဲ နေနေကြတယ်။ သူတို့ကို လက်ခံထားတယ်။ မိသားစုဘဝအတွင်းမှာ နားနေမှုကို ရှာကြရတယ်။ သူတို့ဟာ တစ်ယောက်အကြောင်းကို တစ်ယောက်သိနေတဲ့ တစ်ယောက်နဲ့တစ်ယောက် နေနေကျဖြစ်နေတဲ့ အသိုင်းအဝိုင်းထဲမှာ နေနေကြတယ်ဆိုတာကို သဘောပေါက်ကြတယ်။ လိုအပ်လာရင် တစ်ယောက်ရဲ့ ဒုက္ခသုက္ခတွေကို ခွဲဝေခံစားရမယ့် အသိုက်အဝန်းမှာ နေနေရတယ်ဆိုတာ နားလည်ကြတယ်။ ခု ကျွန်တော်ပြောပြတဲ့ ဇာတ်ခုံပေါ်က အဖွဲ့သားတစ်ယောက် ရုတ်တရက်နာမကျန်းဖြစ်ရင်၊ ခေါင်းကိုက်ရင် အခြားအဖွဲ့ဝင်တွေက စိုးရိမ်တကြီးဖြစ်ကြရတယ်။ အစ်မ သို့မဟုတ် ညီမလုပ်သူက အိပ်ရာပြင်ပေးတယ်။ အမေက နေထိုင်ကောင်းဖြစ်သူကို ဂရုစိုက်တယ်။ မောင်တစ်ယောက်၊ အစ်ကိုတစ်ယောက် ဆေးသွားဝယ်တယ်။ နာဖျားမကျန်းဖြစ်တဲ့သူ၊ ခြိမ်းခြောက်ခံရတဲ့သူဟာ တစ်ယောက်တည်းမဟုတ်။ တစ်ကောင်ကြွက်မဟုတ်ဘူး။ အဲ မိသားစုရယ်လို့ မရှိရင်တော့ အဲဒီလူဟာ လောကအလယ်မှာ တစ်ယောက်တည်းဖြစ်ပြီး အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်နေပေရော့ပဲ။ အကြောင်းအမျိုးမျိုးကြောင့် မိသားစုကလေးရဲ့ ကူညီစောင်မမှုကို မရတဲ့အတွက် လူတွေဟာ ကိုယ့်အချင်းချင်းသဟာယဖြစ်အောင်၊ အများနဲ့အတူ တွေးတတ်စဉ်းစားတတ်အောင် ပိုပြီးလိုလာတတ်တယ်။

သွေးစည်းချစ်ကြည်မှုကို မိဘနဲ့ သားသမီးတို့ ဖွဲ့စည်းထားတဲ့ မိသားစုဘဝရဲ့ အပြင်ဘက်အဝန်းအဝိုင်းအထိ တိုးချဲ့နိုင်တယ်။ ရောမလူ့အဖွဲ့အစည်းမှာဆိုရင် တကယ့်ဆွေမျိုးရင်းချာတွေ ကြားထဲမှာသာ သွေးစည်းချစ်ကြည်မှု ရှိတာမဟုတ်ဘဲ လက်ထပ်လို့ တော်လာတဲ့ ဆွေမျိုးတွေ၊ မှီခိုသူတွေ၊ ကျွန်သူတွေအထိ သွေးစည်းချစ်ကြည်ကြတယ်။ ညီညွတ်ကြတယ်။ ခေတ်သစ်လူ့အဖွဲ့အစည်းမှာတော့ ဆွေမျိုးရယ်၊ သွေးသားရယ်လို့ သိပ်အမှတ်မထားကြတော့သည့်တိုင် အရေးကြီးတော့ သွေးနီးရာဆိုသလို အကြောင်းကိစ္စပေါ်လာရင် သွေးက စကားပြောတာမျိုးတွေကတော့ ရှိမြဲရှိနေကြသေးတယ်။ ဘယ်ပြင်သစ်မိသားစုကိုပဲ ကြည့်ကြည့် ခပ်ဝေးဝေးမှာရှိတဲ့ ဝမ်းကွဲတွေ၊ အဒေါ်တွေဟာ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးကို ဦးစားပေးတာမျိုးတွေရှိနေသေးတယ်။ အထူးသဖြင့် နိုင်ငံရေးဘက်ဆိုင်ရာနဲ့ တက္ကသိုလ်ပညာရေးဘက်ဆိုင်ရာတို့ကို ကြည့်လိုက်ရင် တတိယ၊ စတုတ္ထမျိုးဆက်လောက်အထိ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးသားချင်းထဲက လူတွေ အလုပ်အကိုင်ရအောင်၊ ဂုဏ်ထူးဘွဲ့ထူးရအောင် စောင်မကြည့်ရှုပေးတာမျိုးတွေ ရှိနေသေးတယ်။

တချို့အဖွားကြီးတွေ ရှိသေးတယ်။ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးကိစ္စကလွဲလို့ တခြားဘာကိုမှ စိတ်ဝင်စားခြင်းမရှိတဲ့ အဖွားကြီးတွေ၊ ဘယ်လောက်များလဲဆိုရင် မမြင်ဖူးတဲ့ ဆွေမျိုးအပေါ်မှာတောင် သံယောဇဉ်ကြီးနေလိုက်သေးတယ်။ ဒီနည်းအားဖြင့် မိသားစုဟာ စုပေါင်းထားတဲ့ သဘောဆောင်တဲ့ ကိုယ်ကျိုးဝါဒဖြစ်လာတယ်။ အတ္တအကျိုးဖြစ်လာတယ်။ သည်စိတ်ဓာတ်မျိုးဟာ အချစ်မဟုတ်ဘူး။ မေတ္တာမဟုတ်ဘူး။ ပြင်ပကမ္ဘာလောကကြီးရဲ့ ရန်ကို ကာကွယ်တားဆီးတဲ့ ကာကွယ်ရေး မဟာမိတ်အဖွဲ့ တစ်မျိုးသာဖြစ်တယ်။ သဘာဝကျစွာပဲ မိသားစုအတ္တကျိုးကို သိပ်ပြီးကြည့်လာရင် လူမှုရေးအန္တရာယ်တစ်ရပ် ဖြစ်လာနိုင်တယ်။ ယဉ်ကျေးမှု စောစောပိုင်းအဆင့်တွေတုန်းကတော့ လူမှုဘဝဟာ ပထမအားဖြင့် မိခင်စိတ်အပေါ်မှာ အခြေခံပြီး နောက်ပိုင်းမှာ ဖခင်စိတ်အပေါ်မှာ အခြေခံရတယ်ဆိုကတော့ ဟုတ်ပါတယ်။

◆◆◆

မိသားစုဘဝမှာ လေးနက်ကြီးကျယ်တဲ့ အန္တရာယ်တွေရှိတယ်ဆိုတာ တခြား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါနဲ့၊ အရွယ်ရောက်စ သားသမီးတော်တော်များများရဲ့ စိတ်ထဲမှာ ပေါ်လာတဲ့ ပုန်ကန်ဖီဆန်ချင်တဲ့ ဆန္ဒတွေ၊ သဘောတွေကိုပဲ ကြည့်ပါ။ မိသားစုဘဝဆိုတာ အားလုံးအချစ်ချည်းပဲရှိတဲ့နေရာ မဟုတ်ဘူး။ အမုန်းတွေလည်း ရှိနိုင်တယ်။ အမုန်းမှ အပြင်လူကို မုန်းတာမျိုးတောင် မဟုတ်ပဲ သည့်ထက်ပိုပြင်းထန်တဲ့ အမုန်းမျိုးတွေ ဖြစ်တတ်ရသေးတယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောထားချင်းက သိပ်ကဏ္ဍကောစဖြစ်နေပြီး ဒါတွေကို ဖြေရှင်းရာမှာလည်း ယဉ်ကျေးသိမ်မွေ့စွာ ဖြေရှင်းဖို့ ကြိုးစားခြင်း မပြုတဲ့ အခါကျတော့ မိသားစုထဲကအမုန်းဟာ အပြင်ကအမုန်းထက်တောင် ပြင်းထန်နေတတ်သေးတယ်။

ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနဲ့ အနားယူနေတဲ့ မိသားစုတစ်ခုရဲ့ ညနေခင်းတစ်ခုအကြောင်းကို ရှေ့မှာပြောခဲ့ပြီးပြီ။ မိသားစုဝင်တိုင်းကလည်း ကြည်နူးလို့၊ ချမ်းမြေ့လို့၊ ဘယ်လောက်များ ပျော်စရာကောင်းတဲ့ ညနေခင်းပါလဲ။ ဒါပေမယ့် သည်လိုလွတ်လွတ်လပ်လပ် နေရတာဟာ ဘယ်ကိုရောက်သွားစေသလဲ။ အကန့်အသတ်မရှိသော လွတ်လပ်မှုတိုင်းဟာ ဘဝကို အခက်အခဲတွေ့စေတဲ့ ရှုပ်ထွေးမှုတွေကို ဖြစ်ပေါ်စေသလို အဲဒီလို အကန့်အသတ်မရှိ လွတ်လပ်ပျော်ရွှင်နေကြတာဟာလည်း နောက်ဆုံးမှာ ရှုပ်ထွေးမှုတွေကို ဖြစ်ပေါ်စေတယ်။ တစ်ယောက်မကြိုက်တာကို တစ်ယောက်က မပြောဖို့၊ တစ်ယောက်မခံချင်တာကို တစ်ယောက်က မပြောဖို့၊ နာသာခံခက် ဖြစ်စေတဲ့ စကားတွေကို တစ်ယောက်နဲ့တစ်ယောက် မပြောကြဖို့ စိတ်ထဲက တိတ်တဆိတ် သဘောတူထားတဲ့ မိသားစုအကြောင်းကို (စာရေးဆရာ) အာလိန်းက ရေးခဲ့ဖူးတယ်။

> 'တစ်ယောက်မှာ ပန်းနံ့တွေကြောင့် အနှောင့်အယှက်ဖြစ်ရသည်။ နောက်တစ်ယောက်မှာ ဆူညံသော စကားပြောသံတွေကြောင့် အနှောင့်အယှက်ဖြစ်ရသည်။ တစ်ယောက်က မနက်ခင်းတွင် တိတ်တိတ်ဆိတ်ဆိတ် နေချင်သည်။ တစ်ယောက်က ညနေခင်းတွင် အေးအေးဆေးဆေးနေချင်သည်။ တစ်ယောက်က ဘုရားစကားတွေ၊ တရားစကားတွေ ပြောသည်ကို နားငြီးသည်။ နောက်တစ်ယောက်က နိုင်ငံရေးစကားတွေ ပြောသည်ကို နားကြားပြင်းကတ်သည်။ တစ်ယောက်မကြိုက်တာကို တစ်ယောက်က မလုပ်ဖို့ အပြန်အလှန် သဘောတူထားကြသည်။ အပြန်အလှန် အသိအမှတ်ပြုထားကြသည်။
>
> သို့ဖြင့် တစ်ယောက်အလို၊ တစ်ယောက်အကြိုက်ကိုချည်း လိုက်နေရသောအခါအားလုံး အနေကျပ်လာတော့သည်။ ပန်းနံ့တွေ တစ်နေ့လုံး ရှူနေရတော့ ခေါင်းကို ကိုက်နေတာပဲဟု တစ်ယောက်က ပြောသည်။ မနေ့ညက ဆယ့်တစ်နာရီလောက်မှာ တံခါးကို တဂျိမ်းဂျိမ်းပိတ်နေတော့ ဘယ့်နှယ်လုပ် အိပ်လို့ရမှာလဲဟု တစ်ယောက်ကပြောသည်။ ထမင်းဝိုင်းသို့ ရောက်သည့်အခါတွင် သူတို့သည် လွှတ်တော်အစည်းအဝေးထိုင်သလို ထိုင်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မကျေနပ်ချက်များကို ဖွင့်ပြောကြသည်။ တစ်ယောက်၏ ရှုပ်ထွေးသော စာရင်းဇယားတွေကို သိပြီးသားဖြစ်နေကြပြီ။ ကလေးများ၏ ပညာရေးကိုမူ နည်းနည်းမျှ အရေးထားခြင်းမရှိကြတော့ပြီ။'



လို့ရေးခဲ့တယ်။

အဲဒီလို မိသားစုမျိုးမှာ လမ်းလျှောက်ရင် အနှေးဆုံးလူကို စံပြုပြီး သူတို့တွဲခေါ်ရသလို မိသားစုထဲမှာ အညံ့ဖျင်းဆုံးသူကို အားအနည်းဆုံးသူကို စံပြုပြီး အိမ်မှုကိစ္စတွေကို ဇယားချကြရတယ်။ ဒီတော့ အခြားမိသားစုဝင်တွေက တစ်ယောက်ကိုငဲ့ပြီး အနစ်နာခံရမှာလားလို့ မေးစရာရှိတယ်၊ ဟုတ်တယ်၊ အနစ်နာခံရမှာပဲ။ အသိဉာဏ်ဆိုင်ရာ ကိစ္စတွေကတော့ သူ့ကိုငဲ့ပြီး သူလိုက်နိုင်အောင်၊ သူလက်လှမ်းမီအောင် စောင့်ပြီးခေါ်ရလိမ့်မယ်၊ အိမ်က ထမင်းဝိုင်းကို ပညာအဆင့်အတန်းမြင့်တဲ့ ဧည့်သည်တစ်ယောက်ရောက်လာတိုင်း မိသားစုရဲ့ အသိဉာဏ်အဆင့်အတန်းတိုးလာတာကို ကြည့်ရင် သည်အချက်မှန်ကြောင်းကို သက်သေပြနေတယ်၊ ခါတိုင်းဆို မိသားစုချင်း အိမ်သားချင်းမို့ တစ်ယောက်တစ်ယောက်စကားမပြောကြဘဲ ထမင်းစားနေကြတာမျိုး ရှိချင်ရှိမယ်။ ဒါမှမဟုတ်ရင်လည်း ဘာမှအရေးမကြီးတဲ့ အသေးအဖွဲတွေကို လျှောက်ပြောနေကြတာမျိုးတွေ ရှိချင်ရှိမယ်၊ ဒါပေမယ့် ဉာဏ်ထက်မြက်တဲ့ ဧည့်သည်တစ်ယောက်၊ ပညာအဆင့်အတန်းမြင့်တဲ့ ဧည့်သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထမင်းဝိုင်းကိုရောက်တာနဲ့ အိမ်သူအိမ်သားတွေဟာ သာမန်ပြောနေကျ အသေးအဖွဲတွေကို မပြောကြတော့ဘဲ ထူးခြားတဲ့ ပညာအဆင့်အတန်းမြင့်တဲ့စကားတွေကို ပြောလာ တတ်ကြတယ်။ ဒါဟာဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲဆိုတော့ အိမ်သားချင်း ပြောလေ့မရှိတဲ့စကားမျိုးကို ဧည့်သည်နဲ့ပြောဖို့ အားလုံးက ကြိုးစားလာကြလို့ ဖြစ်တယ်။

ဒါကြောင့်မို့ မိသားစုတစ်ခုဟာ ဥခွံကလေးထဲမှာ ပိတ်ပြီးနေရင် မကောင်းဘူး။ ပင်လယ်ပြင်ကျယ်ကြီးက ရေစီးကြောင်းများဟာ ပင်လယ်ကွေ့ထဲကို စီးဝင်လာကြသလို အိမ်ထဲကိုလည်း အိမ်ပြင်က လတ်ဆတ်တဲ့ ရေစီးကြောင်းတွေ စီးဝင်ခွင့်ပေးသင့်တယ်။ အဲဒီအပြင်လူကို အိမ်သူအိမ်သားတွေ မြင်ဖို့မလိုပါဘူး။ သူကိုယ်တိုင် ရောက်လာဖို့မလိုပါဘူး။ အဲဒီအပြင်လူဟာ ဂီတအနုပညာရှင်ကြီးတစ်ယောက်ရင်လည်း ဖြစ်သင့်တယ်။ ဒါမှမဟုတ် ကဗျာစာဆိုကြီးတစ်ယောက်ရင်လည်း ဖြစ်သင့်တယ်။ သမ္မာကျမ်းစာကို နေ့စဉ်ဖတ်တဲ့အတွက် ပရိုတက်စတင့်ဘာသာဝင်များရဲ့ စိတ်ဓာတ်ဟာ ပြောင်းသွားကြတယ်။ အင်္ဂလိပ်စာရေးဆရာ တော်တော်များများဟာ အဲဒီမဟာကျမ်းကြီးကို နေ့စဉ်ဖတ်ခြင်းဖြင့် အရေးအသားတွေ ပြောင်းသွားကြတယ်။ သည်နေ့အင်္ဂလန်ပြည်မှာ စာအရေးအသားကောင်းတဲ့ အမျိုးသမီးရယ်လို့များရှိခဲ့ရင် ဒီလိုရှိတာဟာ တခြားကြောင့်မဟုတ်ဘူး။ မိသားစုအတင်းအဖျင်းတွေကို ဝိုင်းဖွဲ့ပြောဆိုခြင်းမပြုဘဲ ဘာသာရေးကျမ်းစာတွေကို ဖတ်ခဲ့လို့ပဲ။ ၁၇ ရာစုနှစ်က ပြင်သစ်စာရေးဆရာမ အကျော်အမော်တွေ ဖြစ်ခဲ့ကြတဲ့ မဒမ်ဆေဗစ်နေနဲ့ မဒမ်ဒီလာဖေးယက်တို့ လက်တင်ကျမ်းစာတွေကို လေ့လာသင်ယူခဲ့ကြလို့ ဒီလိုအရေးအသားကောင်းလာခဲ့ကြခြင်း ဖြစ်တယ်။ တချို့မိသားစုများဟာ တစ်ယောက်နဲ့တစ်ယောက် စကားပြောရင် ဝါကျကို ဆုံးအောင်မပြောကြဘူး။ စကားတစ်လုံးလောက် ပြောလိုက်ရုံနဲ့ တစ်ယောက်ရဲ့အထာကို သိနေကြတယ်။ ဒါဟာ သိပ်ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး။ ဒီလို မဖြစ်စေချင်ရင် မိသားစုဝင်တွေရဲ့ ဉာဏ်ပညာအဆင့်အတန်းကို တိုးမြှင့်ရမယ်။ လူ့လောကကြီးက ထုတ်လုပ်ပေးခဲ့တဲ့ အကောင်းဆုံးသော အရာများကို တိုးမြှင့်ရမယ်။ လူ့လောကကြီးက ထုတ်လုပ်ပေးခဲ့တဲ့ အကောင်းဆုံးသော အရာများကို သိအောင်၊ နားလည်အောင်၊ ကျွမ်းဝင်



အောင်လုပ်ခြင်းဖြင့် မိသားစုရဲ့ ဉာဏ်ပညာကို မြှင့်တင်ပေးရမယ်။ ဒီနည်းအားဖြင့် မိသားစုထဲက အသိဉာဏ်အားဖြင့်နောက်ကျသူကို တွဲခေါ်ရမယ်။ ဘာသာတရားကို ရိုးသားစွာ ယုံကြည်ကိုးကွယ်ခြင်း၊ အနုပညာ (အထူးသဖြင့်ဂီတ) ကို ချစ်ခင်နှစ်သက်ခြင်း၊ အလုပ်တစ်ခုကို အတူခွဲဝေလုပ်ကိုင်ခြင်း၊ နိုင်ငံရေးယုံကြည်ချက်တစ်ခုကို အတူသက်ဝင်ယုံကြည်ခြင်း စသည့် နည်းလမ်းများဖြင့် မိသားစုကို သည့်ထက်သည် အဆင့်တိုးမြှင့်အောင် လုပ်ပေးရမယ်။

မိသားစုဘဝမှာ တွေ့ရတတ်တဲ့ နောက်အန္တရာယ်တစ်ခုရှိသေးတယ်။ အဲဒါကတော့ မိသားစုထဲက တစ်ယောက်ယောက်ကို သူ့ကိုတော့ ပြောမနေနဲ့ဆိုတဲ့ သဘောမျိုးနဲ့ ခွေးဝင်စားသဖွယ် အလေးမထားတတ်တဲ့ ကိစ္စပဲ။ ဒါက အဲဒီမိသားစုဝင်ကို ရန်လိုတာမျိုး၊ မနာလိုတာမျိုးမဟုတ်ဘူး။ မိသားစုတွေက သူ့ကို တစ်မျိုးမြင်တတ်ကြတာမျိုးကို ပြောတာ။ ဘရွန်တီညီအစ်မတွေရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ကြည့်ပါလား။ သူတို့အဖေရဲ့ အမြင်မှာတော့ ညီအစ်မတစ်တွေကို စာရေးဆရာတွေရယ်လို့ မမြင်ဘူး။ သူ့အဖေ မစ္စတာဘရွန်တီအဖို့ သူတို့ဝတ္ထုတွေ၊ သူတို့အနုပညာတွေဟာ ကစားစရာလို့ပဲ ထင်နေတယ်။ သူတို့ဝတ္ထုတွေ၊ သူတို့အနုပညာတွေဟာ ဘာမှအရေးကြီးတယ်လို့ မထင်ဘူး။ တော်စတွိုင်းရဲ့ ဇနီးကျတော့လည်းတစ်မျိုး။ တော်စတွိုင်းရဲ့ ဇနီးဟာ သူ့ယောက်ျားကို ပါရမီရှင်ကြီးတစ်ဦးလို့ အသိအမှတ်ပြုတယ်။ ကလေးတွေကလည်း သူ့ကို နှစ်သက်ကြတယ်။ နားလည်ဖို့ကြိုးစားကြတယ်။ ဒါပေမယ့် ဘယ်လိုပဲ နားလည်အောင် ကြိုးစားကြိုးစား မိန်းမနဲ့ ကလေးတွေရဲ့ အမြင်မှာတော့ တော်စတွိုင်းဟာ လူထူးလူဆန်းကြီးတစ်ယောက်လို့ မြင်နေကြတယ်။ အိမ်မှာ အိမ်စေတွေထားဖို့ မလိုဘူး၊ ဧည့်သည်ဆယ့်ငါးယောက် ယောက်ကို ကျွေးဖို့ညစာကို ကိုယ်တိုင်ချက်ရမယ်လို့ တောင်းဆိုနေတဲ့ လူတစ်ယောက်အနေနဲ့ပဲ မြင်နေကြတယ်။

မိသားစုအသိုက်အဝန်းမှာ လူတစ်ယောက်ဟာ ကိုယ်နေချင်သလို နေလို့ရတယ် ကိုယ့်စိတ်တိုင်းကျ နေလို့ရတယ်လို့ တစ်နေရာမှာ ပြောခဲ့ဖူး တတ်တယ်။ ရင်းချာတဲ့ မိသားစုအသိုင်းအဝိုင်းမှာ တခြားလူစိမ်းလိုနေလို့ မဖြစ်ဘူး။ ကိုယ်နေတတ်သလို နေသင့်တယ်။ ဟန်ဆောင်ပန်းဆောင်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နေလို့မဖြစ်ဘူး။ မိသားစုထဲမှာ သူတော်စင်အတွက် နေရာမရှိဘူး။ သူရဲကောင်းအတွက် နေရာမရှိဘူး။ မိသားစုဝင်ဟာ မိသားစုဝင်လိုပဲ နေရမယ်။ ဒီလိုပြောတဲ့အတွက် ထူးချွန်ကြီးမြတ်တဲ့ ပါရမီရှင်တစ်ယောက်ဟာ မိသားစုထဲမှာ သာမန်လူလိုနေရမယ်၊ ဒါမှမဟုတ် အဲဒီပါရမီရှင်ကို အဆင့်နှိမ့်ပြီး ဆက်ဆံရမယ်လို့ ပြောတာမဟုတ်ဘူး။ ဒါပေမယ့် သူ့ကို မြင်တာဟာ တခြားသူတွေ မြင်တာနဲ့တော့ မတူနိုင်ဘူး။ သူ့ရဲ့ထူးချွန်မှုကို နည်းနည်းပါးပါး လျှော့တွက်တာမျိုးတော့ ရှိနိုင်တယ်။ မိသားစုထဲမှာ သည်လို ထူးချွန်တဲ့သူရှိပါကလားဆိုတဲ့ ဝမ်းသာကြည်နူးမှုမျိုးတော့ ရှိနိုင်တယ်။ ဂျုန်းဆိုတဲ့ လူဟာ ကြီးကျယ်ထင်ရှားတဲ့ တရားဟော ဆရာကြီးတစ်ယောက်ဖြစ်ရင် ကျန်တဲ့ မိသားစုတွေက ဝမ်းသာတယ်။ ဒီလို ဝမ်းသာတာဟာ သူ့တရားတွေကိုနာပြီး သဘောကျလို့မဟုတ်ဘူး။ သူ့လုပ်ဆောင်ချက်တွေကို တန်ဖိုးထားလို့ မဟုတ်ဘူး။ သူတို့ မိသားစုထဲကလူ ထွန်းထွန်းပေါက်ပေါက်ဖြစ်လို့ ဝမ်းသာတာမျိုးဖြစ်တယ်။

သက်ရှယ်အိုမင်းနေတဲ့ အဒေါ်ဟာ ပထဝီဝင် ပါရဂူတစ်ဦးဖြစ်တဲ့ သူ့တူရဲ့ စကားတွေကို နားထောင်ပြီး သဘောကျနေတယ်။ ဒီလို သဘောကျနေတာဟာ ပထဝီဝင်ကို စိတ်ဝင်စားလို့ မဟုတ်ဘူး။ သူ့တူကို ချစ်လို့ သဘောကျ နေတာဖြစ်တယ်။

◆ ◆ ◆

စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်မှုရဲ့ အရေးကြီးပုံကို ငြင်းပယ်ခြင်း၊ အဆင့်နိမ့်သူနဲ့ တန်းညှိခြင်းတို့ကြောင့် မိသားစုဘဝကို ဆန့်ကျင်ဖီဆန်ခဲ့တဲ့ သာဓကတွေကတော့ အများကြီးပါပဲ။ ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့ရဲ့ ရည်ရွယ်ချက်အောင်မြင်ထမြောက်စေဖို့အတွက် မိမိတို့မိသားစုများရဲ့ နွေးထွေးလှိုက်လှဲမှု၊ အလိုလိုက်အကြိုက်ဆောင်မှုတို့ကို ကျော်ခိုင်းရမယ်၊ မိသားစုအသိုက်အမြုံက ရှောင်ခွာထွက်ပြေးရမယ်လို့ယူဆပြီး အဲဒီလို ထွက်ပြေးရှောင်ခွာသွားကြတဲ့ သာဓကတွေလည်း အများကြီးပါပဲ။ ဒီလို ကာလမျိုးတစ်ခုမှာ



တော်လ်စတွိုင်းဟာ မိသားစုကို စွန့်ပစ်ပြီး အရညဝါသီတစ်ဦး ရဲ့ဘဝမျိုးကို ရောက်သွားခဲ့ဖူးတယ်။ လူငယ်တစ်ယောက်ဟာ 'သင့်အမိနှင့် အဖကို စွန့်လေ' ဆိုတဲ့ သမ္မာကျမ်းစာက စကားကို မကြာခဏကြားယောင် မိတတ်တယ်။ ဂိုဂင်ဟာ ပန်းချီရဟန်းတစ်ပါးအဖြစ် တဟီတီကျွန်းမှာ သွားရောက်နေထိုင်ဖို့ သူ့မိသားစုကို စွန့်လွှတ်ခဲ့တယ်။ ကျွန်တော်တို့အားလုံးဟာ ဘဝမှာ အထက်ကပြောခဲ့တဲ့ 'အမိနှင့်အဖကို စွန့်လေ' ဆိုတဲ့ သာဝကတို့ရဲ့ စကားကို အနည်းဆုံးတစ်ခါလောက်တော့ ကြားယောင်မိကြတာအမှန်ပဲ။ လေလွင့်နေတဲ့ သားဆိုးသားမိုက်တစ်ဦး၊ သမ္မာကျမ်းစာထဲက 'သားဆိုးသားမိုက်' လို မိသားစုအကျိုးကို မကြည့်ဘဲ အိမ်ကဝေးရာမှာ ကိုယ်ထင်ရာကိုယ် လုပ်နေချင်တဲ့ အချိန်တစ်ချိန်တော့ရှိတတ်ဖူးတယ်။

မိသားစုအသိုက်အဝန်းက ဒီလို ရုန်းထွက်ခဲ့တဲ့အတွက် အကျိုးကျေးဇူးရှိတယ်လို့ တချို့က ထင်ကြတယ်။ ကျွန်တော်ကတော့ ဒီလိုမထင်ဘူး။ မိသားစုက ထွက်ပြေးတယ်ဆိုတာ အနှောင်အဖွဲ့က ထွက်ပြေးတာဖြစ်တယ်။ ဒီထဲမှာ ပကတိစိတ်အရဖြစ်လာပြီး နောင်မှာ အလိုလိုဖြစ်လာတဲ့ အနှောင်အဖွဲ့က ထွက်ပြေးတာဖြစ်တယ်။ ဒါပေမယ့် မိသားစု အနှောင်အဖွဲ့က ထွက်ပြေးပေမယ့် သူလွတ်မြောက်သွားသလား။ မလွတ်မြောက်ပါဘူး။ သဘာဝကျတဲ့ တခြားအနှောင်အဖွဲ့ထဲကိုပြန်ပြီး ကျရောက်သွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူတစ်ဦးတည်း အထီးတည်းနေလို့မှမရဘဲကိုး။ သူဟာ စိတ်ပုတီးနဲ့ ရိပ်ကြီးကို ခိုချင်ခိုနိုင်တယ်။ စာပေကျမ်းဂန်နဲ့ ပျော်မွေ့ချင်ရင်လည်း ပျော်မွေ့နိုင်တယ်။ ဒဿနဆရာ 'နစ်ရှေး' လို ရူးသွပ်တဲ့ ဘဝမှာ ပျော်မယ်ဆိုရင်လည်း ပျော်နိုင်တယ်။ ဒါပေမယ့် (ရောမဘုရင်) မားကတ်စ်အြဲရဲလီယတ်စ် ပြောသလို လောကကြီးကို စွန့်ခွာရုံနဲ့တော့ အသိဉာဏ်တရားကို မရနိုင်ပေဘူး။ မိသားစုဘဝက ထွက်ပြေးရတယ်ဆိုတာ လွယ်ပါတယ်။ ဒါပေမယ့် ဘာမှ အကျိုးမရှိဘူး။ မိသားစုတစ်ခုကို တည်ဆောက်ဖို့ မြင့်တင်နိုက်စွကတော့ ပိုခက်ခဲပြီး ပိုမြင့်မြတ်တဲ့ အရာဖြစ်တယ်၊ ဒါပေမယ့် ဘယ်လူငယ်ရဲ့ ဘဝမှာပဲဖြစ်ဖြစ် မိသားစုဘဝဟာ အကျိုးကျေးဇူးမပေးဘူး၊ ကျေးကျွန်သဖွယ် အတုပ်အနှောင်ဖြစ်တယ်လို့ ယူဆတတ်တဲ့ အချိန်တစ်ချိန်ရှိတတ်တယ်။ ဒီအချိန် ဒီအရွယ်ဟာ စကောစကအရွယ်ဖြစ်ပါတယ်။ ဒီအ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို သဘောပေါက်အောင် ပြောနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ မိသားစုတစ်စုအတွင်းက မျိုးဆက်တစ်ခုနဲ့တစ်ခုတို့ရဲ့ ဆက်ဆံရေးအကြောင်းကို သေသေချာချာ စဉ်းစားကြရလိမ့်မယ်။

မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်တို့ရဲ့ ဆက်ဆံရေးအကြောင်းကို ပြောရာမှာ ဒီဆက်ဆံရေးဟာ ဘယ်လိုအစပြုပေါ်ပေါက်လာသလဲဆိုတာ ကျွန်တော်ပြောခဲ့ပြီးပြီ။ အလိုအလျောက်ဖြစ်ပြီး အကန့်အသတ်မရှိတဲ့ မိခင်ရဲ့ မေတ္တာအကြောင်းကို ကျွန်တော်ပြောခဲ့ပြီးပြီ။ ကလေးရဲ့ မြတ်နိုးတွယ်တာမှုနဲ့ ယုံကြည်ကိုးစားမှုကိုလည်း ပြောခဲ့ပြီးပြီ။ ဒီလိုဆက်ဆံရေးမျိုးကတော့ ပုံမှန်ဆက်ဆံရေးပါပဲ။ မိဘတွေမကြာခဏ ကျူးလွန်လေ့ရှိပြီး အန္တရာယ်မရှိဘူးလို့ထင်ရတဲ့ အမှားတစ်ခုကတော့ ကလေးကို အလိုလိုက်ဖျက်ဆီးတဲ့ကိစ္စပါ။ မိဘက အလိုလိုက်တဲ့အခါကျတော့ ကလေးဟာ သူ့ကိုယ်သူ အရာရာမှာ တန်ခိုးအာဏာရှိတယ်လို့ ထင်လာတယ်။ သူလုပ်ချင်တာကို လုပ်လို့ရနိုင်တယ်လို့ ထင်လာတယ်။ ဒီအချက်ဟာဖြင့် အန္တရာယ်အကြီးဆုံးပါပဲ။ ကလေးတစ်ယောက်ရဲ့စရိုက်ဟာ မွေးပြီးစအစောပိုင်းလများမှာ စတင်ဖွဲ့စည်းလာခဲ့ပါတယ်။ တစ်နှစ်လောက်ရောက်တယ်ဆိုရင်ပဲ ကလေးဟာ စည်းကမ်းကိုနာခံတတ်သလား၊ ဒါမှမဟုတ် စည်းကမ်းကို လုံးဝနာခံခြင်းမရှိဘူးလားဆိုတာကို တွေ့လာရတာပါပဲ။ 'တကယ်တော့ ကလေးအပေါ်မှာ ကိုယ်ကဘာမှ ပြုပြင်လို့ရတာမဟုတ်ပါဘူး။ သူ့စရိုက်နဲ့သူ ဖြစ်လာကြတာပါ။ ပြောင်းအောင်လုပ်ဖို့ဆိုတာ မလွယ်ပါဘူး' လို့ မကြာခဏ လူတွေပြောလေ့ရှိကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မကြာခဏပြောဖူးတယ်။

ဒါပေမယ့် အများအားဖြင့်တော့ ကလေးကို စောစီးစွာပညာပေးခြင်းဖြင့် သူ့ကို ပြောင်းလဲအောင် လုပ်လို့ရနိုင်ပါတယ်။ ဒီအချက်ကို ကျွန်တော်တို့ မစဉ်းစားပဲဖြစ်နေကြတယ်။

လူ့ဘဝကိုရောက်လာပြီး မကြာမီမှာပဲ ကလေးငယ်ကို စည်းကမ်းရှိနေတတ်အောင် လုပ်ပေးရမယ်။ အကယ်၍ စည်းကမ်းကို တုံ့ပြန်လိုက်နာခြင်းမပြုရင် သူ့ကံကြမ္မာဟာ အတိဒုက္ခအပေါင်းနဲ့ ကြုံတွေ့လိမ့်မယ်။ လူ့အဖွဲ့အစည်းမှာ ပြောင်းလဲခြင်းမရှိတဲ့ သူ့ကိုယ်ပိုင် ဥပဒေသတွေရှိတယ်။ လူတိုင်းရဲဒင်းနဲ့ ချိတ်ကောက်ကိုကိုင်ပြီး ကိုယ်လမ်းကို ကိုယ်ထွင်သွားကြရတယ်။



ကိုယ်လမ်းကို ကိုယ်ထွင်သွားရတာ တော်တော်ပင်ပန်းဆင်းရဲတဲ့ အလုပ်ဖြစ်တယ်။ စိတ်ရှည်မှု၊ အလျှော့ပေးမှု၊ ဂွဲရှိမှုစတာတွေ ရှိဖို့လိုတယ်။ အလိုလိုက်ခံခဲ့ရတဲ့ ကလေးကတော့ ဆန်းကြယ်တဲ့ စိတ်ကူးလောကကြီးမှာ နေတယ်။ သူ့အပြုံးတစ်ခု၊ ဒါမှမဟုတ် သူ့ရဲ့ အလိုမကျတဲ့ အမူအရာတစ်ခုဟာ သူလိုချင်တဲ့ ရလာဘ်ကို ပေးတာဖြစ်တယ်လို့ သေသည်အထိ ယုံသွားတယ်။ သူ့ကို အလိုလိုက်တဲ့ မိဘတွေက သူ့ကို ကိုယ်ကျိုးမငဲ့ဘဲ ချစ်ကြသလို အခြားသူတွေကလည်း သူ့ကို ကိုယ်ကျိုးမငဲ့ဘဲ ချစ်တာမျိုးကို ခံချင်တယ်။ လူကြီးတွေဟာ ကလေးတွေကို ဖျက်ဆီးခဲ့ကြတယ်ဆိုတာ ကျွန်တော်တို့ သိခဲ့မြင်ခဲ့ကြပြီးပြီ။ အလွန်မြင့်တဲ့ နေရာကို ရောက်ခဲ့သူများဟာ ကလေးဆန်တဲ့ အမူအရာတွေကြောင့် အဲဒီအမြင့်ကနေရာတွေကို ဆုံးရှုံးခဲ့ရတာကို မြင်ခဲ့ကြရပြီ။ သူတို့လိုချင်တာကို မျက်နှာညိုပြရုံနဲ့ရမယ်လို့ ထင်တဲ့အသက်ခြောက်ဆယ် အဖွားကြီးတွေကို တွေ့ခဲ့ကြရပြီ။ သည်လိုမဖြစ်ရလေအောင် အကောင်းဆုံးနည်းကတော့ လောကမှာလိုက်နာရမယ့် စည်းကမ်းတွေရှိတယ်ဆိုတာကို စကားနဲ့ပြောတဲ့ ညွှန်ကြားချက်တွေကို သူ နားမလည်မီ စောစီးစွာကတည်းက ကလေးကို သင်ပြပေးထားရမယ်။

ဒီလို သမာသမတ်ကျကျ မစဉ်းစားနိုင်တဲ့မိခင်များရဲ့ အမှားကြောင့် ကလေးတွေ ဘယ်လောက်ဆိုးသွားနိုင်တယ်၊ စိတ္တဇဝေဒနာသည်ကလေးတွေ ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာကို စိတ္တဗေဒပညာရှင် အက်ဒလားက ပြောခဲ့ပြီးပြီ။ ညီအစ်ကိုမောင်နှမဆက်ဆံရေးတွေဟာ မိသားစုထဲမှာ မိတ်ဆွေပေါင်းသင်းဆက်ဆံရေးရဲ့ နမူနာစံပြတွေဖြစ်တယ်။ ဒါပေမယ့် မိသားစုအသိုက်အဝန်းတိုင်းမှာ သည်လိုမိတ်ဆွေသဖွယ် ဆက်ဆံရေးရှိတယ်လို့ ယူဆရင်တော့ မှားလိမ့်မယ်။ မိသားစုတစ်စုအတွင်းမှာ ကလေးရဲ့ အသက်အပိုင်းအခြားကွာခြားမှုဟာလည်း စရိုက်ကို ဆုံးဖြတ်ပြဋ္ဌာန်းတဲ့နေရာမှာ အရေးကြီးတဲ့ အခန်းကပါတယ်။ သားဦး (သမီးဦး) ဟာ အမှားအားဖြင့် အလိုလိုက်ခံရပြီး အကျင့်ပျက်စီးနေတဲ့ ကလေးဖြစ်နေတတ်တယ်။ ခုတိုင် အချစ်မပြယ်နိုင်ကြသေးတဲ့ ငယ်ရွယ်သူ ဇနီးမောင်နှံတို့အဖို့ သားဦးရဲ့ အပြုံးဟာ အလွန်ထူးခြားပြီး အလွန်နှစ်လိုစရာကောင်းနေတယ်။ မကြာခင်ပဲ သူ (သားဦး)

www.burmeseclassic.com

www.burmeseclassic.com



တာ မိဘတွေရဲ့ ဇာတိုချက်မ ဖြစ်လာတော့တာပါပဲ။ ဒါကို ကလေးက မသိဘူး ဆိုပေမဲ့ သိတယ်။ ဒီလိုနဲ့ ဒီအရေးပေးခံရမှု၊ ဒီလို အလိုလိုက်မှု၊ ဒီလိုဖူးဖူး မှုတ်ခံရတဲ့ အနေအထားဟာ သူ့ရဲ့ ပိုင်ခွင့်၊ သူရသင့်ရထိုက်တဲ့ အခွင့်အရေး လို့ ထင်သွားတော့တယ်။ မိသားစုထဲမှာ နောက်ထပ် ကလေးတစ်ယောက် ရောက်လာပြီဆိုတာနဲ့ သားဦးဟာ မိဘရဲ့အချစ်ကို နောက်ရောက်လာတဲ့ ပြိုင် ဘက်ကို ခွဲဝေပေးလိုက်ရတယ်။

ဒီလိုခံစားချက်မျိုးဟာ ကလေးတွေရဲ့ စိတ်ထဲမှာ နက်ရှိုင်းစွာ အမြစ် တွယ်သွားတတ်တယ်။ သားဦးဟာ သူ့ကို တန်ခိုးအာဏာနေရာက ဖယ်ချ ပစ်လိုက်တဲ့ နောက်ရောက်လာသူကို သေသွားပါစေလို့တောင် ဆုတောင်း ချင် ဆုတောင်းမိလိမ့်မယ်။ တချို့ကျတော့လည်း ငိုပြတဲ့နည်း၊ ပူဆာတဲ့နည်း နဲ့ လူကြီးတွေရဲ့ အာရုံစိုက်မှုကို ပြန်ရအောင်လုပ်ကြတယ်။ အဲ ချူချာတဲ့ ကလေးတွေအဖို့တော့ နေထိုင်မကောင်းဖြစ်လိုက်တာဟာ (လူကြီးမိဘအရေး ပေးခံရဖို့အတွက်) အလွန်ကောင်းတဲ့ အခွင့်အရေးကြီးပေါ့။ တချို့မိန်းမတွေ ဟာ သူတို့ကိုအများကအာရုံစိုက်လာအောင် အများအာရုံစိုက်မှုရဲ့ ဇာတိုချက်မ ဖြစ်လာအောင် သူတို့ကိုယ်ကို သူတို့ သနားစရာအပူရုပ်ကလေးတွေနဲ့ ဟန် လုပ်တတ်ကြတယ် မဟုတ်လား။ ဒါပေမဲ့ ဒီလို ပရိယာယ်မျိုးဟာ မိန်းမမှာ သာရှိတယ် မထင်ပါနဲ့။ ကလေးတစ်ယောက်လည်း ဒီလို ပရိယာယ်လုပ်နိုင် တဲ့ အစွမ်းရှိတယ်။ တချို့ကလေးများဟာ ညီလေး၊ ညီမလေးတွေ လည်းရှိ လာရော စိတ်ပျက်စရာကောင်းလာတယ်။ မမျှော်လင့်တဲ့ မိုက်မဲမှုတွေ၊ မသိ တတ်မှုတွေကြောင့် လူကြီးမိဘက စိတ်ဆိုးရတယ်။ ဒေါသထွက်ရတယ်။ တစ်ခါတလေမှာတော့ အဲဒီမိုက်မဲမှုတွေအတွက် ကလေးဟာ သူကိုယ်တိုင် နောင်တရပြီး စိတ်မကောင်းဖြစ်ရတယ်။ အမှန်ကတော့ ဒီလိုလုပ်တာဟာ သူ့ကို အရေးပေးလာအောင် ဂရုစိုက်လာအောင် တစ်နည်းတစ်ဖုံ ကြိုးပမ်း ကြည့်တဲ့ အပြုအမူတစ်ရပ်ပဲ ဖြစ်ပါတယ်။

သားဦးရဲ့ စိတ္တဗေဒဆိုင်ရာ ပုံစံဟာ ကြီးလာသည့်အထိ သိလွယ်မြင် လွယ်ဖြစ်နေတယ်လို့ စိတ္တဗေဒပညာရှင် အက်ဒလားက ပြောခဲ့ဖူးတယ်။ (ဒီအချက်ဟာ တော်တော်များများမှန်တယ်လို့ ကျွန်တော်ထင်တယ်။) ဥပမာ အားဖြင့် သားဦးဟာ အတိတ်ကို ယာစိတ်ဝင်စားတာ၊ အယူသည်းတာ၊ စိတ်



ရှေ့ကြည့်သာမှု မရှိတတ်တာ၊ သူ့ဘဝမှာ အပျော်ဆုံးအချိန်ဖြစ်တဲ့ ငယ်ရွယ် စဉ်က အကြောင်းတွေကိုလောက်သာ ပြောချင်တာ-စတာမျိုးဟာ သားဦး (အဦးဆုံးကလေး) ရဲ့ စိတ်ဓာတ်အမျိုးအစားဖြစ်တယ်။ ကလေးအငယ်ဟာ အနာဂတ်အတွက် နေသူဖြစ်တယ်။ နှောင်းမွေးကလေးဟာ လျှောင်ပြောင် သရော်တတ်တယ်။ သူ့ရဲ့နိုင်ငံရေး အတွေးအခေါ်များဟာလည်း သားဦးရဲ့ အတွေးအခေါ်တွေထက် ပိုပြီးတိုးတက်တယ်။ သူက နောက်လူဖြစ်တဲ့အ တွက် ယဉ်ကျေးမှုအဟောင်းနဲ့ပတ်သက်လာရင် အမြင်ပိုပြီး တိုးတက်တယ်။ ဆာဝီလျံဟားကုတ်ရဲ့ ပြုပြင်ပြောင်းလဲရေးအမြင်များကို သူ့အစ်ကိုက တန်ပြန်ခဲ့တယ်။ သည်တော့ သူက 'ဒီမှာ အစ်ကို ခင်ဗျားက မြေယာတွေကို ပိုင်ပြီးပြီ။ ဒီတော့ အတွေးအခေါ်တွေကို ကျွန်တော်ပိုင်ပါရစေ' လို့ ပြောခဲ့ တယ်။ ဒီသဘောအတိုင်းပါပဲ။ ရှာတိုဘရိုင်းယန်းရဲ့ စိတ်ဓာတ်ဖွံ့ဖြိုးမှုကို လေ့လာတဲ့အခါမှာ သူက အငယ်လူဖြစ်လေတော့ ဆယ့်ရှစ်ရာစုနှစ်က တော် လှန်ရေးအတွေးအခေါ်တွေကို (အစ်ကိုက သဘောမကျဘဲ) သူက သဘော ကျခဲ့တယ်။

အထွေးဆုံးကလေးဟာလည်း အလိုလိုက်ခံရပြီး ပျက်စီးတဲ့ကလေး ဖြစ်နိုင်တယ်။ အထူးသဖြင့် သူနဲ့ အကြီးတွေနဲ့သိပ်ပြီး အသက်အပိုင်းအခြား ကွာခြားလွန်းရင် သည်လိုဖြစ်လေ့ရှိတတ်တယ်။ ဒါပေမယ့် သူကတော့ ပျော် ရွှင်တဲ့ ကလေးတစ်ယောက်ဖြစ်တတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့နောက် မှာ သူ့ဝေစုကို လုယူမယ့်ပြိုင်ဘက် မရှိတော့လို့ပဲ။ သူဟာ သူ့ကို ချစ်ခင် ယုယကြတဲ့ အစ်ကိုအစ်မတွေရဲ့ အချစ်တော်ဖြစ်တယ်။ သူဟာ ဘဝမှာ အောင်မြင်တဲ့လူဖြစ်တတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိလို့ဖြစ်တယ်။ နောက်ပြီးတော့ အစ်ကိုအစ်မတွေရှိတဲ့ အတွက် သူ့ရှေ့မှာ နမူနာစံပြတွေရှိပြီး သူတို့နဲ့အမီလိုက်လို့ဖြစ်တယ်။ သူဟာ သိမ္မာပါးနပ်ပြီး ပရိယာယ်လည်း ကြွယ်သူဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အငယ်ဆုံး၊ အားအနည်းဆုံးဖြစ်တော့ စေ့စပ်ရတာ၊ အလျှော့ပေးရတာ တို့လည်း နားလည်သဘောပေါက်လို့ဖြစ်တယ်။

မိဘတွေဟာ သူတို့အားလုံးကို ညီတူညီမျှ ချစ်တယ်ဆိုတာ ကလေး တွေအားလုံးကို ညီတူညီမျှ ချစ်တယ်ဆိုတာ ကလေးတွေ သဘောပေါက်မှ

www.burmeseclassic.com

www.burmeseclassic.com



သိပ်အရေးကြီးတယ်။ ပြီးတော့ မိခင်နဲ့ ဖခင်ကြားမှာ သဘောကွဲလွဲမှု၊ မလိုမုန်းထားမှုရှိတယ်ဆိုတာကို မသိဖို့လည်း အရေးကြီးတယ်။ သည်လိုရှိတာမျိုးကို သိသွားရင် သူတို့စိတ်ထိခိုက်ပြီး မိခင်နဲ့ဖခင်အပေါ်မှာလည်း အရိုအသေတန်သွားနိုင်တယ်။ လေးစားမှုလျော့သွားနိုင်တယ်။ ကြီးပြင်းသွားတဲ့အခါမှာ ဆန့်ကျင်ဖီဆန်သူ ဖြစ်သွားသူများဟာ အများအားဖြင့် ငယ်ငယ်တုန်း က အဖေတို့အမေတို့ အလုပ်နဲ့အပြော မညီညွတ်တာတွေကို တွေ့မြင်သွားခဲ့သူတွေ ဖြစ်နေလေ့ရှိတယ်။ အမေ့ပေါ်မှာ အထင်သေး အမြင်သေးဖြစ်တဲ့ သမီးတစ်ယောက်ဟာ တခြားမိန်းမတွေကိုလည်း ဘယ်မှာအထင်အမြင်ကြီးနိုင်၊ လေးစားနိုင်ပါတော့မလဲ။ ဒီလိုပဲ အထင်အမြင်သေးတော့မှာပေါ့။ လက်ထပ်ထိမ်းမြားတာ၊ အိမ်ထောင်ပြုတာဟာ ကျွန်ခံရခြင်းတစ်မျိုးလို့ ကလေးတွေ (အထူးသဖြင့် သမီးတွေ) က ထင်သွားတာဟာ တခြားကြောင့် မဟုတ်ဘူး၊ ရက်စက်ကြမ်းကြုတ်တဲ့ အဖေကို မြင်သွားလို့ဖြစ်တယ်။ သမီးမှာ အိမ်ထောင်ရေးကို ကြောက်ရွံ့စက်ဆုတ်တဲ့ စိတ်ပေါ်သွားတာဟာ ရက်စက်ကြမ်းကြုတ်တဲ့ ဖခင်မှာ တာဝန်ရှိတယ်။ ကျွန်တော့်အထင် ပြောရမယ်ဆိုရင်တော့ ဖခင်တစ်ယောက်ဟာ သူတို့ဘဝနဲ့ ကိုက်ညီတဲ့ အကြီးဆုံးသော ပျော်ရွှင်မှုကို ကလေးတွေကို ပေးသင့်တယ်။ လူတစ်ယောက်အဖို့ ကလေးဘဝကအောက်မေ့သတိရဖွယ်များဟာ အကောင်းဆုံး၊ အဖိုးတန်ဆုံးသော ရတနာများဖြစ်တဲ့အတွက်ကြောင့်တစ်ကြောင်း၊ ငယ်ငယ်က ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိတဲ့ကလေးဟာ ကြီးလာသည်အထိ ပျော်ရွှင်ချမ်းမြေ့မှုကို မရတတ်တဲ့အတွက်ကြောင့်တစ်ကြောင်း၊ လူ့ဘဝဟာလည်း တိုတိုကလေးသာဖြစ်တဲ့အတွက်ကြောင့်တစ်ကြောင်း ကလေးတွေကို ငယ်ရွယ်စဉ်မှာ တတ်နိုင်သမျှ ပျော်ရွှင်မှုကို ပေးသင့်တယ်။

တစ်ပြိုင်တည်းမှာ ဖခင်တစ်ယောက်ဟာ ခိုင်မာပြတ်သားရမယ်။ လောကကြီးဟာ လွယ်လွယ်နဲ့ အောင်နိုင်လို့ရတဲ့အရာ မဟုတ်ဘူးဆိုတာကို ကလေးတွေ ငယ်ငယ်ကတည်းက သဘောပေါက်အောင် လုပ်ရမယ်။ ဒီလိုမှ ကြိုတင်သင်ကြားမထားခဲ့ရင် လူကြီးဖြစ်လာလို့ ဆုံးရှုံးမှုနဲ့ တွေ့လာတဲ့ခါမှာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားနိုင်တယ်။ ကလေးတုန်းက မိခင်ကပိုးမွေးသလို ပြုစုစောင့်ရှောက်ခဲ့ပြီး ကြီးလာတဲ့အခါမှာ ကြမ်းတမ်းမာကြောတဲ့ လောကကြီးကို ရင်ဆိုင်လာရတဲ့အခါ၊ နှလုံးသားကင်းမဲ့တဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို တွေ့လာရတဲ့အခါ၊ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားတဲ့ သူမျိုးတွေကို ကျွန်တော်တွေ့ဖူးတယ်။ သူတို့ဟာ လောကဓံကိုခံနိုင်ကြတော့ဘူး။ သည်လိုနဲ့ သူတို့ဟာ လောကကြီးကို လက်မြှောက်အရှုံးပေးရတဲ့ အဖြစ်ကို ရောက်သွားကြရတယ်။ အလုပ်၊ အနေအထိုင်နဲ့ ပတ်သက်လို့ လိုအပ်တဲ့အနည်းငယ်သော စည်းမျည်းစည်းကမ်းတို့ကို လိုက်နာအောင် သူတို့ကို ဆော်ဩတာ၊ တစ်ပြိုင်နက်တည်းမှာ ကလေးကို တတ်နိုင်သမျှ ပျော်ရွှင်အောင်ထားတာဟာ ကလေးကို စိတ်ထိခိုက်မှု အနည်းဆုံးနဲ့ အရွယ်ရောက်အောင် မွေးမြူစောင့်ရှောက်ရာမှာ အကောင်းဆုံးသော နည်းလမ်းပဲဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။

◆◆◆

ဆက်ဆံရေးပုံသဏ္ဌာန် အမျိုးမျိုးတို့အနက် သားနဲ့အမေတို့ကြားက ရာသက်ပန်တည်တဲ့ ရင်းနှီးမှုဟာ အမြင့်မြတ်ဆုံးသော ဆက်ဆံရေးပုံသဏ္ဌာန် ဖြစ်တယ်။ မိခင်တစ်ယောက်က သူ့သားသမီးတွေအပေါ်မှာ ထားရှိတဲ့ မိခင်မေတ္တာအကြောင်းကို ကျွန်တော်တို့ ပြောခဲ့ပြီးပါပြီ။ နောက်ကြီးပြင်းလာတဲ့အခါ အထူးသဖြင့် ဖခင်ကွယ်လွန်ပြီးတဲ့အခါမှာ သားနဲ့အမေရဲ့ ရင်းနှီးမှုဟာ ပြန်ပြီးနီးစပ်လာကြပြန်ပါတယ်။ အဲဒီအခါမှာ သားကလည်း အမေကိုနားလည်လာပြီး လေးစားလာတယ်။ အမေကလည်း မိသားစုရဲ့ အိမ်ထောင်ဦးစီးအဖြစ်လာတဲ့ သားကို ကြင်နာယုယစွာ ပိုက်ထွေးလေးစားလာတယ်။ ဒီနှစ်ဦးနှယ်ကောင်းတဲ့ ခံစားမှုနှစ်ခုပေါင်းစည်းတဲ့ ဥပမာကို ရှေးပဝေသဏီခေတ်များမှာလည်းကောင်း၊ သားတွေ၊ ချွေးမတွေ တစ်သိုက်တစ်ဝန်းနဲ့ ယာတောက အမေကအုပ်ထိန်းတဲ့ လယ်သမားမိသားစုများမှာလည်းကောင်း တွေ့နိုင်တယ်။ တစ်ခါတလေမှာတော့ အမေကသိပ်ပြီး ချယ်လှယ်လွန်းအားကြီးလို့ သားက အခြားမိန်းမတစ်ယောက်နဲ့နေမှ သူ့ပျော်ရွှင်မှုကိုရတော့မယ်လို့ သဘောပေါက်လာတယ်။ ဒီလိုချယ်လှယ်တဲ့ အမေမျိုးအကြောင်းကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကျွန်တော်တို့ မကြာခဏတွေ့နေကြရတယ်။ ဒီလိုအကြောင်းအရာမျိုး
ကို ရေးတဲ့နေရာမှာ စာရေးဆရာ ဒီအိတ်ချ်၊ လောရင့်စ်ဟာ တော်တော်ပွင့်
ပွင့်လင်းလင်းရေးလေ့ရှိတယ်လို့ ပြောလေ့ ရှိတယ်။ (တကယ့်ဘဝမှာတော့
မစ္စတ်ရပ်စကင်းဟာ ဥပမာတစ်ခုဖြစ်ပါတယ်။) လောရင့်စ်ရေးပြလေ့ရှိတဲ့
အမေမျိုးရဲ့ အထင်မှာ သူ့သားအပေါ်မှာထားတဲ့အချစ်ဟာ ဘာမှ ခန္ဓာဗေဒ
ဆိုင်ရာအကြောင်းမပါဘူးလို့ ထင်တတ်ကြတယ်။ မစ္စတာရပ်စကင်းရဲ့ဇနီး
ဟာ အမေက သူ့သားကို ဒီလောက်ချစ်ရမလားဆိုပြီး သူ့ယောကျ်ားကို
အမေနဲ့ပြန်ပေးစားပါတယ်။ ဒီနေရာမှာတော့ မစ္စက်ရပ်စကင်းဟာ မှန်သင့်
သလောက်မှန်တယ်လို့ ဆိုရမယ်။ သားနဲ့အမေရဲ့အချစ်ထဲမှာ ခန္ဓာဗေဒဆိုင်
ရာအကြောင်းတွေ ပါသင့်သလောက်ပါနေပါတယ်။

အမေနဲ့သမီးတွေရဲ့ ဆက်ဆံရေးကျတော့ သည်လိုမဟုတ်ပြန်ဘူး
တော်တော်ကွဲပြားတယ်။ တစ်ခါတလေမှာ အမေနဲ့သမီးဟာ သိပ်ပြီးသံယော
ဇဉ်တွယ်ကြလွန်းတဲ့အတွက် သမီးဟာ အိမ်ထောင်ကျသည့်တိုင် သူ့အမေ
တစ်နေ့မတွေ့ရရင် မနေနိုင်တာမျိုးလည်း ရှိတတ်တယ်။ ဒါပေမယ့် တခ
ကျတော့လည်း သမီးနဲ့အမေကြားမှာ အပြိုင်အဆိုင်သဘောမျိုး၊ မနာလိုဝ
တိုတာမျိုးတွေ ပေါ်လာတတ်တာမျိုးလည်းရှိတယ်။ အမေက ငယ်လည်းငယ်
သေးတယ်၊ ရုပ်ကလည်းချောသေးတယ်၊ မနာလိုဝန်တိုစိတ်မျိုးလည်းရှိတယ်
ဒီလိုမဟုတ်ရင်လည်း သမီးက သူ့အရည်အချင်းကို သိပ်မယုံဖြစ်ပြီး အမေ
မနာလိုတတ်တာမျိုးလည်းရှိတယ်။ သည်လိုအခါမျိုးမှာတော့ ကိုယ့်ခံစားချ
ကို မျိုသိပ်ထားဖို့ကိစ္စဟာ အမေ့ရဲ့တာဝန်ဖြစ်လာတယ်။

ဖခင်ရဲ့ မေတ္တာဟာ တော်တော်ထူးခြားတဲ့ ခံစားချက်မျိုးဖြစ်တယ်
သားသမီးနဲ့ အဖေဆိုတဲ့ သဘာဝအနှောင်အဖွဲ့ဟာ ရှိနေသေးပေမယ့် (မိခ
နဲ့ သားသမီးများလောက်) ခိုင်မာအားကောင်းခြင်းမရှိလှဘူး။ ဘောလ်ဇက်
အဖိုးအို ဂိုးရီးယော့ဝတ္ထုဟာ သမီးတွေအတွက် သူ့ကိုယ်သူ စွန့်လွှတ်အနစ်န
ခံတဲ့ အဖေတစ်ယောက်ရဲ့အကြောင်းကို ရေးထားတာဖြစ်တယ်။ အမေ
သမီးတွေကို ဘယ်လောက်ချစ်ကြောင်းကို ဘယ်လောက်ပဲ အကျယ်ချဲ့ရေ
ရေး ကျွန်တော်တို့ အံ့သြချင်မှ အံ့သြမယ်။ ဒါပေမယ့် ဂိုးရီးယော့က သူ့သ
တွေကို ချစ်ပုံမျိုးကတော့ လွန်လွန်းတဲ့အတွက် ရောဂါဝေဒနာတစ်ခု



ဘောင် ထင်ရတယ်။ ရှေးခေတ်မိသားစုများမှာ အဖေတွေဟာ သားသမီးတွေ
ကို သိပ်ဂရုမစိုက်နိုင်ကြဘူး။ သားသမီးများဟာ အမေ့ဘက်က တော်စပ်တဲ့
ဦးကြီးတွေရဲ့ ဆုံးမပဲ့ပြင်မှုအောက်မှာ ကြီးပြင်းလာခဲ့ကြရတယ်။ ယဉ်ကျေး
လာပြီဖြစ်တဲ့ အဖအုပ်စိုးတဲ့အစုများမှာပင်လျှင် ကလေးတွေကို သွန်သင်
ဆုံးမတာကို အမေကပဲ ကြီးကြပ်ခဲ့ရတယ်။ ငယ်ရွယ်တဲ့ကလေးဟာ အဖေကို
စေ့သည်တစ်ဦး၊ ဂုဏ်ကျက်သရေဆောင်တစ်ဦးလို့ပဲ သဘောထားတယ်။
ယခုခေတ်မှာတောင် အဖေဟာ ပြင်ပကိစ္စနဲ့ အလုပ်များနေသူတစ်ဦး၊ စိတ်
သောကရောက်စရာတွေ၊ စီမံကိန်းတွေ၊ ယုံကြည်မှုတွေနဲ့ အိမ်ကို ခပ်သုတ်
သုတ် ထမင်းပြန်စားရတဲ့ အလုပ်များသူတစ်ဦးလို့ မြင်နေကြတယ်။

အဖေဟာ ပြင်ပကမ္ဘာလောကကြီးကို ကိုယ်စားပြုတယ်။ ကလေး
တွေကို အလုပ်လုပ်ခိုင်းသူဖြစ်တယ်။ သူမျှော်မှန်းတာတွေ မအောင်မြင်ခဲ့တဲ့
အတွက် သူမအောင်မြင်ခဲ့တဲ့ ကိစ္စကို သားသမီးတွေ အောင်မြင်စေချင်တဲ့
အတွက် အဖေဟာ အလွန်စနစ်ဇယားကြီးတယ်။ 'ကဂျီကဂျောင်' ကျတတ်
တယ်။ တစ်ခါ သူဟာ အောင်မြင်နေတဲ့ လူတစ်ယောက်ဖြစ်ရင်လည်း သား
သမီးတွေကို စိတ်တိုင်းမကျနိုင်တဲ့အတွက် သူ့လိုမဖြစ်လာတဲ့အတွက် ပဒေသ
ရာဇ်ဆန်လာတတ်တယ်။ သားသမီးတွေက သူ ဖြစ်စေချင်တဲ့အတိုင်း မဖြစ်
လာတဲ့အခါမှာ သူ့ရဲ့လွန်ကဲတဲ့အချစ်ဟာ ခက်ထန်မာကြောတဲ့အဖြစ်ကို
ရောက်သွားတတ်တယ်။ သူဟာ သားသမီးတွေကို သူမျှော်မှန်းခဲ့တဲ့ မျှော်မှန်း
ချက်တွေအတိုင်း လုပ်ရမယ်လို့ တောင်းဆိုတယ်။ ဒါပေမယ့် သားသမီးတွေ
ကလည်း သူမျှော်မှန်းချက်ထားသလို လိုက်မထားနိုင်ကြဘူး။ နောင်ကျတော့
သမီးနဲ့အမေကြားမှာ ပြိုင်ဆိုင်မှုပေါ်လာသလို သားနဲ့အဖေကြားမှာလည်း
ပြိုင်ဆိုင်မှုပေါ်လာတော့တာပါပဲ။ အဖေတစ်ယောက်ဟာ သူ့လုပ်ငန်းကို
အုပ်ချုပ်ဖို့ကိစ္စကို လွယ်လွယ်နဲ့ မစွန့်လွှတ်နိုင်ဘူးဖြစ်လာတယ်။ ဒီနယ်ပယ်
မှာ သားက သူ့ထက်တော်လာရင် သူက ချောင်ထဲရောက်သွားမှာကို စိုးရိမ်
လာတယ်။ သားက ကိုယ့်ထက်တော်လာတာကို မကျေမနပ်ဖြစ်လာချင်တယ်၊
ဒီလိုနဲ့ သားနဲ့အမေကြားမှာ သဘာဝကျတဲ့ ရင်းနှီးမှုမျိုးပေါ်လာသလို အဖေ
နဲ့သမီးကြားမှာလည်း သဘာဝကျတဲ့ ရင်းနှီးမှုမျိုး ပေါ်ပေါက်လာခဲ့တော့
တယ်။ အပြိုင်အဆိုင်ဖြစ်လာကြတယ်။ တော်ဗတ္စိုင်းရဲ့သမီး ... ဆုံးတော

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အဘွင်းလူဖြစ်လာသလိုပေါ့။ ခုခေတ်မှာ နိုင်ငံရေးခေါင်းဆောင် သံအမတ် စသည်တို့ရဲ့ သမီးများဟာ သူတို့အဖေတွေရဲ့ အတွင်းရေးမှူးတွေ ဖြစ်လာကြသလိုပေါ့။ သည်မှာလည်းပဲ ကျွန်တော်ဟာ လူ့ရဲ့သဘောကို ဝတ္ထု ထဲမှာ သွားတွေ့ရပြန်တယ်။ ဘောလ်ဇက်ရဲ့ 'အဖိုးအိုဂရန်းဒက်' ဝတ္ထုထဲက 'ဂရန်းဒက်' ဟာ သူ့ရဲ့လောဘမျိုးကို သမီးကို အမွေပေးခဲ့ချင်တယ်။ ဂရန် ဒက်ကွယ်လွန်တဲ့အခါမှာ သူ့သမီးဟာလည်း အဖေ့ခြေရာကို လိုက်နင်းပြီး အဖေနဲ့တကယ် တူလာတော့တာပါပဲ။

ကိုယ့်ရဲ့သားသမီးများ လူ့လောကကြီးထဲကို ဝင်ရောက်လာလို့ အခက်အခဲတွေ့ရတာတွေကိုမြင်တော့ မိဘများဟာ သူတို့တွေ့ကြုံ ခဲ့ရတဲ့ အမှားတွေကို ပြန်ပြီးသတိရတတ်ကြတယ်။ သူတို့သားသမီးတွေ အမှားတွေ မှာကို စိုးရိမ်မိတတ်ကြတယ်။ သည်မှာတွင် မိဘတွေဟာ သူတို့ အတွေ့အကြုံ ကို သားသမီးက သင်ခန်းစာယူတတ်အောင် မသိသားဆိုးဝါးစွာ ကြိုးစားကြ တော့ပါပဲ။ ဒါပေမယ့် အဲဒီအတွေ့အကြုံများဟာ သားသမီးတွေအဖို့ ဘာ အသုံးမကျဘူးလေ။ လူရယ်လို့ဖြစ်လာရင် လူတိုင်းဟာ ကိုယ့်လမ်းကိုယ် သွားပြီး ကိုယ့်ဘဝကိုယ်နေရမယ် မဟုတ်လား။ အချိန်ကာလနဲ့အတူ အတွေ့ အခေါ်တွေဟာလည်း ပြောင်းလဲနေကြတယ်မဟုတ်လား။ ဇရာအရွယ် ရောက်မှရရှိလာတဲ့ ဉာဏ်အမြော်အမြင်မျိုးကို လူငယ်တစ်ယောက်နေ ဘယ့်နှယ်လုပ်ပြီး ရနိုင်ပါ့မလဲ။

အတွေ့အကြုံဆိုတာ နာနာကျင်ကျင်ခံစားဖူးမှ သည်နာကျင်မှုဟာ လည်း ကိုယ်စိတ်နှစ်ပါးစလုံးအပေါ်မှာ အရာထင်ကျန်ရစ်ခဲ့မှ တန်ဖိုးရှိတဲ့ တာမျိုးဖြစ်တယ်။ အိပ်မပျော်နိုင်တဲ့ညတွေနဲ့ အမှန်တရားနဲ့ ပဋိပက္ခဖြစ် တွေကြောင့် နိုင်ငံခေါင်းဆောင်တွေဟာ လက်တွေ့သမားတွေဖြစ်လာကြခြင်း ဖြစ်တယ်။ လူငယ်ဆိုတာ စကြဝဠာကြီးကို ကြိုးပမ်းအားထုတ်မှုမပါဘဲ အလွယ်ကလေးနဲ့ ပြောင်းပစ်ချင်တဲ့ လူမျိုးမဟုတ်လား။ သည်တော့ အဲဒီလို မျှော်မှန်းချက်ရှိတဲ့ လူငယ်တွေကို လူကြီးရဲ့ အတွေ့အကြုံတွေကို အသုံးချ အောင် လက်ဆင့်ကမ်းပေးလို့ ဘယ်နှယ်လုပ်ဖြစ်နိုင်ပါ့မလဲ။ ရောမဧကရာဇ် ပိုလိုနီးယတ်စ်ရဲ့ ဆုံးမနီတိများဟာ အများသူငါသိပြီးဖြစ်ပေမယ့် တော်တော် မှန်တဲ့စကားတွေပဲ။ ဒါပေမယ့် ကျွန်တော်တို့တစ်တွေဟာ အဲဒီစကားတွေကို ပြောလိုက်တာနဲ့ ပိုလိုနီးယတ်စ်လို ဖြစ်သွားကြတော့တာပဲ။ အမှန်ကတော့ အဲဒီနီတိတွေဟာ လေးနက်တဲ့အဓိပ္ပာယ်တွေ၊ အတွေ့အကြုံတွေ၊ ဉာဏ် အမြော်အမြင်တွေနဲ့ ပြည့်ဝတဲ့ စကားတွေပဲ။ ဒါပေမယ့် လူငယ်တွေအဖို့ တော့ သည်ဆုံးမစကား သည်နီတိတွေဟာ ဘာအဓိပ္ပာယ်မှမရှိဘဲ ဖျင်းစရာ ကောင်းနေတယ်။ ကျွန်တော်တို့ဟာ အသက်နှစ်ဆယ်ရွယ် မိန်းကလေးတစ် ယောက်ကို ဉာဏ်အမြော်အမြင်ရှိတဲ့ မိန်းမကြီးတစ်ယောက်ဖြစ်စေချင်နေ တယ်။ ဒါဟာ အဏုဇီဝဗေဒသဘောအားဖြင့် ဖြစ်ကိုမဖြစ်နိုင်ဘူး။ 'သက် ကြီးရွယ်အိုတို့ရဲ့ ဆုံးမပဲ့ပြင်စကားဟာ ဆောင်းတွင်းနေနဲ့တူတယ်။ အလင်း ရောင်ကိုတော့ ပေးပါရဲ့။ ဒါပေမယ့် နွေးထွေးမှုတော့မရှိဘူး' လို့ ဗော်ဗင်နာ ဂူက ပြောခဲ့တယ်။ လူငယ်တွေက ဖီဆန်ဆန့်ကျင်ကြတဲ့အခါမှာ စိတ်ပျက်ကြ တယ်။ သည်လိုနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတာ ပြစ်တင်မောင်းမဲတာမျိုး တွေ ပေါ်ပေါက်လာတယ်။ မိဘတွေဟာ ကလေးတွေရဲ့ ရှောင်လွှဲမရတဲ့ မိုက်မဲမှုကို ဘယ်တော့မှ ညည်းတွားခြင်းမပြုကြဘူး။ ကဗျာဆရာ 'ကိုဗင်ထရီ ပက်မိုး' ရဲ့ 'ကစားစရာများ' ဆိုတဲ့ ကဗျာလေးတစ်ပုဒ်ထဲမှာ သားအပေါ်မှာ တင်းတင်းကြပ်ကြပ် ပြင်းပြင်းထန်ထန် ဆက်ဆံမိတဲ့ အဖေတစ်ယောက်ရဲ့ အကြောင်းကို ဖွဲ့ထားတယ်။ ညပိုင်းရောက်တော့ အဖေက သားလေးရဲ့ အိပ်ခန်းထဲကို ဝင်သွားတယ်။ သားလေးက အိပ်ပျော်နေပြီ။ ဒါပေမယ့် သူ့မျက်လုံးမှာ မျက်ရည်စတွေ ကျန်နေသေးတယ်။ အိပ်ရာဘေးစားပွဲပေါ် မှာတော့ အနီရောင်အကြောကလေးတွေ ယှက်နေတဲ့ ကျောက်တုံးကလေး တစ်တုံး၊ ခရုခွံကလေး ခုနစ်လုံးရှစ်လုံး၊ ပုလင်းထဲထည့်ထားတဲ့ ပန်းပွင့်က လေးတချို့ အကြွေပြားကလေးနှစ်ပြားကိုတွေ့ရတယ်။ သူ စိတ်ပင်ပန်း ဆင်းရဲတုန်း၊ အဖေရဲ့ ဆူပူကြိမ်းမောင်းခံရလို့ ဝမ်းနည်းနေတုန်းမှာ သူနှစ် သက်တဲ့ ကစားစရာပစ္စည်းကလေးတွေကိုကြည့်ပြီး သူ့ကိုယ်သူ နှစ်သိမ့် အားပေးနေတဲ့သဘောပေါ့။ စိတ်ထိခိုက်စရာကောင်းတဲ့ ကလေးဆန်မှု ကလေးကိုကြည့်ပြီး အဖေဟာ သားလေးရဲ့စိတ်ကို နားလည်သွားတယ်။ သားလေးအပေါ်မှာ မာမာထန်ထန်ဆက်ဆံမိခဲ့တဲ့ အတွက်လည်း နောင်တရ သွားတယ်။

ကျွန်တော်တို့ကလေးတွေ လူလားမြောက်ချိန်အတွင်းမှာ တွန်းထောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ ကိုယ့်လူလားမြောက်ချိန်ကို ပြန်ပြီးသတိရဖို့ ကြိုးစားကြည့်ရမယ်။ လူလားမြောက်စအရွယ်မှာ ပေါ်တတ်တဲ့စိတ်တွေ၊ အတွေးတွေ ခံစားချက်တွေအတွက် သူတို့ကို အပြစ်မဆိုသင့်ဘူး။ ဒါဟာ ခက်တော့ခက်တယ်။ ငါ့သားသမီးတွေကျရင် ငါဟာ သူတို့နဲ့ နီးစပ်အောင် နေနိုင်မှာပဲ။ ငါ့အဖေတုန်းက နေခဲ့သလို မနေဘူး။ ငါ့အဖေလို အဖေမျိုးတော့ ဖြစ်မှာမဟုတ်ဘူးလို့ အသက်နှစ်ဆယ်လောက်တုန်းက ကျွန်တော်တို့ ထင်ခဲ့တွေးခဲ့ကြတယ်။ ဒါပေမယ့် အသက်ငါးဆယ်လောက်လည်းရောက်လာရော ကျွန်တော်တို့ဟာလည်း ကျွန်တော်တို့မိဘတွေနဲ့ တူသည်ထက်တူလာကြဦးမှာပါပဲ။ သူတို့ အလှည့်ရောက်တော့ ကျွန်တော်တို့ကလေးတွေဟာလည်း ကျွန်တော်တို့နဲ့ တူလာကြဦးမှာပါပဲ။ ဒါပေမယ့် အဲဒီအချိန်ကျတော့ ကျွန်တော်တို့မရှိတော့ဘူးပေါ့။ ကမ္ဘာလောကကြီးမှာ သူတို့ရဲ့ အခန်းကဏ္ဍဟာလည်း ကျွန်တော်တို့ အခန်းကဏ္ဍမျိုးလို ဖြစ်နေကြပြီပေါ့။

သည်ပဋိပက္ခတွေ၊ နစ်နာချက်တွေကြောင့် လူလားမြောက်စအရွယ်ဟာ စကောစကဖြစ်နေရခြင်းဖြစ်ပါတယ်။ သိပ်ငယ်တဲ့ ကလေးများဟာ နတ်သမီးတိုင်းပြည်အရွယ်လို့ခေါ်တဲ့ အရွယ်တစ်ခုကို ဖြတ်သန်းကြရတယ်။ သူတို့ကို အုပ်ချုပ်နေတဲ့ နတ်တွေက သူတို့ကို အစားအသောက်၊ အနွေးဓာတ်မြူးတူးကစားခြင်း စတဲ့ အရာတွေကို အကုန်ဖန်တီးပေးထားတယ်။ ပြင်ပကမ္ဘာလောကကြီးကို တွေ့လိုက်ရပြီး သူတို့ဟာ အလုပ်လုပ်ဖို့ လိုအပ်တယ်ဆိုတာကိုလည်း တွေ့လိုက်ရော၊ ကလေးတော်တော်များများဟာ ထိတ်လန့်တုန်လှုပ်သွားကြတယ်။ ကျောင်းမှာ သူငယ်ချင်းတွေကို တွေ့လာတဲ့အခါကျတော့ ကလေးငယ်ဟာလည်း သူ့မိသားစုကို သူ့သူငယ်ချင်းတွေ မြင်သလို မြင်လာတတ်တယ်။ သူ့အဖို့ ရေနဲ့လေလို အမြဲလိုအပ်တဲ့သူတွေ အတူအမြဲရှိနေတယ်လို့ သူ ယူဆထားတဲ့သူတွေ (မိသားစုဝင်တွေ) ဟာ တခြားကလေးငယ်တွေအဖို့ အရေးမကြီးပါကလား၊ ဒါမှမဟုတ် အံ့ဩစရာကောင်းသူတွေဖြစ်နေပါကလားဆိုတာ သူ သဘောပေါက်လာတယ်။ သူ့မှာ ဆက်ဆံရေးအသစ်တွေ ဖွံ့စည်းဖြစ်ပေါ်လာခဲ့တယ်။ သူနဲ့ သူ့မိဘတွေရဲ့ကြားမှာ ချည်နှောင်ထားတဲ့ ကြိုးတွေဟာ လျော့ရဲလာခဲ့တယ်။ ဒါပေမယ့် ပြတ်တောက်သွားတာမျိုးတော့ ဘယ်တော့မှမရှိဘူးပေါ့။ သည်အချိန်ကလေးမှာ မိသားစု



အပြင်ဘက်က လူတွေရဲ့ ဩဇာဟာ အကြီးဆုံးဖြစ်လာတယ်။ ဒါကတော့ သည်အတိုင်းပဲ ဖြစ်ရမှာပါပဲ။ အဲဒီအချိန်မှာပဲ ကလေးငယ်ဟာလည်း ဆန့်ကန်ဖီဆန်သူဖြစ်လာခဲ့တယ်။ ဒါပေမယ့် မိဘကတော့ ကိုယ့်သားသမီးကို မြဲမြဲချစ်နေမှာပါပဲ။

ဘာသာတရားနဲ့ အနုပညာရဲ့ ဩဇာရယ်လို့ မရှိခဲ့ရင် မိသားစုဘဝဟာ သိပ်ကွပ်ညှပ်ပြီး သိပ်ငြီးငွေ့စရာ ကောင်းမှာပဲလို့ ကျွန်တော်ထောက်ပြချင်းတယ်။ လူလားမြောက်စအရွယ်ဟာ အမြဲတမ်းလိုလို စိတ်ကူးယဉ်မျှော်မှန်းချက်သမားဖြစ်တယ်။ အဖေရဲ့ ပိုလီနီယတ်စ်ဆန်တဲ့ ဩဝါဒတွေကို မကြားချင်ဘူး။ မိသားစုနဲ့ မိသားစုစည်းကမ်းတွေကို သူ ကျိန်ဆဲတယ်။ မြင့်မြတ်ပြီးတရားမျှတတဲ့ စည်းကမ်းချက်တွေကို သူလိုချင်တယ်။ အချစ်ဟာ ကြီးကျယ်ပြီး လှပတဲ့ အရာလို့ သူထင်တယ်။ မိတ်ဆွေအပေါင်းအသင်းနဲ့ ချစ်ခင်ခြင်းကိုလိုတယ်။ အဲဒီအရွယ်ဟာ သစ္စာကတိတွေ လျှို့ဝှက်ယုံကြည်မှုတွေကို ဖောက်ဖျက်သွားရင်၊ ချစ်တဲ့ရည်းစားက အပြောင်းအလဲလုပ်ရင် စိတ်ပျက်တတ်တဲ့အရွယ်ဖြစ်တယ်။ သူက ကောင်းရာမွန်ရာကို လုပ်ချင်ပြီး ဖြစ်ချင်တာတွေ မအောင်မြင်တဲ့အခါမှာ လောကကို လှောင်ပြောင်အရွဲ့တိုက်ချင်စိတ်တွေ ပေါ်လာတတ်တယ်။ သူ့ပတ်ဝန်းကျင်မှာ တကယ်ဖြစ်လာတာနဲ့ သူ့စိတ်ကူးမျှော်မှန်းချက်တွေကြားမှာ ကွာခြားချက်တွေ တွေ့လာရင် လောကကို လှောင်ပြောင်အရွဲ့တိုက်ချင်စိတ်တွေ ပေါ်လာတတ်တယ်။

လူတိုင်းရဲ့ဘဝမှာ အဲဒီအရွယ်ဟာ၊ အဲဒီအချိန်ဟာ ကြေကွဲစရာကောင်းပြီး၊ အပြောရအဆိုရ ခက်တဲ့အရွယ်ဖြစ်တယ်။ လူငယ်တွေမှာ စိတ်ကူးတွေ အများကြီးရှိတယ်။ ဒါပေမယ့် သူတို့မှာ ဘာတာဝန်မှ မရှိဘူး။ သူတို့မှာ လူတွေ၊ ပတ်ဝန်းကျင်တွေနဲ့ နေ့စဉ်ပဋိပက္ခဖြစ်နေရတာတွေ မရှိသေးဘူး။ သူတို့မှာ ထောက်ပံ့ဖို့ မိသားစုမရှိသေးဘူး။ အများနဲ့ဆိုင်တဲ့ လူမှုရေးတာဝန်တွေ မရှိသေးဘူး။ သူတို့ဟာ စကားလုံးတွေ၊ စာလုံးတွေနဲ့သာ အလုပ်လုပ်နေကြရတဲ့အတွက် လောကကြီးနဲ့ပတ်သက်လို့ ဒြပ်မဲ့အတွေးတွေ ရှိနေသေးတယ်။ အဲဒီ ဒြပ်မဲ့အတွေးတွေဟာလည်း အဆင်ပြေချောမွေ့နေတာတွေဖြစ်ပြီး၊ ဘာမှ တိတိကျကျမရှိတဲ့ အရာတွေဖြစ်တယ်။ မိန်းမတွေနဲ့ ပတ်ဝန်းကျင် အပေါင်းအသင်းဆိုတာမျိုးဟာလည်း သူတို့စိတ်ကူးထဲမှာ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တာတွေနဲ့ တခြားစီဖြစ်နေတဲ့အတွက် သူတို့မှာ စိတ်ညစ်ကြရတယ်။

ဒါပေမယ့်မကြာခင်မှာပဲ သူတို့ဟာ လူလားမြောက်စအရွယ်ကို လွန်လာခဲ့ကြတယ်။ အိမ်ထောင်ကျပြီး သားသမီးတွေရလာတာနဲ့အတူ သူတို့ရဲ့ မိသားစုတာဝန်ဝတ္တရားနဲ့ ပတ်သက်တဲ့ အန္တရာယ်များတဲ့ ဖြုပ်မဲ့အသိတွေလည်း ပိုကြီးလာပြီး ပိုခိုင်မာလာတတ်တယ်။ မိသားစုဘဝမှာ၊ လုပ်ငန်းမှာ အပေါင်းအသင်း အသိုင်းအဝိုင်းမှာ အလုပ်သင်ဘဝကို ဖြတ်သန်းရင်း တဖြည်းဖြည်းမှသာလျှင် အလားတူသူတို့ဖြတ်သန်းခဲ့ရတဲ့ လူလားမြောက်စအရွယ်ကို ဖြတ်သန်းနေတဲ့ သူတို့သားသမီးများကို အကူအညီပေးနိုင်တဲ့ အဖြစ်ကို ရောက်လာကြတယ်။

ဒါကြောင့် ကျွန်တော့်သဘောကိုပြောရမယ်ဆိုရင် လူလားမြောက်စဇကောဇကအရွယ်မှာ မိသားစုအသိုင်းအဝိုင်းနဲ့ ဝေးဝေးနေမှသာလျှင် ကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ ဒီလိုမိသားစု အသိုင်းအဝိုင်းနဲ့ တခြားစီနေလိုက်ခြင်းဖြင့် ကျောင်းမှာနေရင်း၊ ပြင်ပကမ္ဘာလောကကြီးကို တွေ့ထိလာသင့်တယ်။ အဲဒီအခါမှာ သူနဲ့ဆန့်ကျင်ဘက် မိသားစုအသိုက်အဝန်းဟာ ခိုလှုံရာရိပ်မြုံဖြစ်လာတယ်။ အကယ်၍ ဒီလိုအခြေအနေမျိုးကို ဖန်တီးမပေးနိုင်ခဲ့ရင် မိဘများဟာ ကိုယ်ငယ်စဉ်တုန်းက ဘဝကို ပြန်သတိရပြီး ကိုယ်ငယ်တုန်းက တွေ့ရတဲ့ ချွတ်ယွင်းချက်မျိုးတွေ့နေရတဲ့ သားသမီးများအပေါ်မှာ ညာတာစွာစဉ်းစားသင့်တယ်။ တစ်ခါတလေ ဒီလိုသက်ညှာမှုမျိုးကို ပေးဖို့ မိဘတွေဘက်က အခက်အခဲရှိတတ်တယ်။ ဒီလိုအခါမှာ အသက်အရွယ်ကြောင့် စည်းကမ်းကို သိပ်တင်းကြပ်ခြင်း မပြုကြတော့ဘဲ၊ ကိုယ့်ပြိုင်ပွဲမြ သွားလို့ စိတ်ဓာတ်အရ အားနေတဲ့ အဘိုးအဘွားများက နောက်တက်လာတဲ့ မျိုးဆက်ကို ပိုပြီးနားလည်နိုင်ကြတယ်။

မိသားစု အနုပညာဟာ အလွန်အရေးကြီးတယ်။ ဆုံးမ,မနိုင် ဆိုနိုင်ခက်ခဲစွာ ကြီးပြင်းလာခဲ့တဲ့ ကလေးများဟာ တစ်ခါတစ်ရံမှာ သူတို့ရဲ့ စရိုက်ကို ပြန်ပြင်တာတွေလည်း ရှိတတ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ သူတို့ဟာ ဟန်ချက်ညီအောင် မထိန်းနိုင်တဲ့အတွက်ကြောင့်ပင်လျှင် ထူးချွန်လာတာမျိုးတွေလည်း ရှိတတ်ပါသေးတယ်။ ဒါပေမယ့် သူတို့ကို တည်ငြိမ်အေးချမ်းပြီး ပျော်ရွှင်တဲ့ကလေးဘဝမျိုးကို မိဘက ပေးနိုင်ပေးတတ်ခဲ့ရင် သူတို့ဟာ ချောမွေ့ဖြောင့်ဖြူးနိုင်ပါတယ်။ တည်ငြိမ်ပျော်ရွှင်တဲ့ ကလေးဘဝဆိုတာ တခြားမဟုတ်ပါဘူး။ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်တဲ့မိဖနှစ်ပါးဟာလည်း သူတို့ကို အုပ်ထိန်းနိုင်တယ်ဆိုရင်၊ မိဖနှစ်ပါးက သူတို့ကို ကြင်နာစွာ ချစ်နိုင်တယ်ဆိုရင် တည်ငြိမ်တဲ့စည်းကမ်းများကိုလည်း ချမှတ်ခဲ့ရင် သားသမီးတွေအပေါ်မှာလည်း မျက်နှာမလိုက်ဘဲ မျှမျှတတရှိတယ်ဆိုတာကို သိသာထင်ရှားစွာပြနိုင်ရင် အဲဒီကလေးတွေဟာ ပျော်ရွှင်တဲ့ကလေးဘဝကို ရကြမှာပါ။ ဖော်ပြခဲ့တဲ့ အဆင့်တွေရောက်ရင်တော့ သူတို့ဟာ မရှောင်မလွှဲသာ စရိုက်တွေပြောင်းသွားကြမှာပေါ့။ သူတို့ကို ဆုံးမပဲ့ပြင်ရာမှာလည်း အမြော်အမြင်ရှိစွာ သက်ညှာစွာ ပဲ့ပြင်ဖို့လိုတယ်။ အကောင်းဆုံးပဲ့ပြင်သွန်သင်နည်းကတော့ ကိုယ်ကိုယ်တိုင်က စံပြလုပ်ပြဖို့ပဲ။ နောက်ဆုံးအားဖြင့် ပြောရရင် ပြင်ပလောကကြီးက လေစီးကြောင်းများကို ဝင်ခွင့်ပေးခြင်းဖြင့် မိသားစုပတ်ဝန်းကျင်ကို လန်းဆတ်သန့်ရှင်းအောင် လုပ်ပေးဖို့လည်း လိုပါတယ်။

နောက်ဆုံးမေးခွန်းတစ်ခု ကျန်သေးတယ်။ မိသားစုဘဝဟာ အရှည်တည်မယ့် အဆောက်အအုံကြီးတစ်ခု ဖြစ်သလားဆိုတဲ့ မေးခွန်းပါ။ အိမ်ထောင်ရေးအဆောက်အအုံဟာ အစားထိုးမရတဲ့ အတွက်ကြောင့် မိသားစုအဆောက်အအုံဟာလည်း အစားထိုးလို့ မရနိုင်တဲ့ အဆောက်အအုံကြီးတစ်ခုဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မိသားစုအဆောက်အအုံဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ပကတိစိတ်ကို အများနဲ့ပေါင်းသင်းတတ်တဲ့ စိတ်ဓာတ်တစ်ခုအဖြစ် ပြောင်းလဲပေးလိုက်လို့ပါပဲ။ ငယ်ရွယ်စဉ်ကာလများမှာ မိသားစုနဲ့ခွဲနေသင့်တယ်ဆိုတဲ့ အယူအဆဟာ ကောင်းတဲ့အယူအဆပါပဲ။ ဒါပေမယ့် ဘဝမှာ အလုပ်သင်ချိန်ကုန်ဆုံးပြီ၊ စွန့်စားရတဲ့အချိန်တွေ ကုန်ဆုံးပြီဆိုတဲ့အခါကျရင်တော့ လူတိုင်းအဖို့ သဘာဝကျတဲ့ချစ်ခင်မှုရှိရာကို ပျော်ပျော်ကြီးပြန်လာရမယ့်အချိန်ဟာ ဆိုက်ရောက်လာတော့တာပါပဲ။ ဥပေက္ခာနိုင်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ လောကကြီးထဲမှာ ပင်ပန်းခက်ခဲတဲ့ နေ့ရက်တွေ ကုန်ဆုံးပြီးတဲ့နောက် ကျောင်းသား၊ ဒဿနဆရာ ပညာရှင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ စစ်သားနဲ့ အနုပညာရှင်တို့ဟာ မိသားစု အသိုက်အဝန်းမှာ ညစာကို အတူထိုင်စားရင်း ကလေးတွေဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ မိဘတွေပြန်ဖြစ်သွားရတာ၊ အဘိုးအဘွားတွေ ပြန်ဖြစ်သွားရတာ ကုန် ကုန်ပြောရရင် သာမန်လူတွေ ပြန်ဖြစ်သွားရတာကို ပျော်ရွှင်နှစ်သက်ကြပါ တယ်။

❑❑❑

# မိတ်ဆွေဖွဲ့ခြင်းအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေသူငယ်ချင်းကို ချည်နှောင်ထားတဲ့ကြိုးဟာ လင်မယား၊ မိသားစုကို ချည်နှောင်ထားတဲ့ ကြိုးနဲ့မတူဘူး။ ဒါပေမယ့် အဲဒီကြိုးဟာလည်း မိသားစု နှောင်ကြိုး၊ လင်နဲ့မယားကို ချည်နှောင်ထားတဲ့ နှောင်ကြိုးလိုပဲ လူ့အဖွဲ့ အစည်း၊ အသိုင်းအဝိုင်းအတွက် လိုအပ်တဲ့နေရာမှာ မလျော့ဘူး။ မိတ်ဆွေ ဆက်ဆံရေးမှာ အသိပညာခံစားချက်က အရင်လာလေ့ရှိတယ်။ အသိပညာ ခံစားချက်ဟာ ပကတိပေါ်လာတဲ့ ခံစားချက်ကို လွှမ်းမိုးသွားတယ်။

ပကတိစိတ်အရ ပေါ်လာတဲ့ ခံစားချက်မျိုးနဲ့ချည်းပဲ နေရင်ကော မလုံလောက်ဘူးလား။ မိသားစုရယ်လို့ ဖြစ်လာပြီးတဲ့နောက်မှာ လင်နဲ့မယား ဟာ တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခနည်းစွာနဲ့ သူတို့ချည်းပဲ ဆက်နေလို့ မရဘူးလား။ လင်နဲ့မယားရယ်လို့ ဖြစ်လာပြီပဲ။ သူတို့နှစ်ယောက်တည်း ဘဝ ခရီးဖော်တွေအဖြစ် လက်တွဲသွားရင်ကော မပြီးဘူးလား။ အိမ်ထောင်ဖက် တို့၊ မိသားစုတို့စတဲ့ ပကတိစိတ်အရပေါ်လာတဲ့ အပေါင်းအသင်းတွေရှိပါ လျက်နဲ့ အသိပညာကြောင့် ထားရတဲ့မိတ်ဆွေဆက်ဆံရေးကို ဘာရှာစရာလို သေးလို့လဲ။

သည်မေးခွန်းတွေကို သည်လိုဖြေလို့ရမယ်ထင်ပါတယ်။ လူတော် တော်များများဟာ လက်ထပ်ထိမ်းမြားမှုဆိုတာကို နားမလည်ဘဲ ဘဝတစ် လျှောက်လုံး နေသွားခဲ့ကြတယ်။ တချို့ဆိုရင် လက်ထပ်ထိမ်းမြားရေးကိစ္စကို စဉ်းတောင်မစဉ်းစားမိကြတော့ဘူး။ တချို့လည်း သိသိကြီးနဲ့ပဲ လက်ထပ် ထိမ်းမြားခြင်းကိစ္စကို ရှောင်ကွင်းထွက်ပြေးကြတယ်။ သည်နေရာမှာတော့ မိန်းမက ယောကျ်ားဦးရေထက် များလိမ့်မယ်လို့ထင်တယ်။ အထူးသဖြင့် တစ်လင်တစ်မယားစနစ် ထွန်းကားတဲ့ ယဉ်ကျေးမှုမှာဆိုရင် မိန်းမတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ထင်ကိုးမွေးချင်းပိုင်ခွင့်ကျောင်းမှုရှိရှောင်းလောက် ဖြစ်သွားကြတယ်။ တချို့မိန်းမတွေ ယောကျ်ားတွေတချို့တွေဟာ အိမ်ထောင်ပြုဖို့ကိစ္စကို အိမ်ထောင်ပြုတဲ့သဘောမျိုးကြိုတော့တာတွေ ရှိသေးတယ်။ ဘဝမှာ ကြင်ဖော်တစ်ယောက်ကို ရွေးကြတော့မယ်ဆိုတဲ့ အခါကျတော့ အကြိုက်တွေ၊ ရွေးချယ်မှုတွေပေါ်လာတယ်။ လောကမှာ ကိုယ်နဲ့ဘဝကြင်ဖော်အဖြစ် ပေါင်းဖော်လို့ရနိုင်တဲ့ ယောကျ်ားသို့မဟုတ် မိန်းမတစ်ယောက်ကို ရှာလို့မတွေ့တော့ဘဲ ဒီလိုနဲ့ အရိုးထုတ်သွားတဲ့သူရယ်လို့ ရှိမှာမဟုတ်ဘူးလို့ ထင်ကောင်းထင်ကြလိမ့်မယ်။ ဒါပေမယ့် လောကကြီးမှာ ကိုယ်နဲ့ဘဝကြင်ဖော်အဖြစ်နေလို့ရမယ့် သူကို မတွေ့ဘဲ နေသွား သေသွားတဲ့သူတွေ အများကြီးရှိတယ်။ တချို့ကတော့လည်း ကံတရားကြောင့် ကြင်ဖော်တစ်ယောက်နဲ့ တွေ့တော့မယ်လုပ်ပြီးမှ တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်လို့၊ စိတ်သဘောချင်း မတိုက်ဆိုင်ကြလို့ မယူဖြစ်ကြတော့ဘဲ စလယ်ဝင်ဖင်မမဲခင်မှာပဲ ကွဲသွားကြတာတွေရှိတယ်။ တချို့ကျတော့လည်း စိတ်ပျက်သွားလို့၊ ကြောက်သွားလို့ ဖိုမကိစ္စကို စိတ်ကုန်ခန်းသွားလို့၊ ဒါမှမဟုတ် တခြားသော စိတ်ဓာတ်ဆိုင်ရာအကြောင်းတစ်ခုခုကို တွေ့လိုက်ရလို့ အိမ်ထောင်မပြုတော့ဘဲ ရှောင်သွားကြသူတွေရှိတယ်။

တကယ်တော့ အိမ်ထောင်ပြုမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ချနိုင်ဖို့အတွက် သတ္တိလိုတယ်။ ရေကူးသမားတစ်ယောက်ဟာ ပင်လယ်ထဲကို ခုန်ဆင်းကူးလိုက်သလို အိမ်ထောင်ပြုခြင်းဆိုတဲ့ ကိစ္စထဲကို ခုန်ဆင်းကူးခတ်ရဲဖို့လိုတယ်။ လူတိုင်းမှာ ဒီလိုသတ္တိမျိုး ရှိကြတာမဟုတ်ဘူး။

တစ်ခါတစ်လေမှာ အိမ်ထောင်လည်းသိပ်ပြုချင်နေတယ်။ ဒါပေမယ့် ကိုယ်ရည်မှန်းထားတဲ့သူဟာ ကိုယ်နဲ့စိတ်သဘောထားချင်း အနေအထိုင်ချင်းလည်း မကိုက်ဘူးဆိုပါတော့။ အဲဒီအခါမှာတော့ မာန၊ နောင်တ၊ အာဃာတဆိုတာတွေကြောင့် သူတို့နှစ်ဦးဟာ အကြင်လင်မယားရယ်လို့ ဖြစ်မလာကြတော့ဘဲ မကျေမနပ်နဲ့ သူတို့ရဲ့ဘဝဟာ ကုန်ဆုံးသွားခဲ့ကြရတယ်။ နောက်တော့ ဒီလိုနေရတာဟာ ဘာမှအဓိပ္ပာယ်မရှိပါကလားဆိုတာ သဘောပေါက်တဲ့ အချိန်တစ်ချိန်ကို ရောက်လာတယ်။ ဒါပေမယ့် နောက်ကျသွားပြီလေ။ ညှိနှိုင်းယူလို့ရတဲ့ အောင်မြင်ဖို့ အခွင့်အလမ်းတွေ များစွာရှိတဲ့



လူငယ်ဘဝဟာ ကုန်ဆုံးသွားခဲ့ပြီ။ အောင်မြင်တဲ့ အိမ်ထောင်ရေးဖြစ်ဖို့ အခွင့်အလမ်းတွေများစွာရှိတဲ့ လူငယ်ဘဝဟာ ကုန်ဆုံးသွားခဲ့ပြီ။ အောင်မြင်ဖို့အခွင့်အလမ်းတွေများစွာရှိတဲ့ လူငယ်ဘဝဟာ ကုန်ဆုံးသွားခဲ့ပြီ။ အောင်မြင်တဲ့ အိမ်ထောင်ရေးဖြစ်ဖို့အတွက် (လင်နဲ့မယားကြားမှာ) များစွာသော စေ့စပ်မှုတွေလုပ်ဖို့ လိုအပ်တယ်။ လူပျိုကြီးများကတော့ တဖြည်းဖြည်းနဲ့ သူတို့ရဲ့ အထီးကျန်ဘဝမှာ သိပ်နေသားကျသွားပြီး အိမ်ထောင်ရေးဘဝမှာ မနေတတ်ဘဲ ဖြစ်သွားတတ်တယ်။ နေချင်တယ်ထားဦး၊ လင်ယောကျ်ားကောင်း တစ်ယောက်လိုမနေတတ်ဘဲ ဖြစ်သွားတယ်။ စတင်ဒယ်လိုလူမျိုးကို အိမ်ထောင်နဲ့ နေခိုင်းကြည့်ရင် ဘယ်လိုဖြစ်မလဲဆိုတာ တွေးကြည့်ပါ။

သည်တော့ သည်လိုလူမျိုးတွေအတွက် ဘဝဟာအခြားသော အဖြေများကို ရှာပေးထားရလိမ့်မယ်။ အထီးကျန်နေရတာမျိုး၊ တစ်ယောက်တည်းနေရတာမျိုးဟာ လူမဆန်ရုံမျှမက တစ်နေ့မှာ စိတ်တောင် ကယောင်ချောက်ချား ဖြစ်သွားနိုင်တယ်။ သည်တော့ သည်လိုတစ်ကိုယ်တည်းသမားတွေကို အထီးကျန်မှုက ထွက်လာစေနိုင်တဲ့ နည်းလမ်းကို ဘယ်မှာရှာရမလဲ။ သူတို့ရဲ့ မိသားစုတွေက သည်နည်းကို ပေးနိုင်သလား။ ဒါပေမယ့် မိသားစုတွေဟာ လူတွေရဲ့ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်မှုမှာ ဘယ်လိုမှအထောက်အကူ မဖြစ်ဘူးဆိုတာ ကျွန်တော်တို့ ပြောခဲ့ပြီ။ မိသားစုရဲ့ အလိုလိုက်ခြင်းခံရတာဟာ အနှောင့်အယှက်၊ အတားအဆီး ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ပြောခဲ့ပြီ။ အဖိုးကြီးအိုဖြစ်နေတဲ့ လူပျိုကြီးတစ်ယောက်မှာ သူ့မိသားစု အသိုက်အဝန်းကလွဲလို့ ခိုလှုံရာကို မရဘူးဆိုတာ ကျွန်တော်တို့ မြင်ခဲ့ကြရပြီ၊ ဘာသာစကားရဲ့ အစ်ကို ပွန်းဟာ ထင်ရှားတဲ့ဥပမာပါပဲ။ ဒါပေမယ့် အဲဒီလို မိသားစုနဲ့နေရခြင်းသည်ပင်လျှင် တစ်ခါတလေမှာ ဘာမျှရေရာခြင်းမရှိကြောင်း ဘာမှ ကျေနပ်စရာမရှိကြောင်း၊ တစ်ခါတလေမှာ စိတ်ပျက်စရာကောင်းကြောင်းကို ဘားလ်ဇက်က ရေးပြခဲ့ပါတယ်။ သည်တော့ အစ်ကိုပွန်းတို့ ကယ်နိုင်တဲ့အရာဆိုလို့ အပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟပဲ ရှိတော့တယ်။

မိသားစုတစ်ခုကို တည်ထောင်ခဲ့သူတွေ၊ တစ်ယောက်ကိုတစ်ယောက် တကယ်အမှန်ချစ်ကြတဲ့ လင်မယားတွေ၊ မိဘတွေလည်းအပြည့်အစုံရှိပြီး သူတို့နဲ့ အဆင်ပြေနေကြတဲ့ သားသမီးတွေ၊ မောင်းမပေါင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရှိတဲ့သူတွေမှာပင်လျှင် သည်အရာတွေရှိသည့်တိုင် သူတို့မှာ လိုနေတာတွေ ရှိနေသေးတယ်။ မကြာခဏဆိုသလိုပဲ ကိုယ့်နှလုံးသားနဲ့ အနီးစပ်ဆုံးအရာဟာ ဘာလဲဆိုတာကို မိသားစုတွေ၊ ကိုယ်ချစ်တဲ့သူတွေကို ပြောဖို့ အခက်အခဲကြုံရတာမျိုးတွေရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိသားစုနှောင်ကြိုးဆိုတာဟာ စိတ်အသိနဲ့ချည်ထားတဲ့ နှောင်ကြိုးမဟုတ်ဘဲ သွေးနဲ့ချည်ထားတဲ့ နှောင်ကြိုးဖြစ်လို့ပါပဲ။ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မှုကို လွယ်လွယ်ကူကူပေးတဲ့ နေရာဖြစ်လို့ပါပဲ။ ချစ်နေကြတဲ့ သူနှစ်ယောက်ဟာ အမြဲတမ်းလိုလို ဟန်ဆောင်ဖုံးကွယ်တတ်ကြလို့ပါပဲ။ ဒါကြောင့်မို့ မိသားစုအချင်းချင်းကြား သားသမီး၊ အဖေ၊ အမေ၊ လင်မယား၊ ချစ်သူ၊ အပျော်မယား စသည်တို့ အားလုံးရဲ့စိတ်ထဲမှာ ထုတ်ဖော်မပြောတဲ့ နစ်နာချက်တွေ မကျေနပ်ချက်တွေကို သိုဝှက်ထားလေ့ရှိကြတယ်။

သည်လို ထုတ်ဖော်ပြောဆိုခြင်းမပြုတဲ့ အရာတွေဟာ တစ်ဦးကိုတစ်ဦး ချစ်ခင်တွယ်တာတတ်တဲ့သူတွေရဲ့ စိတ်ကို အဆိပ်ခတ်ပေးသလိုဖြစ်တတ်ပါတယ်။ အနာထဲကို ပြင်ပပစ္စည်းတစ်ခု ဝင်ရောက်လာတာဟာ တစ်သျှူးတွေကို အဆိပ်ဖြစ်စေသလိုပေါ့။ သူတို့ဟာ အချင်းချင်းပြောသင့်တယ်။ စိတ်ကို ဖွင့်ပြသင့်တယ်။ မိသားစု အသိုင်းအဝိုင်းအတွင်းမှာ ကိုယ်ခန္ဓာအားဖြင့် ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်တီးတီးနေကြသလို စိတ်ဓာတ်အရလည်း ပွင့်ပွင့်တီးတီး နေဖို့လိုတယ်။ ကိုယ့်ရင်ထဲမှာရှိနေတဲ့ လျှို့ဝှက်ပြီး မကျေနပ်ဖြစ်နေတဲ့ ခံစားချက်ကို ဖော်ထုတ်ပြရမယ်။ သည်အကြောင်းတွေကို ရင်းနှီးတဲ့ မိတ်ဆွေသင်္ဂဟတွေနဲ့ ဆွေးနွေးကြည့်ရမယ်။ သူတို့က အကြံဉာဏ်ပေးဖို့ ငြင်းဆိုကြသည့်တိုင် အဲဒီရင်ထဲမှာ သိုဝှက်ထားတဲ့ အာယာတနဲ့ ရန်ငြိုးကို မိတ်ဆွေတွေက အပြင်ရောက်အောင် လုပ်ပေးလိမ့်မယ်။ အချစ်နှောင်ကြိုးမဟုတ်တဲ့ တခြားနှောင်ကြိုးတစ်ကြိုးရှိဖို့လိုအပ်တယ်။ မိသားစု အသိုက်အဝန်းမဟုတ်တဲ့ အခြားအသိုက်အဝန်းတစ်ခု ရှိဖို့ လိုအပ်တယ်။

❑❑❑



မိတ်ဆွေခင်ပွန်း ဘယ်လိုဖြစ်လာခဲ့သလဲ။ တဏှာပေမအချစ်ဘာကြောင့်ပေါ်လာရသလဲဆိုတာ ပြောဖို့လွယ်တယ်။ မျက်လုံးချင်း ဆုံမိရုံ၊ လက်ချင်းထိမိရုံ၊ မမျှော်လင့်ဘဲ တွေ့လိုက်ရုံကလေးနဲ့ မြတ်နိုးစိတ်ပေါ်လာတတ်တယ်။ တွယ်တာစိတ်ပေါ်လာတတ်တယ်။ အချစ်ဟာ အချစ်နဲ့စတယ်။ အနက်ရှိုင်းဆုံး၊ အစစ်မှန်ဆုံးအချစ်တွေဟာ အမြဲလိုလို ရုတ်တရက်ပေါ်ပေါက်လာကြတာဖြစ်တယ်။ 'မြန်မြန်ပြောစမ်းပါ အဲထိန်းတော်ရယ်၊ သူက ဘယ်သူလဲ၊ တကယ်လို့သာ သူ အိမ်ထောင်ရှင်ဖြစ်ရင် သုသာန်တစပြင်ဟာ ကျွန်မရဲ့ သတို့သမီးစက်ရာဖြစ်တော့မှာပဲ' လို့ ဂျူးလီယက်က ပြောတယ်။ အချစ်ဆိုတာမျိုးဟာ စာရိတ္တကောင်းမကောင်းနဲ့လည်းမဆိုင်ဘူး။ ဉာဏ်ပညာကောင်းတာနဲ့လည်း မဆိုင်ဘူး။ အချစ်ခံရတဲ့ သူရဲ့ ရုပ်ဆင်းရူပကာ လှတာနဲ့တောင်မဆိုင်ဘူး။ တီတန်နီယာဟာ မြည်းဦးနှောက်သာသာရှိတဲ့ ဘော့တွမ်ကို ညွတ်နူးတဲ့စိတ်နဲ့ ချစ်ခဲ့တာပဲ။ အချစ်သည် မျက်စေ့မရှိဆိုတဲ့ စကားဟာ လူတကာ သုံးနေတဲ့ စကားဖြစ်ပေမယ့် တော်တော်မှန်တဲ့ စကားဖြစ်တယ်။ တခြားသူတစ်ယောက်ရဲ့ အချစ်ကို ဘယ်တော့မှ နားမလည်နိုင်ကြတာဟာ ဒါကြောင့်ဖြစ်တယ်။ 'နေပါဦး၊ သူ့ကိုဘာများ သဘောကျတာလဲ' ဆိုတဲ့ မေးခွန်းကို မိန်းကလေးသူငယ်ချင်းချင်း မေးလေ့ရှိကြတယ်။ ဒါပေမယ့် ခံစားချက်ဆိုတာမျိုးဟာ ဆန္ဒက မြေတောင်မြှောက်ပေးလိုက်တာမျိုး ဖြစ်တဲ့အတွက် ဘေးလူအနေနဲ့ကြည့်ရင် အဲဒီခံစားချက်ဟာ မြေဆီသုန်းနေတဲ့ မြေထဲမှာ ပေါက်နေတယ်လို့ ထင်မိပေလိမ့်မယ်။

မိတ်ဆွေသင်္ဂဟဖြစ်ရတာကတော့ ပိုပြီးနှေးတယ်။ စောစောပိုင်းအဆင့်တွေမှာ မိတ်ဆွေအဖြစ် ဆက်ဆံရေးဟာ အလွန်နူးညံ့သိမ်မွေ့တဲ့ အပင်ကလေးလို့ ထင်ရတယ်။ ဖျော့တော့အားနည်းတဲ့ ပင်စည်ကလေးမှာ တွယ်ကပ်နေတဲ့ အချစ်ဟာ အဲဒီအပင်ကလေးကို မျိုသွားလေမလားလို့ ထင်ရတယ်။ လာရိုရှေးဖိုးကောက မိန်းမတော်တော်များများဟာ မိတ်ဆွေဖြစ်ဆက်ဆံရေးကို သိပ်မလိုချင်ကြဘူးတဲ့။ သူတို့အဖို့ မိတ်ဆွေဆက်ဆံရေးဟာ အချစ်နဲ့စာရင် အနံ့အရသာမရှိသလို ပေါ့ပျက်ပျက်နဲ့ ဖြစ်နေတတ်တယ်တဲ့၊ အနံ့အရသာမရှိတာတော့ မဟုတ်ဘူး။ ရှိပါတယ်။ စောစောပိုင်း အဆင့်မှာ အားစက်တည်ငြိမ်နေခြင်းသာ ဖြစ်ပါတယ်။ တီတီယန်နာက သူ့ချစ်တဲ့သူရဲ့ ချွတ်ယွင်းချက်တွေကို မမြင်နိုင်တာဟာ မိတ်ဆွေတွေအဖို့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



...ဘူး။ သူတို့အဖို့တော့ မြည်းဦးနှောက်ရှိတဲ့ လူဟာ မြည်းဦးနှောက်လို့ ထင်မှာပဲပေါ့။ ဘာဖြစ်လို့များ မြည်းဦးနှောက်လောက်သာ ရှိတဲ့သူတစ်ယောက်ကို ချစ်နိုင်ပါလိမ့်။ တစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်အရ ဘာမျှ တွယ်တာနှောင်ဖွဲ့စရာမရှိတဲ့ လူနှစ်ယောက်ကြားမှာ ဘာဖြစ်လို့များ မိတ်ဆွေဖြစ်ဆက်ဆံရေးကို ထူထောင်မိကြပါလိမ့်။

တချို့အဖြစ်အပျက်တွေမှာတော့ အဲသည်လို မိတ်ဆွေဆက်ဆံရေးဟာ သဘာဝကျကျပဲ ပေါ်ပေါက်လာခဲ့ကြတာပဲ။ တွေ့လိုက်တဲ့အခါမှာ ထူးခြားတဲ့ အရည်အချင်းတွေကို ပိုင်ဆိုင်တဲ့အတွက် သူတို့ အလိုလိုခင်တွယ်သွားတာမျိုးပါ။ တချို့ကျတော့လည်း အချစ်မှာလိုပဲ မိတ်ဆွေဆက်ဆံရေးမှာလည်း မြင်မြင်ချင်း ခင်သွားတာမျိုးရှိတယ်။ (မျက်နှာမြင်၊ ချစ်ခင်ပါစေဆိုတဲ့ သဘောပေါ့)။ စကားကလေးတစ်လုံး၊ အပြုံးကလေးတစ်ချက်၊ အကြည့်ကလေးတစ်ခုကြောင့် တစ်ယောက်နဲ့တစ်ယောက် စိတ်တူသဘောတူဖြစ်ကြောင်းကို ချက်ချင်းနားလည်သဘောပေါက်သွားကြတယ်။ ချစ်ခင်စရာကောင်းတဲ့ အပြုအမူတစ်ခုကြောင့် စိတ်သဘောထား မြင့်မြတ်တဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ သိသွားရတယ်။ အချစ်ဟာ အချစ်နဲ့စသလို မိတ်ဆွေဆက်ဆံရေးဟာလည်း မိတ်ဆွေဆက်ဆံရေးနဲ့ အစပြုတာပါပဲ။ လူနှစ်ယောက်ဟာ ထူးခြားတဲ့ အရည်အချင်းများကို ပိုင်ဆိုင်ခြင်းမရှိကြသည့်တိုင် သည်လိုရှောင်တခင်တွေ့ပြီး ခင်မင်မိတ်ဆွေဖြစ်သွားကြတာမျိုးတွေဟာ ရှိတတ်ပါတယ်။ မိန်းကလေးများဟာ အခြားမိန်းကလေးတစ်ယောက်ရဲ့ တိုးတိုးဖော်တိုင်ပင်ဖော်၊ အပေါင်းအသင်း ချက်ချင်းဖြစ်သွားတတ်ကြတယ်။ ဒါပေမယ့် တခြားတစ်ယောက်ကတော့ သူ့ကို မုန်းချင်မုန်းနေတတ်ပါတယ်။ မြင်မြင်ချင်း ခင်မင်သွားကြတာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ နဂိုကတည်းက ရှိခဲ့ကြတဲ့ စိတ်သဘောထားချင်း တူညီမှုကြောင့်ပါ။ သူတို့ကျတော့ တွေ့တာနဲ့ မိတ်ဆွေသူငယ်ချင်းလို ခင်မင်သွားကြတော့တာပါပဲ။

ဒါပေမယ့် အများအားဖြင့်တော့ သည်လို ရုတ်တရက်တွေ့ဆုံပြီး မိတ်ဆွေဖြစ်ကြရတာမျိုးဟာ သိပ်တော့ရေရှည်မခံတတ်ကြဘူး။ အချစ်ဟာ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ စနစ်ကြီးကြောင့် ခိုင်မာတည်တံ့လာသလို မိတ်ဆွေဆက်ဆံရေးဟာလည်း စောစောပိုင်းမှာ တစ်စုံတစ်ခုသော စောင့်စည်း



ချုပ်တည်းမှုမျိုးကြောင့် အားကောင်းလာခြင်း ဖြစ်ပါတယ်။ လူဆိုတာ ပျင်းရိတတ်တယ်မဟုတ်လား။ မကြာခဏဆိုသလိုပဲ အသစ်ပေါ်လာတဲ့ ခံစားချက်တစ်ခုကို အကြောင်းမရှိဘဲ ငြီးငွေ့ချင်ငြီးငွေ့နေတတ်တယ်။ "တစ်ခါလာလည်း ဒါချည်းပဲပြောနေတာပဲ။ သူကလည်း ဒါကိုပဲ ထပ်တလဲလဲ ပြောနေတာပဲ။ သူက သိပ်ပြီး မယုံသင်္ကာအားကြီးတတ်တဲ့လူ။ သည်အမျိုးသမီးက သည်လိုပဲ။ ချိန်းထားရင် အမြဲနောက်ကျတယ်။ သည်လူကတော့ တော်တော့ စိတ်ပျက် ငြီးငွေ့စရာကောင်းတဲ့လူ။ သည်အမျိုးသမီးနဲ့တွေ့ရင် ညည်းနေတာပဲ" စတဲ့ စကားတွေကို မကြာခဏ ပြောတတ်ကြတယ်။ မိတ်ဆွေဆက်ဆံရေးရဲ့အစမှာ သည်လိုပြောချင်လာရင် တစ်ယောက်နဲ့တစ်ယောက်· ထိန်းချုပ်စောင့်စည်းဖို့လိုပါတယ်။ တက္ကသိုလ်ကျောင်းတို့၊ အသင်းတို့၊ ကလပ်တို့၊ မြို့နယ် အသင်း စသည်တို့မှာ အလွန်ကျန်းမာသန့်ရှင်းတဲ့ မိသားစုတာဝန်ဝတ္တရားများကို တွေ့ရတတ်တယ်။ လူတွေဟာ တစ်ယောက်ထီးတည်း နေမရတဲ့အခါကျတော့ အများနဲ့စုပေါင်းနေကြရတယ်။ အဲဒီအခါမှာ တစ်ယောက်ကိုတစ်ယောက် မှန်ကန်စွာ အကဲဖြတ်တတ်လာကြတယ်။ တစ်ယောက်ကိုတစ်ယောက် သည်းခံလာတတ်ကြပါတယ်။ ဒါကြောင့်မို့ လူတွေဟာ အချင်းချင်းထိတွေ့ဆက်ဆံခြင်းဖြင့်သာလျှင် တိုးတက်လာကြတယ်ဆိုတဲ့ ဥပဒေသတစ်ခုကိုတောင် ကျွန်တော်ထုတ်ချင်ပါတယ်။

ဒါပေမယ့် ဒီလိုရှောင်တခင် တွေ့ဆုံပြီး မိတ်ဆွေဖြစ်လာကြတာမျိုးဟာ စစ်မှန်တဲ့ မိတ်ဆွေဆက်ဆံရေးမျိုးတော့မဟုတ်ဘူး။ 'ကျွန်တော်တို့ဟာ မိတ်ဆွေစစ် မိတ်ဆွေမှန်တစ်ယောက်ကို မတွေ့နိုင်သေးတဲ့အချိန်မှာ မိတ်ဆွေတွေအများကြီးထားပြီး ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်နေကြရတယ်' လို့ အေဘယ်ဘွန်းနာ့ဒ်က ပြောဖူးပါတယ်။ တကယ့် မိတ်ဆွေဆက်ဆံရေးဆိုတာ သေသေချာချာရွေးပေါင်းမှ ပေါ်လာတတ်တာမျိုးပါ။ စာရေးဆရာမွန်တိန်းဟာ လာဘိုတီကို လေးလည်းလေးစားတယ်။ ခင်လည်းခင်တယ်။ သည်လို အဖြစ်မျိုးဟာ သိပ်ဖြစ်လေ့မရှိဘူး။ လူတော်တော်များများဟာ လေးစားပေမယ့် ခင်ချင်မှ ခင်တတ်ကြတာကလား။ တချို့ကတော့လည်း လေးစားပေမယ့် ကိုယ်ထက်သာတဲ့အတွက် မနာလိုတိုရှည်ဖြစ်တတ်ကြတယ်။ ကောင်းတဲ့ စရိုက်ကို အတုခိုးမဲ့အစား အပြစ်ကို မြင်တတ်ကြတယ်။ တချို့ကတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်ထည်ဝါခြင်းမရှိ နေ့ကျက်တဲ့ လူတစ်ယောက်ရဲ့ ထင်မြင်ချက်ကို ကြောက်ရွံ့တတ်ကြပြီး သူ့လောက်တည်ငြိမ်ရင့်ကျက်ခြင်း မရှိတဲ့ သူမျိုးကိုပဲ ပေါင်းဖော်ချင်တတ်ကြတယ်။

လောကကြီးမှာ မြင့်မြတ်တဲ့သူတွေရှိကြောင်း၊ မြင့်မြတ်တဲ့ စိတ်ထားရှိသူတွေရှိကြောင်း၊ လူတွေထဲမှာ ချစ်ခင်နှစ်သက်ဖွယ် လူတွေရှိကြောင်းကို သိပြီး သူတို့ကို လိုက်လံရှာဖွေတတ်သူ၊ သူတို့ကို မတွေ့ခင်ကတည်းက ချစ်ခင်မြတ်နိုးတတ်သူတို့ကို အဆွေခင်ပွန်းဖွဲ့အပ်တယ်' လို့ စာရေးဆရာကြီး ဘွန်နာ့ဒ်က ပြောခဲ့ဖူးပါတယ်။ ဒီလို မြင့်မြတ်တဲ့အရည်အချင်းတွေ ရှိရုံမျှမက လူတစ်ယောက်ကို ချစ်ခင်နှစ်လိုဖွယ်ဖြစ်အောင် မွေးမြူပေးတဲ့ ချစ်စရာကောင်းတဲ့ အားနည်းချက်ရှိသူများကိုလည်း အဆွေခင်ပွန်းဖွဲ့သင့်တယ်လို့ ကျွန်တော်ထပ်လောင်းပြောချင်ပါတယ်။ ကျွန်တော်တို့ဟာ ပြုံးမပြနိုင်တဲ့သူတွေကို ချစ်ခင်နှစ်သက်ခြင်း မရှိပါဘူး။ သိပ်ပြည့်စုံလွန်းသွားပြီး သိပ်လေးစားကြည်ညိုဖွယ်ကောင်းသူများမှာ လူမဆန်တဲ့ အရည်အချင်းတစ်ခုရှိတတ်ပါတယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ သူတို့နဲ့တွေ့ရင် ကိုယ်ကအလိုလို ရိုကျိုးနိမ့်ကျသွားပြီး အလိုလိုစိတ်အားငယ်သွားတတ်တဲ့အတွက် သူတို့နဲ့ အဆွေခင်ပွန်းဖြစ်ရေးဟာ ဝေးကွာသွားတတ်ပါတယ်။ ကြီးကျယ်မြင့် မြတ်သူများဟာ လူဆန်တာကို ပြတတ်တဲ့အခါမျိုးမှာတော့ ကျွန်တော်တို့ ဝမ်းသာကြရတယ်။

အမှတ်မထင်ပြောလိုက်တဲ့ စကားလေးတစ်ခွန်း၊ အကြည့်လေးတစ်ချက်ကြောင့် စိတ်ထားနဲ့အသိဉာဏ်ဟာ ကိုယ်နဲ့သွားပြီး တူညီနေတာမျိုးကို တွေ့ရတတ်ပါတယ်။ ကိုယ့်ကိုယ်ကို ချုပ်တည်းထားမှု၊ စိတ်တန်ခိုးစွမ်းအားတို့ကြောင့် သူ့ကိုစောစီးစွာ နားလည်သဘောပေါက်လာတာမျိုးတွေလည်း ရှိတတ်ပါတယ်။ အဲဒီလို အခါမျိုးမှာ ယုံကြည်မှုဟာ အပြန်အလှန်ရှိလာပြီး အဲဒီလူစိမ်းနဲ့ ကျွန်တော်တို့ကြားမှာ အသိဉာဏ်ဆိုင်ရာ လွတ်လပ်မှုကို ရရှိလာတတ်ပါတယ်။ သွေးသားအရဖြစ်စေ၊ ခန္ဓာကိုယ်ဆိုင်ရာ တွယ်တာတပ်မက်မှုကြောင့်ဖြစ်စေ၊ ရင်းနှီးနေသူထက်ပင် သူတို့နဲ့ ပိုပြီး နားလည်မှုရလာတတ်ပါတယ်။

မိတ်ဆွေစိတ်ဆိုတာ အလွန်ပြင်းထန်တဲ့ အချစ်လို မြင့်မြတ်တဲ့ ခံစားမှုတစ်ခုဖြစ်ပါတယ်။ သာမန်အပေါင်းအသင်းကို တွယ်တာတဲ့ စိတ်မျိုးက



တော့ သေးနုတ်ပြီး ပြည့်စုံခြင်းမရှိပါဘူး။ ကောင်းပြီ။ ဒါဖြင့်ရင် မိတ်ဆွေစိတ်နဲ့ အပေါင်းအဖော်စိတ်ကို ကျွန်တော်တို့ ဘယ်လိုခွဲခြားကြည့်မလဲ။

ဒီမေးခွန်းဟာ အကျိုးများတဲ့မေးခွန်းဖြစ်ပါတယ်။

'မိတ်ဆွေစိတ်ဟု ခေါ်သောအရာသည် လူမှုဆက်ဆံရေးတစ်ခုဖြစ်၏။ မျက်နှာသာပေးမှုများ၊ အကြံဉာဏ်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပေးကြသော ဆက်ဆံရေးဖြစ်၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် စီးပွားရေးဆန်သော ဆက်ဆံမှုတစ်ခုသို့ ရောက်လာခဲ့ကြသည်။ ထိုစီးပွားရေး ဆန်သော ဆက်ဆံမှု၌ အတ္တအကျိုးစီးပွားသည် အမြတ်အစွန်းကို အမြဲတမ်းမျှော်လင့်နေတတ်၏။' လို့ လာရိုရှေးဖိုးကောက ပြောခဲ့ဖူးပါတယ်။ ရိုရှေးဖိုးကောဟာ လောကကြီးကို အရွဲ့တိုက်ပြောလိုက်တဲ့ စကားဖြစ်ပါတယ်။ ဘာကယ်အမှန် သူ ပြောနေတာက လူအချင်းချင်းကြားမှာ မိတ်ဆွေဆက်ဆံရေးမဟုတ်တဲ့ ဆက်ဆံရေးမျိုးကို ပြောနေတာပါ။ သူက စီးပွားရေးဆန်သောဆက်ဆံမှုလို့ ပြောသွားပါတယ်။ စီးပွားရေးဆန်တဲ့ ဆက်ဆံမှုတဲ့။ ဘယ်ကဂဟုတ်ရမှာလဲ။ မိတ်ဆွေဆက်ဆံရေးမှာ ကိုယ်ကျိုး၊ အတ္တကျိုး လုံးဝမပါရဘူး။ ကိုယ်က သူ့အကျိုးကို လုပ်ပေးတုန်းမှာသာ ပေါင်းသင်းပြီး လုပ်လည်းပြီးရော၊ ဘုရားပြီးငြမ်းဖျက်ဆိုသလို ကိုယ့်ကို အဖက်မလုပ်တဲ့ လူမျိုးကို ဘယ်နှယ့်လုပ် မိတ်ဆွေဖွဲ့နိုင်ပါ့မလဲ။

အတ္တအကျိုးဆိုတာမျိုးကလည်း ရုတ်တရက်သိဖို့ တော်တော်ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကျိုးကြည့်တတ်သူဆိုတာ သိပ်လည်တယ်မဟုတ်လား။ တစ်ခါတုန်းက လင်မယားနှစ်ယောက် စကားပြောနေကြပုံကို ကျွန်တော်ကြားခဲ့ဖူးတယ်။

သူတို့ စကားပြောနေပုံက ဒီလို။

'မင်း သူတို့ကို ဖော်ဖော်ရွေရွေဆက်ဆံပါကွာ' လို့ ယောကျ်ားက ပြောတယ်။

'ဟင် . . . ဘာဖြစ်လို့လဲ။ သူတို့နဲ့ ပေါင်းရတာ တော်တော်စိတ်ပျက်စရာကောင်းတယ်။ ရှင့်အတွက်လည်း ဘာမှ အသုံးကျတာမဟုတ်ဘူး' လို့' မိန်းမက ပြောတယ်။

'မင်းဟာ တော်တော်တုံးတာပဲ။ သိပ်အသုံးကျတာပေါ့ကွ၊ မကြာခင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးရှုံးကို ပြန်ရောက်မှာကွ။ သူ ရာထူးလက်ကိုင် မရှိတုန်းမှာ တို့က ဂရုတစိုက် ဆက်ဆံရင် တို့အတွက်အကျိုးရှိတာပေါ့'

'ဩော် ဟုတ်တာပေါ့၊ ဒီလိုဆိုရင် မိတ်ဆွေပီသတဲ့ဟန် ပိုပေါ်တာပေါ့' လို့ မိန်းမက သဘောကျပြီး ပြောတယ်။

ရုတ်တရက် ကြည့်လိုက်ရင်တော့ သူရာထူးလက်ကိုင်မရှိတုန်းမှာ သူ့ကို ဂရုတစိုက်ဆက်ဆံပြတာဟာ မိတ်ဆွေကောင်း ပီသ,သလိုထင်ရတယ်။ ဒါပေမယ့် ဒါဟာ မိတ်ဆွေဆက်ဆံရေးမဟုတ်ဘူး။ ဘယ်နေရာကိုပဲ သွားကြည့်ကြည့် တစ်ယောက်နဲ့တစ်ယောက် အသုံးချလို့ရတဲ့ လူတွေကြားမှာ ဒီလိုအလဲအလှယ် ဆက်ဆံရေးမျိုးကို တွေ့ရတတ်တယ်။ သူတို့ ဆက်ဆံရေးမှာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်တွက်ချက်မှု၊ အပြန်အလှန်စိုးရိမ်မှုတွေ ရှိနေတတ်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် ဖေးမပေးတဲ့အတွက် အမှတ်တွေလည်းရကြတယ်။ 'ကျွန်တော် သူ့ကို သံအမတ်ခန့်လိုက်မှဖြစ်မယ်၊ ဒါမှ သူ့သတင်းစာက ကျွန်တော့်ကို မဆော်ဘဲနေမှာ' ဆိုတဲ့ ဆက်ဆံရေးမျိုးတွေပေါ့။

မိတ်ဆွေဆက်ဆံရေးဆိုတာ ဒီလိုဆက်ဆံရေးမျိုးတွေ မဟုတ်ပါဘူး။ ဒါမျိုးတွေနဲ့ ဘာမှမဆိုင်ဘူး။ မိတ်ဆွေနှစ်ယောက်တို့ဟာ အရေးအကြောင်း ပေါ်လာရင် တစ်ယောက်ကိုတစ်ယောက် ကူညီကြရမယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဒီလို ကူညီတာမျိုးဟာ အမှတ်မထင် သဘာဝကျကျကူညီတာမျိုး ဖြစ်ရမယ်။ မေ့ပျောက်မသွားတောင်မှ အရေးမကြီးတဲ့ ပုံစံမျိုးနဲ့ကူညီရမယ်။ သူ့ကိုကူညီလို့ ကိုယ့်မှာ ဘာပြန်ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်မျိုး မထားအပ်ဘူး။ လူ့သဘာဝဆိုတာ ခက်သားကလား။ အသေးငယ်ဆုံးသော အားနည်းချက်ကလေးကို မြင်ရုံနဲ့ တစ်ဖက်မှာ ရှိးသားစွာ သနားစိတ်ပေါ်သလို ငါကတော့ ဘာမှမဖြစ်ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ်ကျေနပ်တဲ့စိတ် ၊တစ်ဖက်သားရဲ့ အားနည်းချက်ကိုမြင်ပြီး မသိမသာ ကျေနပ်တဲ့ စိတ်မျိုးကလေးတွေ ပေါ်တတ်ကြတယ် မဟုတ်လား။ 'အခင်မင်ဆုံး မိတ်ဆွေများတွင် ဒုက္ခသုက္ခ ရောက်လာသည့်အခါ၌ ကျွန်ုပ်တို့စိတ်ထဲတွင် မကျေမနပ်မဖြစ်သော အရာ တစ်ခု အမြဲလိုလို ပေါ်လာတတ်ပေ၏' လို့ ခွသမား ရှိရှေးဖိုးကော က ရေးခဲ့ဖူးတယ်။



'ကျွန်တော်တို့ဟာ ကံမကောင်းသူများကို ကူညီဖို့ အမြဲစိတ်စောနေကြပေမယ့် ဧည့်ခန်းမှာ နာရီကြီးချိတ်ပြီး အမြင့်သားဖြစ်နေတာမျိုးကိုတော့ သိပ်မမြင်ချင်ကြဘူး' လို့ စာရေးဆရာမောရိယေးက ရေးခဲ့ပါတယ်။

'ကြီးပွားချမ်းသာတုန်းမှာ မိတ်ဆွေအပေါင်းအသင်းတွေ ပေါပြီး ဆင်းရဲဒုက္ခရောက်တုန်းမှာတော့ အပေါင်းအသင်းတွေက ကိုယ့်ကို စွန့်ပစ်သွားကြတယ်' လို့ ပြောလေ့ရှိကြတယ်။ ကျွန်တော်ကတော့ ဒီအချက်ကို သိပ်သဘောမတူချင်ဘူး။ ကျွန်တော်တို့ ဒုက္ခရောက်ရင် ကိုယ့်အပေါ်မှာ လေးစားစိတ်ထားရှိသူများဟာ ပျက်စီးတာကို အရသာခံကြည့်ဖို့ ရောက်လာတတ်ကြတယ်။ သူတို့တင်မကဘူး ကိုယ်ပျော်ရွှင်ကြီးပွားနေတုန်း ခပ်ဝေးဝေးက နေခဲ့ကြတဲ့ကံမကောင်းသူများဟာလည်း ကျွန်တော်တို့တစ်တွေ ဒုက္ခရောက်တဲ့အခါမှာ သူတို့နဲ့ ဘဝတူဖြစ်လာပြီလို့ ထင်လာတတ်ကြတယ်။ (ကဗျာဆရာ) ရှယ်လီဟာ ဆင်းရဲဒုက္ခရောက်တုန်း၊ မထင်မရှားဘဝမှာ ရှိစဉ်တုန်းက အောင်မြင်ကျော်ကြားနေတဲ့ (ကဗျာဆရာ) ဘိုင်ယွန်ထက် မိတ်ဆွေ အပေါင်းအသင်းတွေ အများကြီးရှိခဲ့တယ်။ ကံကောင်းအောင်မြင်နေတဲ့ သူများနဲ့ မိတ်ဆွေဖြစ်ဖို့ ကိစ္စဟာ ကိုယ်ကျိုးလုံးဝမမျှော်ကိုးခြင်းမရှိဘဲ စိတ်ထား အလွန်ကြီးကျယ်မြင့်မြတ်သူများသာ လုပ်နိုင်တဲ့ ကိစ္စဖြစ်ပါတယ်။

တကယ့်မိတ်ဆွေစစ် ဆက်ဆံရေးမှာ ကိုယ်ကျိုးမကြည့်ခြင်းဟာ လိုအပ်တဲ့ အရည်အချင်းတစ်ခုဖြစ်ပါတယ်။ မိတ်ဆွေတစ်ယောက်ရဲ့ ဝတ္တရားဟာ ကိုယ့်မိတ်ဆွေရဲ့ အခက်အခဲပြဿနာတွေကို အကဲခတ်ပြီး ကိုယ့်ဆီကို လာပြီး အကူအညီမတောင်းခင်မှာ အကူအညီပေးဖို့ ဖြစ်ပါတယ်။ ကိုယ့်မိတ်ဆွေတွေမှာ ကိုယ်ပေးနိုင်တဲ့ အကူအညီမျိုး လိုအပ်နေရင် သူက အကူအညီ တောင်းဘဲနဲ့ ပေးသင့်ပါတယ်။ ကိုယ်အကူအညီပေးလိုက်တဲ့အတွက် သူ့မှာ ပြေလည်သွားလို့ ဝမ်းသာရတာအပြင် သူ ဝမ်းသာတာကို ကြည့်ပြီး မုဒိတာ ပွားရတာဟာလည်း အာဏာနဲ့စည်းစိမ်ရခြင်းရဲ့ အရသာတစ်ခုလို့ မှတ်ယူပြီး စိတ်ချမ်းသာမှုကို ရှာနိုင်ပါသေးတယ်။

မိတ်ဆွေဖြစ်ဆက်ဆံရေးမှာ အဓိကကျတဲ့ အခြားအရည်အသွေး တစ်ခုကတော့ တစ်ယောက်ကိုတစ်ယောက် အထင်ကြီးလေးစားမှုပဲဖြစ်ပါ တယ်။ ဒါပေမယ့် တချို့က ပြောကောင်းပြောကြမယ်။ ကျွန်တော့်မှာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်အထင်ကြီးလေးစားခြင်းမရှိတဲ့ မိတ်ဆွေအများကြီးပဲ။ ကျွန်တော် သူတို့ကို ခင်တယ်။ ချစ်တယ်။ ဒါပေမယ့် သူတို့ကို အထင်မကြီးဘူး။ မလေးစားဘူး ဆိုတာ ပွင့်ပွင့်လင်းလင်းပြောနိုင်တယ်လို့ တချို့က ပြောကောင်းပြောမယ်။ ဒီနေရာမှာ နည်းနည်းမရှင်းတာ တစ်ချက်ရှိနေပါတယ်။ ကျွန်တော်တို့မှာ ဟုတ်တိုင်းမှန်ရာကို ပြောပြောင်တင်းတင်းပြောလိုတဲ့ မိတ်ဆွေတွေရှိပါတယ်။ တကယ်တော့ ဒီလို ပွင့်လင်းရိုးသားမှုမျိုးမရှိပဲ တကယ့်မိတ်ဆွေစစ်ဆိုတာလည်း မရှိနိုင်ပါဘူး။ ဒါပေမယ့် မိတ်ဆွေတစ်ယောက်ရဲ့ စိတ်ဆိုးစရာကောင်းတဲ့ ဝေဖန်ချက်ကို ကိုယ်က သည်းခံနိုင်တယ်ဆိုပါတော့။ ဒီလိုဘာကြောင့် သည်းခံနိုင်ရသလဲ၊ သူက ကိုယ့်ကို အထင်ကြီးလေးစားတယ်ဆိုတာကို သိလို့သည်းခံနိုင်တာပဲ မဟုတ်ဘူးလား။ သူက ကိုယ်ဟာ ထူးခြားတဲ့ အရည်အချင်းတွေရှိလို့၊ အလွန်အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ထင်လို့ ပြောတာမဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက ဒီထက်နည်းနည်းတော့ ရှုပ်ပါတယ်။ ကျွန်တော်ဆိုလိုတာက သူဟာ ကိုယ်ရဲ့အားနည်းချက်တွေနဲ့ ကိုယ့်ရဲ့ ကောင်းတဲ့ အရည်အချင်းတွေကို သေသေချာချာစဉ်းစားပြီးဖြစ်လို့၊ ကိုယ့်ကို ရွေးချယ်ပြီးဖြစ်လို့၊ ကိုယ့်ကို အခြားသူများထက် နှစ်သက်သဘောကျတယ်ဆိုတာကိုသိလို့ သည်းခံနိုင်တာဖြစ်တယ်ဆိုတဲ့ သဘောပါ။

ဒီလို အထင်ကြီးလေးစားမှုမျိုး ရှိနေမှသာလျှင် ရိုးသားဖြောင့်မတ်မှုဟာလည်းရှိနိုင်တယ်ဆိုတာကို ကျွန်တော်တို့ သဘောပေါက်ဖို့အလွန် အရေးကြီးပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ချစ်ခင်နှစ်သက်သူ ကျွန်တော်တို့အထင်ကြီးလေးစားသူတွေရဲ့ ဝေဖန်ချက်ကို ဘာဖြစ်လို့ လက်ခံကြသလဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဘဝမှာ မရှိမဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်ကို ဘာမျှထိခိုက်စေခြင်း မဖြစ်လို့ပါပဲ။ စာရေးဆရာတွေအချင်းချင်းကြားမှာရှိတဲ့ ခိုင်မြဲတဲ့ မိတ်ဆွေဆက်ဆံရေးမျိုးဟာ ဒီနည်းနဲ့ တည်ရှိနေခြင်းဖြစ်ပါတယ်။ စာရေးဆရာ လူဝီဘိုအီယေးဟာ စာရေးဆရာဖလောဘေးကို အပြင်းအထန် ဝေဖန်ပါတယ်။ ဒါပေမယ့် ဖလောဘေးဟာ သူ့ဝေဖန်ချက်ကို စိတ်မဆိုးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘိုအီယေးဟာ သူ့ကို တကယ့်စာရေးဆရာ အကျော်အမော်ကြီးအဖြစ် သဘောထားတယ်ဆိုတာကို ဖလောဘေးသိပြီးဖြစ်လို့ပါပဲ။



တချို့သော မိတ်ဆွေများဟာ သူတို့ကိုယ်သူတို့ 'ရိုးသားတဲ့မိတ်ဆွေ' ဖြစ်ဟန်ဆောင်ကြပါတယ်။ သူတို့ရဲ့ 'ရိုးသားမှု' ဟာ တော်တော်ကြောက်စရာကောင်းပါတယ်။ အဲဒီလို မိတ်ဆွေများဟာ ကျွန်တော်တို့အကြောင်း မကောင်းပြောတဲ့ သတင်းစကားမျိုးကို လာပြောတတ်ပြီး ကျွန်တော်တို့ ကောင်းသတင်းတွေကိုတော့ မကြားချင်ယောင်ပြုပြီး မပြောဘဲ ထိမ်ချန်ထားတဲ့ မိတ်ဆွေမျိုးတွေ ရှိတတ်ပါတယ်။ ဒီလို 'ရိုးသားတဲ့မိတ်ဆွေ' တွေရဲ့ လက်က ကျွန်တော်တို့ကို ဘုရားသခင်ကယ်တော်မူပါလို့ ဆုတောင်းရတော့မှာပဲ။

တချို့မိတ်ဆွေတွေရှိသေးတယ်။ ပေါင်းသင်းဆက်ဆံရာမှာ ဆတ်ဆတ်ထိမခံတတ်တဲ့ မိတ်ဆွေတွေ။ သူတို့ကတော့ အပေါင်းအသင်းတွေက သူ့ကို ခင်မင်တာ၊ လူဆိုတာ သူသူကိုယ်ကိုယ် ချွတ်ယွင်းအားနည်းချက်ရှိတယ်ဆိုတာကို အသိအမှတ်ပြုဖို့ ငြင်းဆန်ပြီး အပေါင်းအသင်းအပေါ်မှာကို တစ်ချက်ကလေးမှ အမှားမခံသူမျိုးတွေဖြစ်တယ်။ ဆတ်ဆတ်ထိမခံတတ်တဲ့ သူများဟာ ဘယ်တော့မှ မိတ်ဆွေစစ်မဖြစ်နိုင်ဘူး။ ဒီလိုမိတ်ဆွေမျိုးတွေ လက်က ကယ်ပါလို့လည်း ဘုရားသခင်ဆီမှာ ဆုတောင်းရဦးမှာပဲ။

စစ်မှန်တဲ့ မိတ်ဆွေတစ်ယောက်အပေါ်မှာ ယုံကြည်မှုအပြည့် ရှိရမယ်။ ယုံကြည်မှုအပြည့်မရှိတော့ရင် စစ်မှန်တဲ့မိတ်ဆွေမဖြစ်နိုင်ဘူး။ မိတ်ဆွေဆက်ဆံရေးကို ခွဲခြမ်းစိတ်ဖြာကြည့်နေရရင် မွေးမြူနေရရင် ပျက်စီးချွတ်ယွင်းသွားလို့ ပြန်ပြီး ကုသနေရတယ်ဆိုရင် အဲဒီအဖြစ်ဟာ အချစ်ကိစ္စထက်တောင် စိတ်ဆင်းရဲစရာ ကောင်းသေးတယ်။ တစ်ခါ အဲဒီလို ယုံကြည်မှုဖောက်ဖျက်ခံရတာဟာလည်း သိပ်ပြီးနာကျည်း စရာကောင်းတယ်။ အဲဒီယုံကြည်မှုကို မထားသင့်တဲ့သူပေါ်မှာ သွားထားမိရင်လည်း စိတ်ဒုက္ခရောက်ရတယ်။

မိတ်ဆွေစစ်တစ်ယောက်ကို လိမ်ညာရခြင်းထက် မိတ်ဆွေတုတစ်ယောက်ရဲ့ သစ္စာဖောက်ခံရခြင်းက ပိုလို့ကောင်းတယ်လို့ ကျွန်တော်ထင်တယ်။

(မိတ်ဆွေတစ်ယောက်အပေါ်မှာ) လုံးဝ ယုံကြည်အားကိုးထားတာမျိုးဟာ အပြန်အလှန် ယုံကြည်မှုကိုကော ရရဲ့လား။ ဒီလိုမှမရဘူးဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေစစ်ဘယ်တော့မှ မဖြစ်နိုင်ဘူး။ စစ်မှန်တဲ့ မိတ်ဆွေဆက်ဆံရေးဟာ အဲဒီနည်းမှအပ အခြားနည်းနဲ့ မရနိုင်ဘူး။ 'မိတ်ဆွေဆက်ဆံရေးရဲ့ အဓိက ရည်မှန်းချက်တစ်ခုကတော့ သာမန်လူမှုဆက်ဆံရေးထဲမှာ မိမိတို့ရဲ့ လျှို့ဝှက်တဲ့ အတွေးများ၊ လျှို့ဝှက်တဲ့ ခံစားမှုများကို သာမန်လူမှုဆက်ဆံရေးဘောင်အတွင်းမှာ သိပ်သည်းအောင် ပြန်လည်စုစည်းဖို့ပဲ ဖြစ်တယ်' လို့ စိတ်ပညာရှင် ပါမောက္ခ 'ယန်း' က ပြောခဲ့တယ်။ 'ငါ' အစစ်နဲ့ မပေါင်းဘဲ 'ငါ' အတုနဲ့ လာပေါင်းနေတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ဘယ်မှာတန်ဖိုးရှိတော့မှာလဲ။ မိတ်ဆွေဆိုတာ အိပ်ပျော်နေတဲ့ သတိရစရာတွေထဲကို ရောက်အောင် ဆင်းသွားကြရမယ်။ အဲဒီလို တစ်ယောက်အတွင်းစိတ်ကို တစ်ယောက် ရောက်အောင်မသွားနိုင်ခဲ့ရင် သူတို့နှစ်ယောက်ပြောနေတဲ့ စကားများဟာလည်း အနှစ်ဝလာ အကာသက်သက်ချည်းပဲ ဖြစ်နေမှာပဲ။ ဒါပေမယ့် တစ်ယောက်ရဲ့ အတွင်းစိတ်ကို တစ်ယောက်ထိုးဖောက်ကြည့်ပြီး နားလည်သွားကြပြီဆိုရင်တော့ တစ်ဦးကိုတစ်ဦး ယုံကြည်မှုဆိုတဲ့ စပရိန်ဟာ ကန်ထွက်လာတော့တာပါပဲ။ အစတုန်းက တစ်ယောက်နဲ့တစ်ယောက် ဝတ်ကျေတမ်းကျေပြောနေကြရလို့ ငြီးငွေ့နေရာက ပြောနေရင်းပြောနေရင်း တဖြည်းဖြည်းတစ်ယောက်အတွင်းသဘောကို တစ်ယောက်သိနားလည်လာကြပြီး စောစောကပြောသလို ယုံကြည်မှုရှိလာတာကို သတိပြုမိကြတာ လောက်ကြည်နူးစရာကောင်းတာမျိုး မရှိသလောက်ပါပဲ။ ဒါပေမယ့် ခက်တာက ယုံကြည်မှုဆိုတာမျိုးဟာ အမြဲတစေ ထိန်းသိမ်းထားလို့ရတာမျိုး မဟုတ်ဘူး။ ကိုယ်နှုတ်စောင့်စည်းခြင်းဆိုတာမျိုးဟာလည်း အလွယ်တကူ ရနိုင်တာမျိုး မဟုတ်ဘူး။ လူတွေရှေ့မှာ အများမသိတဲ့ အကြောင်းတွေကို ပြောပြခြင်းဖြင့် လူအများရဲ့ ဂရုစိုက်တာကို ခံရဖို့ကိစ္စဟာ သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး။ လွယ်ပါတယ်။ လူတစ်ယောက်ဟာ သူ့ကိုယ်ပိုင်စကားပြော စရာမရှိတော့ဘူးဆိုတာနဲ့ တခြားလူအကြောင်းကို သူ သိထားတာတွေ လူရှေ့မှာ ထုတ်ပြောပြီး သူ့ကို အများက ဂရုစိုက်လာအောင် လုပ်ချင်တတ်ကြတယ်။ ဒီနည်းအားဖြင့် မိတ်ဆွေတစ်ယောက်နဲ့ တစ်ယောက်အကြားမှာရှိတဲ့ ယုံကြည်မှုဟာ ရည်ရွယ်ချက်မရှိဘဲ ဖောက်ဖျက်ပြီးသား ဖြစ်သွားရတယ်။

'ကျွန်တော်တို့အကြောင်းကို ပြောကြရာမှာ ကျွန်တော်တို့ ကွယ်ရာ



မှာ ပြောသလို ရှေ့မှာဘယ်တော့မှ မပြောကြဘူး။ (ကွယ်ရာတစ်မျိုး ရှေ့တင်တစ်မျိုး) ချစ်ခင်နှစ်သက်မှု မှန်သမျှဟာ နှစ်ဦးနှစ်ဖက် အပြန်အလှန် သိမ်လည်လှည့်ဖျားနေကြတာပဲဖြစ်တယ်။ ကျွန်တော်တို့ နောက်ကွယ်မှာ ကိုယ့်အကြောင်းကို မိတ်ဆွေတွေက ဘယ်လိုပြောနေသလဲဆိုတာ သိရင် လောကမှာ မိတ်ဆွေဆက်ဆံရေးရယ်လို့တောင် သိပ်ရှိတော့မှာ မဟုတ်တော့ဘူး။' လို့ စာရေးဆရာ ပါစကယ်က ပြောခဲ့ဖူးတယ်။ ကျွန်တော်တို့ကို တခြားသူများက ဘယ်လိုထင်နေကြသလဲ။ အထူးသဖြင့် ကျွန်တော်တို့ကို ချစ်ခင်နှစ်သက်သူများက ဘယ်လိုထင်နေကြသလဲဆိုတာ တစ်ခဏလေးလောက်များ သိခွင့်ရလိုက်ရင် ကျွန်တော်တို့တတွေ တအံ့တသြဖြစ်နေကြမှာပဲလို့ လည်း 'ပရစ်' က ထောက်ပြခဲ့ဖူးတယ်။ အလွန်ရင်းနှီးတဲ့ မိတ်ဆွေများဟာ မလိုသူတွေရဲ့ ကုန်းချောကြားစကားတွေကြောင့် မကြာခဏဆိုသလို ကွဲကွာသွားတတ်ကြတယ်။ (အဲဒီ စကားတွေဟာ တချို့မှန်သော်လည်း အစဉ်သဖြင့်တော့ မလိုသူတွေရဲ့ မဖွယ်မရာ ကုန်းချောစကားတွေ ဖြစ်နေတတ်တယ်)

တချို့ယုံကြည်မှုတွေကျတော့ သိပ်လျှို့ဝှက်၊ သိပ်အရေးကြီးတဲ့အတွက် အဲဒီ ယုံကြည်မှုတွေကို သက်မွေးဝမ်းကျောင်းဆိုင်ရာ လျှို့ဝှက်ချက်တွေအဖြစ် သဘောထားသူတွေအတွက် တမင်သိမ်းဆည်းထားရတယ်။ ဥပမာအားဖြင့် ဆရာဝန်တို့၊ ဖွင့်ဟဝန်ခံချက်ကို ကြားနာတဲ့ဘုန်းကြီးတို့ ဆိုပါတော့။ အဲဒီအထဲမှာ ဝတ္ထုရေးဆရာတွေလည်းပါတယ်လို့ ကျွန်တော် ပြောချင်တယ်။ တစ်ခါတစ်ရံမှာတော့ ဝတ္ထုရေးဆရာတွေဟာ သူကို့ကို ပြောထားတဲ့ လျှို့ဝှက်ချက်တွေကို ပုံတစ်မျိုးပြောင်းပြီး သူတို့ ဝတ္ထုတွေထဲမှာထည့်ရေးတဲ့ အခွင့်အရေးကိုတော့ မကြာခဏ သုံးတတ်ကြတယ်။ သူတို့ကို ယုံမှတ်လို့ပြောတဲ့ စကားတွေကို တခြားသူတွေကို ပြန်ပြောတဲ့ သူမျိုးကိုတော့ ပြင်းပြင်းထန်ထန် သဘောထားသင့်တယ်။ အကယ်၍ သူတို့ပြောတဲ့ စကားတွေဟာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိတ်ဆွေတွေကို ထိခိုက်နစ်နာစေရင် သို့မဟုတ် မိတ်ဆွေအချင်းချင်းကြားမှာ ကွဲကွာသွားအောင် ပြောတဲ့စကားမျိုးတွေဖြစ်ရင် အဲဒီလို စကားမျိုးပြောတဲ့လူတွေကို ပြင်းပြင်းထန်ထန် တုံ့ပြန်သင့်တယ်။ ဒီနေရာမှာ အလွန်ကောင်းတဲ့၊ လိုက်နာဖို့ကောင်းတဲ့ စည်းမျဉ်းတစ်ခုတော့ ရှိတယ်။ အဲဒီအခါမှာ ကိုယ့်ကို မကောင်းပြောတယ်ဆိုတဲ့ သူ (ဘာတယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်မပြောဘူးဆိုတာ ကိုယ်က ဘယ့်နှယ်လုပ်သေသေချာချာ သိနိုင်မ လဲ) နဲ့ ရန်မဖြစ်ဘဲ ဒီစကားကို လာပြောတဲ့ ကြားလူနဲ့ရန်ဖြစ်သင့်တယ်။

ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ ကိုယ့်မိတ်ဆွေ တွေကို ကာကွယ်ရမယ်။ ဒီလို ကာကွယ်ရာမှာ သူကတော့ ဒီလိုမဟုတ်ပါဘူး တဲ့ သက်သေသာဓကတွေ ထုတ်ပြမနေပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့် မိတ်ဆွေဟာလည်း ရဟန္တာသူမြတ် မဟုတ်တဲ့အခါကျတော့ ကြီးကျယ်တဲ့ အမှားကိုပင်ဖြစ်စေ လုပ်ချင်လုပ်မိမှာပဲ။ အဲဒီလိုအခါမျိုးမှာ မဟုတ်ဘူး မဖြစ်နိုင်ဘူးလို့ ကာကွယ်ပြောနေမယ့်အစား မိတ်ဆွေအပေါ်မှာထားတဲ့ ကိုယ့်ရဲ့ အခြေခံကျတဲ့ လေးစားမှုကို ထပ်လောင်း အခိုင်အမာပြောဖို့လိုပါ တယ်။ ကျွန်တော့်မိတ်ဆွေ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူကတော့ သူ့ ရှေ့မှာ သူ့မိတ်ဆွေအကြောင်း မကောင်းတာတစ်ခုခုလာပြောရင် 'သူက ကျွန်မ မိတ်ဆွေရှင့်' လို့ တစ်ခွန်းတည်းပဲ ပြောလေ့ရှိပါတယ်။ နောက်ထပ် ဘာမှထွေထွေထူးထူး မပြောတော့ပါဘူး။ ဒီနည်းဟာ တော်တော်အမြော် အမြင်ရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။

အိမ်ထောင်ပြုတဲ့ ကိစ္စလိုပဲ မိတ်ဆွေဆက်ဆံရေးမှာလည်း သစ္စာရှိရ မယ်ဆိုတဲ့သဘော အကျုံးဝင်နေတယ်။ 'ဘွန်းနာဒ့်' က "မိတ်ဆွေဆက်ဆံရေး ဆိုတာ ကိုယ်တန်ဖိုးထားတဲ့ အရည်အချင်းတွေရှိတဲ့အတွက် လူတစ်ယောက် ကို ပြောင်းလဲခြင်းမရှိ ရွေးချယ်လိုက်တဲ့ကိစ္စကို ခေါ်ခြင်းဖြစ်တယ်" လို့ ပြောခဲ့တယ်။ မိတ်ဆွေ ဆက်ဆံရေးမှာ ခြွင်းချက်စည်းကမ်းတွေ မရှိရဘူး တစ်ခါမိတ်ဆွေဖြစ်ရင် တစ်သက်လုံး မိတ်ဆွေပဲ။

ဒီတော့ တစ်ချို့က ပြောကြမယ်။ တကယ်လို့ အဲဒီမိတ်ဆွေဟာ ထိုက်တန် တဲ့ မိတ်ဆွေမဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။ အဲဒီလူဟာ မကောင်းမှုကို ကျူးလွန်တဲ့အတွက် ထောင်တန်းနှောင်အိမ်ကျရင် သို့မဟုတ် ကြိုးစင်ထိ တက်ရရင် ဘယ်လိုလုပ်မလဲလို့ မေးချင်မေးမယ်။ ဒီလိုဆိုရင်တော့ 'စတဲင် ဒယ်' ရဲ့ အနီနှင့်အနက်ဆိုတဲ့ ဝတ္ထုကို ဖတ်ကြည့်ပါ။ အဲဒီအထဲက သူ့မိတ် ဆွေဖိုးကျူနဲ့အတူ ကြိုးစင်ပေါ်အထိ တက်လိုက်သွားတဲ့ ဂျူလီယန်ရဲ့ အကြောင်းကို ဖတ်ကြည့်ပါ။ ဒါမှမဟုတ်ရင်လည်း ကစ်ပလင်းရဲ့ 'တစ်ထောင် မြောက်လူ' ဆိုတဲ့ ကဗျာကို ဖတ်ကြည့်ပါ။



'အရှက်ကွဲမှု လျောင်ပြောင်မှုနှင့်
လူထုရယ်သံ၊ မခံနိုင်ကြ
ကိုးရာကိုးဆယ့်ကိုးယောက်
လွတ်မြောက်အဝေး၊
ရှောင်ပြေးကြငြား
တစ်ထောင်မြောက်လူသား၊
သင့်အပါးရပ်နေ
ကြိုးစင်သို့သွား၊ ဖဝါးခြေထပ်။"

လူတွေကို သေသေချာချာ ကြည့်လိုက်ရင် အမျိုးသမီးတွေဟာ မိတ်ဆွေ ကောင်းတွေဖြစ်နိုင်တယ်ဆိုတာ တွေ့လာရတယ်။ ဒါပေမယ့် မိန်းကလေး တွေ အချင်းချင်းကြားက သူငယ်ချင်းမိတ်ဆွေ ဆက်ဆံရေးမှာတော့ ယောကျ်ားလေးအချင်းချင်း သူငယ်ချင်းမိတ်ဆွေ ဆက်ဆံရေးမျိုးမှာထက် အနှောင်အဖွဲ့အတွယ်အတာ ပိုကြီးတာကို တွေ့ရတတ်တယ်။ သူတို့အချင်း ချင်းကြားမှာ တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းကြံစည်တဲ့သဘော၊ ဆန့် ကျင်ဘက်ရန်သူကို ခုခံတဲ့ လျှို့ဝှက်တဲ့ မဟာမိတ်သဘောဟာ ရှိနေတတ် တယ်။ မိန်းကလေးတွေမှာလည်း ဆန့်ကျင်ဘက်ရန်သူတွေ များသားက သား။ တစ်ခါတလေမှာ မိသားစုနဲ့ ပဋိပက္ခဖြစ်နေတတ်တယ်။ တစ်ခါတလေ လည်း ယောကျ်ားလေးတွေရဲ့ရန်ကို စိုးရိမ်ရတယ်။ ယောကျ်ားလေးဆိုတာ ကတော့ မိန်းကလေးကို ရန်ပြုတတ်တဲ့ မျိုးနွယ်စုမဟုတ်ပါလား။ ဒီတော့ အားနွဲ့တဲ့ မိန်းကလေးအချင်းချင်း မဟာမိတ်ဖွဲ့ပြီး ခုခံကြရတာပေါ့။ တစ်ခါ တလေမှာလည်း တခြားမိန်းကလေးအုပ်စုကို ခုခံဆန့်ကျင်ဖို့အတွက် သူတို့ အချင်းချင်း မဟာမိတ်ဖွဲ့ကြရတာပေါ့။ မိန်းကလေးအချင်းချင်း သည်လို ပေါင်းကြံစည်ကြရတာ အပြန်အလှန်အကူအညီပေးရတာကတော့ တခြား ကြောင့်မဟုတ်ပါဘူး။ လူလားမြောက်လာတဲ့ မိန်းကလေးဟာ အားနွဲ့သူဖြစ် ပြီ။ ထုံးတမ်းအစဉ်အလာအရ သူ့မှာ ချုပ်တည်းထားတဲ့ အနှောင်အဖွဲ့တွေ ရှိလို့ပါ။ ဆယ့်ကိုးရာစုနှစ်မိန်းကလေးဟာ သူ့စိတ်ထဲရှိတဲ့ မှန်သမျှကို သားစုထဲမှာ ဖော်ပြပြောဆိုခွင့်မရဘူးလေ။ ဒီတော့ သူ့ခမျာ အတွင်းရေးကို ငယ်ပေါင်းဟာတိုင်ပင်စရာတိုးတိုးဖော် လိုလာတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တဲ့ အိမ်ထောင်ရေးတစ်ခုကြောင့်လည်း မိန်းကလေးအချင်းချင်းကြားက မိတ်ဆွေသူငယ်ချင်းဆက်ဆံရေးဟာ အဆုံးသတ်သွားတတ်တယ်။ ဒါပေမယ့် အိမ်ထောင်ရေးဟာ အဆင်မပြေဖြစ်လာရင်တော့ မိန်းကလေးမှာ သူ့အတွင်းရေးကို ထုတ်ဖော်ပြောစရာ လူလိုလာပြီလေ။ ဒီအခါမှာ ပူးပေါင်းကြံစည်မှု ပေါ်လာပြန်ပါတယ်။ ဒီတစ်ခါမှာတော့ မိသားစုကို ဆန့်ကျင်တဲ့ ပူးပေါင်းကြံစည်မှု မဟုတ်တော့ပါဘူး။ လင်ယောကျ်ားကို ဆန့်ကျင်တဲ့ ပူးပေါင်းကြံစည်မှု ဖြစ်ပါတယ်။ မိန်းမတော်တော်များများဟာ အန္တရာယ်များတဲ့ မျိုးနွယ်စုဖြစ်တဲ့ ယောကျ်ားတွေရဲ့ရန်ကို တားဆီးဖို့အတွက် မိန်းမအချင်းချင်း ပူးပေါင်းရမယ်ဆိုတဲ့ အယူအဆကို အသက်ထက်ဆုံး စွဲမှတ်သွားလေ့ရှိကြပါတယ်။ ဒါပေမယ့် ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ပြိုင်ဘက်ဖြစ်လာပြီဆိုရင်တော့ သူတို့ရဲ့ ပူးပေါင်းမှုဟာ သိပ်ပြီး အရာရောက်တော့ဘဲ ဖြစ်သွားတတ်တယ်။ ကိုယ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ ကိုယ့်သူငယ်ချင်းမတစ်ယောက်ကို ခွင့်လွှတ်နားလည်တတ်တဲ့ မိန်းမမျိုးကတော့ တော်တော်ရှားပါတယ်။ အလွန်စိတ်ထားကြီးမြင့်ပြီး ကိုယ့်ကိုယ်ကို ကံကောင်းတယ်လို့ ယူဆတဲ့ မိန်းမမျိုးတွေသာလျှင် ခွင့်လွှတ်နားလည်နိုင်ပါတယ်။ မိန်းမဆိုတာ အူတိုမျိုးဖြစ်လေတော့ ဒီလိုအဖြစ်မျိုးကို မရှုဆိတ်နိုင်ဖြစ်တတ်ကြပါတယ်။ အဲဒီယောကျ်ားလေးဟာ သူနဲ့ဘာမှ မဖြစ်ရရင်ရော ပနလေ့စေ၊ တခြားမိန်းကလေးကို မချစ်ဘူးဆိုရင် တော်တော်ကျေနပ်နေပါပြီ။

ဉာဏ်ပညာအဆင့်အတန်း အလွန်မြင့်တဲ့အမျိုးသမီးတွေကြားထဲမှာလည်း အမှန်ကန်ဆုံး၊ အပြည့်စုံဆုံးသော မိတ်ဆွေဆက်ဆံရေးမျိုးရှိနိုင်ပါတယ်။ မဒမ်ဒီလာဖေးယက်နဲ့ မဒမ်ဒီဆာဗစ်ညီတို့ရဲ့ ဆက်ဆံရေးဟာ အဲဒီလိုဆက်ဆံရေးမျိုးဖြစ်ပါတယ်။ သူတို့နှစ်ယောက်ရဲ့ မိတ်ဆွေဆက်ဆံရေးဟာ ငယ်ငယ်လေးကတည်းက သေတပန်သက်တဆုံး ဒီအတိုင်းပါပဲ။ နည်းနည်းကလေးမှ လျော့ပါးမသွားခဲ့ပါဘူး။ သူတို့နှစ်ဦးကြားမှာ ရန်ဖြစ်တာ၊ စိတ်ကောက်တာရယ်လို့ရှိခဲ့ရင် ကိုယ်ချစ်သလောက် သူက ပြန်မချစ်ဘူးဆိုပြီး စိတ်ကောက်တာမျိုးလောက်ပဲရှိပါတယ်။

မိတ်ဆွေဆက်ဆံရေးမှာ သိပ်ရင်းနှီးလွန်းသွားရင် မိသားစုတွေက မနာလိုဝန်တိုတွေ ဖြစ်တတ်ကြပါတယ်။ ဒါကလည်း နားလည်နိုင်ပါတယ်။ မိတ်



ဆွေဆိုတာ အတွင်းစကားကို ဖွင့်ပြောရတဲ့တိုးတိုးဖော်ဆိုတော့ မိသားစုတို့ဘေးချိတ်တဲ့သဘော သက်ရောက်နေတာကိုး။ မိန်းမရရင် ယောကျ်ားဟာ အပေါင်းအသင်းတွေနဲ့ စိမ်းသွားပြီး အနေဝေးသွားတတ်ကြတယ်လို့လည်း ပြောစမှတ်ပြုကြသေးတယ်။ ဒါပေမယ့် လောကမှာ ယောကျ်ားအချင်းချင်းသာ စိတ်ဝင်စားပြီး မိန်းမတွေငြီးငွေ့တဲ့ စကားမျိုးတွေရှိတယ်လေ။ အဲဒီအခါမျိုးမှာတော့ မိတ်ဆွေဆက်ဆံရေးဟာ မိသားစုဆက်ဆံရေးကို လက်စားချေ အနိုင်ယူတော့တာပါပဲ။ ပြဇာတ်ဆရာတွေက လင်ယောကျ်ားနဲ့ သူ့မိန်းမရဲ့ချစ်သူ တခြားယောကျ်ားတစ်ယောက်တို့ရဲ့ မိတ်ဆွေဆက်ဆံရေးကို လှောင်ပြောင်တဲ့ ဇာတ်ကွက်တွေကို ရေးလေ့ရှိကြတယ်။ ဒါပေမယ့် ဒီအဖြစ်ဟာ တကယ်ပဲ ရယ်စရာကောင်းသလား။ တကယ်တော့ အဲဒီယောကျ်ားနှစ်ယောက်မှာ ကြာသမားနဲ့ မျောက်မ ထားသူတို့နှစ်ဦးမှာထက် ပြောစရာစကားတွေ အများကြီးရှိတယ်။ သူတို့နှစ်ယောက်မှာ အဆင်ကိုပြေလို့။ ကြားထဲမှာ လင်ယောကျ်ားရှိနေတော့ ကြာခိုသူနဲ့ မျောက်မ ထားသူတို့ရဲ့ ငြီးငွေ့စရာဘဝဟာ အပျင်းပြေစရာတောင် ဖြစ်နေသေးတယ်။ ကြာခိုသူနဲ့ မျောက်မ ထားသူတို့ နှစ်ယောက်အကြားမှာ လင်ယောကျ်ားမရှိတော့တာနဲ့ သူတို့နှစ်ယောက် ခွာပြဲသွားတဲ့ အဖြစ်မျိုးတွေတောင် တစ်ပုံကြီးရှိသေးတယ်။

❑❑

ယောကျ်ားတစ်ယောက်နဲ့ မိန်းမတွေရဲ့ မိတ်ဆွေဆက်ဆံရေးဟာ ယောကျ်ားအချင်းချင်း မိတ်ဆွေဆက်ဆံရေးအဆင့်မျိုးကို ဘယ်တော့မှ မရောက်နိုင်ဘူးလို့ ပြောလေ့ရှိကြတယ်။ ယောကျ်ားအချင်းချင်း ဆက်ဆံရေးမျိုးနဲ့သာ ဆက်ဆံနေရင် ဒီလိုဆက်ဆံရေးမျိုးမှာ တဏှာပေမရယ်လို့ ဘယ်မှာရှိနိုင်တော့မလဲလို့လည်း သူတို့က ပြောကြတယ်။ မိန်းမနဲ့ ယောကျ်ားတို့ရဲ့ မိတ်ဆွေဆက်ဆံရေးမှာ တဏှာပေမစိတ် (ဖို-မစိတ်) လုံးဝပျောက်ကွယ်နေရင် အင်မတန် ပိုင်းကောင်းကျောက်ဖိ ဖြစ်ပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်သည်ပင်လျှင် နည်းနည်းပါးပါးတော့ခံပြင်း စိတ်ပေါ်မှာပေါ်လို့လည်း ပြောကြ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ မိန်းမနဲ့ယောက်ျားတို့ရဲ့ မိတ်ဆွေဆက်ဆံရေးမှာ ဘယ်လောက်ပဲ သန့်ရှင်းပါတယ်လို့ပြောပြော တစ်ခါတစ်ရံမှာတော့ စိတ်ထဲမှာဖြစ်ပေါက်ပြားမိကြမှာပဲ။ ဒီလိုဖောက်ပြားခြင်းမရှိတာမျိုးဟာ နည်းနည်းကလေးမှ သဘာဝမကျဘူးလို့လည်း ပြောကြတယ်။ ဒီလိုဖောက်ပြားတဲ့ စိတ်မျိုးပေါ်လာတာနဲ့တစ်ပြိုင်နက် တဏှာပေမဆိုတဲ့ စက်ယန္တရားကြီးတစ်ခုလုံးဟာလည်း စတင်လည်ပတ်တော့တာပဲလို့ ပြောကြတယ်။

ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကိုရယူဖို့ ကြိုးစားတော့တာနဲ့ ရိုးသားမှုဟာလည်း ပျောက်ကွယ်သွားတော့တာပါပဲ။ မနာလိုမှု ဝင်ရောက်လာပြီး တည်ငြိမ်အေးချမ်းတဲ့ မိတ်ဆွေဆက်ဆံရေးကို ဖြတ်တောက်ပစ်တော့တာပါပဲ။ မိတ်ဆွေဆက်ဆံရေးဆိုတာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိတာကို ခေါ်တာပါ။ စိတ်တူသဘောတူရှိတာကို ခေါ်တာပါ။ သတိရစရာတွေ၊ မျှော်လင့်စရာတွေ အတူရှိတာတွေ ပါပါတယ်။ အချစ်ကျတော့ ဒီလိုမဟုတ်တော့ပါဘူး။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ယုံကြည်မှုနေရာမှာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကျေနပ်အောင်လုပ်ဖို့ကိစ္စက အစားဝင်လာပါတယ်။ စိတ်တူသဘောတူရှိတာတို့၊ သတိရစရာတွေအတူရှိတာတို့ စသည်တို့ဟာလည်း တဏှာပေမဆိုတဲ့ ဆန်ကာကြီးနဲ့ တိုက်ချလိုက်လို့ မျောပါသွားပါတယ်။ မိတ်ဆွေဆက်ဆံရေးဟာ လုံခြုံမှု၊ ကိုယ်နှုတ်စောင့်စည်းမှုနဲ့ လိမ္မာပါးနပ်မှုတို့အပေါ်မှာတည်ပါတယ်။ အချစ်ကတော့ စိတ်အားထက်သန်မှု၊ ကြည်နူးမှုနဲ့ စိုးရိမ်မှုတို့အပေါ်မှာ အခြေခံပါတယ်။ အချစ်မှာ ကြီးကျယ်တဲ့ကိုယ်နှုတ်စောင့်စည်းမှု မရှိတာမျိုးကို အလွယ်တကူခွင့်လွှတ်နိုင်ပေမယ့် သေးဖွဲတဲ့သစ္စာပျက်မှုကလေးကိုတော့ ခွင့်မလွှတ်နိုင်ကြပါဘူး။ မိတ်ဆွေဆက်ဆံရေးမှာရရှိတတ်တဲ့ တည်ငြိမ်အေးချမ်းမှုဟာ အချစ်ကျတော့ပျောက်ကွယ်သွားပြီး ကိုယ့်ချစ်သူကို ဆုံးရှုံးလေမလားဆိုတဲ့ ထာဝစဉ်စိုးရိမ်စိတ်က အစားထိုးသွားပါတယ်။ အချစ်ဇောကပ်နေတဲ့ လူတစ်ယောက်ဟာ အသိပညာအဆင့်အတန်းတူမှု မတူမှုတွေ၊ အပြန်အလှန်နားလည်မှုရှိတာတွေ မရှိတာတွေကို မစဉ်းစားတော့ပါဘူး။ ဒီအရာတွေဟာ အချစ်ကို မတွေ့ဖူးသူ၊ သို့မဟုတ် အချစ်မရှိတော့တဲ့သူတွေအတွက်သာ ဖြစ်ပါတယ်။



ယောက်ျားနဲ့မိန်းမတို့ကြားမှာ တကယ့်မိတ်ဆွေဆက်ဆံရေးစစ်စစ်မျိုးရှိခဲ့တဲ့သမိုင်းထဲကဥပမာတွေ အများကြီးရှိပါတယ်။ တစ်ဖက်ချေပသူကတော့ ဒီအချက်ကို လက်ခံမှာပါပဲ။ ဒါပေမယ့် ဒီလိုအဖြစ်မျိုးမှာ သုံးမျိုးသုံးစားရှိတယ်လို့ ခွဲပြလိမ့်မယ် ထင်ပါတယ်။

ပထမတစ်မျိုးကတော့ အချစ်နာကျသွားတဲ့ စိတ်ကူးယဉ်သမားတွေ။ သူတို့အချစ်က မျှော်လင့်ချက်လည်း မရှိတော့ဘူး။ ရင်ထဲမှာ မျိုသိပ်ထားရတဲ့အဖြစ်ကို ရောက်နေပြီ။ ပရစ်က အဲဒီလို စိတ်ထားပျော့ညံ့သူတွေအကြောင်းကို ရေးခဲ့ဖူးတယ်။ မိန်းမတွေဟာ အဲဒီလိုလူတွေကို ချစ်ခင်နှစ်လိုဖွယ် ပီယဝါစာကလေးတွေနဲ့ အန္တရာယ်လည်းမရှိတဲ့ အမူအရာကလေးတွေနဲ့ ဆက်ဆံကြတယ်။ သူတို့မှာ ယောက်ျားအပေါင်းအဖော်ရှိချင်တဲ့အတွက် သူတို့ကို တရိုတသေ တလေးတစားနဲ့ အထင်ကြီးထားတတ်ကြတယ်။ အဲဒီယောက်ျားတွေကို ချစ်စနိုးအမည်တွေနဲ့ ခေါ်တတ်ကြတယ်။ ဒါပေမယ့် အဲဒီမိန်းမတွေဟာ သူတို့မှာ ချစ်သူတွေ့သွားတာနဲ့ တစ်ပြိုင်နက် အဲဒီယောက်ျားမိတ်ဆွေကို စွန့်ပစ်သွားကြတော့တာပါပဲ။

တစ်ခါတစ်လေမှာတော့ မိန်းမကိုယ်တိုင်ကလည်း စိတ်ကူးယဉ်တတ်တာမျိုးရှိသေးတယ်။ ဒီတော့ ယောက်ျားကလည်း စိတ်ကူးယဉ်ယဉ်၊ မိန်းမကလည်း စိတ်ကူးယဉ်ယဉ်ဆိုတော့ သူတို့နှစ်ယောက်ကြားမှာ ချစ်သူလိုလိုဘာလိုလို မိတ်ဆွေ ဆက်ဆံရေးမျိုး ပေါ်လာတတ်တယ်။ မိတ်ဆွေလည်းမက၊ သမီးရည်းစားလည်းမကျတဲ့ ဆက်ဆံရေးမျိုးဆိုပါတော့။ မဒမ်ရေကာမီးယားရဲ့ဘဝဟာ ထင်ရှားတဲ့ဥဒါဟရုဏ်ပဲ။ ဒီလိုသမီးရည်းစားယောင်ယောင် မိတ်ဆွေဆက်ဆံရေးမျိုးဟာ ရှာတိုဘရိုင်ယန်းလို ဆက်ဆံရေးမျိုး ပေါ်လာတတ်တယ်။ ဒီအခါမှာ သူတို့နှစ်ယောက်ရဲ့ မိတ်ဆွေဆက်ဆံရေးဟာ ဆက်လက်တည်ရှိနေသေးသည့်တိုင် စိတ်ဝင်စားစရာတော့ မကောင်းတော့ဘူး။

ဒုတိယအမျိုးအစားကတော့ အဘိုးကြီးတွေမှာရှိတတ်တယ်။ သူတို့ကျတော့ အချစ်အတွက် အသက်ကြီးသွားပြီ။ ဒီတော့ မိတ်ဆွေဆက်ဆံရေးမျိုးနဲ့ပဲ တင်းတိမ်ကျေနပ်ရတော့တယ်။ ဇရာအရွယ်မှာ ယောက်ျားနဲ့မိန်းမ မိတ်ဆွေဆက်ဆံရေးဟာ ဘာဖြစ်လို့ အထွတ်အထိပ်ကို ရောက်သွားရသလဲ။ အကြောင်းကတော့ အဲဒီအချိန်မှာ သူတို့နှစ်ယောက်စလုံးဟာ ယောက်ျားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမအဖြစ်က ရပ်စဲသွားခဲ့ကြလို့ပါပဲ။ ငယ်ငယ်တုန်းက ရိုသဲ့သဲ့လုပ်ခဲ့ကြတာတလေးတွေကို အမှတ်ရနေတာတွေ၊ ငယ်ငယ်တုန်းက မနာလိုဝန်တို ဖြစ်ခဲ့ရတာတွေကို သတိရတာတွေလောက်ပဲ ကျန်တော့တယ်လေ။ ဒါပေမယ့် ဒီလောက်ကလေးရှိရင်ကိုပဲ မိတ်ဆွေဆက်ဆံရေးမှာ တွေ့ရတတ်တဲ့ လွမ်းမောစရာ ပီတိကလေးတွေကို ရနိုင်ပါတယ်။ တစ်ခါတစ်ရံမှာတော့ တစ်ယောက်က အသက်ကြီးပြီး ဇရာရောက်နေတဲ့အတွက် အခက်အခဲတော့ တွေ့ရတတ်ပါသေးတယ်။ သို့တိုင်အောင် (ဘိုင်ရွန်နဲ့ လေဒီမဲလ်ဘုန်းတို့လို) ခပ်ငယ်ငယ်ခပ်ရမ်းရမ်း ယောကျ်ားနဲ့ အငြိမ်းစားယူသွားတဲ့ မျက်နှာများများ မိန်းမမျိုး (ဝိတိုရိယ ဘုရင်မနဲ့ လော့ဒ်မဲလ်ဘုန်းတို့လို) ခပ်ငယ်ငယ်မိန်းမမျိုးနဲ့ သူငယ်ပြန်ချင်တဲ့ အဘိုးကြီးတို့ကြားမှာ ဘာကလိုတိုတို မိတ်ဆွေဆက်ဆံရေးမျိုးတွေတော့ရှိကြသေးတယ်။ ဒါပေမယ့် အများအားဖြင့်တော့ အဲဒီနှစ်ဦးမှာအသက်ကြီးတဲ့သူကပဲ ရင်ကွဲရတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငယ်တဲ့သူက သူ့ကိုသိပ်ပြီး စာရင်းထဲမှာ မထည့်ချင်တော့ပဲကိုး။ (ဥပမာ၊ ဝါးပိုးလ်နဲ့ မဒမ်ဒူဒီဖင်းတို့လိုပေါ့) အမှန်ကတော့ အဲဒီဆက်ဆံရေးမျိုးကို မိတ်ဆွေဆက်ဆံရေးလို့တောင် မခေါ်သင့်ပါဘူး။ တစ်ဖက်က ကျိတ်ချစ်နေရပြီး တခြားတစ်ဖက်က ချစ်သနားတဲ့ ဥပေက္ခာမျိုးပဲရှိတော့တာကိုး။

တတိယအမျိုးအစားကတော့ အေးအေးဆေးဆေး လမ်းခွဲခဲ့ကြပြီး အချစ်ကနေ မိတ်ဆွေဖြစ်ဆက်ဆံရေးကို ပြောင်းသွားကြတဲ့ တစ်ခါတုန်းကချစ်သူဟောင်းတွေဖြစ်ပါတယ်။ သူတို့ ဆက်ဆံရေးကတော့ ကြည်နူးစရာ ချောမွေ့နေပေမယ့် ဆွေးရတဲ့ အရိပ်အရောင်ကလေးတွေ ယှက်သန်းနေတတ်တယ်။ အဲဒီ ဆက်ဆံရေးမျိုးကတော့ မိန်းမနဲ့ ယောကျ်ားရဲ့ အကြားမှာရှိတဲ့ သဘာဝအကျဆုံးသော မိတ်ဆွေဆက်ဆံရေးပါပဲ။ သူတို့နှစ်ယောက်မှာ တဏှာပေမသဘောကလည်း ရောင့်ရဲကုန်ခန်းသွားပြီ။ ဒါပေမယ့် တစ်ချိန်တုန်းက ပြည့်စုံတဲ့ပေါင်းစည်းမှု (အချစ်) ကို ရခဲ့ကြပါလားဆိုတဲ့ လွမ်းစရာကလေးတွေကြောင့် သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် တစိမ်းတွေ ဖြစ်မသွားခဲ့ကြတော့ဘူး။ အတိတ်က ခံစားချက်တွေကြောင့် သူတို့ဟာ ကြောက်စရာကောင်းတဲ့ ကလိကမာစိတ်တွေ၊ မနာလို ဝန်တိုမှုတွေက ပေါက်ဖွားလာတဲ့ လှိုက်စားမှုမျိုးကို ခံနိုင်လောက်အောင် ကိုယ်ခံအား



ကောင်းသွားကြတယ်။ ဒီလိုဖြစ်သွားတဲ့အတွက် သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ တစ်မျိုးတစ်ဖုံ ကွဲပြားသွားပြီး ယောကျ်ားအချင်းချင်း ဆက်ဆံတဲ့ပုံသဏ္ဍာန်မျိုးကို ဆောင်သွားကြတယ်။ တစ်ယောက်ကိုတစ်ယောက် သိပ်သိခဲ့ကြဖူးတဲ့အတွက်လည်း သူတို့နှစ်ယောက်ရဲ့ မိတ်ဆွေဆက်ဆံရေးဟာ သာမန်ထက်ပိုပြီး ရင်းနှီးနေတတ်ပါတယ်။ သို့တိုင်အောင် ဒီမှာလည်းပဲ အဲဒီဆက်ဆံရေးရဲ့အောက်ခြေမှာ ရှုပ်ထွေးတဲ့ စိတ်လှုပ်ရှားခံစားချက်တွေ ရှိနေတတ်ပါတယ်။ အဲဒီဆက်ဆံရေးမျိုးဟာ စစ်မှန်ပြီး လွယ်ကူရှင်းလင်းတဲ့ မိတ်ဆွေဆက်ဆံရေးမျိုးနဲ့ ခြားနားနေတယ်ဆိုတာ ကျွန်တော်တို့ တွေ့နိုင်ပါတယ်။

ဒါတွေကတော့ အချစ်ဟောင်းတွေရဲ့ မိတ်ဆွေဆက်ဆံရေးမျိုးကို ဝေဖန်သူတို့က ကြည့်တဲ့အမြင်ဖြစ်ပါတယ်။ ဒီလိုဝေဖန်ချက်မျိုးပေးဖို့ကတော့ လွယ်ပါတယ်။ ယောကျ်ားနဲ့မိန်းမကြားမှာ တဏှာပေမနဲ့ကင်းတဲ့ မိတ်ဆွေဆက်ဆံရေးမျိုးမှအပ တခြားဘယ်လိုဆက်ဆံရေးမျိုးမှ မရှိနိုင်ဘူးဆိုတဲ့ အမြင်ကတော့ ကျဉ်းမြောင်းလွန်းလှပါတယ်။ မိန်းမနဲ့ ယောကျ်ားရဲ့အကြားမှာ အသိပညာဉာဏ်ပညာဆိုင်ရာ နှီးနှောမှုဟာ မဖြစ်နိုင်ပေမယ့် ယောကျ်ားနှစ်ယောက်ကြားမှာထက်တော့ ပိုပြီး ရှိလွယ်တတ်ပါတယ်။ 'ကောင်လေးနဲ့ ကောင်မလေးရဲ့ မိတ်ဆွေဆက်ဆံရေးကို ကြည့်ရတာဟာ သိပ်ကြည်နူးစရာကောင်းတာပဲ။ အထူးသဖြင့် ကောင်လေးက ခေါင်းဆောင်လမ်းပြလုပ်ပြီး ကောင်မလေးက နောက်ကလိုက်လေ့လာတာမျိုးကိုတွေ့ရရင် သိပ်ကြည်နူးစရာကောင်းတယ်လို့ ဂါထေးက တစ်နေရာမှာ ပြောခဲ့ဖူးပါတယ်။ ဒီလိုအပျိုစင်စူးစမ်းမှုမျိုးဟာ မသိစိတ်ထဲမှာပေါ်နေတဲ့ ဖိုမသွေးသားတောင့်တမှုဖြစ်ချင်လည်းဖြစ်မှာပဲ။ ဒါပေမယ့် ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက အဲဒီ သွေးသားစိတ်ဟာ စိတ်ကို ထက်မြက်လာစေမယ်ဆိုရင်၊ အသက်ကို ပျောက်သွားစေတယ်ဆိုရင် ကောင်းတာပေါ့။ ယောကျ်ားနဲ့မိန်းမကြားမှာ ပူးပေါင်းမှုနဲ့ အထင်ကြီးလေးစားမှုတို့ဟာ ပြိုင်ဆိုင်မှုထက် သဘာဝကျတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးဖြစ်ပါတယ်။ မိန်းမဟာ သူ့ကိုယ်သူ ဒုတိယနေရာမှာ အလွယ်တကူ လက်ခံတယ်။ သတ္တိတို့ စိတ်ဓာတ်ထောက်ခံမှုတို့ကိုလိုရင် ယောကျ်ားကို အားပေးတယ်။

ဒီလိုကောင်လေးနဲ့ ကောင်မလေးကြားမှာ မိတ်ဆွေဆက်ဆံရေးရှိနေရာကတစ်ဆင့် အိမ်ထောင်ကျသွားတယ်ဆိုရင် သူတို့ရဲ့ အချစ်ဟာ ရမ္မက်နဲ့ ပိုလို့တောင် ပြင်းထန်နေလိမ့်ဦးမယ်။ ဘဝမှာ တစ်ယောက်နဲ့တစ် ယောက် အပြန်အလှန် ကူညီအားပေးကြခြင်းဟာ ခိုင်မြဲမှုကို ဖြစ်စေပါတယ်။ ဒီလို တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်တစား ရှိကြတဲ့အတွက် အကျိုးမရှိတဲ့ စိတ်မျိုးတွေလည်း မွေးမြူပေးနိုင်ပါတယ်။ အချော်အပါးတွေကို လျှော့တဲ့အတွက် စိတ်ကူးစိတ်သန်းကိုလည်း ပြည့်ကမ်းရှိအောင် ထိန်းကွပ်ပေးရာရောက်ပါတယ်။ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုဟာ နှစ်ပေါင်းများစွာကြာပြီး သည့်နောက်မှာပင်လျှင် အကောင်းဆုံးသော လက္ခဏာချက်တွေကို ဆောင်တဲ့ မိတ်ဆွေဆက်ဆံရေးအဖြစ်ကို ပြောင်းလာတာတွေကို တွေ့ရဖူးပါတယ်။ သူတို့နှစ်ဦးဟာ လက်မထပ်ဖြစ်ခဲ့ကြသည့်တိုင် တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်စိတ်ချရပြီး တန်ဖိုးထားတဲ့ ငယ်သူငယ်ချင်းတွေအဖြစ် ရှိနေကြသေးတယ်။ ဒါပေမယ့် ဒီလိုဆက်ဆံရေးမျိုးကတော့ ဘယ်တော့မှ အချစ်ရဲ့ နေရာကို ဝင်မယူနိုင်ပါဘူး။

ဒီ အိတ်ချ်လောရင့်စ်က ပြောဖူးတယ်။ မိန်းမတစ်ယောက်အဖို့မှာ ပညာအရ မိတ်ဆွေဖြစ်တာမျိုးရယ်လို့ မရှိနိုင်ဘူးတဲ့။ စိတ်ကူးယဉ်သဘောအရလည်း မိတ်ဆွေဖြစ်တာမျိုး မရှိနိုင်ဘူးတဲ့။ ဒီလိုမိတ်ဆွေဖြစ် ဆက်ဆံရေးမျိုးဟာ မိန်းမတွေရဲ့ အခြေခံကျတဲ့ ခံစားချက်မျိုး မဟုတ်ဘူးတဲ့။ မိန်းမတစ်ယောက်ဟာ သူထင်တာထက် သူ့ခန္ဓာကိုယ်ပေါ်မှာ သူတော်တော် အားကိုး အားထားပြုလေ့ရှိတယ်တဲ့။ ဒီ၊ အိတ်ချ်လောရင့်စ်ရဲ့ စကားကို ကျွန်တော် သဘောတူတယ်။ မိန်းမဟာ ရုပ်ပိုင်း ခန္ဓာကိုယ်ပိုင်းအရ သူချစ်နေတဲ့ ယောကျ်ားကို ပထမဆုံး ဦးစားပေးစဉ်းစားလေ့ရှိတယ်။ အဲဒီ ယောကျ်ားကသာ တောင်းဆိုမယ်ဆိုရင် အချစ်ခင်ဆုံး၊ အပြည့်ဆုံးဆိုတဲ့ မိတ်ဆွေ (ဘဝ) ကိုလည်း စွန့်လွှတ်မှာပဲ။ မိန်းမတစ်ယောက်အဖို့ စိတ်ကူးယဉ် မိတ်ဆွေဆက်ဆံရေးထဲမှာ သွေးသားတောင့်တမှုကို ထည့်စဉ်းစားကြည့်ရတာ၊



မိတ်ဆွေသူငယ်ချင်းတွေနဲ့ ပြိုတီတီလုပ်ရတာ၊ သွေးသားတောင့်တမှု ကို စကားလုံးတွေနဲ့ ဖုံးကွယ်ဟန်ဆောင်ရတာမျိုးဟာ အလွန်အန္တရာယ်ကြီးတယ်။ ဒီလိုလက်တွေ့ကျင့်သုံးရတာဟာ ယောကျ်ားတစ်ယောက်အတွက်တော့ ပိုပြီးတောင် အန္တရာယ်ကြီးသေးတယ်။ ဒီလို မိတ်ဆွေလိုလို ဘာလိုလို (မိတ်ဆွေလည်းမက သမီးရည်းစားလည်းမကျ) ဆိုတဲ့ ဆက်ဆံရေးမျိုးကို သွားထားမိရင် ပျော်ရွှင်တဲ့အချစ်ရေးကိစ္စများမှာ တွေ့ရတတ်တဲ့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ရောင့်ရဲမှုမျိုးကိုလည်း ဘယ်တော့မှတွေ့ရတော့မှာမဟုတ်ဘူး။ 'အချစ်ရဲ့တန်ဖိုးဟာ အချစ်ကြောင့်ဖြစ်ပေါ်လာတဲ့၊ ပွားများလာတဲ့ ယေဘုယျ ခွန်အားဖြစ်တယ်' လို့ ကဗျာဆရာ ဟာလေရီက ပြောခဲ့ဖူးတယ်။ အခြားတစ်ဖက်မှာတော့ ပညာအရ မိတ်ဆွေဖြစ်မှုဟာ အချစ်ရဲ့အနှစ်မဲ့တဲ့ အရိပ်အာဝါသဖြစ်တဲ့ အခါမျိုး (တစ်နည်း၊ တစ်ဖက်မှာလည်း ချစ်သလိုလို ဘာလိုလိုဖြစ်နေတဲ့အခါမျိုးမှာ) ခွန်အားသတ္တိကို ယုတ်လျော့စေတယ်။ အောင်မြင်မှုကြီးတစ်ခုကိုရခါနီးလူတစ်ယောက်ဟာ သူ့ကိုယ်သူ အောင်မြင်မှုရအောင် ရှေ့ဆက်ပြီး လုပ်နိုင်စွမ်းရှိတော့မှာ မဟုတ်ဘူးလို့ ထင်လာတာနဲ့ တစ်ပြိုင်နက် သူ့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားလည်း ယုတ်လျော့သွားပြီး သူကိုယ်တိုင်ဟာလည်း ပြိုလဲကျဆင်းသွားတယ်လို့ ထင်လာတတ်တယ်။

ဒီလို ဘာလိုလို ဆက်ဆံရေးမျိုး (မိတ်ဆွေလား၊ သမီးရည်းစားလား စိတ်ကူးယဉ်မိတ်ဆွေ ဆက်ဆံရေးမျိုးလား၊ သွေးသားတောင့်တမှုကိုကြည့်တဲ့ ဆက်ဆံရေးမျိုးလား) ဟာ မိန်းမနဲ့ ယောကျ်ားကြားမှာ တော်တော်ရှုပ်ထွေး ဆန်းကြယ်တဲ့ ဆက်ဆံရေးမျိုးဖြစ်တယ်။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် နည်းလမ်းနှစ်ခုတော့ အနည်းဆုံးရှိတယ်။ ပထမနည်းကတော့ **အချစ်နဲ့ မိတ်ဆွေဆက်ဆံရေးကို ရောထွေးပစ်လိုက်ဖို့**ပဲ။ တစ်နည်းပြောရရင် **အသိပညာအရရော၊ သွေးသားဆန္ဒအရရော နှစ်မျိုးစလုံးပါတဲ့ နှောင်ကြိုးတစ်ခုကို ဖွဲ့စည်းဖို့**ဖြစ်တယ်။ ဒုတိယနည်းကတော့ သက်ဆိုင်သူ **အမျိုးသားအမျိုးသမီး နှစ်ဦးစလုံးအဖို့ ကိုယ့်ပျော်ရွှင်မှုနဲ့ ပြည့်စုံတဲ့ တွေးနှပ်ရောင့်ရဲမှုကို ရစေတဲ့ ကိုယ်ပိုင်သီးခြားလိင်ဆက်ဆံရေးဘဝကို ထူထောင်ဖို့**ဖြစ်တယ်။ ဒီလိုနေလိုက်ရင် မိန်းမဘက်ကလည်း ကိုယ့်မိတ်ဆွေအမျိုးသားပေါ်မှာ မိတ်ဆွေဆက်ဆံရေးကို ပြည့်စုံခြင်းမရှိတဲ့ အချစ်အဖြစ် ပြောင်းလာအောင် သွေးဆောင်ဖြား

www.burmeseclassic.com

www.burmeseclassic.com



ယောင်းစရာမလိုတော့ဘူး။ မိမိတို့မှာ ကိုယ်ခန္ဓာမပါသလို နေချင်တယ်ဆိုတဲ့ အဖြစ်မျိုးဟာ မိန်းမနဲ့ယောကျ်ားအဖို့ အဓိပ္ပာယ်လည်းမရှိဘူး။ အကြွင်းနာ ကင်းရာလည်း ရောက်တယ်။

❑❑

BURMESE CLASSIC .com

မိန်းမနဲ့ယောကျ်ား တော်တော်များများမှာ ဖြစ်လေ့ရှိတာက မိန်းမက ယောကျ်ားကို အထင်ကြီးလေးစားတယ်။ သူ့ရဲ့ စိတ်ဓာတ်ဆိုင်ရာ ရှေ့ဆောင် လမ်းပြလို့ ထင်တတ်တယ်။ တစ်ခါတလေမှာလည်း လူလွန်ယောကျ်ားလို့ ယုံကြည်ကိုးစားပြီး လျို့ဝှက်ချက်ကို ဖွင့်ဆိုတိုင်ပင်အပ်သူလို့ မြင်တတ်တယ်။ ဘာသာတရားမယုံကြည်သူတွေ၊ ဒါမှမဟုတ် အခြားယုံကြည်ချက် မရှိသူတွေ ဟာ သူတို့လုပ်ငန်းကို သူတို့အထင်ကြီးတတ်တဲ့ အတိုင်ပင်ခံ သမားတော်ကြီး များကို ဖွင့်ဟပြောခြင်းအားဖြင့် လွတ်မြောက်မှုကို ရှာကြတယ်။ စိတ်ပညာ ရှင်တစ်ဦးဖြစ်တဲ့ ယွန်းက 'ကျွန်တော်တို့ဆီကို လာရောက်အကူအညီတောင်း တဲ့ လူတွေရဲ့ အပြုအမူတွေကို ဘယ်တော့မှ ပြစ်တင်ဝေဖန်ခြင်းမပြုသင့်ဘူး လို့ ကျွန်တော်ပြောလိုတာမဟုတ်ဘူး။ ကျွန်တော်ပြောလိုတာက ဆရာဝန် တစ်ယောက်ဟာ လူနာတစ်ယောက်ကို အကူအညီဖြစ်စေချင်ရင် မိမိဆီ လာတဲ့လူနာတိုင်းကို အရှိကိုအရှိအတိုင်း လက်ခံရမယ်လို့ ဆိုလိုတာဖြစ် တယ်' လို့ ပြောခဲ့ဖူးတယ်။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ပြောချင်တာက ဆရာဝန်တစ်ယောက်ဟာ အနုပညာသည်တစ်ဦးဖြစ်ရမယ်၊ မိမိရဲ့ လူနာ တွေကို နားလည်ရာမှာလည်း ဒဿနဆရာနဲ့ နည်းနာများနဲ့ ဝတ္ထုရေးဆရာ ရဲ့ နည်းနာများကို ထင်ဟပ်ကျင့်သုံးသင့်တယ်လို့ ကျွန်တော်ထင်တယ်။ ကြီးကျယ်တဲ့ ဆရာဝန်တစ်ဦးဟာ ကိုယ်ခန္ဓာမှတစ်ဆင့် စိတ်ကို ကုသရုံတင် မကဘူး၊ ကိုယ်ခန္ဓာကိုလည်း စိတ်မှတစ်ဆင့် ကုသပေးတယ်။ အဲဒီလို ဆရာ ဝန်မျိုးဟာ စစ်မှန်တဲ့ စိတ်ဓာတ်ဆိုင်ရာ မိတ်ဆွေတွေဖြစ်တယ်။

အချို့သော စာဖတ်သူများအဖို့ ဝတ္ထုရေးဆရာဟာ သူ့ကိုမှ ကယ်တင် ပေးတဲ့ အမည်မသိမိတ်ဆွေဖြစ်နေတယ်။ လူတစ်ယောက်ဟာ သူ့ကိုယ်သူ



ပုံမှန်မဟုတ်ဘူးလို့ ထင်နေတယ်။ သူ့ရဲ့ ခံစားချက်တွေဟာ အကုသိုလ် ဖြစ်နေတယ်။ လူမဆန်ဘူးလို့ ထင်နေတယ်။ သည့်တုန်းမှာ သူဟာ စာအုပ် တစ်အုပ်ကို ကောက်ဖတ်လိုက်မိတယ်။ အဲဒီ စာအုပ်ထဲမှာ သူနဲ့တူတဲ့ လူမျိုး တွေကို သွားတွေ့တတ်တယ်။ ဒီမှာတင် သူဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကို ပြန်တွေ့သွားတယ်။ သူ့အဖြစ်ကို သူကျေနပ်သွားပြီး စိတ်သက်သာရာ ရသွားတယ်။ သူ့လိုလူမျိုးဟာ သူတစ်ယောက်တည်း မဟုတ်ဘူးဆိုတာ တွေ့ သွားတယ်။ ဒီမှာတင် သူ့ခံစားချက်တွေဟာလည်း သာမန်ဘဝထဲကို ပြန်ရောက်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားသူတွေဟာလည်း သူ့လို အတွေ့အကြုံတွေကို ဖြတ်သန်းခဲ့ရတာကိုး။ တော်စတွိုင်းနဲ့ စတဲင်ဒယ်တို့ရဲ့ လက်ဆောင်များဟာ အရွယ်ရောက်စလူငယ်များစွာကို သူတို့အခက်အခဲတွေ ကို ဖြတ်သန်းကျော်လွှားနိုင်အောင် ကူညီခဲ့ကြတယ်။

တစ်ခါတလေမှာ လူတစ်ယောက်ဟာ သူ့အတွေးအခေါ်တွေကို လမ်း ပြဖို့ မိမိထက် စိတ်တန်ခိုးသတ္တိ အားကောင်းတယ်လို့ထင်ရတဲ့ လူတစ် ယောက်အပေါ်မှာ ယုံကြည်ကိုးစားသွားတယ်။ သူဟာ အဲဒီလူကို လေးစား ကြည်ညိုသွားပြီး အဲဒီလူကို ပြန်လှန်ငြင်းခုံခြင်းမပြုတော့ဘူး။ အဲဒီအခါမှာ အဲဒီလူဟာ သူ့အဖို့ ဆရာလည်းဆရာ၊ မိတ်ဆွေလည်းမိတ်ဆွေ ဖြစ်သွား လေ့ရှိတယ်။ ကျွန်တော်ဆိုရင် အာလိန်းဆိုတဲ့အမည်နဲ့ စာတွေကို ရေးတဲ့ ပြင်သစ်ဒဿနဆရာတစ်ဦးကို ဆရာအဖြစ်တွေ့ရှိခဲ့တဲ့အတွက် ကံကောင်း တယ်လို့ ဆိုနိုင်တယ်။ ကျွန်တော့်အဖို့ဆိုရင် သူ့ထင်မြင်ချက်တွေဟာ ကမ္ဘာ မှာရှိတဲ့ အခြားသူတွေရဲ့ ထင်မြင်ချက်တွေထက် အရေးတကြီးဖြစ်နေတယ်။ တစ်နည်းပြောရရင် သူဟာ ကျွန်တော့်အဖို့ ယနေ့အထိ ဆရာဖြစ်နေတယ်။ ဒီလို ပြောလိုက်တဲ့အတွက် အရာရာတိုင်းမှာ၊ ကိစ္စတိုင်းမှာ သူ့ကို ဆရာလို့ ကျွန်တော်ပြောလိုတာ မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ အယူအဆဟာ ကွဲပြား တယ်။ အရေးကြီးတဲ့ ပြဿနာများစွာမှာ သူနဲ့ကျွန်တော် လုံးဝသဘောကွဲ လွဲတာတွေရှိတယ်။ ဒါပေမယ့် ခုထိ ကျွန်တော်ဟာ သူ့စိတ်နေစိတ်ထားကို အတုယူနေရတုန်းရှိသေးတယ်။

အယူအဆ၊ အဆုံးအမတစ်ရပ်ကို လက်ခံသဘောပေါက်ဖို့ဆိုတာ ဘာစံ တစ်ခုသော ယုံကြည်မှုရှိဖို့လိုတယ်။ ဒါကြောင့်မို့ ဆရာရွေးရင် သေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာရွေးဖို့လိုတယ်။ အကယ်၍ ရွေးချယ်လို့ပြီးတယ်ဆိုရင်လည်း သူ့ကို ငြင်းပယ်ခြင်းမပြုမီမှာ သေသေချာချာ နားလည်ဖို့ကြိုးစားရမယ်။ ယုံကြည်မှု နဲ့ ချစ်ခင်နှစ်သက်မှုမပါဘဲ ဘယ်လိုမိတ်ဆွေ ဆက်ဆံရေးမျိုးမှ မပေါ်ပေါက် နိုင်ဘူး။ သင်ဟာ သင့်ပတ်ဝန်းကျင်မှာ ကြီးကျယ်မြင့်မြတ်တဲ့ စိတ်ထားရှိသူ ကို ရှာလို့တွေ့ကောင်းတွေ့နိုင်မယ်။ ဒီလို ရှာဖွေတွေ့ခဲ့ရင် သူတို့တတွေဟာ သင့်ရဲ့ စိတ်ဓာတ်ဆိုင်ရာ မိသားစုကြီးနဲ့ အတူတူပဲ။ မကြာခင်တုန်းက ဂျ နီဘယ်က သစ်ကုန်သည်တစ်ယောက်အကြောင်းကို ကျွန်တော်ကြားခဲ့ရ တယ်။ အဲဒီ သစ်ကုန်သည်ဟာ (စာရေးဆရာ) မွန်တီန်းကို မိတ်ဆွေဖွဲ့ထား တယ်။ သူဟာ ဘယ်နေရာကိုပဲသွားသွား သူ့အိတ်ထဲမှာ သူ့ဆရာမွန်တိန်း ရဲ့ စာအုပ်တစ်အုပ် မပါဘဲနဲ့ ဘယ်တော့မှ ခရီးသွားလေ့မရှိဘူးလို့ ဆိုတယ်။ ဒီလိုရင်းနှီးကျွမ်းဝင်မှုကိုမွေးမြူဖို့ နည်းနည်းကလေးမှ ဆုတ်ဆိုင်းခြင်း မရှိ ပါနဲ့။ အထုံတစ်ခု ဖြစ်လာအောင်တောင် ကြိုးစားသင့်ပါတယ်။ အဲဒီလို စိတ်ထားမျိုး၊ အတွေးအခေါ်မျိုးတွေဟာ သင့်ကို အမြင့်ကိုခေါ်သွားပါလိမ့် မယ်။ အဲဒီ အမြင့်ကို ရောက်တဲ့အခါမှာ သင်ဟာ သင့်ရဲ့ ကောင်းမွန်တဲ့ အရည်အချင်းများကိုပါ တွေ့လာပါလိမ့်မယ်။ ပလေတိုနဲ့ စကားပြောနိုင် အလွန်သီးသန့်နေတတ်တဲ့ ပါစကယ်နဲ့ စကားပြောနိုင်ဖို့အတွက် သူတို့ရဲ့ မျက်နှာဖုံးတွေကို ချွတ်ခွာပစ်ပါ။ စာအုပ်ကောင်းတစ်အုပ်ကို ဖတ်ခြင်းဟာ အဆက်မပြတ်တွေ့ဆုံ စကားပြောရခြင်းနဲ့ အတူတူပါပဲ။ အဲဒီ စကားပြော ခန်းမှာ စာအုပ်က သူပြောစရာရှိတာတွေကို ပြောပြီး ကျွန်တော်တို့ ဝိညာဉ် ကလည်း ကျွန်တော်တို့ ပြောစရာရှိတာတွေကို ပြန်ပြောပါလိမ့်မယ်။

တစ်ခါတစ်ရံမှာ ကျွန်တော်တို့ ရွေးချယ်လိုက်တဲ့ ဆရာဟာ စာရေးဆရာ ဖြစ်ချင်မှဖြစ်မယ်။ ဒဿနဆရာဖြစ်ချင်မှ ဖြစ်မယ်။ အဲဒီ ဆရာဟာ လက်နှီး ရည်သမားဖြစ်ချင်ဖြစ်နေမယ်။ အဲဒီအခါမှာ ကျွန်တော်တို့ဟာ သူနဲ့အတူတူ စွန့်စားပြီး သူ့အမိန့်အတိုင်း လိုက်နာဆောင်ရွက်သင့်တယ်။ အဲဒီမှာ မိတ်ဆွေ ဆက်ဆံရေးဟာ အဆင့်မြင့်သွားပြီ။ အဲဒီ မိတ်ဆွေဆက်ဆံရေးမှာ ရည်ရွယ် ချက်ချင်း တူညီကြတဲ့အတွက် မနာလိုဝန်တိုတာတွေ မရှိတော့ဘူး။ အဲဒီအခါ မှာ အားလုံးအလုပ်များပြီး မကောင်းတဲ့စိတ်တွေကို မွေးမြူချိန်မရတော့တဲ့ အတွက် အားလုံးဟာ ပျော်ရွှင်နေကြတယ်။ ညနေကျရင် လူတွေပြန်ဆုံကြပြီး



တစ်နေ့တာ ကိုယ်လုပ်ခဲ့တာတွေကို ပြန်ပြောင်းပြောကြတယ်။ မျှော်လင့်ချက် တွေကို ခွဲဝေခံစားကြတယ်။ စိတ်ပျက်စရာတွေကို အတူရင်ဆိုင်ကြတယ်။ အဲဒီအခါမှာ အကြီးအကဲကလည်း အာဏာပါဝါမပြဘူး။ သူဟာလည်း သူ့ နည်းနဲ့သူ မိတ်ဆွေတစ်ယောက် ဖြစ်လာတော့တယ်။ တစ်ခါတစ်ရံမှာ တော် တော်ယဉ်ကျေးသိမ်မွေ့တဲ့ မိတ်ဆွေတစ်ယောက်ဖြစ်လာတတ်သေးတယ်။ သူဟာ အစုထဲမှာ စိတ်ဓာတ်ဆိုင်ရာ ခေါင်းဆောင်အဖြစ် အားလုံးရဲ့ လေး စားကြည်ညိုခြင်းကိုလည်း ခံလာရတယ်။

❑❑

အဆင့်တိုင်းမှာရှိတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ အရှည်တည်တံ့နိုင်ဖို့အတွက် အိမ်နီးနားချင်းတွေ၊ မိသားစုတွေနဲ့ ဖွဲ့စည်းထားရတယ်။ အဲဒီအစုတွေကို မူလ ကလာပ်စည်းတွေအဖြစ် သဘောထားနိုင်တယ်။ လူ့ရဲ့ ခန္ဓာကိုယ်မှာလိုပဲ အဲဒီလူ့အဖွဲ့အစည်းမှာလည်း တစ်သျှူးတွေရှိတယ်။ ဒါတင်မကဘူး။ လူ့ခန္ဓာ ကိုယ်မှာထက်တောင် ပိုမိုရှုပ်ထွေးတဲ့ အာရုံကြောဆိုင်ရာ ကလာပ်စည်းတွေ ရှိသေးတယ်။ ဒါကြောင့်မို့ လူ့အဖွဲ့အစည်းတစ်ခုဟာ ရှုပ်ထွေးတဲ့ဆက်ဆံမှု တွေကို အစဉ်အမြဲ ထုတ်လုပ်ပေးနေတဲ့ မိသားစုတွေနဲ့ ဖွဲ့စည်းထားခြင်း ဖြစ်တယ်လို့ မှတ်ယူသင့်တယ်။ အဲဒီ ဆက်ဆံမှုတွေဟာ ကျယ်ပြန့်ပြီး ဖြာ ထွက်နေသလို တစ်ချိန်တည်းမှာပဲ စုစည်းနေကြတယ်။ အဲဒီအထဲမှာ မိတ် ဆွေဆက်ဆံရေးနဲ့ မြတ်နိုးတန်ဖိုးထားမှုဟာ ပိုမိုရှုပ်ထွေးဆန်းကြယ်တဲ့ အာရုံ ကြောဆိုင်ရာ ကလာပ်စည်းတွေဖြစ်တယ်လို့ သဘောထားသင့်တယ်။ ဒါ ကြောင့်မို့ စိတ်ဓာတ်ဆိုင်ရာ အချစ်ဟာ ကိုယ်ခန္ဓာဆိုင်ရာ အချစ်ရဲ့ အပ်ချည် မျှင်တွေကြားမှာ ပိုမိုပါးလွှာ၊ ပိုမိုနူးညံ့တဲ့ ရက်ထည်တစ်ခုကို ရက်လုပ်ပေး နေတယ်။ တစ်နည်းပြောရရင် စိတ်ဓာတ်ဆိုင်ရာ အချစ်ဟာ ခန္ဓာကိုယ်ဆိုင် ရာ အချစ်ထက်ပိုပြီး အင်အားနည်းတယ်။ သိမ်မွေ့တယ်။ ဒါပေမယ့် လောက ကြီးမှာ စိတ်ဓာတ်ဆိုင်ရာ အချစ်မရှိရင် လူ့အဖွဲ့အစည်းကြီး မတည်တံ့နိုင် ဘူး။ ဒီလောက်ဆိုရင် ကျွန်တော်တို့ဟာ ယဉ်ကျေးမှုကြီးကို ထိန်းသိမ်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ချင့်ချိန်နှစ်သက်ခြင်း၊ ယုံကြည်ခြင်း၊ သစ္စာရှိခြင်းစတဲ့ ထူးခြားဆန်းကြယ်တဲ့ ရောက်ထည်တြီးကို တစ်စိတ်တစ်ပိုင်းမြင်နိုင်လောက်ပြီလို့ ကျွန်တော်ထင် တယ်။

❑❑❑

# တွေးခေါ်မှုအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စာကြည့်ခန်းပြတင်းက အပြင်ကို လှမ်းကြည့်လိုက်တယ်။ ခဏအတွင်းမှာပဲ ကျွန်တော့်အတွေးတွေဟာ မှန်ပေါ်မှာ ဆေးစုံခြယ်ရေးထားသလို ဖြစ်နေတဲ့ ရုပ်ပုံတွေနဲ့ ရောထွေးသွားတယ်။

လသာဆောင်လက်ရန်းရဲ့ မာကြောတဲ့ဂဲဩမေထရီ ပုံပန်းသဏ္ဌာန်တွေ အစွန်းမှာ ပါရီမနက်ခင်းရဲ့ မှုန်ပြာဝေနှင်းမြူတွေကို ခြုံထားကြတဲ့ ဘိုင်းပန်းခြံထဲက အစိမ်းရောင်လှိုင်း အထပ်ထပ်ကို လှမ်းမြင်နေရတယ်။ ဒိုးကုပ်စက်ဝိုင်းဆီမှာ တောင်တန်းတစ်တန်း ရေးရေးပေါ်လာတယ်။ မောင့်ဘာလေရီယန်တောင်စောင်း၊ တောအုပ်တွေထဲမှာ ဆေးရုံကလေးက အနက်ရောင်ဆိုက်ပရက်စ်ပင်တွေ ဝိုင်းအုပ်နေတဲ့ ဖလော်ရင့်တိုင်းနယ်က ဘုန်းကြီးကျောင်းတစ်ကျောင်းနဲ့ တူနေတယ်။ ဘီမ်ပါးပါးတွေ ဖုံးထားတဲ့ ကောင်းကင်ကို ဖြတ်သန်းပြီး ပျံလွှားငှက်တစ်အုပ် ပျံသွားလေရဲ့။ ဟိုအဝေး ဗာဆေးမြို့တစ်ဝိုက်ဆီမှာတော့ လေယာဉ်ပျံတချို့ ဘီးတွေလှိမ့်ပြီး တဒီးဒီးဆူညံလို့။

သူတို့ကိုမြင်တော့ စစ်တွင်းက အဖြစ်တွေကို ပြန်ပြောင်းသတိရမိတယ်။ ကောင်းကင်ကဗုံးတွေ တဝုန်းဝုန်း ကြဲချတာတွေ၊ ညညအချက်ပေးဥဩဆွဲတဲ့ အသံတွေ။

ဒါတွေကို သတိရလိုက်တာနဲ့ သစ်ရွက်စိမ်းမြတွေ ငှက်တို့ရဲ့ တေးသံတွေကို မေ့သွားပြီး ယဉ်ကျေးမှုကြီးတစ်ခု သေဆုံးကွယ်ပျောက်သွားခဲ့တာ၊ ရောမလက်နက်နိုင်ငံတော်ကြီး အဆုံးသတ်သွားခဲ့ရတာ၊ ၃ ရာစုနှစ်လောက်တုန်းက အယ်ဂျီးရီးယားကမ်းမှာ စည်ပင်သာယာဝပြောတဲ့ မြို့ကလေးတစ်မြို့ရှိခဲ့တာ၊ နောက်နှစ်ပေါင်း တစ်ရာလောက် ရောက်တဲ့အခါကျတော့ အဲဒီမြို့ကလေးဟာ ကြေကွဲစရာလူသူကင်းမဲ့တဲ့ အပျက်အစီးပုံကြီး ဖြစ်သွားခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း တွေးမိစဉ်းစားမိလျက်သား ဖြစ်သွားတယ်။

ကျွန်တော့်အတွေးတွေဟာ အဲဒီကနေပြီး ကျွန်တော်တို့ ခေတ်က မြို့တော်ကြီးတွေရဲ့ ကံကြမ္မာဆီကိုလည်း ရောက်သွားမိပြန်တယ်။

ဒီနည်းအားဖြင့် ကျွန်တော့်အတွေးထဲမှာ လက်ရှိပစ္စုပ္ပန်နဲ့သာမက ဝေးလံတဲ့တိုင်းပြည်တွေအကြောင်းတွေ ပါနေတယ်။ ရှေးက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်စဉ်းစားတယ်။ ပြီးတော့ ကြိုတင်ပြောလို့မရတဲ့ အနာဂတ်နဲ့ပတ်သက်လို့လည်း ဟောကိန်းတွေ ထုတ်လိုက်တယ်။ ဒီတော့ ကျွန်တော့်စိတ်ဟာ ဘာနဲ့တူသလဲဆိုရင် အံ့ချိန်ရယ်၊ ဟင်းလင်းပြင်ရယ် (ကာလရယ်၊ ဒေသရယ်) လို့ သတ်မှတ်ထားခြင်းမရှိတဲ့ ကြီးမားတဲ့ စကြဝဠာ ကြီးကို ထင်ဟပ်နေတဲ့ အရွတ္တကမ္ဘာကလေးတစ်ခုနဲ့ တူနေတယ်။ ဒဿန ဆရာများကတော့ အဲဒီလို စကြဝဠာကြီးကို ချုံ့ယူလိုက်တဲ့ ပုံစံငယ်ကလေးကို အဏုစကြဝဠာလို့ ခေါ်ကြဟယ်။ သူတို့ဟာ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာ ကြီးကို သိမြင်နားလည်ပြီး အနန္တစကြဝဠာအဖြစ် ပြောင်းပစ်ချင်ကြတယ်။ 'လူ၏ စိတ်သည် နတ်တမန်တစ်ပါးနှင့်တူ၏။ အနန္တစကြဝဠာကြီး အတွင်း တွင်ရှိသည့် အရာမှန်သမျှကို သိမ်းကျုံးယူငင်တတ်၏' လို့ အလယ်ခေတ် အင်္ဂလိပ်ဆရာတစ်ဦးက ဆိုခဲ့ဖူးပါတယ်။ ဒီတော့ ပြောချင်တာက လူ့စိတ်ဟာ အရာရာကို သိမ်းကျုံးယူဖို့ ကြိုးစားအားထုတ်တယ်။ ဒီအခါမှာ ကျွန်တော်တို့ စိတ်ထဲမှာ လာထင်ဟပ်တဲ့ ကမ္ဘာလောကကြီးဟာ ဥယျာဉ်ထဲက ငွေဘောလုံး ကြီးတစ်လုံးပေါ်မှာ လာတင်နေတဲ့ ကောင်းကင်နဲ့ ပန်းပွင့်တွေလို ပုံပန်း သဏ္ဌာန်တွေ ကိုယ့်ယို့ကားယား ဖြစ်ကုန်တော့တာပေါ့။

ကျွန်တော့် အတွေးတွေဟာ အများအားဖြင့်တော့ ရှုပ်ထွေးနေပါ တယ်။ ဘာဖြစ်လို့လည်းဆိုတော့ မှန်ကြေးမုံရော၊ အရာဝတ္ထုတွေရော၊ အဏု စကြဝဠာရော၊ အနန္တစကြဝဠာကြီးရော အားလုံးဟာ အမြဲတစေ ရွေ့လျား ပြောင်းလဲနေကြလို့ပါပဲ။ ခု ကျွန်တော့်ရှေ့မှာ အနည်းနဲ့အများ ပီပြင်ထင်ရှား တဲ့ မြင်ကွင်းရုပ်ပုံတစ်ခု ရှိတယ်။ အဲဒါကတော့ သံလက်ရန်း၊ သစ်ပင်က သစ်ရွက်သစ်ခက်တွေ၊ ငှက်တွေနဲ့ အဝေးမှာမြင်ရတဲ့ တောင်စဉ်တောင်တန်း တွေပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ သတိရအောက်မေ့မှုတွေ၊ မျှော်လင့် ချက်တွေ၊ ကျိုးကြောင်းဆင်ခြင်မှုတွေအားလုံးဟာ ကျွန်တော့်ရဲ့ကိုယ်တွင်းမှာ



ရှိတဲ့ ပင်လယ်လှိုင်းတွေရဲ့ ဆုံးဖြတ်ပြဌာန်းရာကို နာခံနေရတယ်။ မသိမိုက်မဲ မှု၊ လိုချင်တပ်မက်မှု၊ မှားယွင်းမှု၊ မေ့လျော့ပေါ့ဆမှုတွေကြောင့် ကိုယ်မြင် နေရတဲ့ ကမ္ဘာလောကကြီးဟာ ကိုယ့်စိတ် ကိုယ့်အမြင်ထဲမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားရတယ်။ ဒါပေမယ့် အရာရာတိုင်းဟာ ပြောင်းလဲမှုကို အမြဲတစေ ဖြတ်သန်းနေကြရတယ်။ အဲဒီပြောင်းလဲမှုတွေဟာလည်း အသစ်တွေ၊ အထူး အဆန်းတွေ ဖြစ်နေတယ်။ ကမ္ဘာကြီး၊ လောကကြီးဟာ ကျွန်တော်တို့ စိတ်ထဲ မှာ ဘာနဲ့တူသလဲဆိုရင် ကွန်တိုတွေ ရှုပ်ထွေးနေပြီး နယ်နိမိတ်တွေ အစဉ် သဖြင့် ပြောင်းလဲနေတဲ့ မြေပုံကြီးတစ်ချပ်နဲ့ တူနေတယ်။ ဒါပေမယ့် အဲဒီ မြေပုံကြီးကိုပဲ ကျွန်တော်တို့ အမြဲအသုံးပြုသွားရတော့မှာပဲ။

ကျွန်တော်တို့မှာ ပြတ်ပြတ်ရှင်းရှင်း တွေးခေါ်ချင်တဲ့ ဆန္ဒရှိတယ်။ အဲဒီလို တွေးခေါ်လိုက်တော့ ကျွန်တော်တို့မှာ နှောင့်နှေးရတာတွေ၊ သေသေ ချာချာရှာဖွေစေ့ငုတာတွေ ရှိလာတယ်။ ဒါပေမယ့် လက်တွေ့လုပ်ဖို့ကလည်း သိပ်လိုအပ်နေတယ်။ အရေးကြီးနေတယ်။ ကလေးရဲ့ ကျန်းမာရေးက တော်တော်ဆိုးနေပြီ။ သူ့ရောဂါက ဘာလဲ။ ကိုယ်ခန္ဓာနဲ့ ပတ်သက်တဲ့ရောဂါ လား။ စိတ်နဲ့ပတ်သက်တဲ့ ရောဂါလား။ ဘယ်ဆရာဝန်ကို ခေါ်ရမလဲ။ ဆေး ဝါးဟာလည်း တကယ်ကော အသုံးဝင်ရဲ့လား။ ဆေးပညာဟာ တကယ်စစ် မှန်တဲ့ သိပ္ပံပညာတစ်ရပ် ဟုတ်ရဲ့လား။ သိပ္ပံပညာရပ်ဆိုတာကော ဘာလဲ။

အဲဒီမေးခွန်းတွေကို အလေးအနက်သာ စဉ်းစားနေရရင် တစ်သက် လုံး အချိန်ကုန်သွားတော့မှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ ဘာလုပ်နိုင်သလဲ။ အဖြေကိုတော့ ရှာရလိမ့်မယ်။ လူနာက သေကောင်ပေါင်းလဲ ဖြစ်နေပြီမ ဟုတ်လား။ ပြင်ပလောကကြီးကို စူးစမ်းရှာဖွေဖို့ အချိန်မရှိဘူး။ ဒီတော့ ကျွန်တော်တို့ ချက်ချင်းကောက်ပြီး လေ့လာသုံးသပ်နိုင်တဲ့ နည်းကတော့ ကျွန်တော်တို့ စိတ်က အဖြေပေးလိုက်တဲ့ ပုံပန်းမကျ ရှုပ်ထွေးနေတဲ့ မြင်ကွင်း ကလေးပဲ ဖြစ်ပါတယ်။

စဉ်းစားတွေးခေါ်ခြင်းဆိုတာဘာလဲ။

မိမိ၏ လုပ်ရပ်များကြောင့် အစစ်အမှန် လောကကြီးထဲမှာ ပေါ် ထွက်လာတဲ့ ရလာဒ်များ၊ အကျိုးသက်ရောက်မှုများကို သင်္ကေတများ အာရုံ ရုပ်ပုံများဖြင့် ပေါင်းပြီးခန့်မှန်းရန်၊ ကြည့်မြင်ရန် ကြိုးစားသောလူရဲ့ အား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှု၊ ဒါဟာ တွေးခေါ်စဉ်းစားခြင်းဖြစ်စဉ်ပဲ။ (မိမိရဲ့ လုပ်ဆောင်ချက်ကြောင့် ဒိဋ္ဌမမ္မလောကကြီးမှာ အကျိုးသက်ရောက်မှုတစ်ခု ပေါ်သွားတယ်။ အဲဒီအကျိုးသက်ရောက်မှုကို ဘယ်လိုအကျိုးသက်ရောက်မှုလဲဆိုတာ သင်္ကေတများ၊ အာရုံထင်ရုပ်ပုံများနဲ့ မြင်အောင် အားထုတ်ရတယ်။ သိအောင် အားထုတ်ရတယ်။ ဒါဟာ စဉ်းစားတွေးခေါ်ခြင်းပဲ။) တွေးခေါ်မှုဟူသမျှ စဉ်းစားမှုဟူသမျှဟာ အလုပ်တစ်ခုကို ပုံကြမ်းဆွဲထားတာပဲဖြစ်တယ်။ နောက်မှာ အဲဒီပုံကြမ်းကို ဆေးရောင်တွေခြယ်တော့မယ်။ တစ်ချို့နေရာတွေကို ပြင်ရတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ဘဝရဲ့ ရုပ်ပုံကားချပ်ဖြစ်လာတော့တာပဲ။ 'ကျွန်တော်တို့ဟာ မှန်ကန်စွာ လုပ်နိုင်ဖို့အတွက် မှန်ကန်စွာ တွေးခေါ်နိုင်အောင် ကြိုးစားရမယ်' လို့ ပါစကယ်က ပြောခဲ့ဖူးတယ်။ မှန်ကန်စွာ တွေးခေါ်ခြင်း၊ မှန်ကန်စွာ စဉ်းစားခြင်းဆိုတာဘာလဲ။

ကျွန်တော်တို့ အဇ္ဈတ္တထဲမှာ ရောက်နေတဲ့ ဗဟိဒ္ဓကမ္ဘာလောကကြီးရဲ့ ပုံစံငယ်လေးကို တူနိုင်သမျှတူအောင် လုပ်ဖို့ပါပဲ။ ကျွန်တော်တို့ရဲ့ အကူစကြာဝဠာမှာရှိတဲ့ နိယာမများဟာ အနန္တစကြာဝဠာကြီးရဲ့ နိယာမများနဲ့ အတော်အတန်တူလာရင်၊ ကျွန်တော်တို့ မြေပုံကားချပ်များဟာ အပြင်မှာ ကျွန်တော်တို့တကယ်ဖြတ်သန်းရမယ့်ခရီးနဲ့တူအောင် လုပ်နိုင်လို့ရှိရင်၊ ကျွန်တော်တို့ အလုပ်တွေဟာ ကျွန်တော်တို့ရဲ့ လိုအင်ဆန္ဒတွေ မျှော်မှန်းချက်တွေနဲ့ ကိုက်ညီနေပြီ၊ ဖြစ်နိုင်တဲ့အခွင့်အလမ်းတွေ အနည်းအပါး ရှိလာပြီဆိုတဲ့ သဘောပဲ။

လူမှာ မိမိရဲ့ အတွေးကို ချုပ်တည်းနိုင်တဲ့ နည်းလမ်းရယ်လို့ ရှိသလား။ မိမိရဲ့ လုပ်ဆောင်ချက်များဟာ လက်ရှိအခြေအနေနဲ့ ခွင်ကျသွားအောင် တိကနဲမှန်အောင် တွေးနိုင်တဲ့ အတွေးမျိုးကို တွေးနိုင်သလား။ စကြာဝဠာကြီးရဲ့ တိကျတဲ့မြေပုံကို ဆွဲလို့ရပါ့မလား။ မိမိသွားလိုရာ ဆိပ်ကမ်းကို အလွယ်တကူ မှန်မှန်ကန်ကန် ရောက်သွားစေနိုင်တဲ့ တစ်စုံတစ်ခုသော ရည်မှန်းချက်ပန်းတိုင်ကို ပြနိုင်တဲ့ မြေပုံတစ်ခုကို ဆွဲနိုင်ပါ့မလား။ ဆွဲလို့တော့ ရသလား။

စကြာဝဠာကြီးထဲမှာရှိတဲ့ အရာများစွာအနက် ဘယ်အရာဟာ ဘယ်အတွက် အသုံးဝင်တယ်၊ ဘယ်အရာဟာ ဘယ်အတွက် အသုံးမဝင်ဘူးဆိုတဲ့



တွေးခေါ်မှု (အသိ) ဟာ သက်ရှိသတ္တဝါတွေထဲမှာ ပကတိစိတ်များ၊ အလေ့အကျင့်များအဖြစ်နဲ့ ပါပြီးသားဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။ ကြောင်တစ်ကောင်ဟာ ပစ္စည်းတွေ ပြည့်နေအောင် တင်ထားတဲ့ စားပွဲပေါ်ကို အသာခုန်တက်လိုက်ပြီး လှပက္ကန္ဒြေရစွာ၊ အားထုတ်မှုကင်းစွာနဲ့ ရပ်နေတယ်။ လက်ဖက်ရည်ပန်းကန်တစ်လုံးတစ်လေမှ ကွဲမသွားဘူး။ ပန်းအိုးကိုလည်း တိုက်ချမပစ်ဘူး။ ဒီလှုပ်ရှားမှုအစဉ်ဟာ သိစိတ်နဲ့ လုပ်တဲ့ကိစ္စမဟုတ်ဘူး။ ကြောင်ဟာ သူ့ကြွက်သားများ၊ မျက်လုံးများနှင့် စဉ်းစားတွေးခေါ်ခြင်းဖြစ်တယ်။ စားပွဲကို မြင်လိုက်တာနဲ့ လှုပ်ရှားဖို့ ခုန်ဖို့လိုအပ်တယ်ဆိုတာကို ဆုံးဖြတ်ပြီးသား ဖြစ်တယ်။ တစ်ခါ အဲဒီလို လှုပ်ရှားရမယ်ဆိုတာကို သိမြင်သွားတာနဲ့ ခြေထောက်၊ ခါးနဲ့ ခေါင်းကို ဘယ်လိုထားရမယ်ဆိုတာ အလိုလိုသိပြီးသားဖြစ်သွားတယ်။

ထိုနည်းအတူပဲ။ တင်းနစ်ကစားသမားတစ်ယောက်၊ ဘောလုံးသမားတစ်ယောက်၊ ဓားသိုင်းကစားသူတစ်ယောက်၊ ကျွမ်းဘားသမားတစ်ယောက်ဟာလည်း သူ့ရဲ့ ကိုယ်ခန္ဓာနဲ့တွေးတယ်။ ဓားသိုင်းသမားတစ်ယောက်ဟာ ကိုယ့်ရန်သူက ဒီလိုလာရင် ဒီလိုလုပ်မယ်လို့ ကိုယ့်ကိုယ်ကို ပြန်ပြီး သတိပေးချိန်ရယ်လို့ ဘယ်တော့မှမရှိဘူး။ သူ့ရဲ့ ဓားနဲ့၊ သူ့လက်ချောင်းကလေးတွေနဲ့ စဉ်းစားတယ်။ ကျွန်တော်ငယ်ငယ်တုန်းက အားကစားကျောင်းသားဖြစ်ခဲ့ဖူးတော့ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ လေးတိုင်ဘားကစားလို့ရှိရင် ကျွန်တော့်တွက်ချက်မှုတွေဟာ တိကျဖို့လိုတယ်။ ကျွန်တော်ဟာ လေထဲကို ကျွမ်းပစ်လိုက်ပြီး ကိုယ်ကိုချိန်သားကိုက်အောင် လုပ်ထားတယ်။ ဘယ်လောက်ကြာကြာ မြောက်နေနိုင်မလဲဆိုတာ ကြိုပြီးတွက်ထားရတယ်။ ကြိုတွက်ထားတဲ့ အချိန်ကိုက်ကလေးမှာ လက်မောင်းကို ညှစ်ပြီး လှုပ်ရှားမှုမြန်သွားအောင် ခြေထောက်ကို ဘယ်အချိန်မှာ ဆန့်ထုတ်ပစ်ရမယ်ဆိုတာတွေကိုသိပြီး အဲဒီလို ချိန်ကိုက်လုပ်နိုင်ခဲ့ရင် မျက်လှည့်ပြသလို လေးတိုင်ဘားတန်းပေါ်မှာ ကျွမ်းပစ်ရတာဟာ လွယ်လွယ်ကလေးရယ်။ ဘာမှ မခက်ဘူး။ ဒါပေမယ့် အဲဒီ ဖလင်ကော်ပြားပေါ်မှာ ချိန်ကိုက်မှုကလေး နည်းနည်းလိုသွားတယ်၊ ချိန်ကိုက်မှု မမီပဲဖြစ်သွားတယ်ဆိုရင် စဉ်ဆက်မပြတ် ချိန်ထားတဲ့နရီဟာ ပျက်သွားပြီ။ ရည်မှန်းထားတဲ့ လေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com



ခန့်သာ ပျက်သွားပြီ။ မအောင်မြင်တော့ဘူး။ ပန်းပုဆရာ တစ်ယောက်ဟာ မိန်းမလှတစ်ယောက်ရဲ့ပုံကို ပန်းပုထုတယ်။ ခါးကျပုံကို သိပ်မကြိုက်တာနဲ့ တစ်မျိုးတစ်ဖုံ ပြောင်းပြီး ထုလိုက်တယ်။ ဒီလို ခါးကျပုံကိုပြောင်းပြီး ထုလိုက်တာဟာ စဉ်းစားတွေးခေါ်ပြီးမှ လုပ်တာမဟုတ်ဘူး။ သူထုလုပ်နေတဲ့ အရုပ်ကို စိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေနဲ့ ရုပ်ထုကို ပွတ်သပ်ကိုင်တွယ်နေတဲ့ သူ့လက်ချောင်းတွေကြားမှာ တိုက်ရိုက်ဆက်သွယ်မှုတစ်ခုကို ထူထောင်မိတယ်။ ကျွမ်းဘားသမားလိုပဲ ပန်းပုဆရာဟာလည်း သူ့ကိုယ်ခန္ဓာနဲ့ စဉ်းစားတွေးခေါ်ခြင်းဖြစ်တယ်။ အချို့သက်ရှိသတ္တဝါများကတော့ အခြားသော ခန္ဓာကိုယ်များနဲ့ တွေးခေါ်စဉ်းစားခြင်း ပြုကြတယ်။ တိရစ္ဆာန်တစ်ကောင်ဟာ တိရစ္ဆာန်အုပ်နဲ့ စဉ်းစားခြင်းပြုတယ်။ သိုးတစ်အုပ်မှာ အထိတ်တလန့်ဖြစ်လို့ ရှိရင် ရန်သူရဲ့ အစာဖြစ်တယ်လို့ဆိုတာကို အဲဒီတိရစ္ဆာန်ရဲ့ အခြေခံကျတဲ့ ပကတိစိတ်က သင်ကြားပေးလိုက်လို့ ဖြစ်တယ်။ စိတ်ဓာတ်အရ ပြုံးခြင်းမရှိသူတွေ၊ ကလေးငယ်တွေနဲ့ လူအုပ်တွေဟာ ပကတိစိတ်နဲ့ ကိုယ်ခန္ဓာနဲ့ တွေးခေါ်တတ်ကြတယ်။

တစ်ခါတုန်းက အတ္တလန်တိတ်သမုဒ္ဒရာကို ဖြတ်နေတဲ့ ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းပေါ်မှာ တစ်ယောက်တည်း လိုက်လာတဲ့ လေးငါးနှစ်ရွယ် ကလေးတစ်ယောက်ကို ကျွန်တော်တွေ့ဖူးတယ်။ သူ့ကို သင်္ဘောမာလိန်လက်ကို အပ်လိုက်တာ။ ဒီလောက်များတဲ့ ခရီးသည်တွေထဲမှာ သူ့ကို ခင်မင်နှစ်သက်တဲ့ ခရီးသည်ဟာ ဘယ်သူလဲ၊ သူ့ကို မနှစ်သက်တဲ့ ခရီးသည်ဟာ ဘယ်သူလဲဆိုတာကို ရွေးတတ်တဲ့နေရာမှာ လူကြီးတွေ ဘယ်မှာလိုက်လို့မီမလဲ။ သိပ်ပါးတာပဲ။ အဲဒီကလေးဟာ သူ့ကို ခင်ခင်မင်မင် ဆက်ဆံတဲ့သူတွေကို ချစ်တယ်။ တခြားသူတွေကိုတော့ ရှောင်တယ်။ ဘယ်လိုလုပ်ပြီး သိတယ်လို့ ထင်သလဲ။ သူဒီလို ခွဲခြားသိတာဟာ ကျွန်တော်တို့မမြင်နိုင်တဲ့ သင်္ကေတတွေကို သိလို့ပဲ။ ချစ်သူနှစ်ဦးဟာ စိတ်ကောက်ကြတယ်။ စိတ်ကောက်ပြီးတော့ စကားလုံးတွေနဲ့ပြောပြီး ပြန်သင့်မြတ်သွားကြတာ မဟုတ်ဘူး။ သက်ပြင်းကလေးတစ်ချက်ချတော့ တစ်ယောက်ကပြုံးတယ်။ မျက်လုံးချင်းဆိုင်လိုက်မိတယ်။ ကိုယ်ခန္ဓာချင်း နီးကပ်သွားကြတယ်။ ခဏကြာတော့ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ပွေ့ဖက်နေကြတယ်။ စကားတွေအကြာကြီး ပြောနေတာကမှ လေကုန်ဦးမယ်။ ခုလို အရိပ်နိမိတ်ကလေးက ကြည့်လိုက်တာနဲ့ ပြေလည်သွားပြီဆိုတာ အချင်းချင်း သိလိုက်ကြတယ်။

ဒါကိုထောက်ရင် ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေကို ထူးခြားတဲ့ အကျမှုနဲ့ တကယ်ထိန်းချုပ်နေတဲ့ ကိုယ်ခန္ဓာအားဖြင့် တွေးခေါ်စဉ်းစားမှုဆိုတာအမှန်တကယ် ရှိတယ်လို့ ယူဆနိုင်တယ်။ ဒါပေမယ့် ကိုယ်ခန္ဓာရဲ့ တွေးခေါ်စဉ်းစားမှုနယ်နိမိတ်ဟာ ကျဉ်းတယ်။ သူ့ရဲ့ နယ်ပယ်ဟာ သေးငယ်တယ်။ ပွေ့ဟာသူ့ခြေထောက်များနဲ့ တွေးခေါ်တယ်။ ဒါပေမယ့် နောက်ထပ်သည်ထက်ပိုပြီး မတွေးနိုင်တော့ဘူး။ သူ့ခြေထောက်ထက်လွန်ပြီး မတွေးနိုင်တော့ဘူး။ အစွမ်းကုန်သွားပြီ။ စိမ်းလန်းတဲ့ မြက်ခင်းတစ်ခုထဲမှာ ရှိနေတဲ့ မြေစာပုံကို သူမသိတော့ဘူး။ ဥယျာဉ်မှူးရဲ့ ဒေါသကို သူမသိတော့ဘူး။ ဥယျာဉ်မှူးရဲ့ ဒေါသကြောင့် ပွေးမျိုးနွယ်တို့အပေါ်မှာ ဘယ်လိုအန္တရာယ်တွေ ကျရောက်လာမယ်ဆိုတာကို သူ မသိဘူးတော့ဘူး။ လေယာဉ်မောင်းသူတစ်ယောက်မှာ လုံခြုံဘေးကင်းစွာ မြေပြင်ကို သက်ဆင်းနိုင်စေတဲ့ တိကျတဲ့ အာရုံကြော တုံ့ပြန်မှုတွေရှိတယ်။ ဒါပေမယ့် လေယာဉ်ပျံကို တီထွင်ဖို့ကိစ္စမှာတော့ သူဘာမှ မသိတော့ဘူး။ တိုင်းပြည်တစ်ပြည်ရဲ့ ဘဏ္ဍာရေးကို စီမံခန့်ခွဲနေတဲ့ နိုင်ငံခေါင်းဆောင်တစ်ယောက်ဟာ သူ့ရဲ့ခန္ဓာကိုယ်နဲ့ စဉ်းစားတွေးတောခြင်း မပြုနိုင်ဘူး။ ဒါတင်မကဘူး။ ဒီလိုလုပ်လိုက်ရင် ဒီလိုလှုပ်ရှားလိုက်ရင် ဒီလိုဖြစ်သွားလိမ့်မယ်ဆိုတဲ့ ကျွမ်းဘားအား ကစားသမားတစ်ယောက်လိုတောင် မတွေးနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ့ခေါင်းဆောင်ရဲ့အလုပ်မှာ စိတ်ကူးနဲ့ကြည့်ရတဲ့ ရုပ်ပုံတွေက သိပ်များနေတာကိုး။ သူ့ရဲ့တာဝန်ဟာ သန်းပေါင်းများစွာသော လူထုတွေရဲ့ စီးပွားရေး အခြေအနေကို တိုးတက်အောင်လုပ်ဖို့ဆိုရင် 'ဖြော်ငါဟာ ငါတွေ့ခဲ့ဖူးတဲ့ ဆိုင်ပိုင်ရှင်တွေ၊ လယ်သမားတွေ၊ အလုပ်သမားတွေ၊ အလုပ်လက်မဲ့တွေအတွက် လုပ်နေတာပါကလား' လို့ စဉ်းစားမနေနိုင်ဘူး။ သူ့တွေးခေါ်မှုကို မြန်ဆန်စေဖို့အတွက် သူဟာ လူတွေ၊ အိမ်တွေ၊ လယ်ကွင်းတွေ၊ အလုပ်ရုံတွေကို ကျော်လွှားစဉ်းစားပြီး အဲဒီအရာတွေရဲ့ နေရာမှာ သူတို့ကိုယ်ကို ကိုယ်စားပြုတဲ့ သင်္ကေတ၊ အမှတ်အသားတွေကို စဉ်းစားရလိမ့်မယ်။ အဲဒီ သင်္ကေတတွေ အမှတ်အသားတွေဟာ စကားလုံးတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



အပ်ချုပ်သမား၊ မျက်လှည့်ဆရာနဲ့ ကျွမ်းဘားဆရာတို့ဟာ လက်နဲ့ စဉ်းစားတွေးတောသူများ ဖြစ်ကြတယ်။ သူတို့ဟာ အလေးချိန်နဲ့ တွန်းကန်မှုအားရှိတဲ့ ပစ္စည်းများကို ကိုင်တွယ်အသုံးပြုကြရတယ်။ အုတ်ခဲတွေ ဘောလုံးတွေနဲ့ သူတို့ခန္ဓာကိုယ်တွေ ဆိုပါတော့။ စကားလုံးများနဲ့ စဉ်းစားတွေးခေါ်တဲ့သူကတော့ အသံတွေ၊ သင်္ကေတတွေကို အသုံးပြုကိုင်တွယ်ရတယ်။ ဒီလိုပစ္စည်းတွေနဲ့ ကိုင်တွယ်အသုံးပြုရင် အလုပ်လုပ်ရတာ လွယ်တယ်။ ဟိုတယ်တစ်ခုမှာ ခင်ဗျားဟာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး 'လက်ဖက်ရည်' လို့ ပြောလိုက်တယ်။ ခဏအတွင်းမှာပဲ မျက်လှည့်ပြသလို လက်ဖက်ရည်၊ ပန်းကန်ပြားရယ်၊ ဇွန်းရယ်၊ ပေါင်မုန့်ရယ်၊ နွားနို့ရယ်၊ မားမလိတ်ရယ်၊ လက်ဖက်ရည်ကရားရယ်၊ ရေနွေးရယ် ရောက်လာတာပဲ။ ဒီအရာဝတ္ထုတွေ အနားရောက်လာအောင် လုပ်လိုက်ရတဲ့ တကယ့်အလုပ်၊ တကယ့်လှုပ်ရှားမှုကို စဉ်းစားကြည့်စမ်း၊ ခင်ဗျားဘာလုပ်လိုက်ရသလဲ။ သင်္ကေတဖြစ်တဲ့ စကားလုံးတစ်လုံးကို သုံးလိုက်ရုံပဲ။ ဒါပေမယ့် ဒီအတွင်းမှာ လက်ဖက်စိုက်ရတဲ့ တရုတ်တွေ၊ လက်ဖက်ခြောက်တွေကို တင်လာတဲ့ အင်္ဂလိပ်သင်္ဘောတွေ၊ မုန်တိုင်းထဲကို ဖြတ်လာခဲ့ရတဲ့ သင်္ဘောမာလိန်နဲ့ သင်္ဘောသားတွေ စားကျက်ဆီကို နွားတွေမောင်းလာပြီး နွားနို့ညှစ်ကြတဲ့ နွားကျောင်းသားတွေ နို့ရထားကို မောင်းလာတဲ့ မီးရထားစက်ခေါင်းမောင်းသမားတွေ၊ ဂျုံကိုနယ်နေတဲ့ ပေါင်မုန့်ဖုတ်သမားတွေ၊ မားမလိတ်လုပ်ဖို့အတွက် လိမ္မော်သီးဆွတ်တဲ့စပိန်၊ ဒါမှမဟုတ် ပေါ်တူဂီအလုပ်သမတွေ။

စကားလေးတစ်ခွန်း ပြောလိုက်ရုံနဲ့ ဒီလူတွေ အားလုံးဟာ ခင်ဗျားအတွက် ဝန်ဆောင်ဖို့ ရောက်လာကြတယ်။

လက်နဲ့တွေးခေါ်စဉ်းစားတဲ့ သူတွေအဖို့ကတော့ စကြဝဠာကြီးထဲမှာ သူတို့ရဲ့ အကျိုးသက်ရောက်မှုဟာ နည်းနည်းကလေးရယ်။ ကန့်သတ်ချက်ရှိတယ်။ သူ ကိုင်တွယ်တဲ့ ပစ္စည်းအပေါ်မှာပဲ လုပ်ဆောင်ရတယ်။ စကားနဲ့တွေးခေါ်စဉ်းစားသူတို့အဖို့ကတော့ တစ်စုံတစ်ရာအားထုတ်မှုမပြုရဘဲ လူတွေ၊ စစ်တပ်ကြီးတွေ၊ ပထဝီတိုက်ကြီးတွေကို လှုပ်ရှားစေတယ်။ အစိုးရခေါင်းဆောင်တစ်ယောက်အနေနဲ့ 'စစ်သားစုဆောင်းရေး' ဆိုတဲ့ စကားတစ်ခွန်းကို ပြောကြည့်စမ်းပါလား။ အခြားလှုပ်ရှားမှု တစ်စုံတစ်ရာမပါဘဲ



ဘေခမ်းကလေး နည်းနည်းလှုပ်လိုက်ရုံနဲ့ လူတွေကို သူတို့မိသားစုတွေ၊ သူတို့အိမ်တွေက ခွဲခွာလာအောင်လုပ်နိုင်တယ်။ ရာပေါင်းများစွာသော လူတွေကို သေကြေစေနိုင်တဲ့ ဗုံးကြဲလေယာဉ်တွေနဲ့ ကောင်းကင်မှာ ပြည့်နေအောင် လုပ်နိုင်တယ်။ ကမ္ဘာကြီးတစ်ခုလုံးကို ပျက်စီးစေပြီး ယဉ်ကျေးမှုကြီးတစ်ခုကို ပျက်သုဉ်းသွားအောင် လုပ်နိုင်တယ်။ စကားလေးတစ်လုံးက ပေါ်ထွက်လာနိုင်တဲ့ရလာဒ်ကို စဉ်းစားကြည့်လိုက်ရင် ရှေးခေတ်ဦးလူတွေ စကားတစ်လုံးကို ပဥ္စလက်တန်ခိုး ထုတ်လွှတ်နိုင်တဲ့ အရာလို့ ယူဆတာကို လွယ်လွယ်ကလေးနဲ့ နားလည်နိုင်တယ်။ ကစ်ပလင်းရဲ့ ဝတ္ထုထဲက ဟိန္ဒူလူမျိုးတွေဟာ လူတွေ၊ အရာဝတ္ထုတွေအပေါ်မှာ တန်ခိုးသြဇာရှိတဲ့စကားလုံးကို လိုက်ရှာနေကြတယ်။ ဖော့စ်ဟာ ဝိညာဉ်တွေကိုခေါ်ဖို့ (သို့မဟုတ်) မောင်းထုတ်ဖို့ ဖော်မြူလာကို အဂ္ဂိရတ်ကျမ်း အစောင်စောင်မှာ လိုက်ရှာခဲ့တယ်။ တစ်ထောင့်တစ်ညပုံပြင်တွေထဲမှာ ဆက်စမီဆိုတဲ့ စကားတစ်ခွန်းကြောင့် တံခါးကြီးပွင့်သွားရတယ်။ အစိကရုဏ်းတိုင်းဟာ သော့ချက်ကျတဲ့ စကားလုံးကြောင့် ဖြစ်လာရတာချည်းပဲ။

လက်နဲ့စဉ်းစားတွေးခေါ်တဲ့ လူဟာ လေးလံတဲ့ပစ္စည်းကြီးတွေကို ရွှေ့တယ်။ ရွှေ့ရာမှာလည်း ဖြည်းဖြည်းပဲရွှေ့နိုင်တယ်။ အုတ်ခဲတွေကို တစ်လုံးပြီးတစ်လုံး ရွှေ့ရတယ်။ သူ့အလုပ်ရဲ့ ခက်ခဲမှုကြောင့် ဂရုစမ္မလည်း ဓိုက်ထုတ်ရတယ်။ ပြင်ပကမ္ဘာလောကနဲ့ အတွင်းကမ္ဘာလောကကြီးရဲ့ ကြားက ဆက်သွယ်မှုကို ထိန်းသိမ်းထားရတယ်။ ဒီလို ထိန်းသိမ်းခြင်းမပြုနိုင်ရင် သူ့လက်ဖဝါးမှာ အုတ်ခဲစောင်းရှမယ်။ အထက်ကို မြှောက်ကစားနေတဲ့ ဘောလုံးလွတ်ကျသွားမယ်။ ဒါမှမဟုတ်ရင်လည်း ကျွမ်းဘားကစားနေတုန်းမှာ လေးတိုင်ဘားပေါ်က လိမ့်ကျမယ်။ ဒါပေမယ့် စကားလုံးနဲ့ စဉ်းစားတွေးခေါ်သူအဖို့တော့ ပြုမူလုပ်ဆောင်ရတာ လွယ်တယ်။ အမှားနဲ့အဲဒီအမှားကြောင့် ပေါ်ထွက်လာရတဲ့ ရလာဒ်ကြားက အချိန်ကာလဟာ ရှည်ကြာတယ်။ ဒါကြောင့် အမှားအမှန်ကို ဆုံးဖြတ်ရတဲ့ အချိန်ကာလဟာလည်း ကြာတယ်။ သူဟာ ပါးလွှာတဲ့သင်္ကေတတွေနဲ့ ကစားသူဖြစ်တဲ့အတွက် အဲဒီနောက်က လိုက်လာတဲ့ရလာဒ်တွေကို မေ့နေတတ်တယ်။ လိုက်ဘနစ်ပြောသလို 'အရာဝတ္ထုဆိုတဲ့ အကောင်အထည်တွေကို ဖြစ်စေဖို့အတွက် စကားလုံးချို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကောက်ရိုးတွေကို ဆွဲနေရတယ်။ စကားလုံးတွေကို ပြောလိုက်ရုံနဲ့ အရာအားလုံးဖြစ်နေတယ်လို့ ထင်နေတတ်တယ်။

ဒါပေမယ့် ခက်တာက အရာဝတ္ထုတွေမှာ တွန်းကန်မှုရှိတယ်။ တုံ့ပြန်မှုရှိတယ်။ လူတစ်ယောက်ဟာ စာလုံးများဖြင့် အရာဝတ္ထုတွေအားလုံးရဲ့ အကြောင်းကို ပြောနိုင်တယ်။ 'လူမျိုးစုတွေရဲ့မှုတွေကို လေးစားရမယ်' လို့ ဘာဘီယမြောက် နပိုလီယန်က ပြောခဲ့တယ်။ ဒီဒြပ်မဲ့တဲ့ စကားပိုဒ်ကလေးတစ်ပိုဒ်ဟာ တိကျတဲ့ စိတ်ကူးရုပ်ပုံ မရှိတဲ့အတွက် အမှန်တရားလို့ ယူဆခဲ့ကြပြီး အဲဒီစကားပိုဒ်ကလေးကြောင့် ခေတ်သစ်ဥရောပတိုက်ကြီး ပျက်စီးခဲ့ရတယ်။ 'လစာများကို တိုးမြှင့်ခြင်းသည် ဝယ်လိုအားကို တိုးမြှင့်ခြင်းဖြစ်သည့်အတွက် စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းပေးသည်' လို့ စီးပွားရေးပါရဂူတစ်ယောက်က စားပွဲမှာ ထိုင်ပြီး ရေးလိုက်တယ်။ ဒီစကားတွေဟာ အခြားစကားလုံးတွေလို မှန်တာပါပဲ။ အမှန်တရား ပါသင့်သလောက် ပါတာပါပဲ။ စီးပွားရေးပါရဂူကလည်း တကယ်ယုံယုံကြည်ကြည် ရေးလိုက်တာပါပဲ။ တကယ်တော့ သူပြောသလို လုပ်လိုက်တဲ့အတွက် စီးပွားရေး ကမောက်ကမဖြစ်မှုကြီးဟာ ပြေလည်သွားတာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ။ အကြောင်းကတော့ အသေးက အကြီးကို သြဇာမလွှမ်းနိုင်လို့ဖြစ်ပါတယ်။ မိုက်ကရိုကော့ဇင်းက မက်ခရိုကော့ဇင်းကို သြဇာမလွှမ်းနိုင်လို့ဘဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စကားလုံးနဲ့ အရာဝတ္ထုတွေကြားထဲမှာ ကွာခြားချက်ရှိလို့ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သာမန်စကားပိုဒ်ကလေးတစ်ပိုဒ်ဟာ အခြေအနေရဲ့ ရှုပ်ထွေးမှုတစ်ရပ်လုံးကို တိတိကျကျ ကိုယ်စားပြုနိုင်ခြင်းမရှိလို့ ဖြစ်ပါတယ်။

•

စကားပိုဒ်တစ်ပိုဒ်ရဲ့ တန်ဖိုး၊ ဖော်မြူလာတစ်ခုရဲ့ တန်ဖိုးကို ဆုံးဖြတ်ဖို့အတွက် အကျိုးသက်ရောက်မှုတွေ ထွက်ပေါ်လာသည့်အထိ စောင့်ဆိုင်းနေရမယ်ဆိုရင် ဒါဟာ အလွန်အန္တရာယ်ကြီးပြီး ကြောက်စရာကောင်းပါတယ်။



ယဉ်ကျေးမှုကြီး စတင်ပေါ်ထွန်းလာကတည်းက ပညာရှိများဟာ အန္တရာယ်ကြီးတဲ့ သင်္ကေတတွေကို ကိုင်တွယ်ဖို့သေချာတဲ့ နည်းလမ်းများကို ရှာဖွေခဲ့ကြပါတယ်။ ဒီနေ့ ယာဉ်စည်းကမ်းတွေ ချမှတ်ကြသလို လူတွေဟာလည်း စကားလုံးတွေ လှည့်ပတ်သွားလာမှု မှန်ကန်အောင် ကြိုးစားခဲ့ကြပါတယ်။ ဒီလိုလုပ်တာကို ယုတ္တိဗေဒ (လောဂျစ်) လို့ ခေါ်ခဲ့ကြပါတယ်။ ယုတ္တိဗေဒဆိုတာ တခြားမဟုတ်ပါဘူး။ စကားလုံးတွေကို ကိုင်တွယ်သုံးစွဲရမှာအပြင် ကမ္ဘာလောကကြီးရဲ့ စည်းမျဉ်းဥပဒေသများနဲ့ အတွင်းကမ္ဘာလောကကြီးရဲ့ ဥပဒေသများ တစ်ထပ်တည်းကျအောင် လုပ်တဲ့နိယာမများကို လိုက်နာတဲ့ အတတ်ပညာပဲ ဖြစ်ပါတယ်။ လူ့ဆင်ခြင်တုံတရားရဲ့ နိယာမဆိုတာ တခြားမဟုတ်ပါဘူး။ စဉ်းစားတွေးခေါ်တဲ့နေရာမှာ ကျွန်တော်တို့ လိုက်နာရတဲ့ ဥပဒေသတွေကိုခေါ်တာ။ ဒီဥပဒေသတွေဟာ ခေတ်တိုင်းခေတ်တိုင်းမှာ လူတိုင်းအတွက် မှန်နေတယ်။ တချို့ဥပဒေတွေကျတော့ သိပ်ကိုထင်ရှားတယ်။ ဥပမာအားဖြင့် ရှေ့နောက်ညီညွတ်မှု နိယာမဆိုပါတော့၊ အရာဝတ္ထုတစ်ခုဟာ သူ့အပြင် သူနဲ့ဆန့်ကျင်ဘက်အရာ မဖြစ်နိုင်ဘူးဆိုတဲ့ သဘောဆိုပါတော့။ တစ်ချိန်တည်းမှာ နှစ်နဲ့နှစ်ပေါင်းရင် လေးဖြစ်တယ်လို့ပြောပြီး နှစ်နဲ့နှစ်ပေါင်းရင် ငါးဖြစ်တယ်လို့ ပြောလို့မရဘူး။ သူ့အဝတ်ဟာ အဖြူလို့ပြောပြီး တစ်ချိန်တည်းမှာ သူ့အဝတ်ဟာ အနက်လို့ပြောလို့မရဘူး။ ဒီတိုင်းပြည်ကို လွတ်လပ်အောင်လုပ်မယ်လို့ပြောပြီး တစ်ချိန်တည်းမှာ ဒီတိုင်းပြည်ကို ကျွန်ပြုမယ်လို့ ပြောလို့မရဘူး။ ရှင်းလင်းတဲ့အခြေခံမှုတွေအပေါ်မှာ အခြေခံခဲ့ရင် အမှားအယွင်းမရှိတဲ့ တွေးခေါ်စဉ်းစားမှုမျိုးကို ရနိုင်လိမ့်မယ်လို့ နှစ်ပေါင်းများစွာ လူတွေမျှော်လင့်ခဲ့ကြတယ်။ အဲဒီတွေးခေါ်မှုဟာ အရစ္စတိုတယ်ရဲ့ယုတ္တိဗေဒဖြစ်ပြီး အလယ်ခေတ်တုန်းက သာသနာရေးဆိုင်ရာ ဒဿနဆရာတွေက လက်ခံခဲ့ကြတယ်။ အဲဒီ ယုတ္တိဗေဒကို ကျွန်တော်တို့ အထင်မသေးအပ်ဘူး။ အလေးမထားဘဲ မနေအပ်ဘူး။ တကယ်ကတော့ အဲဒီ တွေးခေါ်မှုမျိုး မရှိရင် မဖြစ်ဘူး။ အဲဒီတွေးခေါ်မှုကြောင့် ကျွန်တော်တို့ ဆင်ခြင်တုံတရားမှာ အမှားတွေကို ရှောင်နိုင်ခြင်းဖြစ်တယ်။ ဒါပေမယ့် ဒါဟာစဉ်းစားတွေးခေါ်တဲ့ အတတ်ပညာရယ်လို့တော့ မပြောနိုင်ဘူး။

မပြောနိုင်တာကတော့ အောက်ပါအကြောင်းများကြောင့်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိဗေဒဟာ မရှိတာကို တီထွင်လို့မရဘူး။ အေဟာအေဖြစ်တယ်ဆိုတာကို တစ်လျှောက်လုံးပြောနေရမယ်။ အေဟာ အေထက်ပိုတယ်လို့ပြောချင်ရင် နောက်ထပ်အတွေ့အကြုံတစ်ခုခုဆီက ဖြစ်စေ၊ ပကတိဉာဏ်ဆီကဖြစ်စေ တစ်ခုခုကိုငှားပြီး ပေါင်းထည့်ရလိမ့်မယ်။ ဒါပေမယ့် အဲဒီနှစ်ခုလုံးဟာ ယုတ္တိဗေဒရဲ့ နယ်ပယ်အပြင်ဘက်မှာ ရှိတယ်။ ယုတ္တိဗေဒမှာ 'ဤအဝတ်အစားသည် အဝတ်အစားဖြစ်သည်' လို့ပဲ ပြောလို့ရတယ်။ ဒါပေမယ့် ဒီအဝတ်အစားဟာ စုတ်ပြဲလွယ်တယ်၊ ခိုင်တယ်လို့ ပြောချင်ရင်တော့ အတွေ့အကြုံထပ်ပေါင်းထည့်မှသာလျှင် အဲဒီလို ပြောလို့ရလိမ့်မယ်။ ဒဿနဆရာ 'ကန့်' ဟာ အတွေ့အကြုံမရှိဘဲ ဆင်ခြင်တုံတရား သက်သက်ချည်းပဲ ဆက်လက်တည်ရှိနိုင်တယ်ဆိုတဲ့ အယူအဆကို ပယ်ခဲ့တယ်။ ဆင်ခြင်တုံတရားဟာ မိမိရဲ့ အသိပညာကို တိုးချဲ့ဖို့အတွက် မိမိရဲ့ အရှေ့မှာ အဆုံးအစမရှိတဲ့ စကြဝဠာကြီးဟာ အမြဲတမ်းကျယ်သည်ထက် ကျယ်လာနေတယ်လို့ ယူဆတယ်။ ချိုးငှက်ဟာ လေထဲမှာ တောင်ပံခတ်ပျံသန်းလို့ လေရဲ့ခုခံတွန်းကန်မှုကို ခံစားရတဲ့အခါကျတော့ လေမရှိတဲ့ လေဟာနယ်ထဲမှာပျံရင် သည့်ထက်သည် ပိုပျံသန်းနိုင်မယ်လို့ ထင်တယ်။ လူမှာလည်း ဒီအတိုင်းပဲ၊ ဆင်ခြင်တုံတရားကို ဒီလိုကျဉ်းမြောင်းတဲ့ ကန့်သတ်ချက်တွေနဲ့ ကန့်သတ်ထားတဲ့ ရုပ်ကမ္ဘာကြီးကို လှောင်ပြောင်တယ်။ သိနားလည်ခြင်း သန့်သန့်ဆိုတဲ့ လေဟာနယ်ကြီးထဲကို ထိုးထွက်စဉ်းစားကြည့်တယ်။ ဘယ်လောက်ပဲ ကြိုးစားသည့်တိုင် သည့်ထက်သည်ပိုပြီး တွေးခေါ်စဉ်းစားခြင်းမပြုနိုင်ဘူးဆိုတာ တွေ့လာခဲ့ရတယ်။ မိမိရဲ့တွေးခေါ်မှုကို လှုပ်ရှားစေနိုင်တဲ့ ခိုင်မာတဲ့ အခြေခံ၊ ခိုင်မာတဲ့ အထောက်အပံ့ကို မတွေ့ဘဲဖြစ်လာပြီး လက်လျှော့လိုက်ရတယ်' လို့ ကန့်က ရေးခဲ့တယ်။

ကျွန်တော်တို့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးသမားများဟာ အဲဒီလို နားလည်သိမြင်ရေးသက်သက်ဆိုတဲ့ လေဟာနယ်ကြီးထဲမှာ အချည်းနှီးပျံသန်းကြည့်ပေမယ့် (လေဟာနယ်ထဲမှာ ပျံချင်တဲ့ ချိုးငှက်လို) အဟောသိကံဖြစ်ခဲ့ကြရတယ်။

ယုတ္တိဗေဒဟာ လူ့ရဲ့စိတ်ကို ပျော့ပျောင်းနွေးညွတ်သွားအောင် လုပ်ပေးခဲ့တယ်။ လူ့ရဲ့စိတ်မှာ မရှိတဲ့ ဖျတ်လတ်လှုပ်ရှားမှုကို ရှိအောင်လုပ်



ဆေးခဲ့တယ်။ ဒါပေမယ့် စဉ်းစားဆင်ခြင်မှုဖြစ်စဉ်ထဲကို သွတ်သွင်းလိုက်ရင် အားလုံးဟာ ပြည့်စုံပြီးမြောက်သွားပြီလို့ ထင်တတ်တဲ့ မကောင်းတဲ့ အလေ့အထကိုလည်း ပေးလိုက်တယ်။ ဒဿနနဲ့ သမိုင်းကို ပြန်ကြည့်လိုက်ရင် ရာစုနှစ်တွေအတွင်းမှာ အရာအားလုံးလောက်အကြောင်းကို သိအောင် လုပ်နိုင်ခဲ့တယ်ဆိုတာ တွေ့ရတယ်။ တစ်ခုနဲ့တစ်ခု ပဋိပက္ခဖြစ်နေကြတဲ့ ဒဿနတွေရဲ့ အမှန်တွေကိုလည်း သက်သေထုတ်ပြနိုင်ခဲ့တယ်။ အမှားတွေကိုလည်း သက်သေထုတ်ပြနိုင်ခဲ့တယ်။ ဒီမိုကရေစီ လိုအပ်တယ်ဆိုတာကိုလည်း သက်သေထုတ်ပြနိုင်ခဲ့တယ်။ ဒီမိုကရေစီဟာ မဖြစ်နိုင်ဘူးဆိုတာကိုလည်း သက်သေထုတ်ပြနိုင်ခဲ့တယ်။ ရောထွေးနေတယ်ဆိုတာကိုလည်း သက်သေထုတ်ပြနိုင်ခဲ့တယ်။ ဒဿနဆရာ အာလိန်းကတော့ "သာဓကများအားလုံးသည် အလဟဿ ယုံကြည်နိုင်စရာမရှိသော အရာများသာဖြစ်သည်' လို့ ရေးခဲ့ဖူးတယ်။ အမှန်ကတော့ ကိုယ်သုံးတဲ့ စကားလုံးတွေဟာ တိကျရှင်းလင်းခြင်းမရှိဘူးဆိုရင် ဘယ်အရာကိုမဆို သက်သေထုတ်ပြလို့ရနိုင်တာချည်းပါပဲ။ (သုံးတဲ့စကားတွေက တိကျရှင်းလင်းတယ်ဆိုရင် သက်သေထုတ်ပြလို့ မရနိုင်ဘူးဆိုတဲ့ သဘော။)

အက္ခရာသင်္ချာသင်ပြရာမှာကြည့်ပါ။ အက္ခရာသင်္ချာဟာ ငြင်းလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂဏန်းတိုင်းဟာ တိကျတဲ့အတွက် သင်ပြသူဟာ အသင်ခံရသူနားလည်သိမြင်တာထက် ဘာမှပိုသင်လို့မရဘူး။ ယုတ္တိဗေဒမှ တူညီချက်တွေဟာ တကယ့်တူညီချက်တွေ ဖြစ်တယ်။ ဒါပေမယ့် ခံစားမှုတွေအကြောင်း၊ အစိုးရရဲ့ လုပ်ပုံကိုင်ပုံအကြောင်း၊ ဘောဂဗေဒအကြောင်း ပြောရာမှာ အသုံးပြုတဲ့ စကားလုံးတွေကတော့ ဗိုးတိုးဝါးတားနိုင်တဲ့ စကားလုံးတွေဖြစ်တယ်။ ကောင်းစွာ ရွေးချယ်ထားတဲ့ စကားလုံးတွေနဲ့ စဉ်းစားတွေးခေါ်ခြင်းဟာ တိကျမှုမရှိတဲ့ အလေးဖွေထည့်ထားတဲ့ ချိန်ခွင်ကို သုံးနေရတာနဲ့ အတူတူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



(ဒဿနဆရာ) ဒေးကားရဲ့ နည်းနာဟာ ဒီလိုတွေးခေါ်ဆင်ခြင်မှု ကနေပြီး အချို့သော အမှားတွေကို ရှောင်ဖို့ဖြစ်ပါတယ်။ 'ကျွန်တော်ဟာ အမှားနဲ့ အမှန်ကို ခွဲခြားသိအောင် လေ့လာချင်တဲ့ဆန္ဒပြင်းပြင်းပြပြရှိနေ တတ်ပါ တယ်။ ဒါမှသာလျှင် အမြင်ကြည်ကြည်လင်လင်နဲ့ လုပ်နိုင်ပြီး ဘဝမှာ ပိုင်ပိုင် နိုင်နိုင်နဲ့ စိတ်ချလက်ချနေသွားချင်တယ်'လို့ ဒေးကားက ပြောခဲ့ဖူးတယ်။

ဒေးကားရဲ့ တွေးခေါ်မှုအနုပညာမှာ ကျော်ကြားတဲ့ ဥပဒေသတွေ ကို ကျွန်တော်တို့ သတိရသင့်တယ်။

နံပါတ်တစ်ကတော့ မိမိကိုယ်တိုင် မှန်တယ်လို့ ရှင်းရှင်းလင်းလင်း သဘောပေါက်လာမှ အရာဝတ္ထုတစ်ခုကို အမှန်လို့ လက်ခံပါ။

ရုတ်တရက်ကြည့်လိုက်ရင်တော့ သူ့ဥပဒေသဟာ ဘာမှ မဆန်းပါ ဘူး။ ရိုးရိုးကလေးပဲလို့ ထင်ရတယ်။ ဒါကတော့ဗျာ သူပြောမှတဲ့လား။ ကိုယ် က အမှန်လို့ အထင်နဲ့ပဲ အရာဝတ္ထုတစ်ခုကို မှန်တယ်လို့ ဘယ်သူက လက်ခံ မှာလဲလို့ ပြောကောင်းပြောလိမ့်မယ်။ ဒီတော့ ခင်ဗျားအမေးကို ဒေးကားက ဒုတိယဥပဒေသတစ်ခုနဲ့ အဖြေပေးပါတယ်။

အဲဒီနံပါတ်နှစ် ဥပဒေသကတော့ အလျင်စလို ဆုံးဖြတ်ခြင်းနဲ့ တစ် ဖက်သတ်ကြိုတင်ဆုံးဖြတ်ခြင်းကို မလုပ်မိဖို့ သတိပြုပါ။

အလျင်စလို ဆုံးဖြတ်တာကို ဘာဖြစ်လို့ ရှောင်ရမလဲ။ ဘာဖြစ်လို့ လဲဆိုတော့ လူဟာ ခက်ခဲတဲ့ အရာတွေကို ချက်ချင်းနားမလည်နိုင်လို့ပါပဲ။ ကျောင်းသုံးစာအုပ်ကို အပေါ်ယံရှုပ်ကြည့်သွားတဲ့ ကျောင်းသားဟာ ဂဲသြမေ ထရီကို ဘယ်တော့မှ နားလည်နိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် လူတွေဟာ အများအားဖြင့် အလျင်စလိုနိုင်ကြတယ်။ တချို့ကလည်း အကြောင်းကြောင်း ကြောင့် အလျင်စလို နိုင်ကြတယ်။ စာမေးပွဲတစ်ခုဟာ တစ်စုံတစ်ခုသော နေ့ရက်မှာကျင်းပတယ်။ ဒီတော့ သိပ္ပံတစ်ခုလုံး (သို့မဟုတ်) ခေတ်တစ်ခေတ် ရဲ့ သမိုင်းတစ်ခုလုံးကို အဲဒီနေ့ မရောက်ခင်အပြီး လေ့လာရတယ်။ ကျွမ်း ကျင်သူတစ်ယောက်ဟာ ပေးထားတဲ့ အချိန်တစ်ချိန်အတွင်းမှာ သူ့အစီရင်ခံ စာကိုပြီးအောင် ရေးရတယ်။ အထက်အစိုးရ အာဏာပိုင်ကလည်း စောင့်နေ တယ်။ ကျွမ်းကျင်သူကလည်း ရေးလို့မပြီးနိုင်ဘူး။ ဒီတော့ တစ်ခုခုကိုတော့ အပြီးရေးရတော့မယ်။ မပြည့်စုံတဲ့ အစီရင်ခံစာတစ်ခုဟာ ဘာမှမရှိတာ ထက်တော့တော်သေးတာပေါ့။ သတင်းစာ ဆရာဟာ မရှင်းမလင်း ဖြစ်နေတဲ့ ပြဿနာတစ်ခုအတွက် အချိန်နည်းနည်း ပိုလိုချင်တယ်။ ဒါပေမယ့် စာစီ သမားက ကော်ပီတောင်းနေပြီ။ သတင်းစာကို မနက်နှစ်နာရီရထားနဲ့ ပို့ရ မယ်။

တချို့ကျတော့လည်း ကြွားချင်ဝါချင်လို့ အလျင်စလို လုပ်တာတွေ့ရ တယ်။ သူတို့ မသိဘူးဆိုတာကို ဝန်မခံချင်ဘူး။ တချို့ ကျွမ်းကျင်သူများက 'စောင့်နေပါဦး။ ကျွန်တော် ကြည့်လိုက်ပါဦးမယ်' လို့ မပြောချင်ကြဘူး။ ဒီလို ပြောရတာ သူတို့မှာ သိက္ခာကျတယ်လို့ ထင်တယ်။ အစိုးရလုပ်ငန်းမှာ၊ အရောင်းအဝယ် လုပ်ငန်းမှာ၊ အပေါင်းအသင်းအသိုင်းအဝိုင်းမှာ တချို့ လူတွေဟာ သူတို့သိပ်မသိတဲ့ အကြောင်းအရာတွေကို အခိုင်အလုံပြောတတ် ကြတယ်။ တစ်ယောက်ယောက်က ခင်ဗျားကို ချက်ကိုစလိုဗေးကီးယား (ဆခင်အခေါ်အဝေါ်) အကြောင်းကို လာပြောမယ်။ ဒါပေမယ့် ဒီလူဟာ ချက်ကိုစလိုဗေးကီးယားကိုလည်း ရောက်ဖူးတာမဟုတ်ဘူး။ ချက်ကိုစလို ဗေးကီးယားရဲ့ သမိုင်းနဲ့ ထုံးစံဓလေ့တွေကိုလည်း ဘာမှကောင်းကောင်း သိတာမဟုတ်ဘူး။ တစ်ယောက်ကတော့ ကျွန်တော်တို့ လေကြောင်းကုမ္ပဏီ အကြောင်းကို မကောင်းလာပြောမယ်။ ဒါပေမယ့် သူဟာ လူပြောသူပြော နည်းနည်းပါးပါး ကြားဖူးနားဝ ရှိတာကလွဲလို့ ဘာမှကောင်းကောင်းသိတာ မဟုတ်ဘူး။ တစ်ယောက်လာဦးမယ်။ အမျိုးသမီးတစ်ယောက်ရဲ့ ကိုယ်ရေး ကိုယ်တာဘဝနဲ့ ပတ်သက်လို့ မဟုတ်မမှန်တဲ့ လုပ်ဇာတ်တွေကို ပြောပြီး အမျိုးသမီးရဲ့ ဂုဏ်သိက္ခာကို နှစ်ပြားမှမတန်အောင် လာပြောတယ်။ အနှစ် မဲ့တဲ့ယောင်ဝါးဝါး စကားတွေကို ပြောမယ့်အစား 'ကျုပ်မသိဘူး' ဆိုတဲ့ စကားလုံးကလေး လေးလုံးလောက်ကိုသာ ပြောနိုင်ရင် တော်တော် တန်ဖိုး ရှိမှာပဲ။

ဒါမှမဟုတ်ရင်လည်း ဆယ့်လေးဆက်မြောက် လူဝီဘုရင်ရဲ့ နာမည် ကျော်လက်သုံးစကားဖြစ်တဲ့ 'ကြည့်ဦးမယ်' လို့ ပြောရင် သိပ်အဖိုးတန်မှာပဲ။ အကယ်လို့သာ ကျွန်တော်တို့ဟာ ဆုံးဖြတ်ချက်တွေကို မြန်မြန်မချခဲ့ရင် အလောသုံးဆယ်ထင်မြင်ချက်မပေးခဲ့ရင် ဒေးကားရဲ့ အသိဉာဏ်ပညာ နဲ့ အရေးကြီးတဲ့ ခြေလှမ်းကို လှမ်းမိပြီလို့ ဆိုနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အလျင်စလိုနိုင်ခြင်းဟာ အမှားပြုမိခြင်းရဲ့ တစ်ခုတည်းသော အကြောင်းရင်း မဟုတ်သေးဘူး။ တခြားအကြောင်းတစ်ခုလည်း ရှိသေးတယ်။ အဲဒါကတော့ တစ်ဘက်သတ် ကြိုတင်ဆုံးဖြတ်ခြင်းပဲ။ ကျွန်တော်တို့ဟာ ပြဿနာတွေကို ချဉ်းကပ်ကြည့်မြင်တဲ့အခါမှာ နဂိုက ရှိပြီးသားဖြစ်တဲ့ မိသားစုမျိုးရိုး၊ မိသားစုထင်မြင်ချက် အခံတွေ၊ ပတ်ဝန်းကျင်ရဲ့ ထင်မြင်ချက် အခံတွေနဲ့ ချဉ်းကပ်လေ့ရှိကြတယ်။ ကျွန်တော်တို့ရဲ့ စိတ်နေသဘောထား မျိုးရိုးဗီဇ ပညာရေးတို့ဟာ ကျွန်တော်တို့ရဲ့ အတွေးအခေါ်ကို အတင်းအကျပ် ပုံသွင်းပေးတယ်။ ကိုယ့်ပတ်ဝန်းကျင်က ကိုယ့်အပေါ်မှာ ဘယ်လောက်ဩဇာ လွှမ်းမိုးသလဲဆိုတာကို သိချင်ရင် ပြင်သစ်ပြည်မှာ ဝန်ကြီးချုပ် အစဉ်အဆက် လုပ်သွားကြတဲ့ ကလီမင်ဆော၊ ဆလောနဲ့ ဒလားဒီယားတို့အကြောင်း အဆိုးအကောင်းရေးထားတဲ့ သတင်းစာဆောင်းပါးတွေကို ဖတ်ကြည့်ပြီး ခင်ဗျားရဲ့ ကိုယ်ပိုင်ထင်မြင်ချက်ကို ဆန်းစစ်ကြည့်စမ်းပါ။

အဲဒီအခါမှာ ခင်ဗျားဟာ သူတို့ကို ကြည်ညိုချင်ရင်လည်း ကြည်ညိုမိမယ်။ မုန်းချင်ရင်လည်း မုန်းမိလိမ့်မယ်။ ခင်ဗျားရဲ့ အဲဒီအမြင်ဟာ ရိုးရိုးသားသား မြင်တဲ့အမြင်ပဲ။ ဒါပေမယ့် ဉာဏ်ရှိတဲ့ အမြင်တော့ ဖြစ်မှာမဟုတ်ဘူး။

တစ်ဖက်သတ်ကြိုတင်ဆုံးဖြတ်ရတဲ့အကြောင်း တစ်ကြောင်းကတော့ ကျွန်တော်တို့ရဲ့ ကိုယ်ကျိုးစီးပွားကြောင့်ပဲ။ တကယ်လို့သာ ဂဲဩမေထရီဟာ ကျွန်တော်တို့ကို နိုင်ငံရေးလို စိတ်လှုပ်ရှားနိုင်စွမ်းရှိရင် ကျွန်တော်တို့ဟာ ဂဲဩမေထရီကို ဒီလိုကောင်းအောင် တီထွင်နိုင်မှာ မဟုတ်ဘူးလို့ ပါစကယ်က ပြောခဲ့ဖူးတယ်။ အကောက်ခွန်စနစ်တွေ၊ ဥပဒေတွေကို အတည်ပြုရာမှာ အဲဒီစနစ်တွေကြောင့် ကိုယ့်မှာ ဘယ်လောက်ထိခိုက်တယ် ဆိုတာကို မစဉ်းစားဘဲ အတည်ပြုတဲ့ သူရယ်လို့ သိပ်ရှိမှာမဟုတ်ဘူး။ ဥပမာ- ကိုယ့်ကို ဝင်ငွေကောင်းကောင်းလည်းရစေပြီး နာမည်လည်းကြီးစေမယ့် ကုထုံးတစ်ခုကို တီထွင်တဲ့ ဆရာဝန်တစ်ယောက်ဆိုပါတော့။ အကယ်၍ သူ့ကုထုံးဟာ မှားယွင်းတဲ့ အယူအဆပေါ်မှာ အခြေခံတယ်ဆိုတာ တွေ့လာရင် အဲဒီဆရာဝန်ဟာ အဲဒီကုထုံးကို ပိတ်ပင်ရပ်တန့်ပစ်လို့ ကောင်းမှ ကောင်းပါ့မလားဆိုတဲ့ သံသယတွေ သူ့မှာ အများကြီး မပေါ်နိုင်ပေဘူးလား



ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဖြစ်စေချင်တာတွေနဲ့ ကိုက်ညီရင် မှန်ကန်တယ်လို့ ထင်လိုက်ကြတယ်။ ကျွန်တော်တို့ကို လျှောင်အိမ်ထဲ မရောက် ရောက်အောင် လုပ်မပေးတဲ့ အရာမှန်သမျှကို အမှန်လို့ ထင်တတ်ကြတယ်။ ရှာတိုဘရိုင်းယန်ရဲ့ နိုင်ငံရေးဘဝကို စဉ်းစားကြည့်ပါ။ သူပြည်နှင်ဒဏ် ခံနေရစဉ်မှာ တော်လှန်ရေးကြီးကြောင့် သူဟာ အင်္ဂလိပ်အမျိုးအစားဖြစ်တဲ့ ...စည်းပုံအခြေခံဥပဒေနဲ့ အုပ်ချုပ်တဲ့ ဘုရင်စနစ်ဝါဒီတစ်ဦးဖြစ်လာခဲ့တယ်။ ...င်းဆက်အုပ်စိုးမှုပြန်လည် ထူထောင်တဲ့ခေတ် ရောက်တဲ့အခါမှာ (၁၈) ဆက်မြောက် လူဝီဘုရင်က ပြင်သစ်ပြည်မှာ အဲဒီစနစ်မျိုးကို ထူထောင်ဖို့ ကြိုးစားခဲ့တယ်။ တကယ်လို့သာ ရှာတိုဘရိုင်းယန်းဟာ သူ့ခံစားချက်တွေ နောက်ကို မလိုက်ခဲ့ရင် (၁၈) ဆက်မြောက် လူဝီဘုရင်ရဲ့ အဲဒီ ကြိုးပမ်းချက် တွေကို အားတက်သရော ထောက်ခံရမှာပေါ့။ ဒါပေမယ့် သူ့ကို အဲဒီ အစိုးရ ...ို ခေါင်းဆောင်ပြီး အဖွဲ့မခိုင်းတော့ အကြီးအကျယ် မကျေမနပ် ဖြစ်တယ်။ သူ့ပေါ်မှာ မတရားသဖြင့် ပြုမူရပါမလားဆိုပြီး ဘုရင့်ပေါ်မှာ အငြိုးထား ...တော့ တာပါပဲ။ ဒီမှာတင် ရှာတိုဘရိုင်းယန်းဟာ သူ့အယူအဆကို သူ ပြန် ...ပြီး ချေဖျက်တိုက်ခိုက်ခဲ့တော့တာပါပဲ။ သူစကားပြောကောင်းတဲ့အတွက် ...သူ့ ချေပချက်ဟာ လှပသယောင် ထင်ရပေမယ့် တကယ်ကတော့ အရုပ်ဆိုး ...ပါတယ်။ မောဟဇော၊ လောဘဇော၊ ဒေါသဇော တိုက်လာလို့ရှိရင် လူဟာ ...ကိုမှ မမြင်နိုင်တော့ဘူး။ အချစ်ဖြစ်စေ၊ အမုန်းဖြစ်စေ လွှမ်းမိုးလာပြီဆို ...ရင် ဆင်ခြင်တုံတရားဟာ အရှုံးပေးရတာပါပဲ။ ပြီးတော့မှ အဲဒီအမှားအ ...တွက် အကြောင်းပြချက်ကို လိုက်ရှာပေးရပါတယ်။

တချို့လူတွေက ထင်ကြသေးတယ်။ သူတို့ဟာ ပတ်ဝန်းကျင်ရဲ့ ...ဇာက ကင်းလွတ်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ပတ်ဝန်းကျင် ...ကြောင့် ပုန်ကန်ဖီဆန်သူတွေ ဖြစ်လာကြလို့တဲ့။ ဒါပေမယ့် ပုန်ကန်ဖီဆန်ခြင်း ...ဟာ လွတ်လပ်ပြီး အမှီခိုကင်းခြင်း ရှိတယ်ဆိုတဲ့ အာမခံချက်မဟုတ်ပါဘူး။ ...တကယ်ကတော့ ပုန်ကန်ဖီဆန်ခြင်းဟာ တစ်ဘက်သတ်ကြိုတင် ဆုံးဖြတ် ...ခြင်း ပုံသဏ္ဌာန်တစ်မျိုးပါ။ ငယ်ငယ်တုန်းက အကွပ်အညှပ်ကို သိပ်ခံခဲ့ရတဲ့ ...ရေးဆရာတစ်ယောက်ဟာ ဘာသာတရားတို့၊ မိသားစုဘဝတို့ကို ဝေဖန် ...တိုက်ခိုက်တဲ့အခါမှာ သူ့ကိုယ်သူ အတွေးအခေါ် လွတ်လပ်သူလို့ ထင်နေမှာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် သူ့ရဲ့ ပုန်ကန်ဖီဆန်မှုဟာ ကျွန်တစ်ယောက်ရဲ့ ပုန်ကန် ဖီဆန်မှုသာ ဖြစ်ပါတယ်။

'နယုပဒေသကျမ်း' ဆရာဒေးကားက ကျွန်တော်တို့ရဲ့ ဆင်ခြင်တုံ တရားမှာ ခံစားချက်တွေ မပါဖို့ အဲဒီစဉ်းစားဉာဏ်ကို ကောင်းစွာအသုံးချ တတ်ဖို့ သညာပေးခဲ့ပါတယ်။ သူက မိမိရဲ့ အတွေးကို အလွယ်မှ အခက်သို့ စီစဉ်တကျ ရအောင်စုစည်းပါ။ ပြဿနာများကို တတ်နိုင်သလောက် တစ် စိတ်စီ၊ တစ်ပိုင်းစီ ဖြစ်အောင်ခွဲခြမ်းစိတ်ဖျာပစ်ပါ။ စဉ်းစားစရာ ရှိသမျှကို ကုန်အောင်စဉ်းစားပါ။ လေ့လာစရာရှိသမျှကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာ ပါ။ ဘာမျှ ကျန်ရစ်ခဲ့တာ မရှိပါစေနှင့်။

ဒီနည်းနာဟာ သံသယရှိစရာ မလိုလောက်အောင် အကျိုးရှိပါ တယ်။ ပထမဒေးကားမှာ အကျိုးရခဲ့ပါတယ်။ နောက်တော့ သင်္ချာဗေဒ စက်မှုအင်ဂျင်နီယာ အတတ်ပညာ၊ နက္ခတ္တဗေဒနဲ့ ရူပဗေဒပညာရှင်တို့ အတွက် အကျိုးရှိခဲ့ပါတယ်။ ဒေးကားရဲ့ ဒီနည်းနာဟာ စိတ်နဲ့ယှဉ်လာတဲ့ ပြဿနာတိုင်းမှာ ယခုတိုင် အံ့သြစရာ ကောင်းလောက်အောင် အသုံးဝင်နေ ပါသေးတယ်။ (သင်္ချာဗေဒမှာလို) စိတ်ရဲ့ နိယာမတရားများနဲ့ ပတ်သက်လာ ရင်ဖြစ်စေ၊ (နက္ခတ္တဗေဒမှာလို) အကွာအဝေး ရှုပ်ထွေးမှုတို့ကို လွယ်ကူ အောင် ပြုလုပ်တွက်ချက်ရတဲ့ ရုပ်ဝတ္ထုဆိုင်ရာ သဘာဝကြီးကို လေ့လာရာမှာ ဖြစ်စေ အသုံးဝင်နေပါသေးတယ်။ သည့်ထက်သည် ရှုပ်ထွေးတဲ့ သိပ္ပံပညာ ရပ်များမှာ ကျင့်သုံးကြည့်ရင် လုံလောက်မှုတောင် မရှိသေးပါဘူး။

ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ဆေးပညာ၊ ဘောဂဗေဒ၊ နိုင်ငံရေး စတဲ့ ပညာရပ်များမှာ ဒေးကားရဲ့ နည်းနာဟာ ပြဿနာအားလုံးကိုတော့ ဖြေရှင်းမပေးနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေ အားလုံးကို လည်း လမ်းညွှန်နေတာတော့ မဟုတ်ပါဘူး။ အချိန်ကို ဒရောသောပါး လုနေ ရတဲ့ အခါမျိုးမှာ ဘယ်နှယ်လုပ်ပြီး မိမိရဲ့ အတွေးကို စီစဉ်တကျဖြစ်အောင် နေရာချထားနိုင်ပါ့မလဲ။ ပြဿနာတစ်ခုရဲ့ အကြောင်းအချက်တွေ အများ ကြီးထဲမှာ ဘယ်နှယ့်လုပ်ပြီး 'ဘာမှကျန်ရစ်ခြင်းမရှိအောင်' လုပ်နိုင်ပါ့မလဲ။ သူ့နည်းနာဟာ ကျွန်တော်တို့ ကိုယ်တွင်းမှာ ဖန်နဲ့သံမဏိတို့နဲ့ ဆောက်လုပ် တဲ့ အဏုစကြဝဠာကလေးတစ်ခုကိုတော့ တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီ



စကြဝဠာကလေးရဲ့ ကျနစွာ ဖြတ်တောက်တပ်ဆင်ထားတဲ့ ဂီယာများဟာ ညီညွှတ်စုံတဲ့ စက်ယန္တရား ဖွဲ့စည်းမှုအတိုင်း ထပ်တူဖြစ်နေတာ မဟုတ်ဘူးဆို တာတော့ ကျွန်တော်တို့ သိဖို့လိုတာပေါ့။ လေတိုက်ရာကို လွင့်ပါသွားတဲ့ သစ်ရွက်တွေ၊ မုန်တိုင်းနှင့် တိမ်တိုက်တွေ၊ လယ်ကွင်းပြင်ထဲက လုပ်အား တွေနဲ့ မြို့တော်ကြီးထဲက ဆန္ဒရမှုက်တွေကတော့ တစ်မျိုးပေါ့။ ဒီမှာ နေရာ မရှိဘူးပေါ့။

တွေးခေါ်ဆင်ခြင်မှု တစ်ခုဟာ ဘယ်လောက်ပဲ စနစ်ကျသည်ဖြစ် စေ၊ ဘယ်လောက်ပဲ အလျင်စလိုနိုင်မှု ကင်းသည်ဖြစ်စေ၊ ဘယ်လောက်ပဲ အစ်ဖက်သတ်ကြိုတင်ဆုံးဖြတ်မှုကင်းသည်ဖြစ်စေ၊ ပန်းသီးစေ့တစ်စေ့ကို ကြည့်ရုံနဲ့ ဘယ်လိုပန်းသီးပင်မျိုး ပေါက်လာလိမ့်မယ်လို့တော့ မပြောနိုင်ဘူး ပေါ့။ ပန်းသီးရဲ့ အနံ့အရသာဟာ ဘယ်လိုရှိလာမယ်ဆိုတာကိုတော့ မပြော နိုင်ဘူးပေါ့။ မသိရသေးတဲ့ မိုက်ကရုတ်ပိုးတစ်မျိုးနဲ့ ဆေးထိုးလိုက်လို့ လူနာ မှာ ဘယ်လိုရောဂါမျိုး ပေါ်လာမယ်ဆိုတာကိုတော့ မပြောနိုင်ဘူးပေါ့။ ဒီ မေးခွန်းတွေကတော့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ပြန်မေးလို့မရဘူး လေ။ သဘာဝကြီးကို မေးရမယ့် မေးခွန်းတွေ မဟုတ်လား။ လွန်ခဲ့တဲ့နှစ် ပေါင်း နှစ်ရာလောက်ကတည်းက သဘာဝကြီးကို အောင်နိုင်အောင် လူတွေ ကို တန်ခိုးအာဏာပေးခဲ့တဲ့ ဒီဒေးကားရဲ့ နည်းနာဟာ ယုတ္တိဗေဒ၊ စူးစမ်း လေ့လာမှုနဲ့ လက်တွေ့စမ်းသပ်မှုတို့နဲ့ ပေါင်းစပ်ထားတဲ့ နည်းနာဖြစ်ပါတယ်။ ဒီနည်းနာထဲမှာ တွေးခေါ်ဆင်ခြင်မှုဟာလည်း အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါနေပါတယ်။ ဒါပေမယ့် အဲဒီနည်းနာရဲ့ အဖြေတွေကို အချက်အလက်တွေနဲ့ တင်ပြီး မှန်မမှန် စစ်ဆေးခဲ့ကြပါတယ်။ စမ်းသပ်မှုတွေနဲ့ ကိုက်ညီရင်လက်ခံ ခဲ့ကြပါတယ်။ ဒါပေမယ့် တွေးခေါ်ဆင်ခြင်မှုနဲ့ မကိုက်ရင် အညာတာကင်းမဲ့ စွာ ဖယ်ခဲ့ကြပါတယ်။

လက်တွေ့ စမ်းသပ်ကြည့်တဲ့ နည်းနာကို တစ်ခါတစ်ရံမှာ ဖရန်းစစ် ဘေကွန်ရဲ့နည်းလို့ ပြောလေ့ရှိခဲ့ကြပါတယ်။ မှန်ပါတယ်။ လက်တွေ့စမ်း သပ်မှုရဲ့ အခြေခံမူတွေကို ပထမဆုံး စတင်ချမှတ်ခဲ့သူဟာ ဘေကွန်ဖြစ်ပါ တယ်။ ဒါပေမယ့် အဲဒီနည်းနာကို ရှေးပဝေသဏီကတည်းက အနှော်မထင် စမ်းသပ်ကြည့်ကြပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်ဦး လူရိုင်းများဟာ ဒါကို မသိခင်ကတည်းက စမ်းသပ်မှုတွေကို လုပ်ခဲ့ကြတာပါ။ ကျွန်တော်တို့ အားလုံးဟာလည်း နေ့စဉ်နဲ့အမျှ ဆိုသလို စမ်းသပ်မှုတွေကို လုပ်နေကြတာပါ။ 'ဒီနေ့ မနက်မှာပဲ ကျွန်တော့် စာအုပ်စင်မှာ ပျားတွေအုံနေတာ တွေ့ရပါတယ်။ ဘာကြောင့် ပျားတွေလာ အုံဖွဲ့နေရသလဲလို့ ကျွန်တော်ကြိုးစားရှာပါတယ်။ စားပွဲပေါ်က ကာနေးရှင်း ပန်းတွေကြောင့်လား။ ဒါနဲ့ ကျွန်တော် ပန်းအိုးကို တစ်နေရာကို ရွှေ့ကြည့်ပါ တယ်။ ဟုတ်တာပေါ့။ ခဏကြာတော့ ပျားတွေမရှိတော့ဘူး။ ဒါပေမယ့် သေချာအောင် အတည်ပြုရဦးမယ်။ ဒါနဲ့ ပန်းအိုးကို တစ်ဖက်အခန်းကနေ ပြန်ယူလာပြီး ကျွန်တော့်စားပွဲပေါ်မှာ ပြန်ထားလိုက်တယ်။ ပျားတွေပြန် ရောက်လာတယ်။ ဒီမှာတင် ကျွန်တော်သဘာဝကြီးရဲ့ နိယာမတစ်ခုကို သွား တွေ့တယ်။ ဒီရာသီ ဒီအချိန်ဆိုရင် ဒီပန်းတွေကို ကျွန်တော့်စားပွဲပေါ်က ပန်းအိုးထဲမှာ မစိုက်မိအောင် သတိထားရတော့မယ်ပေါ့။

အခြေခံသဘောကို ပြန်ကြည့်လိုက်ရင် လက်တွေ့စမ်းသပ်မှုနည်း နာဟာ အလွယ်ကလေးပါ။ ကလော်ဒ်ဘားနဒ်ရဲ့ အဆိုအတိုင်း ပြောရရင် 'မိမိရဲ့ စိတ်ကူးများ၊ အတွေးများကို အချက်အလက်များနဲ့ စနစ်တကျ စမ်း သပ်စစ်ဆေးကြည့်ခြင်း' ပါပဲ။ လူက စူးစမ်းလေ့လာလိုက်တဲ့အခါ သဘာဝ ရုပ်သဏ္ဍာန်တွေအပေါ် အချင်းချင်းဆက်သွယ်မှု အပေါ်မှာ အခြေခံတဲ့ အနုမာနမှန်းဆချက်ရယ်လို့ ပေါ်ထွက်လာတယ်။ အဲဒီ အနုမာနမှန်းဆချက် တွေကို မှန်ကြောင်း အတည်ပြုဖို့အတွက် ပညာရှင်များက နောက်ထပ်စူးစမ်း လေ့လာမှုတွေကို တရစပ်လုပ်ကြရတယ်။

ကူးဗီးယားက 'စူးစမ်းလေ့လာသူသည် သဘာဝကို နားထောင်၏။ သို့ရာတွင် လက်တွေ့စမ်းသပ်ကြည့်သူကား သဘာဝကြီးကို မေးခွန်းထုတ် ကာ သဘာဝကြီးအား သူ့ကိုယ်သူ ဖော်ပြရန် အတင်းအဓမ္မ ပြုလုပ်၏' လို့ ပြောခဲ့ပါတယ်။

ဆိုပါတော့။ လက်တွေ့စမ်းသပ်ကြည့်သူဟာ အကြောင်းတရားကို အမျိုးမျိုးရှာကြည့်တယ်။ ရလာဒ်ကွဲပြားမှုတွေကို မှတ်သားတယ်။ အကြောင်း နဲ့ အကျိုး (ပစ္စည်းနဲ့ ပစ္စယုပ္ပန်) မှာ တိကျတဲ့ ဆက်သွယ်မှုကို တွေ့လာခဲ့ရင် အကြောင်းနဲ့ အကျိုးကြားမှာ ပစ္စယတရားဆိုတာ ရှိတယ်လို့ သူအတည်ပြု



နိုင်ပြီ။ သို့တိုင်အမှားမရှိဘူးလား။ အမှားရှိနိုင်သေးတယ်။ နေကြတ်မှုတစ်ခု ဖြစ်ပြီးတာနဲ့ စစ်တစ်ခုဖြစ်တယ်။ ဒါပေမယ့် နေကြတ်ခြင်းကြောင့် စစ်ဖြစ် တာလို့ သက်သေမထုတ်နိုင်ဘူး။ အောက်စဖို့ တက္ကသိုလ်ကျောင်းသားတစ် ယောက်ရဲ့ ဇာတ်လမ်းကလေးတစ်ခုရှိတယ်။ သူက ညတိုင်း ဝီစကီနဲ့ ဆိုဒါ ဆော်တော်များများသောက်တယ်။ ဒီတော့ ရှင်းရှင်းပြတ်ပြတ် မစဉ်းစားနိုင် ဘဲ ဖြစ်လာတယ်။ ဒါနဲ့ သူက ဝီစကီကို ဖြတ်ပြီး ဘရန်ဒီနဲ့ ဆိုဒါကို သောက် တယ်။ အရင်လိုပဲ ဖြစ်နေတယ်။ မဟန်ပြန်ဘူးဆိုပြီး ဂျင်နဲ့ ဆိုဒါကိုသောက် တယ်။ ဒါပေမယ့် ဒီအတိုင်းပဲဖြစ်နေတယ်။ 'သေချာပြီ။ ကျွန်တော် ဒီလိုဖြစ် နေတာ ဆိုဒါကြောင့်ဗျ' လို့ ပြောသတဲ့။

တကယ်လို့သာ သူဟာ ဉာဏ်ရှိတဲ့လက်တွေ့စမ်းသပ်သူ တစ် ယောက်ဖြစ်ခဲ့ရင် ဒီထက်ပိုပြီး ရှေ့ဆက်စမ်းသပ်ကြည့်ရမယ်။ ဝီစကီတို့၊ ဘရန်ဒီတို့၊ ဂျင်တို့ကို ဆိုဒါမပါဘဲ သောက်ကြည့်ဖို့ ကောင်းတယ်။ ဒီအခါမှာ သူ့အမှားကို တွေ့လာလိမ့်မယ်။

ပညာရှိသုခမိန်ဆိုတာ စူးစမ်းလေ့လာမှုနဲ့ လက်တွေ့စမ်းသပ်မှုများ အရ သဘာဝအချင်းအရာတွေကြားက၊ ထာဝရဆက်သွယ်မှုတွေက တစ်ဆင့် အနုမာနခန့်မှန်းချက်များကို ထုတ်ယူတတ်သူဖြစ်တယ်။ သူ့ရဲ့ ခန့်မှန်းချက် များကို တတ်နိုင်သလောက် စမ်းသပ်စစ်ဆေးပြီး အတည်ပြုနိုင်တာနဲ့ တစ်ပြိုင်နက် အဲဒီခန့်မှန်းချက်များဟာ ယာယီအားဖြင့် သဘာဝကြီးရဲ့ နိယာ မများဖြစ်လာကြတယ်။

ကျွန်တော်ဟာ ကျွန်တော့်လက်မှာရှိတဲ့ အရာဝတ္ထုတစ်ခုကို အပေါ် ကိုလွှင့်မြှောက်ပစ်လိုက်တိုင်း မြေကြီးပေါ်ကို ပြန်ကျလာတတ်တယ်။ ကျလာ တဲ့ မြန်နှုန်းကို တွက်ချက်ကြည့်လို့ ရတယ်။ တစ်စုံတစ်ခုသော နေရာတစ်ခု ပေါ်ကို ပြန်ကျလာတဲ့ မြန်ရှိန်ဟာ အမြဲတမ်းလိုလို ပြောင်းလဲခြင်းမရှိ ပုံမှန် ဖြစ်နေတယ်။ ဒါကြောင့် ဒီအချက်ကို ထောက်ပြီး အရာဝတ္ထုများ မြေကြီး ပေါ်ကို ပြန်ကျလာတာနဲ့ ပတ်သက်လို့ နိယာမတရားတွေ ရှိတယ်ဆိုတာ သိလာရတယ်။

သိပ္ပံပညာဆိုတာ တခြားမဟုတ်ဘူး။ အဲဒီလို စူးစမ်းလေ့လာတွေ့ရှိ မှုတွေကို ပေါင်းချုပ်ထားတဲ့အရာဖြစ်တယ်။ သိပ္ပံပညာဟာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းဖော်ပြတဲ့ အရာမဟုတ်ဘူး။ သိပ္ပံပညာဆိုတာ (ကဗျာဆရာ ဘာလေရီ ပြောသလို 'အောင်မြင်တဲ့ ဖော်စပ်နည်းကား အချို့'ကိုစုပေါင်း ထားတာ ဖြစ်တယ်။ ဒါပေမယ့် အဲဒီ ဖော်စပ်နည်းများဟာလည်း မှား တယ်။ ကျွန်တော်ဖတ်နေတဲ့ စာအုပ်ကို လွှတ်ချလိုက်လို့ စာအုပ်ဟာ ကြ ပြင်ပေါ်ကို ကျမသွားဘဲ အထက်မျက်နှာကြက်ဆီကို တက်သွားတယ်ဆို ကျွန်တော်တော်တော်အံ့အားသင့်သွားမှာပဲ။ ဒါပေမယ့် ဒါကိုကြည့်ပြီး သိ ပညာမှားပြီးလို့ မပြောနိုင်ဘူး။ ဒီအချင်းအရာ ဖြစ်စေတဲ့အကြောင်းကို ရှ လင်းဖော်ပြတဲ့၊ ပိုမိုရှုပ်ထွေးတဲ့ နိယာမတစ်ရပ်၊ ဥပဒေသတစ်ရပ်ကိုရှာ လိုလာပြီဆိုတဲ့ သဘောပဲ။

လက်တွေ့စမ်းသပ်မှု သိပ္ပံပညာမှာ တက္ကဗေဒဆိုင်ရာ ခန့်မှန်းချ တစ်ခုပဲရှိတယ်။ အဲဒါကတော့ သဘာဝနိယာမတရားများရဲ့ ဖောက် ဖောက်ပြန် ဖြစ်မှုမရှိ တည်ငြိမ်ခြင်းပဲ။ သဘာဝကြီးဟာ တစ်စုံတစ်ခုသေ နိယာမများကို လိုက်နာခြင်းပြုတယ်၊ သို့မဟုတ် လိုက်နာသယောင် ထင် တယ်ဆိုတဲ့ အချက်ကို ကျွန်တော်တို့ မယုံရင် သဘောဝအချင်းအရာတွေ လေ့လာတာဟာ ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး။ တူညီတဲ့ ဖိအားရှိ ရေဟာ ဒီနေ့မှာ စင်တီဂရိတ်ဒီဂရီ ၅၀ ရောက်ရင် ဆူပြီး နောက်တစ်ေ မှာ စင်တီဂရိတ်ဒီဂရီ ၇၅ ကျမှ ဆူတယ်။ နောက် တစ်နေ့ကျတော့ စင် ဂရိတ်ဒီဂရီ ၁၀၀ ရှိမှ ဆူတယ်ဆိုရင်၊ ဒီလိုပြောင်းလဲမှုတွေ ရှိနိုင်တ ဆိုတာကိုလည်း ကျွန်တော်တို့ ရှာမတွေ့ရင် ရူပဗေဒကို ကျွန်တော် သင် တာဟာ အလကားပဲ ဖြစ်မှာပဲ။ ဒီလို အဖြစ်မျိုးတွေ မဖြစ်လို့ တော်သေးတ ပေါ့။

သဘာဝ အချင်းအရာများမှာ ထူးဆန်းတဲ့ မပြောင်းလဲတဲ့ တရာ နေတယ်။ ဘာဖြစ်လို့လဲ။ တက္ကဗေဒဝါဒီများ၊ ပညာရှင်များ၊ သာသနာဆို ရာ ကျမ်းပြုပုဂ္ဂိုလ်များ၊ သင်္ချာပညာရှင်များဟာ အဲဒီကိစ္စနဲ့ ပတ်သက် အတွေးအခေါ်ရှိကောင်းရှိလိမ့်မယ်။ လက်တွေ့စမ်းသပ်သူကတော့ ဒါတွေ ဘာမှမသိဘူး။ ဒီအထဲမှာ သူမပါဘူး။ သူသိတာကတော့ သဘာဝအချ အရာတွေကို စူးစမ်းလေ့လာတဲ့နည်းကို သူ သိတယ်။ အဲဒီ စူးစမ်းလေ့လာ များကနေပြီး အနုမာနခန့်မှန်းချက်တွေ ဆွဲထုတ်ယူတဲ့နည်းကို သူသိတယ်



အဲဒီ အနုမာနခန့်မှန်းချက်တွေကို လက်တွေ့စမ်းသပ်စစ်ဆေးမှုနဲ့ အတည်ပြု တဲ့နည်းကို သူ သိတယ်။ အတည်ပြုလို့မရရင် အဲဒီ အနုမာနတွေကို စွန့်လွှတ် ရမယ့်နည်းကို သူသိတယ်။ တည်ငြိမ် ခိုင်မာတယ်လို့ ထင်ရတဲ့ နိယာမများ နဲ့အညီ စမ်းသပ်မှုပြုနည်းကို သူ သိတယ်။ 'သဘာဝကို နာခံရင်း သဘာဝကို အောင်နိုင်တယ်' လို့ ဘေကွန်က ပြောခဲ့တဲ့ နည်းအတိုင်း စစ်ဆေးကြည့် တယ်။ ဒီနည်းဟာ အံ့ဩစရာ ကောင်းတဲ့ ရလာဒ်တွေကို ပေးနိုင်တယ်ဆိုတာ ဘာမှ သံသယဖြစ်ဖွယ်မရှိဘူး။

လူရဲ့ စွမ်းအားနဲ့ပြုလုပ်နိုင်တဲ့ တစ်စုံတစ်ခုသော သဘာဝအချင်း အရာကြားက ပြောင်းလဲခြင်းမရှိတဲ့ ဆက်သွယ်မှုများကို ပြုလုပ်နိုင်တဲ့အ ကြောင့်တစ်ကြောင်း၊ လူရဲ့စွမ်းအားနဲ့ မလုပ်နိုင်တဲ့ အခြားသော အချို့ သော သဘာဝအချင်းအရာများကြားက ပြောင်းလဲခြင်းမရှိ မှန်ကန်တဲ့ ဆက် သွယ်မှုကို ပြုလုပ်နိုင်တဲ့ အတွက်ကြောင့်တစ်ကြောင်း၊ စမ်းသပ်စစ်ဆေးကြည့် တဲ့ နည်းနာဟာ လူကို စူပါမင်းဖြစ်အောင် လုပ်ပေးနိုင်တယ်။ ပြပွဲတစ်ခုမှာ ကလေးတစ်ယောက်က ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရုံနဲ့ ရှုပ်ထွေးတဲ့ စက်ယန္တယားကြီးတစ်ခုကို လှုပ်ရှားလည်ပတ်အောင် လုပ်နိုင်တယ်ဆိုရင် အဲဒီ အပြုအမူဟာ ခွန်အားအနည်းဆုံးဆိုတဲ့ ကလေးငယ်တစ်ယောက်တို ပင်လျှင် ဘယ်လောက်အင်အားကြီးတဲ့ စွမ်းပကားကိုပေးနိုင်တယ်ဆိုတာကို ပြတဲ့ သင်္ကေတဖြစ်တယ်။ ဘယ့်ကလောက်များ အံ့ဩဖို့ကောင်းတဲ့ တန်ခိုး စွမ်းပကားပါလဲ။

စကြဝဠာကြီးထဲက ရွှံ့စက်ကလေး တစ်စက်ပေါ်မှာ လာပြီးဖြစ် တည်တဲ့၊ လူဆိုတဲ့ သေးငယ်တဲ့ ပိုးမွှားကလေးဟာ ကိုယ်ရှိနေတဲ့ ရွှံ့စက်က လေးနဲ့ စကြဝဠာထဲက အလားတူရွှံ့စက်ကလေးတွေ ဘယ်လောက်ဝေးတယ် ဆိုတာကို တိုင်းထွာနိုင်ရုံမျှမက အဲဒီရွှံ့စက်ကလေးပေါ်က ရာသီဥတု၊ သစ်ပင်ပေါက်ရောက်မှုနဲ့ တိရစ္ဆာန်တွေကိုပါ လအနည်းငယ်အတွင်း တစ်မျိုး တစ်ဖုံပြောင်းလဲသွားအောင် လုပ်နိုင်တာဟာ တော်တော့်ကို အံ့ဩဖို့ကောင်း ပါတယ်။ ကမ္ဘာမြေကြီးကို နာရီအနည်းငယ်အတွင်း လှည့်ပတ်သွားနိုင်တဲ့ စက်ယာဉ်ပျံကို ထုတ်လုပ်နိုင်တာ၊ အအေးတို့ အောင်နိုင်တာ၊ အမှောင်တိုက် ကို အောင်နိုင်တာ၊ ငတ်မွတ်ခြင်းကို အောင်နိုင်တာ ရောဂါတို့ဟာလည်း

www.burmeseclassic.com

www.burmeseclassic.com



အံ့ညြဖို့ကောင်းပါတယ်။

သိပ္ပံနည်းကျ နည်းနာဟာ စကြဝဠာကြီးကို ရှင်းလင်းဖော်ပြခြင်း မပြုနိုင်ပါဘူး။ ဘယ်တော့မှလည်း ရှင်းလင်းဖော်ပြခြင်းပြုနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် သိပ္ပံပညာက လူတွေကို ရူပဗေဒဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာနဲ့ ဇီဝဗေဒဆိုင်ရာတို့မှာတောင် သဘာဝအချင်းအရာများနဲ့ ပတ်သက်လို့ ကြီးမားတဲ့ တန်ဖိုးစွမ်းပကားကို ပေးနိုင်ခဲ့တယ်ဆိုရင် လူတွေက သဘာဝကျကျစွာပဲ မေးခွန်းထုတ်လာစရာတွေ၊ ကိုယ့်ကိုယ်ကို ပြန်မေးလာနိုင်စရာတွေ ရှိလာပါတယ်။

ရုပ်ဝတ္ထုကမ္ဘာလောကကြီးထဲမှာ အောင်မြင်မှုကို ရလာခဲ့တဲ့ တွေးခေါ်မှုအနုပညာဟာ လူတွေနဲ့ ပတ်သက်တဲ့ကိစ္စမှာကော ဘာဖြစ်လို့ အသုံးမပြုနိုင်ရမှာလဲ။ သံမဏိစက်ရုပ်တွေ၊ ကြေးနီစက်ရုပ်တွေက လူတွေရဲ့အလုပ်တွေကို လုပ်ပေးနေတဲ့ စက်ရုံကြီးတွေကိုတောင် တည်ထောင်နိုင်တဲ့ တွေးခေါ်မှု အနုပညာဟာ အစားထိုးခံလိုက်ရတဲ့ လူတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုအတွက် ဘာဖြစ်လို့ အသုံးမကျဖြစ်ရမှာလဲ။ တိရစ္ဆာန်မျိုးနွယ်အမျိုးမျိုးကို မျိုးစပ်ပေးနိုင်တဲ့၊ ပန်းအမျိုးမျိုးကို မျိုးစပ်ပေးနိုင်တဲ့ တွေးခေါ်မှုအနုပညာနည်းလမ်းဟာ လူတွေကို လူလွန်မသားတွေ၊ ရုပ်မင်းတွေ ဖြစ်လာအောင် ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။

အဲဒီ မေးခွန်းတွေကို မေးလာစရာရှိပါတယ်။

အင်္ဂလိပ်နိုင်ငံရေး သုခမိန်တစ်ဦးဖြစ်တဲ့ လော့ဒ်ဆောလ်စ်ဘာရီဟာ သူ့ပါတီဝင်တွေ၊ သူ့နောက်လိုက်နောက်ပါတွေ နိုင်ငံရေးငြင်းခုံမှုဖြစ်လို့ စိတ်တိုလာကြပြီဆိုရင် 'ဒီလိုဆိုရင် ပြဿနာကို ဓာတုဗေဒနည်းအရ ဖြေရှင်းကြည့်ကြရအောင်' လို့ ပြောလေ့ရှိပါသတဲ့။ သဘောကတော့ လူတွေကိုလည်း လက်တွေ့စမ်းသပ်ကြည့်တဲ့ ဓာတုဗေဒပစ္စည်းတွေလို သဘောထားကြရအောင်။ ထွက်ပေါ်လာမယ့် ရလာဒ်တွေကို ကြိုမတွေးနဲ့။ ဓာတုဗေဒပစ္စည်းတွေကို ပေါင်းအိုးထဲထည့်၊ အပူပေးပြီးတော့ သူတို့ တုံ့ပြန်မှုတွေကို စောင့်ကြည့်၊ ရလာဒ်တွေက သဘောတရားနဲ့ မကိုက်ညီရင် အဲဒီ သဘောတရားကို စွန့်ပယ်ဆိုတဲ့ သဘောပါပဲ။

သိပ္ပံနည်းကျ နိုင်ငံရေးဆိုတာ အဲဒီလိုပဲ ဖြစ်ရလိမ့်မယ် ထင်ပါ



တယ်။ ဒီလိုနည်းကို ကျွန်တော်တို့ မကျင့်သုံးနိုင်ဘူးလား။ လူဟာ တွေးခေါ်မှုအနုပညာရဲ့ နောက်ဆုံးပိတ် အဖြေကို သိပ္ပံပညာထဲမှာ မတွေ့နိုင်ပေဘူးလား။

သိပ္ပံပညာရှင် 'ရေနန်း' ဟာ သိပ္ပံပညာရှင်များရဲ့ အင်စတီကျူက အဖွဲ့ဝင်တွေအနေနဲ့ သိပ္ပံနည်းကျ ထိန်းချုပ်ထားတဲ့ ကမ္ဘာလောကကြီးကို တွေ့မြင်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ဖူးပါတယ်။ ထို့အတူပဲ အဲဒီအခါမှာ အတိတ်နဲ့ပစ္စုပ္ပန် အဖြစ်အပျက်တွေရဲ့ အချိန်ကာလကို တိကျစွာသိနိုင်တဲ့ စက်ယန္တယားတစ်ခုလည်း ပေါ်ပေါက်လာလိမ့်မယ်လို့ ဘာထရန်ရပ်ဆဲက တွေးထင်ခဲ့ဖူးပါတယ်။ ခုဆိုရင် အဲဒီလို စိတ်ကူးကြံဆခဲ့ကြတာဟာ ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ အလိုလေး။ ခုတော့ ကျွန်တော်တို့ဟာ ပြင်ပကမ္ဘာလောကကြီးနဲ့ ပတ်သက်လို့ အံ့သြစရာကောင်းတဲ့ တန်ခိုးစွမ်း ပကားတွေကို ရခဲ့ကြပေမယ့် ကျင့်ဝတ်ရေးရာ၊ နိုင်ငံရေးရာနဲ့ လူမှုရေးရာ ကိစ္စများမှာတော့ ကျေနပ်လောက်တဲ့ ရလာဒ်တွေကို မရခဲ့သေးပါကလား။

ဘာဖြစ်လို့ မရခဲ့သလဲဆိုတာကတော့ အလွယ်နဲ့ နားလည်နိုင်ပါတယ်။

လက်တွေ့စမ်းသပ်ကြည့်ရှုတယ်ဆိုတဲ့ ကိစ္စဟာ လူလုပ်ထားတဲ့ သီးခြားတည်ရှိတဲ့၊ တံခါးပိတ်ထားတဲ့ ဖြစ်စဉ်တစ်ခုရှိဖို့ လိုပါတယ်။ အဲဒီလို နေရာမျိုးမှာသာလျှင် လက်တွေ့စမ်းသပ်စစ်ဆေးမှုဆိုတာ ဖြစ်နိုင်ပါတယ်။ ရေဟာ ဘယ်လိုအခြေအနေမျိုးရောက်မှ ဆူသလဲဆိုတာကို သိချင်ရင် အချက်အလက်အချို့ကို ကျွန်တော်တို့ သီးခြားဖယ်ထုတ်စမ်းသပ်ကြည့်ရှုပါတယ်။ အပူရဲ့ရင်းမြစ်၊ ရေထည့်တဲ့ ကရား၊ ရေ စသည်တို့ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဖိအားတစ်ခုကို ပေးလိုက်ရပါတယ်။ ပြင်ပသြဇာတွေကို ဖယ်ထုတ်ပစ်လိုက်ရပါတယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်းဆိုတာ နေ့စဉ်တွေ့ ပွေလီယှက်လိမ်နေတဲ့ နေရာဖြစ်လေတော့ သူ့ကို အလုံပိတ်ပြီး သီးခြားဖယ်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လို့မရပါဘူး။ ဒါကြောင့် အဲဒီလို စမ်းသပ်စစ်ဆေးမှုလုပ်ကြည့်ဖို့လည်း မဖြစ်နိုင်ပါဘူး။

လိုအပ်လာလို့ရှိရင် စမ်းသပ်စစ်ဆေးမှုကို ကြိမ်ဖန်များစွာ လုပ်ရပါတယ်။ ဖြစ်တဲ့ဘက်ကရော၊ မဖြစ်တဲ့ပြောင်းပြန်ဘက်ကရော နှစ်ဖက်စလုံးကနေ ပြန်စမ်းသပ်ပြီး အကြိမ်ကြိမ်ပြုရမှာပါတယ်။ ဒီလိုစမ်းသပ်စစ်ဆေးဖို့ ဆိုတာဟာ စိတ်ပညာနယ်ပယ်မှာ မဖြစ်နိုင်ဘူး။ လူမှုဝိဇ္ဇာနယ်ပယ်မှာလည်း မဖြစ်နိုင်ဘူး။ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကြီး ရောက်ရင်ဘယ်လိုဖြစ်မလဲဆိုတာကို စမ်းသပ်ကြည့်ဖို့အတွက် လူတန်းစားတွေ အားလုံးကို အစမ်းသဘောနဲ့ မရှိအောင် နှိပ်ကွပ်ပစ်လို့ဘယ့်နှယ်လုပ် ဖြစ်နိုင်မှာလဲ။ စဉ်းစားဉာဏ်ရှိတဲ့ ဘယ်နိုင်ငံရေးသုခမိန်ကကော ဒီလို စမ်းသပ်ကြည့်မှာလဲ။ အရင်းရှင်စနစ်ကြီး မကောင်းဘူးဆိုတာကို ပြောင်းပြန်သက်သေထုတ်ပြနိုင်အောင် ဘယ်ကွန်မြူနစ်ကကော အရင်းရှင်စနစ်ကြီးကို တည်ဆောက်စမ်းသပ်ကြည့်နေဦးမှာလဲ။

နောက်ဆုံးအားဖြင့် လက်တွေ့စမ်းသပ်စစ်ဆေးကြည့်မှု တစ်ခုမှာ စစ်ဆေးကြည့်သူအနေနဲ့ ယုံကြည်မှုအပြည့်အဝရှိဖို့နဲ့ ကိုယ်ရေးအကျိုးစီးပွားမရှိဖို့လိုတယ်။ သိပ္ပံပညာစမ်းသပ်မှုဆိုတာ အဲဒီလို အတ္တအကျိုးစီးပွားတွေပြင်းထန်တဲ့ ခံစားချက်တွေ မရှိဖို့ လိုတယ်။ ဒီလိုခံစားချက်တွေ ဖြစ်ပေါ်လာရင် ထိန်းသိမ်းနိုင်ဖို့၊ ချုပ်တည်းနိုင်ဖို့၊ ပျောက်အောင်လုပ်ဖို့ဆိုတာ စူပါမင်းတွေသာလျှင် လုပ်နိုင်တဲ့ ကိစ္စဖြစ်ပါတယ်။

သိပ္ပံနည်းကျ အမှန်တရားရှာဖွေမှုမှာ အရေးကြီးတဲ့ အချက်တစ်ချက် ရှိတယ်။ အဲဒါကတော့ ဆင်ခြင်တုံတရားဟာ အနုမာန ခန့်မှန်းချက်တွေကို ဘယ်တော့မှ အသေစွဲကိုင်မထားဘူးဆိုတဲ့ အချက်ပဲ။ သုတေသနသမားတစ်ယောက်ရဲ့ ပထမဆုံးသော တာဝန်ဟာ စနစ်တစ်ခုကို တီထွင်ဖို့ဖြစ်တယ်ဆိုရင် သူ့ရဲ့ဒုတိယတာဝန်ဟာ အဲဒီစနစ်ကို ရွံမုန်းပစ်လိုက်ဖို့ဖြစ်တယ်။ အနည်းဆုံး ဥပေက္ခာပြုပစ်လိုက်ဖို့ ဖြစ်တယ်။ ဒါပေမယ့် ခက်တာက လူဟာလူပဲ။ နိယာမတစ်ခုကို တွေ့ချင်တယ်ဆိုရင် ကိုယ်ရှာတွေ့ချင်နေတဲ့ အရာကို အထောက်အကူ ဖြစ်စေမယ့် အရာတွေကိုသာ လိုက်ရှာနေတော့တာပဲ။ သိစိတ်နဲ့ လိုက်ရှာတာမျိုးတော့ မဟုတ်ဘူးပေါ့။ ကိုယ့်မသိစိတ်ထဲမှာ



ကိုယ်လိုချင်တဲ့ အဖြေကို အထောက်အကူဖြစ်မယ့် အရာတွေကိုပဲ လိုက်ရှာနေတော့တာပဲ မဟုတ်လား။ ဆေးပညာနယ်ပယ်မှာဆိုရင် ကျွမ်းကျင်သူ ပါရဂူတွေဟာ သူ့လူနာမှန်သမျှကို သူကျွမ်းကျင်နားလည်တဲ့ ရောဂါတွေဖြစ်နေတယ်လို့ပဲ ရိုးသားစွာ ထင်နေတတ်ကြတယ် မဟုတ်လား။ စိတ်ကုဆရာဆီကို သွားပြရင် ခင်ဗျားရောဂါက စိတ်ရောဂါပဲလို့ ပြောတတ်ကြတာပဲ မဟုတ်လား။ အကျိတ်ပါရဂူတစ်ဦးဆီကို သွားပြရင် အကျိတ်ရောဂါတစ်ခုခုကိုတော့ တွေ့လာတာပဲ မဟုတ်လား။ ဝမ်းဗိုက်ပါရဂူတစ်ဦးဆီ သွားရင်လည်း ရောဂါဟာ သူ့နယ်ပယ်ထဲမှာ ရှိတယ်လို့ပဲ ထင်တတ်ကြတယ်မဟုတ်လား။

အနည်းဆုံးပြောရရင် ဆေးပညာဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် သိပ္ပံပညာတစ်ခုပဲ။ ဆေးပညာဟာ လူရဲ့ခန္ဓာကိုယ်နဲ့ သက်ဆိုင်တယ်။ အဲဒီ လူ့ခန္ဓာကိုယ်တွေဟာ လိုအပ်လာရင် စမ်းသပ်မှုတစ်ခုထဲမှာ တစ်စိတ်တစ်ပိုင်း သီးခြားဖယ်ထုတ်ထားလို့ရတယ်။ ဒါပေမယ့် စီးပွားရေးကိစ္စမှာလို၊ နိုင်ငံရေးကိစ္စမှာလို သန်းပေါင်းများစွာသော လူ့ခန္ဓာကိုယ်များရဲ့ ခံစားချက်တွေ တုံ့ပြန်မှုတွေနဲ့ ပတ်သက်လာတဲ့အခါမှာတော့ အချက်အလက်တွေ အမျိုးမျိုးရှိပြီး အဲဒီ အချက်အလက်တွေဟာလည်း တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေတဲ့အမျိုးမျိုးသော သဘောတရား၊ အယူအဆများကို အထောက်အကူပြုလို့ ရတာမျိုးတွေချည်းပဲဖြစ်နေတယ်။ လစ်ဘရယ်စီးပွားရေးစနစ်ဟာ အဆုံးသတ်မှာ စုပေါင်းစီးပွားရေးဝါဒကို ဖန်တီးပေးလိုက်တဲ့အတွက် မကောင်းဘူးလို့ စမ်းသပ်မှုများက ပြသပြီးဖြစ်ပေမယ့် စုပေါင်းစီးပွားရေးစနစ်ကို စမ်းသပ်လုပ်တော့လည်း ဘယ်မှာကောင်းလို့လဲ၊ မကောင်းဘူးဆိုတာ စမ်းသပ်မှုက ပြခဲ့ပြီမဟုတ်လားလို့ တစ်ယောက်ကပြောနိုင်နေတာပဲ။ လူ့အဖွဲ့အစည်းကြီး ပြိုလဲမသွားအောင် ယခင်ရှေးကရှိခဲ့တဲ့ ငွေဝင်ငွေထွက် ပုံစံ ပုံစံ... [illegible] ပစ္စည်းကိုတော့ ဆက်လက်အသိ အမှတ်ပြုနေရသေးတာပဲ မဟုတ်လားလို့ ပြောစရာရှိနေသေးတာပဲ။

ကောင်းပြီ။ ဒီလိုဆိုရင် ဒီလိုစမ်းသပ်မှုတွေကို အခြေခံပြီး နိယာမတရားတွေကို ချမှတ်လို့ရသလား။ မရပါဘူး။ ဒါဖြင့် စမ်းသပ်မှုတွေကို ဘာဖြစ်လို့ လုပ်နေရသေးသလဲ။ စမ်းသပ်မှုများဟာ သိပ္ပံနည်းကျတယ်လို့ ပြောရ

www.burmeseclassic.com

www.burmeseclassic.com



တာကတော့ တခြားကြောင့်မဟုတ်ဘူး။ စမ်းသပ်မှုတွေကို အမျိုးမျိုး လုပ်နိုင်လို့ရယ်၊ နောက်တစ်ချက်ကတော့ စမ်းသပ်မှုတွေကို ထပ်ပြန်တလဲလဲ ပြုလုပ်နိုင်လို့ရယ် ဖြစ်တယ်။ စီးပွားရေးစနစ်တစ်ခုကို စမ်းသပ်ကြည့်တယ်ဆိုပါစို့။ ဒီလို စမ်းသပ်ကြည့်ပြီး အဖြေထွက်ဖို့ကိစ္စဟာ မျိုးဆက်ပေါင်းများစွာကြာတတ်တယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ပြင်သစ်ပြည်တို့မှာ စီးပွားရေးနဲ့ ပတ်သက်လို့ 'ရုစဘဲ့' စမ်းသပ်မှုနဲ့ 'ဘလန်း' စမ်းသပ်မှုဆိုတာ ရှိခဲ့တယ်။ ဒီနှစ်ခုစလုံးဟာ နိုင်ငံရေးဖြစ်စဉ်တစ်ခုမှာ နှစ်တို၊ ခဏတဖြုတ်လုပ်ခဲ့တဲ့ အရာတွေဖြစ်တယ်။ တကယ်သာလုပ်ရင် ရေရှည်တန်ဖိုးကြီးကြီး တော်တော်ရှုပ်ရှုပ်ထွေးထွေးလုပ်ရမယ့် အရာတွေဖြစ်ပြီး နောက်နှစ်ပေါင်းများစွာကြာမှ နောက်မျိုးဆက်တွေအတွက် တန်ဖိုးရှိမယ့်အရာတွေဖြစ်တယ်။

စီးပွားရေးမှာ ဖြစ်တဲ့အတိုင်း နိုင်ငံရေးမှာလည်း ဒီအတိုင်းဖြစ်တာပဲ။ အင်္ဂလန်ပြည်ဟာ ဒီမိုကရက်တစ်စမ်းသပ်မှုတွေကို ပြုလုပ်ရာမှာ အောင်မြင်တဲ့ရလာဒ်တွေကို ရခဲ့တယ်လို့ ကျွန်တော်တို့ ပြောလေ့ရှိကြတယ်။ ဒါပေမယ့် အဲဒီအချက်ကနေစပြီး သိပ္ပံနည်းကျတဲ့ ကောက်ချက်တစ်ခုကို ကျွန်တော်တို့ ဆွဲထုတ်မယူနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြင်လူမျိုးတွေဟာ အင်္ဂလိပ်လူမျိုးတွေမှ မဟုတ်ဘဲကိုး။ ဒီမိုကရေစီဆိုတာ တကယ့်စကားလုံးတစ်လုံးဖြစ်တယ်။ အဲဒီ စကားလုံးရဲ့အောက်မှာ တကယ့်အခြေအနေတွေ တကယ့်အဖြစ်တွေကို ထည့်ပေးရလိမ့်မယ်။ အင်္ဂလိပ်အခြေအနေတွေဟာ ပြင်သစ်၊ စပိန်၊ ဒါမှမဟုတ် အီတလီ အခြေအနေတွေ မဟုတ်ဘူး။ အင်္ဂလိပ်ဒီမိုကရေစီဟာ အင်္ဂလိပ်နိုင်ငံရေးဘဝကို ထင်ဟပ်တယ်။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းနှင့် စေ့စပ်ဖြေရှင်းခြင်း၊ ဒေသဆိုင်ရာဘဝကို အရေးပေးခြင်း၊ ပွင့်လင်းတဲ့ သဘောထားရှိတဲ့ မှူးမတ်လူတန်းစားက သူနှင့်ရင်းနှီးစွာဆက်ဆံတဲ့ လူလတ်တန်းစားများကို နားလည်သဘောပေါက်ခြင်း၊ ပါလီမန်နဲ့ မြေပိုင်ရှင်တို့အကြားမှာ သဘောတူညီမှုရှိခြင်း၊ အချုပ်ပြောရရင် စည်းမျဉ်းခံဘုရင်စနစ်ရှိခြင်း စသည်တို့ဟာ အင်္ဂလိပ်ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တယ်။

ဒီမိုကရေစီနဲ့ ဖက်ဆစ်ဝါဒတို့ကို ခွဲခြားချင်ရင် အဲဒီစကားလုံးနှစ်လုံးရဲ့ အဓိပ္ပာယ်ကို ခွဲခြားကြည့်ရလိမ့်မယ်။ အခြေအနေနှစ်ရပ်၊ အစစ်အမှန်နှစ်ရပ်၊ ဖွင့်ဆိုချက်နှစ်ရပ်ကို လိုက်ခွဲခြားကြည့်နေလို့ မရဘူး။ လုံးဝလွတ်လပ်



ခြင်းနှင့် အကြွင်းမဲ့အုပ်စိုးခြင်းတို့ကြားမှာ လူ့အဖွဲ့အစည်း ပုံသဏ္ဌာန်တွေ များစွာရှိနိုင်တယ်။ တကယ်လည်းရှိတယ်။ လူမျိုးတစ်မျိုးရဲ့ ဘဝမှာ လွတ်လပ်မှုဘယ်လောက်ရှိသလဲဆိုတာကို တိုင်းထွာဖို့နည်းလမ်းမရှိတဲ့ အချိန်မျိုးမှာ လွတ်လပ်မှုဟာ ဖိနှိပ်မှုထက်ကောင်းသလား၊ မကောင်းဘူးလား ဆိုတာကို ဘယ်နယ်လုပ် စမ်းသပ်စစ်ဆေးကြည့်လို့ရမှာလဲ။ ဒီလိုပြောတဲ့အတွက် အချို့သော လွတ်လပ်ခွင့်များဟာ မလိုအပ်ဘူးလို့ ပြောတာမဟုတ်ဘူး။ လူမျိုးတစ်မျိုးအဖို့ တစ်ချိန်တစ်ခါမှာ နိုင်ငံရေးအစစ်အမှန်တွေကို သိအောင်လုပ်ရာမှာ သိပ္ပံပညာနည်းနာတွေမဟုတ်တဲ့ အခြားသော နည်းနာများနဲ့ ရှာဖွေရမယ်လို့ ဆိုလိုချင်တာ ဖြစ်တယ်။

ကျွန်တော့်အမြင်ကို ပြောရရင် ကျွန်တော်တို့ဟာ နိုင်ငံရေးနဲ့ လူမှုရေးပြဿနာများကို 'ဓာတုဗေဒနည်း' နဲ့ စဉ်းစားသင့်တယ်လို့ ထင်တယ်။ ဒါပေမယ့် နေရာတကာမှာ ဒီလိုနည်းနဲ့ချည်း စဉ်းစားလို့မရဘူးဆိုတာကိုတော့ ဝန်ခံပါတယ်။ ဒါကြောင့် လူတော်တော်များများဟာ သူတို့အကြောင်းတွေကိုပြောရင် တစ်ဖက်သားနားဝင်အောင် ပြောနိုင်သလောက် သဘောတရားတို့ ဘာတို့ကို ပြောလာပြီဆိုတာနဲ့တစ်ပြိုင်နက် တောင်စဉ်ရေမရ ဖြစ်ကုန်တော့တာပေါ့။ လျှပ်စစ်ပစ္စည်းတစ်ခု ပျက်သွားလို့ပြင်ရတော့မယ်ဆိုပါတော့။ လျှပ်စစ်သမားအဖို့မှာတော့ အဲဒီ လျှပ်စစ်ပစ္စည်းကလေးဟာ မြေပုံနဲ့၊ ဇယားနဲ့ သေသေချာချာရှိပြီးဖြစ်တဲ့ ကမ္ဘာကလေးပဲ။ ဝါယာကြိုးတွေ၊ လတ်တွေကြားမှာ ဘယ်နေရာမှာ ဘာရှိတယ်၊ ဘယ်ကြိုးစက ဘယ်သွားယ်ဆိုတာ သူကောင်းကောင်းသိပြီးသားဖြစ်တယ်။ ဒါပေမယ့် တိုင်းပြည်တစ်ပြည်ကို ပြန်လည်တည်ဆောက်ကြမယ်ဆိုတဲ့အခါမှာတော့ အဲဒီတိုင်းပြည်ရဲ့ လူမှုဘဝပုံကားချပ်ဆိုလို့ ဘာမှရေရေရာရာရှိတာ မဟုတ်ဘူး။ လူမှု တိုးတက်မှုနဲ့ ပျော်ရွှင်မှုတို့အတွက် ဘယ်လိုလုပ်ရင် ဘယ်လိုဖြစ်တယ်ဆိုတာ ပုံသေကားကျ လမ်းကြောင်းရယ်လို့ ရှိတာမဟုတ်ဘူး။ သဘောတရားတွေ တင်းတင်းကြပ်ကြပ် လိုက်နာလုပ်ဆောင်သည့်တိုင် လက်တွေ့စမ်းသပ်ကြည့်တဲ့နည်းလမ်းဟာ ဘာမှအရာမထင်ဘဲ ဖြစ်ချင်ဖြစ်တတ်တာပဲ။ နိုင်ငံရေးခေါင်းဆောင်၊ စီးပွားရေးလုပ်ငန်းရှင်နဲ့ စစ်တပ်ခေါင်းဆောင်တစ်ယောက်အဖို့ ကျိုးကြောင်းဆင်ခြင်မှုသက်သက်ဟာ ဘာကိုမှလုပ်မပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



လို့ပေါ့။

ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်များဟာ အလုပ်ကို လုပ်ဆောင်ရမယ်မဟုတ်လား။ ဆုံးဖြတ်ချက်တွေကို ချမှတ်ရမယ် မဟုတ်လား။ ဒီတော့ ဒီလိုအလုပ်တွေကို လုပ်လာရင် ဆုံးဖြတ်ချက်တွေကို ချမှတ်လာရင် ဘယ်အပေါ်မှာ အခြေခံရမလဲ။ ကဗျာဆရာ (ဒဿနဆရာ) 'အာလိန်း' ကတော့ 'လုပ်ဆောင်မှုသည် စိတ်စေတနာ၏ အစအဦးဖြစ်၏' လို့ ပြောခဲ့ဖူးတယ်။ ခွေးကလေးတစ်ကောင်ကို ရေထဲပစ်ချလိုက်တယ်။ အရင်တုန်းက တစ်ခါမှ ရေမကူးဖူးပေမယ့် ခွေးကလေးဟာ ရေထဲမှာကူးမှာပဲ။ ဒီတော့ ခွေးဟာ ရေကူးမယ်လို့ မဆုံးဖြတ်မီကတည်းက ရေကူးနေရပြီ။ မွေးစတုန်းက ကျွန်တော်တို့အားလုံးဟာ လောကပင်လယ်ကြီးထဲကို ပစ်ချခံလိုက်ကြရတဲ့ သတ္တဝါကလေးတွေပဲ။ ပင်လယ်ကြီးထဲ ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ဟာ အတတ်နိုင်ဆုံး ကူးကြခတ်ကြတယ်။ ဝတ္ထုတစ်ပုဒ်ကို စတင်ရေးသားနေတဲ့ စာရေးဆရာတစ်ယောက်ဟာ သူဘာရေးမယ်ဆိုတာကို အားလုံးအတိအကျ စိတ်ကူးထားတာမဟုတ်ဘူး။ တကယ်လို့သာ စကားလုံးတိုင်း စကားလုံးတိုင်းကို စဉ်းစားပြီးသား သိပြီးသားဆိုရင် သူ့ဝတ္ထုဟာလည်း ရေးပြီးသား ဖြစ်နေတော့မှာပေါ့။

တကယ်တော့ ဝတ္ထုရေးဆရာဟာ ရေထဲကို ခုန်ဆင်းပြီးမှသာ နောက်တစ်ခန်းရေးဖို့ စိတ်ကူးပေါ်လာရတာ။ ဒါကြောင့် လုပ်ဆောင်မှုဟာ စိတ်စေတနာရဲ့ အစအဦးဖြစ်တယ်လို့ ပြောတာ။

လူတွေမှာကြီးကျယ်တဲ့ စီမံကိန်းကြီးတွေ၊ ဇယားတွေရှိတတ်ကြတယ်။ ငါသာ ဝန်ကြီးချုပ်ဖြစ်ခဲ့ရင်၊ ငါသာ မူဆိုလီနီဖြစ်ခဲ့ရင်၊ ငါသာ လေကြောင်းဝန်ကြီးဖြစ်ခဲ့ရင် ဘယ်သို့ဘယ်ညာစသဖြင့် စိတ်ကူးတွေ အမျိုးမျိုးရှိတတ်ကြတယ်။ ကမ္ဘာမှာ ထာဝစဉ်ငြိမ်းချမ်းရေးရအောင် လုပ်မယ်ဆိုတဲ့ စီမံကိန်းကြီးရှိသလား။ ကလေးကစားရသလို လွယ်ပါတယ်။ သမ္မတဝီလ်ဆင်ဟာ ဒီလိုစီမံကိန်းကြီးကို ရေးဆွဲခဲ့ရာမှာ ယေဘုယျအားဖြင့် အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့် ဥရောပမှာ နှစ်နှစ်လောက် ငြိမ်းချမ်းရေးရအောင် ဒါမှမဟုတ် နှစ်လလောက် ငြိမ်းချမ်းရေးရအောင် လုပ်နိုင်ဖို့ဆိုတာကတော့ တကယ့်စူပါမင်းတွေမှ လုပ်နိုင်မယ့်အလုပ်မျိုးဖြစ်နေတယ်။ ဂါထေးက



'တွေးတောခြင်းသည်လွယ်၏။ လုပ်ဆောင်ခြင်းသည် ခက်၏။ တွေးတောခြင်းကို လုပ်ဆောင်ခြင်းအဖြစ်သို့ရောက်အောင် လုပ်ရန်ကား ကမ္ဘာတွင်အခက်ဆုံးဖြစ်ပေ၏' လို့ ပြောခဲ့ဖူးတယ်။ တော်စတွိုင်းကလည်း သဘောတရားဆိုခုကို အကောင်အထည် ဖော်ရခြင်းထက် ဒဿနကျမ်းအစောင်စောင် ရေးရခြင်းက ပို၍ လွယ်ကူပေ၏' လို့ ရေးခဲ့ဖူးတယ်။

အများအားဖြင့်တော့ ကျွန်ဟော်တို့ဘဝအတွက် အရေးကြီးတဲ့ ကာလကြောင်းတော်တော်များများမှာ ကျွန်တော်တို့ဟာ မြေပုံမရှိတဲ့ လုပ်ဆောင်မှုလောက်ပါကြီးထဲမှာ လမ်းစရှာနေကြရသူများသာ ဖြစ်တယ်။

ဒီလိုဆိုရင် တွေးခေါ်မှုအနုပညာဆိုတာ ဘယ်ရောက်သွားပြီလဲ။

စဉ်းစားသိမြင်တဲ့ တွေးခေါ်မှုဟာ မမှားနိုင်ကြောင်း၊ ဒါပေမယ့် အဲဒီ စဉ်းစားတွေးခေါ်မှု နယ်ပယ်ဟာလည်း အလွန်ကျဉ်းမြောင်းကြောင်းကို ကျွန်တော်တို့ ပြောခဲ့ပြီးပြီ။ လုပ်ဆောင်သူ (လက်ရုံးရည်သမား) ဟာ ပြဿနာရှုပ်ထွေးလာပြီဆိုရင် ပကတိစိတ်ရဲ့ သေချာတိကျမှုမျိုးကိုရအောင် ကြံစည်အားထုတ်လေ့ရှိတယ်။ တစ်နည်းပြောရရင် လက်ရုံးရည်သမားအဖို့ တွေးခေါ်မှုအနုပညာဆိုတာဟာ တွေးခေါ်မှုကို ပကတိစိတ်အရဖြစ်အောင် လုပ်တဲ့အတတ်ပညာဖြစ်တယ်။ ဒီနေရာမှာ လက်ရုံးရည်သမားဟာ ဆင်ခြင်တုံတရားကို လျှောင်ပြောင်အေးဖယ်ပစ်တယ်လို့ ကျွန်တော်တို့ ပြောလိုတာ မဟုတ်ဘူး။ သူဟာ သူလုပ်ချင်တာကို စဉ်းတော့စဉ်းစားရမယ်။ မျှော်ကြည့်ရမယ်။ တစ်နေ့မှာ သူဖြေရှင်းရမယ့် ကြုံတွေ့ရမယ့် ပြဿနာတွေကို ကြိုတင်မျှော်မှန်းရမယ်။ အချက်အလက်များစွာကို လေ့လာရမယ်။ စူးစမ်းလေ့လာမှုက ရရှိတဲ့ အချက်တွေပေါ်မှာ အခြေခံပြီး ဥပဒေသထုတ်ရမယ်။ ဒါပေမယ့် အဲဒီ စဉ်းစားချက်တွေ၊ အဲဒီစူးစမ်းလေ့လာမှုတွေ၊ အဲဒီ ဥပဒေသတွေကို သူ့ကိုယ်တွင်းမှာ သိမ်းဆည်းထားရမယ်။ တွေးခေါ်မှုဟာ နက်ရှိုင်းစွာ ထိုးဖောက်သွား သူဟာ အပြင်က လှုံ့ဆော်မှုကို ချက်ချင်းတုံ့ပြန်ရမယ်။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ကို ချမှတ်ရာမှာ လျင်မြန်စွာ ချမှတ်နိုင်လိမ့်မယ်။

လူနာတစ်ယောက်ကို ခေါ်လာတဲ့အခါမှာ သမားအိုကြီးတစ်ဦး ဘာလုပ်သလဲဆိုတာကို စဉ်းစားကြည့်ပါ။ သူတို့လိုသမားတော်တွေ လုပ်နေကျအတိုင်း စမ်းသပ်မှုတွေ လုပ်မယ်။ အဲဒီစမ်းသပ်မှုတွေဟာ သူ့ရဲ့သိစိတ်ထဲက တွေးခေါ်ဆင်ခြင်မှုကို အကူအညီပေးမယ်။ ဒါပေမယ့် လူနာပေါင်းများစွာကို ကုသခဲ့တဲ့ အတွေ့အကြုံက ရရှိခဲ့တဲ့ သူ့ပကတိစိတ်ဓာတ်ကတော့ သူ့ကို ရောဂါခွဲခြားမှုအတွက် ညွှန်ကြားနေတယ်။ လူနာတစ်ယောက်နဲ့ ပတ်သက်လို့ သူစဉ်းစားတာတွေ၊ သူစိုးရိမ်ကြောင့်ကြတာတွေ၊ သူ စိတ်ချလက်ချရှိတာတွေဟာ များပြားလွန်းလှတဲ့အတွက် ဒီအတွေးတွေ အားလုံးကို စကားလုံးနဲ့ ထောက်ပြဖို့ဆိုတာ အင်မတန်ကို ခက်ခဲသွားတယ်။ ထက်မြက်တဲ့ သမားပျိုတစ်ယောက်ရှေ့မှာတော့ အဲဒီ သမားအိုကြီးဟာ သိပ်နားလည်တတ်ကျွမ်းတယ်လို့ ထင်ရမှာမဟုတ်ဘူး။ ဒါပေမယ့် သူဟာ လူနာအကြောင်း ရောဂါအကြောင်းကို သိလိုက်ပြီ။ အမှားအယွင်းနည်းနည်းနဲ့ လုပ်နိုင်ပြီ။

စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်ဟာ စစ်မြေပြင်မှာ သမားရိုးကျ စဉ်းစားတွေးခေါ်မှုတွေကို လုပ်နေနိုင်တာ မဟုတ်ပါဘူး။ သမိုင်းနဲ့ ပတ်သက်တဲ့ သူ့အသိ၊ သူ့အတွေ့အကြုံ၊ သူရရှိထားတဲ့ သတင်းအချက်အလက်တွေကနေပြီး အဖြေဟာ ပေါ်ထွက်လာခဲ့တယ်။ ရှန်ပိမ်းတိုက်ပွဲမှာ မာရှယ်ပေတိန်းဟာ စစ်သူကြီးဝယ်လင်တန်ရဲ့ စစ်ပရိယာယ်တွေကို ထပ်မံကျင့်သုံးခဲ့တယ်။ စာရေးဆရာကြီး တစ်ယောက်ဟာ စာပုဒ်တစ်ပုဒ်ကို ထုတ်၊ နာမဝိသေသနတစ်ခုကိုဖြတ်၊ ဒါမှမဟုတ် ကြိယာတစ်လုံးကို အထားအသိုပြောင်းစတဲ့ နည်းများနဲ့ သူ့စာမူကို ပြန်လည်ပြင်ဆင်ခြင်းပြုတယ်။ ဒီလိုပြင်ဆင်တဲ့အတွက် စာဘယ်လောက်ကောင်းသွားသလဲလို့ ကျွန်တော်တို့ အနေနဲ့ ရှင်းပြလို့ရတယ်။ ဒါပေမယ့် စာရေးဆရာအဖို့တော့ ဒီလိုရှင်းပြစရာ မလိုဘူးလေ။ သူ့မှာ ရှေးစာရေးဆရာကြီးတွေရဲ့ စာပေဟန်များကို အပတ်တကုတ် နှစ်ရှည်လများ လေ့လာခဲ့ပြီးဖြစ်လေတော့ သူ့မှာ ဘာသာစကားနဲ့ ပတ်သက်တဲ့ ပကတိဉာဏ်ရှိနေပြီ။ 'အရေးကြီးသည်မှာ ရှာဖွေဖို့မဟုတ်။ ရှာဖွေ၍ရသမျှကို စိမ့်ဝင်အောင်လုပ်ရန်ဖြစ်၏။ အသိပညာဆိုသည်မှာ အခြားမဟုတ်။ ကိုယ်လိုအပ်လာသည့် အချိန်တွင် ရှင်းလင်းဖွင့်ဆိုချက်များ၊ တူညီချက်များကို ရှာမနေဘဲ စိတ်ထဲတွင် အလိုအလျောက် ရောက်လာသည့်အသိကို ဆိုလိုခြင်းဖြစ်ပေ၏' လို့ ဗာလေရီက ပြောခဲ့ဖူးတယ်။



လက်ရုံးရည်သမားတစ်ယောက်အဖို့ အဏုစကြဝဠာ (သို့မဟုတ် အလွှတ္တအတွင်းသန္တန်) ဟာ ပြင်ပကမ္ဘာလောကကြီးမှာ သူလုပ်ကိုင်ဆောင်ရွက်ရမယ့် အရာတွေ တည်ရှိတဲ့ ပြင်ပကမ္ဘာကြီးရဲ့ ပုံတူဖြစ်တယ်။ နိုင်ငံရေးခေါင်းဆောင်ဟာ သွားလာရာမှာ သူ့တိုင်းပြည်ကို သူနဲ့အတူ ယူဆောင်သွားတယ်။ လူထုရဲ့ တုံ့ပြန်ချက်ဟာ ဘယ်လိုရှိမယ်ဆိုတာကို သူ့လက်အောက်က လူတွေထက် ပိုသိတယ်။ သူ့တိုင်းပြည်က လူထုရဲ့ အကြောင်းကို သူသိတာဟာ၊ နားလည်တာဟာ စူးစမ်းလေ့လာမှု၊ ဖတ်ရှုမှတ်သားမှု၊ ပြန်လှန်စဉ်းစားမှု လူတန်းစား အသီးသီးနဲ့ ရင်းနှီးကျွမ်းဝင်မှုတို့က တစ်ဆင့် သိလာနားလည်လာခြင်းဖြစ်တယ်။ ဒီအသိတွေဟာ လျင်မြန်ပြီး တရားမျှတတဲ့ ဆုံးဖြတ်ချက်ထဲမှာ ပေါ်လာကြတယ်။ စုံစမ်းထောက်လှမ်းပေးသူမရှိတဲ့ နိုင်ငံရေးသမားများဟာ သတင်းစာတွေ၊ စာရင်းဇယားတွေ၊ ကော်မီတီတွေနဲ့ ညှိနှိုင်းတိုင်ပင်ရတယ်။ ဒါပေမယ့် သူတို့ကိုချည်း အားကိုးနေရင် အမှားကိုတွေ့နိုင်တယ်။ သတင်းအချက်အလက်ကို သိတာဟာ ပြုစုမွေးမြူမှုမဟုတ်ဘူး။ တကယ်စစ်မှန်တဲ့ ပညာတတ်တစ်ယောက်ရဲ့ စိတ်ထဲမှာ အချက်အလက်တွေကို စုစည်းသုတယ်။ အဲဒီ အချက်အလက်တွေဟာ အစစ်အမှန် ကမ္ဘာလောကကြီးရဲ့ ချုပ်ပုံထဲမှာလာပြီး ရောင်ပြန်ဟပ်တဲ့ သက်ရှိကမ္ဘာလောကကြီးဖြစ်တယ်။ စာရင်းအင်းဗေဒ ပါရဂူတစ်ဦးဟာ ကမ္ဘာလောကကြီးကို ဖြတ်တောက်ပြီး သတ်ဖြတ်ပစ်တယ်။ ကဗျာဆရာကတော့ ကမ္ဘာလောကတစ်ခုကို ပုံသွန်းပြီး အသက်ဝင်အောင် လုပ်ပေးတယ်။ လက်ရုံးရည်သမား (လုပ်ဆောင်သူ)ဟာ ဥယ်စုံကျမ်းဂန်တတ်မြောက်သူထက် ကဗျာဆရာနဲ့ ပိုနီးစပ်တယ်။

ထင်ရှားကျော်ကြားတဲ့ စကားအဆိုအမိန့်တွေရှိတယ်။ လူဟာ သူသိထားတာထက် ပိုပြီး ခွန်အားကောင်းတယ်တဲ့။ ယုံကြည်ခြင်းဟာ သိနားလည်ခြင်းထက် အရင်ကျတယ်တဲ့။ အဲဒီ အဆိုအမိန့်တွေဟာ ဘယ်လောက်လေးနက်သလဲဆိုတာ ခုလောက်ဆိုရင် နားလည်လောက်ပြီပေါ့။ ကျွန်တော်တို့ဟာ မသိခင်မှာ ယုံကြည်မှုရှိရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ဟာ အသိထက် အရင်ကျလို့ပဲ။ တွေးခေါ်မှု (အနုပညာ) ဟာ ယုံကြည်မှုအနုပညာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခု ကျွန်တော်တို့ ရောက်နေတဲ့ ယဉ်ကျေးမှု အဆင့်မှာ ဘယ်လူသားမှ ကိုယ်ပိုင်ယုံကြည်ချက်နဲ့ အများယုံကြည်ချက်တို့ နောက်ထပ်စစ်ဆေးကြည့်နိုင်ခြင်း မရှိသေးလို့ပဲ။ မှတ်ကျောက်တင်မကြည့် နိုင်သေးလို့ပဲ။ မိမိရဲ့ ထင်မြင်ချက်ဟူသမျှကို လုံးဝပြောင်းလဲပစ်ဖို့ ကိစ္စဟာ စိတ်ဓာတ်ဆိုင်ရာ အာရုံပြောင်းလွှဲမှု တစ်ခုဖြစ်ပြီး အဲဒီလို ပြောင်းလွှဲအောင် လုပ်ဖို့ဆိုတာ အချိန်အများကြီး လိုတယ်။ လက်ရှိရည်သမားဘဝနဲ့ချည်း နေထိုင်ဖို့ဆိုရင် လူဟာ ရှေးအစဉ်အဆက်က လိုအပ်တယ်လို့ ယူဆ အသိ အမှတ်ပြုထားခဲ့ကြတဲ့ စာရိတ္တဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ နိယာမတွေ၊ ဥပဒေသတွေ အများစုကို လက်ခံရပေလိမ့်မယ်။

ကျွန်တော်တို့ရဲ့ စိတ်ဓာတ်မှာ အထပ်ထပ် ရစ်ပတ်ထားတဲ့ အလွှာ တွေရှိတယ်။ ပထမအလွှာမှာ ရှေးခေတ်ဦးလူသားတွေရဲ့ ယုံကြည်မှုတွေ နောက်တော့ အာရှ၊ ဂရိ၊ ရောမ၊ အီဂျစ်ဘာသာရေးယုံကြည်မှုတွေ။ အထူထပ် ဆုံး အလွှာကတော့ ခရစ်ယာန်ဘာသာတရားဖြစ်ပြီး အပေါ်ယံဆုံး အလွှာက တော့ စကြဝဠာကြီးတည်ဆောက်ပုံနဲ့ ပတ်သက်တဲ့ ခေတ်သစ် အယူအဆတွေ ပဲ။ ကျွန်တော်တို့ တစ်တွေဟာ အဲဒီအရာတွေနဲ့ ဖွဲ့စည်းထားခြင်းဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အနုပညာလက်ရာတွေ၊ ကျွန်တော်တို့ရဲ့ အထိမ်းအမှတ်ရုပ်တု တွေ၊ ကျွန်တော်တို့ရဲ့ အခမ်းအနားတွေ၊ ကျွန်တော်တို့ရဲ့ အတွေးတွေဟာ အဲဒီ အရာတွေနဲ့ ဖွဲ့စည်းထားခြင်းဖြစ်တယ်။ လူဟာ မိမိခန္ဓာကိုယ်နဲ့ ကင်း ကွာအောင် လုပ်လို့မရသလို ကျွန်တော်တို့ဟာ အတိတ်နဲ့ကင်းကွာအောင် လုပ်လို့လည်း မရဘူး။ ခိုင်မာတဲ့ တွေးခေါ်မှုဆိုတာ အခြားမဟုတ်ဘူး ပကတိစိတ်ရဲ့ အတွင်းလွှာထဲမှာ နက်ရှိုင်းစွာ တည်ရှိနေတဲ့ အရာဖြစ်တယ်။ တွေးခေါ်မှုဟာ ယုတ္တိဗေဒရဲ့ နိယာမတွေကို လိုက်နာရတယ်။ ယုတ္တိဗေဒရဲ့ နိယာမတွေဟာ တွေးခေါ်မှုဆိုင်ရာ ဥပဒေသတွေပဲ။

တကယ်လို့ ကျွန်တော်ဟာ သဘောတရားရေးဆိုင်ရာ တွေးခေါ်မှုနဲ့ တက်ကြွ ဂုဏ်အလုပ်ဆိုင်ရာ တွေးခေါ်မှုကို ခွဲခြားပြရမယ်ဆိုရင် အောက်ပါ နှိုင်းယှဉ်ချက်ကို အသုံးပြုပြီး ပြောချင်တယ်။

စစ်ပွဲတစ်ပွဲမှာ လေတပ်နဲ့ ခြေလျင်တပ်တို့ဟာ ပူးပေါင်းတိုက်ရ တယ်။ လေယာဉ်ပျံက ရန်သူနယ်မြေထဲကို ဝင်ပြီး ကင်းထောက်တယ်။



လေ့လာရတယ်။ ရန်သူရဲ့ စစ်ကြောင်းနဲ့ပတ်သက်လို့ ဖြစ်နိုင်စရာရှိတဲ့ ခန့်မှန်း ချက်တွေကို လုပ်ရတယ်။ ခြေလျင်တပ် ချီတက်တိုက်ခိုက်လို့ ရနိုင်တဲ့ နေရာ တွေကို အချက်ပြပေးပို့ရတယ်။ ဒါပေမယ့် လေယာဉ်ဟာ နယ်မြေကို မသိမ်း ပိုက်နိုင်ဘူး။ ခြေလျင်တပ်က တကယ်ချီတက်တိုက်ခိုက်တဲ့နေရာမှာ လေ ယာဉ်က မှားယွင်းတွက်ချက်မိတဲ့အတွက် ခြေလျင်တပ်က ချီတက်တိုက်ခိုက် တဲ့အခါမှာ အခက်အခဲတွေကို တွေ့နိုင်တယ်။ တစ်ခါ ခြေလျင်တပ်ကလည်း ရန်သူရဲ့ အတားအဆီး၊ အပိတ်အဆို့တွေကို မကျော်လွှားနိုင်ဘူး။ ဒီအခါမှာ အတားအဆီးတွေကို ဖျက်ဆီးရတယ်။ တိုက်ဖျက်ရတယ်။ အဲဒီအခါမှာ လေယာဉ်က လေကြောင်းကထင်ထားခဲ့တာထက် မြေပြင်မှာ ပိုပြီးအန္တရာယ် ကြီးနိုင်တယ်။ ခြေလျင်တပ်ဟာ ရန်သူစစ်ကြောင်းကြားမှာ ပိတ်မိနေပြီ၊ အဝိုင်းခံနေရပြီဆိုရင် လေယာဉ်ရဲ့အခန်းဟာ အကျိုးမဲ့ အချည်းနှီးဖြစ်တဲ့ ရှေ့ချီတက်မှုကို လုပ်ဖို့မဟုတ်တော့ဘူး။ ခြေလျင်တပ်နဲ့ အဆက်အသွယ်လုပ် ဖို့ဖြစ်တယ်။ မှားယွင်းတဲ့ ကိုယ့်ခန့်မှန်းလေ့လာချက်ကို သဘောပေါက်ဖို့ ဖြစ်တယ်။ ဘယ်လိုအကူအညီပေးမလဲဆိုတာ နည်းလမ်းရှာဖွေဖို့ ဖြစ်တယ်။ အဲဒီအခါမှာ လေယာဉ်ဟာ ရှေ့ကို နောက်တစ်ခေါက်သွားပြီး ကင်းထောက်ရ မယ်။ မြေပြင်က လက်တွေ့ဆောင်ရွက်သူနဲ့ ဝေဟင်က စူးစမ်းလေ့လာသူတို့ အစဉ်အမြဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နောက်ဆုံးမှာ အောင်ပွဲကိုရနိုင် တယ်။

ဒီတော့ ထုံးတမ်းဓလေ့တွေ၊ စူးစမ်းလေ့လာမှုတွေနဲ့ သိမ်းပိုက်ခံထား ရတဲ့ နယ်ကို ကျော်ပြီး မိမိ လုံးဝကျွမ်းကျင်ခြင်းမရှိသေးတဲ့ နယ်မြေထဲကို ဆင်ခြင်တုံတရား သက်သက်ဟာ သွားရောက်လေ့လာနိုင်တယ်။ စူးစမ်းနိုင် တယ်။ ဒီအတိုင်းလည်းလုပ်ရမယ်။ ဆင်ခြင်တုံတရားဟာ ကိုယ်တွေ့ခဲ့တယ် လို့ ထင်တဲ့အရာတွေကို ဖော်ပြနိုင်တယ်။ အဓိပ္ပာယ်ကောက်နိုင်တယ်၊ အချက်ပြနိုင်တယ်။ အဲဒီနောက်မှာ အလုပ် (ခြေလျင်တပ်) လိုက်ပါလာတယ်။ တွေးခေါ်မှုကြောင့် ရရှိလာတဲ့ စီမံကိန်းများနဲ့အညီ နယ်မြေစိမ်းများ[illegible] သိမ်းပိုက်ဖို့ ကြိုးစားနိုင်တယ်။ တစ်ခါတစ်ရံမှာ အောင်မြင်တယ်၊ [illegible] အားဖြင့်တော့ တပ်လန်လာခဲ့တာများတယ်။ ဒီတော့ တွေးခေါ်မှုတ[illegible] အများကို ဝန်ခံရတယ်။ အစစ်အမှန်နဲ့ ထိတွေ့ရတယ်။ [illegible]

www.burmeseclassic.com

ခြယ်ထားတဲ့ မှားယွင်းတဲ့ အယူအဆတွေကို စွန့်လွှတ်ရတယ်။ ခန့်မှန်းချက် အသင်တွေကို ပြုလုပ်ရတယ်။

ဒီတော့ ဆင်ခြင်တုံတရား၊ စမ်းသပ်မှုနဲ့ အလုပ်တို့ကို အမြဲတစေ ပေါင်းစပ်ပေးနိုင်မှသာလျှင် ကျွန်တော်တို့ဟာ အောင်မြင်မှုကို ရနိုင်တယ်။ ဒါပေမဲ့ ထာဝရအောင်ပွဲမဟုတ်သေးဘူး။ (ထာဝရအောင်ပွဲဆိုတာက လည်း လောကမှာ မရှိဘဲကိုး) ယာယီအောင်ပွဲသာဖြစ်တယ်။ ယဉ်ကျေးမှု လို့ခေါ်တဲ့ သိမ်မွေ့ပါးလွှာတဲ့ အကာအကွယ်အောက်မှာ ခဏတဖြုတ် နား ချိန်ကလေးသာ ဖြစ်တယ်။ ကျွန်တော်တို့ စိတ်ထဲမှာ စကြဝဠာကြီးရဲ့ မြေပုံ ကိုဆွဲပြီး ရွေးချယ်ထားတဲ့ ဆိပ်ကမ်းတွေကို ရောက်အောင်သွားနိုင်သလား။ 'လူ့ရဲ့တွေးခေါ်မှုဟာ စကြဝဠာကြီးတစ်ခုလုံးရဲ့ မြေပုံကို ဆွဲခြင်းငှာ မတတ် နိုင်' လို့ပဲ ကျွန်တော်ဖြေချင်တယ်။ လူ၏ စိတ်သည် ဝေးကွာပြီး ဒဏ္ဍာရီဆန် တဲ့ ယူတိုးပီးယားကမ်းခြေကို ရောက်မယ်လို့ မမျှော်လင့်နိုင်ဘူးလို့ပဲ ကျွန် တော်ဖြေချင်တယ်။ ရေကြောင်းသွားလာမှုဟာ ရှေးဘိုးဘွားတို့ထံမှ ရရှိခဲ့တဲ့ အသိပညာကို အသုံးချပြီး ကြယ်တာရာများ၊ ဒီရေအတက် အကျများ၊ လေ ကြောင်းများကို လေ့လာခြင်းဖြင့် အောက်ယန့်ပင်လယ်ပေါင်း မြောက်မြား စွာမှာ သင်္ဘောပျက်လိုက်၊ နောက်တစ်ခါ သင်္ဘောပျက်လိုက်နဲ့ သွားရသလို ကျွန်တော်တို့ဟာလည်း ဒီအတိုင်းပဲ ရဲရဲခရီးဆက်နိုင်တယ်လို့တော့ ကျွန် တော်ပြောချင်ပါတယ်။ နတ်ဘုရားများဆီက အမြော်အမြင်ရှိတဲ့ ယူလီဆီး တောင်းခံတဲ့ အရာဟာလည်း ဒီလောက်ပါပဲ။

□□□

# အလုပ်လုပ်ခြင်းအနုပညာ

www.burmeseclassic.com

"အလုပ်လုပ်သည်" ဆိုတဲ့ ကြိယာပုဒ်ရဲ့ အဓိပ္ပာယ်က ဘာလဲ။ လစ်ဖရေးရဲ့ အဘိဓာန်မှာတော့ ဒီလိုအနက်ဖွင့်ထားတယ်။ 'ကိစ္စတစ်ခုပြီးစီးအောင်မြင်နိုင်ရန်အတွက် ဒုက္ခခံရသည်' တဲ့။ ကျွန်တော်တို့အဖို့တော့ အဲဒီအနက်ဖွင့်ချက်ဟာ သိပ်မပြည့်စုံဘူးလို့ထင်တယ်။ ကောင်းပြီ။ ဒီလိုဆိုရင် တချို့အလုပ်တွေဟာ သုခမရှိဘူးလား။ ပျော်စရာမကောင်းဘူးလား။ ဒီတော့ အဘိဓာန်ကို ခဏပိတ်ထားပြီး တခြားဥပမာတွေကို ကျွန်တော်တို့ ကြည့်ကြမယ်။

ဖန်မှုတ်သမားတစ်ယောက် အလုပ်လုပ်တယ်။ သူဘာလုပ်သလဲ။ သူ့ကို ပုံသဏ္ဌာန်မဲ့တဲ့ ဖန်တုံးကြီးတစ်ခုပေးလိုက်တယ်။ အဲဒီ ဖန်တုံးကြီးကို အသုံးကျတဲ့ ပစ္စည်းတစ်ခုဖြစ်အောင် သူပုံသွင်းယူတယ်။ သတ္တုတူးဖော်တဲ့ အလုပ်သမားတစ်ယောက်ဟာ ဘာလုပ်သလဲ။ မြေကြီးထဲကနေပြီး ကျောက်မီးသွေးတို့၊ သံတို့ကို တူးဖော်ပြီး စက်ရုံကိုပို့လိုက်တယ်။ စက်ရုံက အဲဒီပစ္စည်းတွေကိုသုံးပြီး စွမ်းအင်၊ အပူနဲ့ ပစ္စည်းကိရိယာတွေအဖြစ် ပြောင်းလဲလိုက်တယ်။ လယ်သမားဟာ ဘာလုပ်သလဲ။ မြေကြီးတွေကို ထွန်ယက်တယ်။ ပြင်ဆင်တယ်။ မျိုးစေ့များနဲ့ စိုက်ပျိုးတယ်။ ဝတ္ထုရေးဆရာဟာ ဘာလုပ်သလဲ။ သူတွေကိုတွေ့မြင်ရာက ရလာတဲ့ အချက်တွေကို ဇာတ်လမ်းတစ်ခု အဖြစ် ဖန်တီးတယ်။ သူဟာ ဖန်မှုတ်သူတစ်ဦးလိုပဲ ပုံသဏ္ဌာန်မဲ့တဲ့ အချက်အလက်ကနေပြီး အနုပညာတစ်ရပ်ကို ဖန်တီးထုတ်လုပ်တယ်။ ကျောင်းသားဟာ ဘာလုပ်သလဲ။ မိမိရှေ့က သွားနှင့်သူများ ရရှိခဲ့တဲ့ အသိပညာကို ပိုင်ဆိုင်အောင် ကြိုးစားတယ်။ သူ့စိတ်ကို စီစဉ်တကျဖြစ်အောင် လုပ်တယ်။ သူဟာ သူ့ကိုယ်သူ ပြုလုပ်တယ်။ ဒီတော့ အလုပ်လုပ်တယ်ဆိုတာ အရာဝတ္ထုတွေ ဒါမှမဟုတ် သတ္တဝါတွေကို မိမိတို့အတွက် ပိုပြီး အသုံးကျအောင်၊ ပိုပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ပြောင်းလဲပစ်တာလို့ အဓိပ္ပာယ်ရတယ်။ အဲဒီလို အသွင်ပြောင်းလဲမှုတို့ စိုးမိုးနေတဲ့ ဥပဒေသများကို လေ့လာခြင်း၊ ချမှတ်ခြင်း၊ ဖွဲ့စည်းခြင်း ထင်ဟပ်ကျင့်သုံးခြင်းလို့လည်း အဓိပ္ပာယ်ရတယ်။

❑❑

လူ့ရဲ့ အလုပ်ဟာ များလည်းများတယ်။ ထွေပြားလည်း ထွေပြားတယ်။ ဒါပေမယ့် အလုပ်သမားအားလုံးနဲ့ သက်ဆိုင်တဲ့ လိုက်နာအပ်တဲ့ ဆောင်ပုဒ်အချို့တော့ရှိတယ်။ လူတစ်ယောက်ဟာ များပြားလှတဲ့ အလုပ်အကိုင်တွေကြားထဲက ဖြစ်နိုင်တဲ့ အလုပ်တစ်ခုကိုတော့ ရွေးရမှာပဲ။ လူ့ရဲ့ စွမ်းအားနဲ့ အသိဉာဏ်ဟာ အကန့်အသတ်ရှိတယ်။ အရာအားလုံးကို လုပ်ချင်နေတဲ့ လူတစ်ယောက်ဟာ ဘာကိုမှ လုပ်ဖြစ်မှာမဟုတ်ဘူး။ အရည်အချင်းရယ်လို့ ဘာမှ ဆုပ်ဆုပ်ကိုင်ကိုင် မရှိတဲ့ သူတွေပြောလေ့ရှိသလိုပေါ့။ 'ကျုပ်သာ ဂီတပညာရှင်ကြီးတစ်ယောက်လုပ်ရင် ကျုပ်လည်းဖြစ်နိုင်ပါတယ်' ဆိုတာတို့၊ 'စီးပွားရေးလုပ်ငန်းဆိုတာ လွယ်လွယ်လေးပါ' ဆိုတာတို့၊ 'ကျွန်တော်သာ နိုင်ငံရေးလုပ်လိုက်ရင် သိပ်အောင်မြင်နိုင်တာပေါ့' ဆိုတာတို့ကို မကြာခဏ ကြားဖူးကြမှာပဲ။ ဒီလို ပြောတဲ့လူဟာ ဂီတဆရာလည်း ပေါက်ပေါက်မြောက်မြောက် ဖြစ်တာမဟုတ်ဘူး။ စီးပွားရေးလုပ်ရင်လည်း ရှုံးမှာပဲ။ နိုင်ငံရေးသမားလုပ်ရင်လည်း ဖြစ်မှာမဟုတ်ဘူး။ စစ်တိုက်တဲ့ အတတ်ပညာဆိုတာ မိမိကိုယ်မိမိ အချက်တစ်ချက်မှာ အင်အားအကြီးဆုံးဖြစ်အောင် လုပ်တဲ့ အတတ်ပညာလို့ နပိုလီယံက ပြောဖူးတယ်။ ဘဝမှာလည်း ဒီအတိုင်းပဲ။ ကျွန်တော်တို့ ဘဝမှာတိုက်ခိုက်ရမယ့် နေရာတစ်ခု၊ အချက်တစ်ခုကို ရွေးပြီး အဲဒီမှာ ကိုယ့်ရှိသမျှ အင်အားတွေကို စုစည်းရမယ်။ အလုပ်အကိုင်က *ကိုယ့်ကို ရွေးချယ်တာမဖြစ်စေဘဲ ကိုယ်က အလုပ်အကိုင်ကို ရွေးတာဖြစ်ရ*မယ်။ ငါဟာ ဘယ်လိုအလုပ်မျိုးနဲ့ သင့်တော်သလဲ၊ ငါ့ရဲ့ပင်ကိုယ်အရည်အချင်းတွေက ဘာတွေလဲ။ ဒီမေးခွန်းတွေကို ကိုယ့်ဘာသာ ပြန်မေးရမယ်။ မဖြစ်နိုင်တာကို အတင်းလုပ်နေလို့ အချည်းနှီးပဲ။ ကိုယ့်မှာ သတ္တိကောင်းတဲ့



သားတစ်ယောက်ရှိရင် သူ့ကို ရုံးဌာနမှူးတစ်ယောက် လုပ်ခိုင်းတာထက် လေယာဉ်မှူးလုပ်ခိုင်းတာက ပိုကောင်းတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ အဲဒီလိုလမ်းကို ရွေးချယ်ပြီးရင်တော့ ကြီးကျယ်တဲ့ထိခိုက်မှုမျိုးမရှိဘဲ ဘယ်တော့မှ နောင်တရခြင်း မဖြစ်ပါနဲ့။

ရွေးချယ်ပြီးဖြစ်တဲ့ အလုပ်အကိုင်ထဲမှာကိုပဲ ထပ်ပြီး ရွေးစရာလမ်းတွေ ကျန်သေးတယ်။ စာရေးဆရာ တစ်ယောက်ဟာ ဝတ္ထုအမျိုးအစားတိုင်းကို မရေးနိုင်ဘူး။ နိုင်ငံခေါင်းဆောင် တစ်ယောက်ဟာ ဝန်ကြီးဌာနတိုင်းကို ပြောင်းလဲအောင် မပြုပြင်နိုင်ဘူး။ ခရီးသည်တစ်ယောက်ဟာ တိုင်းပြည်တိုင်းကို ရောက်အောင် မသွားနိုင်ဘူး။ ဒီမှာလည်း ကိုယ်နဲ့ကိုက်ညီခြင်းမရှိတဲ့ ငံမကိန်းတွေကို ချမှတ်လိုတဲ့စိတ်ဆန္ဒကို ချိုးနှိမ်ပစ်ရမယ်။ ချုပ်တည်းထားရမယ်။ ဘယ်လမ်းကို သွားမလဲဆိုတာ ရွေးဖို့အတွက် လိုအပ်တဲ့ အချိန်ကိုယူပါ။ ဒါပေမယ့် ဒီထက်မပိုပါစေနဲ့။ စစ်ဗိုလ်တစ်ယောက်ဟာ ကွပ်ကဲမှုရဲ့ ရလာဒ်တွေကို စဉ်းစားပြီးတဲ့နောက်မှာ သူ့စိတ်ထဲမှာ မပြတ်မသားဖြစ်နေတာကို အဆုံးသတ်ပြီး ဆက်လုပ်ဖို့ အမိန့်ကို ပေးတတ်ရတယ်။ ကိုယ့်မှာလည်း ဒီအတိုင်းပဲ။ ကိုယ့်ရင်ထဲက ပြန်မေးနေတဲ့ မေးခွန်းတွေကို လိုအပ်တဲ့ အချိန်မှာ ရပ်ဆိုင်းပစ်လိုက်ပါ။ နောက်နှစ်ကျရင် ငါဘာလုပ်ရမလဲ။ ငါ ဒီစာမေးပွဲကို ဝင်ဖြေရမလား။ ဒါမှမဟုတ် ဟိုစာမေးပွဲကို ဝင်ဖြေရမလား။ ဒါမှမဟုတ် နိုင်ငံခြားကိုပဲ ထွက်သွားရမလား။ ဒါမှမဟုတ် စက်ရုံမှာပဲ ဝင်လုပ်ရမလား။ ဒီမေးခွန်းတွေကိုတော့ အပြန်ပြန်အလှန်လှန် မေးပြီး အပြန်ပြန်အလှန်လှန် စဉ်းစားရမှာပဲ။ ဒါပေမယ့် တစ်စုံတစ်ခုသော အချိန်ကို ရောက်လာရင်တော့ ဆုံးဖြတ်ချက်တစ်ခုကို ချရလိမ့်မယ်။ ဆုံးဖြတ်ချက်ချပြီးရင်တော့ နောင်တမရပါနဲ့။ မပြောင်းပါနဲ့။

ကိုယ်ရွေးချယ်ပြီးဖြစ်တဲ့ အလုပ်အကိုင်ကို အောင်မြင်စေဖို့အတွက် အခါအားလျော်စွာ အလုပ်ဇယားတစ်ခုကို ချထားရင် ကောင်းတယ်။ လာလေသာဆယ်လုပ်ရမယ့် ရေတိုရည်မှန်းချက်နဲ့ ရေရှည်ရည်မှန်းချက်တို့ကို ခွဲခြားရမယ်။ နောင် လပေါင်းများစွာ၊ သို့မဟုတ် နှစ်ပေါင်းများစွာကြာသို့ အဲဒီအလုပ်ဇယားကို ပြန်ကြည့်တဲ့အခါမှာ ကိုယ့်ရဲ့စွမ်းရည်နဲ့ ကိုက်ညီခဲ့တန်သတ်ချက်တွေကို သိလာလိမ့်မယ်။ ချက်ချင်းလုပ်ရမယ့် အလုပ်ဇယားတို

www.burmeseclassic.com

www.burmeseclassic.com



သတ်သတ်ခွဲထားပြီး အဲဒီ အလုပ်အပေါ်မှာ အာရုံစူးစိုက်ရမယ်။ ကိုယ်လုပ်နေတဲ့ အလုပ်ကို တကယ်လုပ်ရမယ်။ အဲဒီ အလုပ်ပေါ်မှာ စိတ်ကို နှစ်မြှုပ်ထားရမယ်။ ပန်းတိုင်ကို ရောက်အောက် ကာယကံ၊ မနောကံအားထုတ်မယ်။ ပန်းတိုင်ရောက်တဲ့ အခါမှာ ကိုယ်လာခဲ့တဲ့ လမ်းအတိုင်း ပြန်ချင်ရင် ပြန်နိုင်တယ်။ ကိုယ့်လမ်းမှာ တွေ့ခဲ့တဲ့ အတားအဆီး၊ အနှောင့်အယှက်တွေကို စူးစမ်းကြည့်ရမယ်။ လမ်းတစ်လျှောက်ကို ပြန်မျှော်ကြည့်ရမယ်။ ဒါပေမယ့် ပန်းတိုင်မရောက်မချင်းတော့ နောက်ပြန်မကြည့်ပါနဲ့။ ဘေးကို ချော်မသွားပါနဲ့။

အညာလွယ်တဲ့သူ၊ စိတ်သဘောကောင်းတဲ့ သူများဟာ အရာရာကို စိတ်ဝင်စားတတ်တယ်။ မိမိတို့အလုပ်ကို အောင်မြင်ခဲ့သူများ၊ မိမိတို့ လုပ်ငန်းကို ပြီးစီးအောင် လုပ်ခဲ့သူများကတော့ ကာလအတိုင်းအတာ တစ်ခုမှာ အရာတစ်ခုကိုပဲ စိတ်ဝင်စားသူတွေ ဖြစ်လေ့ရှိတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ အဲဒီလိုလူတွေဟာ 'တစ်ချောင်းတည်းသောစိတ်' ကို ပိုင်ဆိုင်သူများဖြစ်တယ်လို့ ပြောလေ့ရှိကြတယ်။ သူတို့ရဲ့ ဇွဲနဘဲ၊ သူတို့ရဲ့ အာရုံစူးစိုက်မှုဟာ တစ်ခါတစ်ရံမှာ ငြီးငွေ့စရာကောင်းသည့်တိုင် အပြန်ပြန် အခါခါ တိုက်ခိုက်ခြင်း၊ ထပ်ခါထပ်ခါ ပြုလုပ်ခြင်းဖြင့် သူတို့ တိုးတက်မှုမှာ အတားအဆီးဖြစ်နေတဲ့ အရာတွေကို ဖယ်ရှားနိုင်ခဲ့ကြတယ်။

အလုပ်တစ်ခုကို လုပ်ရင် ကိုယ်လုပ်တဲ့အလုပ်ဟာ အောင်မြင်ရမယ်လို့ ယုံကြည်ရမယ်။ ရည်မှန်းချက်တစ်ခုကို မှန်ကန်စွာ ရွေးချယ်မိပြီဆိုရင် ကိုယ့်ရဲ့စွမ်းပကားတွေဟာ ထက်သန်လာပြီး ရှေ့မှာရှိတဲ့ အတားအဆီးတွေကို အောင်မြင်အောင် လုပ်ပေးလိမ့်မယ်။ လက်တွေ့လုပ်လို့မရတဲ့ အောင်မြင်နိုင်စရာမရှိတဲ့ ရည်မှန်းချက်တွေကို ထားတာဟာ အချည်းနှီးအကျိုးမဲ့လည်းဖြစ်တယ်။ အန္တရာယ်လည်း များတယ်။ ရှုံးနိမ့်မှုဟာ မိမိကိုယ်ကို ယုံကြည်မှုနဲ့ ခွန်အားသတ္တိတို့ကို ပျက်စီးစေတယ်။ ဆရာကြီးဂါထေးဟာ လူငယ်ကဗျာဆရာတွေကို၊ မဟာကဗျာကြီးတွေကို ရေးဖို့ ကြိုးစားမယ့်အစား လက်ဝတိုကလေးတွေ၊ ကဗျာတိုကလေးတွေကိုရေးဖို့ အကြံပေးလေ့ရှိတယ်။ ကျွန်တော်တို့ တစ်တွေဟာ အခိုင်ထဲမှာရှိတဲ့ အကောင်းဆုံးစပျစ်သီးကို စားရမယ်လို့ ဆင်မျှုယယ်ဘတ်တလာက ပြောလေ့ရှိတယ်။ ခက်ခဲနက်နဲတဲ့ ကျမ်းကြီးကျမ်း



ိင်တစ်စောင်ကိုရေးရင် အလွယ်ဆုံး၊ အရှင်းဆုံးအပိုင်းက ရေးရမယ်ဆိုတဲ့ သဘောဟာ တော်တော်ယုတ္တိရှိတဲ့ အတွေးပဲ။ တစ်ချီတည်းနဲ့ ပြီးအောင် မလုပ်နိုင်တဲ့ ရေရှည်လုပ်ငန်းကြီးတစ်ခုကို တစ်ပိုင်းစီ တစ်ဆင့်စီ ခွဲလုပ်ရလိမ့် မယ်။ ဒီလို တစ်ဆင့်စီ တစ်ပိုင်းစီ လုပ်တဲ့အခါမှာ ရှိသမျှ ကိုယ်စွမ်း ဉာဏ်စွမ်း အားကို အကုန်ထည့်သုံးရမယ်။ အဲဒီ အဆင့်ကနေကျော်ပြီး ရှေ့အဆင့်ကို လှမ်းမကြည့်ပါနဲ့။

တောင်တက်သမားဟာ အထက်ကိုလည်းမကြည့်၊ အောက်ကိုလည်း မကြည့်ဘဲ ရေခဲတုံးပေါ်ကို လှမ်းတက်တဲ့ ကိုယ့်ခြေလှမ်း တစ်လှမ်းကိုသာ ကြည့်သလို ကျင့်ရမယ်။ အထက်ကို မျှော်ကြည့်ရင် ရောက်နိုင်ခဲလှချည့်ဆိုပြီး စိတ်ဓာတ်ကျသွားနိုင်တယ်။ အောက်ကိုငုံ့ကြည့်ရင် နက်ရှိုင်းတဲ့ ကမ္ဘားကြီးကို မြင်လို့ကြောက်လန့်သွားနိုင်တယ်။

တိုင်းပြည်တစ်ပြည်ရဲ့ သမိုင်းကို ရေးရတဲ့ကိစ္စဟာ ရုတ်တရက် ကြည့်လိုက်ရင် လူလွန်မသားတွေသာ တတ်နိုင်တဲ့အလုပ်လို့ ထင်ရတယ်။ ဒါတော့ သမိုင်းကို ခေတ်တွေနဲ့ ပိုင်းခြားကြည့်လိုက်ပါ။ ကိုယ်အကျွမ်းကျင်ဆုံး ဖြစ်တဲ့ခေတ်ကို အရင်စပြီးရေးပါ။ ပြီးတော့မှ တခြားခေတ်တွေကို ကိုင်တွယ် ပါ။ တစ်နေ့မှာ ကိုယ့်ရဲ့ကြိုးပမ်းအားထုတ်မှုတွေဟာ အဆုံးတိုင်ခရီးရောက်ခဲ့ ပြီဆိုတာကို တအံ့တသြတွေ့ရပါလိမ့်မယ်။ ကိုယ်တက်ခဲ့တဲ့ ရေခဲတောင် ထိပ်ကြီးပေါ်ကရပ်ပြီး တအံ့တသြမြင်ရပါလိမ့်မယ်။ စမ်းသပ်မှုပေါင်းများစွာ ကို လုပ်ပြီးတဲ့နောက်မှာ ကိုယ့်နှလုံးသားဟာ သတ္တိကောင်းလာပြီး အသက်ရှူ နှုန်းဟာလည်း ပိုပြီး မှန်လာပါလိမ့်မယ်။ စာအုပ်ပေါင်းများစွာကို ရေးခဲ့တဲ့ စာရေးဆရာတစ်ယောက်ဟာ သူ စတင်ရေးနေတဲ့ စာအုပ်တစ်အုပ်ကိုတော့ အပြီးသတ်အောင် ရေးနိုင်တယ်လို့ ယုံကြည်ပြီးသားပဲ။ သူဟာ မာတင်ဒူးဝော် ဒဲ၊ ဂျဟာမဲလို၊ ဂျူးလ်ရိုမိန်းလို တောင်လိုပုံနေတဲ့ စာအုပ်ပုံကြီးပေါ်ကို တက်ရဲတဲ့ သတ္တိရှိလာလိမ့်မယ်။ တစ်နေ့မှာ သူဟာ အဲဒီ တောင်ထွတ်ပေါ်ကို ရောက်သွားမှာလည်း မြေကြီးလက်ခတ်မလွဲဖြစ်ပါတယ်။

လိုင်ယာတေဟာ မော်ရိုကိုနိုင်ငံကို ရောက်လာခဲ့တုန်းက ပျက်စီးနေတဲ့ တိုင်းပြည်ကို တွေ့ရတယ်။ အဲဒီတိုင်းပြည်မှာ ... လည်း မရှိဘူး။ စစ်တပ်လည်းမရှိဘူး။ တခြားသူတွေက တိုင်းပြည်မှာ ငြိမ်သ

www.burmeseclassic.com



ပြားမှုမရှိလို့ စိတ်ပျက်လက်ပျက် ဖြစ်နေချိန်မှာ သူအုပ်ချုပ်ရတဲ့ မြို့တွေမှာ သူ့အာဏာစက်ကို စတင်ထူထောင်တယ်။ အဲဒီ မြို့တွေကနေပြီး မော်ရိုကိုမှာ ရှိတဲ့ လူမျိုးစုတွေဆီကို တစ်စုပြီးတစ်စု သူသွားတယ်။ အဲဒီမှာ ဆီစက်ကလေးတွေကို တစ်စက်ပြီးတစ်စက် ချသလို သူ့ရဲ့ နိုင်ငံရေးအတွေးအခေါ်တွေကို လိုက်ချတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းချင်း အောင်မြင်မှုတွေကို ရလာခဲ့ပြီး နောက်ဆုံးမှာ ရန်လိုမှုတွေကို အစွန်အဖျားမှာ ကျဉ်းမြောင်းသွားအောင် လုပ်နိုင်ခဲ့တယ်။ ဒီနည်းအားဖြင့် မြက်ရိတ်သမားဟာ တခြားမြက်ခင်းကို ကျော်မကြည့်ဘဲ သူရိတ်နေတဲ့ မြက်ခင်းစားကျက်ကိုပဲ အာရုံစိုက်သလို အိမ်ရှင်မဟာ ကြောင်အိမ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆေးကြောရှင်းလင်းသလို တော်တဲ့အလုပ်သမားဟာလည်း အလုပ်ကိုတစ်ဆင့်ပြီးတစ်ဆင့် တစ်ကန့်ပြီး တစ်ကန့် လုပ်သွားတယ်၊ လူမိုက်များကတော့ အလုပ်တိုင်းဟာ လွယ်လွယ်လေးပဲလို့ ထင်တတ်ကြပြီး အလုပ်တွေအားလုံးကို တစ်ပြိုင်တည်းလုပ်တတ်ကြတယ်။ လူဖျင်းများကတော့ အလုပ်တိုင်းဟာ ခက်ခဲတယ်မဖြစ်နိုင်ဘူးလို့ ထင်ပြီး ဘာကိုမှ မလုပ်ကြတော့ဘူး။ ဒါပေမယ့် ကောင်းသောအလုပ် လုပ်သူတစ်ယောက်ကတော့ ကြီးကျယ်တဲ့ အလုပ်တိုင်းဟာ လုပ်လို့ရတယ်လို့ ဆိုတာသိတယ်။ ဒါကြောင့် အဲဒီအလုပ်တွေကို အမြော်အမြင်ရှိစွာ ဖြည်းညင်းစွာ အောင်မြင်ပြီးစီးအောင် လုပ်တယ်။

အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိရမယ်။ လူတိုင်းကပဲ ဘဝဟာ တိုတောင်းတယ်လို့ ညည်းတွားလေ့ရှိကြတယ်။ ဒါပေမယ့် အဲဒီလူတွေဟာ တစ်နေ့မှာ ရှစ်နာရီတောင် အသက်ရှင်နေတယ်မဟုတ်လား။ အရဏ်တတ်တာနဲ့ စားပွဲမှာ ဒါမှမဟုတ် အလုပ်ခွင်မှာ၊ ဒါမှမဟုတ် ဈေးဆိုင်မှာ ထိုင်တဲ့ လူတစ်ယောက်ရဲ့ တစ်နေ့တာအလုပ်လုပ်နိုင်တဲ့ စွမ်းအားဟာ ဘယ်လောက် အံ့သြစရာကောင်းတယ်ထင်သလဲ။ တခြားကိုမကြည့်ပါနဲ့။ တစ်နေ့ကို စာနှစ်မျက်နှာပဲရေးတဲ့ စာရေးဆရာတစ်ယောက်ဟာ သူ့ဘဝ သက်တမ်းကုန်ဆုံးသွားတဲ့အခါမှာ သူရေးခဲ့တဲ့ စာတွေဟာ ဘားလ်ဇက်ရေးခဲ့တဲ့ စာတွေ ဗော်လ်တဲယားရေးခဲ့တဲ့ စာတွေထက် များနေမယ်ဆိုတာ မှန်းဆကြည့်ပါ။ အရည်အသွေးကတော့ သူတို့စာတွေလောက် ကောင်းချင်မှ ကောင်းမယ်ပေါ့။



ဒါပေမယ့် စားပွဲမှာထိုင်နေရုံနဲ့လည်း မလုံလောက်သေးဘူး၊ စိတ်ငြိမ်ဖို့လည်း လိုသေးတယ်။ အနှောင့်အယှက်မရှိဘဲ အလုပ်လုပ်လို့ရှိရင် အလုပ်ရဲ့ရလဒ်ဟာ ဂဲသြမေထရီနှုန်းထားနဲ့ ဆထက်တပိုးတိုးလာမှာ အမှန်ပဲ။ အထူးသဖြင့် စာရေးဆရာဆိုရင် ပိုပြီးသိသာတယ်။ စာရေးဆရာဟာ စာရေးနေစဉ်မှာ ပြင်ပကမ္ဘာကြီးကို မေ့လျော့နေဖို့လိုတယ်။ သူ့စိတ်ကူးတွေ၊ သူ့အာရုံတွေကို စုစည်းဖို့လိုတယ်။ စက်ယန္တယားတစ်ခုပျက်သွားတဲ့ အကြောင်းရင်းကို လိုက်ရှာနေတဲ့ မက္ကင်းနစ်စက်ဆရာတစ်ယောက်အဖို့လည်း ထိုနည်းအတိုင်းပဲ။ အမှာစာတွေကို လက်ခံပြီး ထုတ်လုပ်နေတဲ့ပစ္စည်း ထုတ်လုပ်သူတစ်ယောက်အတွက်လည်း ထိုနည်းအတိုင်းပဲ။ အလုပ်ကို ဟိုတစ်စ သည်တစ်စလုပ်တာဟာ စိတ်မငြိမ်ဘူးဆိုတာကို ပြတဲ့ လက္ခဏာချက် ဖြစ်တယ်။

ဒါကြောင့် အလုပ်လုပ်တဲ့လူတစ်ယောက်ဟာ အချိန်ဖြုန်းတာတွေကို ရှောင်ရမယ်။ မွန်တာလင့်က အဲဒီလိုအချိန်ဖြုန်းသူတွေကို သက္ကရာဇ်စားသူတွေလို့ ခေါ်ခဲ့ဖူးတယ်။ သူတို့ဟာ သနားကြင်နာမှုမရှိကြဘူး။ သူတို့ကို ခုခံခြင်းမပြုတဲ့လူတစ်ယောက်အဖို့ဆိုရင် သူတို့ဟာ အဲဒီလူဆီက အဖိုးတန်တဲ့ အချိန် တွေကို လုယူသွားတာနဲ့ အတူတူပဲ။ ဒီအချိန်အတွင်းမှာ အဖိုးတန်တဲ့ အလုပ်တွေ ထွက်လာမယ်ဆိုတာ သူတို့မစဉ်းစားကြဘူး။ သူတို့ဟာ အရှက် အကြောက်ရယ်လို့လည်း မရှိကြဘူး။ ပြင်မရတဲ့ သက္ကရာဇ်စားသူ တစ် ယောက် ဟာ စစ်ကြေညာတဲ့နေ့မှာ စစ်ဦးစီးချုပ်ဆီကိုသွားပြီး သူ့တပည့်ကို ရာထူးတိုးပေးဖို့ ပြောလားပြောတတ်ရဲ့။ သက္ကရာဇ်စားသူတွေဟာ အလိုက်မသိ အလည်လာလား လာတတ်ရဲ့။ တယ်လီဖုန်းဆက်လား ဆက်တတ်ရဲ့။ စာတိုစာရှည်တွေရေးလား ရေးတတ်ရဲ့။ သူတို့လိုလူမျိုးတွေအပေါ်မှာ သနား ကြင် နာနေတာ၊ စိတ်ရှည်နေတာဟာ အကျိုးထက် အပြစ်က ပိုများတယ်။ သူတို့ကို ပြတ်ပြတ်တောင်းတောင်း ဆက်ဆံရမယ်။ သူတို့လို လူမျိုးတွေနဲ့ မိတ်ဆွေဖြစ်ရတာဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ရတာနဲ့ အတူတူပဲ။

ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်လို့ ဂါထေးက တော်တော်အဓိပ္ပာယ်ရှိတဲ့ စကားတစ်ခွန်းပြောခဲ့ဖူးတယ်။ 'ကိုယ့်ဆီကို အကြောင်းမဲ့ ... လို့လာလည်တဲ့ အကျင့်ဆိုးကို လူတွေမှာ မရှိအောင် လုပ်ရမယ်၊ သူတို့ ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို လာပြောပြီး ကိုယ့်ကို အနှောင့်အယှက်ပေးတတ်တယ်။ ကိုယ့်ဆီကို မခေါ်ပင့်ချေ ရောက်လာပြီး ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စတွေကို လာပြောတတ်ကြတယ်။ ကိုယ်မလိုတဲ့ အကြံဉာဏ်တွေကို လာပေးတတ်ကြတယ်။ တကယ်တော့ ကိုယ့်မှာ ကိုယ့်ကိစ္စနဲ့ကိုယ် မအားအောင် ဖြစ်နေတယ်' လို့ ဂါထေးက ပြောခဲ့ဖူးတယ်။

ပြီးတော့ ဆက်ပြီးပြောသေးတယ်။

'လောကကြီးအတွက် တစ်ခုခုလုပ်ပေးချင်တဲ့ လူတစ်ယောက်ဟာ သူ့ဆီက လောကကြီးက ဘာမှမလိုဘူးဆိုတာကို သိဖို့ကောင်းတယ်' လို့လည်း ပြောခဲ့တယ်။ တကယ်လို့ ကိုယ်က အားနာလို့ သူ့ကို လက်ခံစကားပြောမိတဲ့အတွက် အလုပ်တွေ လစ်ဟင်းပျက်ကွက်သွားခဲ့ရင် ဂါထေးရဲ့ စကားဟာ ဘယ်လောက်မှန်သလဲဆိုတာ သိလာလိမ့်မယ်။

အဲဒီအခါမှာ သက္ကရာဇ်စားသူတွေက ကိုယ့်ကို သနားမယ်ထင်သလား။ ကိုယ်မိုက်တာကိုး၊ ဒီလိုပဲဖြစ်မှာပေါ့၊ ကိုယ်က ကိုယ့်အလုပ်ကို ဂရုမစိုက်ဘဲကိုး၊ ဖြစ်တာတောင်နည်းသေးတယ်လို့ ကိုယ့်ကိုပဲ အပြစ်ပုံချကြဦးမယ်။

အလိုက်မသိ စကားများတတ်တဲ့ လူတစ်ယောက် ဂါထေးရဲ့ အိမ်ကို မခေါ်ပင့်ချေဘဲ ရောက်လာရင် ဧည့်သည်ဟာ ဂါထေးရဲ့ အေးစက်တဲ့အမူအရာကြောင့် ချက်ချင်းစိတ်ပျက်သွားရတယ်။ ဂါထေးဟာ လက်နှစ်ဖက်ကို ခေါင်းနောက်မှာ သွားဆက်ထားပြီး စကားလည်းတစ်လုံးမှ မပြောတော့ဘူး။ ဧည့်သည်က အရေးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ရင်လည်း ဂါထေးဟာ လည်ချောင်းကို ချွဲရှင်းပြီး တစ်လုံးစနှစ်လုံးစပဲ ပြောတယ်။ မကြာခင်ပဲ သူတို့နှစ်ယောက်ဟာ စကားစပြတ်သွားကြတော့တယ်။ ဂါထေးဟာ သူ့ဆီကိုလာတဲ့စာတွေကို နှစ်မျိုးနှစ်စား ခွဲထားတယ်။ တစ်မျိုးကတော့ သူ့ဆီက တောင်းခံတဲ့စာ၊ (အဲဒီစာတွေကို ဆုတ်ဖြဲပစ်လိုက်တယ်) နောက်တစ်မျိုးကတော့ သူ့ကို ပေးကမ်းတဲ့စာ။ အဲဒီစာမှာလည်း သူ့အတွက် အကျိုးရှိမယ့် တင်ပြချက်တို့ ဘာတို့ပါတဲ့ စာမျိုးကိုပဲ ပြန်ကြားတယ်။

ဒီတော့ တချို့ကပြောမယ်။ ဒါကတော့ တော်တော့်ကို အတ္တဆန်လွန်းတာပဲ။ တချို့ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ သူတို့ဆီလာတဲ့



စာတွေကို တလေးတစား ပြန်တတ်ကြတာပဲ။ တချို့အလိုက်မသိ စကားများတဲ့ လူတွေထဲမှာလည်း အာရုံစိုက်ရမယ့်သူတွေ၊ စာနာထောက်ထားရမယ့်သူတွေ၊ ချစ်ခင်စရာကောင်းတဲ့သူတွေ ရှိတာပဲလို့ ပြောကြလိမ့်မယ်။ လူတော်တော်များများကပဲ ဂါထေးဟာ လူမဆန်ဘူး ဘာဘူး စသဖြင့် ပြောတတ်ကြတယ်။ ဒါပေမယ့် သူ့ကို 'ဖော့စ်' လို လင်္ကာရှည်ကြီး၊ 'ဝီလျံမေထရာ' လို စာအုပ်ကြီးတွေ ရေးနိုင်အောင် လုပ်ပေးလိုက်တာဟာ အဲဒီ လူမဆန်တဲ့ အရည်အချင်းပဲ ဖြစ်ပါတယ်။

မိမိကိုယ်ကို ဝါးမျိုစားသောက်ဖို့ အခွင့်ပြုတဲ့သူဟာ ဝါးမျိုစားသောက်တာကို ခံရမှာပဲ။ သူ့အလုပ်မပြီးခင် သေသွားမှာပဲ။ အလုပ်ဇောကပ်သူဟာ သူ့အလုပ်ကို အကူအညီဖြစ်စေမယ့် အရာကိုသာ အခြားသူဆီက လိုချင်တယ်။ အလုပ်ဇောကပ်သူဟာ သူလုပ်နိုင်တဲ့ အလုပ်မျိုး၊ သူ့အတွက် အသုံးကျမယ့်အလုပ်မျိုးကိုဆိုရင် ဘယ်လိုအလုပ်မျိုးကိုမဆို ရှောင်မှာမဟုတ်ဘူး။ ဒါပေမယ့် စကားဝိုင်းတွေ၊ အစည်းအဝေးတွေ၊ တွေ့ဆုံပွဲတွေ၊ အကောင်းအရင်းသန်သန်နဲ့ ပြောကြတဲ့ နေရာတွေကိုတော့ ရှောင်မှာပဲ။ အသေးကတော့ ကိုယ်ဘာမှ မတတ်နိုင်ရင် နေ့စဉ်တွေ့ကြုံနေတဲ့ ပြဿနာတွေကိုတောင် ဥပေက္ခာပြုထားရမယ်လို့ အကြံပေးတယ်။

ကျွန်တော်တို့ တတွေဟာ မနက်ကျတော့ လက်ဖက်ရည်ဆိုင်မှာထိုင်၊ သတင်းစာကြီးမှာ ဖြစ်နေတဲ့ စစ်ပွဲသတင်းတွေကိုပြော၊ နောက်တော့ အဲဒီ စစ်ပွဲတွေကြောင့် ဘယ်လိုအကျိုးသက်ရောက်မှုတွေဖြစ်လာနိုင်ကြောင်းကို ထိုင်ပြော။ တကယ်တော့ ကိုယ်က ဝန်ကြီးလည်းမဟုတ်ဘူး။ စစ်ဗိုလ်ချုပ်ကြီးလည်း မဟုတ်ဘူး။ သတင်းစာဆရာလည်းမဟုတ်ဘူး။ ဘာမှမဟုတ်ဘူး။ ဒါတွေကို ပြောနေလို့လည်း ကိုယ့်တိုင်းပြည်ကိုယ်လူမျိုးအတွက် ကိုယ်က ဘာမှလုပ်ပေးနိုင်တာ မဟုတ်ဘူး။ ဒီလိုနဲ့ ကျွန်တော်တို့တတွေဟာ ဘယ်တော့မှ ပြန်ရမှာမဟုတ်တော့တဲ့ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဥစ္စာကို အလဟဿ ဖြုန်းတီးနေကြတယ်။ အဲဒီ ပစ္စည်းကတော့ ကျွန်တော်တို့ရဲ့ တိုတောင်းတဲ့ လူ့ဘဝပါ။

ဂါထေးရဲ့ ကိစ္စမှာဆိုရင် အလုပ်မှာ ဒီလိုစည်းကမ်းထားတဲ့အတွက် အိမ်မှာ ခံစားချက်တွေနဲ့ ပတ်သက်လာရင်လည်း စည်းကမ်း...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ ခံစားချက်တွေ နောက်ကို အတားအဆီး အချုပ်အနှောင်မ လိုက်ပါနေမိရင် (စိတ်နောက်ကိုယ်ပါ လိုက်လုပ်နေရင်) ဘာအလုပ်ကို ကျွန်တော်တို့ ကောင်းကောင်းလုပ်နိုင်တော့မှာ မဟုတ်တော့ဘူးပေါ့။ တ ခံစားချက်တွေဟာ သဘာဝကျစွာ ပေါ်ပေါက်လာတဲ့ခံစားချက်တွေပါ ဒါကြောင့် ခံစားချက်မှန်သမျှကို လျစ်လျူပြုပြီး အလုပ်ကိုပဲ ဖိလုပ်ရမယ် တော့ မပြောသင့်ပေဘူးပေါ့။ ဒါပေမယ့် ခံစားချက်နဲ့ ပတ်သက်လို့ ဥပ နှစ်ခုကိုတော့ သတိမူသင့်တယ်။ လိုက်လည်းလိုက်နာသင့်တယ်။

အဲဒီ ဥပဒေသနှစ်မျိုးကတော့

ပထမ-အနှစ်မရှိတဲ့ သို့မဟုတ် လိုအပ်သည်ထက် ပိုတဲ့ ခံစား များကြောင့် ကိုယ့်အလုပ်ကို မျက်ခြေပြတ်မသွားဖို့။ (ခပ်ပျံပျံ ကောင်မ ရဲ့အလိုကို လိုက်မိလို့ ကောလိပ်မှာ ဒီဂရီမရဘဲ ကျောင်းထွက်သွားခဲ့ရသူ ဘယ်လောက်ရှိပြီလဲ)

ဒုတိယ-အလုပ်အောင်မြင်ရေးအတွက် စွန့်လွှတ်ထိုက်တယ် ထင်တဲ့ စွန့်လွှတ်မှုတွေကို လုပ်ဖို့။

ဒီနည်းအားဖြင့် မာစယ်ပရစ်ဟာ သူ့ဝတ္ထုကြီးကို အဆုံးသတ်နိုင် အတွက် အသက်ကို စွန့်ခဲ့တယ်။

ဒီနည်းအားဖြင့် အမျိုးသားခေါင်းဆောင်တစ်ယောက်ဟာ မှာဖြစ်စေ၊ အကြပ်အတည်းတစ်ခုမှာဖြစ်စေ အရာရာကို စွန့်လွှတ်ခဲ့တ

ဂျိဖရီဟာ သူ့ခံစားချက်တွေကို သိပ်ချုပ်တည်းခဲ့တဲ့အတွက် သူ့ ဆွေတွေက သူ့ကို နှလုံးသားကင်းမဲ့တယ်၊ ရက်စက်တယ်လို့ ပြောခဲ့ကြတ ဒါပေမယ့် အဲဒီ နှလုံးသားကင်းမဲ့မှုကြောင့်ပဲ မာန်းမြစ်ပေါ်မှာ ကိုယ့် ခံတပ်တွေကို ပြန်လည်တည်ဆောက်နိုင်ခဲ့တယ်မဟုတ်လား။

အလုပ်ကို အားကြီးမာန်တက် လုပ်သူတိုင်း (သို့မဟုတ် သူတို့ လုံးလောက်ဟာ) ဘယ်အချိန်မှာ အခါအားလျော်စွာ ဘယ်လိုအနားယူရ ဆိုတာကို ကောင်းကောင်းသိသူများ ဖြစ်ကြတယ်။ သူတို့မှာ ကျေးလက် အိမ်တွေရှိကြတယ်။ တောင်ပေါ်စခန်းတွေရှိကြတယ်။ ပင်လယ်ကမ်း အပန်းဖြေအိမ်တွေရှိကြတယ်။ အဲဒီနေရာတွေကို ရောက်တာနဲ့ တာဝန် အားလုံးကို ပခုံးပေါ်က ချလိုက်ကြတယ်။ ကိုယ်နဲ့ခင်မင်ရင်းနှီးတဲ့ မိတ်



တွေ၊ ကိုယ်ချစ်ခင်နှစ်သက်သူတွေရဲ့ တာဝန်တွေကိုတောင် ထည့်မစဉ်းစား ကြတော့ဘူး။ အဲဒီအခါကျတော့မှသာလျှင် အဖြစ်အပျက်တွေနဲ့ ခံစားချက် တွေဟာ သူတို့ရသင့်တဲ့ နေရာမှန်ကို ရကြတော့တယ်။ မြို့ပြရဲ့ လုပ်ရှုပ်ဆူညံမှု မှာတော့ ပြဇာတ်တစ်ခု၊ ဆောင်းပါးတစ်စောင်၊ ဒါမှမဟုတ် အတင်း ဖျင်းစကားတစ်ခုဟာ အရေးကြီးသယောင် ထင်ရတယ်။ သူတို့ဟာ အလုပ် နေရာကို အလွဲသုံးစားလုပ်ဖို့ ကြိုးစားကြတယ်။ လေးနက်တဲ့ အတွေးအခေါ် နေရာကို ဝင်ယူဖို့ ကြိုးစားကြတယ်။ အဲဒီညရဲ့ တိတ်ဆိတ်မှု၊ ဝိညာဉ် တိတ်ဆိတ်မှုထဲကို ရောက်တဲ့အခါကျမှသာလျှင် အညစ်အကြေးတွေ အမှိုက် ရိုက်တွေကို လှဲကျင်းပြီးဖြစ်တဲ့ မြေကြီးပေါ်မှာ ထာဝရတည်မယ့် အ ဆောက်အအုံရဲ့ အခြေခံအုတ်မြစ်တွေကို ချနိုင်တော့တယ်။

ဒါကြောင့် ကဗျာဆရာတစ်ရီက 'အို အထီးကျန်မှု၊ သင် တစ်ဦးတည်း သာလျှင် ငါ့ကို နိမ့်ကျခြင်းမရှိအောင် လုပ်ပေးသူဖြစ်၏။ အို အထီးကျန်ဖြစ်မှု၊ င့်တစ်ဦးသာလျှင် ငါ့ကို ခွန်အားမလျော့အောင် လုပ်ပေးသူဖြစ်၏' လို့ ပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။

□□

အလုပ်ကို ရွေးချယ်ပြီး လုပ်တဲ့အလုပ်သမားဟာ အဲဒီအလုပ်ကို လုပ်ချင် င် လုပ်နိုင်တယ်။ မလုပ်ဘဲနေချင်နေနိုင်တယ်။ ကိုယ့်အပေါ်မှာ ဘယ်သူက ကြီးကြပ်မယ့်သူ မရှိတဲ့အတွက် ကိုယ့်ကိုယ်ကို စည်းကမ်းရှိ အောင်လုပ်ရ ယ်တို့ အထက်မှာ ပြောခဲ့တယ်။ ဒီတော့ ကိုယ့်အလုပ်ကို ကိုယ့်ဘာသာ လုပ်တဲ့သူ၊ ဖန်တီးသူ မဟုတ်တဲ့သူ၊ ခေါင်းဆောင်မဟုတ်တဲ့သူ၊ အဲဒီပုဂ္ဂိုလ် တွေကို ကူညီပြီး သူတို့ခိုင်းရာကို လုပ်ရသူတွေအကြောင်းကို ပြောတော့မယ်၊ အဲဒီ အမျိုးအစားမှာ ကိုယ်ရံတော်တွေ၊ စစ်ဦးစီးချုပ်တွေ၊ ဌာနဆိုင်ရာ ကြီးအကဲတွေ၊ အတွင်းဝန်တွေပါတယ်။ သူတို့တစ်တွေဟာ သက်ဆိုင်ရာ ည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြရတယ်။ အထက်လူကြီးတွေက တောင်းရင် အခက်အခဲမရှိအောင် အဲဒီ စည်းမျဉ်းစည်းကမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြရတယ်။ ဒီလို လုပ်ငန်းမျိုးမှာ အထူးအရည်အချင်းရှိဖို့လိုတယ်။

အခြားသူများရဲ့ အမိန့်အောက်မှာ အလုပ်လုပ်ကြရတဲ့ လူတစ်ယောက်ဟာ ဘဝင်မြင့်လို့ မဖြစ်ဘူး။ မာနတွေကြီးနေလို့ မဖြစ်ဘူး။ ကိုယ်က သိပ်စိတ်ဓာတ်ပြင်းထန်ပြီး ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် သိပ်အလျှော့မပေးချင်တာမျိုး ဖြစ်နေရင် သူ့ရဲ့ စိတ်ကူးနဲ့ အထက်လူကြီးရဲ့ စိတ်ကူးက တစ်မျိုးစီ ဖြစ်နေရင် အထက်အမိန့်ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ ဘာမှ သေသေချာချာ ရေရေရာရာရှိတော့မှာမဟုတ်ဘူး။ အထက်က ပေးတဲ့ အမိန့်မှန်သမျှကို ကိုယ့်စိတ်ကူးနဲ့ကိုယ် အကောင်အထည်ဖော်တော့မှာကိုး။ ဒီတော့ အဲဒီလို လူတစ်ယောက်ဟာ ကိုယ့်အကြီးအကဲကို ကိုယ်ယုံကြည်ရမယ်။ ဒီလို ယုံကြည်မှသာလျှင် အဖွဲ့အစည်းဟာ ပြိုကွဲခြင်းမရှိ အရှည်တည်တန့်နိုင်မယ်။

ရိုးသေကိုင်းညွှတ်ခြင်းနဲ့အောက်ကျို့ဝပ်တွားခြင်းဟာ တခြားစီဖြစ်တယ်။ ရိုးသေကိုင်းညွှတ်မှုကို အောက်ကျို့ဝပ်တွားမှုအဖြစ် မရောက်သင့်ဘူး။ စစ်ဦးစီးချုပ်တစ်ယောက်၊ ဒါမှမဟုတ် ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်ဟာ ကိုယ့်အထက်လူကြီးမှားနေတယ်လို့ထင်ရင် မှားနေတဲ့အကြောင်းကို သတ္တိရှိရှိ ပြောရမယ်။ (ကိုယ့်အထင်ဟာ မှားချင်လည်း မှားမယ်။ မှန်ချင်လည်း မှန်မယ်ပေါ့။ ဒါကတော့ မတတ်နိုင်ဘူးပေါ့။) ဒါပေမယ့် ဒီလိုပူးပေါင်းဆောင်ရွက်မှုမျိုး၊ ဒီလိုပွင့်ပွင့်လင်းလင်း ပြောခြင်းဟာ တကယ်ရိုးသားစွာ၊ တကယ်စေတနာရှိစွာ၊ တကယ်တာဝန်သိစွာ ပြောခြင်းဖြစ်မှသာလျှင် ဒီလို ပြောတဲ့အတွက် အကျိုးရှိနိုင်တယ်။ ထိရောက်နိုင်တယ်။ ကိုယ့်အထက်လူကြီးဟာ ကိုယ့်ထက်တတ်တယ်၊ ကိုယ့်ထက်အတွေ့အကြုံရှိတယ်၊ ကိုယ့်ထက် လုပ်ငန်းကျွမ်းကျင်တယ်လို့ အောက်လူက လက်မခံရင် ဘယ်နည်းနဲ့မှ အထက်လူကြီးကပေးတဲ့ တာဝန်ကို ကောင်းကောင်းထမ်းရွက်နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ အောက်လက်ငယ်သားက အကြီးအကဲကို ဝေဖန်တာ၊ ထောက်ပြတာမျိုးဟာ အမြဲမလုပ်သင့်ဘူး။ တစ်ခါတစ်ရံမှသာ လုပ်သင့်တယ်။

မာရှယ်ပေတိန်းက တစ်ခါတုန်းက ပြောဖူးတယ်။ ပြီးခဲ့တဲ့ စစ်ကြီးတုန်းက သူ့စစ်ဦးစီးဌာနအတွက် အရာရှိသစ်တစ်ယောက် ရောက်လာတယ်တဲ့။ ဒီတော့ မာရှယ်ကြီးက အရာရှိသစ်ကို မြို့ပြင်ကျေးလက်ကို ခေါ်သွားပြီး



စစ်ပရိယာယ်ဆိုင်ရာ ပြဿနာတစ်ရပ်ကိုတင်ပြပြီး အဲဒီပြဿနာကို သူကိုယ်တိုင် အဖြေပေးလိုက်တယ်။ တကယ်လို့သာ အဲဒီစစ်အရာရှိက သူ ပြောတာကို ဟုတ်ပါတယ်၊ မှန်ပါပေတယ်လို့ ပြောပြီး 'ကပ်ဖား' လုပ်ခဲ့ရင် မာရှယ်ကြီးဟာ အဲဒီအရာရှိကို ငြင်းပယ်လိုက်မှာပဲ။ ဒါပေမယ့် အဲဒီ စစ်အရာရှိဟာ မာရှယ်ကြီးရဲ့အဖြေကို ရိုသေစွာ သို့သော်လည်း ပြတ်သားစွာ ဝေဖန်လိုက်တဲ့ အခါမှာ မာရှယ်ကြီးက သူ့ကိုချီးကျူးပြီး ရာထူးမှာခန့်လိုက်တယ်တဲ့။

ခက်တာက အဲဒီသတင်းဟာ စစ်တပ်တစ်ခုလုံးကို ပျံ့သွားပြီး ကျုပ်ပြောတိုင်း အဲဒီ စစ်ဗိုလ်ကလေးက 'မဟုတ်ဘူး ဗိုလ်ချုပ်၊ ဗိုလ်ချုပ်မှားနေပါတယ်' လို့ပြောရင် ဘယ့်နှယ်လုပ်မလဲ။ ကျုပ် တစ်ခါမဟုတ်တစ်ခါမှာ စိတ်တိုတော့မှာပေါ့။ ဒါပေမယ့် ဒါမျိုးဘယ်တော့မှ မဖြစ်ပါဘူး' လို့ မာရှယ်ပေတိန်းက ပြောဖူးတယ်။

လက်အောက်ငယ်သားတစ်ယောက်ဟာ ကိုယ်က မှန်တယ်လို့လည်း သေချာတယ်၊ ဒါပေမယ့် သူ့ဝေဖန်ချက်ကို အထက်လူကြီးကလည်း လက်မခံဘူးဆိုရင် ဘယ်လိုလုပ်မလဲ။ ကိုယ်တင်ပြစရာရှိတာကို တင်ပြပြီး အမိန့်ကိုတော့ နာခံရမှာပဲ။ အများနဲ့ စုပေါင်းလုပ်ရတဲ့ အလုပ်တစ်ခုမှာ စည်းကမ်းကို မလိုက်နာရင် ဘယ့်နှယ်လုပ်ပြီး အလုပ်လုပ်လို့ရတော့မှာလဲ။ တကယ်လို့ ပြဿနာက သိပ်အရေးကြီးပြီး တိုင်းပြည်ရဲ့ အနာဂတ်၊ စစ်တပ်ရဲ့ အနာဂတ်၊ စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ အနာဂတ်အပေါ်မှာ ထာဝရထိခိုက်မယ်ဆိုရင်တော့ ဝေဖန်ထောက်ပြသူဟာ တာဝန်ရှိတဲ့နေရာက နုတ်ထွက်သွားနိုင်တယ်။ ဒါပေမယ့် ဒီနည်းကို နောက်ဆုံးမှသာ အသုံးပြုသင့်တယ်။ ကိုယ်ဟာ လက်ရှိနေရာမှာ အသုံးဝင်တယ်လို့ ယူဆနေသေးသမျှတော့ အဲဒီ ရာထူးမှာ ဆက်လက်ရှိနေသင့်တယ်။

တစ်ခါတလေမှာ နုတ်ထွက်မယ်လို့ ခြိမ်းခြောက်ရုံနဲ့ ကိစ္စပြီးသွားတာတွေလည်း ရှိတယ်။ ဒါပေမယ့် နုတ်ထွက်လွှာတွေကို ခဏခဏတင်နေလို့လည်း မဖြစ်သေးဘူး။ တစ်ခါတုန်းက တပ်မှူးကလေးတစ်ယောက် ဖြစ်တဲ့ လာယွတ်တေးဟာ ဗိုလ်မှူးကြီး ဂါလီယင်နီဆီက အမိန့်တွေကို ရတဲ့အခါမှာ ဗိုလ်မှူးကြီးက ရာထူးက နုတ်ထွက်တဲ့အတတ်ပညာကို သင်ပေးလိုက်သတဲ့။ ဗိုလ်မှူးကြီး ဂါလီယင်နီဟာ တစ်ခါမှာတော့ ကိစ္စတစ်ခုအတွက် အင်ဒိုချိုင်း

www.burmeseclassic.com

www.burmeseclassic.com



နားဘုရင်ခံချုပ်ဆီက အမိန့်တောင်းတယ်။ သူက အမိန့်တောင်းတိုင်း ဘုရင်ခံချုပ်ကလည်း ပယ်ချပြီး ခွင့်မပေးဘူးတဲ့။ ဒါနဲ့ နောက်တော့ ဗိုလ်မှူးကြီးက နုတ်ထွက်လွှာတင်လိုက်တယ်။ အဲဒီအချိန်တုန်းက သူ့ကိုလိုနေတော့ ဘုရင်ခံချုပ်က သူ့နုတ်ထွက်လွှာကိုလက်မခံဘဲ သူတောင်းတဲ့အမိန့်ကိုပေးလိုက်တယ်။ နောက်တော့ ဗိုလ်မှူးဂါလီယင်နီဟာ မဒါဂါစကားကျွန်းဆွယ်မှာ စစ်ဦးစီးချုပ်ဖြစ်သွားတယ်။ အဲဒီမှာ ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ဗိုလ်မှူးကြီး ဂါလီယင်နီနဲ့ လာယွတ်တေးတို့ အငြင်းပွားကြတယ်။ ဒါနဲ့ လာယွတ်တေးက နုတ်ထွက်စာ တင်လိုက်တယ်။ နောက်ရက်အနည်းငယ်ကြာတော့ နုတ်ထွက်စာရဲ့ ဘေးအနားသတ်ကွက်လပ်ပေါ်မှာ 'ကျွန်ုပ်ထံ နုတ်ထွက်စာ တင်ရန်မဟုတ်ပါ၊ ဂါလီယင်နီ' လို့ ရေးထားတဲ့ မှတ်ချက်နဲ့အတူ နုတ်ထွက်လွှာ ပြန်ရောက်လာတယ်။

စစ်ဦးစီးချုပ် တစ်ယောက်၊ ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်၊ အတွင်းဝန်တစ်ယောက်ဟာ သူ့အကြီးအကဲရဲ့ တွေးခေါ်နည်း၊ အလုပ်လုပ်နည်းတို့ကို နားလည်ရတယ်။ အဲဒီလုပ်နည်း၊ တွေးနည်းနဲ့ လိုက်လျောညီအောင် ကျင့်ကြံတတ်ရမယ်။ မကြာခဏဆိုသလို အထက်ကလာတဲ့ အမိန့်တွေဟာ မရှင်းမလင်းမပီမသ ဖြစ်နေတဲ့အခါတွေ ရှိတတ်တယ်။ ဒီအခါမျိုးမှာ ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ် ပြန်ယူရမယ်။ မာရှယ်ဖော့ချ်ရဲ့ အမိန့်တွေကို ဗိုလ်ချုပ်ဝေဂန်ဟာ ဒီလိုပဲ အဓိပ္ပာယ်ပြန်ယူရတယ်။ အမိန့်တွေဟာ မှုန်မှိုင်းတဲ့ အနာဂတ်ကို ယာယီမီးမောင်းထိုးပြတဲ့ အမိန့်မျိုးတွေ ဖြစ်နေရင် စစ်ဦးစီးချုပ်ဟာ အဲဒီ အမိန့်တွေထဲကနေပြီး အသေးစိတ်ညွှန်ကြားချက်တွေကို ရှာဖွေကြည့်ရမယ်။ ဒီနည်းအားဖြင့် ဗိုလ်ချုပ်ဘာသီယားဟာ စစ်တပ်ပြောင်းရွေ့မှုနဲ့ ပတ်သက်တဲ့ နပိုလီယန်ရဲ့ အမိန့်တွေထဲက ညွှန်ကြားချက်တွေကို လိုက်ရှာယူရတယ်။ အကြီးအကဲဟာ စိတ်တိုနေရင်၊ ဦးစီးချုပ်ဟာ အဆူအကြိမ်းမောင်းခံရတဲ့ သူတွေကို ဖျောင်းဖျနှစ်သိမ့်ပေးရမယ်။ ဧည့်သည်တွေကို ရှောင်ရမယ့် အကြောင်းအရာတွေကို မသိမသာ သတိပေးရမယ်။

ပြီးခဲ့တဲ့ စစ်ပွဲအတွင်းတုန်းက ကျွန်တော်ဟာ အင်္ဂလိပ်စစ်ဗိုလ်ချုပ်တစ်ဦးရဲ့ စစ်ဌာနချုပ်မှာ ဆက်သွယ်ရေးအရာရှိအဖြစ်သွားပြီး အလုပ်လုပ်ရတယ်။ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ဟာ လူတော်တစ်ယောက်ပါပဲ။ လူကောင်းလည်း လူကောင်းပါ။ ဒါပေမယ့် လူက သိပ်စိတ်တိုပြီး ဂျီးများတဲ့လူဆိုတော့ လက်အောက်အရာရှိတွေက သူ့ကို 'ဗိုလ်စိတ်တို' လို့ ခေါ်ကြတယ်။ ကံကောင်းချင်တော့ (ပြီးတော့ ကျွန်တော်ကလည်း လူမျိုးခြားပြင်သစ်ဖြစ်နေလေတော့) ကျွန်တော်နဲ့တော့ ဘာမှပြဿနာမဖြစ်ဘူး။ ကျွန်တော့်ပေါ်မှာ ပြုံးနေတာပဲ။ လေပေးဖြောင့်လွန်းလို့ သူ့ဆီကို ညနေတိုင်းလက်ဖက်ရည်သောက်တောင် ဖိတ်တတ်သေးတယ်။ သူနဲ့ ကျွန်တော် ရင်းရင်းနှီးနှီးပြောလို့ရတယ်။ နောက်ကျတော့ ကျွန်တော်နဲ့ သိပ်ရင်းနှီးသွားပြီး ရာထူးတက်ချင်လို့ဖြစ်စေ၊ နာမည်ကောင်းရချင်လို့ဖြစ်စေ အင်္ဂလိပ်အရာရှိတွေ သိပ်လုပ်ချင်တဲ့ အလုပ်မျိုးတွေကိုတောင် ကျွန်တော့်ကိုပဲ တာဝန်ပေးတော့တယ်။ အင်္ဂလိပ်အရာရှိတွေပြောရင် နားမဝင်ပေမယ့် ကျွန်တော်ပြောရင်နားဝင်တယ်။ အာဏာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က လူတစ်ယောက်ကို ယုံကြည်စိတ်ချသွားရင် လူပုဂ္ဂိုလ်တွေအတွက်ရော၊ အစုအဖွဲ့တွေအတွက်ရော အများကြီးအကူအညီဖြစ်စေပါကလားဆိုတာ အဲဒီအချိန်မှာ ကျွန်တော် သဘောပေါက်သွားတယ်။

ကြီးကျယ်ထင်ရှားတဲ့ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ စိတ်ရှုပေါက်မှုတွေကို အလေးထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစိတ်ရှုပေါက်တာတွေကို တိုက်ဖျက်ပစ်ဖို့၊ ချေချွတ်ပစ်ဖို့ အချိန်သိပ်မှမရှိဘဲကိုး။ ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်နဲ့ သူ့ရဲ့အကြီးအကဲ နှစ်ဦးပေါင်းမှ တစ်ဦးဖြစ်တယ်ဆိုတဲ့ အခြေကို ရောက်လာသင့်တယ်။ ကျွမ်းကျင်လိမ္မာတဲ့အရာရှိတစ်ယောက်ဟာ ကိုယ့်အကြီးအကဲရှေ့မှာ ဘယ်စကားကို ပြောရမယ်၊ ဘယ်စကားကို မပြောရဘူးဆိုတာ သိထားရမယ်။ မပြောသင့်တာကို သွားပြောမိရင် နာကျင်အောင့်စိတ်တွေ၊ ဒေါသတွေကို ဖြစ်ပေါ်စေတယ်။ အရာရှိတစ်ယောက်ဟာ ပြဿနာတစ်ခုကို တင်ပြရာမှာ အထက်အရာရှိက စိတ်ဝင်စားအောင် လက်ခံနိုင်အောင် တင်ပြတတ်ရတယ်။ အထက်လူကြီးရဲ့ အမှားတွေ အားနည်းချက်တွေကို သိထားရတယ်။ သိထားသည့်တိုင် လေးစားရတယ်။ ဒီချွတ်ယွင်းချက်တွေကို ဖုံးဖိပေးရတယ်။

အထက်အရာရှိကြီးတွေအတွက် အလုပ်လုပ်ရတဲ့အခါမှာ အရင်တုန်းက ကြီးမားတဲ့ တာဝန်ကြီးတွေ၊ အာဏာပါဝါတွေ၊ အမိန့်ပေးရတာတွေနဲ့ မတွေ့ခဲ့ဖူးတဲ့ လူငယ်တွေဟာ အလွန်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



အယူအဆတွေကို သိလာရတာတွေရှိတယ်။ ဒီလိုအခြေအနေမျိုးမှာ လျှို့ဝှက်ရေးဟာ လိုအပ်တယ်။ ဖြစ်တတ်တာက အဲဒီလို လူကြီးတွေအနားမှာ နေရတဲ့ လူငယ်၊ သို့မဟုတ် အမျိုးသမီးငယ်ဟာ တယ်ဟုတ်တဲ့ငါပါလားလို့ ဘဝင်မြင့်သွားတတ်ပြီး သူတို့ဘယ်လောက်အရေးကြီးကြောင်း၊ သူတို့လုပ်ရတဲ့ အလုပ်ဟာ ဘယ်လောက်တာဝန်ကြီးကြောင်းကို မိတ်ဆွေသူငယ်ချင်းတွေ အထင်ကြီးအောင် ပြချင်တတ်ကြတယ်။ ဒါပေမယ့် တကယ်ကတော့ သူတို့မှာ ဒီအကြောင်းတွေကို ထုတ်ဖော်ပြောဆိုဖို့ အခွင့်အရေးမရှိဘူး။ တာဝန်အရ လျှို့ဝှက်ထားရမယ်။ အဲဒီလို ယုံကြည်မှုကို ဖောက်ဖျက်လိုက်မိတယ်ဆိုရင်တော့ အတိုင်းအဆမရှိတဲ့ ဆိုးကျိုးတွေ ပေါ်ထွက်လာတော့မှာပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ကိုယုံကြည်စိတ်ချလို့ ဒီလို အရေးကြီးတဲ့ နေရာမျိုးမှာ ထားတယ်ဆိုတဲ့ အသိဟာလည်း အင်မတန်ကြည်နူးစရာကောင်းပါတယ်။ ယုံကြည်မှုကိုခံရတာလောက် စိတ်ကြည်နူးစရာကောင်းတာ ဘယ်မှာရှိပါ့မလဲ။ အမှန်ကို သိရတာလောက် ကြည်နူးပြီးအဲဒီအသိကို ဖုံးကွယ်သိုဝှက်ထားရတာလောက် စိတ်လှုပ်ရှားစရာကောင်းတာ ဘယ်မှာရှိပါ့မလဲ။ မဒမ်ရေကာမီးယားဟာ ဒီနေရာမှာတော့ တော်တော်ကျွမ်းကျင်လိမ္မာတယ်လို့ဆိုရမယ်။ တစ်ခါတုန်းက မဒမ်ရေကာမီးယားဟာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဘက်လည်းဖြစ်၊ အတိုက်အခံအုပ်စုရဲ့ ခေါင်းဆောင်တွေလည်းဖြစ်၊ ရာထူးတစ်ခုကို ပြိုင်လုနေသူလည်းဖြစ်တဲ့ လူနှစ်ယောက်ဆီက သူ့ကို ဖွင့်ဟတိုင်ပင်ခံခဲ့ရဖူးတယ်။ မဒမ်ရေကာမီးယားဟာ သူတို့ ပြောသမျှကို နားထောင်တယ်။ သူတို့ကို စာနာကြောင်းပြသတယ်။ ပြုံးတယ်။ လိုအပ်ရင် တစ်ယောက်အကြောင်းကိုတစ်ယောက်က သိအောင်ပြောပြတယ်။ ဒါပေမယ့် ဘယ်သူ့အပေါ်မှာမှတော့ သစ္စာမဖောက်ဘူး။ သူ့အလုပ်က သူတို့မေးတဲ့မေးခွန်းနည်းနည်းပါးပါးကို ဖြေရုံပါ။ ဒါပေမယ့် သူပေးတဲ့ အဖြေတွေကလည်း တစ်ယောက်အဖို့ အသုံးကျတာချည်းပဲ။ ဒီနည်းအားဖြင့် မဒမ်ရေကာမီးယားဟာ သူတို့နှစ်ယောက်ကြားမှာ ကြားလူအဖြစ် ကျွမ်းကျင်ပိုင်နိုင်စွာ နေသွားခဲ့တယ်။

လူကြီးတစ်ယောက်ရဲ့ လက်ထောက်ဟာ မေးလာတဲ့အမေးကို ဖြေနိုင်ဖို့အဆင်သင့်ရှိနေရမယ်။ နောင်မှာ မေးလာနိုင်ဖွယ်ရှိတဲ့ မေးခွန်းများကို



ဖြေဖို့လည်း အဆင်သင့်ရှိရမယ်။ သူဟာ လူကြီးရဲ့ စိတ်ကူးစိတ်သန်းကို နားလည်ထားရမယ်။ အဲဒီစိတ်ကူးတွေ အောင်မြင်ပြီးမြောက်ရေးအတွက် နည်းလမ်းတွေကိုလည်း ရှာဖွေပြင်ဆင်ထားရမယ်။ မလိုအပ်တဲ့ စိုးရိမ်မှုတွေ ကင်းဝေးရမယ်။ ပြဿနာကလေးတွေကို ကိုယ်တိုင်ဖြေရှင်းနိုင်ရမယ်။ အရေးကြီးပုဂ္ဂိုလ်တိုင်းရဲ့ ဘဝမှာ လုပ်ရရိုး ထုံးစံဖြစ်တဲ့လုပ်ငန်းဇယားတွေကိုလည်း လွယ်ကူသက်သာအောင် လုပ်ပေးတတ်ရမယ်။ စေ့စပ်သေချာတဲ့ အမျိုးသမီးအတွင်းရေးမှူးတစ်ယောက်ဟာ အကောင်းဆုံးသော လက်ထောက်ပါပဲ။ သူ့ရဲ့အလုပ်ဟာ လူကြီးကပြောတာတွေကို လိုက်မှတ်ရုံ၊ စာတွေကို ဖွင့်ဖတ်ပြီး ဆိုင်ရာကို တင်ပြရုံတင်မကဘူး၊ စာတွေကို ဖိုင်တွဲရမယ်။ ပြန်စာတွေကို ဖိုင်တွဲရမယ်။ လိပ်စာတွေကို မှတ်သားရမယ်။ ကိုယ့်ကိုယ်ကိုယ် လမ်းလျှောက်အညွှန်းမှတ်တမ်းစာအုပ် တစ်အုပ်ဖြစ်အောင် လုပ်ရမယ်။ သူဟာ ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်ရဲ့ အရည်အချင်းနဲ့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေ ရှိနေရမယ်။ မိန်းမပီပီ သူ့မှာ ထိုးထွင်းဉာဏ်ရှိတယ်။ သူ့အထက်လူကြီးရဲ့ သူ့ကိုယ်သူ အထင်ကြီးစိတ်ကို မထိခိုက်အောင် နေတတ်ရမယ်။ ရုံးခန်းမှာ နှစ်လိုဖွယ်ကြည်နူးဖွယ်ဖြစ်အောင် ဖန်တီးတတ်ရမယ်။ တစ်ပြိုင်နက်တည်းမှာ သူ့ရဲ့ စရိုက်ကို သိပ်မပေါ်အောင်လည်း နေတတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သိပ်မိန်းမပီသအောင် နေလိုက်လို့ အထက်လူကြီးက သတိထားမိသွားရင် အလုပ်မှာ ထိခိုက်ပျက်စီးစေနိုင်တယ်။ ဒီလိုနေနိုင်အောင် ချိန်ခွင်လျှာညှိရတာဟာ ခက်ခဲသော်လည်း ဒီလိုချိန်ခွင်လျှာကိုက်အောင် နေတတ်ရမယ်။

❑❑

အလုပ်ဆိုတာ ဂုဏ်သိက္ခာကင်းမဲ့တယ်။ ဘုရားကပေးတဲ့ အပြစ်ဒဏ်ဖြစ်တယ်လို့ လူတွေယူဆလာခဲ့တာ တော်တော်ကြာပြီ။ 'သင်၏ မျက်နှာမှ ချွေးယိုစီးလျက် သင်၏အစာကို ရှာစားရအံ့' လို့ ဘုရားသခင်က ကျိန်ခဲ့တယ် မဟုတ်လား။ ကာယအလုပ်နဲ့ ဦးနှောက်အလုပ်ကို ကျေးကျွန်တွေကလုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ ကြတယ်။ ရောမအင်ပါယာခေတ်တုန်းက သဒ္ဒါဆရာများနဲ့ သင်္ချာဆရာများဟာ ကျေးကျွန်တွေဖြစ်ခဲ့ကြရတယ်။ နောက်တော့ ဒဿနဆရာတွေက သူတို့ကို ပစ္စည်းမဲ့အလုပ်သမားနဲ့ဘူဇွာဆိုပြီး ခွဲခဲ့ကြတယ်။ ပစ္စည်းမဲ့အလုပ်သမားဆိုတာ လုပ်ခစား အလုပ်သမားတွေ။ နောက်လူတန်းစားကတော့ အမြတ်အစွန်းနဲ့ ဝင်ငွေအပေါ်မှာ အမှီပြုနေတဲ့ လူတန်းစားတွေ၊ အဲဒီလူတန်းစားကတော့ ပထမလူတန်းစားနဲ့ တော်တော်ကွဲပြားခြားနားသွားတယ်။ အဲဒီအခါမှာ တစ်နှစ်ကို လစာနှစ်သိန်းရတဲ့ ဘဏ်ဒါရိုက်တာတစ်ယောက်ဟာ ပစ္စည်းမဲ့အလုပ်သမားဖြစ်သွားပြီးတော့ တစ်နှစ်ကို ငွေတစ်သိန်းလောက်ဝင်ငွေရှိတဲ့ ဆိုင်ပိုင်ရှင်လေး၊ ဒါမှမဟုတ်၊ လယ်ပိုင်ရှင်ဟာ ဘူဇွာဖြစ်သွားတယ်။

အာလိန်းရဲ့ သတ်မှတ်ချက်ဟာ လုံးဝတိကျမှန်ကန်ခြင်း မရှိသည့်တိုင်တော်တော်ပြည့်စုံတယ်လို့ ကျွန်တော်ထင်တယ်။ သူက လခစားဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မိမိရဲ့ ကာယ၊ ဉာဏအလုပ်ကို မှီခိုနေရသူကို ပစ္စည်းမဲ့အလုပ်သမားလို့ ခေါ်တယ်။ စကားနဲ့ နှုတ်နဲ့ အသက်မွေးသူကို ဘူဇွာလို့ ခေါ်တယ်။ ရှေ့နေတွေ၊ ကွန်မြူနစ်အမတ်တွေ၊ သူတောင်းစားတွေဟာ ဘူဇွာတွေပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သူတို့ကို အခကြေးငွေပေးဖို့ အခြားသူများကို ဖြားယောင်းသိမ်းသွင်းကြရတာကိုး။ ပန်းရံဆရာတွေ၊ မက္ကင်းနစ်တွေ၊ အင်ဂျင်နီယာတွေ၊ နာမည်ကျော် စာရေးဆရာတွေဟာ ပစ္စည်းမဲ့လူတန်းစားတွေပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တစ်ပါးသူကို ဖြားယောင်းသိမ်းသွင်းကြတာ မဟုတ်ပဲကိုး။ သူတို့အဖို့ သူတို့လုပ်ရပ်ကောင်းရင် လူကြိုက်ရင် ရောင်းရတယ်။ သူ့ရဲ့ ပိုက်ဆံဟာ သူ့ရဲ့ စက်မှုအတတ်ပညာကတစ်ဆင့် ရရှိလာတယ်ဆိုရင် ကြီးကျယ်တဲ့လုပ်ငန်းရှင်ကြီး တစ်ယောက်ဟာလည်း ပစ္စည်းမဲ့လူတန်းစားပဲ။ ဒီလို မဟုတ်ဘဲ သူ့ရဲ့ ဝင်ငွေဟာ သူ့ရဲ့ သိမ်းသွင်းဖြားယောင်းမှု၊ အခြားသော အရေးကြီးတဲ့ လုပ်ငန်းရှင်များနဲ့ ဆက်သွယ်မှုက ရရှိလာတယ်ဆိုရင် သူဟာ ဘူဇွာပဲ။

ဒါကြောင့်မို့ လောကမှာ မတူခြားနားတဲ့ စိတ်နှစ်မျိုးနှစ်စား ရှိတယ်လို့ အာလိန်းက ပြောခဲ့တယ်။ သဘာဝကိုအမှီပြု သဘာဝကို ပြောင်းလဲအောင် လုပ်တဲ့ပစ္စည်းမဲ့လူတန်းစားဟာ အပြုအမူဖွယ်ရာယဉ်ကျေးဖို့ မလို



ဘူးတဲ့။ သူ့မှာ အခက်အခဲကို ကျော်လွှားနိုင်တဲ့ တန်ခိုးစွမ်းပကားသာ လိုတယ်တဲ့။ ဒါကြောင့်မို့ သူဟာ ကြမ်းတမ်းရိုင်းစိုင်းတယ်တဲ့။ ယဉ်ကျေးဖွယ်ရာမှုကို အထင်သေးတယ်တဲ့။ အဝတ်အစားကိုလည်း အလှအပအဖြစ် မဝတ်ဘဲ သူ့အလုပ်မှာ လိုအပ်တဲ့ အတိုင်းသာ ဝတ်တယ်တဲ့။ အာလိန်းရဲ့ ဘူဇွာဟာလည်း ချစ်စရာကောင်းတယ်။ သူ့အသက်မွေးမှုအတွက် ဝင်ငွေပေးတဲ့သူကို ချိုသာပျူငှာစွာ ဆက်ဆံပြောဆိုတယ်။ သူ့မိတ်ဆွေဖြစ်စေ၊ မဲဆန္ဒရှင်တို့ကို ဖြစ်စေ၊ သူ့ပရိသတ်ကိုဖြစ်စေ ယဉ်ကျေးစွာပြောဆိုတယ်။ သူ့အဝတ်အစားများကလည်း တင့်တယ်ပြေပြစ်တယ်။ သူ့ရဲ့ လှပတဲ့ ကဗျာတစ်ပုဒ်မှာ တစ်ပလင်းက မာသာရဲ့သားတွေနဲ့ မေရီရဲ့သားတွေ ခြားနားပုံကို နှိုင်းယှဉ်ပြထားတယ်။ မာသာရဲ့သားတွေက အလုပ်တွေလုပ်ရတယ်။ တံတားတွေဆောက်ရတယ်။ လမ်းတွေခင်းရတယ်။ လေယာဉ်တွေကို မောင်းရတယ်။ မီးရထားတွေကို မောင်းရတယ်။ မေရီရဲ့သားတွေကတော့ စည်းစိမ်ရှိတဲ့ ရထားတွဲကြီးတွေထဲက ထိုင်ဖုံကြီးတွေပေါ်မှာ ဇိမ်ရှိရှိနဲ့ အိပ်ကြရတယ်။ အခြားသူတွေ လုပ်ပေးထားတဲ့ ပစ္စည်းတွေပေါ်မှာ ဇိမ်ယူကြတယ်။

လူသားတွေကို အစုနှစ်စုအဖြစ် ခွဲခြားပစ်လိုက်ခြင်း၊ တစ်နည်းပြောရင် အတန်းအစားတွေအဖြစ် ခွဲခြားပစ်လိုက်ခြင်းဟာ ဘယ်နည်းနဲ့ပဲ ကြည့်ကြည့် အန္တရာယ်ကြီးပြီး သဘာဝယုတ္တိကင်းမဲ့လှတယ်။ ဆိုပါစို့။ ဘူဇွာအတန်းအစားထဲက လူငယ်တစ်ယောက်ဟာ အပြုအမူ၊ အနေအထိုင်၊ အကြိုက်ဝါသနာတို့မှာ ပစ္စည်းမဲ့တစ်ယောက်လို ဖြစ်နေပြီး အလုပ်နဲ့ ကင်းကွာနေရင် မပျော်ပိုက်နိုင်အောင် ဖြစ်နေတယ်။ စက်မှုအင်ဂျင်နီယာ တစ်ယောက်ဟာ ခရီးသွားတုန်းမှာမေရီရဲ့သားဖြစ်နေပြီး အလုပ်လုပ်နေတုန်းမှာ မာသာရဲ့သားဖြစ်ချင်ဖြစ်နေမယ်။ မှန်ပါတယ်။ အချို့ဟာ လိုအပ်ချက်အရ နေ့စဉ် ပင်ပန်းကြီးစွာ အလုပ်လုပ်ရပြီး အချို့ကတော့ ဘာမျှအလုပ်မလုပ်ရဘဲ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေနေကြရတယ်။ ဒီလိုနဲ့ သူတို့နှစ်ဦးကြားမှာ နက်ရှိုင်းတဲ့အမုန်းပေါ်လာတယ်။ လူမျိုးနွယ်ကြီးတစ်ခုလုံးလို ကူးစက်ပြန့်ပွားပြီးဖြစ်တဲ့ ဒီဆိုးယုတ်မှုကြီးကို ကုစားလို့ရနိုင်ပါ့မလား။ တော်လှန်ရေးသမားတွေဟာ ကုစားဖို့ ကြိုးစားပေမယ့် မအောင်မြင်ဘဲ ဖြစ်ခဲ့ကြတယ်။ နောင်မှာလည်း ကုစားလို့မရဘဲ ကျဆုံးကြဦးမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ထာဝရလူသားကိုရော၊ အယူဝါဒအားလုံးအနက် အမှန်ဆုံးဖြစ်တဲ့ မူထ
ဒ့စရိုက်ကိုရော ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့ကြလို့ပါပဲ။

ဒါပေမယ့် နောက်ပိုင်းမှာ စက်ယန္တရားဟာ အလုပ်သမားရဲ့ ဘဝ
ကို ပိုပြီးသက်တောင့်သက်သာ ဖြစ်လာအောင်၊ ပိုပြီး ငြိမ်းငွေ့စရာကောင်း
လာအောင်လုပ်ပေးခဲ့ပြီး ပစ္စည်းမဲ့ကို ဘူဇွာအဆင့်ရောက်အောင် လုပ်ပေး
ခြင်းအားဖြင့် ခြားနားချက်ကို အဆုံးသတ်အောင် လုပ်နိုင်စရာ ရှိပါတယ်
ခုတောင်မှပဲ နှစ်ပေါင်းတစ်ရာလောက်အတွင်းမှာ အလုပ်တွေကိုလုပ်တဲ့
နေရာမှာ အလုပ်ချိန်နာရီများဟာ စက်ယန္တရားကြောင့် သုံးပုံတစ်ပုံလောက်
လျော့သွားခဲ့ပြီပဲ။ ခွန်အားကြီးနဲ့လုပ်ရမယ့် အလုပ်တွေကို ခုရောနောင်မှာ
စက်ယန္တရားတွေကို ခိုင်းနိုင်တော့မယ်။ ခိုင်းလည်းခိုင်းနိုင်နေပြီ။ စက်ယန္တရား
ဟာ ဉာဏ်ရှိပြီး ကျွမ်းကျင်တဲ့အလုပ်သမားရဲ့ အလုပ်ကို ဖျက်သိမ်းလိုက်ပြီ
ငြိမ်းငွေ့စရာကောင်းတဲ့ ကွန်ဗေယာခါးပတ်ကြီးနဲ့ အစားထိုး လိုက်ပြီဆိုတာ
မှန်ပါတယ်။ ဒါပေမယ့် ဒါဟာ အကူးအပြောင်းပဲရှိပါသေးတယ်။ ယာယီ
ရှိပါသေးတယ်။ တစ်နေ့ကျရင် အဲဒီကွန်ဗေယာခါးပတ်တွေကိုလည်း ရိုးဘော
တွေက အစားထိုးသွားဦးမှာပဲ။ အဲဒီအခါကျရင် အလုပ်သမားရဲ့အခန်းကဏ္ဍ
ဟာ အုပ်ချုပ်သူ၊ အင်ဂျင်နီယာတစ်ယောက်ရဲ့ အခန်းကဏ္ဍလောက်
ဖြစ်လာတော့မှာပါပဲ။

ကာယအလုပ်နဲ့ ပတ်သက်လို့ အရေးအကြီးဆုံး သတိရစရာ တ
ချက်ကတော့ အလုပ်ဟာ ရိုးစင်းသည်ဖြစ်စေ၊ ရှုပ်ထွေးသည်ဖြစ်စေ၊ ကောင်း
ကောင်းဒါမှမဟုတ် ဆိုးဆိုးဖြစ်စေ ပြီးသွားမှာတော့ သေချာပါတယ်။ ဟော
ပြောပို့ချချက်တစ်ခုကို ပြင်ဆင်တဲ့ နေရာမှာ သေသေချာချာ ဂရုစိုက်ပြင်ဆ
တာ၊ ဒါမှမဟုတ် ဖြစ်သလို ပြင်ဆင်တာမျိုးရှိသလို ကတုတ်ကျင်းတစ်ခု
တူးရာမှာလည်း ကောင်းကောင်းတူးတာနဲ့ ဖြစ်ကတတ်ဆန်း တူးတာမျိုး
တော့ ရှိနေမှာပဲ။ လက်ရေးတို လက်နှိပ်စက်စာရေးတစ်ယောက်ဟာ သာမ
ရွက်ကြမ်းရေကျိုလောက် ဖြစ်သလို သပ်သပ်ရပ်ရပ်ဖြစ်တာတွေလည်း ရှိမှ
ပဲ။ ဘယ်လောက်ကောင်းသလဲ၊ ဘယ်လောက်ညံ့သလဲ ဆိုတာကတော့ အ
ကျွမ်းကျင်မှု၊ သူ့လက်နှိပ်စက်၊ သုံးတဲ့စာရွက်၊ လိုင်းအစိတ်အကျဲ၊ လက်နှိ
စက်မှုကို သူပြန်စစ်ဆေးခြင်း ရှိမရှိဆိုတဲ့ အချက်တွေပေါ်မှာ တည်တယ်



သူ့အလုပ်ကို လုပ်ရာမှာ လိုအပ်သည်ထက် [illegible] အနုပညာ
ရှင်တစ်ယောက်ဖြစ်လာပြီး ချီးမွမ်းခြင်းခံရမယ်။ အထက်လူကြီးလည်း ကျေ
နပ်မယ်။ သူဒီလိုလုပ်တာဟာ အလုပ်ရှင်ကျေနပ်အောင် လုပ်တာမဟုတ်ဘူး။
သူ့ဂုဏ်သိက္ခာ သူ့ကျေနပ်မှုအတွက် လုပ်တာ။ ဒါကြောင့်မို့ ဒီလို လုပ်တာ
ဟာ ပယောဂကြောင့်မဟုတ်ဘဲ လွတ်လပ်စွာလုပ်ခြင်းဖြစ်တယ်။

ဒီလို အလုပ်လုပ်ရင် အလုပ်လုပ်ရာက ရတဲ့ပျော်ရွှင်မှုဟာ အလွန်
ကြီးမားတဲ့အတွက် အခြားသော ပျော်ရွှင်မှုများကို အစားထိုးနိုင်တယ်။
ကောင်းကင်ဘုံတစ်ခုကို ကျွန်တော်စိတ်ကူးကြည့်တယ်ဆိုပါစို့၊ ဒီလို စိတ်ကူး
ကြည့်လိုက်ရင် ကျွန်တော့်မျက်စေ့ထဲမှာ သီချင်းဆို၊ ဗျတ်စောင်းတီးပြီး ကခုန်
နေတဲ့ တမန်တွေကို မြင်မလာပါဘူး။ ရှည်လျားခမ်းနားတဲ့ ဝတ္ထုကြီးတစ်ပုဒ်
ကို အောင်မြင်စွာ ရေးထုတ်နိုင်လိုက်တဲ့ အဖြစ်ကိုပဲ ကျွန်တော် မြင်မှာပါပဲ။
ဥယျာဉ်မှူးရဲ့ ကောင်းကင်ဘုံဟာ ဥယျာဉ်ဖြစ်ပြီး လက်သမားရဲ့ ကောင်းကင်
ဘုံဟာ ခုံရှည်တစ်လုံးဖြစ်ပါတယ်။

အိမ်ရှင်မတစ်ယောက်က သူ့လုပ်ငန်းကို စိတ်ရောကိုယ်ပါ လုပ်ပြီး
အောင်မြင်သွားပုံဟာ ကာယအလုပ်နဲ့ ဉာဏအလုပ်တို့ ပူးပေါင်းသွားပုံကို
ပြတဲ့ ဥဒါဟရုဏ်တစ်ခု ဖြစ်ပါတယ်။ အိမ်တစ်အိမ်ကို ကောင်းစွာ စီမံအုပ်ချုပ်
သွားတဲ့ အိမ်ရှင်ဟာ တစ်ပြိုင်တည်းမှာ အိမ်ရဲ့ ကေရီလည်းဖြစ်တယ်။ ကျေး
ကျွန်လည်းဖြစ်တယ်။ သူဟာ လင်ယောက်ျားနဲ့ သားသမီးတွေအတွက်
အလုပ်လုပ်နိုင်အောင် ဖန်တီးပေးခြင်းဖြစ်တယ်။ သူဟာ လင်ယောက်ျားနဲ့
သားသမီးတွေကို စိတ်သောကတွေမရောက်အောင် အကာအကွယ်ပေး
တယ်။ ကျွေးမွေးပြုစုတယ်။ ဂရုစိုက်တယ်။ သူဟာ ဘဏ္ဍာရေးဝန်ကြီးဖြစ်ပြီး
သူ့ကြောင့် အိမ်ထောင်စုဘတ်ဂျက်ဟာ ဝင်ငွေထွက်ငွေမျှတရတယ်။ သူဟာ
အနုပညာဝန်ကြီးလည်း ဖြစ်တယ်။ သူ့လုပ်ဆောင်ချက်ကြောင့် အိမ်ဟာ
သိရိဂေဟာဖြစ်ရတယ်။ သူဟာ မိသားစုပညာရေးဝန်ကြီးလည်းဖြစ်တယ်၊
ကလေးကျောင်းတက်ဖို့၊ ကောလိပ်ကိုသွားဖို့၊ သမီးမိန်းကလေးလိမ္မာရေးခြား
ရှိဖို့၊ ဗိုင်းကောင်းကျောက်ဖိဖြစ်ဖို့ သူ့မှာ တာဝန်ရှိတယ်။

နိုင်ငံရေးသုခမိန်တစ်ယောက်ဟာ လူမျိုးတစ်မျိုးရဲ့ ပြဿနာတွေကို
ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အတွက် ဂုဏ်ယူသလိုအိမ်ရှင်မမှာလည်း သူ့အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံလှ[illegible]ဖြစ်အောင် ဖန်တီးနိုင်တဲ့အတွက် ဂုဏ်ယူသင့်တယ်။ အဆင့်အတန်း၊ အရွယ်ပမာဏဟာ အရေးမကြီးပါဘူးလို့ မာရှယ်လောတေးပြောတဲ့စကားဟာ တော်တော်မှန်တယ်။ အရာဝတ္ထုတစ်ခုဟာ သေးငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပြည့်စုံတယ်ဆိုရင် ပြည့်စုံတာပဲ။ ကောင်းတာပဲ။ ပိုက်ဆံကြေးငွေ အလွန်ချမ်းသာတဲ့ အိမ်ထောင်များမှ အမိန်းမများဟာ ဘယ်တော့မှ အေးအေးငြိမ်ငြိမ် မနေကြရပါဘူး။ ဆိုင်နှစ်ရက်မထွက်ရလို့၊ ရုံးနှစ်ရက်မတက်ရလို့ အဲဒီ မိန်းမဟာ အားမယ်လို့ မထင်ပါနဲ့။ အဲဒီနှစ်ရက်မှာ အိမ်သန့်ရှင်းရတာ၊ လျှော်ရဖွပ်ရတာ၊ ဖာရထေးရတာ ကလေးတွေကို ဂရုစိုက်ရတာနဲ့ပဲ အချိန်ကုန်တာပဲ။ ဒီအထဲမှာ သူ့ကိုယ်သူ သန့်ရှင်းသပ်ရပ်အောင်၊ ကြည့်ပျော်ရှုပျော်အောင်၊ သူ့စိတ်ကို ထိန်းရကျောင်းရအောင် လုပ်ရတဲ့ အချိန်တွေကလည်း ရှိသေးတယ်။ တကယ်လုပ်ပြီဆိုရင် မိန်းမတစ်ယောက်ရဲ့ အလုပ်ဟာ အားရတယ်လို့တောင် မရှိပါဘူး။ ဒါပေမယ့် ဒီလို အအားမနေ အလုပ်လုပ်တဲ့အတွက်ရတဲ့ ရလာဒ်ကတော့သိသာပါတယ်။ ပိုက်ဆံနည်းသော်လည်း သတ္တိများများနဲ့လုပ်ရင် ကျွမ်းကျင်တဲ့အိမ်ရှင်မဟာ ရက်အနည်းငယ်အတွင်းမှာပဲ တိရစ္ဆာန်ကျင်းကလေးလို အိမ်ကို နေချင်စဖွယ် အိမ်ဖြစ်အောင် ဖန်တီးနိုင်ပါတယ်။ ဒီအချက်ဟာ အလုပ်လုပ်ခြင်းအနုပညာနဲ့ ချစ်ခြင်းအနုပညာတို့ ပေါင်းဆုံတဲ့ နေရာကလေးပါပဲ။

❑❑

သင်ပြမှုအနုပညာဆိုတာရှိတယ်။ တော်တော်ခက်တဲ့ အနုပညာဖြစ်ပြီး ရှည်လျားတဲ့ အတွေ့အကြုံလိုတယ်။ ကလေးတွေကို အုပ်ထိန်းတော့မယ်ဆိုတာနဲ့ တစ်ပြိုင်နက် သင်ပြမှုအနုပညာဟာ ဘယ်လောက်ခက်ခဲသလဲဆိုတာ တွေ့လာရတော့တာပဲ။ ဖခင်တစ်ယောက်ဟာ ဆရာကောင်းတစ်ယောက်ဖြစ်ခဲတယ်။ သူဟာ သူ့ကိုယ်သူ သိတယ် တတ်တယ်လို့ ထင်နေပေမယ့် တကယ်ကျတော့ ကလေးတွေအကြောင်းကို ဘာမှမသိဘဲ ဖြစ်နေတယ်ဆိုတာ တွေ့လာရတယ်။ ဒါမှမဟုတ်ရင်လည်း သိတော့သိပါရဲ့ ဒါပေမယ့် သိတာကို



တာလေးတွေလက်ခံအောင်၊ နားလည်အောင်၊ မလုပ်တတ်ဘဲဖြစ် နေတတ်တယ်။ ဒါမှမဟုတ်သေးရင်လည်း ကလေးတွေကို သင်ပြရတာဟာ ငြီးငွေ့စရာကောင်းတဲ့အတွက် ခက်ထန်မောက်မာပြီး စိတ်မရှည်နိုင်ဖြစ်နေတတ်တယ်။ ဒါမှမဟုတ်ရင်လည်း ကလေးတွေကို သိပ်ချစ်လေတော့ အလွန်အမင်း အလိုလိုက်ပြီး ဖျက်ဆီးသလို ဖြစ်နေတတ်တယ်။ ဒါကြောင့်မို့ သင်ပြမှုအနုပညာကို ကျောင်းဆရာများသာလျှင် ကျွမ်းကျင်နိုင်နင်းကြတယ်။ ကျွန်တော်တို့ဟာ သင်ပြမှုအနုပညာရဲ့ စည်းမျဉ်းဥပဒေတွေကို ကျောင်းဆရာတွေဆီကတစ်ဆင့် ပြန်ပြီး သင်ကြားကြရလိမ့်မယ်။

စည်းကမ်းရယ်လို့ မရှိရင် သင်ပြမှုဆိုတာလည်း မရှိနိုင်ဘူး။ တပည့်တစ်ယောက်ဟာ ပထမအားဖြင့် အလုပ်လုပ်ဖို့ သင်ယူရမယ်။ စိတ်ကို လေ့ကျင့်သင်ကြားခြင်း မပြုမီမှာ အလိုဆန္ဒကို လေ့ကျင့်သင်ကြားခြင်း ပြုရလိမ့်မယ်။ ဒီလိုမသင်ကြားနိုင်ခဲ့တဲ့အတွက် ကလေးကို အိမ်မှာ သင်ကြားပြသတာတွေ မအောင်မြင်ဖြစ်တယ်။ အိမ်မှာဆိုတော့ ကလေးကပေးတဲ့ ဆင်ခြင်ဆင်လက်တွေကို အလွယ်တကူ လက်ခံလိုက်ကြတယ်။ ကလေးခေါင်းကိုက်နေလို့၊ မနေ့ညက အိပ်ရေးပျက်နေလို့၊ ညက မွေးနေ့ပါတီကို သွားနေလို့ ဆိုပြီး အိမ်ကသင်ကြားမှုဟာ စည်းကမ်းလျော့ရဲသွားတော့တယ်။ ကျောင်းမှာတော့ ဒီလိုဆင်ခြေဆင်လက်တွေ ပေးလို့မရဘူး။ ဒါဟာ ကျောင်းမှာအိပ်ထားလို့ရတဲ့ အကျိုးကျေးဇူးပဲ။ ဒီနေရာမှာ ဘော်ဒါဆောင်မှာထားတဲ့ကိစ္စကို အထူးပြောလိုတာ ဖြစ်တယ်။ ဘော်ဒါဆောင်မှာထားတဲ့အတွက် မကောင်းတာတွေလည်း ရှိတော့ရှိသပေါ့။ ဘော်ဒါမှာထားတဲ့အတွက် အကျင့်စာရိတ္တကို ထိခိုက်တာကလေးတွေ ရှိလာနိုင်တယ်။ အများအားဖြင့်တော့ ကြီးကြီးကျယ်ကျယ် ထိခိုက်တာတွေများတယ်။ ဒါပေမယ့် လူတော့ ဖြစ်သွားတာပေါ့လေ။ ဘော်ဒါစနစ်ဟာ ယောက်ျားကလေးတွေကို အသိုက်အဝန်းထဲမှာ ကိုယ့်နေရာကိုယ် နေတတ်သွားအောင် လုပ်ပေးလိုက်တယ်။ အိမ်မှာတော့ သူတို့နေရာကို သူတို့ကြိုးစားအားထုတ်ပြီး ရှာမနေရဘူးလေ။ လူကြီးမိဘက အဆင်သင့်လုပ်ပေးထားတာကိုး။ ဒီတော့ သူတို့အဖို့ လွယ်နေတာပေါ့။ လိုလည်းလိုအပ်တယ်။ လူကြီးကလည်း မျှမျှတတ စဉ်းစားတတ်တယ်ဆိုရင် အသက်ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အထိ နေ့ကျောင်းကို ထားဖို့လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



(အိမ်ကနေ ကျောင်းတတ်သင့်တယ်) ယောက်ျားကလေးတွေအဖို့ အသက် ၁၇ နှစ်နဲ့ ၂၀ ကြားမှာ မြို့ကြီးတွေမှာ လွတ်လပ်စွာ နေခွင့်ပေးတာဟာ တော်တော်အန္တရာယ်များတယ်။

ကလေးကို ပျော်ရွှင်အောင် လုပ်ပေးတာဟာ ပညာသင်ကြားပေးတာမဟုတ်ဘူး။ ပညာသင်ကြားခြင်းရဲ့ ရည်ရွယ်ချက်ဟာ ကလေးရဲ့ စိတ်ဓာတ်မှာ ပညာဗဟုသုတအခြေခံတစ်ခုကို တည်ဆောက်ပေးဖို့၊ ကလေးကို ပျမ်းမျှအသိဉာဏ်အဆင့်ကို ရောက်အောင် တဖြည်းဖြည်းမြှင့်တင်ပေးဖို့ ဖြစ်တယ်။ ဒီလိုနဲ့ နောင်ကြီးပြင်းလာတဲ့အခါမှာ အတွေ့အကြုံက သင်ပေးလိုက်တဲ့ သင်ခန်းစာတွေနဲ့ အသစ်တွေ့ရှိချက်တွေဟာ အဲဒီ အခြေခံကို ထပ်လောင်းဖြည့်စွက်ပေးသွားလိမ့်မယ်။ ကလေးရဲ့ တိုးတက်ဖွံ့ဖြိုးမှုအစဉ်ကို ဖရိုဖရဲဖြစ်အောင် လုပ်ဖို့ကြိုးစားတာ၊ ခေတ်သစ်လူနေမှုဘဝရဲ့ ကြီးကျယ်ခမ်းနားမှုတွေနဲ့ ကလေးရဲ့ စိတ်ကို လမ်းလွဲရောက်အောင် လုပ်ပြီးကလေးကို အလိုလိုက်တာဟာ အလွန်မှားတယ်။ ကလေးကို အရုပ်ကားတွေ၊ ရေဒီယိုတွေ ရုပ်ရှင်တွေနဲ့ သင်ကြားပေးတာဟာ ထိရောက်ခြင်းမရှိဘူးလို့ ကျွန်တော်ထင်တယ်။ တကယ်လို့ အဲဒီနည်းတွေနဲ့ သင်ကြားတာဟာ အထူးစိတ်အားထက်သန်မှုတို့၊ အားထုတ်မှုတို့ကို လှုံ့ဆော်ခြင်းမပြုနိုင်ဘူးဆိုရင် အဲဒီနည်းတွေကို မသုံးသင့်ဘူး။ အခက်အခဲမရှိဘဲ ဒီလိုလွယ်လွယ်နဲ့ တတ်အောင်သင်ပေးတာမျိုးဟာ မကြာခင်မှာ အလွယ်တကူနဲ့ မေ့ပျောက်သွားတတ်တယ်။ ဒါကြောင့်မို့ တပည့်ရဲ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်မှုမရှိတဲ့ နှုတ်နဲ့ပို့ချသင်ကြားပေးခြင်းဟာလည်း အကျိုးမများဘူး။ (တပည့်ရဲ့ ပါဝင်မှုမရှိဘဲ ရေဒီယိုမှာ သို့မဟုတ် ရုပ်မြင်သံကြားမှာ ဆရာနဲ့တပည့်ဟန် အမေးအဖြေလုပ်ပြီး သင်ကြားပေးခြင်းမျိုး) ချက်ချင်းမေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာပဲ။ စကားပြော ဘယ်လောက်ကောင်းတဲ့ သူက ပို့ချနေပေ့စေ ခဏသာ မှတ်မိလိုက်ပြီး နောက်ကျတော့ မေ့ပျောက်သွားမှာပဲ။ သင်ကြားပို့ချမှုကို နားထောင်ရတယ်ဆိုတာ လက်တွေ့ အလုပ်မပါဘဲ ဘေးက သက်သက်ထိုင်ပြီး နားထောင်နေရတာမျိုး မဟုတ်လား။ (ဒါပေမယ့် ဒီနေရာမှာ ခေတ်သစ်ဘာသာစကားတွေ သင်ကြားတဲ့ကိစ္စမျိုးတော့ မပါဘူး။ ခုခေတ်ဘာသာစကားသင်ကြားမှုမှာတော့ လေယူလေသိမ်း အသံထွက်စသည်ကို



မှန်ကန်အောင် နားထောင်ယူရတယ်။)

အခြေခံသင်ပြမှုဟာ အရေးအကြီးဆုံးဖြစ်တယ်။ များသောအားဖြင့် မိဘတွေဟာ အဲဒီအခြေခံသင်ပြမှုကို အရေးကြီးထားလေ့မရှိကြဘူး။ 'အိမ်က သားလေးက ဘယ်လိုအလုပ်လုပ်မယ်ဆိုတာ မသိဘူး။ ငယ်လည်းငယ်သေးတာကိုး' လို့ ပြောလေ့ရှိကြတယ်။ အရေးကြီးတာက အစကောင်းမှ အနှောင်းသေချာဆိုသလို ပထမဆုံး သင်ပေးတဲ့ ဘာသာရပ်ကို ကောင်းကောင်းသင်ပေးဖို့ အရေးကြီးတယ်။ အဖတ်ရယ်၊ အရေးရယ်၊ ဂဏန်းသင်္ချာရယ်တို့ကို ကောင်းကောင်းတတ်တာဟာ အများကြီး အခွင့်သာစေတယ်။ လူတော်တော်များများဟာ အခြေခံပညာဗဟုသုတမရှိကြဘူး။ လူတော်တော်များများဟာ စာဖတ်ပုံညံ့ဖျင်းကြတယ်။ ခက်ခက်ခဲခဲ ဖတ်ကြရတယ်။ ကိုယ်ပြောမယ့်အကြောင်းအရာ တစ်ခုအတွက် စကားလုံးကို ချက်ချင်းရှာမတွေ့တတ်ကြဘူး။ ငယ်ငယ်က သေသေချာချာ သင်ကြားခဲ့သလား၊ မသင်ကြားခဲ့ဘူးလားဆိုတာကို သိချင်ရင် သင်္ချာမှာ တော်သလား မတော်ဘူးလားဆိုတာကို ကြည့်ရုံနဲ့ သိနိုင်တယ်။ ဂဲဩမက်ထရီပထမစိန္တကကထာနဲ့ အက္ခရာသင်္ချာအခြေခံတို့လောက်ကို မသိရင် ရှေ့ဆက်ပြီး သင်ခန်းစာတွေကို ဆက်လိုက်ဖို့ မလွယ်တော့ဘူး။

အရာဝတ္ထုများစွာကို ရောထွေးသင်ကြားခြင်းထက် နည်းနည်းကို သေသေချာချာ သင်တာက ပိုကောင်းတယ်။ သင်ရိုးညွှန်းတမ်းက ခေါင်းကြီးကိုယ်သေးဖြစ်နေရင် သင်စရာတွေများနေရင် အချည်းနှီးပဲ။ ပညာသင်ကြားရေးရဲ့ ရည်ရွယ်ချက်ဟာ အတတ်ပညာရပ်တွေကို ထုတ်လုပ်ပေးဖို့ မဟုတ်ဘူး။ ကောင်းမွန်တက်ကြွတဲ့ စိတ်ထားတွေကို ထုတ်လုပ်ပေးဖို့ ဖြစ်တယ်။ ဒီလို ဖြစ်ဖို့အတွက် တစ်စုံတစ်ခုသော စည်းကမ်းလိုတယ်။ လက်တင်ဘာသာနဲ့ ဂဲဩမက်ထရီကို အဓိကထားပြီး သင်ရမယ်လို့ နပိုလီယန်က ပြောခဲ့ဖူးတယ်။ ကျွန်တော်ကတော့ အဲဒီအထဲမှာသမိုင်းနည်းနည်း၊ ရူပဗေဒနည်းနည်း ပြီးတော့ အဲဒီတိုင်းပြည်ရဲ့ ဘာသာစကားများများ ထပ်ထည့်ချင်တယ်။ ဒီလောက်ဆိုရင် လုံလောက်ပါပြီ။ သမိုင်းနဲ့ သိပ္ပံပညာရပ်များကို သင်ကြားရာမှာ စာသင်သားတပည့်ဟာ နောက်ဆုံးပေါ်တွေ့ရှိချက်တွေ၊ နောက်ဆုံးပေါ်သဘောတရားတွေကို သိဖို့မလိုပါဘူး။ ဒါပေမယ့် သမိုင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



နည်းနာဟာ ဘာလဲ၊ သိပ္ပံပညာရဲ့ နည်းနာဟာ ဘာလဲဆိုတာကိုတော့ သိဖို့ လိုပေလိမ့်မယ်။ ကလေးအဖို့ ခေတ်သစ်ရူပဗေဒပညာရှင်တွေရဲ့ အသေး စိတ်ရှင်းလင်းဖွင့်ဆိုချက်တွေထက် အတော်အတန် ရှင်းလင်းလွယ်ကူတဲ့ ဓာတ်ကောပိုင်းပညာရှင်များရဲ့ ကျမ်းတွေက ပိုပြီးရှင်းလင်းတယ်။ အသုံးကျ တယ်။ ကဗျာဆရာ-ဒဿနဆရာ အာလိန်းက 'သင်ပြမှုဟူသည်လုံးဝ နှေး ကွေးရမည်ဖြစ်ပေ၏' လို့ ပြောခဲ့ဖူးပါတယ်။ ဒီစာကြောင်း ကလေးဟာ ရှေးဟောင်းယဉ်ကျေးမှုကို ပစ်ပယ်ချင်တဲ့ ကျွန်တော်တို့ ခေတ်သစ်ပညာရေး သမားတွေအတွက် တော်တော်မှတ်သားဖို့ကောင်းတဲ့ စကားကလေးတစ်ခွန်း ဖြစ်ပါတယ်။ ခေတ်မီအောင်၊ သတင်းအချက်အလက်သိအောင် လုပ်တာဟာ ယဉ်ကျေးမှုမဟုတ်ပါဘူး။ လူငယ်တွေဟာ ခေတ်မီအကြောင်းချင်းရာတွေကို သိနေဖို့ထက် ယဉ်ကျေးမှုရှိဖို့က ပိုလိုအပ်နေပါတယ်။

□□□

စာဖတ်တာကို အလုပ်လုပ်တာလို့ ခေါ်နိုင်ပါ့မလား။ ကဗျာဆရာ ဗာလေရီ ကတော့ 'စာဖတ်ခြင်းဟာ ပြစ်ဒဏ်ပေးခြင်းမခံရတဲ့ မကောင်းမှုတစ်ခု' လို့ ဆိုတယ်။ ဒဿနဆရာ ဒေးကားကတော့ 'စာဖတ်ခြင်းဟာ အတိတ်ရာစုနှစ် များက ဂုဏ်သတင်းအကျော်ကြားဆုံး ပုဂ္ဂိုလ်များနဲ့တွေ့ဆုံ စကားပြောခြင်း' လို့ သူနဲ့ပြောင်းပြန်ပြောခဲ့တယ်။

သူတို့နှစ်ယောက်စလုံး မှန်ကြပါတယ်။

စာဖတ်ခြင်းကို ဘိန်းလိုသဘောထား မှီဝဲရင်၊ လက်ရှိအစစ်အမှန် ကမ္ဘာကြီးက ထွက်ပြေးတဲ့ နည်းလမ်းတစ်ခုအနေနဲ့ အသုံးပြုရင်၊ စိတ်ကူးယဉ် မှုထဲကို ထွက်ပြေးတဲ့နည်းလမ်း တစ်ခုအဖြစ် အသုံးပြုရင် စာဖတ်တာဟာ မကောင်းဘူးပေါ့။ ဒီလို မကောင်းမှုစွဲနေတဲ့ လူတွေဟာ စာကို အမြဲဖတ်ကြ တယ်။ သူတို့အဖို့ စာထဲမှာ ပါသမျှအရာတိုင်းဟာ ကောင်းတယ်။ စွယ်စုံကျမ်း ကြီးကိုလှန်ပြီး ရေဆေးရေးနည်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို သဲကြီး မဲကြီးဖတ်တယ်။ လက်နက်ခဲယမ်းမီးကျောက်အကြောင်းကို ရေးထားတဲ့



ဆောင်းပါးကိုလည်း အလားတူ သဲကြီးမဲကြီး ဖတ်တာပဲ။ အခန်းထဲမှာ တစ် ယောက်တည်း ရှိနေတာနဲ့ တစ်နေရာမှာ ပုံထားတဲ့ စာနယ်ဇင်းပုံကြီးကို လှန်လှောပြီး တွေ့ရာကို ကောက်ဖတ်လိုက်တော့တာပဲ။ ကိုယ့်ဘာသာကိုယ် စဉ်းစားတွေးတောဖို့ အချိန်မပေးတော့ဘူး။ သူတို့ဟာ အတွေးအခေါ်တို့ လည်း မရှာတော့ဘူး။ အချက်အလက်ကိုလည်း မရှာတော့ဘူး။ သူတို့ကိုယ် တိုရော ကမ္ဘာကြီးကိုရော မမြင်အောင် တားဆီးဟန့်တားထားတဲ့ စကားလုံး အစဉ်အတန်း တွေထဲမှာကိုပဲ လိုက်လံရှာဖွေနေတော့တာပဲ။ ဒီလိုစာဖတ်တဲ့ အခါကျတော့ အဲဒီဖတ်တဲ့ စာတွေထဲက ဘာမှလည်း မရလိုက်ကြတော့ဘူး၊ သတင်းအချက်အလက်ရင်းမြစ်အမျိုးမျိုးကို အခြေခံတဲ့ တန်ဖိုးညှိနှိုင်းမှုတွေ ကိုလည်း မလုပ်နိုင်ကြတော့ဘူးပေါ့။ ဒီလို အကျင့်ပါလာတဲ့အခါကျတော့ စာဖတ်ခြင်းဟာ ပျော့ညံ့ပြီး ဘာမှအကျိုးမရှိတဲ့ အလုပ်တစ်ခု ဖြစ်လာခဲ့ တယ်။ စာမျက်နှာတွေကို တစ်ရွက်ပြီးတစ်ရွက် လှန်ဖတ်သွားပေမယ့် စိတ်ဝင် စားမှုလည်း မရှိတော့ဘူး။ အနက်အဓိပ္ပာယ်ကို နားလည်သဘောပေါက်ခြင်း လည်း မရှိတော့ဘူး။ ဖတ်တဲ့စာတွေကို စိတ်ထဲမှာလည်း စွဲမှတ်မထားနိုင် တော့ဘူး။ ကြေညက်အောင်လည်း မလုပ်နိုင်တော့ဘူး။

အပျင်းပြေ ဖတ်ခြင်းကတော့ တက်ကြွတဲ့၊ အကျိုးရှိတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်တယ်။ ဝတ္ထုကြိုက်သူဟာ အပျင်းပြေသဘောနဲ့ ဖတ်ခြင်းဖြစ်တယ်။ အလှ အပကို တွေ့ရမလား၊ ကိုယ့်ခံစားချက်တွေကို လှုပ်ရှားစေမယ့် မြင့်မားသွား စေမယ့် အရာမျိုးကို တွေ့ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဖတ်ကြတယ်၊ ဒါမှမဟုတ် ကိုယ်မတွေ့ဖူးတဲ့ စွန့်စားခန်းမျိုးကို တွေ့ရမလားဆိုတဲ့ မျှော် လင့်ချက်နဲ့ဖတ်ကြတယ်။ တချို့ကျတော့လည်း စာရေးဆရာတွေ၊ ကဗျာ ဆရာတွေ၊ နီတိဆရာတွေထဲမှာ ကိုယ့်အတွေးမျိုး၊ ကိုယ့်ခံစားချက်မျိုးတွေကို ပြီး ထင်ထင်ရှားရှား ကြည်ကြည်လင်လင် တွေ့ရမလားဆိုတဲ့ မျှော်လင့် ချက်နဲ့ဖတ်ကြတယ်။ တချို့ကျတော့လည်း သမိုင်းခေတ်တစ်ခေတ်အ ကြောင်းကို အာရုံစိုက်ဖတ်နေခြင်းမဟုတ်ဘဲ လူတွေရဲ့ ခံစားချက်ဟာ ရာစုနှစ်တွေတစ်လျှောက်မှာ ဘယ်လောက်ကွဲပြားခြားနားကြသလဲ၊ ဘယ်လောက်တူညီကြသလဲဆိုတာကို သိချင်စိတ်နဲ့ ဖတ်ကြတယ်။ ဒီလို အပျင်းပြေဖတ်ခြင်းဟာသန့်ရှင်းအပြစ်ကင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်မျိုးကတော့ အလုပ်သဘော စာဖတ်ခြင်းပဲ။ ကိုယ့်စိတ်ထဲမှာ တွေးနေတဲ့အတွေး၊ ကိုယ့်စိတ်ထဲမှာ ဖွဲ့စည်းနေတဲ့ အယူအဆ အဆောက်အအုံကို အထောက်အကူပြုဖို့၊ ထောက်ခံဖို့အတွက် တစ်စုံတစ်ခုသော အသိကိုရမလားဆိုတဲ့ သဘောနဲ့ဖတ်ကြတယ်။ အလုပ်သဘော စာဖတ်ခြင်းကို လုပ်မယ်ဆိုရင် (အလုပ်သဘောနဲ့ စာဖတ်မယ်ဆိုရင်) ကိုယ်ကလည်း မှတ်ဉာဏ်တို့ဘာတို့ သိပ်မကောင်းဘူးဆိုရင် လက်ထဲမှာ ခဲတံကိုကိုင်ပြီး ဖတ်သင့်တယ်။ ကိုယ်သုံးချင်တဲ့ စာပိုဒ်တစ်ပိုဒ်ကို နှစ်ခါလိုက် ရှာရတာဟာ အချိန်ကို ဖြုန်းတီးရာရောက်တယ်။ ကျွန်တော့်အဖြစ်အပျက်ကိုပဲ ဥပမာ ပြချင်တယ်။ သမိုင်းကျမ်းတို့၊ လေးနက်တဲ့ ကျမ်းတို့ကို ကျွန်တော်ဖတ်ရင် အရေးကြီးတဲ့ စာပိုဒ်ပါတဲ့ စာမျက်နှာကို စာအုပ်အဖုံးအတွင်းဘက်မှာ ကျွန်တော် မှတ်ထားလိုက်တယ်။ ဒီနည်းအားဖြင့် ကိုယ်လိုတဲ့အခါမှာ ဒီစာပိုဒ်ကို ရှာချင်ရင် စာအုပ်တစ်အုပ်လုံးကို လျှောက်လှန်နေဖို့ မလိုတော့ဘဲ အလွယ်တကူ ရှာလို့ရသွားတယ်။

❑❑

အခြားသော အလုပ်များမှာလိုပဲ စာဖတ်တဲ့ အလုပ်မှာလည်း စည်းမျဉ်းစည်းကမ်းတွေရှိတာပဲ။ များများကြီးကို အပေါ်ယံသိတာထက် စာရေးဆရာနည်းနည်းနဲ့ အကြောင်းအရာ နည်းနည်းကို ပြည့်ပြည့်စုံစုံ ထဲထဲဝင်ဝင် သိတာက ပိုပြီး အဖိုးတန်တယ်။ စာအုပ်တစ်အုပ်ကို ဖတ်လိုက်တဲ့အခါ မှာ အဲဒီစာအုပ်ထဲက ကောင်းတဲ့အချက်အလက်တွေကို ပထမတစ်ကြိမ်ဖတ်ရုံနဲ့ ကောင်းကောင်းသိတာမဟုတ်ဘူး။ ငယ်ရွယ်စဉ် စာအုပ်ရွေးချယ်ရာမှာ အကောင်းဆုံးနည်းကတော့ လောကကြီးမှာ မိတ်ဆွေသူငယ်ချင်းရွေးသလို ရွေးသင့်တယ်။ အဲဒီ မိတ်ဆွေ သူငယ်ချင်းကိုတွေ့ပြီ၊ ရွေးချယ်ပြီးပြီ၊ ဆက်ဆံပြီဆိုတာနဲ့ သူတို့နဲ့အတူ ကြီးသည်အထိ ပေါင်းဖို့မလိုပါဘူး။ မွန်တိန်းရယ်၊ စိန့်ဆိုင်မွန်ရယ်၊ ရက်ဇ်ရယ်၊ ဘားလ်ဇက်ရက် - ဒါမှမဟုတ် ပရုစ်ရယ်။ သူတို့လောကကို ရင်းရင်းနှီးနှီး ပေါင်းသွားရင် လုံလောက်ပါတယ်။



စာဖတ်တဲ့အခါမှာ အတိတ်က ကြီးကျယ်ထင်ရှားခဲ့တဲ့ စာရေးဆရာကြီးတွေကို အထူးအာရုံစိုက်သင့်တယ်။ ပစ္စုပ္ပန်စာရေးဆရာတွေနဲ့ ကျွမ်းဝင်ရင်းနှီးဖို့ ကိစ္စဟာ လိုလည်းလိုအပ်တယ်။ သဘာဝလည်း ကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ဖတ်မှသာလျှင် ကျွန်တော်တို့သောကတွေ၊ ကျွန်တော်တို့ လိုလားချက်ရှိတဲ့ မိတ်ဆွေမျိုးတွေကို တွေ့နိုင်မှာကိုး။ ဒါပေမယ့် ကျွန်တော်တို့ဟာ ဘာမှအရေးမကြီးတဲ့ အသေးအမွှားစာအုပ်ပင်လယ်ကြီးထဲမှာ နစ်မြုပ်မသွားသင့်ပေဘူး။ စာပေလောကမှာ အကောင်းဆုံးလက်ရာလို့ ဆိုတဲ့ စာပေတွေဟာ များပြားလွန်းတဲ့အတွက် ကျွန်တော်တို့ အကုန်အစင် မသိနိုင်ဘူး။ ဒီတော့ အတိတ်က ရွေးပေးခဲ့တာကို ကျွန်တော်တို့ ယုံကြည်အားထားဖို့ လိုတယ်။ လူတစ်ယောက်ဟာ မှားနိုင်တယ်။ မျိုးဆက်တစ်ဆက်ဟာလည်း မှားနိုင်တယ်။ ဒါပေမယ့် လူ့ဘောင်ကြီး လူမျိုးနွယ်ကြီး တစ်ခုလုံးကတော့ မမှားနိုင်ဘူး။ ဟိုမား၊ တက်ဆီးတပ်စ်၊ ရှိတ်စပီးယားနဲ့ မောလျဲတို့ဟာ ဂုဏ်သတင်းနဲ့ အမှန်တကယ် ထိုက်တန်သူများဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အချိန်ရဲ့ စမ်းသပ်မှုကို မခံရသေးတဲ့ စာရေးဆရာတွေထက် သူတို့ကို ပိုပြီး ဦးစားပေးရလိမ့်မယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ စာပေအာဟာရကို ကောင်းစွာ ရွေးချယ်ရလိမ့်မယ်။ စိတ်တိုင်းမှာ သူနဲ့သင့်တင့်တဲ့ အစာအာဟာရရှိတယ်။ ဒီတော့ ဘယ်စာရေးဆရာဟာ ကိုယ့်စာရေးဆရာလဲဆိုတာကို လေ့လာဖို့ လိုလိမ့်မယ်။ အဲဒီစာရေးဆရာတွေဟာ ကိုယ့်မိတ်ဆွေတွေ ကြိုက်တဲ့ စာရေးဆရာတွေနဲ့ ကွဲပြားနေလိမ့်မယ်။ အချစ်မှာလိုပဲ စာပေမှာလည်း ကျွန်တော်တို့ တတွေဟာ သူများတွေ ရွေးသွားတာကိုကြည့်ပြီး အံ့အားသင့်ခြင်းဖြစ်ကြတယ်။ ဒီတော့ ကိုယ်နဲ့သင့်လျော်တဲ့အရာကို စွဲစွဲမြဲမြဲရှိဖို့လိုတယ်။ ဒီနေရာမှာ သင့်မသင့်ကို ဆုံးဖြတ်နိုင်တဲ့ အကောင်းဆုံးတရားသူကြီးဟာ ကိုယ်ကိုယ်တိုင်ပဲ မဟုတ်လား။

ဖြစ်နိုင်လို့ရှိရင် စာဖတ်တာကို တလေးတစား တည်တည်ငြိမ်ငြိမ် ရှိတဲ့ စိတ်ထားမျိုးနဲ့ ဖတ်သင့်တယ်။ သိပ်ကောင်းတဲ့ ပြဇာတ်ကြီးတစ်ခု ဒါမှမဟုတ် သိပ်လေးနက်ခမ်းနားတဲ့ အခမ်းအနားကြီးတစ်ခုကို [illegible] ထားတဲ့ စိတ်ထားမျိုးဆိုပါတော့။ စာရွက်ကို ဟိုတစ်ရွက်ဒီတစ်ရွက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



လှန်တုန်း တယ်လီဖုန်းခေါ်လို့ထသွား၊ စိတ်မပါဘဲနဲ့ စာအုပ်ကောက်ကိုင် နည်းနည်းဖတ်ပြီး ပစ်ချလိုက်၊ နောက်တစ်နေ့မှာ ကောက်လှန်တာမျိုး ကတော့ စာဖတ်ခြင်းမမည်ဘူး။ တကယ် အစစ်အမှန် စာဖတ်သူဟာ ရှည်လျားတဲ့ ညနေခင်းမှာ တစ်ယောက်တည်း အချိန်ရအောင် ကြံဖန်လုပ်တယ်။ ကိုယ်သိပ်သဘောကျတဲ့ စာရေးဆရာမျိုးဆိုရင် ဆောင်းတွင်း တနင်္ဂနွေနေ့ တစ်ညနေလေးကို အရံသင့်ပြင်ထားတယ်။ ဘားလ်ဇက်တို့၊ စတဲင်ဒယ်တို့ ဝတ္ထုမျိုးကို ဖတ်ချင်နေတုန်းမှာ မီးရထားခရီးရှည်သွားရရင် သူ သိပ်ကျေးဇူးတင်တယ်။ ဂီတချစ်သူတစ်ယောက်ဟာ စထရာဗင်းစကီးရဲ့ 'ပက်ထရုရှကာ' တေးသီချင်းကြီးထဲက ပဥ္စလက်ဆရာရဲ့အဖွဲ့ကိုရောက်ရင် ဘဝင်ခိုက်ပြီး ကြည်နူးသွားသလို စာအုပ်တစ်အုပ်ထဲက သူအလွန်ကြိုက်တဲ့ စာပိုဒ်တစ်ပိုဒ် ဒါမှမဟုတ် စာကြောင်းတစ်ကြောင်းကို ပြန်ဖတ်လိုက်ရရင် သိပ်ပြီးဘဝင်ခိုက် ကြည်နူးသွားရတယ်။ (ပရုစ်ရဲ့ ဝတ္ထုထဲက ဟော်သွန်ခြံစည်းရိုးကလေးတွေ ဖွဲ့ထားတဲ့ အဖွဲ့မျိုး၊ ဘော်စတွိုင်းရဲ့ ဝတ္ထုထဲက လီဗင်ရဲ့ စေ့စပ်ကြောင်းလမ်း ပွဲအကြောင်းကို ဖွဲ့ထားတဲ့ အဖွဲ့မျိုး။)

ဒီတော့ ကိုယ့်ကိုယ်ကို တကယ်အမှန်ကောင်းတဲ့ စာအုပ်တွေနဲ့ ထိုက်တန်အောင်ကြိုးစားပါ။ ဒီစာအုပ်တွေက ဘယ်လိုအရသာမျိုးကို ပေးတယ် မပေးဘူးဆိုတာကတော့ ကိုယ်က ဒီစာအုပ်တွေအပေါ်မှာ ဘယ်လောက်တန်ဖိုးထားသလဲ၊ မထားသလဲဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်။ ခံစားမှုအတက်အဆင်း အနိမ့်အမြင့်တွေကို အဲဒီခံစားမှုအတက်အဆင်းကို ကြုံတွေ့ဖူးသူများ၊ ဒါမှမဟုတ် သူတို့ရဲ့ ပွင့်လန်းချိန်ကို မျှော်လင့်ချက်တို့ သောကတို့နဲ့ စောင့်နေရတဲ့လူငယ်များသာလျှင် စိတ်ဝင်စားကြတယ်။ မနှစ်တုန်းက စွန့်စားခန်းဝတ္ထုတွေလောက်သာ တရှိုက်မက်မက် ဖတ်လာခဲ့ပြီး ဒီနှစ်ကျတော့ အချစ်ရဲ့ကြည်နူးစရာတွေ၊ ဝေဒနာတွေကို ခံစားတတ်လာတဲ့ အတွက် တော်စတွိုင်းရဲ့ 'အင်နာကရီးနီးနား' လို့ ဝတ္ထုမျိုးကို နှစ်သက်စွဲလမ်း သွားတဲ့လူငယ်၊ လုံမငယ်တစ်ယောက်ကို တွေ့လိုက်ရတာလောက် စိတ်လှုပ်ရှားစရာကောင်းတဲ့ မြင်ကွင်းဘယ်မှာ ရှိနိုင်ပါ့မလဲ။ လှုပ်ရှားမှုကို ကြိုက်သူများဟာ ကစ်ပလင်းကို ဖတ်ကြတယ်။ နိုင်ငံခေါင်းဆောင်တွေကတော့ တက်ဆီးတပ်စ်နဲ့ ရက်ဇ်ကို ဖတ်ကြတယ်။ မတရားတဲ့ အစိုးရတစ်ခုက သူ့ဆီက မော်ရိုကိုနိုင်ငံကို လုယူသွားပြီးတဲ့နောက်တစ်နေ့မှာ လေယော့တေးဟာ ရှိတ်စပီးယားရဲ့ 'ကိုရီယိုလင်းနတ်စ်' ပြဇာတ်ကို ဖတ်နေတာကို မြင်ရတာဟာ တော်တော်ကျက်သရေရှိတယ်။ စာဖတ်ခြင်း အနုပညာဆိုတာ တခြားမဟုတ်ဘူး။ စာအုပ်တွေထဲမှာ လူ့ဘဝကြီးကို တွေ့လိုက်ရာကနေပြီး လူ့ဘဝအကြောင်းကို ပိုမိုသိနားလည်အောင် လုပ်နေတဲ့ အနုပညာပဲဖြစ်တယ်။



❑❑

အနုပညာရှင်တစ်ယောက်ရဲ့ အလုပ်ဟာ တစ်ပြိုင်နက်တည်းမှာ လက်မှုပညာရှင်တစ်ယောက်ရဲ့ အလုပ်နဲ့တူတာလည်း ရှိတယ်။ မတူတာလည်း ရှိတယ်။ နှစ်ဦးစလုံးဟာ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုရှိရလိမ့်မယ်။ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုဆိုတာ ရှေးဆရာကြီးများရဲ့ လက်ရာများကို ဂရုတစိုက် လေ့လာဆည်းပူးခြင်း၊ စိတ်ရှည်စွာ လေ့ကျင့်ခြင်းဖြင့်သာ ရနိုင်တယ်။ ပါရမီအခံရှိဖို့ကတော့ လိုတာပေါ့လေ။ (ဥပမာ မိုးဇတ်၊ ဘိုင်ရွန်၊ ဘူးဂိုး၊ ရှာတိုဘရိုင်းယန်းတို့လိုပေါ့။) ဒါပေမယ့် မွေးမြူပျိုးထောင်ပေးခြင်း မရှိရင် အဲဒီပါရမီအခံသည်ပင်လျှင် မြုံသွားနိုင်တယ်။ ကဗျာဆရာ ဗာလေရီ အလုပ်လုပ်တာကို ကျွန်တော် မြင်ခဲ့ဖူးတယ်။ ပရုစ်ရဲ့ လက်ရေးကော်ပီတွေကို ကျွန်တော်ဖတ်ခဲ့ဖူးတယ်။ စိတ်ရှည်လက်ရှည် ရှာဖွေထားတာ၊ ထပ်တလဲလဲပြင်ဆင်တာ၊ ကိုယ်ပြောချင်တဲ့ အတွေးအခေါ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်အောင် စကားလုံးရှာတာ၊ ရှေ့နောက်ညီညွတ်အောင် စီစဉ်တာကျ ဖြစ်အောင် အားထုတ်ရတာတွေကို တွေ့ရတယ်။ အဲဒီ အချက်တွေဟာ စာကောင်းကို ရေးနိုင်ဖို့ လိုအပ်တဲ့ တစ်ခုတည်းသော နည်းလမ်းပဲ။ သံစုံတီးဝိုင်းကြီး တစ်ဝိုင်းအတွက် တေးသွားကြီးတစ်ပုဒ်ကိုစပ်ဖို့ ရှုပ်ထွေးတဲ့ တလေ့ကျင့်သင်ကြားမှုလိုတယ်။ ပါရမီရှင် မဟုတ်ခဲ့ရင် ဒီလို လက်ရာများဟာ ရှည်ကြာပင်ပန်းတဲ့ လေ့လာသင်ကြားမှုကသာ ပေါ်ထွက်လာနိုင်တယ်။ အမြင့်ဆုံး၊ သဘာဝခံစားမှု အပြင်းထန်ဆုံးသော အနုပညာရပ်မှာ လေ့ကျင့် သင်ကြားမှုသဘောနဲ့ ကာယလေ့ကျင့်ခန်း သဘောဟာ အမြဲ[illegible]နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ အနုပညာရှင်ဟာ အတွေ့အကြုံကို ရလာတယ်။ ရေးဟန်နဲ့ လက်ရာမှာ တိကျမှုရှိလာတယ်။ အဲဒီလို ဖြစ်လာတော့ အနုပညာရှင်ဟာ ကိုယ်ဖော်ပြချင်တာကို လျှင်လျှင်မြန်မြန် သပ်သပ်ရပ်ရပ်နဲ့ လုပ်တတ်လာခဲ့တယ်။ အကြောင်းမသိသူတွေအဖို့တော့ ဒီလိုလုပ်နိုင်တာကို ကြည့်ပြီး တအံ့တဩဖြစ်နေကြတာပေါ့။ ပန်းချီကားတစ်ကားကို တစ်နာရီလောက်အတွင်းမှာ အပြီးဆွဲလိုက်လို့ ပန်းချီကျော် ဝှစ်စလားကို ဝိုင်းဝန်းအပြစ်ဆိုတဲ့အခါမှာ သူက နည်းနည်းကလေးမှ ဂရုမစိုက်ခဲ့ဘူး။ သူက ပန်းချီကားတစ်ကားလောက်ကို တစ်နာရီလောက်နဲ့ ဆွဲနိုင်ပေတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့တစ်သက်လုံးပန်းချီကားတွေကိုချည်း ရေးခဲ့တာကိုး။

ဒါပေမယ့် လက်မှုပညာရှင်တစ်ယောက်အဖို့ အဓိက လိုအပ်တဲ့ ဒီအတတ်ပညာကျွမ်းကျင်မှုဟာ အနုပညာရှင်တစ်ယောက်အဖို့တော့ သူ့အလုပ်ရဲ့ အစိတ်အပိုင်းတစ်ပိုင်းသာ ဖြစ်တယ်။ 'ကဗျာတစ်ပုဒ်ကို ခံစားချက်များနဲ့မရေး၊ စာလုံးများနဲ့သာရေးတယ်' လို့ တလေရီက ပြောခဲ့ဖူးတယ်။ အမှန်ကတော့ ခံစားချက်ရော၊ စာလုံးတွေရော လိုအပ်တာချည်းပါပဲ။ အနုပညာဒဿနတစ်ရပ်ကို စဉ်းစားလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ဟာ သဘာဝကြီးက ကျွန်တော်တို့ကို ချမှတ်ထားတဲ့ အစီအစဉ်နဲ့ ပုံသဏ္ဍာန်တို့အကြောင်းကို စဉ်းစားရလိမ့်မယ်။ ပုံသဏ္ဍာန်ဟာ လိုအပ်တယ်။ ဒါပေမယ့် ပုံသဏ္ဍာန်ဘယ်လောက်ပဲ ပြည့်စုံနေပေစေ အကြောင်းအရာရယ်လို့ မပါရင် ကျွန်တော်တို့ကို ဆွဲဆောင်နိုင်မှာမဟုတ်ဘူး။

ဘီယိုဗင်ရဲ့ ဆင်ဖိုနီတွေဟာ ပုံသဏ္ဍာန်အရ ကြည့်ရင် ဘာမှပြောစရာမရှိဘူး။ ဒါပေမယ့် သူ့ချည်းပဲဆိုရင် ဒီလောက်ကောင်းမှာမဟုတ်ဘူး။ ဘာဖြစ်လို့ ကျွန်တော်တို့ စိတ်ကို လှုပ်ရှားစေနိုင်သလဲဆိုရင် အဲဒီပုံသဏ္ဍာန် (ဆင်ဖိုနီ) ထဲမှာ ဘီသိုဗင်ရဲ့ ဝိညာဉ်တစ်ခုလုံးပူးနေလို့ပဲ။ သူ့အတွေးတွေ သူ့ဝေဒနာတွေ၊ သူ့ပျော်ရွှင်မှုတွေ အားလုံးပါဝင်နေလို့ပဲ။ ရေစင်းဟာလည်း ပုံသဏ္ဍာန်မှာ ဘာမှပြောစရာမရှိဘူး။ ဒါပေမယ့် ရေစင်းရဲ့ ခံစားချက်တွေ မပါရင် သူ့ပန်းချီကားတွေဟာ ဘယ်လိုဖြစ်နေမယ်ထင်သလဲ။

ဒါကြောင့်မို့ အနုပညာရှင်ဟာ အတတ်ပညာကျွမ်းကျင်မှုရှိရုံနဲ့ မလုံလောက်ဘူး။ (ဒီမှာ သူဟာ လက်မှုပညာရှင်နဲ့ ခြားနားသွားပြီ။) အနုပညာ



ရှင်ဟာ အသက်ရှင်နေရလိမ့်မယ်။ အသက်ရှင်နေခဲ့ရလိမ့်မယ်။ (ဘဝကို ဖြတ်သန်းရလိမ့်မယ်။ ဖြတ်သန်းခဲ့ရလိမ့်မယ်)၊ 'ကဗျာဟာ ငြိမ်းအေးမှုထဲမှာ ပြန်လည်ပေါင်းစည်းသွားတဲ့ စိတ်ခံစားချက်ဖြစ်တယ်' လို့ ပြောလေ့ရှိကြတယ်။ ဒါကြောင့်မို့ အနုပညာရှင်တစ်ယောက်ရဲ့ ဘဝမှာ အနည်းဆုံး အစိတ်အပိုင်းသုံးခုပါဝင်ဖွဲ့စည်းနေတာကို ကျွန်တော်တို့ တွေ့ရတယ်။ အဲဒါတွေကတော့ ရုပ်ခန္ဓာဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ အစိတ်အပိုင်း။ အဲဒီ အစိတ်အပိုင်းရှိမှသာလျှင် လူတစ်ယောက်ဟာ ဘယ်လိုသဘောရှိတယ် ဆိုတာကို ကဗျာဆရာသိနိုင်တယ်။ နောက်အစိတ်အပိုင်း တစ်ခုကတော့ တွေးတောကြံဆမှုနဲ့ စိတ်ကူးမှု အစိတ်အပိုင်း။ (ကဗျာဆရာဟာ အနုပညာဆိုင်ရာပစ္စည်းကို ထုတ်လုပ်နိုင်ဖို့အတွက် သူ့ရဲ့ အတိတ်ဘဝကို ပြန်လည်စားမြုံ့ပြန်နိုင်တဲ့ သတ္တဝါဖြစ်တယ်။) နောက်ဆုံး အစိတ်အပိုင်း တစ်ခုကတော့ အတတ်ပညာဆိုင်ရာ အစိတ်အပိုင်း ဖြစ်တယ်။ အဲဒီ အစိတ်အပိုင်းဟာ နည်းနိုင်တယ်။ တိုနိုင်တယ်။ တစ်နေ့ကို နှစ်နာရီလောက်ပဲ စာရေးတဲ့ စာရေးဆရာကြီးတွေကို ကျွန်တော်တွေ့ဖူးတယ်။ ဒါပေမယ့် အဲဒီလို မရေးခင်မှာ အချိန်အတော်ကြာအောင် တွေးတောစဉ်းစားရတာ၊ စာဖတ်ရတာ၊ စကားပြောရတာတွေ ရှိတယ်။ ဒါတွေဟာလည်း အလားတူလိုအပ်တဲ့ အလုပ်ပုံသဏ္ဍာန်တစ်မျိုးဖြစ်ပါတယ်။

ကောင်းပြီ။ ဒါဖြင့်ရင် အနုပညာရှင်ဟာ လောကကြီးထဲမှာ နေရမလား။ လောကကြီးအပြင်မှာ နေရမလား။ ဒီမေးခွန်းကတော့ ဖြေလို့မရတဲ့ မေးခွန်းလို့ ကျွန်တော် ထင်တယ်။ သူတော်စင်များလို အထီးကျန်နေထိုင်ခြင်းမျိုးဟာ အနုပညာရှင် တော်တော်များများအဖို့တော့ အကျိုးမများလှဘူးလို့ ထင်တယ်။ ကိုယ့်လက်ထဲမှာ ဖန်တီးစရာ အကြောင်းအရာတွေ ရှိနေတုန်းမှာတော့ လူ့လောကနဲ့ကင်းကွာပြီး အကြာကြီးနေနိုင်တာပေါ့။ အကြာကြီး အလုပ်လုပ်နိုင်တာပေါ့။ စာရေးဆရာကြီး ပရုစ်ဟာ ဖော့နံရံတွေကာထားတဲ့ သူ့အလုံခန်းထဲမှာ တစ်ယောက်ထီးတည်းနေပြီး သူ့ရဲ့အတိတ်ကို ပြန်ရှာဖွေလေ့ရှိတယ်။ အကယ်၍ ကျွန်တော်တို့ဟာ သူနေထိုင်နည်း နရီကိုရပြီး သူ့လို မှတ်ဉာဏ်ကောင်းတယ်ဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ ကျွန်တော်တို့ရဲ့ အတိတ်ဘဝတွေကနေပြီး အကြောင်းအရာတွေ အများကြီးပြန်စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖော်ထုတ်လို့ရနိုင်တာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ဟာ ပရစ်လုပ်သလို မလုပ်နိုင်ဘူးလေ။ ကျွန်တော်တို့ အများစုအဖို့တော့ အလုပ်လုပ်ချိန်နဲ့ အပန်းဖြေချိန်ဟာ တစ်လှည့်စီရှိနေဖို့လိုတယ်။ 'လူတစ်ယောက်အဖို့ ကိုယ့်ကိုယ်ကို ကျေနပ်ရောင့်ရဲနေတုန်း တစ်စုံတစ်ခုသောလုပ်ငန်းကို စွမ်းဆောင်အောင်မြင်ဖို့ ပြင်ဆင်နေတုန်းမှာ တစ်ယောက်တည်းနေရတာဟာ အလွန်ကောင်းတယ်' လို့ ဂါထေးက ပြောခဲ့ဖူးတယ်။ လုပ်ငန်းအောင်မြင်ဖို့အတွက် တစ်ယောက်တည်းအထီးတည်း မနေခင်မှာ ကျွန်တော်တို့လုပ်မယ့် လုပ်ငန်းဟာ တိကျရေရာတဲ့ လုပ်ငန်းတစ်ခုတော့ ဖြစ်ဖို့လိုတယ်။

□□

နားနေခြင်းအနုပညာဟာ အလုပ်လုပ်ခြင်းအနုပညာရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ မောပန်းပြီး အနားယူဖို့အလွန်လိုအပ်နေတဲ့ လူတစ်ယောက်ဟာ ကောင်းတဲ့အလုပ်တစ်ခုကို မလုပ်နိုင်ဘူး။ အိပ်မပျော်တဲ့ညတွေ လွန်မြောက်ပြီးတဲ့နောက် ကြောက်စရာကောင်းတဲ့ မနက်ခင်းတွေကို ကျွန်တော်တို့ မကြာခဏ တွေ့ဖူးခဲ့ကြတာပဲ။ အဲဒီအခါမှာ ကျွန်တော်တို့ရဲ့ ဦးနှောက်တွေဟာ အလုပ်လုပ်ဖို့ ငြင်းဆန်ကြတယ်။ အဲဒီအချိန်မျိုးမှာ အလုပ်လုပ်ခြင်း အနုပညာနဲ့ ပတ်သက်တဲ့မှုတွေကို ကျင့်သုံးဖို့ကြိုးစားခဲ့ရင် အချည်းနှီးပဲဖြစ်မှာပဲ။ အဲဒီ အခြေခံမှုတွေကို ကျင့်သုံးအကောင်အထည်ဖော်ချင်ရင် ကျွန်တော်တို့ရဲ့ စိတ်နဲ့ကိုယ်ဟာ အခြေအနေကောင်းမွန်နေဖို့လိုတယ်။ လူ့ရဲ့ ကိုယ်အင်္ဂါစနစ်ဟာ အလုပ်နဲ့ အနားယူမှုတို့ကို တစ်လှည့်စီ အလှည့်မပေးဘဲနဲ့ နေလို့မရဘူး။ အင်္ဂလိုဆက်ဇုံလူမျိုးတွေရဲ့ သီတင်းပတ်ကုန်အား လပ်ရက်စနစ်ဟာ လူ့မှုကျန်းမာရေးအတွက် တော်တော်အမြော်အမြင်ရှိတဲ့ စနစ်ဖြစ်တယ်။ ဥရောပတိုက်ကြီးရဲ့ကံကြမ္မာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကြီးတွေကို ချနေရပေမယ့် မောပန်းနွမ်းနယ်လွန်းလို့ မျက်လုံးကိုတောင် ကောင်းကောင်းမဖွင့်နိုင်တော့တဲ့ ပြင်သစ်ကက်ဘိနက်ဝန်ကြီးတွေကို ကျွန်တော် မြင်ခဲ့ဖူးတယ်။ ဒီလိုကိစ္စမျိုးမှာဆိုရင် အနားယူဖို့ဟာ မလွှဲမသွေလုပ်ရမယ့် တာဝန်ဝတ္တရားကြီးတစ်ခု ဖြစ်လာတယ်။



ကိုယ်ခန္ဓာ အားစိုက်ထုတ်ရလို့ မောပန်းနွမ်းနယ်နေတဲ့ အခါမျိုးမှာ နားနေမှုဟာ ခက်ခဲတဲ့အနုပညာတစ်ရပ်မဟုတ်ပါဘူး။ မောပန်းနွမ်းနယ်နေတဲ့လူတစ်ယောက်ဟာ အိပ်ရာပေါ်ပစ်လှဲလိုက်တာနဲ့ သစ်တုံးကြီးလို အိပ်ပျော်သွားမှာပဲ။ ဒါပေမယ့် စိတ်အားထုတ်မှုကြောင့် ပင်ပန်းနွမ်းနယ်ရတယ်ဆိုရင်တော့ အလိုအပ်ဆုံးအချိန်မှာတောင် တော်တော်နဲ့ အိပ်ပျော်ခြင်းကို ရောက်မှာမဟုတ်ဘူး။ ဒီလိုအခါမျိုးမှာတော့ အိပ်ခြင်းအနုပညာ (အတတ်ပညာ) ကို နားလည်ဖို့လိုလိမ့်မယ်။ အိပ်ခြင်းအနုပညာရဲ့ လျှို့ဝှက်ချက်တွေကတော့ သည်လိုပါ။

အိပ်ပျော်ချင်တယ်ဆိုရင် ငါဟာ အိပ်ပျော်သွားနိုင်တဲ့ အစွမ်းရှိရမယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရမယ်။ တစ်နည်းအားဖြင့် (Auto - suggestion) လို့ ခေါ်တဲ့ ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးမှုလုပ်ရမယ်။ အဲဒီအမိန့်ပေးမှုကို လုပ်ရာမှာ အလွန်ပမာဏနည်းတဲ့ အိပ်ဆေးနည်းနည်းဟာ အထူးအသုံးဝင်တယ်။ အိပ်တဲ့အခါမှာ ကိုယ်ခန္ဓာပြေလျော့မှုကို အများဆုံးပေးနိုင်တဲ့ ပုံသဏ္ဌာန်မျိုးနဲ့ လဲလျောင်းရမယ်။ အခန်းဟာ လုံးဝမှောင်နေရမယ်။ အပူရှိန်ဟာလည်း မျှတပြီး တသမတ်တည်းဖြစ်နေရမယ်။ ပစ္စုပ္ပန်နဲ့ဆိုင်တဲ့အတွေးတွေဟာ အိပ်မပျော်အောင်လုပ်တဲ့အတွက် ပစ္စုပ္ပန်အကြောင်းကို မတွေးမိအောင်လုပ်ရမယ်။ ဖြစ်နိုင်ရင် ကျွန်တော်တို့မှာ ပူပင်သောကတွေ မရှိသေးတဲ့ ရှည်ဝေးတဲ့အတိတ်အကြောင်းတွေကို တွေးမိအောင်စိတ်ကို စေခိုင်းရမယ်။ ကလေးဘဝတို့၊ လူမမယ်ဘဝတို့ကို ပြန်စဉ်းစားရမယ်။ ဟိုတစ်ခါတုန်းက ဖြစ်ခဲ့တဲ့အကြောင်းတွေကို ပြန်တွေးရမယ်။ ပိတ်ထားတဲ့မျက်ခွံအောက်မှာ သူတို့ကို မြင်ယောင်လာအောင် ပုံဖော်ကြည့်ရမယ်။ အဲဒီအခါမှာ အိပ်ပျော်အောင်လုပ်ပေးတဲ့ ငြိမ်းချမ်းတဲ့ ကမ္ဘာထဲကို တဖြည်းဖြည်းရောက်လာလိမ့်မယ်။

ခြားနားပေမယ့် ထိရောက်တဲ့တခြားနည်းတစ်နည်းရှိသေးတယ်။ အဲဒါကတော့ အိပ်မပျော်တာကို ရေးကြီးခွင့်ကျယ်လုပ်မနေဘဲ ဘာမှအရေးကြီးဘူးလို့ သဘောထားလိုက်တာ၊ ကံကောင်းတဲ့ ကိစ္စတစ်ခုပဲလို့အောက်မေ့လိုက်တာ၊ စာအုပ်တစ်အုပ်ကို ကောက်ဖက်တာ၊ ဒါမှမဟုတ် အလုပ်တစ်

www.burmeseclassic.com



ခုကို ကောက်လုပ်တာ၊ ဘယ်အချိန်အတွင်းမှာ အိပ်ပျော်ရမယ်လို့ ကန့်သတ်မထားဘဲ ခန္ဓာကိုယ်က အလိုလိုပင်ပန်းနွမ်းနယ်ပြီး အလိုလိုအိပ်ပျော်သွားအောင် တည်ငြိမ်စွာစောင့်ဆိုင်းထားတာ စတဲ့နည်းလမ်းတွေပါပဲ။

□□

လှုပ်ရှားတက်ကြွပြီး ကျန်းမာတဲ့လူတစ်ယောက်ရဲ့ အားလပ်ချိန်ကို ပြည့်သွားအောင်ဖြည့်တဲ့ကိစ္စဟာ မကြာခဏအခက်ကြုံရတတ်တယ်။ သူဟာ အလုပ်လုပ်မနေရရင် ငြီးငွေ့နေတယ်။ သူဟာ လှောင်အိမ်ထဲရောက်နေတဲ့ တိရစ္ဆာန်တစ်ကောင်လို ကြမ်းပြင်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး မကောင်းမှုတစ်ခုခုကို ကျူးလွန်ဖို့ပဲ စိတ်ကူးနေတော့တာပဲ။ အဲဒီ အလုပ်မရှိဖြစ်နေတဲ့အချိန်တွေကို ကုန်အောင်လုပ်ဖို့အတွက် မကောင်းတဲ့ အတွေးတွေဟာ သူ့ရဲ့ ကိုယ်ခန္ဓာထဲမှာ ဖြစ်ပေါ်နေတဲ့ အာရုံခံစားမှုတွေကို နှိုးဆွပေးနေကြတယ်။ ခေတ်သစ်ယဉ်ကျေးမှုဟာ တီထွင်မှုတွေ၊ စက်ယန္တယားတွေ များပြားလာတဲ့အတွက် လူရဲ့ အားလပ်ချိန်တွေဟာလည်း များသည်ထက်များ၊ ပိုသည်ထက် ပိုလာခဲ့တယ်။ ဒီတော့ အဲဒီအားလပ်ချိန်တွေကို ဘယ်လိုအသုံးချမလဲဆိုတာကို ကျွန်တော်တို့ စဉ်းစားရလိမ့်မယ်။ အောက်ပါနည်းလမ်းများစွာကို ဖော်ပြလိုက်ပါတယ်။

အချို့သော အလုပ်အကိုင်များဟာ အခြားသူတွေအတွက် အလုပ်ဖြစ်နေပေမယ့် ကျွန်တော်တို့အတွက် အပန်းဖြေနည်းတွေ ဖြစ်နေတတ်တယ်။ ရုပ်ရှင်သရုပ်ဆောင်ခြင်း၊ ဥယျာဉ်စိုက်ခြင်း၊ ငါးမျှားခြင်း၊ အမဲလိုက်ခြင်း၊ လက်သမားလုပ်ခြင်း စတဲ့ အလုပ်တွေဟာ အသက်မွေးဝမ်းကျောင်းပညာသည်တွေအတွက် အလုပ်တွေဖြစ်ပေမယ့် အပျော်တမ်းသမားတွေအဖို့တော့ အပန်းဖြေလုပ်ငန်းတွေဖြစ်တယ်။ အပျော်တမ်းသမားဟာ အဲဒီအလုပ်တွေကို လေးလေးနက်နက်လုပ်နေသည့်တိုင် သူ့အဖို့တော့ အပန်းဖြေလုပ်ငန်းသာ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခါတိုင်းသုံးနေကျ ကြွက်သားတွေနဲ့ အာရုံကြောတွေကို မသုံးဘဲ အခြားသော ကြွက်သားများနဲ့ အခြားသော



အာရုံကြောများကို သုံးလိုက်တာဟာ အနားယူခြင်းတစ်မျိုး ဖြစ်နေလို့ပဲ။ နောက်တစ်ကြောင်းကတော့ အပျော်တမ်းသမားအဖို့ အဲဒီအလုပ်ကို လုပ်ရတာဟာ ပြင်ပကမ္ဘာကြီးနဲ့ သူနဲ့ဖြစ်နေတဲ့ ပဋိပက္ခတွေ၊ အဆင်မပြေမှုတွေက ခဏဖြစ်စေ ကင်းကွာသွားတယ်လို့ ခံစားလိုက်ရလို့ပဲ။ အဲဒီအလုပ်ကို လုပ်နေတုန်းမှာ သူရပ်ချင်တယ်ဆိုရင် ရပ်ပစ်လိုက်နိုင်တဲ့လွတ်လပ်မှုရှိနေတယ်။ နောက်က တွန်းလို့ အတင်းအဓမ္မလုပ်ရတာမျိုး မဟုတ်တော့ဘဲ လွတ်လပ်နေတယ်။

ကစားနည်းအမျိုးမျိုးဟာလည်း ခုထိတော့ လွတ်လပ်တဲ့ လှုပ်ရှားမှုပုံသဏ္ဌာန်တစ်မျိုး ဖြစ်နေသေးတယ်။ အဲဒီကစားနည်းတွေထဲမှာ ဖြေရှင်းရမယ့် တကယ့်ပြဿနာတွေ မရှိသေးဘူး။ နှစ်ဖက်စလုံးက လိုက်နာပါမယ်လို့ သဘောတူထားတဲ့ တမင်လုပ်ထားတဲ့ စည်းကမ်းစည်းမျဉ်းတွေပဲရှိတယ်။ စစ်တုရင်ကစားသမားနဲ့ ဘရစ်ချ်ဖဲကစားနေသူတို့ဟာ စကြဝဠာကြီးနဲ့ ပဋိပက္ခဖြစ်နေတာမဟုတ်ဘူး။ ကျွမ်းကျင်တတ်မြောက်မှုနဲ့ ပဋိပက္ခဖြစ်နေကြတာ။ ဒီလိုဖြစ်နေတဲ့အတွက် အနားနေမှုကို အထောက်အကူဖြစ်တဲ့ ရလာဒ်နှစ်ခုပေါ်ထွက်လာတယ်။ တစ်ခုက ကစားပွဲရှုံးသွားရင်လည်း အရေးမကြီးဘူးဆိုတာ သူသိတယ်။ နောက်တစ်ချက်က သူတို့ကစားပွဲမှာ ကံတရားရဲ့ဝင်ရောက်စွက်ဖက်မှုဟာလည်း အခွင့်အလမ်းနည်းတယ်ဆိုတဲ့ အချက်ကို သူသိတယ်။ (အနိုင်အရှုံးဟာ ကိုယ့်ကျွမ်းကျင်မှု အပေါ်မှာ အများဆုံးတည်တယ်ဆိုတဲ့ သဘောကို သိတယ်။) ဒီနေရာမှာ အားကစားက ပေါ်ထွက်လာတဲ့ စိတ်ဓာတ်ဆိုင်ရာ အကျိုးကျေးဇူးကို သတိပြုသင့်တယ်။ ကစားပွဲမှာ စည်းကမ်းတွေကို လိုက်နာထိန်းသိမ်းရမယ်ဆိုတာ နှစ်ဖက်စလုံးက အသိအမှတ်ပြုထားကြတာ။ ဘာဖြစ်လို့လဲဆိုတော့ စည်းကမ်းစည်းမျဉ်းမရှိရင် ကစားလို့မရဘူးလေ။ ဒီလိုစိတ်ဓာတ်မျိုး၊ ဒီလိုအလေ့အကျင့်မျိုးကို လူမျိုးတစ်မျိုးက မျိုးဆက်ပေါင်းများစွာအထိ ထိန်းသိမ်းသွားနိုင်လို့ရှိရင် အဲဒီလူမျိုးဟာ တရားဥပဒေကို ရိုသေလေးစားတဲ့ နိုင်ငံသားကောင်းတွေ ပေါ်ထွက်လာမှာပဲ။ အချစ်ရေးမှာဖြစ်စေ၊ နိုင်ငံရေးမှာဖြစ်စေ၊ စီးပွားရေးလုပ်ငန်းမှာဖြစ်စေ မရိုးဖြောင့်တဲ့လူတစ်ယောက်ကို ပြောချင်ရင် 'ဒီလူက ကစားပွဲကစားသူမှ မဟုတ်ဘဲ' လို့ အင်္ဂလိပ်တွေ ပြောလေ့ရှိကြတယ်။ လူ့ယဉ်ကျေးမှုဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံထားတဲ့ ဓလေ့ထုံးတမ်းတွေကို လူတွေက လက်ခံလိုက်နာကြတာကို ခေါ်တာ။ အဲဒီ ဓလေ့ထုံးတမ်း တော်တော်များများဟာ တင်းနစ်အားကစား စည်းကမ်း၊ ဂေါက်သီးအားကစားစည်းကမ်းများလို တမင်လုပ်ယူထားရတဲ့ အရာတွေဖြစ်တယ်။ ဒါပေမယ့် စည်းမျဉ်းစည်းကမ်းတွေဟာ အကြောက် တရားအစား ယဉ်ကျေးမှုကို အစားထိုးပေးတယ်။ စစ်ပွဲအစား အားကစားကို အစားထိုးပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစည်းကမ်းတွေဟာ ကျွန်တော် တို့နဲ့အတူ နေထိုင်နေသူများရဲ့ တုံ့ပြန်မှုတွေကို ကြိုတင်မြင်အောင် လုပ်ပေး နိုင်ကြလို့ပဲ။

ဇာတ်သဘင်မှာဆိုရင် ကျွန်တော်တို့ဟာ အခြားသူကို ကိုယ်စား လှယ်ထားပြီး ကျွန်တော်တို့ လုပ်ချင်တဲ့အလုပ်တွေကို လုပ်နေကြတယ်။ ကျွန်တော်တို့ဟာ ထိုင်ခုံမှာ မလှုပ်မယှက် ထိုင်ပြီး သူများတွေရဲ့ သရုပ် ဆောင်ချက်တွေကို ကြည့်နေကြတယ်။ သူတို့ သရုပ်ဆောင်တာကို ကျွန် တော်တို့ ဘာကြောင့်စိတ်ဝင်စားနေကြသလဲ။ တခြားကြောင့်မဟုတ်ဘူး 'လုနဲ့ပတ်သက်တာမှန်သမျှဟာ ကျွန်တော်တို့နဲ့ တစိမ်းတရံစာ ဖြစ်မနေလို့ဘဲ' အပေါ်ပြဇာတ်တွေ၊ အဆွေးပြဇာတ်တွေထဲမှာပါနေတဲ့ ခံစားချက်တွေ စိတ်လှုပ်ရှားမှုတွေဟာ ကျွန်တော်တို့ရဲ့ ခံစားချက်တွေ၊ ကျွန်တော်တို့ရဲ့ စိတ် လှုပ်ရှားမှုတွေဖြစ်တယ်၊ ကျွန်တော်တို့ဟာ ပြဇာတ်ကပြသူများနဲ့အတူ အဲဒီ စိတ်လှုပ်ရှားမှုတွေကို ခံစားနေကြရတယ်။ ဒီလို ဖြစ်တာဟာ ဘာကြောင့် အပန်းဖြေရသလဲ၊ ဘာကြောင့် နားနေမှုကို ပေးသလဲ။ ဘာဖြစ်လို့လဲဆိုတော့ အနုပညာနယ်ပယ်ဟာ ကျွန်တော်တို့အနေနဲ့ ဘာဆုံးဖြတ်ချက်တွေကိုမှ ချမှတ်စရာ မလိုလို့ပဲ။ ကျွန်တော်တို့နဲ့ဆိုင်တဲ့၊ ဒါမှမဟုတ် ကျွန်တော်တို့ ကိုယ်တိုင်ဖြစ်နေတဲ့ ပြဇာတ်ကြီးတစ်ခု၊ အဖြစ်အပျက်ကြီးတစ်ခုဟာ စိတ်ကူး ကမ္ဘာတစ်ခုထဲမှာ ဖြစ်ပျက်နေတယ်။ ဒါကို ကျွန်တော်တို့ သိတယ်။ ရသခံ စားမှုအဆင့်တွေနဲ့ ကျင့်ဝတ်ဆိုင်ရာ အဆင့်တွေကတော့ မတူကြပေဘူးပေါ့။ ဒါပေမယ့် ပြဇာတ်ကြီးဟာ ကျွန်တော်တို့တစ်တွေကို ဘဝရဲ့ အသေးအဖွဲ ကလေးတွေက ဆွဲထုတ်သွားပြီး နက်ရှိုင်းမြင့်မြတ်တဲ့ ခံစားမှုတွေထဲကို ကိုယ် တိုင်ကိုယ်ကျ ပါဝင်သွားအောင် လုပ်ပစ်လိုက်တယ်။ ဒီနည်းအားဖြင့် ကျွန် တော်တို့ရဲ့ စိတ်နေစိတ်ထားကို အထက်ကိုရောက်သွားစေပြီး သန့်စင်အောင်



လုပ်ပေးတယ်။ အကယ်၍သာ ပြဇာတ်ဟာ လူ့ဘဝရဲ့နေရာမှာ အစားဝင် ရောက်လာခဲ့လို့ရှိရင် တကယ့်ဘဝတိုက်ပွဲတွေကို ကျွန်တော်တို့ ဘာတိုက်နေ စရာလိုတော့မှာလဲ။ ထိုင်နေရုံပဲရှိတော့တာပေါ့။ ရုပ်ရှင်နဲ့ရေဒီယိုတို့ဟာ လည်း ကျွန်တော်တို့ကို ဖြေဖျော်မှုလုပ်ငန်းသစ်တွေကို လုပ်နိုင်အောင် နည်း နည်းစီ လုပ်ပေးနေကြတာပါပဲ။ အလွန်အကျွံ လိုက်စား ရင်တော့ ကျွန်တော် တို့ နစ်မွန်းသွားမှာပေါ့။

အိမ်ကနေ ထွက်ရတာဟာ အနားရတယ်။ ခရီးသွားရတဲ့အတွက် နေ့စဉ် တာဝန်ဝတ္တရားတွေက လွတ်လပ်သွားလို့ ဒီစကားကိုပြောတာ မဟုတ်ဘူး။ ကျွန်တော်တို့အပေါ်မှာ ထမ်းထားရတဲ့တာဝန်တွေကို အောက်ချပေးလိုက်လို့ ဖြစ်တယ်။ တာဝန်နဲ့သွားရတဲ့ အရာရှိတွေမှအပ ကျန်ခရီးသည်များဟာ ကိုယ့်သဘောနဲ့ကိုယ် ကြိုက်သလိုနေနိုင်တယ်။ အသိုက်အဝန်းတစ်ခုအပေါ်၊ မိသားစုတစ်စုအပေါ်မှာ တာဝန်တွေလည်း ဘာမှမရှိတော့ဘူး။ နိုင်ငံခြား တိုင်းပြည်တစ်ခုကို သွားရင်လည်း ကြည့်စရာရှုစရာတွေ အများကြီးပဲ။ အဲဒီ တိုင်းပြည်မှာ ကျွန်တော်တို့တတွေဟာ တာဝန်ဝတ္တရားတွေကိုလည်း သတိ ချပ်နေစရာ မလိုတော့ဘူး။ ကျွန်တော်တို့ အားလုံးဟာ လွတ်လပ်မှုနဲ့ အသစ် အဆန်းထဲကို မကြာခဏဆိုသလို နစ်မြုပ်ကြည့်ဖို့လိုတယ်။ အဲဒီလို နစ်မြုပ် သွားရင် လုပ်ရိုးလုပ်စဉ်အလုပ်တွေနဲ့ စည်းကမ်းတွေဟာ တစ်မျိုးတစ်ဖုံ ခြားနားပြီး ပျော်စရာကောင်းနေလိမ့်မယ်။ ဒါပေမယ့် နားနေတဲ့ ကာလဟာ တိုတောင်းရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရက်အနည်းငယ်ခရီးထွက်လိုက်တာဟာ ကျွန်တော်တို့ရဲ့ စိတ်လန်းဆတ်မှုကို ပြန်လည်ရရှိစေတယ်ဆိုတာ အံ့သြစွာ တွေ့ရလိမ့်မယ်။

❑❑

ကိုယ့်အလုပ်ကို တကယ်ချစ်တဲ့လူဟာ အတိုတောင်းဆုံးအနားယူပြီးတဲ့ နောက်မှာ အားသစ်ခွန်သစ်တွေတိုးပြီး အလုပ်ကိုပြန်ရောက်လာတတ်တယ်။ သူ့အလုပ်တွေထဲမှာ နစ်မြုပ်နေစဉ်မှာတော့ အလုပ်ပြီးဆုံးသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ဘဝပြီးဆုံးသွားတာလို့တောင် ထင်မိတယ်။ ဒါဖြင့်ရင် သူဟာ အလုပ်လုပ်တာကို မနားတော့ဘူးတဲ့လား။ ဒီလိုလူမျိုးဟာ သူပြုသနာတွေကို သွားလေရာကို ယူသွားတတ်တယ်။ စာရေးဆရာတစ်ယောက် ခရီးသွားတယ်ဆိုရင် စိတ်ထဲမှာ စဥ်ထားတဲ့ စကားပိုဒ်တစ်ပိုဒ်ကို မကြာခဏပြန်စဥ်းစားနေတော့တာပဲ။ ညတစ်ရေးနိုးရင်လည်း စာပိုဒ်တွေဟာ တစ်ခုပြီးတစ်ခု သူ့ခေါင်းထဲရောက်လာကြတယ်။ မကြိုက်တဲ့စာပိုဒ်တွေကို အခန်းထောင့်အမှောင်ထဲကို လွှင့်ပစ်လိုက်တယ်။ အလားတူပဲ။ ကုန်ထုတ်လုပ်သူ လုပ်ငန်းရှင်တစ်ယောက် ရုံးကအနားယူပြီး ပင်လယ်ကမ်းခြေအနားယူစခန်းမှာ သွားအပန်းဖြေတယ်ဆိုပါတော့။ ခဲတံနဲ့စာရွက်ကိုထုတ်ပြီး နောက်ထုတ်မယ့်ပစ္စည်းရဲ့ ကုန်ကျစရိတ်ကို ကောက်တွက်တယ်။ တကယ်လို့သူနဲ့စက်ရုံနဲ့ သိပ်မဝေးဘူးဆိုရင် စနေနေ့အလုပ်သမားတွေ၊ ဝန်ထမ်းတွေ မရှိသည့်တိုင် စက်ရုံကို ပြန်လာပြီး စက်ရုံထဲလျှောက်သွားရင်း စရိတ်အကုန်အကျနည်းအောင်၊ ကုန်ထုတ် ပိုများအောင်၊ ကုန်ထုတ်နည်း ပိုကောင်းအောင် ဘယ်လိုလုပ်လိုက်မယ်ဆိုတာ စိတ်ကူးနေတတ်တယ်။ အလားတူပဲ လယ်သမားဟာလည်း ဥပုသ်နေ့ကြီးမှာ လယ်ကန်သင်းပေါ် ရပ်ရင်း လာကြည့်နေတတ်တယ်။ သူ့စိတ်ကူးစိမ်ကိန်းထဲကို မထည့်တဲ့အရာဆိုလို့ လယ်ကွင်းထဲမှာ တစ်ခုမှမရှိဘူး။ ဘယ်နေရာမှာ သစ်ပင်စိုက်မယ်၊ ဘယ်နေရာမှာ စားကျက်လုပ်မယ်၊ ဘယ်နေရာမှာ ရေနုတ်မြောင်းဖော်မယ် စသဖြင့် စိတ်ကူးနေတာပဲ။ မနှစ်က မိုးကြောင့် သီးနှံတွေ ဘယ်လောက်ကောင်းသလဲဆိုတာကို သူတွေးတယ်။ လယ်တောတွေကြားမှာ ကွေ့ကောက်သွားနေတဲ့ လမ်းကလေးကို မျှော်ကြည့်တယ်။ စမ်းချောင်းတွေ တသွင်သွင်စီးနေတဲ့ တောင်ခြေမြေပြန့်တွေကို ဆင်းလိုက်တက်လိုက် လုပ်တယ်။ အရာအားလုံးဟာ အတိတ်က သူ့ အလုပ်ရဲ့သက်သေ။ ဒါကြောင့်မို့ သူ့အလုပ်အကိုင်သစ်တွေ လုပ်ဖို့စိတ်ကူးတယ်။

အလုပ်လုပ်တဲ့သူကို အပြစ်ဆိုတာဟာ လူ့အဖွဲ့အစည်းကြီးရဲ့ လေးနက်တဲ့ အမှားဖြစ်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကို နှစ်သက်နေတာလောက် သဘာဝကျတဲ့အရာ၊ ပျော်စရာကောင်းတဲ့အရာရယ်လို့ ရှိပါဦးမလား။ 'အလုပ်သည် ပျင်းရိငြီးငွေ့မှု မကောင်းမှုနဲ့ ဆင်းရဲမှုတို့ကို အဝေးသို့မောင်းနှင်ထုတ်ပေး၏' ဆိုတဲ့ စကားရှိတယ်။ အလုပ်ဟာ ရှိရှိသမျှသော



မကောင်းမှုတို့ကို မောင်းနှင်ကုသပေးတဲ့ မဟာဩသဓဖြစ်တယ်။ ၁၉၁၄ ခုနှစ်၊ ပထမကမ္ဘာစစ်ကြီးဖြစ်တုန်းက ကျွန်တော့်အင်္ဂလိပ်ဗိုလ်မှူးကြီးပြောတဲ့ စကားတစ်ခွန်းရှိတယ်။ သူက 'ဘုရားသခင်သည် အလုပ်ကို ကောင်းချီးပေး၏' လို့ မကြာခဏပြောလေ့ရှိတယ်။ ဒီစကားလုံးဟာ (ကျွန်တော့်အတွေ့အကြုံပြောရရင်) ရွတ်လိုက်တိုင်း ဆုတောင်းတစ်ခုလို ဖြစ်နေတယ်။ 'ဝိညာဉ်၏ ပျော်ရွှင်မှုသည် အလုပ်လုပ်ခြင်းတွင်တည်၏' လို့လည်း ရှယ်လီက ပြောခဲ့ဖူးတယ်။ တက်ကြွလှုပ်ရှားတဲ့အလုပ်ဟာ လူတစ်ယောက်ကို သူ့ကိုယ်သူမှ ကယ်တင်ပေးတယ်။ ပျင်းရိမှုဟာ သူ့ကိုအချည်းနှီးဖြစ်တဲ့ နောင်တတွေ၊ အန္တရာယ်များတဲ့ စိတ်ကူးတွေ၊ မနာလိုဝန်တိုမှုတွေ၊ အမုန်းတွေရဲ့ သားကောင်ဖြစ်စေတယ်။ ဒါကြောင့်မို့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ အတတ်ပညာရဲ့ ပထမဥပဒေသကတော့ လူမျိုးတစ်မျိုးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် အလုပ်လုပ်နေအောင် လုပ်ပါဆိုတာပဲ။ ပျင်းရိငြီးငွေ့နေတဲ့ လူမျိုးတစ်မျိုးကို အုပ်ချုပ်ရတာ တော်တော်ခက်တယ်။ ဒါပေမယ့် အသုံးကျမယ်လို့ ကိုယ်ယုံကြည်တဲ့ အလုပ်တစ်ခုကိုလုပ်နေပြီး ကိုယ်စွမ်းကိုယ်စနဲ့ ဒီအလုပ်ကို အောင်မြင်စွမ်းဆောင်နိုင်တဲ့လူတစ်မျိုးကတော့ တကယ့်ကို ပျော်ရွှင်ချမ်းမြေ့တဲ့ လူမျိုးတစ်မျိုးဖြစ်မှာ အမှန်ပဲ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဆောင်မှုအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

လူတွေဟာ ဘုံအလုပ်တစ်ခုကို စုပေါင်းလုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါမှာ သူတို့အထဲက တစ်ယောက်က သူတို့အလုပ်တွေကို အမြဲတစေ ညွှန်ကြားကြီးကြပ်နေမှသာ အကျိုးရှိစွာ လုပ်နိုင်ကြလိမ့်မယ်။ မှန်ကန်စွာ အောင်မြင်ပြီးမြောက်နိုင်လိမ့်မယ်။ အထူးသဖြင့် နရီစည်းချက်နဲ့အညီ လုပ်နေတဲ့ အလုပ်များမှာ ဒီသဘောဟာ ပိုပြီးထင်ရှားတယ်။ ရထားသံလမ်းတွေကို ခင်းနေတဲ့ အလုပ်သမားတစ်သိုက်၊ ဒါမှမဟုတ် လှေကြီးတစ်စင်းကို လှော်ခတ်နေကြတဲ့ လှေသမားတစ်စုရဲ့ လှုပ်ရှားမှုတွေကို အလုပ်သမားခေါင်းတစ်ယောက်ကဖြစ်စေ၊ ဒါမှမဟုတ် လှေသူကြီးကဖြစ်စေ ထိန်းချုပ်ခြင်းမပြုရင် သူတို့ရဲ့ လှုပ်ရှားမှုများဟာ အကျိုးမဲ့အချည်းနှီးပဲဖြစ်နေမှာပဲ။ ဦးစီးခေါင်းဆောင်မှုမရှိတဲ့ စုပေါင်းအလုပ်တိုင်းဟာ ဖရိုဖရဲ၊ ကသောင်းကနင်း ချက်ချင်းဖြစ်သွားမှာပဲ။ စစ်မြေပြင်မှာ စစ်သားတွေကို ကွပ်ကဲအမိန့်ပေးတဲ့ တပ်မှူးတစ်ယောက်ရှိရမယ်ဆိုတာ စစ်တိုက်ဖူးသူတိုင်း သိကြတယ်။ စစ်တပ်မှာ တပ်မှူးလိုသလို သင်္ဘောကျင်းမှာ၊ စက်ရုံမှာ၊ သတင်းစာတိုက်မှာ၊ တစ်နိုင်ငံလုံးမှာလည်း ဦးစီးခေါင်းဆောင်လိုတယ်။ လူတွေအတူတကွ စုပေါင်းအလုပ်လုပ်ဖို့ လိုလာတဲ့ အခါတိုင်းမှာ အကြီးအကဲခေါင်းဆောင်တစ်ယောက် ရှိရလိမ့်မယ်။

အကြီးအကဲပေါ်လာတာနဲ့တစ်ပြိုင်နက် ခေါင်းဆောင်မှုဟာ အသက်ဝင် အားကောင်းလာတယ်။ တိကျလာတယ်။ ဖရိုဖရဲဖြစ်မှုကို စီစဉ်တကျဖြစ်မှုက အနိုင်ယူလိုက်တယ်။ ၁၉၁၄ ခုနှစ်၊ ပထမကမ္ဘာစစ်ကြီးတုန်းက ကွပ်ကဲမှုညံ့ဖျင်းတဲ့ တပ်မကြီးများဟာ ပြန်လည်ဆုတ်ခွာလာခဲ့ကြရပြီး ဖရိုဖရဲဖြစ်လာခဲ့ကြတယ်။ နောက်မှ နာမည်ကျော်ကြားတဲ့ တပ်မှူးတွေက ပြန်လည်စုစည်းတဲ့အခါမှသာလျှင် စနစ်တကျ ဖြစ်လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ မှာ အဲဒီတပ်များဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပြီး ခုခံနိုင်စွမ်းအားနဲ့ ပြည့်စုံတဲ့ တပ်တွေဖြစ်လာခဲ့ကြတယ်။ လူမျိုးတစ်မျိုး စည်းကမ်းရှိသလား မရှိဘူးလားဆိုတဲ့အချက်ဟာ အဲဒီလူမျိုးကို အုပ်ချုပ်တဲ့အစိုးရဟာ အုပ်ချုပ်တတ်သလား၊ မအုပ်ချုပ်တတ်ဘူးလားဆိုတဲ့ အချက်ပေါ်မှာတည်တယ်။ ခေါင်းဆောင်မှုမရှိရင် စစ်ရေးစွမ်းဆောင်မှုမရှိနိုင်ဘူး။ အမျိုးသားရေးဘဝ မရှိနိုင်ဘူး။ လူမှုရေးဘဝမရှိနိုင်ဘူး။

သမိုင်းတစ်လျှောက်လုံးမှာ လူ့အဖွဲ့အစည်းဟာ ခေါင်းဆောင်တွေကို ရွေးခဲ့ကြတယ်။ ပိရမစ်ပုံစံနဲ့ အောက်ကနေ အထက်ကို အဆင့်ဆင့် ရွေးကောက်တင်မြှောက်ခဲ့ကြတယ်။ အဲဒီခေါင်းဆောင်တွေဟာ တရားဥပဒေ စိုးမိုးရေးကို ထူထောင်ခဲ့ကြပြီး တိုင်းပြည်ရဲ့ ကံကြမ္မာနဲ့ ပတ်သက်လို့ ပြည်သူလူထုကို အာမခံချက်ပေးခဲ့ကြတဲ့ အခါတိုင်း လူထုက ဖီဆန်ခဲ့ကြတယ်။ အဲဒီလို ဖြစ်လာတိုင်း တိုင်းပြည်မှာ ဖရိုဖရဲဖြစ်မှုတွေ ပြန်ပေါ်လာပြီး အုပ်ချုပ်သူအဆင့်ဆင့်ကို ပုံသဏ္ဌာန်သစ်နဲ့ ပြန်လည်ဖွဲ့စည်းရတယ်။ ရောမနိုင်ငံဟာ အုပ်ချုပ်ရေးအဖွဲ့နဲ့ စစ်ရေးအာဏာပိုင်အဖွဲ့တို့ ပြိုကွဲသွားတဲ့အခါမှာ ပရမ်းပတာမင်းမဲ့ကာလကြီးအတန်ကြာ ပေါ်ပေါက်လာခဲ့ပြီး သူ့နေရာမှာ မြေရှင်ပဒေသရာဇ်အုပ်စိုးမှု ပေါ်လာခဲ့တယ်။ ရုရှားမှာ အရင်းရှင်မန်နေဂျာတွေကို ဖယ်ရှားပြီးတဲ့အခါ ဗျူရိုကရက်နဲ့ အတတ်ပညာရှင်များရဲ့ အုပ်စိုးမှုက သူတို့နေရာကို အစားဝင်ယူလာခဲ့တယ်။ ဒါကြောင့် တော်လှန်ရေးသမားတွေဟာ ကတိတွေပေး၊ ဆန္ဒတွေရှိခဲ့ကြသည့်တိုင် တန်းတူညီမျှမှုရအောင် လုပ်မပေးနိုင်ခဲ့ကြဘူး။ အမှန်ကတော့ လူ့အဖွဲ့အစည်းတိုင်းမှာ အခွင့်အလမ်းဟာ တန်းတူညီမျှမှု ရှိနိုင်တယ်။ ရှိလည်းရှိရမယ်။ တရားဥပဒေရဲ့ အမြင်မှာလည်း လူတိုင်းဟာ တန်းတူညီမျှမှုရှိရမယ်။ ရှိလည်းရှိသင့်တယ်။ ဒါပေမယ့် ခေါင်းဆောင်နဲ့ နောက်လိုက်ကြားမှာတော့ တန်းတူညီမျှမှုရှိဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ခေါင်းဆောင်တွေမရှိတဲ့လူ့အဖွဲ့အစည်းဟာလည်း မရှိနိုင်ဘူး။



ယုံကြည်ကြတဲ့ လူ့သမိုင်းတစ်လျှောက်မှာ ခေါင်းဆောင်ကို ဘယ်လိုရွေးချယ်ရမယ်ဆိုတာနဲ့ပတ်သက်လို့ စည်းကမ်းသတ်မှတ်ချက်များများရှိတာမဟုတ်ဘူး။ မျိုးရိုးအစဉ်အဆက်ကိုလိုက်ပြီး ခေါင်းဆောင်ဖြစ်တယ်ဆိုတာက တော့ အကောင်းဆုံးနည်းလို့ဆိုရမှာပဲ။ အဲဒီတုန်းကတော့ အတည်တကျမရှိ လှည့်လည်သွားလာနေတဲ့ ရှေးဟောင်းမျိုးတူစုများက ဒီနည်းကို လိုက်နာကျင့်သုံးခဲ့ကြတယ်။ အဲဒီမျိုးတူစုတွေထဲမှာ အဖေရဲ့အရိုက်အရာကို သားက ဆက်ခံတဲ့နည်းကို လက်ခံလာခဲ့ကြတယ်။ သူတို့မှာ အမွေဆက်ခံခွင့် စနစ်ရယ်လို့ မရှိတဲ့အခါကျတော့ ညီအစ်ကိုအချင်းချင်းကြားမှာ အရိုက်အရာလုပွဲတွေ ပေါ်လာတယ်။ ဒီလိုပေါ်လာခဲ့တဲ့အတွက် မျိုးတူစုအတွင်းမှာ ကွဲတာပြတာတွေပေါ်လာတယ်။ ဖရိုဖရဲဖြစ်တာတွေ ပေါ်လာတယ်။ သမ္မာကျမ်းစာနဲ့ ရှေးဟောင်းဂရိပြဇာတ်တွေထဲမှာ အဲဒီပဋိပက္ခတွေရဲ့ သာဓကတွေကို တွေ့ရတယ်။ ရှေးခေတ်က အများပြည်သူကြည်ညိုလေးစားတဲ့ ဘုရင်အုပ်စိုးမှုတွေမှာတော့ အာဏာအပြောင်းအလွဲဟာ ငြိမ်ငြိမ်ချမ်းချမ်းနဲ့ပဲ ပြီးသွားခဲ့ကြတယ်။ မျိုးရိုးအစဉ်အဆက်အရ ဆက်ခံမင်းလုပ်သူကလည်း အများပြည်သူရဲ့ လေးစားကြည်ညိုမှုကိုရပြီး သဘာဝကျတဲ့ဂုဏ်သိက္ခာနဲ့ တန်ဖိုးကို ရခဲ့ကြတယ်။

အင်္ဂလန်ပြည်မှာ ဘုရင်က ဒီလိုအနေအထားမျိုးကို ရလာတာဟာ အလားတူဂုဏ်သိက္ခာနဲ့ တန်ဖိုးကြောင့်ဖြစ်တယ်။ မင်းဆက်တစ်ဆက်ကို ထူထောင်ခဲ့ချင်တဲ့ နပိုလီယန်ဟာ ဒီအချက်ကို ကောင်းကောင်းသဘောပေါက်တယ်။ ရှင်ဘုရင်ဟာ အောင်နိုင်ခြင်းခံရပေမယ့် ရှင်ဘုရင်ပဲဖြစ်နေသေးတယ်ဆိုတာ သူကောင်းကောင်းသိတယ်။ ဒါပေမယ့် ကိုယ့်ဘာသာ ဖန်တီးယူတဲ့ဧကရာဇ်တစ်ယောက်ကတော့ အဆက်မပြတ် အောင်ပွဲတွေကို ရနေဖို့လိုတယ်။

ဆွေမျိုးတစ်စုက မျိုးဆက်ပေါင်းများစွာ ထိန်းသိမ်းထားလာခဲ့တဲ့ မြေယာတွေ၊ လုပ်ငန်းတွေမှာလည်း ဒီအတိုင်းပဲ။ ညွှန်ကြားရေးမှူးများ ကြီးကြပ်သူများ၊ လယ်သမားများဟာ သူတို့အပေါ်ကရှိတဲ့ အခွင့်အာဏာပိုင်တွေကို စိတ်မရှည်နိုင်ဖြစ်ကြပြီး မိသားစုအကြီးအကဲရဲ့ အာဏာပိုင်မှုအောက်မှာ အသာငုံ့လျှိုးလက်ခံလိုက်ကြတယ်။ ဒီလို ငုံ့လျှိုးဝင်လိုက်သူဟာ အကျင့်

www.burmeseclassic.com

www.burmeseclassic.com



ပါနေလို့တော့ မဟုတ်ဘူး။ တကယ်အမှန် သဘာဝကျတဲ့ ခံစားချက်နဲ့ မှန်ကန်တဲ့ စဉ်းစားတွေးခေါ်မှုကြောင့်သာ ဖြစ်တယ်။ ဖခင်တစ်ယောက်ဟာ ဦးစီးခေါင်းဆောင်မှုအစဉ်အလာနဲ့ မိသားစုလုပ်ငန်းကို သားတွေရဲ့ လက်ထဲကို လွှဲအပ်နိုင်တယ်။ မျိုးရိုးအစဉ်အလာ ဆင်းသက်လာတဲ့ ဘုရင်မင်းတစ်ပါးလိုပဲ မျိုးရိုးအစဉ်အဆက် ဆက်ခံရတဲ့ ခေါင်းဆောင်တစ်ယောက်ဟာလည်း ဂုဏ်သိက္ခာအရ မိမိလက်ခံရတဲ့ ယာမြေစည်းစိမ်ဥစ္စာတို့ရဲ့ ချည်နှောင်ခြင်းခံရတော့တယ်။ အဲဒီ ဂုဏ်သိက္ခာအရ လိုအပ်ရင် ကိုယ်က အနစ်နာခံရတယ်။ ဒီအဖြစ်မျိုးကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ ပြင်သစ်ပြည်စီးပွားရေး အကြပ်အတည်း ကာလတုန်းက တွေ့ခဲ့ရဖူးပြီ။

မျိုးရိုးအစဉ်အဆက်အရ တန်ခိုးအာဏာကို ဆက်ခံရတဲ့အခါမှာ အန္တရာယ်တစ်ခုတော့ရှိတယ်။ အဲဒါကတော့ အုပ်ချုပ်နေတဲ့၊ ဒါမှမဟုတ် ဦးစီးခေါင်းဆောင် လုပ်နေတဲ့ မိသားစုရဲ့ ပထမဆုံးသော သားဦးဟာ အရည်အချင်းညံ့ဖျင်းနေတာ၊ ဒါမှမဟုတ် စိတ်ဓာတ်အရ ချို့တဲ့နေတာမျိုးဖြစ်နေတဲ့ ကိစ္စပဲ။ အဲဒီအခါမျိုးမှာ ခေါင်းဆောင်မှုနဲ့ မထိုက်တန်တဲ့ လူတစ်ယောက်ဆီကို တိုင်းပြည်ကြီးကို ထိုးအပ်တော့မလား။ ဒါမှမဟုတ် မိသားစုရဲ့ လုပ်ငန်းကြီးတစ်ခုလုံးကို ထိုးအပ်ရတော့မလား။ သူ့ကိုမလွှဲအပ်သင့်ဘူး။ အရိုက်အရာကို ဆက်ခံတဲ့အစဉ်အလာကို ကျင့်သုံးတဲ့တိုင်းပြည်များမှာ မျိုးရိုးအစဉ်အဆက်အရဖြစ်လာမယ့် အကြီးအကဲဟာ တစ်ခုခုချို့ယွင်းနေတယ်ဆိုရင် သူ့ကို အစားထိုးဖို့ ချွင်းချက်တွေကို လုပ်ထားရတယ်။ အင်္ဂလန်မှာဆိုရင် ထီးနန်းအရိုက်အရာ ဆက်ခံရမယ့် ရှေ့နောက်အစီအစဉ်ကို လွှတ်တော်က မကြာခဏ ပြောင်းလွှဲသတ်မှတ်ပေးရတာမျိုးတွေ ရှိတယ်။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် လုပ်ငန်းရှင်ကြီးတွေဟာ သူတို့အသက်ရှိစဉ်မှာပဲ သူတို့ကို ဆက်ခံဖို့ အရည်အချင်းသိပ်မရှိတဲ့ သားတွေကို အာဏာကုန်လွှဲအပ်မပေးဘဲ အာဏာကို ကန့်သတ်ပေးထားခဲ့ကြတယ်။ မျိုးရိုးအစဉ်အဆက်အရ အပ်နှင်းရတဲ့အာဏာဟာ လွှတ်တော်ကလည်း ထိန်းချုပ်ထားမယ်၊ ဓလေ့ထုံးတမ်းနဲ့ စဉ်းစားဆင်ခြင်ဉာဏ်နဲ့လည်း ကျင့်သုံးမယ်ဆိုရင် ကောင်းတဲ့အချက်တွေ အများကြီးရှိတယ်။

ခေါင်းဆောင်တစ်ယောက်မှာ အရေးအကြီးဆုံးအရည်အချင်းက



တော့ သူ့ကို ခေါင်းဆောင်လို့ အသိအမှတ်ပြုခံရဖို့ပဲ။ ထိုက်တန်တဲ့ အရည်အချင်းမရှိဘူးလို့ အထင်ခံရတဲ့ ခေါင်းဆောင်များဟာ ခွန်အားနည်းနေတတ်တယ်။ ရွေးကောက်ခြင်းခံရတဲ့ ခေါင်းဆောင်တစ်ယောက်ဟာ သူ့ကို ရွေးကောက်တင်မြှောက်လိုက်သူတွေရဲ့ အပေါ်မှာ အပြင်းထွက်စရာမရှိအောင် တန်ခိုးသြဇာရှိသင့်တယ်။ ဒါပေမယ့် ဖြစ်တတ်တာက သူ့ကို ရွေးကောက်ခံရစေတဲ့ အရည်အချင်းများ (အထူးသဖြင့် စကားပြောကောင်းတာတို့၊ စိတ်သဘောကောင်းတာတို့) ဟာ မလိုအပ်တဲ့ အရည်အချင်းတွေ ဖြစ်နေတတ်ပြီး သူဟာ စိတ်ဓာတ်ပျော့ညံ့ပြီး ခပ်ညံ့ညံ့ဖြစ်နေတတ်တယ်။ နိုင်ငံရေးပါတီတွေ အကွဲကွဲအပြားပြားဖြစ်နေတဲ့ တိုင်းပြည်မျိုးမှာလည်း ရွေးကောက်ခံရတဲ့ ခေါင်းဆောင်ဟာ မဲဆန္ဒရှင် တစ်ဝက်ကျော်ကျော်လောက်ကိုသာ ကိုယ်စားပြုသူဖြစ်နေတတ်တယ်။ ကျန်တဲ့တစ်ဝက်က သူ့ကို မုန်းတီးနေပြီဆိုရင် ဖြစ်ပေါ်လာတဲ့ အခြေအနေဟာ နိုင်ငံတော်အတွက် အန္တရာယ်ရှိလာနိုင်တယ်။ တချို့တိုင်းပြည်တွေမှာ လူများစုက ရွေးကောက်တင်မြှောက်လိုက်တဲ့ ခေါင်းဆောင်တစ်ယောက်ဟာ ပြည်သူတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစားခြင်းကို မခံရဘဲဖြစ်နေတတ်တယ်။ ဒီလိုဖြစ်တဲ့အတွက် တွေဝေဆုတ်ဆိုင်းပြီး စိတ်ဓာတ်ကျပျက်ပြားနေတဲ့ တိုင်းပြည်ကြီးတွေကို ကျွန်တော်တို့ မကြာခဏမြင်ခဲ့ကြဖူးပြီ။

တိုင်းပြည်တစ်ပြည်ရဲ့ ခေါင်းဆောင်မဟုတ်ဘဲ အစုအဖွဲ့ကလေးတစ်ခုရဲ့ ခေါင်းဆောင်အဖြစ် တစ်ယောက်ကို ရွေးကောက်တင်မြှောက်ရာမှာ အန္တရာယ်တစ်ခုရှိသေးတယ်။ ခေါင်းဆောင်ဟာ အဲဒီအစုအပေါ်မှာ သြဇာအာဏာကိုလည်း ကျင့်သုံးရတော့မယ်၊ နောက်တစ်ခါလည်း ပြန်ပြီး အရွေးခံရအောင် လုပ်ရဦးမယ်ဆိုတဲ့အခါမျိုးမှာ ခေါင်းဆောင်တစ်ယောက်ကို ရွေးကောက်တင်မြှောက်ရတာဟာ တော်တော်အန္တရာယ်များတယ်။ မကြာခင် ကိုယ့်ကို မဲဆန္ဒပေးမယ့်လူတွေဆီက ကျိုးနွံရိုသေမှုကို ဘယ်လိုလုပ်ပြီး ရအောင် ယူနိုင်ပါ့မလဲ။ လုပ်ငန်းရှင်ကြီးတစ်ယောက်၊ ဒါမှမဟုတ် စစ်တပ်တစ်တပ်ရဲ့ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ကို အများစုမဲနဲ့ ရွေးကောက်တင်မြှောက်လို့ ဘယ်နှယ်လုပ်ဖြစ်နိုင်ပါ့မလဲ။ အဲဒီလိုသာ လုပ်ခဲ့ရင် အဲဒီလုပ်ငန်းကြီးတစ်ခုလုံး ပျက်စီးဖို့၊ စစ်တပ်ကြီးတစ်တပ်လုံး စစ်ရှုံးဖို့ပဲ ရှိတော့တာပေါ့။ ဒီအချက်ကို အစိုးရအမျိုးမျိုးက ချက်ချင်းသတိထားသိမြင်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကရေစီအကျဆုံးဆိုတဲ့ တိုင်းပြည်တွေမှာတောင် ဒီစနစ်ကို စွန့်လွှတ်ခဲ့ကြပြီးပြီ။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်တို့လို၊ အထက်လွှတ်တော်အမတ်တို့လို၊ ကော်မစ်ဇာတို့လို ကိုယ်စားလှယ်ပြုအရာရှိများကိုသာ လူထုက ရွေးကောက်တင်မြှောက်ကြတော့တယ်။ ဒီအရာရှိတွေဟာ ခေါင်းဆောင်တွေ မဟုတ်ဘဲ စီမံခန့်ခွဲသူများသာဖြစ်တယ် (ဖြစ်သင့်တယ်)။ ဩဇာအာဏာကို ဒီလိုခွဲဝေထားတာဟာ အန္တရာယ်များတဲ့အပြင် အလုပ်လုပ်ဖို့လည်း ခက်သွားတယ်။ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ သမ္မတနှင့်ကွန်ဂရက်တို့ သဘောကွဲလွဲခဲ့ရင် နိုင်ငံတော်မှာ နိုင်ငံခြားရေးမူဝါဒလုံးဝမရှိတော့ဘဲ နှစ်နှစ်လောက်အချိန်တွေ ကုန်သွားတတ်တယ်။ ဒီအချက်ကတော့ အမေရိကန်နဲ့အခြားသော တိုင်းပြည်များအတွက်ပါ အလွန်လေးနက်တဲ့ပြဿနာကြီးဖြစ်လာတတ်တယ်။ အင်္ဂလိပ်စနစ်ကတော့ ပိုပြီးပျော့ပျော့ပျောင်းပျောင်း ရှိတဲ့အတွက် အဲဒီလောက်အခြေအနေ မဆိုးဘဲ အတော်အတန် အလုပ်လုပ်လို့ရတယ်။

တရုတ်ပြည်မှာတော့ စာမေးပွဲနဲ့ မျိုးမတ်ခန့်တဲ့စနစ်ကို လုပ်ထားတယ်။ တစ်နည်းပြောရရင် စာမေးပွဲနဲ့ ခေါင်းဆောင်ရွေးချယ်တဲ့ စနစ်တစ်မျိုးပါပဲ။ စာမေးပွဲအောင်သွားခဲ့ရင် စာဖြေသူဟာ သံတမန်ရင်လည်း ဖြစ်နိုင်တယ်။ အရာရှိအရာခံရင်လည်း ဖြစ်နိုင်တယ်။ ဒီစနစ်ကို ရှေးဘုရင်တွေခေတ်တုန်းက တရုတ်ပြည်မှာ ကျင့်သုံးခဲ့ဖူးတယ်။ ပြင်သစ်ပြည်မှာလည်း ဒီနေ့ခေတ်မှာ တစ်စိတ်တစ်ပိုင်းအသုံးပြုနေတယ်။ စစ်တပ်ထဲမှာ၊ သံတမန်ဝန်ထမ်းဘက်မှာ အခြားအစိုးရဌာနတွေမှာ ရာထူးရာခံရဖို့အတွက် ပြင်သစ်လူမျိုးတစ်ယောက်ဟာ သတ်မှတ်ထားတဲ့ စာမေးပွဲကို အောင်ရတယ်။ စာဖြေသူအားလုံးကို အခွင့်အလမ်းအတူတူပေးထားတဲ့အတွက် ဒီစနစ်ဟာ တရားမျှတတယ်လို့ ထင်ရတယ်။ ဒါပေမယ့် အဲဒီစနစ်မှာလည်း လေးနက်တဲ့ အပြစ်အနာအဆာတွေ ရှိနေသေးတယ်။ လူတစ်ယောက်ဟာ စိတ်ဓာတ်ဖွံ့ဖြိုးမှုနှေးကွေးတဲ့အတွက် အသက်လေးဆယ်လောက်ကျမှ စိတ်ဓာတ်ရင့်ကျက်ပြီး ခေါင်းဆောင်ကောင်းဖြစ်နိုင်တဲ့အရည်အချင်း ရှိလာတယ်ဆိုပါတော့။ အဲဒီလူဟာ စာမေးပွဲဖြေခွင့် အသက်ကို ကန့်သတ်ထားတဲ့အတွက် စာမေးပွဲဖြေခွင့်မရတော့ဘဲ ဖြစ်သွားတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ အရည်



အချင်းရှိတယ်၊ မရှိဘူးဆိုတာ စာမေးပွဲတစ်ခုတည်းနဲ့ အချိန်တိုတိုကလေးအတွင်းမှာ ဆုံးဖြတ်လို့မရတော့ ခက်နေတာပေါ့။ (ဒါကြောင့်မို့ ဘာလေရီကတော့ ဒီနေ့ခေတ်မှာ အဆိုးဆုံးအရာနှစ်ခုကတော့ ရွေးကောက်ပွဲနဲ့ ဒီပလိုမာဘွဲ့ဖြစ်တယ်လို့ ပြောခဲ့ဖူးတယ်။)

ဒီအထဲမှာ မန်ဒရင်းလို့ခေါ်တဲ့ မျိုးမတ်ရွေးတဲ့ စနစ်ကတော့ အစွန်းအရောက်ဆုံးပဲ။ မျိုးမတ်ဖြစ်ချင်ရင် စာမေးပွဲလည်း ဝင်ရဦးမယ်။ ပြီးတော့ နောက်ထပ်ရာထူးတစ်ခု တက်တိုင်းလည်း စာမေးပွဲဖြေရဦးမယ်ဆိုတော့ သိပ်များလွန်းနေတယ်။ ပြင်သစ်မှာ ဆေးဘက်ဆိုင်ရာ သက်မွေးဝမ်းကျောင်းမှာလည်း ဒီစနစ်အတိုင်းဖြစ်နေတယ်။ စစ်တပ်ထဲမှာဆိုရင် Ecole de Guerre နဲ့ Ecole de Hautes Etudes Mihtaircs ဆိုတဲ့ အဆင့်နှစ်ဆင့်ကို စာမေးပွဲနဲ့ ဖြတ်ကျော်နေရတယ်။ ပြင်သစ်စနစ်ဟာ တရုတ်မန်ဒရင်းစနစ်နဲ့ တစ်စိတ်တစ်ပိုင်းတူနေတယ်။ လုပ်သက်ရင့်တာ၊ အထက်က တိုက်ရိုက်ခန့်အပ်လိုက်တာ၊ ထောက်ခံချက်နဲ့ ခန့်အပ်ရတာတို့တော့ တစ်ခါတလေရှိရဲ့။

လုပ်သက်ရင့်တာမျိုးကိုတော့ သိပ်ပြီး ထည့်မစဉ်းစားကြဘူး။ လူပျင်းတွေ လူညံ့လူမိုက်တွေမဟုတ်ဘူးဆိုရင် လူတွေဟာ ကြီးလာသည်နှင့်အမျှ အတွေ့အကြုံတော့ အနည်းနဲ့အများရှိလာကြတာပဲ။ ဒါပေမယ့် လူတော်တော်များများကပဲ အသက်ကြီးတဲ့သူတွေ ရခဲ့တဲ့ အတွေ့အကြုံတွေဆီက သင်ခန်းစာယူရကောင်းမှန်း မသိကြဘူး။ သူတို့ရဲ့ မွေးသက္ကရာဇ်ကို ကောက်ကြည့်ဖော်မရကြဘူး။ ဒီမှာတင် သက်ဆိုင်ရာတို့က သူ့ဆီက အတွေ့အကြုံရအောင်ဆိုပြီး သူ့ကို သီးခြားခန့်အပ်ကြရတယ်။

အကြီးအကဲတွေအဖို့ကတော့ ကိုယ့်အောက်ကလူကို ကိုယ်တိုင်ခန့်အပ်ရတာ အကောင်းဆုံးပဲ။ ဒီလို ခန့်အပ်ရင် ခန့်အပ်ခြင်းခံရတဲ့ သူဟာလည်း တာဝန်ရှိတယ်။ ခန့်အပ်သူမှာလည်း တာဝန်ယူရတယ်။ မျိုးရိုးအစဉ်အဆက် အုပ်ချုပ်တဲ့ဘုရင်ကဖြစ်စေ၊ ရွေးကောက်ခံရတဲ့ သမ္မတကဖြစ်စေ အများစုဖြစ်တဲ့ လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ဝန်ကြီးချုပ်တစ်ယောက်ကို ခန့်တယ်။ ဝန်ကြီးချုပ်က သူ့လက်အောက်မှာရှိတဲ့ လူတွေကို ထပ်ရွေး ပိရမစ်ကို အောက်ကစပြီး အထက်ကိုတည်တာမဟုတ်ဘဲ အ အောက်ကို ဆင်းလာတဲ့နည်းနဲ့ တည်တဲ့သဘောပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဗိသုကာသဘောနဲ့ကြည့်ရင်တော့၊ တော်တော်ရှုနှမ်းတယ်လို့ ပြောမှာပဲ။ ဒါပေမယ့် အုပ်ချုပ်ရေးသဘောနဲ့ ကြည့်ရင်တော့ တော်တော်အောင်မြင်တဲ့နည်းလို့ ဆိုသင့်တယ်။

လူတွေကသာ ဖောက်ဖောက်ပြန်ပြန်မရှိဘူးဆိုရင် ဒီစနစ်ဟာ ကောင်းတဲ့စနစ်တစ်ခုပါပဲ။ မူအားဖြင့်တော့ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမယ့် လက်တွေ့လုပ်ရတာကတော့ သိပ်မလွယ်လှဘူး။ နိုင်ငံတော်သမ္မတနဲ့ နိုင်ငံရေးအရဖြစ်လာတဲ့ ဝန်ကြီးတွေမှအပ သိပ္ပံပညာနဲ့ပတ်သက်တဲ့ ရာထူးဌာနဆိုင်ရာများအပါအဝင် အခြားရာထူးဌာနဆိုင်ရာများကို စက်မှုနည်းပညာဆိုင်ရာတန်ဖိုးတွေ၊ စာရိတ္တအရ ရိုးသားမှုတွေပေါ်မှာတည်ပြီး စဉ်းစားခန့်အပ်သင့်တယ်။ ဒါကြောင့်မို့ တိုင်းပြည်နဲ့၊ အဲဒီတိုင်းပြည်ကို အုပ်ချုပ်နေတဲ့ သူတွေရဲ့ အကျိုးအတွက် စစ်တပ်တစ်တပ်ရဲ့ အကြီးအကဲ၊ ဒါမှမဟုတ် မီးရထားလမ်းရဲ့ အကြီးအကဲဟာ ဘယ်လိုနိုင်ငံရေးယုံကြည်ချက်၊ ဘယ်လိုဘာသာရေးယုံကြည်ချက်၊ ဘယ်လို မိတ်ဆွေအပေါင်းအသင်းမျိုးရှိသည်ဖြစ်စေ အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သင့်တယ်။ ဒါပေမယ့် လူဆိုတာ ခံစားချက်ပြင်းထန်တတ်သူတွေချည်းဖြစ်တယ်။ ခံစားချက်မပြင်းထန်အောင် ဘယ်လိုမှ လုပ်လို့မရဘူး။ မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးသားချင်းနှင့် နိုင်ငံရေးဘက်လိုက်မှုတို့ဟာ ရာထူးဌာနဆိုင်ရာတစ်ခုကို ခန့်အပ်ရာမှာ အခန်းတစ်ခန်းက ပါနေကြတယ်။ ဒီလိုဖြစ်နေတာကတော့ တော်တော်ဝမ်းနည်းစရာကောင်းတာ အမှန်ပဲ။ ဒါကြောင့်မို့ အရည်အချင်းရှိတွေကို ဦးစားပေးနိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ဟာ အခြားသူများ (ရဲ့ခံစားချက်များ) ကိုရော ကျွန်တော်တို့ (ရဲ့ ခံစားချက်တွေ) ကိုရော ထိန်းချုပ်နိုင်ဖို့ ကြိုးစားရလိမ့်မယ်။

နောက်ဆုံးအားဖြင့် ပြောရရင် အချို့သော အရေးတကြီးအခြေအနေမျိုးတွေမှာ တိုင်းပြည်ဟာ ဝါးအစည်းပြေသလို ဖရိုဖရဲ ဖြစ်နေတတ်တယ်။ ဒီအချိန်မှာ ခေါင်းဆောင်ကို ဘယ်သူကမှ ခန့်အပ်လို့ရတာမျိုးမဟုတ်ဘူး။ အဲဒီအချိန်မှာ ခေါင်းဆောင်ဟာ သူ့ဘာသာသူ ပေါ်လာတတ်တယ်။ သာမန်လူတစ်ယောက်ဖြစ်ပြီး မြင်းတပ်သားအချို့လောက်ကိုသာ ကွပ်ကဲခဲ့ရတဲ့ ကရွမ်းဝဲလ်ကို ဘယ်သူကများ ခေါင်းဆောင်ဆိုပြီး ရွေးကောက်တင်ခဲ့လို့လဲ။ ဘယ်သူကမှ ရွေးကောက်ခဲ့တာမဟုတ်ပါဘူး။ တော်လှန်ရေးကြီးဟာ ဘိုနာပတ်ကို စစ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်အောင် လုပ်ပေးခဲ့တယ်။ ဘိုနာပတ်ဟာ သူ့ကိုယ်သူ ပြင်သစ်လူမျိုးရဲ့ ခေါင်းဆောင်ဖြစ်အောင်လုပ်ခဲ့တယ်။ ကိုယ့်ကိုယ်ကို ခေါင်းဆောင်နေရာကိုရောက်အောင် လုပ်ယူရတဲ့ လူမှာ ခေါင်းဆောင်မှုအတွက် လိုအပ်တဲ့ အရည်အချင်းတွေရှိတယ်။ တကယ်လို့သာ ဒီလို အရည်အချင်းတွေမရှိရင် ဘယ့်နှယ်လုပ်ပြီး အာဏာရနိုင်ပါ့မလဲ။ အဲဒီမှာ ခက်တာက သူ့ရဲ့ အရည်အချင်းတွေဟာ ပါတီတစ်ခုအတွက်လား၊ လူမျိုးတစ်မျိုးလုံးအတွက်လား၊ သူ့ရဲ့ ခေါင်းဆောင်အရည်အချင်းဟာ ပါတီခေါင်းဆောင်ရဲ့ အရည်အချင်းမျိုးလား၊ အမျိုးသားခေါင်းဆောင်ရဲ့ အရည်အချင်းမျိုးလားဆိုတာကို ခွဲခြားရှာဖွေရတဲ့ ကိစ္စကတော့ နည်းနည်းခက်တယ်။

ကိုယ့်ကိုယ်ကိုယ် ခန့်အပ်လိုက်တဲ့ ခေါင်းဆောင်တစ်ယောက် အာဏာရလာပြီဆိုတာနဲ့ သူမရှိရင် ဘယ်သူဆက်ခံမလဲဆိုတဲ့ အခက်အခဲ ပြဿနာပေါ်လာပြီ။ ကရွမ်းဝဲလ်ရဲ့သားဟာ ဘယ်မှာတိုင်းပြည်ကို ကြာကြာ အုပ်စိုးနိုင်ခဲ့လို့လဲ။ ဘိုနာပတ်ရဲ့သားဆိုရင်လည်း တစ်ရပ်တစ်ကျေး၊ တစ်ကျွန်းတစ်မြေမှာ သွားသေခဲ့ရတယ်။ လီနင်ကို ဆက်ခံသူဆိုရင်လည်း အရင်ဘုန်းက လုပ်ခဲ့သမျှတွေကို မုန်းပြီး ရှေ့ကလုပ်ခဲ့သမျှအားလုံးကို ပြန်ဖျက်ပစ်ခဲ့တယ်။

ပြဿနာက တခြားမဟုတ်ဘူး။ ခေါင်းဆောင်တစ်ယောက်ရွေးချယ်ရတယ်ဆိုတာဟာ ဘယ်တော့မှ စိတ်ကျေနပ်လောက်အောင် ပြေလည်သွားတဲ့ ပြဿနာမဟုတ်ဘူးဆိုတဲ့ အချက်ပဲ။ အရာအားလုံးဟာ အတိတ်အခြေအနေများနဲ့ လူမျိုးရဲ့ အနာဂတ်မျှော်မှန်းချက်တွေပေါ်မှာ တည်နေတယ်၊ ဒါပေမယ့် ရွေးကောက်ခံရလို့ပဲဖြစ်စေ၊ ခန့်အပ်ခြင်းခံရလို့ပဲဖြစ်စေ၊ မှိုနှိုဘန်ခိုးအာဏာ အရှိန်အဝါတွေကြောင့်ပဲဖြစ်စေ ခေါင်းဆောင်ဖြစ်လာတဲ့သူတစ်ယောက်ဟာ ခေါင်းဆောင်မှုအတွက် လိုအပ်တဲ့ အရည်အချင်းတွေတော့ ရှိဖို့လိုတယ်။ အဲဒီ ခေါင်းဆောင်မှု အရည်အချင်းတွေမရှိရင် ခေါင်းဆောင်ဟာ ကြာရှည်ခံမှာမဟုတ်ဘူး။

▲▼▲



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်တစ်ယောက်ရဲ့ လုပ်ငန်းတာဝန်ဟာ အခြားသောသူများရဲ့ သွင်ဆောင်ချက်များကို ညွှန်ကြားဖို့ဖြစ်တယ်။ ဒါကြောင့် သူတို့ကို ဘယ်ပန်းတိုင်ဆီအရောက် ခေါင်းဆောင်သွားရမယ်ဆိုတဲ့ အချက်ကို မသိလို့မဖြစ်ဘူး။ သူ့အဖို့ အရေးကြီးဆုံး အရည်အချင်းကတော့ စိတ်တန်ခိုးသတ္တိကို ပိုင်ဆိုင်ခြင်းပဲ။ သူဟာ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်ရမယ်ဆိုတာသိရမယ်။ အဲဒီဆုံးဖြတ်ချက်တွေအတွက် တာဝန်ယူရမယ်။ သဘာဝကျစွာပဲ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခြင်းမပြုမီမှာ အခြေအနေအရပ်ရပ်ကို ထဲထဲဝင်ဝင် သိမြင်နားလည်ပြီး ချင့်ချိန်တတ်ရမယ်။ ဆုံးဖြတ်ပြီး၊ အမိန့်ပေးပြီးတာနဲ့ တစ်ပြိုင်နက် အခြားသောအခက်အခဲများ မရှိခဲ့ဘူးဆိုရင် အဆုံးတိုင်လုပ်ဆောင်သွားရမယ်။ လေးကန်ဖင့်နွဲ့နေတဲ့ခေါင်းဆောင်လောက် နောက်လိုက်အဖို့ စိတ်ပျက်စရာကောင်းတဲ့အရာဆိုလို့ တစ်ခုမှမရှိဘူး။ 'ကြံ့ခိုင်ခြင်းဟာ အရာရာကို အောင်နိုင်စေတယ်' လို့ နပိုလီယန်က ပြောဖူးတယ်။

ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့အတွက် ခေါင်းဆောင်တစ်ယောက်မှာ ဇွဲသတ္တိ (စိတ်ဓာတ်သတ္တိ) ရှိရမယ်။ ဒီဆုံးဖြတ်ချက်တွေကြောင့် မကြာခဏဆိုသလို ခေါင်းဆောင်မှာ စိတ်ဆင်းရဲရတာတွေ ရှိတတ်တယ်။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးတုန်းက ဝန်ကြီးချုပ်ကျော်ရီဟာ ကိုယ့်မိတ်ဆွေရင်းချာတွေဖြစ်တဲ့ စစ်ဗိုလ်ချုပ်ကောင်းတော်တော်များများကို ပြောင်းရွှေ့ရ၊ ဖြုတ်ပစ်ခဲ့ရတာတွေရှိတယ်။ ခေါင်းဆောင်တစ်ယောက်ဟာ ညှာတာမှုကင်းရတယ်။ သူ့မှာ သနားကြင်နာဖို့၊ ရက်စက်ဖို့၊ ဒါမှမဟုတ် လက်စားချေဖို့ အခွင့်အရေးမရှိဘူး။ ခေါင်းဆောင်ဟာ အချည်းနှီးအကျိုးမဲ့ဖြစ်တဲ့ အတင်းအဖျင်းစကားတွေကို ရှောင်ရှားရမယ်။ ဖြစ်နိုင်ရင် ဒီလိုစကားမျိုးတွေကို မပြောမိအောင်ထိန်းချုပ်နိုင်ရမယ်။

သူ့ဘေးပတ်ပတ်လည်မှာ ကိုယ့်ကို ချစ်ခင်လေးစားကြည်ညိုတဲ့ လက်ထောက်တွေ ရှိနေရမယ်။ သူတို့တစ်တွေဟာ အရေးမကြီးတဲ့ ဆုံးဖြတ်ချက်ကလေးတွေကို သူ့ကိုယ်စား ချမှတ်ပေးနိုင်ရမယ်။ ခေါင်းဆောင်ဟာ သစ်ပင်က သစ်တောကို ဖုံးကွယ်နေတာမျိုးကို ခွင့်မပြုရဘူး။ မိမိရဲ့ အမိန့်များကို လက်တွေ့ဆောင်ရွက်ဖို့အတွက် ကိုယ်တိုင်ရွေးချယ်ထားတဲ့ သက်ဆိုင်ရာ ကျွမ်းကျင်သူတွေ၊ ကိုယ်ယုံကြည်စိတ်ချရသူတွေ ရှိရမယ်။ သူတို့ကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးရမယ်။ သူတို့ယူလာတဲ့ သတင်းအချက်အလက်များ၊ အစီရင်ခံစာများ တိကျမှန်ကန်မှု ရှိမရှိကို တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းဖြင့် အတည်ပြုရမယ်။



တစ်နေ့မှာ ပြင်သစ်ပညာရှင် လျှော်ဘေးကို 'ခင်ဗျားဘာတွေလုပ်သလဲ' လို့ မေးတယ်။ ဒီတော့ လျော်တေးက 'တချို့က အထွေထွေအယူအဆ ကျွမ်းကျင်သူ' လို့ ဖြေတယ်။ အတွေ့အကြုံရှိတဲ့ ခေါင်းဆောင်တစ်ယောက်ဟာ ကိုယ့်လက်အောက်ငယ်သား လုပ်နေတာအားလုံးကို အသေးစိတ် လိုက်သိစရာမလိုဘူး။ သိလည်းမသိနိုင်ဘူးဆိုတာ အတွေ့အကြုံရှိတဲ့ ခေါင်းဆောင်ကသိတယ်။ အထူးသဖြင့် စီးပွားရေးပြဿနာများမှာ ခေါင်းဆောင်ဟာ ယေဘုယျအခြေခံမူတွေလောက်ကိုပဲ ချပေးလိုက်တယ်။ ပုဂ္ဂလိက အကျိုးစီးပွားဟာ အများရဲ့အကျိုးစီးပွားကို မထိခိုက်စေရဆိုတဲ့ သဘောလောက်ကိုပဲ လမ်းညွှန်လိုက်တယ်။ လူသန်းပေါင်းများစွာရဲ့အလိုဆန္ဒကို ကျေနပ်အောင်ဆိုပြီး စီးပွားရေးစီမံကိန်းကြီးတစ်ခုကို သူကိုယ်တိုင်ရေးဆွဲအစားထိုးတာမဟုတ်ပါဘူး။ ယာဉ်ထိန်းအရာရှိဟာ ယာဉ်စီးဆင်းမှု မှန်ကန်အောင်သာ ထိန်းချုပ်ခြင်းပြုတယ်။ ယာဉ်တိုင်းကိုလိုက်ပြီး လမ်းပြနေတာ မဟုတ်ပါဘူး။

ခေါင်းဆောင်ဟာ တတ်ကျွမ်းသူ ပညာရှင်များက လေးစားအောင် လုပ်နိုင်ရမယ်။ ဒီလိုမလုပ်နိုင်ရင် သူ့အပေါ်မှာ သံသယတွေ၊ လျှို့ဝှက်ကြံစည်မှုတွေ ပေါ်လာလိမ့်မယ်။ လူတွေ ကြည်ညိုလေးစားအောင် လုပ်တဲ့နည်းတစ်နည်းပဲရှိတယ်။ အဲဒီနည်းကတော့ ကြည်ညိုလေးစားမှုနဲ့ ထိုက်တန်အောင် နေတတ်ဖို့ပဲ။ ကြီးမြတ်တဲ့ ခေါင်းဆောင်တစ်ယောက်ဟာ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကျော်တစ်ယောက်ဖြစ်တယ်။ ခေါင်းဆောင်ဟာ ဘက်မလိုက်ရဘူး။ ကိုယ်ကျိုးမရှိရဘူး။ (အင်္ဂလိပ်နန်းရင်းဝန်) ဘော်လဒွင်နဲ့ (ပြင်သစ်ဝန်ကြီးချုပ်) ပွန်ကာရေတို့ဟာ သိပ်ထက်ထက်မြက်မြက်ရှိလှတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဘော်လဒွင်ကဆိုရင် သူမထက်မြက်တဲ့အကြောင်းကို ပါးစပ်ကတောင် ထုတ်ပြောလိုက်သေးတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးဟာ ငွေရေးကြေးရေးအရ ရိုးသားဖြောင့်မတ်တာကတော့ နည်းနည်းလေးမှ သံသယဖြစ်စရာမလိုတဲ့ ပုဂ္ဂိုလ်တွေပဲ။ ဘော်လဒွင်ဟာ သူ့ပိုင်ပစ္စည်းဥစ္စာတစ်စိတ်တစ်ပိုင်းကို တိုင်းပြည်ကို လှူပစ်ခဲ့တယ်။ ပွန်ကာရေကတော့ အစိုးရဝန်ထမ်းတွေကို သူ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ရေးကိုယ်တာအတွက် ဘယ်တုန်းကမှ မသုံးခဲ့ဖူး။ သူတို့နှစ်ယောက်စလုံးဟာ စက်ရုံပိုင်ရှင်တွေ သဘောကျတတ်တဲ့ မန်နေဂျာမျိုး၊ သမီးရှင်တွေ သဘောကျတတ်တဲ့ သမက်လောင်းမျိုးတွေဖြစ်ပြီး ရိုးသားဖြောင့်မတ်တဲ့ အရည်အချင်းရှိသူတွေဖြစ်တယ်။ သူတို့ဟာ ဒီအခြေခံကျတဲ့ အရည်အချင်းများကြောင့် တန်ခိုးသြဇာကြီးခဲ့ကြခြင်း ဖြစ်တယ်။ သူတို့ရဲ့ နိုင်ငံရေးအယူအဆကို ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေနိုင်တယ်။ ဒါပေမယ့် သူတို့ဟာ အုပ်ချုပ်နိုင်ခွင့်ရှိတဲ့ ခေါင်းဆောင်များ ဖြစ်တယ်ဆိုတာကိုတော့ သူတို့ရဲ့ ဆန့်ကျင်ဘက်များကပင် လျှင် အသိအမှတ်ပြုကြရတယ်။ အာဏာရှင်တစ်ယောက် အာဏာကို ရလာတာဟာ တခြားကြောင့်မဟုတ်ဘူး။ အကျင့်စာရိတ္တခိုင်မာလို့၊ စစ်စစ်စီစီ နေထိုင်လို့ ဖြစ်တယ်။

ခေါင်းဆောင်တစ်ယောက်မှာ တစ်ချောင်းတည်းသော စိတ်သာရှိရမယ်။ အဲဒါကတော့ သူ့အလုပ်နဲ့ သူ့သက်မွေးမှုလုပ်ငန်းပဲ။ ခေါင်းဆောင်ဟာ သူ့ကိုယ်သူ လျှို့ဝှက်ဆန်းကြယ်မှုနဲ့ ဖုံးကွယ်ထားသလားလို့ ထင်ရသည်အထိ လူထုတွေနဲ့ သီးသန့်ဖြစ်နေရမယ်။ အကယ်၍ အဲဒီခေါင်းဆောင်ဟာ ဒဏ္ဍာရီပုံပြင်ဆန်အောင် နေထိုင်တယ်ဆိုရင်တောင် ကျွန်တော် သူ့ကို အပြစ်မတင်လိုဘူး။ အကျင့်စရိုက်ဟာလည်း လူပုဂ္ဂိုလ်ကိုယ်တိုင်လိုပဲ အုပ်ချုပ်နိုင်စွမ်းရှိတယ်။ အမိန့်ပေးကွပ်ကဲနိုင်စွမ်းရှိတယ်။ ရှဉ်ယဒ်ကစ်ပလင်းရဲ့ ‘ရှင်ဘုရင်ဖြစ်မည့်သူ’ ဆိုတဲ့ ဝတ္ထုထဲက ဇာတ်လိုက်ဟာ သူ့ရဲ့ စရိုက်ကြောင့် တောင်ပေါ်သားလူမျိုးစုတွေရဲ့ အကြီးအကဲဖြစ်သွားပြီး သူတို့အပေါ်မှာ သြဇာရှိတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်သွားတဲ့လူလေလူလွင့် စွန့်စားရေးသမားတစ်ဦးသာဖြစ်တယ်။ ဒါပေမယ့် သူဟာ သူ့လက်အောက်ခံဖြစ်တဲ့ တောင်ပေါ်သူ အမျိုးသမီးတစ်ယောက်နဲ့ ချစ်ကျွမ်းဝင်သွားပြီး သာမန်သူလိုကိုယ်လို လူတစ်ယောက်ဖြစ်တယ်ဆိုတာကို အသိခံလိုက်တဲ့အခါမှ အဲဒီလူဟာ တန်ခိုးသြဇာရော၊ ရာဇပလ္လင်ကိုရော ဆုံးရှုံးသွားခဲ့ရတယ်။ ‘မိန်းမရဲ့ အတွေ့ကို မရှောင်နိုင်တဲ့အတွက် ဒုက္ခရောက်ခဲ့တဲ့ ယောကျာ်းတွေ ဘယ်နှစ်ယောက်များ ရှိခဲ့ပြီလဲ’ လို့ နပိုလီယန်က ပြောခဲ့ဖူးတယ်။ ဒီနေရာမှာ တော်တော်ခဲယဉ်းတဲ့ အခန်းကဏ္ဍကပါဝင်ရတဲ့ ခေါင်းဆောင်ရဲ့ အိမ်သူဇနီးအကြောင်းကိုလည်း ပြောချင်တယ်။ သူမဟာ ခင်ပွန်းဖြစ်တဲ့ ခေါင်းဆောင်ကို



ကမ္ဘာလောကကြီးကနေ ကာကွယ်ပေးရမယ်။ အကျိုးမဲ့အချည်းနှီးစွာ သူ့ကိုယ်သူ ပင်ပန်းနွမ်းနယ် အောင်လုပ်တာကို တားဆီးရမယ်။ စိတ်လိုက်မာန်ပါ လုပ်တာမျိုးတွေလုပ်ဖို့ အကြံမပေးမိအောင် ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းရမယ်။ မိမိရဲ့အိုးအိမ်ကို ဧကရာဇ်နိုင်ငံတော်ကြီး မဖြစ်စေဘဲ ဆိတ်ငြိမ်အေးချမ်းတဲ့ ခိုလှုံရာရိပ်မြုံတစ်ခုဖြစ်အောင် လုပ်ပေးရမယ်။ တကယ်တော့ အဲဒီအိမ်ဟာ အုပ်ထိန်းရတဲ့နယ်ပယ်တွေထဲမှာ အုပ်ထိန်းရအခက်ဆုံး နယ်ပယ်ဖြစ်တယ်။

တစ်ခါတုန်းက အင်္ဂလိပ်နန်းရင်းဝန်ကြီး ပီလျံပစ်ရဲ့ရှေ့မှာ နိုင်ငံရေးသုခမိန်၊ နိုင်ငံရေးခေါင်းဆောင်ဆိုတာ ဘယ်လိုအရည်အချင်းမျိုးတွေ လိုအပ်တယ်ဆိုတာကို ဆွေးနွေးကြတယ်။ တစ်ယောက်က ဝီရိယ၊ တစ်ယောက်က ခွန်အားဗလ၊ တစ်ယောက်က စကားပြောကောင်းတဲ့ ဝစနလက်ာရ အတတ်စသဖြင့် သန့်ရာသန့်ရာ ပြောကြတယ်။ သည်တော့ နန်းရင်းဝန်ကြီး ပစ်က ဒါတွေ တစ်ခုမှမဟုတ်ဘူးတဲ့၊ နန်းရင်းဝန်တစ်ယောက်အဖို့ အရေးကြီးဆုံးအရည်အချင်းကတော့ စိတ်ရှည်မှုဖြစ်တယ်လို့ ပြောသတဲ့။ သူပြောတာ မှန်တယ်။ စိတ်ရှည်မှုဟာ နန်းရင်း ဝန်တစ်ယောက်အတွက်သာ လိုအပ်ရုံမက လူစုတွေကို ခေါင်းဆောင်ရတဲ့ သူတိုင်းမှာ လိုအပ်တဲ့ အဓိကအရည်အချင်းဖြစ်တယ်။ လူတွေရဲ့အကြောင်းကို စဉ်းစားတဲ့နေရာမှာ မသိမိုက်မဲမှုကိုလည်း ထည့်တွက်ရမယ်။ စစ်မှန်တဲ့ ခေါင်းဆောင်တစ်ယောက်ဟာ လူတွေရဲ့ မိုက်မဲမှုကို တွေ့ရလိမ့်မယ်လို့ အမြဲမျှော်လင့်ထားတယ်။ သာမန်မသိမိုက်မဲမျိုးဖြစ်ခဲ့ရင် အဲဒီမိုက်မဲမှုကို စိတ်ရှည်စွာ သည်းခံကျော်လွှားဖို့လည်း အဆင်သင့်ပြင်ထားတယ်။ သူ့ရဲ့အယူအဆတွေကို တလွဲနားလည်သွားကြလိမ့်မယ်၊ သူ့ရဲ့အမိန့်တွေကို ပြီးစလွယ် အကောင်အထည်ဖော်ကြလိမ့်မယ်၊ သူ့လက်အောက်က လူတွေအချင်းချင်း တစ်ယောက်ကိုတစ်ယောက် မနာလိုဝန်တိုမှုတွေ ရှိကြလိမ့်မယ်ဆိုတာကို သူ ကြိုတင်သိတယ်။ သူဟာ ဒီအချက်တွေကို ရှောင်မလွှဲသာ တွေ့ရလိမ့်မယ်ဆိုတာ မျှော်လင့်ပြီးသားဖြစ်တယ်။ သူဟာ လောကမှာမရှိနိုင်တဲ့ ခြောက်ပစ်ကင်း သဲလဲစင်လူကို လိုက်မရှာဘဲ တွေ့သမျှ လူတွေထဲက အကောင်းဆုံးကိုလိုက်ရှာပြီး ကိုယ့်ကိစ္စအတွက် အသုံးချဖို့ကြိုးစားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်မှု အခြားပုံသဏ္ဍာန်တစ်မျိုးရှိသေးတယ်။ အဲဒါကတော့ လုံ့လဝီရိယကို အစဉ်အမြဲ အားထုတ်နေခြင်းပဲ။ စစ်မှန်တဲ့ ခေါင်းဆောင်တစ်ယောက်ဟာ ရည်မှန်းချက်တစ်ခု အောင်မြင်ပြီးမြောက်သွားတဲ့အခါမှာ သူ့တိုင်းပြည်အတွက် အစစအရာရာ အဆင်ပြေသွားပြီ၊ တစ်လျှောက်လုံး ချောမောသွားပြီလို့ မယူဆပါဘူး။ ဒီကမ္ဘာလောကကြီးမှာ အစဉ်အမြဲ ဖြေရှင်းပြီးသွားတဲ့ပြဿနာရယ်လို့ တစ်ခုမှမရှိဘူး။ 'အန္တရာယ်အများဆုံးအချိန်ကတော့ အောင်ပွဲရတဲ့အချိန်ပဲ' လို့ နပိုလီယန်က ပြောခဲ့ဖူးတယ်။ ကောင်းစွာပြုစုစောင့်ရှောက်ထားတဲ့ ဥယျာဉ်တစ်ခုဟာ ကြာရှည်ကြာမေ ပစ်ထားလိုက်ရင် ပေါင်းမြက်တွေ ဖုံးသွားမှာပဲ။ ချမ်းသာပြီးအင်အားကောင်းတဲ့ နိုင်ငံတစ်ခုဟာ နှစ်ကာလကြာရှည်စွာ စည်းမဲ့ကမ်းမဲ့ဖရိုဖရဲဖြစ် မနေနိုင်ဘူး။ အဲဒီလိုသာဖြစ်နေရင် အဆိုးဆုံးသော လူဆိုးတွေရဲ့ လက်ထဲကိုဖြစ်ဖြစ် အိမ်နီးချင်းတိုင်းပြည်များရဲ့ လက်ထဲကိုပဲဖြစ်ဖြစ် ကျရောက်သွားမှာပဲ။ မိမိရဲ့ အားထုတ်ကြိုးပမ်းမှုများ၊ လုံ့လများဟာ အစဉ်အမြဲရှည်ကြာတဲ့ ရလာဒ်များကို ပေးနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် မနက်လင်းတိုင်း မနက်လင်းတိုင်း အဲဒီ လုံ့လဝီရိယများကို အသစ်တစ်ဖန် အားဖြည့်ပေးရမယ်ဆိုတာ ခေါင်းဆောင်ကောင်းတစ်ယောက်သိတယ်။

ကိုယ်နှုတ်စောင့်စည်းခြင်းဟာလည်း ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းဖြစ်တယ်။ 'လျှို့ဝှက်ခြင်းဟာ အမျိုးသားရေးရာကိစ္စများမှာ အခရာဖြစ်တယ်' လို့ ရစ်ချလူးက ပြောခဲ့တယ်။ အင်္ဂလန်ပြည်ဘုရင်ဖြစ်တဲ့ ပထမမြောက် ချားလ်ဘုရင်ဟာ ကိုယ်နှုတ်နှလုံး မစောင့်ခဲ့ဘဲ သူ့ရဲ့ ပါလီမန်အမတ်တွေနဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုကို သူ့ရဲ့ ချစ်စရာကောင်းတဲ့ မိဖုရားကို ဖွင့်ပြောမိခဲ့ပါတယ်။ မိဖုရားက ဒီအကြောင်းကို သူ့ရဲ့ ရံရွေတော်တစ်ဦးကို ပြောလိုက်ပါတယ်။ ရံရွေတော်က နှစ်ဖက်စလုံးမှာ မိတ်ဆွေအပေါင်းအသင်းတွေရှိတဲ့အတွက် ချားလ်ဘုရင်ရဲ့ အကြံအစည်ကို တစ်ဖက်ကို သွားပြောပြီး သတိပေးလိုက်တယ်။ ဒါကြောင့်မို့ အချိန်ရောက်လို့ နန်းတွင်းအာဏာသိမ်းမယ် လုပ်တဲ့အခါကျတော့ ချားလ်ဘုရင်ရဲ့ ရန်သူတွေဟာ ထွက်ပြေးလွတ်မြောက်သွားနှင့်ကြပြီး လူထုတွေက ပုန်ကန်ထကြွလို့ သူကိုယ်တိုင်က ခေါင်းဖြတ်အသတ်ခံလိုက်ရပါတယ်။



ဥပဒေသ။ ။ ပြောရမည့်သူကို ပြောရမည့်အချိန်မှာ လိုအပ်သ လောက်သာ ပြော။

'အခွင့်အာဏာကို ခိုင်မာတောင့်တင်းအောင် လုပ်ချင်ရင် တိတ်တိတ်နေ။ တိတ်တိတ်နေရင် အာဏာတည်မြဲတယ်' လို့ ဗိုလ်ချုပ်ကြီး ဒီဂေါလ်က ပြောခဲ့ဖူးတယ်။ စကားတွေဟာ အတွေးအခေါ်ကို အရည်ပျော်ပြီး အားနည်းသွားစေတယ်။ သတ္တိကို လျော့ပါးသွားစေတယ်။ အတိုချုပ်ပြောရရင် လိုအပ်တဲ့ အာရုံစူးစိုက်မှုကို ပျက်ပြယ်စေတယ်။ ဘိုနာပတ်လောက် စကားနည်းတဲ့လူ ရှိသေးသလား။ သူ့ရဲ့ တပ်မတော်ကြီးကလည်း သူ့နမူနာကို လိုက်ခဲ့တယ်။ 'တောချောင်းတဲ့ မုဆိုးများလို နှုတ်ပိတ်နေကြတဲ့ အရာရှိတော်တော်များများ ကျွန်တော်တွေ့ခဲ့ဖူးတယ်။ အမိန့်ပေးတဲ့အခါကျမှပဲ စကားပြောတော့တယ်။ နို့မို့ရင်တစ်လုံးမှ စကားမပြောကြဘူး' လို့ ဗီတဂနီက ရေးခဲ့ဖူးတယ်။

အမေရိကန်သမ္မတကြီး ကူးလစ်ဟာ သူ့ရဲ့ကိုယ်ရေးဒဏ္ဍာရီကို စွဲမက်ဖွယ်ကောင်းအောင်အတွက်လည်းကောင်း၊ သူ့အတွက် အသုံးကျတဲ့အတွက်ကြောင့်လည်းကောင်း၊ ရေငုံနှုတ်ပိတ်နေရမယ် စကားနည်းရမယ်ဆိုတာကို ကောင်းကောင်းသိတယ်။ ဆယ့်လေးဆက်မြောက် လူဝီဘုရင်ဟာ ဟိတ်နဲ့ဟန်နဲ့ လေးနက်အောင် နေတတ်ထိုင်တတ်တဲ့အတွက် လူတွေက သူ့ကို ချစ်ကြောက်ရိုသေကြပြီး အလွန်ရင်းနှီးသူတွေကလည်း အချင်းချင်း နေသည့်တိုင် ပေါ့တီးပေါ့ဆ မဆက်ဆံရဲကြဘူး။ လိုအပ်တဲ့ သီးသန့်ဖြစ်မှုနဲ့ လေးနက်တည်ကြည်မှုတို့ကတစ်ဖက်၊ ကိုယ့်လက်အောက်ခံတွေကို ရွေးချယ်ဖို့အတွက် အပေါင်းအသင်းများနဲ့ ရင်းနှီးခင်မင်စွာ နေဖို့ကတစ်ဖက် ဒီနှစ်ဖက်ကြားမှာ ဟန်ချက်ညီအောင် ရပ်ရတာဟာ ခေါင်းဆောင်တစ်ယောက်အဖို့ တော်တော်ခက်တယ်။ ဒါပေမယ့် ပရိယာယ်ဝေဝုစ်ကို ကျင့်သုံးရင် ဒီအခက်အခဲကို ကျော်လွှားနိုင်ပါတယ်။ ကြီးကျယ်တဲ့ တာဝန်ကြီးတွေကို ထမ်းဆောင်ဖို့ လူဖြစ်လာရတဲ့သူတွေမှာ ဒီအရည်အချင်းဟာ မွေးရာပါ အရည်အချင်းတစ်ခုဖြစ်တယ်။

ခေါင်းဆောင်တစ်ယောက်မှာ ဆိုခဲ့တဲ့ အရည်အချင်းတွေအပြင် ကာယသတ္တိနဲ့ ကျန်းမာရေးလည်း ပြည့်စုံရလိမ့်မယ်။ (ကာယသတ္တိကတော့

www.burmeseclassic.com

www.burmeseclassic.com



သူတော်ယောင်ဆောင်မှုကို တားနိုင်တဲ့ တစ်ခုတည်းသော အရည်အချင်း ဖြစ်ပါတယ်။) ကောင်းမွန်ပြည့်စုံတဲ့ ကျန်းမာရေးဟာ ခေါင်းဆောင်တစ်ယောက်ရဲ့ တန်ခိုးစွမ်းပကားကို တိုးတက်စေတယ်။ စိတ်ရှည်ဖို့ လုံ့လဝီရိယရှိဖို့ စိတ်ဓာတ်ခိုင်မာဖို့ လွယ်ကူအောင်လုပ်ပေးတယ်။ စစ်ဗိုလ်ချုပ် မာရှယ်ဂျော့ဖီရဲ့ အဓိကအရည်အချင်းနှစ်ခုဟာ ဘယ်လိုအစားအသောက်မျိုးကိုမဆို စားနိုင်ခြင်းနဲ့ ဘယ်နေရာ ဘယ်အချိန်မှာမဆို အိပ်ပျော်အောင်အိပ်နိုင်ခြင်းဖြစ်တယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့အနေနဲ့ မန်းတိုက်ပွဲကို ကျေးဇူးတင်ရမယ်။ ကိုယ်ခန္ဓာအားဖြင့် ဟန်ချက်ညီမျှမှုရှိတဲ့အတွက် စိတ်ဟာ ဖျတ်လတ်ပေါ့ပါးနေခြင်းဖြစ်တယ်။ 'တိုင်းပြည်အုပ်ချုပ်မည့်သူအဖို့ ခေါင်းအေးအေးထားနိုင်ခြင်းသည် အရေးကြီးဆုံးသော အရည်အချင်းတစ်ခုဖြစ်ပေ၏' ဆိုတဲ့ စကားရှိတယ်။ တိုက်ပွဲတိုက်ဖို့ အမိန့်ပေးပြီးတဲ့နောက်မှာ စာအုပ်တစ်အုပ်ကို ကောက်ဖတ်နေတဲ့ ဗိုလ်ချုပ်ဂါလီယန်နီအကြောင်းကို မကြာခဏ သတိရတတ်ကြတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်လေယော်တေးဟာ စစ်ဗိုလ်ပေါက်စကလေးပဲ ရှိသေးတယ်။ တိုက်ပွဲဆင်ဖို့ အမိန့်တစ်ခုပေးပြီး စာအုပ်တစ်အုပ်ကို ကောက်ဖတ်နေတဲ့ ဗိုလ်ချုပ်ဂါလီယန်နီကို မြင်တော့ သူအံ့အားသင့်နေတယ်။ 'ငါလုပ်နိုင်တာလုပ်ပြီးပြီ။ ထိုင်စောင့်ရုံပဲ ရှိတော့တယ်။ စောင့်နေတုန်းမှာ တခြားကိစ္စတစ်ခုကို စဉ်းစားနေရုံပေါ့' လို့ ဗိုလ်ချုပ်ဂါလီယန်နီက ပြောသတဲ့။ ဒီနည်းဟာ စိတ်ကို ကြည်လင်အောင်လုပ်ဖို့ ကိုယ့်ဣန္ဒြေသိက္ခာကိုထိန်းဖို့ တော်တော်ကောင်းတဲ့နည်းဖြစ်တယ်။ သူ စစ်ဗိုလ်ချုပ်ဖြစ်လာလို့ ဖက်ဖိုတိုက်ပွဲမှာ အပိုင်းခံရတော့ လေယော်တေးဟာ ဗစ်ညီရဲ့ ကဗျာစာအုပ်တစ်အုပ်ကို ကောက်ဖတ်နေခဲ့တယ်။

စာရေးဆရာကြီး မွန်တိန်းက-

'မိမိ မကြာခင်စီးနင်းဝင်ရောက်တိုက်ခိုက်မည့် ခံတပ်တစ်ခုရှေ့တွင် စစ်ဗိုလ်ချုပ်တစ်ဦးရပ်ပြီး မိတ်ဆွေအပေါင်းအဖော်များနှင့် အေးအေးဆေးဆေး စကားပြောနေသည်ကို မြင်ရသည်မှာ ကြည်နူးစရာ ကောင်းလှပေသည်။ အလားတူပင် မိမိ၏ ညတာဝန်များကြားမှ ရသလောက် အချိန်ကလေးကိုယူကာ ပိုလီဗီးယပ်စ်ကို ဖတ်၍ သူ၏ ကျမ်းကို အကျဉ်းချုပ်နေနေသော ဘရူးတပ်စ်ကို စိတ်ကူးကြည့်ရသည်မှာလည်း ကြည်နူးစရာကောင်း



ပါသည်။ မိမိ၏ အရေးကိစ္စများဖြင့် ဝန်ပိကာ ထိုတာဝန်များကို မည်သို့ဖယ်ရမည်ကို မသိဘဲ ချီတုံချတုံဖြစ်နေသူများမှာ သာမန်လူညံ့လူဖျင်းများသာလျှင် ဖြစ်ပေ၏' လို့ ရေးခဲ့တယ်။

▲▼▲

ခေါင်းဆောင်တစ်ယောက်အဖို့ အကျင့်စရိုက်ဟာ ပထမဆုံးအရေးကြီးတဲ့ အချက်ဖြစ်တယ်။ ဒါပေမယ့် အသိဉာဏ်ထက်မြက်ခြင်းဟာလည်း အခြေခံကျတဲ့ အချက်တစ်ချက်ပါပဲ။ ခေါင်းဆောင်တစ်ယောက်မှာ ကျယ်ပြန့်တဲ့ ပညာရေးရှိရမယ်။ သမိုင်းနဲ့ကဗျာဟာ လူတွေရဲ့ အာသာဆန္ဒတွေနဲ့ ပတ်သက်တဲ့ သူ့ဗဟုသုတကို တိုးပွားစေတယ်။ ယဉ်ကျေးမွန်ရည်ခြင်းဟာ လက်ရုံးရည်သမားတစ်ယောက်အဖို့ မိမိရဲ့စိတ်ကို တည်ငြိမ်လေးနက်အောင် လုပ်ဖို့ အခွင့်အရေးတွေကို မကြာခဏ ဖန်တီးပေးတတ်တယ်။ ယဉ်ကျေးရည်မွန်မှုကြောင့် စီစဉ်တကျ ရှိမှုနဲ့ ကြည်လင်ပြတ်သားမှုတို့ကို ဖန်တီးနိုင်ပြီး မိမိစိတ်တိုင်းကျ အသုံးချနိုင်တယ်။ ချုပ်ပြောရရင် တိုင်းပြည်တစ်ခုကို တည်ဆောက်ရတာ၊ စစ်တပ်တစ်တပ်ကို ခေါင်းဆောင်ရတာဟာ အနုပညာ (အတတ်ပညာ) လုပ်ငန်းတစ်ခုဖြစ်တယ်။ မိမိရဲ့ လေ့လာမှုများကနေပြီး အလှတရားကို မြင်တတ်ရှာတတ်သူဟာ အဲဒီလေ့လာမှုမှာ အောင်မြင်မှုရမှာပဲ။

စစ်သူကြီး မာရှယ်ဖော့ခ်က-

'သိပ္ပံပညာလေ့လာမှု၏ တန်ဖိုးသည် ရုပ်ဝတ္ထုအားဖြင့် ဆုံးဖြတ်ပြဋ္ဌာန်းရသည့် ထုထည်ပမာဏများ၊ ပုံသေနည်းများကို စိတ်တွင် ကျင့်သားရအောင် လုပ်ပေးခြင်းဖြစ်သည်ဟုဆိုလျှင် စာပေ၊ ဒဿနနှင့် သမိုင်းလေ့လာမှုတို့၏ တန်ဖိုးသည် သက်ရှိကမ္ဘာကြီးနှင့် ပတ်သက်သော အမေးများကို ဘတ်လုပ်ပေးရန်၊ ဤသို့အားဖြင့် အသိဉာဏ်ကို လေ့ကျင့်ပေးရန်နှင့် ကျယ်ပြန့်အောင်လုပ်ရန်၊ မသေချာမရေရာသော ပြဿနာများကို စဉ်းစားသည့်အခါတွင် စိတ်ကို ကြည်လင်ရှင်းလင်းနေစေရန်နှင့် အကျိုးရှိစွာ ဖြေရှင်းတတ်အောင်လုပ်ရန် ဖြစ်သည်။ အနာဂတ်ကာလ၌ စစ်အရာရှိတစ်ဦးအဖို့ မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးစစ်ရာ အသိပညာကို တိုးမြှင့်အောင် ကြိုးစားရသည့်နည်းတူ အတွေးတွေ ယဉ်ကျေးမွန်ရည်မှုကိုလည်း တိုးမြှင့်ပေးရန် လိုအပ်လာတော့မည် ဖြစ်ပေသည်' လို့ ရေးခဲ့ပါတယ်။

ဟုတ်ပါတယ်။ သက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာ (မိမိရဲ့ အသက်မွေးမှုနဲ့ ဆိုင်တဲ့ပညာရပ်) ဟာ အဓိကကျတာမှန်ပါတယ်။ တစ်ခါတုန်းက ကျွန်တော်ဟာ 'အမိန့်များနှင့်ပတ်သက်၍ ဆွေးနွေးခန်း' ဆိုတဲ့ စာအုပ်စာအုပ်ကို ရေးခဲ့ပါတယ်။ အဲဒီတုန်းက စစ်သူကြီး မာရှယ်ဖာယိုလီက ကျွန်တော့်ဆီကို စာတစ်စောင်ရေးခဲ့ပါတယ်။

သူ့စာထဲမှာ ဒီလိုရေးထားပါတယ်။

'လူတစ်ယောက်ဟာ အကျင့်စရိုက်လည်း ကောင်းတယ်၊ စဉ်းစားဉာဏ်လည်းရှိတယ်၊ ဒါတွေအပြင် ကြာရှည်လေ့လာမှုကသာ ရရှိနိုင်တဲ့ အထွေထွေပညာ ဗဟုသုတလည်း ရှိတယ်ဆိုရင် အဲဒီလူဟာ အရာရှိကောင်းတစ်ယောက် ဖြစ်လာနိုင်တယ်။ ပြီးခဲ့တဲ့ စစ်ကြီးအတွင်းက စစ်မိန့်ပေးဌာနချုပ်မှာရှိကြတဲ့ လူတော်တော်များများဟာ တက္ကသိုလ်က ပါမောက္ခကြီးတွေ ဖြစ်တယ်ဆိုတာကို လူတော်တော်များများ သတိမပြုမိဘဲ ဖြစ်နေကြတယ်။ တခြားလူမကြည့်နဲ့လေ။ မာရှယ်ဖော့ခ်၊ မာရှယ်ပေတိန်၊ ကျွန်တော်နဲ့ တခြားဗိုလ်ချုပ်တွေကိုပဲကြည့်ပါ။ ပါမောက္ခတွေ ဗိုလ်ချုပ်ဖြစ်လာတာဟာ ဒီအကြိမ်ဟာ ပထမအကြိမ်ပဲ။ ဒီလို စစ်ဗိုလ်ကောင်းတွေ ဖြစ်လာရတာဟာ တခြားကြောင့် မဟုတ်ဘူး။ တက္ကသိုလ်မှာ ရခဲ့တဲ့ အခြေခံလက်တွေ့ပညာတွေကြောင့်ပဲ။ အဲဒီပညာရေးဟာ သမိုင်းနဲ့ လက်တွေ့ဆောင်ရွက်ချက်တွေပေါ်မှာလုံးဝ အခြေခံတယ်။ ဆောင်းရာသီမှာ ပြဋ္ဌာန်းစာအုပ်တွေနဲ့ လေ့ကျင့်ခန်းစာတွေကို လေ့လာတယ်။ နွေရာသီမှာ လက်တွေ့ကွင်းဆင်းပြီး လေ့လာတာတွေ၊ စစ်လေ့ကျင့်ခန်းတွေကို လုပ်ကြတယ်။ စစ်သေနင်္ဂဗျူဟာပြဿနာတွေကို နှစ်ရှည်လများ ဖြေရှင်းရတဲ့ အတွေ့အကြုံရှိသူတစ်ယောက်ဟာ စစ်မြေပြင်မှာ ယောင်ကန်းကန်းနဲ့ တောင်လုပ်ရမလို၊ မြောက်လုပ်ရမလို ဖြစ်တာမျိုးတွေ မရှိတော့ဘူး။ ညွှန်ကြားချက်တွေဟာ ရှင်းလင်းပြတ်သားပြီး ကျိုးကြောင်းညီညွတ်မှုရှိတယ်ဆိုရင် အဖြေကို အမြဲတမ်းရှာလို့ တွေ့ပါတယ်။ စစ်ပွဲမှာ ကာယ၊ ဉာဏနဲ့ စိတ်ဓာတ်ဟာ သိပ်ကို အရေးကြီးတယ်။ ဒီသုံးခုဟာ



သူ့နေရာနဲ့သူ ပါရတယ်။ အဲဒီအထဲက ဘယ်တစ်ခုကိုမှ လျှော့မတွက်မိအောင် သတိထားဖို့လိုပါတယ်။ အားလုံးဟာ ညီတူမျှတူအရေးကြီးတာချည်းပဲ။

ခေါင်းဆောင်တစ်ယောက်ရဲ့ အသိဉာဏ်ဟာ ရိုးသားမှန်ကန်မှုနဲ့ ကြည်လင်ပြတ်သားမှုတို့ ရှိရမယ်။ စိတ်ထဲမှာ ရှုပ်ထွေးတဲ့ သဘောတရားတွေ စီမံကိန်းတွေပြည့်နေရင် ဘာကိုမျှ ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်မှာမဟုတ်ဘူး။ သိပ်ပြီး ဖွဲ့စည်းမှုတင်းကြပ်တဲ့ စက်မှုလုပ်ငန်းတစ်ခုဟာ ဖွဲ့စည်းမှုလျော့ရဲတဲ့ စက်မှုလုပ်ငန်းတစ်ခုလိုပဲ ပိုက်ဆံကို ဖြုန်းတီးပစ်ရာရောက်တယ်၊ ဦ့လွှတ်ရတာတွေ များလွန်းတော့ မော်တာရဲ့အားဟာ ကုန်ခန်းသွားရတယ်၊ (ဒါကြောင့်မို့ လူတစ်ယောက်တည်းက ညွှန်ကြားတဲ့ လုပ်ငန်းကလေးတွေဟာ ကုန်ကျစရိတ်ကလည်း နည်း၊ ထုတ်လုပ်မှုအရည်အသွေးလည်း မြင့်မားတော့ ကြီးကျယ်တဲ့လုပ်ငန်းကြီးတွေထက် အောင်မြင်တတ်တာဖြစ်တယ်။) ခေါင်းဆောင်တစ်ယောက်မှာ ရိုးစင်းမှန်ကန်တဲ့ အတွေးအခေါ်နည်းနည်းပဲ ရှိရမယ်။ အဲဒီအတွေးအခေါ်ဟာလည်း အတွေ့အကြုံကလာတာဖြစ်ပြီး လက်တွေ့ကျင့်သုံးလို့ အောင်မြင်ကြောင်း အတည်ပြုပြီးဖြစ်ရမယ်။ အတွေ့အကြုံက ဖန်တီးပေးလိုက်တဲ့ အဲဒီပုံသဏ္ဌာန်ဟာ တစ်စုံတစ်ခုသော လုပ်ငန်းမှာ အသုံးချဖို့အတွက် တိကျတဲ့အသိပညာတွေပါဝင်လိမ့်မယ်။

ခေါင်းဆောင်တစ်ယောက်ဟာ တခြားသူများရဲ့ စိတ်ကို ဘယ်လို အသုံးပြုရမယ်ဆိုတာကိုလည်း သိရမယ်။

ရစ်ချလျူးက

'လူတစ်ယောက်ဟာ တိုင်းပြည်တစ်ပြည်ကို မှန်ကန်စွာ ကောင်းမွန်စွာ အုပ်ချုပ်နိုင်ဖို့အတွက် စကားနည်းနည်းပြောပြီး များများနားထောင်ရမယ်' လို့ ပြောခဲ့ဖူးတယ်။ ဒါပေမယ့် ဘယ်လိုလူရဲ့ စကားကို နားထောင်ရမလဲ။ တိကျတဲ့ သတင်းအချက်အလက်ကို ပေးနိုင်တဲ့သူရဲ့ စကားကိုသာ နားထောင်ရလိမ့်မယ်။ စကားနည်းတာဟာ ကောင်းတယ်။ စကားများတဲ့သူတွေကို တိတ်တိတ်နေအောင် လုပ်ခြင်းဟာ တော်တော်အသုံးကျတယ်၊

ခေါင်းဆောင်တစ်ယောက်မှာ လျင်မြန်တဲ့ ပဋိဘာန်ဉာဏ်ရှိရမယ်၊ လက်တွေ့အလုပ်တစ်ခုမှာ အချိန်ဟာ တော်တော်အရေးကြီးတယ်။ အချိန်မီ အကောင်အထည်ဖော်ရတဲ့ ပြည့်စုံခြင်းမရှိတဲ့ စီမံကိန်းတစ်ခုဟာ နောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



ပြီး အကောင်အထည်ဖော်ရတဲ့ ပြည့်စုံတဲ့ စီမံကိန်းတစ်ခုထက် ပိုကောင်းတယ်။ တစ်ခါတစ်ရံမှာ အချိန်ဟာ သိပ်အရေးကြီးတော့ အချိန်ကို အဓိကထားပြီး စဉ်းစားရတဲ့အခါမျိုးတွေ ရှိလာတတ်တယ်။ လေယာဉ်တည်ဆောက်ရေးဝန်ကြီးတစ်ယောက်အနေနဲ့ 'ကျွန်တော့်မှာရှိတဲ့ လူအင်အားနဲ့၊ ကျွန်တော့်မှာရှိတဲ့ ဘတ်ဂျက်နဲ့၊ ကျွန်တော့်မှာရှိတဲ့ ညံ့ဖျင်းတဲ့စီမံခန့်ခွဲမှုနဲ့ဆိုရင် ဘယ်နှယ့်လုပ်ပြီး လေယာဉ်အစင်းငါးထောင်ကို အချိန်တိုကလေးအတွင်း ထုတ်လို့ဖြစ်မှာလဲ' လို့ မပြောသင့်ဘူး။ ဒီလိုပြောမယ့်အစား 'ကျွန်တော့်အနေနဲ့ နွေဦးပေါက်အမီ လေယာဉ်အစင်းငါးထောင် ထုတ်လုပ်ပေးရမှာဆိုတော့ အဲဒါကို အချိန်မီအောင် ထုတ်ပေးဖို့အတွက် ဘယ်လိုဘတ်ဂျက်မျိုး၊ ဘယ်လိုလက်ထောက်မျိုးတွေကို ရှာရမလဲ' ဆိုတဲ့ စကားမျိုးကို ပြောသင့်တယ်။ စစ်ပွဲမှာလိုပဲ အထည်ချုပ်တဲ့ လုပ်ငန်းမှာ၊ သတင်းစာလုပ်ငန်းမှာလိုပဲ ဘက်တိုက်တစ်ခုကို ဦးစီးတဲ့ လုပ်ငန်းမှာလည်း နှေးကွေးခြင်းဟာ ဒုက္ခရောက်နိုင်တယ်။ ဒီလိုကိစ္စမျိုးတွေမှာ အကြီးအကဲလုပ်သူဟာ မြန်မြန်စဉ်းစားပြီး မြန်မြန်လှုပ်ရှားတတ်တဲ့ လက်ထောက်တွေကို ရှာတတ်ဖို့လိုတယ်။

နောက်ဆုံးအားဖြင့် ခေါင်းဆောင်တစ်ယောက်ဟာ အစဉ်အလာနဲ့ ထုံးတမ်းဓလေ့တွေကို ထည့်သွင်းစဉ်းစားရမယ်။ သူဟာ ဝတ္ထုပစ္စည်းတွေရဲ့ အနာဂတ်ကို တည်ဆောက်သူဖြစ်တယ်။ အဲဒီ အထဲက ခိုင်မာတဲ့ အရာဝတ္ထုများကို အတိတ်က သူ့ကို ပေးအပ်ခဲ့ပြီးပြီ။ သူဟာ အဲဒီ အတိတ်က ပေးတဲ့ ပစ္စည်းကို ပြန်ပြီး ဖြတ်တောက်ခြင်းပြုတယ်။ ပြန်ပြီး ပုံပန်းသဏ္ဌာန်ပြင်ဆင်တယ်။ ဒါပေမယ့် ဘယ်တော့မှ အဲဒီပစ္စည်းကို စွန့်ပစ်ခြင်းမပြုဘူး။ ကစ်ပလင်းရဲ့ တော်တော်သပ်ရပ်တဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ တံတားတစ်ခုကို အင်ဂျင်နီယာတွေ ဆောက်ကြတယ်။ လုပ်ငန်းနဲ့ပတ်သက်တဲ့ ရှေးအစဉ်အလာတွေကို အာခံစွန့်ပယ်ခဲ့ကြတဲ့အတွက် မြစ်စောင့်နတ်က သူတို့ကို ဒဏ်ပေးတဲ့ အကြောင်းကို ရေးထားတယ်။ နှစ်ဆယ်ရာစုနှစ်က ကျွန်တော်တို့တစ်တွေဟာ စကြဝဠာကြီးကို အောင်နိုင်ဖို့အတွက် အံ့မခန်းလောက်တဲ့ ကိရိယာတန်ဆာပလာတွေကို ရနေကြပြီ။ ဒါပေမယ့် စကြဝဠာကြီးမှာ လက်စားချေတတ်တဲ့ နည်းလမ်းတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုက ပေါ်ထွက်လာတဲ့အကျိုးသက်ရောက်မှုများကို ချက်ချင်းလွယ်လွယ်ကူကူ မြင်ရတာ



မဟုတ်ဘူး။ တော်လှန်ရေးတစ်ခုအတွင်းမှာ လူထုတွေဟာ တိုင်းပြည်တစ်ပြည်ရဲ့ အစဉ်အလာကာကွယ်မှုတွေကိုဖျက်ဆီးပစ်နေတယ်လို့ ထင်ရတယ်။ ဒါပေမယ့် ပြီးဆုံးအောင် စောင့်ကြည့်ပြီးမှသာ ထင်မြင်ချက်ပေးသင့်တယ်။ ပြင်သစ်တော်လှန်ရေးဟာ မင်းဆက်ပြန်လည်အုပ်စိုးရေးတစ်ခုနဲ့ အဆုံးသတ်သွားခဲ့တယ်။ မျက်လှည့်ဆရာရဲ့ တပည့်ဟာ သူမန်းမှုတ်လို့ လှုပ်နေတဲ့ ဒွလက်တံမြက်စည်းကို ဂါထာပြယ်ပြီး ငြိမ်းသွားအောင် ချက်ချင်းလုပ်လို့ရတာမဟုတ်ဘူး။ အချိန်အတော်ကြာမှ ပြယ်အောင် လုပ်ယူလို့ရတယ်။

အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်ဟာ အဲဒီအချက်ကို မမေ့သင့်ဘူး။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အိုခြင်းအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

(ဇရာ) အိုမင်းခြင်းဟာ ထူးဆန်းလှတဲ့ ဖြစ်စဉ်တစ်ခုဖြစ်တယ်။ ဘယ်လောက်တောင် ထူးဆန်းသလဲဆိုရင် တခြားသူတွေ အိုသလို ကိုယ်လည်း အိုနိုင်ပါကလားဆိုတာကို မယုံနိုင်လောက်အောင် ထူးဆန်းတယ်။ ပရုစ်ရဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ ငယ်သူငယ်ချင်းတွေကို အနှစ်သုံးလေးဆယ်ကြာမှ ပြန်တွေ့ရတဲ့အခါမှာ ပေါ်လာတဲ့ခံစားချက်ကို ရေးထားတယ်။

'အိမ်ရှင်နှင့် ဧည့်သည်များအား ကျွန်တော်ရုတ်တရက် မမှတ်မိသည်ကို ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင်ဖြစ်နေပါသည်။ သူတို့ အားလုံးသည် အဘယ်ကြောင့် ရုပ်ဖျက်ထားသည့်ပုံပေါ်နေကြသနည်း။ အများအားဖြင့် နံ့သာမှုန့်ဖြူးထားသည့် ဆံပင်တုများကို တပ်ထားကြသဖြင့် ရုပ်တစ်မျိုး ဖြစ်နေကြသည်။ မင်းသားကြီးကိုယ်တိုင်မှာလည်း ဧည့်သည်တွေလိုက်နာကျင့်သုံးကြသည့် အခမ်းအနား၊ အဆောင်အယောင်တို့ကို လိုက်နာကျင့်သုံးလျက်ရှိ၏။ သူ့မုတ်ဆိတ်မွေးများမှာ ဖြူလျက်ရှိပြီး ခဲဆွဲထားသည့် ဖိနပ်ကို စီးထားသည့်နှယ် ခြေဒရွတ်တိုက်လျက်ရှိ၏။ သူ့နှုတ်ခမ်းမွေးမှာလည်း ငလက်မ၏ သစ်တောထဲက သစ်ပင်များပေါ်တွင် နှင်းခဲများဖုံးသလို ဖြူဆွတ်လျက်ရှိသည်။

ကျွန်တော် သိသလောက်ဆိုလျှင် သူသည် ကျွန်တော့်မိတ်ဆွေဖြစ်သည်။ အသက်ကတော့ ကျွန်တော်နှင့်မတိမ်းမယိမ်းလောက် ရှိပေလိမ့်မည်။ သူ့အရွယ်နှင့်သူ့ရုပ် ကိုက်ညီပါပေသည်ဟု လူတွေပြောသံကို ကျွန်တော်ကြားရသည်။ သူ့မျက်နှာပေါ်တွင် လူအိုလူမင်းတို့၏ လက္ခဏာချက်များကို မြင်လိုက်ရသည့်အခါတွင် ကျွန်တော် အံ့အားသင့်သွားသည်။ ထိုအခါကျမှ သူတကယ်အိုမင်းနေပြီဖြစ်ကြောင်း၊ ဘဝသည် နှစ်ပေါင်းများစွာ ကြာသော

www.burmeseclassic.com



သည့်အခါတွင် သူငယ်လေးများကို လူအိုကြီးအဖြစ်သို့ ပြောင်းလဲပစ်လေ့ရှိကြောင်းကို ကျွန်တော် သဘောပေါက်လာပါသည်'

ဟုတ်ပါတယ်။ ကိုယ်နဲ့သက်တူရွယ်တူ မိန်းမ၊ ယောကျ်ားတွေအပေါ်မှာ အချိန်က ထုတ်လုပ်ပေးလိုက်တဲ့ သက်ရောက်မှုတွေကို ကြည့်လိုက်တဲ့အခါကျမှ ကိုယ့်မျက်နှာပေါ်မှာလည်း ဘယ်လိုပြောင်းလဲချက်တွေ ရှိနေပြီလဲ၊ ကိုယ့်စိတ်ထဲမှာ ဘယ်လိုပြောင်းလဲချက်တွေ ရှိနေပြီလဲဆိုတာကို မှန်ကြည့်သလို မြင်လာပါတယ်။ ကိုယ်နဲ့အတူ နှစ်ပရိစ္ဆေဒတွေကို ဖြတ်သန်းလာခဲ့တဲ့ မျက်လုံးတွေအဖို့တော့ ကျွန်တော်တို့ဟာ ယခုတိုင် ငယ်ရွယ်နေသေးတယ်။ ကျွန်တော်တို့မှာ လူငယ်တို့ရဲ့ စိုးရွံ့မှုတွေနဲ့ မျှော်လင့်ချက်တွေ ရှိနေသေးတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့နေရာကို တက်လာတဲ့လူငယ်မျိုးဆက်တွေ ယူထားတဲ့နေရာတွေကို သတိမထားမိဘဲ ဖြစ်နေကြတယ်။ တစ်ခါတစ်လေမှာ စကားတစ်လုံးကို ကြားလိုက်ရတဲ့အတွက် အံ့အားသင့်နေမိကြတယ်။ လူငယ်စာရေးဆရာကလေးတစ်ယောက်က ကျွန်တော်တို့ကို ဆရာကြီးလို့ခေါ်လိုက်တဲ့အခါမှာ အံ့အားသင့်နေတယ်။ ကိုယ့်စိတ်ထဲမှာတော့ သူဟာ ကိုယ်နဲ့ရွယ်တူပဲ။ ကိုယ်နဲ့ရေးဖော်ရေးဘက်ပဲလို့ ထင်မိတာကိုး။ ခပ်ငယ်ငယ် မိန်းကလေးတစ်ယောက်အကြောင်းကို ဝေဖန်လိုက်တဲ့အသံကို ကြားရတဲ့အခါမှာ ပိုလို့တောင် စိတ်ထိခိုက်ရသေးတယ်။ 'ဖြစ်မှဖြစ်ရလေကွာ၊ ကောင်မလေးနှယ်။ အသက်ငါးဆယ်ကျော်နေတဲ့ ခေါင်းဖြူကြီးကိုမှ လက်ထပ်ရတယ်လို့' ဆိုတဲ့ အသံမျိုးပါ။ ကြည့်လိုက်တော့ ကိုယ်ကလည်း အသက်ငါးဆယ်ကျော်နေပြီ။ ခေါင်းဖြူကြီးနဲ့။ နှလုံးသားကတော့ မအိုချင်သေးဘူးပေါ့။

❑❑❑

(ဇရာ) အိုမင်းခြင်းဟာ ဘယ်တုန်းကစသလဲ။ ကျွန်တော်တို့ဟာ ဇရာက ထွက်ပြေးလို့ရတယ်လို့ အချိန်တော်တော်ကြာက ထင်ခဲ့ကြတယ်။ စိတ်ကဖျတ်လတ်နုပျိုတုန်းရှိသေးတယ်။ ခွန်အားကလည်း အရင်တုန်းကလိုပဲ။



ကျွန်တော်တို့တစ်တွေဟာ စမ်းသပ်မှုအမျိုးမျိုးကို လုပ်ခဲ့ကြတယ်။ ငယ်ငယ်တုန်းကလို ဒီတောင်ကုန်းပေါ်ကို မြန်မြန်တက်နိုင်ပါ့ဦးမလား၊ တက်နိုင်သားပဲ။ ဒါပေမယ့် နည်းနည်းတော့ မောတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ငယ်ငယ်တုန်းကလည်း ဒီလောက်ပဲ တက်ရတာပဲ။ အဲဒီတုန်းကလည်း မောတာပဲ မဟုတ်ဘူးလားလို့ မေးမိကြတယ်။

နုပျိုခြင်းကနေပြီး အိုမင်းခြင်းကို ကူးပြောင်းတာဟာ သိပ်နှေးကွေးတဲ့အတွက် ပြောင်းတဲ့ကာလကဲရှင်မှာ သိပ်မသိသာဘူး။ နွေရာသီပြီးတော့ ဆောင်းဦးပေါက်ရောက်တယ်။ ဆောင်းဦးပေါက်ပြီးတော့ ဆောင်းရာသီကို ရောက်တယ်။ ဒီအပြောင်းအလဲဟာ သိပ်နှေးကွေးဖြည်းဆေးတဲ့အတွက် နေ့စဉ် သတိမပြုမိကြဘူး။ ဒါပေမယ့် တစ်ခါတစ်လေမှာတော့ ဆောင်းရာသီဟာ မက္ကဘက်ကို ဝိုင်းရံဖို့ချီတက်လာတဲ့ စစ်တပ်ကြီးလို ချီတက်လာပြီး နွေရဲ့သစ်ရွက်ရော်ရီတွေနောက်မှာ ပုန်းကွယ်နေတတ်တယ်။ ဟော နိုဝင်ဘာ တစ်မနက်လည်းရောက်ရော ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုဟာ ဆောင်းဦးပေါက်ရဲ့ ရွှေမျက်နှာဖုံးကို ဆုတ်ဖြဲပစ်လိုက်တယ်။ အဲဒီနောက်မှာ ဆောင်းရဲ့ အရိုးပြိုင်းပြိုင်းပဲ ကျန်ရစ်ခဲ့တော့တယ်။ အသက်ရှိသေးတယ်လို့ ကျွန်တော်တို့ ထင်နေတဲ့ သစ်ရွက်တွေဟာ သေးငယ်တဲ့ ရိုးတံကလေးတွေ သစ်ကိုင်းတွေပေါ်မှာ တွဲလွဲချိတ်နေကြတယ်။ အမှန်ကတော့ မုန်တိုင်းဟာ အဲဒီ မကောင်းဆိုးဝါးကို ခေါ်လာတာ မဟုတ်ပါဘူး။ မကောင်းဆိုးဝါးကို ဖွင့်ပြလိုက်ရုံသာပါ။

နာမကျန်းဖြစ်မှုဟာ လူသတ္တဝါသစ်တောကြီးထဲကို တိုက်ခတ်လာတဲ့ မုန်တိုင်းပါပဲ။ ယောကျ်ား ဒါမှမဟုတ် မိန်းမတစ်ယောက်ဟာ အရွယ်နဲ့မလိုက်အောင် နုပျိုကောင်း နုပျိုနေလိမ့်မယ်။ သူတို့များ သိပ်အံ့သြဖို့ကောင်းတာပဲနော်လို့ အားကျကြလိမ့်မယ်။ ခင်ဗျားကတော့ ရှာမှရှားပါပေတယ်ဗျာလို့ ချီးကျူးကောင်းချီးကျူးမိလိမ့်မယ်။ သူတို့ရဲ့ လုပ်ရှားမှု၊ သူတို့ရဲ့ စိတ်နုပျိုမှု၊ သူတို့စကားတွေရဲ့ ထက်သန်မှုတို့ကို ကျွန်တော်တို့ အားကျကြတယ်။ ဒါပေမယ့် တစ်နေ့မှာတော့ လူငယ်တစ်ယောက်အနေနဲ့ ခေါင်းကိုက်တာကလေးလောက်၊ အအေးမိတာကလေးလောက်၊ ထင်သလို [illegible] လောက်ဘူးလို့ ယူဆတဲ့အဖြစ်ကလေးတစ်ခုနောက်မှာ သူတို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထဲကို နှလုံးရောဂါရင်လည်း ဖြစ်ချင်ဖြစ်မယ်။ အဆုတ်အအေးမိရောဂါရင်လည်း ဖြစ်ချင်ဖြစ်မယ်။ ရက်အနည်းငယ်အတွင်းမှာ မျက်နှာဟာ ညှိုးနွမ်းချောင်ကျသွားတယ်။ ခါးက ကုန်းသွားတယ်။ မျက်လုံးက တောက်ပနေတဲ့အရောင်ဟာ ပျောက်သွားတယ်။ တစ်ခဏကလေးဟာ ကျွန်တော်တို့ကို တစ်ဘဝပေးလိုက်သလို ပြောင်းလဲသွားစေပြီး လူအိုကြီးတွေ ဖြစ်သွားနိုင်တယ်။ သဘောကတော့ ကျွန်တော်တို့ အိုနေတာကြာလှပြီဆိုတဲ့ သဘောပါပဲ။

ကျွန်တော်တို့ရဲ့ဘဝမှာ အဲဒီဆောင်းဦးပေါက်ရာသီပြောင်းချိန်ဟာ ဘယ်အချိန်တုန်းက စခဲ့သလဲ။

လူတစ်ယောက်ဟာ အသက်လေးဆယ်ကိုရောက်တာနဲ့ ရှေ့မှာ အရိပ်မျဉ်းကြောင်းကလေးကို မြင်ရတယ်။ တုန်တုန်ရီရီနဲ့ သူဖြတ်တယ်။ အဲဒီနောက်မှာတော့ စွဲလမ်းစရာကောင်းတဲ့ နုပျိုမှုနယ်ပယ်ဟာ သူ့အတွက် တံခါးပိတ်သွားတော့တယ်လို့ ယုံကြည်တတ်ကြကြောင်း ဂျိုးဇက်ကွန်းရက်က ရေးခဲ့ဖူးတယ်။ ဒီနေ့ခေတ်မှာတော့ ကျွန်တော်တို့ဟာ အဲဒီခပ်ရေးရေး အရိပ်မျဉ်းကြောင်းကလေးကို 'ငါးဆယ်' ဆီ ရွှေ့ထားလိုက်ကြတယ်။ ဒါပေမယ့် မျဉ်းကြောင်းကတော့ ပျောက်မသွားပါဘူး။ အဲဒီမျဉ်းကြောင်းကို ဖြတ်တဲ့အခါမှာလည်း စိတ်ကနုပျိုလန်းဆန်းပြီး ဖျတ်လတ်သွက်လက်သည့်တိုင် နည်းနည်းတော့ တုန်လှုပ်သွားကြမှာပဲ။ ကွန်းရက်ပြောတဲ့ စိတ်ပျက်လက်ပျက်ဖြစ်တာမျိုးကို ခံစားရမှာပဲ။

စတင်ဒယ်က သူ့ဘောင်းဘီခါးပတ်ပေါ်မှာ 'ငါအသက်ငါးဆယ်ပြည့်တော့မယ်' လို့ စာတမ်းရေးပြီး အဲဒီနေ့မှာပဲ သူချစ်ခဲ့ဖူးတဲ့ မိန်းမတွေကို သေသေချာချာ စာရင်းချုပ်ကြည့်တယ်။ သူဟာ အဲဒီမိန်းမတွေအပေါ်မှာ 'ပုံဆောင်ခဲပြုခြင်း' ဆိုတဲ့ စိန်တွေ၊ ကျောက်မျက်ရတနာတွေနဲ့ ပုံသွင်းကြည့်ခဲ့ မြင်ခဲ့ပေမယ့် အမှန်ကတော့ သူချစ်ခဲ့တဲ့ မိန်းမတွေဟာ သာမန်မိန်းမတွေပါပဲ။ ဒါပေမယ့် ခုပြန်စဉ်းစားကြည့်လိုက်တော့ သူတကယ်ချစ်ချင်တဲ့ မိန်းမမျိုးတွေဟာ စာအုပ်တွေထဲက မိန်းမတွေ၊ ဝတ္ထုတွေထဲက သူကိုယ်တိုင် ဖန်တီးအသက်သွင်းခဲ့တဲ့ မိန်းမတွေဆိုတာ တွေ့လာရတယ်။ အရိပ်မျဉ်းကြောင်းကလေးကို ဖြတ်လိုက်တော့ စတင်ဒယ်ဟာ သူမတွေ့ခဲ့ဖူး၊ မမြင်ခဲ့ဖူးတဲ့ မိန်းမ



တွေအတွက် မျက်ရည်ကျခဲ့ရတယ်။

စာရေးဆရာက 'ငါ အသက်ငါးဆယ်ရှိပြီ' လို့ တွေးတယ်။ သူဘာတွေများ ရေးပြီးခဲ့ပြီလဲ။ ဘာတွေများ ပြောနိုင်ခဲ့သလဲ။ သူ့စိတ်ထဲမှာတော့ ဘာမှ မရေးရသေးဘူး။ ရေးစရာတွေ အများကြီး ကျန်သေးတယ်။ လို့ ထင်နေတယ်။ သူရေးရမယ့် စာအုပ်တွေကို မရေးရသေးဘူးလို့ ထင်နေတယ်။ နောက်ထပ် ဘယ်နှစ်နှစ်ကြာအောင် အလုပ်လုပ်နိုင်ဦးမှာလဲ။ နှလုံးက သိပ်မကောင်းချင်တော့ဘူး။ ဆယ်နှစ်လား။ ဆယ့်ငါးနှစ်လား။ အနုပညာက သက်တမ်းရှည်ပြီး ဘဝက သက်တမ်းတိုတယ်လို့ ပြောခဲ့ကြတဲ့ စကားဟာ တစ်ခါတုန်းကတော့ ရိုးအီနေတဲ့စကားလို့ ထင်ခဲ့ပေမယ့် ခုတော့ အဓိပ္ပာယ်အပြည့်အဝဆောင်လာတယ်။ ပရုစ်ပြောသလို 'အတိတ်ကို ရှာဖွေရအောင် ရေးထွက်ဖို့' အချိန်မှ ရပါဦးမလား။

(ဇရာ) အိုမင်းခြင်းဆိုတာဟာ ဆံပင်ဖြူတာ၊ နှုတ်ခမ်းမွေးဖြူတာ၊ နေဝင်ချိန်ရောက်ပြီလို့ ထင်တာ၊ ပွဲသိမ်းပြီလို့ ယူဆတာ၊ ဇာတ်ခုံဟာ ငါ့ဇာတ်ခုံမဟုတ်တော့ဘူး၊ နောက်လာမယ့် မျိုးဆက်တွေရဲ့ ဇာတ်ခုံလို့ ယူဆတာ။ ဒါလောက်တင် မဟုတ်ဘူး။ ဒီထက်အဓိပ္ပာယ်ရှိတယ်။ တကယ်အမှန်ဆိုးရွားတဲ့အချက်က ခန္ဓာကိုယ် မစွမ်းမသန်ဖြစ်သွားတာ မဟုတ်ဘူး။ ဝိညာဉ် (စိတ်) က ဘာကိုမှမထူးတော့ဘူးလို့ ထင်လာတဲ့အထင်ပဲ။ ဥပေက္ခာ သဘောကို ဆောင်လာမှုပဲ။ အရိပ်မျဉ်းကြောင်းကို ဖြတ်ကျော်လိုက်တဲ့ အခါမှာ ဆုံးရှုံးသွားတဲ့ လုပ်နိုင်ကိုင်နိုင်စွမ်းထက် လုပ်ချင်ကိုင်ချင်တဲ့ ဆန္ဒတွေက ပိုများနေတယ်။ အနှစ်ငါးဆယ်စိတ်ပျက်စရာတွေ၊ အနှစ်ငါးဆယ်အတွေ့အကြုံတွေကို လွန်မြောက်လာပြီးတဲ့နောက်မှာ ငယ်ငယ်တုန်းကလို ပြင်းပြထက်သန်တဲ့ စူးစမ်းစိတ်မျိုးရှိနိုင်ပါဦးလား။ သိချင်စိတ်၊ နားလည်ချင်စိတ်တွေ ရှိနိုင်ပါဦးမလား။ နှစ်နှစ်ကာကာ ချစ်နိုင်တဲ့စိတ်မျိုး ရှိနိုင်ပါဦးမလား။ အလှတရား၊ အသိဉာဏ်နဲ့ သနားကြင်နာမှုတို့ဟာ သဘာဝကျကျပေါင်းစည်းနေဦးမှာပဲလို့ စိတ်ချလက်ချယုံနိုင်တာမျိုး ရှိပါဦးမလား။ ဆင်ခြင်တုံတရားစွမ်းအားဟာ အလွန်ကောင်းတယ်ဆိုတဲ့ ယုံကြည်မှုမျိုးကိုထားနိုင်ပါဦးမလား။

အဲဒီအရိပ်မျဉ်းကြောင်းရဲ့ တစ်ဖက်မှာတော့ ညိုညာတဲ့အရောင်ဟာ ခပ်ပြေပြေ ထွန်းညှိထားရာ နယ်ပယ်ရှိတယ်။ အဲဒီနယ်ပယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒဆိုတဲ့ မျက်စိကျိန်းလောက်တဲ့ နေရောင်စူးစူးတွေလည်း မရှိတော့၊ အရာဝတ္ထုနဲ့ လူတွေကို ပကတိအတိုင်း မြင်နိုင်ပြီ။ အဲဒီလိုပြန်ကြည့်လိုက်တဲ့အခါမှာ ကိုယ်ချစ်တဲ့ မိန်းမချောမိန်းမလှတွေဟာ စာရိတ္တအရာမှာ ခြောက်ပြစ်ကင်းသဲလဲစင်ဖြစ်တယ်ဆိုတဲ့ အချက်ကို ဘယ်မှာယုံနိုင်ပါတော့မလဲ။ ကိုယ့်ရဲ့ရှည်လျားခက်ခဲတဲ့ ဘဝလမ်းခရီးတစ်လျှောက်မှာ ဘယ်လောက်ပြင်းထန်တဲ့ ပြောင်းလဲမှုတွေကို တွေ့သည်ဖြစ်စေ လူ့သဘာဝ၊ လူ့စရိုက်ဟာ ဒီအတိုင်း ဒီအတိုင်းပဲဆိုတာကို တွေ့ခဲ့ရသူ တစ်ယောက်အဖို့ အလွန်ရှေးကျတဲ့ ထုံးတမ်းစဉ်လာများနဲ့ အဆောင်အယောင်များသာလျှင် လူကို ပါးလွှာတဲ့ ယဉ်ကျေးမှုအကာအကွယ်ကို ပေးနိုင်တယ်ဆိုတာကို သိခဲ့မြင်ခဲ့တဲ့ လူတစ်ယောက်အဖို့ တိုးတက်မှုဆိုတာကို ဘယ်နှယ်လုပ် ယုံနိုင်တော့မှာလဲ။ ဒါတွေဟာ ဘာလုပ်မှာလဲလို့ အဖိုးအိုတစ်ယောက်တည်း သူ့ဘာသာသူ ပြောလိမ့်မယ်။ ဒီစကားလုံးဟာ သူပြောနိုင်တဲ့ အန္တရာယ်အများဆုံးသော စကားလုံးပဲ ဖြစ်လိမ့်မယ်။ ဒီစကားလုံးကို ပြောပြီးရင် 'ရှန်းကန်လှုပ်ရှားနေလို့လည်း အလကားပါပဲ' လို့ ပြောဦးမှာပဲ။ နောက်တော့ 'လောကကြီးထဲမှာ သွားလာဆက်ဆံနေလို့လဲ အလကားပါပဲ' လို့ ပြောလိမ့်မယ်။ ဒီနောက်မှာ 'ငါ့အခန်းကနေ အပြင်ထွက်သွားလို့လည်း အလကားပါပဲ' လို့ ပြောလိမ့်မယ်။ ဒီနောက်မှာ 'ငါ့အိပ်ရာကနေ ထသွားလို့လည်း အလကားပါပဲ' လို့ ပြောလိမ့်မယ်။ နောက်ဆုံးမှာ 'အသက်ရှင်နေလို့လည်း အလကားပါပဲ' လို့ ပြောမယ်။ မရဏာရဲ့ တံခါးကို ဖွင့်လိုက်ပြီလေ။

□□□

အရှင်းလင်းဆုံးသော ရုပ်ဖွဲ့စည်းမှုရှိတဲ့ သတ္တဝါများဟာ မိမိကိုယ်ကို မိမိ ရုပ်ဖွဲ့စည်းမှု အသစ်နှစ်ခု ဖြစ်အောင်လုပ်လိုက်ကြတယ်။ ဒီနည်းအားဖြင့် မရဏာက ကျော်လွန်ခဲ့ကြတယ်။ သူတို့ကလွဲရင် ကျန်သက်ရှိသတ္တဝါတိုင်းဟာ သူ့ဘဝမှာ တစ်စုံတစ်ခုသော အချိန်ကာလကို ရောက်လာတာနဲ့ ဇရာ (အိုမင်းခြင်း) ကို တွေ့လာရတယ်။ ဘယ်အချိန်လောက်ကြာမှ ဇရာကို



တွေ့သလဲဆိုတဲ့ အချိန်ကာလသတ်မှတ်ချက်မှာတော့ သတ္တဝါကိုလိုက်ပြီး အမျိုးမျိုးကွဲပြားကြတာပေါ့။ ပိုးဖလံဟာဘာဖြစ်လို့ မိတ်လိုက်ချိန် နှစ်ရာခ ရဲ့ အဘွင်းမှာ သေသွားရပြီး လိပ်နဲ့ကြက်တူရွေးတို့က ဘာဖြစ်လို့ ရာစုနှစ်ချီ လောက် အသက်ရှည်နေရတာလဲ။ ငါးသိုင်းနဲ့ ငါးလုံ့ရှည်ကို အနှစ်သုံးရာ နေခွင့်ပေးပြီး၊ ဘိုင်ရွှန်နဲ့မိုးဇတ်တို့ကိုတော့ ဘာဖြစ်လို့ အနှစ်သုံးဆယ်ထဲ နေခွင့်ပေးခဲ့ရသလဲ။ ထာဝရဘုရား၏ အရာကိစ္စတို့ကို မသိနိုင်ကုန်လို့ ပြောကြတယ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်တုန်းက လူတစ်ယောက် ပျမ်းမျှ သက်တမ်းဟာ အနှစ်လေးဆယ်ပဲရှိတယ်။ ဒီနေ့ခေတ်မှာတော့ မြင့်မားတဲ့ ယဉ်ကျေးမှုထွန်းကားရာတိုင်းပြည်များမှာ အနှစ်ခြောက်ဆယ်နီးပါးရှိတယ်။ ကြီးမားလျင်မြန်တဲ့ ပြောင်းလဲမှုကြီးတစ်ခုပါပဲ။ အကယ်၍သာ စစ်တို့၊ တော်လှန်ရေးတို့ကြောင့် လူရဲ့ကျန်းမာသန့်ရှင်းရေးကို မထိခိုက်ဘူးဆိုရင် လာမယ့် ရာစုနှစ်မှာ လူတစ်ယောက်ရဲ့သက်တမ်းဟာ တစ်ရာလောက်ရှိမယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သက်တမ်းဘယ်လောက်ပဲ နေရနေရ ဇရာ (အိုမင်းခြင်း) ပြဿနာကိုတော့ တွေ့ရမှာချည်းပါပဲ။

သဘာဝလောကကြီးနဲ့ နီးလာလေလေ လူတွေဟာလည်း ဇရာအပေါ်မှာ ရက်စက်လာလေလေပဲ။ ဝံပုလွေအိုကြီးတစ်ကောင်ဟာ သူ့သားကောင်ကို ဖမ်းပြီးသတ်နိုင်သေးသမျှ သူ့ကို ကျန်တဲ့ဝံပုလွေအုပ်က ကြောက်ရွံ့ရိုသေနေကြဦးမှာပဲ။ ရုဒ်ယတ်ကစ်ပလင်းရဲ့တောဟောဝန် ဇာတ်လမ်းတွေထဲမှာ ကိုယ်ခန္ဓာမသန်မစွမ်းတော့တဲ့ ဝံပုလွေအိုကြီးက သူတို့ကို တိုက်ခိုက်ပွဲထဲ ခေါ်သွားတဲ့အတွက် ဝံပုလွေငယ်ကလေးတွေ စိတ်ဆိုးကြပုံကိုရေးထားတယ်။ မုဆိုး 'အာကေလာ' ဟာ သူ့တာက သမင်ကိုမှန်အောင် မပစ်နိုင်တော့တာနဲ့ တပြိုင်နက် မုဆိုးဘဝစခန်းသိမ်းတော့တာပါပဲ။ သွားတွေမရှိတော့တဲ့ဝံပုလွေအို ကြီးကို သူ့ရဲ့ငယ်ရွယ်တဲ့ အပေါင်းအဖော်တွေက ဒုက္ခ ငြိမ်းအောင် လုပ်ပေးခဲ့ကြပါတယ်။ ဒီနေရာမှာတော့ သမိုင်းဦးလူများဟာ ဝံပုလွေ ရွှောန်တွေနဲ့ အတူတူပါပဲ။ အာဖရိကကိုရောက်ခဲ့သူတစ်ဦးက အထိတ် တလန့် ဖြစ်နေတဲ့လူမျိုးစုအကြီးအကဲအိုကြီးတစ်ဦး သူ့ထံရောက်လာပြီး အကူ အညီလာတောင်းပုံကို ရေးထားပါတယ်။ 'ဆရာကြီးရယ် ကျွန်တော့်ကို ဆံပင် ဆိုးဆေးရှာပေးပါဗျာ။ ကျွန်တော့်ဆံပင်တွေ ဖြူနေတာကို တွေ့သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သတ်ကြတော့မှာလို့ ပြောသတဲ့။ အချို့သော တောင်ပင်လယ် ကျွန်းသားများဟာ အသက်ကြီးတဲ့သူတွေကို အုန်းပင်ပေါ် အတက်ခိုင်းသတဲ့။ အုန်းပင်ပေါ် ရောက်တော့ အုန်းလက်တွေကို လှုပ်ခါချတယ်။ လူအိုကြီးက အုန်းပင်ပေါ်ကမကျအောင် ဖက်တွယ်ထားနိုင်ရင် ဆက်လက်အသက်ရှင်ခွင့်ပေးသတဲ့။ အောက်ကိုလိမ့်ကျရင် သူတို့အမှုကို စီရင်ပြီး ပြစ်ဒဏ်ချသတဲ့။ ဒီထုံးတမ်းဓလေ့ဟာ ရက်စက်တယ်လို့ ထင်ရပေမယ့် ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ အုန်းပင်တွေနဲ့ကျွန်တော်တို့ပဲ။ မိန့်ခွန်းတွေပြောတာ ဟောပြောပွဲတွေ လုပ်တာ၊ ဇာတ်ခုံပေါ်မှာ သရုပ်ဆောင်တာ စသည်တို့ဟာ နိုင်ငံခေါင်းဆောင်တွေ၊ စာရေးဆရာတွေ၊ မင်းသားမင်းသမီးတွေအတွက် စမ်းသပ်မှုတွေပဲ။ (အုန်းပင်ပေါ်တက်ခိုင်းတာတွေပဲ။) ခိုင်ခိုင်မြဲမြဲ ဖက်တွယ်မထားနိုင်တော့တာနဲ့ တပြိုင်နက် နိဗ္ဗိတံပြီ၊ သူ့ခေတ်ကုန်ပြီလို့ ပရိသတ်က မှတ်ချက်ချကြတယ်။ အမှန်ကတော့ အဲဒီလို မှတ်ချက်ချခံလိုက်ရတာဟာ သေမိန့်ကျတာနဲ့ အတူတူပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အနားယူလိုက်တာနဲ့ တပြိုင်နက် ဆင်းရဲမွဲတေမှုက ရောက်လာတာကိုး။ စိတ်လျှော့လိုက်တာနဲ့ လူက ဘုံးဘုံးလဲသွားတော့တာကိုး။ စစ်ပွဲဟာ စစ်ဗိုလ်ချုပ်ရဲ့ အုန်းပင်ပဲ။ အမျိုးသမီးငယ်တွေဟာ အလိုဆန္ဒကြီးတဲ့ လူအိုကြီးတွေရဲ့ အုန်းပင်တွေပဲ။ အရိုးအဆစ်တွေ ပျော့ပျောင်းသေးရဲ့လားလို့ စမ်းသပ်တဲ့သဘောနဲ့ ကိုယ့်ဝန်ကြီးတွေကို မီးကွင်းထဲဖြတ်ခုန်ခိုင်းတဲ့ နိုင်ငံရေးပါတီခေါင်းဆောင်ဟာ အုန်းပင်နိုင်ငံရေးကို အလုပ်ခိုင်းနေတာနဲ့ အတူတူပဲ။ လူတွေ ယဉ်ကျေးလာတဲ့အခါမှာတော့ ရှေးခေတ်ကလို လူအိုတွေကို သတ်မပစ်တော့ပါဘူး။ ဒါပေမယ့် မညှာမတာ ရိုင်းရိုင်းပျပျဆက်ဆံလာတတ်ကြတယ်။ မွန်တိန်းရဲ့စာတွေထဲမှာ တော်တော်ကြောက်စရာကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ရှိတယ်။ တစ်နေ့မှာ သားလုပ်တဲ့သူက သစ်သားခွက်တစ်ခုကို ခုတ်နေသတဲ့။ ဒါကို အဖေက မြင်တော့ ဘာလုပ်နေသလဲလို့ မေးတယ်။ 'အဖေလည်း အဖိုးလောက်အိုရင် ဒီခွက်နဲ့စားရမှာ၊ ဒါကြောင့်မို့ သစ်သား ခွက်ခုတ်နေတာ' လို့ ပြောသတဲ့။

သဘာဝနဲ့ နီးနီးစပ်စပ်နေထိုင်ကြတဲ့ ကျေးလက်တောင်သူတွေကြားမှာ ကာယခွန်အားဟာ မျိုးဆက်တစ်ဆက်နဲ့ တစ်ဆက်ရဲ့ ဆက်ဆံရေး အဖေနဲ့သားရဲ့ ဆက်ဆံရေးမှာ အဓိကကျတဲ့အရာဖြစ်နေတုန်းပဲ။ မြို့ပြမှာ



တော့ ငယ်ရွယ်နုပျိုမှုဟာ တော်လှန်ရေးတို့ လျင်မြန်တဲ့အပြောင်းအလဲတို့ ဖြစ်မှသာ ထင်ထင်ရှားရှား ပေါ်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေဟာ လူကြီးတွေထက် ခေတ်ကြီးနဲ့အညီ သဟဇာတဖြစ်အောင်နေနိုင်လို့ပါ။ ဒီနေ့ဆိုရင် လူငယ်တွေဟာ အရင်တုန်းက မော်တော်ကားတွေကို မောင်းကြသလို လေယာဉ်တွေကို မောင်းနေကြပြီ။ အဲဒီတုန်းက လူငယ်တွေဟာ ဒီနေ့ခေတ် ခိုင်မာငြိမ်သက်တဲ့ နိုင်ငံတွေမှာလို အလုပ်အကိုင်၊ တန်ခိုးအာဏာ၊ စည်းစိမ်ဥစ္စာတွေကို သေချာပေါက်ရမယ်လို့ မမျှော်မှန်းနိုင်ခဲ့ကြသေးဘူး။ လူငယ်ဟာ အားမာန်ကိုပဲ ကိုယ်စားပြုတယ်။ ရိုးစင်းတဲ့ ရည်ရွယ်ချက်တွေကို ချမှတ်ပေးပြီး ကြီးမားတဲ့ မျှော်လင့်ချက်တွေကိုပေးနိုင်တဲ့ ဟစ်တလာလို ပုရောဟိတ်တွေကို အထင်ကြီးကိုးကွယ်တတ်တယ်။

အပြန်အလှန်အားဖြင့်ပြောရရင် သမနိရှည်ကြာတဲ့ ချမ်းသာကြွယ်ဝတဲ့ ယဉ်ကျေးမှုများဟာ သက်ကြီးရွယ်အိုကြီးတွေရဲ့ ဩဇာအောက်ကို ရောက်လေ့ရှိကြတယ်။ အဲဒီလို နေရာမျိုးတွေမှာ လူကြီးတွေက ထိန်းချုပ်ထားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကာလအတန်ကြာသည့်တိုင် အပြောင်းအလဲရယ်လို့မရှိတဲ့ နေရာမျိုးမှာ အတွေ့အကြုံတို့ သမ္မာတို့ ဆိုတာတွေဟာ အဖိုးတန်တဲ့ အရည်အချင်းတွေ ဖြစ်နေလို့ပါပဲ။ အစဉ်အလာကြီးပြီး ထုံးစံဓလေ့တွေနဲ့ အုပ်ချုပ်တဲ့ အင်္ဂလန်လို တိုင်းပြည်မျိုးမှာ အသက်ကြီးတဲ့သူများက ကြီးစိုးလွှမ်းမိုးတော့တာပေါ့။ ရှေးခေတ်တရုတ်ပြည်မှာဆိုရင်လည်း အဖိုးအိုကြီးတွေကို အထူးနေရာပေးလေ့ရှိကြတယ်။ 'ဆံပင်ဖြူတဲ့လူတွေ လမ်းမှာ ဝန်ထုပ်ဝန်ပိုးရွက်တာ မရှိစေရ' လို့ ရှေးတရုတ်လူမျိုးတွေ ပြောလေ့ရှိကြတယ်။ ခေတ်သစ်တရုတ်ပြည်မှာတော့ ဒီလိုအရေးပေးမှုတွေ၊ ဒီလိုသဘောထားမျိုးတွေဟာ တဖြည်းဖြည်း တိမ်ကောစပြုနေပါပြီ၊ နုနယ်ပျိုမျစ်တဲ့ အဆိုးရတိုင်းမှာ ရှေးအစဉ်အလာ ဉာဏ်ပညာထက်ခွန်အား (နှလုံးရည်ထက် လက်ရုံးရည်) က ပိုပြီးအဖိုးတန်တယ်။

ဒါကြောင့်မို့ နုနယ်ခြင်းနဲ့ အိုမင်းခြင်းတို့ဟာ သဘာဝနရီထဲမှာ တစ်လှည့်စီ အသာစီးရနေကြတယ်။ အခြေအနေတွေက အရာရာကိုထိန်းချုပ်တယ်။ အခြေအနေရဲ့ ထိန်းချုပ်မှုကို မခံချင်လို့မရဘူး။ ထိန်းချုပ်တာ မခံရအောင် ကြိုးစားရင်အချည်းအနှီးပဲဖြစ်မှာပဲ။ လျင်မြန်တဲ့ပြောင်းလဲမှု

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ထူးခြားဆန်းသစ်တဲ့ တီထွင်မှုတွေ၊ တည်ငြိမ်မှုနဲ့ အစဉ်အလာ၊ ဇရာဒုက္ခလှလှရဲ့ ဂုဏ်သိက္ခာ၊ ဒီလမ်းအတိုင်းသွားကြရတာပါပဲ။ အသက်ကြီးသူနဲ့ အသက်ငယ်သူဆိုတဲ့ မျိုးဆက်နှစ်ခုအတွက် အကောင်းဆုံး ဇယားကတော့ ဟိုးမားရဲ့စစ်သည်တော်တွေရဲ့ ဇယားဖြစ်တယ်။ လူငယ်သူရဲကောင်း တွေက တပ်ကို ဦးဆောင်ရမယ်။ ဉာဏ်အမြော်အမြင်ရှိတဲ့ နက်စတာ (ဂရိပုံပြင်ထဲက ဉာဏ်အရှိဆုံး အသက်ကြီးဆုံးပုဂ္ဂိုလ်) က ဝန်ကြီးမှူးကြီးအဖြစ် အုပ်ချုပ်ရမယ်။

ဒါပေမယ့် လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ကိစ္စမှာတော့ (ဇရာ) အိုမင်းခြင်းရဲ့ ပြဿနာဟာ ဒီထက်ပိုရှုပ်ထွေးတယ်။ (ဇရာ) အိုမင်းခြင်းဟာ မရှောင်လွှဲ နိုင်တဲ့ ပြဿနာတွေကို ယူဆောင်လာခဲ့တယ်။ ဒါပေမယ့် အဲဒီပြဿနာတွေဟာ မကျော်လွှားနိုင်တဲ့ ပြဿနာတွေရယ်လို့တော့ ကျွန်တော်မယူဆပါဘူး။ သို့တိုင်အောင် အဲဒီပြဿနာတွေကို ကျော်လွှားချင်တယ်ဆိုရင်တော့ သေသေချာချာ ရင်ဆိုင်ကိုင်တွယ်ရလိမ့်မယ်။ စိတ်ပျက်စရာကောင်းတဲ့ အဲဒီပြဿနာတွေရဲ့အကြောင်းကို ကျွန်တော်အတတ်နိုင်ဆုံး ရေးပြပါ့မယ်။ တစ်ချိန်တည်းမှာ ဒီပြဿနာတွေကိုတွေ့လိုက်ရပြီး ထိတ်လန့်မသွားဖို့လည်း ကြိုတင်သတိပေးထားချင်ပါတယ်။ ဆရာဝန်တစ်ယောက်ဟာ ရောဂါကြီးတစ်ခုခုဖြစ်နေတဲ့ လူမမာတစ်ယောက်ကို ဆေးကုပေးနေရတယ်ဆိုပါတော့။ ခင်ဗျားကျန်းမာရေးကို ဂရုမစိုက်ရင်တော့ ကျွန်တော်ဘာမှ တာဝန်ခံနိုင်မှာမဟုတ်ဘူး၊ ကျွန်တော့်စကားကို နားထောင်ရင်တော့ ရောဂါတိုးမှာမဟုတ်ဘူးလို့ ပြောသလိုမျိုးပေါ့။ ခု ကျွန်တော်ရေးပြမယ့် အကြောင်းအရာတွေကလည်း ဇရာအရွယ်မှာ လေ့လာရမယ့် အဆိုးတွေပဲ။ ခင်ဗျားတို့က ကြိုတင်ကာကွယ်ထားနိုင်တယ်ဆိုရင်တော့ အဲဒီ အဆိုးတွေကို ရှောင်နိုင်မှာပဲ။

ခြွင်းချက်ထားရမယ့် ပုဂ္ဂိုလ်များမှအပ ပထမအချက်အားဖြင့် အိုမင်းရင့်ရော်နေတဲ့ ခန္ဓာကိုယ်တစ်ခုဟာ အသုံးများတဲ့ အင်ဂျင်စက်ဟောင်းတစ်လုံးနဲ့တူတယ်။ ဂရုတစိုက်ကိုင်တွယ်ခြင်း၊ စစ်ဆေးခြင်း၊ ပြင်ဆင်ခြင်းတို့ကို လုပ်မှသာလျှင် အဲဒီ အင်ဂျင်ဟာ ကောင်းတဲ့ဝန်ဆောင်မှုကို ပေးနိုင်လိမ့်မယ်။ အဲဒီ အင်ဂျင်စက်ကြီးဟာ အရင်တုန်းကလို မဟုတ်တော့ဘူး။ သူ့ကို သိပ်အလုပ်လုပ်ခိုင်းဖို့ မကောင်းတော့ဘူး။ တစ်စုံတစ်ခုသော အသက်



အရွယ်ကို ရောက်လာတာနဲ့ လုပ်ရရှားရတာဟာ ခက်ခဲပင်ပန်းလာတယ်။ တစ်ခါတစ်ရံမှာ အနုပညာရှင်များမှာတော့ အဆုံးစွန်သောအချိန်ကို ရောက်သည်အထိ သူတို့ရဲ့ အနုပညာပါရမီဟာ ကျန်နေသေးတယ်။ ဗစ်တာဟူးဂိုးဟာ အိုမင်းတွင်းဆုံးကျလုနီးအရွယ်အထိ ကဗျာကောင်းတွေကို စပ်ဆိုနိုင်နေသေးတယ်။ ဂါးထားဟာလည်း သူ့ရဲ့ဖော့စ်လက်ာကြီး ဒုတိယပိုင်းကို အိုမင်းတဲ့အရွယ်မှာကောင်းကောင်းစပ်နိုင်သေးတယ်။ ဂီတစာဆို ဝဂ္ဂနာဟာ ပါစီဖယ်တေးသွားကြီးကို အသက် ၆၉ နှစ်မှာ စပ်ခဲ့တယ်။ ကျွန်တော်တို့ ခေတ်မှာလည်း ပေါကလော်ဒက်တာ အသက် ၇၂ နှစ်ရောက်မှ မေရိုရဲ့ ကံကြမ္မာဝတ္ထုကို ပြန်ရေးခဲ့တယ်။ ဒီဝတ္ထုဟာ သူ့အသက် ၂၅ နှစ်တုန်းက ရေးခဲ့တဲ့ဝတ္ထု။ ဒါပေမယ့် တချို့မှာလည်း သူတို့ရဲ့အနုပညာဗျာန်ဟာ ခပ်စောစောပဲ ကုန်ခန်းသွားကြတာ တွေ့ရတယ်။ ဒီလိုဖြစ်ရတာကတော့ သူတို့ရဲ့အရည်အချင်းက ငယ်ငယ်ရွယ်ရွယ် အခက်အခဲ၊ အကြပ်အတည်းတွေရှိတုန်းမှာ ပေါ်ပေါက်လာရပြီး ကြီးတဲ့အခါမှာ အခက်အခဲအကြပ်အတည်းတွေက လွန်မြောက်သွားပြီး ဇိမ်တွေ့သွားကြလို့ပါ။ ဒါမှမဟုတ်ရင်လည်း ပြင်ပကမ္ဘာလောကကြီးကို အမှုမထားဘဲ ဖြစ်သွားကြလို့ပါ။ နှလုံးသားဟာ စိတ်ကို အစိုးရပါတယ်။

ဇရာသည် ငယ်ရွယ်နုပျိုချိန်က စည်းစိမ်ချမ်းသာတို့ကို လိုက်စားခြင်းမပြုရန် သေဒဏ်ဖြင့် တားမြစ်ထားသော သက်ဦးဆံပိုင်ဘုရင်ဖြစ်ပေ၏လို့ လာရိုရှေးဖိုးကော့က ရေးခဲ့ဖူးတယ်။ ပထမအချက်အားဖြင့် အချစ်ရဲ့ ကာမဂုဏ်စည်းစိမ်တွေကို တားမြစ်ပိတ်ပင်တယ်။ အဖိုးအို အဖွားအိုများဟာ နုပျိုတဲ့အချစ်ကို ပြန်ပေါ်လာအောင်လုပ်ဖို့ အကြီးအကျယ်အခက်အခဲတွေ့ကြရတယ်။ သူတို့မှာ စိတ်ထက်သန်မှုတွေ ဘယ်လောက်ရှိပေ့စေ အချစ်ဟောင်းကို အချစ်သစ်ဖြစ်အောင် လုပ်လို့မရတော့ဘူး။ ဒီလိုဖြစ်လာတဲ့အခါမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြင်နာခြင်း၊ လေးစားခြင်း၊ စွန့်လွှတ်ခြင်း စသည်တို့ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပေါ်လွင်လာလိမ့်မယ်။

ဘားလ်ဇက်ရဲ့ ဥပမာဟာ ကျွန်တော်တို့ကို အချစ်စိတ်ဝင်နေတဲ့ အဖိုးအိုတစ်ယောက်ရဲ့ ကြေကွဲစရာကောင်းတဲ့ မြင်ကွင်းကို ဆောင်ပြခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ငယ်တုန်းက အောင်မြင်ခဲ့၊ ကျော်ကြားခဲ့၊ မျက်နှာသာရခဲ့တာတွေကို ကြီးသည်အထိ စွန့်ပစ်ခြင်းမပြုနိုင်သေးတဲ့အခါမှာ အသက်ရွယ်ကြီးရင့်တဲ့ ချစ်သူ (ဘားလ်ဇက်) ဟာ သူ့ရင်ထဲမှာ မျှော်လင့်ချက်အရိုင်းကို နှိုးပေးခဲ့တဲ့ မိန်းမငယ်တိုင်းအတွက် သူ့ကိုယ်သူ ပျက်စီးအောင်လုပ်ခဲ့တယ်။ ဒီခံစားချက်မျိုးဟာ ဘယ်လောက်ပြင်းထန်တယ်ဆိုတာကို ကောင်းကောင်းသိတဲ့ ရှာတိုဘရိုင်ယန်းက 'ဗီလေဆီ၏ အချစ်' ဆိုတဲ့ စာမူတစ်ပုဒ်ကို ရေးပစ်ခဲ့တယ်။ အဲဒီဝတ္ထုကတော့ ဘယ်လိုအိုရမယ်ဆိုတာကို မသိတဲ့ချစ်သူတစ်ယောက်ရဲ့ ရှည်လျားတဲ့ တမ်းချင်းတစ်ပုဒ်ပါပဲ။ 'မိန်းမတို့ကို အချစ်ကြီးစွာဖြင့် ချစ်တတ်သူတို့သည် အစဉ်သဖြင့် အချစ်ကြီးတတ်ကြ၏။ ဤသည်ပင်လျှင် သူတို့ခံရသည့် ပြစ်ဒဏ်ဖြစ်နေ၏' လို့ သူက ရေးခဲ့ပါတယ်။ ယောကျ်ားများစွာကို ချစ်ခဲ့ဖူးတဲ့ မိန်းမတွေအဖို့တော့ ယောကျ်ားပျိုကလေးတွေကြားမှာ ပြောဆိုနေကြတဲ့ တအံ့တသြကြားရတဲ့စကားတစ်ခွန်းဟာ ပြစ်ဒဏ်တစ်ခုပါပဲ။ အဲဒီစကားတစ်ခွန်းကတော့ 'ဒီအမျိုးသမီးကြီးဟာ တစ်ခါတုန်းက တော်တော်လှတယ်လို့ ပြောကြတယ်' ဆိုတဲ့ စကားပါ။

အဖြစ်အပျက် တော်တော်များများမှာ နှလုံးသားဟာလည်း အိုမင်းလိုက်လာပါတယ်။ ဇရာအရွယ်မှာတော့ ထူးဆန်းတဲ့ ညှိုးနွမ်းမှုတစ်ခုဟာ ပေါ်ပေါက်လာခဲ့ပါတယ်။ စိတ်ခံစားချက်တွေရဲ့ နောက်ကို ခန္ဓာကိုယ်ရဲ့ တောင့်တမှုတွေက မလိုက်နိုင်တော့ဘူးဆိုတာ တကယ်ပဲလား။ ဘဝဟာ တိုတိုကလေးပဲလို့ဆိုတဲ့ အသိဟာ ဆန္ဒတွေ၊ ချစ်ခင်မှုတွေကို အားနည်းသွားစေတယ်ဆိုတာဟုတ်ရဲ့လား။ လူအိုကြီးတချို့ရဲ့ အတ္တစိတ်ဟာ တစ်ခါတစ်ခါမှာ တော်တော်အံ့သြဖို့ ကောင်းတယ်။ အယ်ဖီလီဟာ သူ့ဘဝတစ်ခုလုံးကို ယူးနစ်နဲ့ အချိန်ကုန်ခဲ့တယ်။ သူမ အသက်နှစ်ဆယ့်ခုနစ်နှစ်အရောက်မှာ ဘူဟာ ယူးနစ်ရဲ့ချစ်သူဖြစ်ခဲ့တယ်။ သူက ယူးနစ်ကို သူ့လင်ယောကျ်ားနဲ့ ခွဲခဲ့ဖို့တိုက်တွန်းတယ်။ ဒါပေမယ့် သူလည်း လက်ထပ်မယူနိုင်ဘူး။ ဘာဖြစ်လို့ဆိုတော့ သူကိုယ်တိုင်ကလည်း အိမ်ထောင်နဲ့ မလွတ်မလပ်ကြီးဖြစ်နေတာကိုး။ ယူးနစ်ဟာ မိသားစုကိုရော၊ ကလေးတွေကိုရော၊ မိတ်ဆွေအသိုင်းအဝိုင်းကိုရော၊ ဂုဏ်သိက္ခာကိုရော စွန့်လွှတ်ခဲ့တယ်။ သူ့အတွက် သူ့အလို၊ သူ့ဆန္ဒအတိုင်း လိုက်ခဲ့တယ်။ သူတို့ရဲ့အချစ်ကိစ္စ ပြီးဆုံးသွားတဲ့အခါမှာ ရှည်ကြာတဲ့



မိတ်ဆွေဘဝကို ဖြတ်သန်းခဲ့ကြတယ်။ သူ့အသက်ရှစ်ဆယ်၊ သူမ အသက်ခုနစ်ဆယ်အထိ သူတို့နှစ်ယောက်နေ့တိုင်းတွေ့ကြတယ်။ နောက်ဆုံး အမျိုးသမီးက သေသွားတော့ ကျန်ရစ်တဲ့ အက်ဖီလီကို သနားကြတယ်။ အဖိုးကြီးတော့ စိတ္တဇနဲ့ ဆုံးတော့မှာပဲလို့ ထင်ကြတယ်။ ဒါပေမယ့် ဘာမှမဖြစ်ပါဘူး။ အဖိုးကြီး စိတ်ထိခိုက်ပေမယ့် နာလံပြန်ထလာတယ်။ သူဟာ အချစ်အတွက် အိုမင်းရုံတင်မကဘူး၊ စိတ်ထိခိုက်ဖို့အတွက်လည်း အိုမင်းသွားပြီလေ။

ဇရာဒုက္ခလရဲ့ ဒီအတ္တစိတ်ဟာ လူအိုကြီးတွေကို လူငယ်တွေနဲ့ မိတ်ဆွေမဖြစ်နိုင်အောင် တားဆီးဟန့်တားနေတယ်။ အသက်အရွယ်ကြီးလာတဲ့အခါမှာ နှမြောတတ်တာကလည်း ဇရာရဲ့ အပြစ်တစ်ခုပါပဲ။ လူအိုကြီးတွေ ဘာကြောင့် နှမြောကြသလဲဆိုတာကို ဆန်းစစ်ကြည့်လိုက်တော့ သူတို့လိုချင်တဲ့အချိန်မှာ မရမှာ၊ မရှိမှာကို စိုးရိမ်ကြောင့်ကြလို့ပါ။ သူကိုယ်တိုင် ဝင်ငွေမရှာနိုင်တော့ဘူး၊ ပင်ပင်ပန်းပန်း မလုပ်နိုင်တော့ဘူးဆိုတာသိတော့ သူ့ရှိတာကလေးကိုပဲ ကုတ်ကတ်တွယ်ဖက်ထားတယ်။ ရုတ်တရက်ပေါ်လာတဲ့ အခက်အခဲ၊ အကြပ်အတည်းတွေကို ရင်ဆိုင်ဖို့အတွက် သူဟာမရေတွက်နိုင်တဲ့ ပုန်းကွယ်စရာတွေ၊ မီးခံသေတ္တာတွေနဲ့ စောင့်တယ်။ အဖိုးကြီးတွေ နှမြောတွန့်တိုတဲ့ နောက်အကြောင်းတစ်ကြောင်းရှိသေးတယ်။ လူတိုင်းမှာ ဝါသနာတစ်ခုစီတော့ ရှိတတ်ကြတယ်။ ဒီဝါသနာကို ဘယ်အရွယ်မှာပဲဖြစ်ဖြစ် လုပ်ကြတာချည်းပဲ။ ဒီလိုဝါသနာအတိုင်း လုပ်ရတာကို ပျော်တယ်။ ကိုယ်စုထားတဲ့ ပိုက်ဆံကလေး ရေတွက်နေရတာ၊ အရောင်းအဝယ် တစ်ခုခုမှာ ရှင်းနှီးမြှုပ်နှံရတာ၊ စတော့အရောင်းအဝယ်မှာ ငွေရင်းမြှုပ်တာ စသည်တို့ဟာ ကိုယ်ခန္ဓာအားနည်းနေတဲ့ သူတွေအဖို့ တန်ခိုးအာဏာကို ပေးထားသလိုဖြစ်နေတယ်။ သုံးစရာ၊ ဖြုန်းစရာတွေကို တွေ့လိုတယ်။ ဒီနေရာမှာတော့ ဘားလ်ဇက်ရဲ့ 'အဖိုးအို ဂရန်းဒက်' ဝတ္ထုကို ဖတ်ဖို့ ကောင်းတယ်။

'အဖိုးအိုကြီးများ နှမြောခြင်းမှာ ငွေကြေးလိုမည်ကို စိုးရိမ်သောကြောင့် နှမြောခြင်းမဟုတ်ချေ။ အချို့အဖိုးအိုကြီးများမှာ သုံးစွဲမကုန်နိုင်အောင် ချမ်းသာကြသည့်တိုင် နှမြောမြဲ နှမြောလျက်ရှိကြ၏။ ယင်းသို့ [illegible]ခြင်းမှာ အခြားကြောင့်မဟုတ်။ သူတို့၏ နှမြောတွန့်တိုသော ပင်[illegible]စိတ်ဆန္ဒကို အာသာဖြည့်တင်းရန် ဖြစ်၏' လို့ စာရေးဆရာလ[illegible]

www.burmeseclassic.com



ရေးခဲ့ဖူးပါတယ်။

ဒီလို နှမြောတွန့်တိုရတဲ့ အကြောင်းကတော့ တခြားကြောင့်မဟုတ်ပါဘူး။ ဇရာကြောင့်ပါပဲ။ လူဟာ ပျိုရွယ်တုန်းက အပျော်အပါးဘက်ကို တိမ်းညွတ်တယ်။ ရင့်ကျက်လာတဲ့အခါမှာ ကြီးမြင့်လိုတဲ့ မျှော်မှန်းချက်ကို တိမ်းညွတ်တယ်။ အသက်အရွယ်ကြီးလာတဲ့အခါမှာ နှမြောတွန့်တိုတဲ့ဘက်ကို တိမ်းညွတ်သွားတတ်ပါတယ်။ နှမြောတယ်ဆိုတဲ့ကိစ္စဟာ အပျော်အပါးလိုက်စားသလို ကျန်းမာရေးကောင်းဖို့လည်း မလိုဘူး။ စိတ်အားထက်သန်ဖို့လည်း မလိုတော့ဘူးမဟုတ်လား။ ဒီလိုနဲ့ ကိုယ့်ရှိတဲ့ပိုက်ဆံကို မီးခံသေတ္တာထဲထည့်ပြီး ဘာမှမသုံးဘဲနေတတ်ကြတယ်။ ဒီလိုနေခြင်းအားဖြင့် လူအိုကြီးများဟာ သူတို့စိတ်ထဲမှာ လုပ်ချင်နေတဲ့ ဝါသနာတစ်ခုခုကို ဖြေဖျောက်တတ်ကြတယ်။

အသက်ကြီးလာသည်နှင့်အမျှ ရုပ်ဆင်းသဏ္ဌာန် ယိုယွင်းပျက်ပြားလာသလို စိတ်လည်းယိုယွင်းပျက်ပြားလာပြီး စိတ်ရဲ့အနာအဆာတွေဟာ များလာတယ်။ လူအိုကြီးတစ်ယောက်ဟာ အသစ်ဖြစ်တဲ့ အတွေးအခေါ်တွေကို နားမလည်နိုင်တော့ဘူး။ အဲဒီအတွေးအခေါ်တွေကို ကြေညက်အောင် လုပ်နိုင်စွမ်းမှ မရှိတော့ပဲကိုး။ ဒီတင် သူဟာ ဟိုရှေးရှေး သူတို့ခေတ်ကောင်းစဉ်အရွယ်က အယူအဆတွေကို တောက်တဲ့တွယ်သလို အတင်းတွယ်ကာ ဆုပ်ကိုင်ထားတော့တာပါပဲ။ သူ့စိတ်မှာတော့ သူဟာ ဘယ်ပြဿနာမျိုးကိုမဆို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိတယ်လို့ ထင်နေတယ်။ သူ့ကို ဆန့်ကျင်ပြောရင် စိတ်တိုတယ်။ ဒေါသထွက်တယ်။ သူ့ကို မရိုမသေ မလေးမစားလုပ်တယ်လို့ ထင်တယ်။ တို့ငယ်ငယ်တုန်းက ဘယ်တော့မှ လူကြီးတွေကို ကဏ္ဍကောစ မပြောခဲ့ဖူးဘူးလို့ ပြောတတ်ကြတယ်။ ဒါပေမယ့် သူငယ်ငယ်တုန်းကလည်း ဒီစကားတွေကို သူ့အဖိုးက သူ့ကို ပြောခဲ့ဖူးတယ်ဆိုတာ သူ မေ့နေတယ်။ သူဟာ သူ့ပတ်ဝန်းကျင်မှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို စိတ်ပါဝင်စားဖို့ မစွမ်းနိုင်တဲ့အခါမှာ၊ ဒီလိုဖြစ်တဲ့အတွက် ခေတ်ကြီးအကြောင်း ဘာမှနားမလည်တော့တဲ့အခါမှာ သူ့အတိတ်က အကြောင်းတွေကိုပဲ ထပ်ပြန်တလဲလဲ ပြောနေတယ်။ ဒီနည်းအားဖြင့် ဒီစကားတွေဟာ ငယ်ရွယ်သူတွေအတွက်တော့ ငြီးငွေ့စရာတွေ ဖြစ်နေတယ်။ လူငယ်တွေဟာ သူ့စကားတွေကို ငြီးငွေ့လာတော့ သူ့ကို ခပ်ဝေးဝေးက ရှောင်ကြတယ်။



ဒီလိုနဲ့ အထီးကျန်ဖြစ်လာခဲ့တယ်။ အထီးကျန်ဖြစ်ခြင်းဟာ ဇရာရဲ့ အကြီးဆုံးသော ဒုက္ခပဲ။ တစ်သက်လုံး ပေါင်းသင်းလာခဲ့တဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးတွေ တစ်ယောက်ပြီးတစ်ယောက် ပျောက်ကွယ်သွားကြတယ်။ သူတို့ကိုလည်း အစားထိုးလို့မရတော့ဘူး။ ဒီလိုနဲ့ သူ့ဘေးက သဲကန္တာရကြီးဟာ ကျယ်ပြန့်လာတယ်။ အလျင်အမြန်လာနေတဲ့သေခြင်းတရားဟာ ဒီလောက်များ ကြောက်စရာမကောင်းခဲ့ရင် သေတာကမှကောင်းလိမ့်ဦးမယ်လို့ ထင်မိတယ်။

အလွန်တိတိကျကျ ဖွဲ့တတ်တဲ့ အနုပညာသည်ကြီးတော်စတွိုင်းက ဘယ်လိုအိုရမယ်ဆိုတာကို မသိတဲ့မိန်းမတစ်ယောက်ရဲ့ ထင်ရှားတဲ့ ရုပ်ပုံကို ဒီလိုရေးပြခဲ့တယ်။

"ကြင်ယာတော်နှင့် သားငယ်တို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြီးသည့်နောက်၌ မိမိသည် ဤလောကကြီးတွင် မေ့လျော့ခံထားရသူတစ်ယောက်၊ ရည်မှန်းချက် ရည်ရွယ်ချက်ကင်းမဲ့သူတစ်ယောက်သာ ဖြစ်သည်ဟု သူမစိတ်တွင် မှတ်လျက်ရှိ၏။ သူမသည် အစာစား၏။ ရေသောက်၏။ အိပ်၏။ နိုး၏။ သို့ရာတွင် အသက်ရှင်နေထိုင်ခြင်း မဟုတ်တော့ပြီ။ လူ့ဘဝကြီးသည် သူ့အား အသစ်အသစ်ဖြစ်သော အတွေးအမြင် အကြံအစည်တို့ကို မပေးနိုင်တော့ပြီ။

သူမသည် ငြိမ်းချမ်းခြင်းမှအပ အခြားဘာကိုမှလည်း လူ့ဘဝမှ ယူလိုခြင်းမရှိတော့ပြီ။ သို့ရာတွင် သူမအလိုရှိသော ငြိမ်းချမ်းခြင်းကိုလည်း သေခြင်းတရားကသာ ပေးနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် သေခြင်းသို့ ရောက်မီကား ဆက်လက်၍အသက်ရှင်နေရဦးမည်သာဖြစ်သည်။ အသက်ဓာတ်အားကို ဆက်လက်အသုံးပြုနေရဦးမည်သာဖြစ်သည်။ လွန်စွာနုနယ်ငယ်ရွယ်သော ကလေးများနှင့် လွန်စွာအိုမင်းရင့်ရော်နေသော လူကြီးများတွင်သာ တွေ့ရတတ်သည့် အသွင်သဏ္ဌာန်များသည် သူမတွင် အထင်အရှား ပေါ်ပေါက်လျက်ရှိလေပြီ။ သူမ၌ အခြားမည်သည့်ရည်ရွယ်ချက်မှလည်း မရှိတော့ပြီ။ မိမိ၏ ခန္ဓာကိုယ်ရှိ အထူးထူးသော အစိတ်အပိုင်း၊ အထူးထူးသော အာရုံကြောများကို လေ့ကျင့်လှုပ်ရှားပေးဖို့သာ ရှိတော့သည်။ သူ့အရာ[illegible]င် ခံစားချက်ဟူ၍ကား မရှိတော့ပြီ။ သူမအဖို့ အစာစားခြင်းသည် စားချင်၍ မဟုတ်။ စဉ်းစားခြင်းသည်လည်း စဉ်းစားလို၍မဟုတ်။ ငိုခြင်းသည်လည်း

www.burmeseclassic.com



ငိုလို၍မဟုတ်။ အလုပ်လုပ်ခြင်းသည်လည်း အလုပ်လုပ်လို၍မဟုတ်။ စိတ်ဆိုးခြင်းသည်လည်း စိတ်ဆိုးလို၍မဟုတ်။ ဝမ်းဗိုက်တစ်လုံး၊ ဦးနှောက်တစ်ခု၊ ကြွက်သားတစ်စိုင်၊ အကြောတစ်ထွေး၊ အသည်းတစ်မြွာရှိသောကြောင့် ဖြစ်သည်။

အသက်မာတတ်အားကောင်းသူတို့တွင် ထိုအလုပ်များကိုလုပ်ဆောင်နေခြင်းမှာ ရည်မှန်းချက်၊ ရည်ရွယ်ချက်များက စေခိုင်းသဖြင့် လုပ်နေကြခြင်း ဖြစ်သော်လည်း သူမမှာမူ ထိုသို့မဟုတ်တော့ချေ။ သူမစကားပြောခြင်းမှာ ပြောစရာရှိ၍မဟုတ်။ မိမိ၏ လျှာ၊ နား၊ အဆုတ် စသည်တို့ကို လေ့ကျင့်ခန်းလုပ်ပေးရန် လိုအပ်ခြင်းကြောင့်သာဖြစ်သည်။ ကလေးငယ်တစ်ဦးသဖွယ် တအီအီငိုကြွေးလျှင် ငိုကြွေးစရာအကြောင်းရှိ၍မဟုတ်။ အသက်ရှုလမ်းကြောင်းကို ရှင်းလင်းရန်လိုအပ်ခြင်းကြောင့်သာဖြစ်သည်။ အခြားအပြုအမူများကို လုပ်ဆောင်ခြင်းမှာလည်း ကိုယ်လက်အင်္ဂါများကို ဤသို့လေ့ကျင့်ရန် လိုအပ်ခြင်းကြောင့်သာဖြစ်သည်။ အသက်ငယ်ရွယ်သူများအဖို့ ရည်မှန်းချက်၊ ရည်ရွယ်ချက်ထား၍ လုပ်ဆောင်ရသောအလုပ်များသည် သူမအဖို့ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လေ့ကျင့်ခန်းလုပ်ရန်အတွက် ယိုးမယ်ဖွဲ့ရသော အလုပ်များသာဖြစ်နေသည်။

အိုမင်းလှပြီဖြစ်သော သူမ၏ အခြေအနေကို တစ်အိမ်လုံးကပင်သိကြ၏။ သို့ရာတွင် မည်သူကမျှ ထိုအကြောင်းကို ထုတ်ဖော်ပြောခြင်းမပြုကြတော့ချေ။ သူမစိတ်ကျေနပ်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလိုက်ကြသည်သာဖြစ်၏"

အမှန်ပါပဲ။ ဇရာဟာ ကျွန်တော်တို့ရဲ့ ခွန်အားတွေကို ယုတ်လျော့စေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှုတွေကို တစ်ခုပြီးတစ်ခု ယူသွားခဲ့ပါတယ်။ ဝိညာဉ်ကိုရော ခန္ဓာကိုယ်ကိုပါ ညှိုးနွမ်းခြောက်ခန်းစေခဲ့ပါတယ်။ စွန့်စားမှုနဲ့ မိတ်ဆွေအပေါင်းအသင်းဆက်ဆံရေးကို ခက်ခဲအောင်လုပ်ပါတယ်။ နောက်ဆုံးမှာတော့ အဲဒီ ဇရာပေါ်ကို မရဏဆိုတဲ့ အရိပ်ကြီးထိုးလာတော့တာပါပဲ။

❑❑❑



အိုမင်းခြင်း အနုပညာဆိုတာ အဲဒီ မကောင်းမှုတွေကို ဆန့်ကျင်တိုက်ဖျက်ရတာ။ အဲဒီအဆိုးတွေရှိသည့်တိုင် ဘဝနိဂုံးကို ပျော်စရာဖြစ်အောင် ဖန်တီးရတာဖြစ်တယ်။ ဒါပေမယ့် အဲဒီ မကောင်းမှုတွေဟာ ကိုယ်ခန္ဓာကို တိုက်ခိုက်ပြီဆိုရင် ဒီလိုဘဝနိဂုံးကို ပျော်စရာဖြစ်အောင် လုပ်လို့ရပါဦးမလား။ ဇရာဆိုတဲ့အိုမင်းခြင်းဟာ သဘာဝကျတဲ့ ဇီဝကမ္မဗေဒဆိုင်ရာ ပြောင်းလဲမှုတစ်ခုမဟုတ်လား။ 'မိမိ၏ သစ်ရွက်များကို ထိန်းသိမ်းထားလိုသော သစ်ပင်' ဆိုတဲ့ ခေါင်းစဉ်နဲ့ပုံပြင်တစ်ခု ရေးလို့ရပါ့မလား။ သစ်ပင်ဟာ သူ့သစ်ရွက်တွေကို မကြွေအောင် ထိန်းသိမ်းဖို့ကြိုးစားတယ်။ သစ်ကိုင်းတွေမှာ တွဲလွဲချိတ်နေအောင်လုပ်တယ်။ ဒါပေမယ့် ဆောင်းဦးမုန်တိုင်းတွေက အဲဒီသစ်ပင်ကြီးကို မည်းနက်ပြီး အရိုးပြိုင်းပြိုင်းဖြစ်နေအောင် လုပ်ပစ်လိုက်တယ်။ သူ့ရဲ့ သစ်ရွက်တွေကိုလည်း သတ်မှတ်တဲ့ အချိန်ရောက်ရင် ကြွေကျအောင် လုပ်ပစ်လိုက်တယ်။

ဒါပေမယ့် လူဟာ ဇရာကို တကယ်မတိုက်နိုင်သည့်တိုင် ဇရာရဲ့ အပေါ်ယံသွင်ပြင်လက္ခဏာတွေကို ဘယ်လိုတိုက်ရမယ်ဆိုတာကိုတော့ ယဉ်ကျေးမှုနဲ့ အတွေ့အကြုံက သင်ကြားပေးလိုက်တယ်။ ဒီနေရာမှာ ကိုယ့်ကိုယ်တိုင် ပြင်ဆင်မွမ်းမံခြင်းဟာ အရေးကြီးတဲ့ အခန်းကပါလာတယ်။ အသက်ကြီးတဲ့ မိန်းမများဟာ ခပ်ငယ်ငယ်မိန်းမတွေထက် အဝတ်အစားကို ဂရုစိုက်လေ့ရှိတယ်။ ဒါကလည်း သိပ်သဘာဝကျပါတယ်။ ပြိုးပြိုးပြက်ပြက် ရတနာတွေကြောင့် ဘေးလူဟာ သူ့ရဲ့ရုပ်ရူပကာ ချွတ်ယွင်းချက်ကို သတိမထားနိုင်တော့ဘဲ လက်ဝတ်ရတနာတွေကို ငေးကြည့်မိတယ်။ နူးညံ့အိစက်ပြီး တောက်ပနေတဲ့ ပုလဲသွယ်တစ်ကုံးဟာ ရှုံ့တွပြီး အရစ်အရစ်တွေ ထနေတဲ့ လည်ပင်းကို တစ်ဖက်သားမေ့ပျောက်သွားအောင် လုပ်ပေးတယ်။ လက်စွပ်က ပြိုးပြက်ရောင်နဲ့ လက်ကောက်က ပြိုးပြက်ရောင်တို့က လက်ချောင်းနဲ့ လက်ကောက်ဝတ်တွေရဲ့ အသက်ကို ဖုံးပေးတယ်။ ရှေးခေတ်မှိုးတူ...တွေနဲ့ ...ပါးရေ တို့၊ မင်ကြောင်တို့၊ နားဆွဲတို့၊ နားကပ်တို့ဟာ တစ်ဖက်သားရဲ့ ...ကို ကျိန်းစေတဲ့အတွက် ပါးရေတွန့်တွေနဲ့ မျက်လုံးတစ်ဝိုက်က အတွန့်တွေကို မမြင်နိုင်တော့ဘူးပေါ့။

နုပျိုမှုနှင့် အိုမင်းခြင်းကို ခွဲခြားရခက်အောင် လုပ်ပေးတဲ့အရာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ ယဉ်ကျေးမှုရဲ့ လုပ်ဆောင်ချက်တစ်ခုပါပဲ။ သမိုင်းမှာ အယဉ်ကျေးဆုံးဆိုတဲ့ ခေတ်ကြီးဟာ ဆံပင်တုကို ဖန်တီးပေးခဲ့တယ်။ ခေါင်းပြောင်တာကို ဆံပင်က ဂုဏ်ပြုတဲ့အမူအရာတစ်ခုပေါ့။ ပေါင်ဒါနဲ့ ပါးဆိုးဆေးရဲ့ အကျိုးသက်ရောက်မှုက မိန်းကလေးငယ်ငယ်တွေကို သူတို့အဖွားတွေနဲ့တူအောင် လုပ်ပေးတာနဲ့ အတူတူပဲ။ လူမမာတွေကို ကျန်းမာတဲ့ လူတွေနဲ့ တူအောင် လုပ်ပေးတာနဲ့ အတူတူပဲ။ ပါးနပ်တဲ့ အပ်ချုပ်ဆိုင်ကြီးများနဲ့ အလှပြင်ဆိုင်များဟာ အသက်ကြီးတဲ့ မိန်းမတွေကို ငယ်ရွယ်တယ်လို့ ထင်ရအောင် ပြင်ပေးကြတယ်။ အရွယ်တစ်ခု ရောက်သွားတဲ့အခါမှာ ဝတ်စားဆင်ယင်မှု အနုပညာဟာ မိမိရဲ့ ချွတ်ယွင်းချက်ကို ဖုံးကွယ်တဲ့အတတ်ပညာဖြစ်တယ်။ တစ်နည်းပြောရရင် ယဉ်ကျေးသိမ်မွေ့မှု ပုံသဏ္ဌာန်တစ်မျိုးဖြစ်တယ်။ မျက်နှာဖုံးဟာ ရုပ်သွင်ကို မှုန်မွှားစေအောင်လုပ်တဲ့ အံ့သြဖွယ်တီထွင်မှုဖြစ်တယ်။ ဒီမျက်နှာကြောင့် တပ်ဆင်သူမှာ အလှရဲ့ ရုပ်သဏ္ဌာန်ပေါ်စေတယ်။ မွမ်းမံပြင်ဆင်မှုဟူသမျှဟာ မျက်နှာဖုံးတွေသာ ဖြစ်တယ်။ အဲဒီ မွမ်းမံမှုတွေဟာ အချိန်ရဲ့ လုယက်ဖျက်ဆီးခံရတာကို ဖုံးကွယ်ပေးကြတယ်။

ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကြီးကို ဇရာက ဖျက်ဆီးပစ်နေတာ၊ ချေမှုန်းပစ်နေတာကို သိပ္ပံပညာက တစ်နေ့မှာ တားဆီးပေးနိုင်ပါ့မလား။ နတ်ရေကန်ထဲက ပြန်တတ်လာသလို ကျွန်တော်တို့ကို နုပျိုစေနိုင်တဲ့ နုပျိုဆေးကို ဖန်တီးပေးနိုင်ပါ့မလား။ လူတစ်ယောက်ရဲ့အသက်ကို သိချင်ရင် သူ့ရဲ့ မွေးစာရင်းကို သွားကြည့်မနေနဲ့။ သူ့သွေးကြောတွေနဲ့ သူ့အရိုးအဆစ်ကို ကြည့်လို့ ပြောလေ့ရှိကြတယ်။ အသက်ငါးဆယ်ရှိတဲ့ လူတစ်ယောက်ဟာ အသက်ခုနစ်ဆယ်ရှိတဲ့ လူတစ်ယောက်လို အိုစာကျချင်ကျနိုင်တယ်။ ဒီအတိုင်းဆိုလျှင် လူတစ်ယောက်ကို စိတ္တဗေဒဆိုင်ရာ ပြန်လည်အားသစ်လောင်းမှုတွေနဲ့ ငယ်ရွယ်နုပျိုလာအောင် လုပ်နိုင်တယ်ဆိုတဲ့ သဘောပေါ့။ ဇီဝဗေဒပညာရှင်တွေဟာ အနိမ့်စား ရုပ်ဖွဲ့စည်းမှုရှိတဲ့ သတ္တဝါတွေနဲ့ စမ်းသပ်ကြည့်လို့ အောင်မြင်ခဲ့ပြီးပြီ။ အချို့သော ခရုမျိုးနွယ်များဟာ ပင်လယ်ရေနည်းနည်းကလေးရှိတဲ့ ခွက်ထဲမှာထည့်ထားရင် သူတို့ရဲ့ အညစ်အကြေးတွေကြောင့် အဆိပ်ပြန်သင့်ပြီး ချက်ချင်းအိုမင်းသွားကြတယ်။ ဒါပေမယ့် ရေကို နေ့တိုင်းလဲပေးရင် အိုမင်းခြင်းကို ရွှေ့ဆိုင်းလို့ရနိုင်တယ်။ ကျွန်တော်တို့ရဲ့



ကလာပ်စည်းများ အိုမင်းလာခြင်းဟာ အညစ်အကြေးတွေ စုလာလို့ ဖြစ်နိုင်တယ်။ အဲဒီ အညစ်အကြေးတွေကို သုတ်သင်ရှင်းလင်းပစ်ခြင်းဖြင့် ကျွန်တော်တို့ဟာ အသက်ရှည်နိုင်တယ်။ တိရစ္ဆာန်တွေကို ပြန်လည်နုပျိုစေဖို့အတွက် အချို့သော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အစားထိုးပေးခြင်း အချို့သော ဟော်မုန်းများကို ထိုးသွင်းပေးခြင်းဖြင့် စမ်းသပ်ကြည့်ခဲ့ကြတယ်။ ကြွက်အိုကြီးများကို ဒီလိုလုပ်ပေးလိုက်ခြင်းဖြင့် တစ်လလောက်ပြန်လည်အားကောင်းမောင်းသန်ဖြစ်လာကြပြီး ဖိုမဆက်ဆံရေး ကိစ္စတွေကို လုပ်လာနိုင်ကြတယ်။ အဲဒီလို လေးကြိမ်အထိ လုပ်လို့ရတာကို တွေ့ရတယ်။ ဤနည်းအားဖြင့် ကြွက်တစ်ကောင်ရဲ့ သက်တမ်းကို တစ်ဝက်လောက် တိုးပေးနိုင်တယ်။ ဒါပေမယ့် ဒီလိုလုပ်လို့ရတဲ့ အကျိုးသက်ရောက်မှု အချိန်ကာလဟာ တစ်ချိန်ထက်တစ်ချိန် တိုတောင်းလာခဲ့တယ်။ သိုးတွေကိုစမ်းသပ်ကြည့်တဲ့ ဒေါက်တာဗိုရိုနော့ရဲ့ စမ်းသပ်မှုဟာ လူသိများပါတယ်။ လူတွေကို စမ်းသပ်ကြည့်ရာမှာတော့ သိပ်ပီပီပြင်ပြင်မရှိလှသေးဘူး။ ဒါပေမယ့် ဒီနေ့ခေတ်မှာ အသက်ရှစ်ဆယ်၊ ရှစ်ဆယ်ကျော်အထိ ကျန်းမာစွာ နေနိုင်တဲ့ခေတ်မှာတော့ ဒါတွေဟာ သိပ်အရေးမကြီးတော့ပါဘူး။

အသက်ရှစ်ဆယ်ကျော်ကိုးဆယ်ထက် ကျွန်တော်တို့ ပိုပြီးနေချင်ကြသေးလို့လား။ အသက်ရှစ်ဆယ်ကျော်ဟာ အတွေ့အကြုံတွေကို တော်တော် ဖြတ်သန်းခဲ့ပြီးပြီ။ အချစ်နဲ့အချစ်ရဲ့ အဆုံးသတ်ကိုလည်း တွေ့ခဲ့ပြီးပြီ။ ရည်မှန်းချက်ကြီးခြင်းရဲ့ အနှစ်ဗလာ ဖြစ်တာကိုလည်း တွေ့ခဲ့ပြီးပြီ။ သေခြင်းတရားကိုလည်း တွေ့ခဲ့ပြီးပြီ။ သေခြင်းတရားကိုလည်း သိပ်မကြောက်တော့ဘူး။ သံယောဇဉ်တွေ စွဲလမ်းမှုတွေကလည်း သေလွန်သွားတဲ့လူတွေ ပြီးသွားခဲ့တဲ့ အတိတ်အဖြစ်အပျက်တွေနဲ့ပဲ ဆိုင်တော့တယ်။ ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်က ဆက်ပြနေတဲ့အတွက် ရုပ်ရှင်ကြည့်သူဟာ ပြန်မသွားချင်သေးဘူးဆိုရင် သူ့နေရာမှာ သူ ဆက်နေခွင့်ရှိတယ်။ ဒါပေမယ့် သူကြည့်ပြီးသားမြင်ကွင်းပေါ်လာတယ်ဆိုရင်တော့ သူဟာ ရုပ်ရှင်ရုံထဲက ထွက်လာခဲ့တော့တာပါပဲ။

ဘဝဆိုတာ အဆက်မပြတ်ပြနေတဲ့ ပြပွဲကြီးတစ်ခုပါ။ အဖြစ်အပျက်တစ်ခုဟာ အနှစ်သုံးဆယ်ကြာတိုင်း ပြန်ပြန်ဖြစ်နေတယ်။ ပြီးတော့ ငြီးငွေ့စရာကောင်းလာတယ်။ ဒီလိုနဲ့ ပွဲကြည့်ပရိသတ်တွေဟာ တစ်ယောက်

www.burmeseclassic.com



ပြီးတစ်ယောက် ရုံထဲက ထွက်သွားကြတော့တာပါပဲ။

စာရေးဆရာကြီး အိတ်ဂျိဝဲလ်စ် အသက်ခုနစ်ဆယ်ပြည့်တော့ သူ့ကို အင်္ဂလိပ်စာရေးဆရာတွေက ဝိုင်းဝန်းဂုဏ်ပြုကြတယ်။ အဲဒီ အထိမ်းအမှတ်ပွဲမှာ သူက မိန့်ခွန်းတစ်ခု ပြောတယ်။ ဘာပြောသလဲဆိုတော့ သူ့မွေးနေ့မှာ သူငယ်ငယ်က သူ့အထိန်းက ခေါ်တဲ့အခါမှာ ခံစားရတဲ့ ခံစားချက်ကလေးကို သူ သတိရတယ်တဲ့။ သူ့အထိန်းက ဘာပြောသလဲဆိုတော့ 'မာစတာ ဟင်နရီ အိပ်ချိန်ရောက်ပြီလေ' လို့ ပြောသတဲ့။ ကလေးတစ်ယောက်ဟာ အိပ်ချိန်ရောက်လာပြီဆိုရင် မအိပ်ချင်သေးဘူး၊ ဘာဘူးဆိုပြီး ငြင်းတတ်တယ်။ ဒါပေမယ့် တကယ်တော့ သူတော်တော်အိပ်ချင်နေပြီ။ သူအနားယူဖို့ လိုနေပြီဆိုတာ အလိုလိုသိနေတယ်တဲ့။ သူက 'သေမင်းဟာလည်း ကိုယ့်ကိုချစ်လဲချစ် အလိုလဲမလိုက်တဲ့ အထိန်းနဲ့တူတယ်။ အချိန်ရောက်လာတာနဲ့ မစ္စတာဟင်နရီ၊ အိပ်ချိန်ရောက်ပြီလေလို့ ပြောတတ်တယ်။ ဒီတော့ ကျွန်တော်တို့တတွေက မအိပ်ချင်သေးဘူး၊ စောသေးတယ် ဘာညာဆိုပြီး ငြင်းတတ်ကြတယ်။ တကယ်ကတော့ ကျွန်တော်တို့တတွေ နားချိန်ရောက်ပြီ။ နားချင်နေပြီဆိုတာ အလိုလိုသိနေကြတယ်' လို့ သူက ပြောပါတယ်။

□□□

ဘဝဆိုတာ တိုတိုကလေးလို့ ကျွန်တော်တို့ အလွယ်တကူ လက်ခံနိုင်ရင် မကြာခင်မှာ ဘဝလမ်းဆုံးကိုတော့ ရောက်တော့မှာပဲဆိုတဲ့ အသိကိုလည်း ကျွန်တော်တို့တတွေ ကျန်းမာသန်စွမ်းတဲ့စိတ်၊ ကျန်းမာသန်စွမ်းတဲ့ ခန္ဓာကိုယ်နဲ့ လက်ခံနိုင်ကြမှာပါပဲ။ ဒီလိုလက်ခံဖို့ရာဟာ ဖြစ်လည်းဖြစ်နိုင်ပါတယ်။

ဇရာဒုက္ခလို့အရွယ်ရောက်ရင် အထက်မှာပြောခဲ့တဲ့မရှောင်နိုင်တဲ့ မကောင်းမှုတွေနဲ့ အမြဲတွေ့ရမှာတော့ မဟုတ်ပါဘူး။ တိရစ္ဆာန်တော်တော်များများဟာ ကြီးကျယ်တဲ့ခန္ဓာရုပ်ပြောင်းလဲခြင်းမရှိဘဲ ဒီဘဝကနေ နောင်ဘဝ သွားကြတာပါပဲ။ ကောင်းစွာလေ့ကျင့်ထားတဲ့ ခန္ဓာကိုယ်တစ်ခုဟာ မိမိရဲ့ပျော့ပျောင်းမှုနဲ့ တင့်တယ်မှုကို ကာလအတန်ကြာအောင် ထိန်းသိမ်းထားနိုင်ပါတယ်။ အဓိကကျတဲ့ သော့ချက်ကတော့ မိမိကိုယ်ကိုမိမိ ဘယ်တော့မှ ပစ္စလက်ခတ်မထားပါနဲ့ ဆိုတာပဲ။ မနေ့ကလုပ်ခဲ့တဲ့အရာကို ဒီနေ့ ပြန်လုပ်ရင်ရတယ်။ ဒါပေမယ့် မနေ့က မလုပ်ခဲ့တဲ့အရာကို ဒီနေ့ဆက်လုပ်လို့ကတော့ မဖြစ်နိုင်တော့ဘူး။ လေ့ကျင့်ခန်းနဲ့ စနစ်ဇယားကျမှုဟာ အံ့ဩဖွယ်များကို ဖြစ်ပေါ်စေတယ်။ တချို့ အသက်ခုနစ်ဆယ်အရွယ်တွေဟာ ခုထိ သိုင်းကစားတုန်း၊ တင်းနစ်ရိုက်တုန်းပဲ။ အကောင်းဆုံးနည်းကတော့ နောက်ဆုံးဖြစ်နိုင်တဲ့ အချိန်အထိ လေ့ကျင့်ခန်းမှန်မှန်လုပ်သွားဖို့ပါ။ စိတ်ပါမှထလုပ်တာတို့၊ ကြုံကြားကြုံကြားလုပ်တာမျိုးတို့တော့ မဖြစ်ဘူး။ အိုမင်းခြင်းဆိုတာ စဝင်လာတာနဲ့ တစ်ပြိုင်နက် သူ့ကို ဆိုင်းထားလို့ရတာမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကို ဇရာကနိုင်အောင် ငြင်းဆိုရတာဟာ သိပ်ခက်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒီလို ငြင်းဆိုဖို့ဟာ လိုလည်းလိုအပ်တာပါပဲ။ လူရဲ့ ပျော့ညံ့မှုတွေကို လက်ခံရတာလွယ်ပါတယ်။ ဒီပျော့ညံ့မှုတွေကို ဆက်ပြီး ကျင့်သုံးနေလိုက်ရုံပေါ့။ ကျွန်တော်ကတော့ အချိန်မကျခင်အိုတာထက် အကြာကြီးအိုတာကို သဘောကျတယ်လို့ မွန်တိန်းက ပြောခဲ့ဖူးတယ်။

ကိုယ်ခန္ဓာအားဖြင့်ဖြစ်စေ၊ စိတ်ဓာတ်အားဖြင့်ဖြစ်စေ၊ အရွယ်မတိုင်ခင်အိုတာမျိုး မဖြစ်သင့်ဘူး။ ခန္ဓာကိုယ်လိုပဲ နှလုံးဟာလည်း လေ့ကျင့်ခန်းလိုတယ်။ စိတ်လှုပ်ရှားတယ်ဆိုတာ အကြောင်းမရှိဘဲ မလှုပ်ရှားနိုင်ဘူး။ ဒါဟာ သဘာဝပဲ။ ဒါပေမယ့် တကယ်ခံစားတွေ့ကြုံလို့ရနိုင်တာတွေကို အသက်ကြီးဘယ်ဆိုတာတစ်ခုတည်းကြောင့် ဘာဖြစ်လို့ စွန့်လွှတ်ရမှာလဲ၊ အသက်ကြီးမှ ချစ်တာဟာ ရယ်စရာကောင်းနေလို့လား။ တကယ်ကတော့ အသက်ကြီးတဲ့ အဖိုးကြီးအဖွားကြီး ဖြစ်တယ်ဆိုတာကို မေ့သွားမှ ရယ်စရာကောင်းတာပါ။ အဖိုးကြီးအဖွားကြီး ချစ်တာဟာ ဘာမှရယ်စရာမဟုတ်ပါဘူး။ ငယ်ငယ်တုန်းက တန်ဖိုးထားခဲ့တဲ့ အရည်အချင်းတွေကို တစ်ယောက်ဆီမှာတစ်ယောက် ပြန်တွေ့နေနိုင်သေးတာပဲ။ ညာတာယောက်ထားတာ၊ ချစ်ခင်ကြင်နာတာ၊ တွယ်တာမြတ်နိုးတာတွေဟာ အသက်အကန့်အသတ် မရှိပါဘူး။ မကြာခဏ ဖြစ်လေ့ရှိတာက နုနယ်ပျိုမျစ်မှုနဲ့ အာသာရမ္မက်တွေ ပျောက်ကွယ်သွားတဲ့အခါမှာ အချစ်ဟာ ကြည်နူးစရာကောင်းတဲ့အသွင်ကိုဆောင်လာတတ်တယ်။ အသွေးအသားတောင့်တမှုတွေနဲ့အတူ တကျော့[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း ပျောက်ကွယ်သွားတယ်။ နုပျိုမှုနဲ့အတူ မနာလို ဝန်တိုမှုဟာလည်း ပျောက်ကွယ်သွားတယ်။ စိတ်မရှည်မှုဟာ ကာယခွန်အားနဲ့အတူ ဆုတ်ယုတ်သွားတယ်။ မုန်တိုင်းထန်တဲ့ ပျိုရွယ်မှုအကြွင်းအကျန်ကနေပြီး နှစ်လိုဖွယ်ကောင်းတဲ့ ဇရာတစ်ခုကို တည်ဆောက်လို့ရနိုင်တာပါပဲ။ ဒါကြောင့်မို့ မောင်နှံနှစ်ဦးတို့ရဲ့ဘဝဟာ မြစ်ဖျားအစမှာ ကျောက်ဆောင်ကျောက်တုံးတွေကို အန္တရာယ်ကြီးစွာ ဖြတ်သန်းစီးဆင်းခဲ့ရပြီး ပင်လယ်နားရောက်လာတဲ့အခါမှာ ဖြေးဖြေးညင်းညင်း စီးသွားတဲ့မြစ်တစ်စင်းနဲ့တူပါတယ်။ ငြိမ်သက်တဲ့မြစ်ရေပြင်ဟာ နေ့မှာကမ်းဘေးမှာပေါက်နေတဲ့ ပေါ်ပလာပင်တွေကို ထင်ဟပ်ပြနေတယ်။ ညမှာဆိုရင် ကောင်ကင်ကကြယ်ပွင့်ကလေးတွေကို ထင်ဟပ်ပြနေတယ်။

ဇရာအရွယ်ရဲ့အချစ်ဟာလည်း လူငယ်အချစ်လိုပဲ စစ်မှန်ပြီးနှစ်နှစ်ကာကာရှိနိုင်ပါတယ်။ သူတို့နှစ်ယောက်ကြားမှာ မိတ်ဆွေဆက်ဆံရေးရဲ့ဖြူစင်မှုရှိခဲ့ပြီး နုပျိုတဲ့အချစ်ရဲ့ ထက်သန်မှုမျိုးလည်းရှိခဲ့ပြီ။ မဒမ်ရေကာမိသားနဲ့ ရှာတိုးဘရိုင်းယန်းတို့နှစ်ယောက်ကို တွေ့တဲ့အခါမှာ သူဘယ်လောက် စိတ်ထိခိုက်ခဲ့ရကြောင်းကို ဗစ်တာဟူးဂိုးက ရေးပြခဲ့ဖူးပါတယ်။ အဲဒီတော့ သူတို့နှစ်ယောက်မှာ တစ်ယောက်ကမျက်စိကွယ်နေပြီး တစ်ယောက်က ကိုယ်တစ်ပိုင်းသေနေပါပြီ။

'နေ့တိုင်းညနေသုံးနာရီထိုးသည်နှင့် အမ်ရှာတိုဘရိုင်းယန်းအား မဒမ်ရေကာမီယာ၏ အိပ်ရာဆီသို့ ပွေ့ချီခေါ်လာခဲ့သည်။ တော်တော်စိတ်ထိခိုက်စရာကောင်းပါသည်။ မျက်စိမမြင်ရသောအမျိုးသမီးသည် ခံစားချက်ကို မသိသောအမျိုးသားကို လက်ချောင်းကလေးများဖြင့် စမ်းသပ်နေ၏။ သူတို့လက်များသည် တွေ့ဆုံကြ၏။ သူတို့နှစ်ဦးစလုံးသည် အိုမင်းတွင်းဆုံးကျ လုနီးနေပြီ။ သို့ရာတွင် တစ်ဦးကိုတစ်ဦး ချစ်ခင်လျက်ရှိကြပေသေး၏။ ဘုရားသခင်ကိုပင် ကျေးဇူးတင်ရတော့မည်' လို့ ရေးခဲ့ပါတယ်။

ဒစ်စရယ်လီဟာ လေဒီဘရက်ဖို့ကို တစ်စေ့တစောင်းများ မြင်ရလေမလားလို့ ညတိုင်းလိုလို ညည့်ခံပွဲတွေကို ကြိုးစားတက်ခဲ့ပါတယ်။ လေဒီဘရက်ဖို့ကြောင့် ဒစ်စရယ်လီမှာ တော်တော်နာနာကျင်ကျင်ခံစားခဲ့ရပါတယ်။ သို့တိုင်အောင် ဒစ်စရယ်လီဟာ စိတ်ကူးယဉ်မြယဉ်နေပြီး လေဒီ



ဘရက်ဖို့ဟာ သူ့နောက်ဆုံးအိပ်မက်ရဲ့ ပန်းတိုင်ဖြစ်နေပါတယ်။ အသိုးကြီးတွေရဲ့ စိတ်ကူးအိပ်မက်ကို လှုပ်နှိုးဖို့၊ သူတို့ရဲ့ နောက်ဆုံးရက်များကို လူငယ်ဘဝရဲ့ ရိုးအတဲ့စိုးရိမ်မှုတွေနဲ့ ဖြည့်တင်းပေးဖို့အတွက် အမျိုးသမီးများဟာ သူတို့ရဲ့ မာယာပရိယာယ်တွေကို သုံးသင့်ပါတယ်။ ထာဝရအဆုံးသတ်သွားပြီလို့ ထင်ရတဲ့ ခံစားချက်တွေ ရုတ်တရက်ပေါက်ကွဲလုမတတ် လျှံလာတာတွေကို မကြာခဏတွေ့ဖူးကြတယ် မဟုတ်လား။ ခံစားချက်တွေ ပြည့်နေတဲ့ဘဝဟာ အချစ်ကြောင့်ဖြစ်တဲ့ ခံစားချက်တွေချည်းတော့ မဟုတ်ပါဘူး။ တခြားသော ခံစားချက်လည်း အများကြီးပါ။ အဖိုးအိုတစ်ယောက်ရဲ့ ချစ်ခင်ကြင်နာမှုထဲမှာ သူ့ကလေးတွေ၊ သူ့မြေးတွေအတွက် ချစ်ခင်ကြင်နာမှုဟာ သူ့ရဲ့ မိုးကုပ်စက်ဝိုင်းတစ်ခုလုံး ပြည့်နှက်နေတတ်ပါတယ်။ ကိုယ့်သားတွေ ကိုယ့်သမီးတွေ သူတို့ဘဝကို ပျော်ရွှင်စွာနေ့ထိုင်ကြတာကို တွေ့ရတာဟာ ကြည်နူးစရာကောင်းပါတယ်။ ကျွန်တော်တို့ဟာ သူတို့ရဲ့ ပျော်ရွှင်မှုတွေကို အတူခံစားတယ်။ သူတို့ဝမ်းနည်းရင် အတူဝမ်းနည်းတယ်။ သူတို့ချစ်ရင် အတူချစ်တယ်။ သူတို့ရုန်းကန်ကြရင် အတူရုန်းကန်ကြတယ်။ ကျွန်တော်တို့နေရာမှာ ဝင်ရောက်ကစားတဲ့ သူတို့တတွေကို ဒီအတိုင်းထားပစ်ခဲ့ပြီး ကစားပွဲကြီးထဲက ဘယ်နှယ်လုပ် ထွက်လာရက်ပါ့မလဲ။ သူတို့ပျော်နေတဲ့အချိန်မှာ ကျွန်တော်တို့ ဘယ်နှယ်လုပ် စိတ်မချမ်းမသာ ဖြစ်နေနိုင်ပါ့မလဲ။ ဆက်ကပ်ပွဲကိုသွားကြည့်လို့ ကျွန်တော်တို့ ပျော်ခဲ့ကြပြီးတဲ့နောက် ကျွန်တော်တို့ကလေးတွေကို ဆပ်ကပ်ကိုခေါ်သွားရတာဟာ ပိုပြီးတော့ ပျော်စရာကောင်းသေးတယ်မဟုတ်လား။ ကျွန်တော်တို့သဘောကျတဲ့ ကဗျာဆရာတွေရဲ့ ကဗျာတွေကိုဖတ်ပြီး ကျွန်တော်တို့ပေးတဲ့ စာအုပ်တွေကို ဖတ်နေတဲ့ကလေးတွေကို မြင်ရတာဟာ ပိုပြီး ပျော်စရာမကောင်းဘူးလား။ အသက်ကြီးလာတဲ့အတွက် ဘဝဟာ ကျွန်တော်တို့ကို နောက်ထပ်ပျော်ရွှင်မှုတွေကို မပေးနိုင်တော့ဘူးဆိုရင် ကျွန်တော်တို့ ကလေးတွေအတွက် ပျော်ရွှင်မှုကိုယူဆောင်ပေးရတာလောက် ပျော်စရာ အကောင်းဆုံးအရာရှိနိုင်ပါဦးမလား။

အဖိုးအဖွားများဟာ ကိုယ့်သားသမီးတွေနဲ့ ပလဲနံပသင့်တတ်သလောက် မြေးတွေနဲ့ပိုပြီး ပလဲနံပ သင့်တတ်တယ်။ အဖိုးအိုတစ်ယောက်ဟာ လူမှုရေး ကိစ္စတွေက အနားယူလိုက်တဲ့အခါမှာ ကလေးဘဝကရှိခဲ့တဲ့ပျော်ရွှင်မှုများ

www.burmeseclassic.com

www.burmeseclassic.com



မှုမျိုးနဲ့ တာဝန်မဲ့မှုမျိုးကို ပြန်ရသွားတယ်။ သူဟာ စားဖို့၊ ပုံပြောဖို့၊ သူတစ်ပါးရဲ့ လျှို့ဝှက်ချက်တွေကို နားထောင်ဖို့ အဆင်သင့်ဖြစ်နေတယ်။ ကလေးတစ်ယောက်ရဲ့ ခွန်အားသည်ပင်လျှင် သူ့ခွန်အားနဲ့အတူတူ ဖြစ်နေတယ်။ သူဟာ သူ့သားနဲ့ ပြိုင်မပြေးနိုင်ပေမယ့် သူ့မြေးလိုပဲ ဒယီးဒယိုင်နဲ့ လျှောက်နိုင်တယ်။ ကျွန်တော်တို့ရဲ့ ပထမဆုံး ခြေလှမ်းများနဲ့ နောက်ဆုံးခြေလှမ်းများဟာ ဒီနည်းအတိုင်းပဲ။ ကျွန်တော်တို့ရဲ့ ပထမဆုံးလမ်းလျှောက်ခြင်းနဲ့ နောက်ဆုံးလမ်းလျှောက်ခြင်းဟာ အလားတူ ကန့်သတ်ခြင်း ခံရတာပါပဲ။

အဖိုးအိုတစ်ယောက်ဟာ အမြဲတမ်းအထီးကျန်ဖြစ်နေတယ်ဆိုတဲ့ စကားဟာလည်း လုံးလုံးမမှန်ပါဘူး။ သူဟာ သူ့ကိုယ်သူ ဗဟိုပြုရင်၊ စေးနှဲရင်၊ တစ်ဖက်သားအပေါ် သြဇာပေးချင်ရင်၊ ဒါမှမဟုတ် စိတ်တန်ခိုးသတ္တိ အားနည်းနေရင်တော့ အထီးကျန်ဖြစ်မှာပဲ။ ဒါပေမယ့် ဇရာမှာ တွေ့မြဲထုံးစံဖြစ်တဲ့ အနာအဆာတွေကို တိုက်ဖျက်နိုင်ရင်၊ ရက်ရောသဘောထားကြီးရင် နှိမ့်ချတတ်ရင်၊ ချစ်ခင်ကြင်နာတတ်ရင်တော့ လူငယ်တွေက သူ့ကို ခင်မင်ရင်းနှီးစွာ ဆက်ဆံကြပြီး သူ့အတွေ့အကြုံတွေကို သင်ခန်းစာယူဖို့ စိတ်ထက်သန်ကြမှာပဲ။ သူ့မှာ ခက်ခဲတာဆိုလို့ တစ်ခုပဲရှိမယ်။ ငယ်ငယ်ကလို စိတ်အားထက်ထက်သန်သန်နဲ့ ပြောဖို့တော့ ခက်သွားနိုင်တယ်။ ဒါပေမယ့် စိတ်အားထက်သန်မှုတိုင်းဟာ အလကားပဲလို့ ကျွန်တော်တို့ အတွေ့အကြုံက သင်ကြားခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ အတွေ့အကြုံကို စကားလုံးကြီးတွေဆီက မဟုတ်ဘဲ ပြင်းထန်တဲ့အလုပ်နဲ့ ကြီးမားတဲ့သူရသတ္တိဆီက သင်ခန်းစာယူဖို့ စောင့်ဆိုင်းရမယ်။ လူငယ်ဟာ အလားတူ သင်ခန်းစာတွေ၊ အတွေ့အကြုံတွေကို ပေးနိုင်တဲ့ လူကြီးတွေရဲ့ အဆုံးအမတွေကို လက်ခံလိမ့်မယ်။

ကျွန်တော်ဟာ နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလလယ်ရောက်ရင် ရိုမန်ကျေးတောသားတွေ နေသလိုနေတဲ့ ဂေဘာရီယတ်ဟာနိုးတောက်ရဲ့အိမ်ကလေးကို တောင်ကုန်းတွေ တောင်ကြောတွေကို ဖြတ်ပြီးသွားလေ့ရှိတယ်။ ချိုင့်ဝင်နေတဲ့ လမ်းဘေးမှာ အကိုင်းအခက်တွေ ညွှတ်ကျနေတဲ့ သံလွင်ပင်ကြီးတစ်ပင်ရှိတယ်။ ဒီသံလွင်ပင်ကြီးကိုမြင်ရင် ဟာဂီးကို ကျွန်တော် သိပ်သတိရတာပဲ။ အဲဒီမှာ အသက် ၈၅ နှစ်ရှိတဲ့ သစ်သီးခြံပိုင်ရှင်ကြီးဟာ လိမ္မော်



ပင်တွေအောက်က တောင်ကုန်းဆင်ခြေလျှောတွေကို ခပ်သုတ်သုတ်တက်လေ့ရှိတယ်။ လူငယ်တွေတောင် သူ့ကို မမီချင်ဘူး။ သူပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ 'ငါ့အဖွားက လူဝီဘုရင်လက်ထက်က ပြင်သစ်စကားမျိုးကို သင်ပေးခဲ့ထားတာကွ။ သူ့ကိုလည်း သူ့အဖွားက စာသင်ခဲ့တာ' လို့ ပြောလေ့ရှိတယ်။ အဖိုးအိုကြီးဟာနိုးတောက်ရဲ့ စဉ်းစားတွေးခေါ်ဉာဏ်ဟာ သူ့စကားဝဲသံလိုပဲ ရှေးဆန်ပြီး နုပျိုနေတယ်။ စိတ်သက်သာရာရချင်ရင်ရွတ်ရမယ့် ဂါထာလေးတစ်ခု ပေးလိုက်မယ်ကွယ်။ ဂါထာကလေးကတော့ ရိုးရိုးလေးပါ။ ထိတော့ထိရောက်တယ်။ ရွတ်ကြည့်။

'အရာအားလုံးသည် ဖြစ်နိုင်၏။ အရာအားလုံးမေ့ပျောက်သွား၏။ အခက်အခဲတိုင်းကို ကျော်လွှားနိုင်၏။ လောက၌ နားလည်သူဟူ၍မရှိ။ တစ်ယောက်ပြောပြသော တစ်ယောက်အကြောင်းကို တစ်ယောက်ကသိနေလျှင် မည်သူမျှ မည်သူ့ကိုမျှ စကားပြောကြမည်မဟုတ်'

အဲဒီ နောက်ဆုံးအပိုဒ်ကို ကျွန်တော် တော်တော်သဘောကျတယ်။ ကိုယ့်စိတ်ထဲမှာရှိတဲ့ အဆိပ်တွေ၊ မကောင်းတဲ့စိတ်တွေ၊ ပြေပျောက်သွားသလို ထင်လိုက်ရတယ်။ ပြီးတော့ သူ့ဂါထာက မပြီးသေးဘူး။

'မည်သည့်အရာကိုမျှ မကြောက်လေနှင့်။ သင့်ကို ရှုံးအောင် လုပ်နိုင်သည့်ရန်သူသည် ထိုအချိန်၌ သူကိုယ်တိုင်သည်လည်း သင့်ကို ကြောက်လျက်ရှိ၏' တဲ့။ အသက်ရှည်တာရယ် သမိုင်းကိုလေ့လာတာရယ်တို့ကြောင့် အဲဒီအဖိုးအိုဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ တည်ငြိမ်မှုကို ရလာပြီး စိတ်ပျက်အားငယ်ခြင်းနဲ့ ဥပေက္ခာပြုခြင်းတို့ကို ပယ်နိုင်ခဲ့တယ်။ အသက် ၈၅ နှစ်အရွယ်ကို ရောက်သည့်တိုင် အနာဂတ်အတွက် မရေမတွက်နိုင်တဲ့ စီမံကိန်းတွေ ချနေတုန်းပဲ။ ခရီးရှည်ကိုသာ သွားဖို့စဉ်းစားတုန်း၊ အိမ်တွေဆောက်တုန်း၊ သစ်ပင်တွေစိုက်တုန်းပဲ။ အလားတူပဲ ကိုလိုနီစနစ်ကြီး ဖျက်သိမ်းလိုက်တဲ့ အခါမှာ မာရှယ်လေးထော်တေးက ကျွန်တော့်ကို ပြောဖူးတယ်။ ကဲ ကျုပ် ဘာလုပ်ရတော့မှာလဲဗျာတဲ့။ ဒီတော့ ကျွန်တော်က သင့်လျော်တဲ့နေရာမှာ သူ့ကို အသုံးချမယ်ထင်ကြောင်း ပြောတော့ သူက ဘယ်တော့လဲ၊ ဘယ်အချိန်မှာ အသုံးချမှာလဲ၊ မကြာခင် ကျုပ် ၈၁ နှစ် ပြည့်တော့မယ်ဗျာ၊ လုပ်မှ ဖြစ်မယ်ဆိုပြီး အော်တယ်။ နောက်ကျပြီလို့ ထင်တာ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ ထင်တာ၊ ဇာတ်ခုံဟာနောက်တက်လာတဲ့ မျိုးဆက်တွေ အတွက်ပဲလို့ ထင်တာ၊ ဇရာရဲ့ တကယ့်အဆိုးပဲလို့ ပြောတတ်ကြတယ်။ ဇရာရဲ့ အခန်းဟာ ကိုယ်ခန္ဓာဆုတ်ယုတ်ပျက်ပြားလာတာ မဟုတ်ဘဲ စိတ်ဓာတ်ကျလာတာ ဥပေက္ခာသဘော ဆောင်လာတာလို့ ပြောတတ်ကြတယ်။ ကျွန်တော်တို့ဟာ အဲဒီ ဥပေက္ခာသဘောကို တိုက်ဖျက်ပစ်နိုင်တယ်။ တိုက်လည်းတိုက်ဖျက်ပစ်ရမှာပဲ။ လူဟာ ဆက်လက်အသက်ရှင်ဖို့ ခိုင်မာတဲ့အကြောင်းအချက်တွေကို သဘောပေါက်နေရင် အအိုနှေးသွားတတ်ပါတယ်။ လူဟာ သိပ်လှုပ်ရှားတဲ့ အလုပ်တွေကို လုပ်ရရင်၊ ပြင်းထန်တဲ့ ခံစားချက်တွေ ခံစားရရင်၊ သိပ်ရုန်းကန်ရင်၊ သိပ်လေ့လာအားထုတ်ရင်၊ သိပ်ရှာဖွေရင် အိုစနာကျသွားပြီး ကုန်ခန်းသွားတတ်တယ်လို့ အလွယ်တကူ ယုံကြည်လေ့ရှိကြတယ်။ ဒါပေမယ့် တကယ်ကတော့ အဲဒါနဲ့ ပြောင်းပြန်လို့ ကျွန်တော်ထင်ပါတယ်။ ကလီမယ်စောနဲ့ ဂလက်စတုန်းတို့ဟာ အသက် ၉၀ ကျော်သည့်တိုင် နန်းရင်းဝန်ရာထူးတွေမှာ အလုပ်လုပ်နေကြပြီး အံ့သြလောက်တဲ့ ခွန်အားသတ္တိတွေကို ပိုင်ဆိုင်ခဲ့ကြတယ်။ တကယ်ကတော့ အိုစာခြင်းဟာ မကောင်းတဲ့အကျင့်တစ်ခုပါ။ အလုပ်များတဲ့ လူတစ်ယောက်အဖို့တော့ ဒီအကျင့်ကိုပါအောင် လုပ်ချိန်မရှိပါဘူး။

ဒါပေမယ့် လူတစ်ယောက်ဟာ အမြဲတမ်း ဘယ့်နှယ်လုပ်ပြီး အလုပ်များနေနိုင်ပါ့မလဲ။ အသက်ကြီးလာတဲ့အခါမှာ အလုပ်ရှာရတာကလည်း ခက်ခဲပြီ မဟုတ်လား။ လူအိုကြီး ကြီးကြပ်လုပ်ကိုင်တဲ့ စီမံခန့်ခွဲအုပ်ချုပ်တဲ့ လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းရယ်လို့ကော ရှိလို့လား။ ရှိရင်လည်း ဒါဟာ လုပ်ရိုးလုပ်စဉ် ဟုတ်ရဲ့လား။ ကိစ္စတော်တော်များများမှာ အဖိုးကြီးတွေဟာ လူငယ်များထက်တော်တဲ့ ခေါင်းဆောင်တွေဖြစ်နေတတ်တယ်။ ရောမမြို့ကြီးဟာ အဖိုးအို စစ်သူကြီးဂျေးဂေးဖီးသတ်စ် ကယ်တင်ခဲ့တာ။

၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးတုန်းက နှစ်ဖက်စလုံးဟာ အသက်ကြီးတဲ့ ဗိုလ်ချုပ်တွေက ဦးစီးတိုက်ခိုက်ခဲ့ကြတယ်။ အဂ္ဂါမတ်နွန်ဟာ အာချက်လိုလူ ၁၀ ယောက် မလိုချင်ဘူး၊ နတ်စတာလို လူတစ်ယောက်ကိုပဲ လိုချင်တယ်။ တကယ်လို့သာ သူ့မှာ အာချက်လို လူတွေသာရှိခဲ့ရင် ထရွိုင်မြို့ကြီးဟာ ချက်ချင်းရန်သူ့လက်ကျသွားမှာပဲလို့ ယူဆတယ်။



အသက်ကြီးတဲ့ သံတမန်များနဲ့သမားတော်များဟာ အတွေ့အကြုံကြွယ်ဝတဲ့အတွက် အလွန်ဉာဏ်ပညာရှိကြတယ်။ သူတို့ဟာ နုပျိုခြင်းမရှိကြတော့တဲ့အတွက် ထင်မြင်ချက်တွေကို တိတိကျကျ တည်တည်ငြိမ်ငြိမ် ပေးနိုင်ကြပါတယ်။

ကြီးကျယ်သော လုပ်ငန်းကြီးများကို ကာယခွန်အားတက်ကြွဖျတ်လတ်မှုတို့ဖြင့် တည်ဆောက်ခြင်းမဟုတ်ပါ။ ညှိနှိုင်းတိုင်ပင်ခြင်း၊ ကျွမ်းကျင်နိုင်ခြင်း၊ ရင့်ကျက်သောဉာဏ် ပညာတို့ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအရာများကို အသက်အရွယ် ကြီးရင့်မှသာ ရနိုင်ပါသည်လို့ ဆီဆာရိုက ရေးခဲ့ဖူးပါတယ်။

❑❑

ကျေနပ်ရောင့်ရဲစွာ အိုမင်းတဲ့ နည်းနှစ်နည်းရှိတယ်။

ပထမနည်းကတော့ မအိုအောင်နေတဲ့ နည်းပဲ။ အလုပ်ကို လက်နဲ့မပြတ်လုပ်နေခြင်းဖြင့် အိုခြင်း (ဇရာ) ကို ရှောင်တဲ့လူတွေရဲ့နည်းပဲ။ အဲဒီနည်းဟာ ဂါးထားရေးတဲ့ ဖော့စ်လက်ာပြဇာတ်ရှည်ကြီးအဆုံးမှာ ဖော့စ်လိုချင်တဲ့၊ လိုက်လံရှာဖွေတွေ့တဲ့နည်းပဲ။ အသက်အရွယ်ကြီးရင့်တဲ့ အရွယ်ကိုရောက်နေတဲ့ ဖော့စ်ဟာနုနယ်ပျိုရွယ်တဲ့ ရုပ်ဆင်းလက္ခဏာကိုတော့ ပြန်လည်ရပါရဲ့။ ဒါပေမယ့် အချည်းနှီးပဲလေ။ အချစ်နဲ့ မျှော်မှန်းချက်က သူ့ကို လိမ်လည်လှည့်ဖျားသွားခဲ့ကြတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ဖော့စ်ကို အလုပ်က ကယ်တင်သွားခဲ့ကြတယ်။ ဖော့စ်ဟာ မျက်စေ့လည်းကွယ်နေပြီ၊ အိုမင်းတွင်းဆုံးကျလုနီးလည်း ဖြစ်နေပြီ။ သည်တုန်းမှာ ဖော့စ်ဟာ နားနေခြင်းမရှိဘဲ အလုပ်လုပ်တယ်။ ရေတွေအိုင်နေတဲ့ ရေကန်ကြီးတစ်ကန်ကို ဆယ်ပြီး အဲဒီရေကန်ကြီးကို စားကျက်တစ်ခုလုပ်ပစ်တယ်။ သူဟာ အလုပ်တစ်ခုစွမ်းဆောင်အောင်မြင်တဲ့အခါမှာ ဘယ်လောက်ပျော်ရွှင်ခြင်း ဖြစ်ရတယ်၊ ဝိမုတ္တိရသကို ဘယ်လိုခံစားရတယ်ဆိုတာကို သေမသွားခင်မှာသဘောပေါက်သွားခဲ့တယ်။ နတ်ဆိုးဖြစ်တဲ့ မက်ဖီစတိုဖားလက်စ်က သူ့အသက်ကို ချွေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ချပေါင်နှံ့ထားတဲ့ ဖော့စ်ရဲ့ဝိညာဉ်ကို အပိုင်သိမ်းချင်တယ်။ ဒါပေမယ့် သမှာ ဒေဝနတ်ကောင်းနတ်မြတ်တွေရောက်လာပြီး ဖော့စ်ရဲ့ သေပျောက်နိုင်တဲ့ အစိတ်အပိုင်းတစ်ခုကို နတ်ပြည်ကိုယူသွားကြတယ်။ အဲဒီအစိတ်အပိုင်းကတော့ အလုပ်သည် စွမ်းပကားရှိတဲ့အရာပါကလားလို့မြင်တဲ့ သဒ္ဓါယုံကြည်စိတ်ဖြစ်ပါတယ်။ သဒ္ဓါယုံကြည်စိတ်ဟာ သံသရာက လွတ်မြောက်သွားပြီး မဂ်ဖိုလ်ကို ဆိုက်သွားပါတယ်။

ကျေနပ်ရောင့်ရဲစွာ အိုတဲ့နောက်တစ်နည်းကတော့ စွန့်လွှတ်ရဲသောစိတ်အပြည့်ဖြင့် ဇရာကို တည်ငြိမ်စွာလက်ခံဖို့ပါပဲ။ ဒီလိုလက်ခံနိုင်ခဲ့ရင် ပျော်ရွှင်မှုရမှာလည်း အမှန်ပါပဲ။ ရုန်းရ၊ ကန်ရတာတွေ လွန်ခဲ့ပြီ။ ကစားပွဲကို ကစားခဲ့ပြီးပြီ။ သေခြင်းတရားဟာ အနားကို ရောက်နေပြီ။ ကြမ္မာငြိုဟ်ဆိုးတွေဟာလည်း ကိုယ့်ကို နာကျင်အောင် မလုပ်နိုင်တော့ဘူး။ ဇရာဒုက္ခလွှ အရွယ်ကိုရောက်နေတဲ့ ဆိုဖိကလိကို အချစ်ရဲ့ကာမဂုဏ်တွေမှာ ပျော်ရွှင်ခံစားနိုင်ပါဦးမလားလို့ မေးတော့ဘုရားသိကြားမလို့ အဲဒီအဖြစ်မျိုးတွေကကင်းဝေးပါရစေကွယ်။ ရက်စက်ကြမ်းကြုတ်တဲ့ သခင်တစ်ယောက်ဆီကလွတ်အောင်လုပ်ခဲ့သလို အချစ်ဆီကလည်း လွတ်မြောက်အောင် လုပ်ခဲ့ပြီးပါပြီလို့ ဖြေသတဲ့။

ကျွန်တော်တို့ အိပ်မက်ထဲက အမြော်အမြင်ရှိတဲ့ လူတွေနဲ့တူတဲ့ လူအိုလူမင်းတွေကို အများကြီးကျွန်တော် တွေ့ခဲ့ဖူးပါတယ်။ သူတို့ တစ်တွေဟာ ရှုံးသွပ်မှုမှသာ လွတ်မြောက်လာခဲ့ကြရုံမကဘူး။ အနာဂတ်တာဝန်ဝတ္တရားတွေမှလည်း လွတ်မြောက်လာခဲ့ကြပါတယ်။ ဒါကြောင့် သူတို့တတွေဟာ လူငယ်တွေကိုလည်း မနာလိုမရှုဆိတ်မဖြစ်ကြတော့ဘူး။ သူတို့ရှေ့မှာ ဘဝရဲ့မုန်တိုင်းထန်တဲ့ ပင်လယ်တွေရှိလေသေးရဲ့လို့သာတွေးပြီး သူတို့ကို သနားတာပါ။ သူတို့မှာ သူတို့လွယ်ကူစွာစွန့်လွှတ်ခဲ့ကြတဲ့ ပျော်ရွှင်မှုတွေ မရှိကြတော့ပေမယ့် ကျန်သမျှ ပျော်ရွှင်မှုကလေးကိုတော့ ထက်ထက်သန်သန်ပဲ ခံစားကြပါတယ်။ အကြံဉာဏ်တွေဟာ ဘယ်လောက်အသုံးမကျသလဲဆိုတာကို သူတို့သိကြတယ်။ လူတိုင်းဟာ ကိုယ့်ဘဝကိုယ် နေကြရမယ်ဆိုတာ သူတို့သိကြတယ်။ ကျွန်တော်တို့ဟာ သူတို့ပြန်ပြောင်းပြောတာတွေကို နားထောင်ချင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တတွေက ကျွန်တော်တို့



ကို ဘာမှဝေဖန်ပြစ်တင်ခြင်းမပြုကြပဲကိုး။ တစ်ခါတစ်ရံ သိပ်အခက်အခဲကြုံမှသာလျှင် ကျွန်တော်တို့ဟာ သူတို့ခေါင်းဆောင်မှုကို ပြန်ပြီးအစပြုဖို့တောင်းဆိုကြပါတယ်။ ကျွန်တော်တို့ဟာ ဒီလိုလုပ်တဲ့ နေရာမှာသူတို့ကို စိတ်ပါလက်ပါနဲ့ ဖိတ်ခေါ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တတွေဟာ ဒီလိုတန်ခိုးအာဏာမျိုးကို မလိုချင်ကြတော့ဘူးဆိုတာ ကောင်းကောင်းသိနေကြတာကိုး။

မသာမယာ မပျော်မရွှင်နဲ့ အိုတဲ့နည်းတွေကတော့ နှစ်နည်းမကရှိပါတယ်။ အဆိုးဆုံးကတော့ ပြန်မရနိုင်တော့တာကို အမြဲတစေ တောင့်တနေကြတာပါပဲ။ တချို့သော အသက်အရွယ်ကြီးရင့်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများဟာ သူတို့မှာရှိတဲ့ အခွင့်အာဏာတွေကို မစွန့်လွှတ်ချင်ကြဘဲ သားတွေသမီးတွေကို ကျေးကျွန်သဖွယ်ပြစ်တင်မောင်းမဲနေကြတာမျိုးကို တွေ့ဖူးကြမှာပဲ။ တကယ်တော့ သူကသာ တာဝန်တွေကို မျှမျှတတခွဲဝေပေးလိုက်ရင် သားတွေသမီးတွေကလည်း သူ့ကို လေးစားကြည်ဖြူကြမှာပဲ။ တစ်ချို့ကျတော့လည်း ကိုယ့်တစ်ကိုယ်ကောင်းကိုပဲကြည့်ပြီး သားသမီးတွေကို ကျဉ်းမြောင်းတဲ့ အသိုင်းအဝိုင်းကလေးထဲမှာပဲ နေစေချင်တယ်။ သူတို့ခံစားနိုင်ခြင်းမရှိတဲ့ ပျော်ရွှင်မှုတွေကို ခံစားဖို့အတွက် သားသမီးကို တုန်တုန်ရီရီနဲ့ လက်တွဲပို့စေချင်ကြတယ်။ ဒီလိုလူအိုတွေလည်း အများကြီးပဲ။ တချို့ကျတော့လည်း ကိုယ့်ရည်မှန်းချက်ကိုသာကြည့်ပြီး နောက်ဆုံးနေ့အထိ လောဘတွေ၊ သက္ကာယဒိဋ္ဌိတွေ၊ မာနတွေ၊ မစ္ဆရိယတွေနဲ့ပဲ နေသွားတာတွေလည်းရှိတယ်။ အိုခြင်းအနုပညာဟာဘာလဲ။ နောက်လာမယ့်မျိုးဆက်က သူတို့ကို အနှောက်အယှက်ပေးတယ်လို့ သဘောမထားဘဲ အားကိုးတိုင်ပင်ရာလို့ သဘောထားအောင်လုပ်ပေးတဲ့ အတတ်ပညာဖြစ်ပါတယ်။

❑❑❑

အလုပ်က အငြိမ်းစားယူတာနဲ့ ပတ်သက်လို့လည်း ပြောစရာတွေ အများကြီးရှိတယ်။ အချို့လူတွေဟာ အငြိမ်းစားယူလိုက်တာနဲ့ ဘာမှမကြာဘူး သေ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြတယ်။ ဒါဟာ တခြားကြောင့်မဟုတ်ဘူး။ အငြိမ်းစားယူဖို့ သူတို့ကိုယ်သူတို့ ပြင်ဆင်မထားလို့ပါ။ မိမိရဲ့စူးစမ်းလိုစိတ်ကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းထားနိုင်တဲ့ လူတစ်ယောက်အဖို့တော့ ဇရာအရွယ်ရောက်လို့ အနားယူတာဟာ လူ့ဘဝမှာပျော်စရာအကောင်းဆုံးအချိန်ဖြစ်နိုင်တယ်။ ဒါပေမယ့် သူဟာ အများပြည်သူရှေ့မှာ ထင်ထင်ပေါ်ပေါ်ဖြစ်တာဟာ ဘာမှမဟုတ်၊ အချည်းအနှီးဆိုတဲ့ သဘောကို နားလည်ရမယ်။ မထင်မရှားနေရတဲ့ ငြိမ်းချမ်းတဲ့အရသာကို သဘောကျရလိမ့်မယ်။ သူဟာ လေ့လာဖို့၊ နားလည်ဖို့ ဆန္ဒဆက်လက်ရှိနေရလိမ့်မယ်။ သူ့ရွာမှာ၊ သူ့ခြံထဲမှာ၊ သူ့အိမ်ထဲမှာ သူ့ကိုယ်ပိုင်သီးသန့်လုပ်ငန်းတစ်ခုခုတော့ ရှိနေရလိမ့်မယ်။ ဉာဏ်အမြော်အမြင်ရှိတဲ့ အဲဒီလူဟာ တစ်သက်လုံး အများပြည်သူနဲ့ ဆိုင်တဲ့လုပ်ငန်းတွေမှာ အချိန်ပေးခဲ့ပြီးတဲ့နောက် သူ့ကိုယ်ပိုင်ကိစ္စတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် လုံးဝအချိန်ပေးလိုက်ရမယ်။ တကယ်လို့ ကဗျာတို့၊ သဘာဝအလှတို့မှာ စိတ်ဝင်စားခဲ့တယ်ဆိုရင်တော့ ဒီလိုလုပ်ရတာဟာ သိပ်အခက်အခဲမရှိနိုင်ဘူး။ လွယ်ပါတယ်။ ကျွန်တော့်အဖို့ဆိုရင်တော့ သိပ်မဝေးလှတဲ့ ကျေးတောမှာသွား၊ စာကလေးဖတ်၊ ကိုယ့်အကြိုက်ဆုံးစာအုပ်တွေထဲက စာတွေကူးနေရတာလောက် ပျော်စရာကောင်းတဲ့ အလုပ်ရှိမယ်လို့မထင်ဘူး။ 'မစ်ဆယ်ကိုး' ပန်းနွယ်ပင်ဟာ ဝက်သစ်ချပင်ခြောက်ကြီးပေါ်မှာ တွယ်တက်ရှင်သန်နေသလို စိတ်ဟာလည်း ဇရာဒုက္ခအရွယ်ပေါ်မှာ ရှင်သန်လန်းဆန်းနေရမယ်လို့ မွန်တိန်းက ရေးခဲ့ဖူးတယ်။

မိတ်ဆွေတွေဟာ သေသွားကြပေမယ့် သေမင်းဟာ သူတို့ကို ကျွန်တော်တို့ဆီက အပြီးအပိုင်ခေါ်မသွားနိုင်ပါဘူး။ စာရေးဆရာအကျော်အမော်တွေဟာ ကျွန်တော်တို့ရဲ့ မသေပျောက်နိုင်တဲ့ အဖော်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့ကို ညှို့ယူဖမ်းစားနိုင်ခဲ့သလို ခုလည်း ဇရာအရွယ်မှာ ကျွန်တော်တို့ကို မွမ်းမံပြင်ဆင်နိုင်ပါသေးတယ်။ ဂီတဟာလည်း အလွန်ထူးခြားတဲ့ သစ္စာရှိမိတ်ဆွေဖြစ်ပါတယ်။ လူ့သဘာဝကြီးကို သိပ်အယုံအကြည်မရှိတော့တဲ့ ကျွန်တော်တို့ လူအိုကြီးတွေအဖို့ ဂီတဟာ အခြားသော သာယာသော ကမ္ဘာများဆီကို ခေါ်ဆောင်ပြီး ခိုလှုံမှုပေးနိုင်ပါတယ်။ မကြာခင်တုန်းက အလွန်ကောင်းတဲ့ ဘီသိုဗင်ရဲ့ သတ္တမဆင်ဖိုနီ



တေးသွားကြီးကို လှလှပပတီးတဲ့ဝိုင်းတစ်ခုမှာ ကျွန်တော့်အနားမှာရှိတဲ့လူတွေရဲ့မျက်နှာကို ကျွန်တော်လိုက်ကြည့်တယ်။ လူကြီးရော လူငယ်ပါ ကြည်နူးပြီး ပီတိဖြစ်နေတာကို တွေ့ရတယ်။ အဲဒီအထဲမှာ လောကကို မကျေနပ်သူ၊ ပင်ပန်းဆင်းရဲခဲ့သူ၊ စိတ်ဓာတ်ပျော့ညံ့သူ စသည်တို့ အနည်းနဲ့အများပါသည့်တိုင် သူတို့ကိုယ်တိုင်ဟာလည်း ဂီတမှာနစ်မျောနေကြပါတယ်။ သူတို့ ကိုယ်ပေါ်မှာ အသံလှိုင်းတွေ ဖြတ်သွားကြတယ်။ အေးမြတဲ့ တေးသံစဉ်တွေဟာ သူတို့ကိုချော့မော့ယုယပေးနေတယ်။ သူတို့ဟာ ဂီတသံကြောင့် ပြန်လည်လန်းဆန်းလာကြပြီး လွတ်မြောက်သွားကြတယ်။ ကျွန်တော်လည်း သူတို့ပျော်ရွှင်မှုကို ခွဲဝေခံစားမိတယ်။ သူတို့ အကြိုက်ဆုံးဂီတနဲ့ သူတို့အသုဘကို ချဖို့မှာသွားကြတဲ့ ရှေးခေတ်က လူကြီးတွေကို ကျွန်တော်ပြန်သတိရနေတယ်။

'အချစ်နဲ့အစပြုပြီး ရည်မှန်းချက်နဲ့ အဆုံးသတ်ရင် လူတစ်ယောက်ရဲ့ ဘဝဟာ ပျော်စရာကောင်းတယ်' လို့ ပါစကယ်က ပြောခဲ့ဖူးတယ်။ အဲဒီမျှော်မှန်းချက် အောင်မြင်သွားတယ်ဆိုရင်တော့ ပိုပြီးပျော်စရာကောင်းတာ ါ။ စိတ်ငြိမ်းချမ်းမှုနဲ့ အဆုံးသတ်သွားရတာပေါ့။ ဒါကြောင့် လူတစ်ယောက် အသက်ငါးဆယ်အရိပ်မျဉ်းကြောင်းကိုကျော်ပြီး ဆယ်နှစ်၊ အနှစ်နှစ် ာ်လောက်ကြာတဲ့အခါမှာ အလင်းရောင်မျဉ်းကြောင်းကို ကျော်ဖြတ်နိုင် ဦ။ ဇရာရဲ့ ပထမဆုံးတိုက်ခိုက်မှုဟာ သူ့အဖို့ တော်တော်ထိခိုက်နာကျင် ယ်လို့ ထင်လိုက်ရတယ်။ ကိုယ်ပိုင်အချိန်လေးလို့ ထင်ရတဲ့ အချိန်ကလေး ာွကို အတွေးသစ်တွေ၊ စိတ်ကူးသစ်တွေ၊ လူသစ်တွေကို ပေးလိုက်ရတဲ့အခါမှာ တော်တော်လေးတော့ အခက်အခဲရှိပါတယ်။ ဒါပေမယ့် ခုလို ဖျတ်လတ်တက်ကြွပြီး ဘက်မလိုက်တဲ့ ပွဲကြည့်သူဖြစ်တဲ့အခါကျတော့ သူပျော်ပြီး စိတ်ငြိမ်းချမ်းသာသွားတယ်။ ကျေနပ်ရောင့်ရဲတဲ့ အမူအရာနဲ့နေတဲ့ သူ့အကြည့်ဟာ သူ ဘယ်လောက်စိတ်ချမ်းသာနေသလဲဆိုတာကို ပြနေတဲ့ လုံလောက်တဲ့ အညွှန်းတွေပါပဲ။

မှန်ပါတယ်။ ဇရာဟာ ငရဲဘုံတစ်ခုမဟုတ်ပါဘူး။ ဤနေရာသို့ ရောက်သူများသည် မျှော်လင့်ချက်ကုန်ဆုံးသူများဖြစ်သည်ဆိုတဲ့စာတမ်းကို တံခါးဝမှာ ချိတ်ရမယ့်နေရာမဟုတ်ပါဘူး။ အဖိုးအိုဟာ လောကမှာ စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စရာတွေ၊ မျှော်လင့်ချက်မဲ့တာတွေချည်းပဲရှိတယ်လို့ ထင်ပေမယ့် သေသေချာချာ ဆန်းစစ်ကြည့်လိုက်ရင် ဒီစိတ်ပျက်စရာအကြောင်းအရင်းတွေဟာ ကုသလို့မရနိုင်တဲ့ အကြောင်းတွေမဟုတ်ပါဘူး။ အကယ်၍ ဇရာမှာခွန်အားယုတ်လျော့လာလို့ရှိရင် ဒါဟာကျန်းမာရေးကိစ္စသာ ဖြစ်ပါတယ်။ လောကမှာ သန်မာအားကောင်းတဲ့ လူအိုတွေနဲ့ နွေးကွေးတဲ့လူငယ်တွေ အများကြီးပါ။ ဇရာမှာ အချို့သော ပျော်ရွှင်မှုများကို ငြင်းပယ်လိုက်ရတာတွေ ရှိပါတယ်။ ဒါပေမယ့် ဆက်လက်ခံစားနိုင်တဲ့ ပျော်ရွှင်မှုမျိုးကျတော့ ငယ်ငယ်ကထက် ပိုလို့တောင်အရသာ ရှိပါသေးတယ်။ လူအိုကြီးများဟာ အလုပ်အကိုင်မတွေ့နိုင်ဘူးလို့ မကြာခဏပြောလေ့ရှိကြတယ်။ ဒါပေမယ့် သူတို့ဟာ လူငယ်တွေထက်တောင် ပိုအလုပ်လုပ်နိုင်၊ အုပ်ချုပ်နိုင်တာတွေ အများကြီးရှိပါတယ်။ သူတို့မှာ အပေါင်းအဖော်မဲ့မဟုတ်ပါဘူး။ သူတို့ဟာ ပေါင်းသင်းပေါင်းထိုက်တဲ့သူများဖြစ်တယ်ဆိုရင် သူတို့ဘေးမှာ မိတ်ဆွေတွေတစ်ပုံကြီးပါ။ နောက်ဆုံးအားဖြင့် ဇရာမှာ သေခြင်းတရားကိုကြောက်ရင် အဲဒီအကြောက်ကို ယုံကြည်မှု (ဘာသာတရား) ဒဿနစသည်တို့နဲ့ အောင်မြင်စွာ ဖယ်ရှားနိုင်ပါတယ်။

❑❑❑

ကောင်းတဲ့သေနည်းနှစ်မျိုးရှိပါတယ်။ တစ်နည်းကတော့ သေတယ်ဆိုတာ ဘာမှမဟုတ်ဘူးလို့ ယူဆတဲ့ အက်ပီကျူးရက်စ်ရဲ့နည်းပါ။ နောက်တစ်နည်းတော့ သေတယ်ဆိုတာ အားလုံးအစစအရာရာဟုတ်တယ်လို့ ယူဆတဲ့ ခရစ်ယာန်တွေရဲ့ နည်းပါ။ 'ကျွန်ုပ်တို့နှင့် စပ်ဆိုင်လာသည့်အခါတွင် သေခြင်းတရားသည် ဘာမျှမဟုတ်ဟူသောအသိကို ရအောင်ကျင့်ပါလေ။ ကောင်းခြင်းနှင့် ဆိုးခြင်းတို့သည် အသိတရားမျှသာဖြစ်၏။ သေခြင်း၌ကား ထိုအသိတရားတို့အားလုံး မရှိတော့ပြီ' လို့ အက်ပီကျူးရက်စ်က ရေးခဲ့ပါတယ်။ သေတယ်ဆိုတာ ဘာမှမဟုတ်ဘူးလို့ သဘောပေါက်တာဟာ သေမင်းနဲ့ မကင်းနိုင်တဲ့ လူသားရဲ့ဘဝမှာ ပျော်စရာတစ်ခုပါပဲ။ လူ့ဘဝကုန်ဆုံးသွားတဲ့နောက်မှာ ဘာမှမရှိတော့ဘူးလို့ သဘောပေါက်သူတစ်ယောက်အဖို့ ဘဝ



ဟာလည်း ဘာမှကြောက်စရာလန့်စရာ မဟုတ်တော့ပါဘူး။ 'ကျွန်တော်တို့တစ်တွေ အသက်ရှင်နေတုန်းမှာ သေခြင်းမရှိဘူး။ သေပြီးနောက်မှာလည်း ကျွန်တော်တို့ဆက်လက် အသက်မရှင်တော့ဘူး' လို့ အက်ပီကျူးရက်စ်က ရေးခဲ့ပါတယ်။ ခရစ်ယာန် ဒဿနဆရာကတော့ သေခြင်းတရားကို မကြောက်ပါဘူး။ သေတယ်ဆိုတာ ကူးပြောင်းမှုတစ်ခုလို့သာ ယူဆတာကိုး။ သေပြီးတဲ့နောက်မှာ သူချစ်တဲ့သူတွေကို တွေ့ရလိမ့်မယ်။ လက်ရှိဘဝထက် ပိုပြီး အတိုင်းအဆမရှိ ပျော်စရာကောင်းတဲ့ ဘဝတစ်ခုကို တွေ့ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

သူတော်သူမြတ်တွေ၊ သူရဲကောင်းတွေ မြတ်သောသေခြင်းနဲ့ သေသွားတာဟာ ဘဝမှာ အံ့သြစရာတော့မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီလို အသိတရားမရှိဘဲ ကိုယ့်အလုပ်ကိုယ် အဆုံးသတ်တိုင်အောင် ကျိုးကျိုးနွံနွံလုပ်ရင်း သေသွားတဲ့အလုပ်သမားကောင်းတစ်ယောက်ရဲ့ သေခြင်းကတော့ မြင့်မြတ်လှပါတယ်။ စာရေးဆရာများဟာ ဂုဏ်သိက္ခာရှိရှိ သေသွားခဲ့ကြပါတယ်။ ဘားလ်ဇက်နဲ့ပရုစ်တို့ဟာ သူတို့သေခါနီးတော့ သူတို့ဖန်တီးခဲ့တဲ့ ဇာတ်ဆောင်တွေကို အားလုံးသတိရနေလိမ့်မယ်။ ဘားလ်ဇက်ကတော့ ဒေါက်တာဗျန်ချွန်ကို ခဏခဏခေါ်နေပါတယ်။ တစ်ယောက်ကတော့ ဖိုးချီရဲ့ အမည်ကို ထပ်တလဲလဲ ရေးနေပါတယ်။ အင်္ဂလန်ပြည်က ချားလ်ဘုရင်ဟာ ဘုရင်တစ်ပါးလို၊ လူကြီးလူကောင်းတစ်ယောက်လို သေသွားခဲ့ပါတယ်။ 'ကျွန်ုပ်တွင် သေခါနီးအချိန်သည် မမှတ်မိနိုင်လောက်အောင် ရှည်လျားလှ၏။ ကျွန်ုပ်ကို ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်ပါ၏' လို့ ရေးသွားပါတယ်။ ကာဒီနယ်ရစ်ချလျူးသေခါနီးတော့ သူ့ရန်သူတွေကို ခွင့်လွှတ်မလားလို့ မေးတော့ 'ငါ့မှာ နိုင်ငံတော်ရဲ့ ရန်သူကလွဲလို့ ငါ့ရန်သူရယ်လို့ တစ်ယောက်မှမရှိဘူး' လို့ ပြောသွားပါတယ်။ ပန်းချီအကျော်ကိုးရော့ကတော့ ကောင်းကင်ဘုံရောက်ရင် သူပန်းချီဆွဲနိုင်ဦးမယ်လို့ တကယ်ရိုးရိုးသား ထင်သွားပါတယ်။ ရှိုပင်က 'ကျုပ်ကို သတိရတဲ့အထိမ်းအမှတ်နဲ့ မိုးဇာတ်ရဲ့တီးလုံးကို တီးပေးပါဗျာ' လို့ ပြောပါတယ်။ နပိုလီယန်ကတော့ 'ပြင်သစ်ပြည်။ တပ်မတော် . . . တပ်မတော်အကြီးအကဲ' ဆိုတဲ့ စကားလုံးတွေကိုရွတ်ပြီး ခေါင်းဆောင်တစ်ယောက်လို သေသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေမှာ လူတစ်ယောက်ဟာ သူ့အလုပ်အကိုင်ကို အစွဲအလမ်းသိပ်ကြီးလွန်းတဲ့အတွက် ပြောစမှတ်ပြု ကျန်ရစ်ခဲ့တာ တွေ့ရပါတယ်။ ဒဿနဆရာလည်းဖြစ်၊ ဆရာဝန်တစ်ယောက်လည်းဖြစ်တဲ့ ဟေးလ်ဟာ နောက်ဆုံးအချိန်အထိ သူ့သွေးကြောကို စမ်းပြီး သေသွားခဲ့တယ်။ 'မိတ်ဆွေရေ၊ သွေးကြောထဲမှာ သွေးမတိုးတော့ဘူးဗျာ' လို့ မိတ်ဆွေတစ်ယောက်ကို ပြောသွားပါတယ်။ ဒါဟာ နောက်ဆုံးစကားတွေပါပဲ။ ၁၈ ရာစုနှစ်အစတုန်းက သင်္ချာဗေဒပညာရှင် လက်ညီးဟာ နှစ်ထပ်ကိန်းရင်းတွေနဲ့ သုံးထပ်ကိန်းရင်းတွေမြှောက်တဲ့နည်းတစ်နည်းကို အကျဉ်းချုပ်တီထွင်ခဲ့ပါတယ်။ သေခါနီးတော့ သတိကောင်းကောင်း မရချင်တော့ဘူး။ လူတွေကိုတောင် ကောင်းကောင်းမမှတ်မိတော့ဘူး။ ဒီတုန်းမှာ အနားမှာရှိတဲ့ မိတ်ဆွေတစ်ယောက်က သူ့ကို စိတ်သက်သာရအောင်ဆိုပြီး ဆရာရေ၊ တစ်ရာလေးဆယ့်လေးရဲ့ နှစ်ထပ်ကိန်းရင်းဟာ ဘာလဲလို့ ခပ်တိုးတိုးမေးတယ်။ လက်ညီးက ဆယ့်နှစ်လို့တစ်လုံးဖြေတယ်။ ပြီးတော့ အသက်ထွက်သွားတာပါပဲ။

'တကယ်လို့ ကျွန်တော်သာ စာများများရေးသူဖြစ်လျှင် သေခြင်းအမျိုးမျိုးတို့အကြောင်းကို ရေးချင်ပေသည်' လို့ မွန်တိန်းက ပြောဖူးပါတယ်။ မွန်တိန်းရေးချင်တဲ့ စာအုပ်မျိုးကို ရေးခဲ့တဲ့ အင်္ဂလိပ်စာရေးဆရာနှစ်ယောက်ကတော့ ဘာရယ်နဲ့ လူးကက်စ်တို့ ဖြစ်ပါတယ်။ အဲဒီစာအုပ်ကို ဖတ်လိုက်တဲ့အခါမှာ လူရဲ့သတ္တိကို မလေးစားမကြည်ညိုဘဲ နေလို့မရတော့ပါဘူး။ အဲဒီစာမျက်နှာတွေပေါ်မှာ သရဲဘောကြောင်မှုဆိုလို့ တစ်စက်မှမပါပါဘူး။

သေခြင်းသည်ပင်၊ အိပ်ခြင်းပင်တည့်။ ထို့ထက်ဘာမျှ၊ ရှာမရတည့်။ သေခြင်း၏ အိပ်ခြင်းထဲ၌၊ မည်သည့်အိပ်မက်တို့ မက်မည်နည်း' လို့ ဟင်းမလက်က ကြောက်စရာမေးခွန်းကို မေးခဲ့ပါတယ်။ ဒီအမေးကို ခုထိ အဖြေမရှိသေးပါဘူး။ ဒါပေမယ့် ဘဝခရီးတိုင်းက လူတော်တော်များများဟာ ဒီမေးခွန်းကို ရဲရင့်စွာမေးခဲ့ကြတယ်ဆိုတာကိုသိရင် (ကျွန်တော်တို့အတွက်) ကော်တော်အသုံးဝင်လိမ့်မယ် ထင်ပါတယ်။

❑❑❑

# ပျော်ရွှင်ခြင်းအနုပညာ

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်မှုဆိုတာ အပြောင်းအလဲဘာမှမရှိဘဲ ဒီအတိုင်းဆက်လက်နေလိုတဲ့ ဆန္ဒမျိုးကို ဖြစ်စေတဲ့အခြေအနေတစ်ရပ်လို့ ဖွန်တီနယ်လီက သူ့စာအုပ်တစ်အုပ်မှာ ရေးခဲ့ဖူးပါတယ်။ သဘောကတော့ ကျွန်တော်တို့ဟာ ဖော့စ်ပြောသလို 'အို တဒင်္ဂရယ်၊ မင်းဟာ တယ်လှလှပါကလား၊ ဆိုင်းပါဦး' လို့ ပြောသလို အရာရာကို အခုလိုအတိုင်း ထာဝရဖြစ်နေစေချင်လိုက်တာလို့ ပြောနိုင်တဲ့ စိတ်အခြေအနေ၊ ကိုယ်အခြေအနေရှိပြီဆိုရင် အဲဒါဟာ ချမ်းမြေ့ပျော်ရွှင်မှုပါပဲ။

ဒါပေမယ့် အခြေအနေလို့ ပြောတဲ့နေရာမှာ တစ်စုံတစ်ခုသော အချိန်တစ်ချိန်မှာ လူတစ်ယောက်ရဲ့ အသိစိတ်ထဲမှာရှိနေတဲ့ ဘဝင်စိတ်ကို ပြောနေတာ။ ဒီလို ဘဝင်စိတ်ဟာ မပြောင်းမလဲ အမြဲတော့ မတည်ရှိနိုင်ဘူးပေါ့။ အားလုံးပြီးပြည့်စုံနေတဲ့ ခံစားမှုမျိုးဟာ ဘယ့်နှယ်လုပ် တည်ရှိနိုင်ပါ့မလဲ။ မပြောင်းမလဲ ထာဝရမြဲသောအရာရယ်လို့ ဘယ့်နှယ်လုပ်ပြီး ရှိနိုင်ပါ့မလဲ။ အကယ်၍ လူတစ်ယောက်အဖို့ဆိုရင် အနိစ္စတရားဟာ ရောက်လာမှာပေါ့။ ဂီတတစ်ပုဒ်ကိုဆိုရင် တစ်နေရာရောက်တော့ အဆုံးသတ်သွားမှာပေါ့။ စာအုပ်တစ်အုပ်ဆိုရင် နောက်ဆုံးစာမျက်နှာဟာ အဆုံးပိတ်မှာတော့ဆို့ပြီးသွားမှာပေါ့။ ကျွန်တော်တို့ဟာ ပြောင်းလဲခြင်းမရှိတဲ့၊ နိစ္စဖြစ်တဲ့ အခြေအနေတစ်ခုကို လိုချင်တယ်။ ဒါပေမယ့် ဒီအခြေအနေ၊ ဒီတစ်ခဏလေးဟာ ကြာရှည်မဟုတ်ဘူးဆိုတာ သိကြတယ်။ တကယ်လို့ အဲဒီအခြေအနေတာလေးကို ပြောင်းလဲခြင်းမရှိအောင် လုပ်နိုင်တယ်ပဲထားဦး။ အဲဒီ အခြေအနေကလေးက ယူဆောင်လာတဲ့ပျော်ရွှင်ဟာ တစ်ခဏကြာရင် ရိုးသွားမှာမို့လို့ပါ။

ဒါကြောင့်မို့ ကျွန်တော်တို့ကို ပျော်ရွှင်စေတဲ့အရာတွေကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ခွဲခြားကြည့်တတ်ဖို့လိုတယ်။ ပျော်ရွှင်မှုကို လျှော့ပါးမသွားစေဘဲ ပြောင်းလဲသွားတတ်တဲ့အရာတွေနဲ့ ပျော်ရွှင်မှုအတွက်လိုအပ်တဲ့အရာတွေလို့ ခွဲခြားသိဖို့လိုအပ်ပါတယ်။ တော်စတွိုင်းရဲ့ အင်နာကာရီးနီးနားဝတ္ထုမှာ စေ့စပ်ကြောင်းလမ်းပြီး အိမ်ကိုပြန်လာတဲ့ လီဗင်ဟာ လမ်းလျှောက်လာရင်း မြင်မြင်သမျှကိုကြည့်ပြီး ပီတိသောမနဿဖြစ်လာတယ်။ ကောင်းကင်ကြီးကပိုပြီး ပြာလာတယ်လို့ ထင်ရတယ်။ ငှက်တွေရဲ့ မြည်သံကလည်း ပိုပြီး ချိုသာတယ်လို့ ထင်ရတယ်။ တံခါးစောင့်အဖိုးကြီးကလည်း သူ့ကို ခါတိုင်းထက်ကြင်နာချစ်ခင်တဲ့အကြည့်နဲ့ ကြည့်တယ်လို့ ထင်ရတယ်။ ဒါပေမယ့် အဲဒီနေ့က တခြားမြို့တစ်မြို့ကို ရောက်နေရင်လည်း ဒီလိုပဲပျော်နေမှာပဲ။ အဲဒီမြို့က လူတွေဟာ သူ့အမြင်မှာ ချစ်စရာကောင်းနေဦးမှာပဲ။ သူ့ရင်ထဲမှာ အရာအားလုံးကို တောက်ပထိန်လင်းသွားစေတဲ့ အလင်းရောင်ရှိနေတယ်။ ဒီအဇ္ဈတ္တအလင်းဟာ သူ့ပျော်ရွှင်မှုရဲ့ အနှစ်သာရပဲ။

လူတစ်ယောက်ကို ပျော်ရွှင်မှုဖြစ်စေတဲ့အရာဟာ အဖြစ်အပျက်တွေ၊ အရာဝတ္ထုတွေမဟုတ်ဘူး။ အဲဒီအရာဝတ္ထုတွေ၊ အဖြစ်အပျက်တွေကို နဂိုပကတိအရည်အသွေးတွေနဲ့ ဖြည့်ပေးလိုက်တဲ့ စိတ်ခြေအနေ တစ်ရပ်သာ ဖြစ်တယ်။ ကျွန်တော်တို့ဟာ ပျော်စရာအဖြစ်အပျက်တွေ ဖြစ်ပျက်လာမယ့်အရေးထက် အဲဒီစိတ်အခြေအနေတစ်ရပ် အရှည်ခံရေးကို မျှော်လင့်ရမယ်။ ဒီလိုအခြေအနေတစ်ရပ်ဟာ တကယ်အတွင်းအဇ္ဈတ္တသန္တာန်ဟုတ်ရဲ့လား။ ပြင်ပအရာဝတ္ထုတွေအပေါ်မှာ အဲဒီအခြေအနေက ထုတ်လုပ်ပေးတဲ့နည်းအပြင် အခြားနည်းနဲ့ရော အဲဒီပျော်ရွှင်မှုကို ရှာဖွေမတွေ့နိုင်တော့ဘူးလား။ ကျွန်တော်တို့ရဲ့ ခံစားချက်တွေနဲ့ မှတ်ဉာဏ်တွေကို အတွေးတွေထဲက ဖယ်ထုတ်လိုက်ရင် ကျွန်တော်တို့ စိတ်ထဲမှာ စကားလုံးမဲ့တဲ့ ဟာလာဟင်းလင်းဖြစ်မှုကလွဲလို့ ဘာမှကျန်ရစ်ခဲ့တော့မှာ မဟုတ်ဘူး။ ဒီလိုဆိုရင် ပျော်ရွှင်မှုသက်သက်နဲ့ ပီတိဖြစ်မှုသက်သက်ဆိုတာ ဘယ်မှာရှာတွေ့တော့မှာလဲ။ မီးစုန်းမာတ်ရှိတဲ့ ငါးများဟာ ရေနက်ကိုမြင်နိုင်တယ်။ ပင်လယ်ရေညှိကိုမြင်နိုင်တယ်။ သူတို့အနီးရောက်သွားရင် လင်းသွားတဲ့အတွက် အခြားသော ပင်လယ်သတ္တဝါများကို မြင်နိုင်တယ်။ ဒါပေမယ့် အဲဒီအလင်းရောင် ထုတ်လုပ်ပေးရာ လှုပ်ရှားနေတဲ့ မူလရင်းမြစ်ကိုတော့ မမြင်နိုင်ဘူး။ ဘာဖြစ်လို့လဲဆို



တော့ အဲဒီအလင်းရောင်ဟာ သူတို့ကိုယ်တွင်းမှာသာ ရှိနေလို့ပဲ။ အလေ[illegible] ပျော်ရွှင်ချမ်းမြေ့နေတဲ့ လူတစ်ယောက်ဟာလည်း သူ့ပျော်ရွှင်မှုကြောင့် အခြားလူတွေ ရရှိလိုက်တဲ့ အကျိုးသက်ရောက်မှုကို မြင်နိုင်ပေမယ့် သူ့ပျော်ရွှင်မှုကိုတော့ သူပြန်မြင်ဖို့ တော်တော်ခက်တယ်။ အဲဒီ ပျော်ရွှင်မှုမျိုးကို ကြုံသိဖို့ဆိုတာကတော့ ပိုလို့တောင် ခက်သေးတယ်။

* * *

ဒီသဘောကိုပိုရှင်းအောင်ပြောပြဖို့ ကြိုးစားတဲ့အနေနဲ့ ပျော်ရွှင်မှုရဖို့ ဘယ်လောက်ခက်ခဲသလဲဆိုတာကို ပြောပြချင်တယ်။ ဒီလိုဆိုရင် ပိုပြီး လွယ်သွားလိမ့်မယ်ထင်တယ်။ ပင်ဒိုရာရဲ့ သေတ္တာကိုဖွင့်ကြည့်လိုက်ပါ။ လူ့ဘဝရဲ့ ဒုက္ခသုက္ခတွေကို တွေ့ရလိမ့်မယ်။ အဲဒီအထဲက သူ့သူ့ငါငါ အဖြစ်များတဲ့ ဒုက္ခသုက္ခတွေကိုပဲ စိတ်နဲ့မှတ်ထားလိုက်ပါ။

ပထမ ဘာထွက်လာမလဲ။ ဆင်းရဲမွဲတေခြင်းနဲ့ မကျန်းမာခြင်းတို့ဟာ မည်းမှောင်တဲ့အရိပ်တွေနဲ့ ပေါ်ထွက်လာတယ်။ ဒုက္ခတွေအနက် အဲဒီဒုက္ခနှစ်ခုဟာ ကြောက်စရာအကောင်းဆုံးပဲ။ အဲဒီဒုက္ခနှစ်ခု မကြာခဏရောက်လာပြီဆိုရင် ကုစရာဆေးရယ်လို့ တော်တော်ရှားသွားပြီ။ စတိုးအစ်လို့ခေါ်တဲ့ ဥပေက္ခာဝါဒီတွေလုပ်လေ့ရှိသလို ဒုက္ခဆိုတာ ပညတ်ပါလို့ ဟန်ဆောင်နှလုံးသွင်းဖို့က လွယ်ပါတယ်။ ဒါပေမယ့် အကျိုးတော့ထူးမှာ မဟုတ်ဘူး။ အတိတ်ကဒုက္ခဟာ မရှိတော့ဘူး။ လွန်သွားပြီ။ ပစ္စုပ္ပန်ဒုက္ခကတော့ မမြင်နိုင်ဘူး။ အနာဂတ်ဒုက္ခကလည်း မလာသေးဘူးလို့ သူတို့ ပြောလေ့ရှိကြတယ်။ အမှန်ကတော့ ဒီလိုမဟုတ်ပါဘူး။ လူဟာ ခြားနားတဲ့ ကိုယ့်ဘဝသုံးပါးကို ကိုယ်ထင်သလို ပိုင်းခြားပစ်လို့ ရတာမဟုတ်ပါဘူး။ အတိတ်ကဒုက္ခတွေကို ပြန်စဉ်းစားမိတဲ့အတွက် ပစ္စုပ္ပန်ဒုက္ခတွေဟာ ပိုပြီး ကြီးလာတယ်၊ ပိုပြီး ပြင်းထန်လာတယ်လို့ ထင်ရတဲ့အခါတွေရှိတတ်ပါတယ်။ စိတ်ဓာတ်ကြံ့ခိုင်တဲ့လူတစ်ယောက်ဟာ ဒုက္ခဝေဒနာကို တိုက်နိုင်တယ်။ ဘယ်လောက်ပဲ ဒုက္ခတွေ့သည်တိုင် တည်ငြိမ်စွာရင်ဆိုင်နိုင်တယ်။ မွန်တိန်းဟာ အလွန်နာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်ပြင်းထန်တဲ့ ရောဂါဝေဒနာကို သတ္တိရှိရှိခံနိုင်ခဲ့တယ်။ ဒါပေမယ့် ဘဝဟာ ပြင်းပြတဲ့ဝေဒနာကြီးတစ်ခုဖြစ်နေတဲ့ ပညာရှင်တစ်ဦး၊ သူတော်သူမြတ်တစ်ဦးအဖို့ ဘာလုပ်ရမှာလဲ။

ဒိုင်အိုဂျင်းဟာ ဆင်းရဲနွမ်းပါးမှုကို ဂရုမစိုက်ဘဲနေနိုင်တယ်။ သူ့မှာ နေရောင်ရဲ့ အနွေးဓာတ်ရှိပြီ။ စားစရာရှိပြီ။ သူ့စည်ပိုင်းကလေးရှိပြီ။ ဘဝမှာ သူတစ်ယောက်တည်းပဲ နေသွားခဲ့တယ်။ တကယ်လို့သာ ရာသီဥတုကလည်းအေး၊ စားစရာကလည်းမရှိ၊ မြို့ကြီးထဲမှာ အလုပ်လည်းမရှိ၊ ကလေးလေးယောက်ကိုလည်း ကျွေးရဦးမယ်ဆိုရင် ဘယ်လိုနေမလဲ။ အဲဒါမှ သူ့ရဲ့ တကယ့်ဒုက္ခ။ ခိုက်ခိုက်တုန်ချမ်းပြီး ဆာနေတဲ့လူတွေကို ကျေနပ်ရောင့်ရဲစွာနေဖို့ သွားတရားဟောရတာဟာ သူတို့ကို စော်ကားတာနဲ့ အတူတူပါပဲ။ သူတို့မှာ တကယ်လိုနေတာက ကျေနပ်ရောင့်ရဲမှုဒဿနမဟုတ်ဘူး။ အစားအစာနဲ့ မီးသွေးဖြစ်တယ်။

အကြီးအကျယ် နာမကျန်းဖြစ်မှုနဲ့ ဆင်းရဲမှုတို့ကို နာကျင်ပြင်းထန်သော်လည်း အတော်အတန်ခံနိုင်တဲ့ ဒုက္ခတွေနဲ့သွားပြီး မရောသင့်ဘူး။ ဒီအခက်ခဲမျိုးတွေကို ပျော်ရွှင်မှုကို တားဆီးနေတဲ့ မကျော်လွှားနိုင်တဲ့ အခက်အခဲတွေလို့ မယူဆသင့်ဘူး။ စတိုးအစ်လို့ခေါ်တဲ့ ဥပေက္ခာဝါဒီများဟာ ကျွန်တော်တို့ရဲ့ သဘာဝလိုအပ်ချက်များနဲ့ လိုအပ်တဲ့လိုအပ်ချက်များကို မှန်ကန်စွာ ခွဲခြားနိုင်ကြတယ်။ လိုအပ်တဲ့လိုအပ်ချက်ဆိုတာက စားစရာနဲ့ သောက်စရာကို ဆိုလိုတာ။ မရှိရင် မဖြစ်တဲ့အရာတွေကိုပြောတာ။ မရှိရင်လည်းနေလို့ရတာမျိုးကိုခေါ်တာ။ လောကမှာ တကယ်ဆင်းရဲတာနဲ့ တကယ်နာမကျန်းဖြစ်တာတွေရှိတယ်။ အလားတူပဲ၊ လောကမှာ ကိုယ့်ကိုယ်ကိုယ် လူမမာလို့ထင်နေတဲ့ လူနဲ့ တကယ့်လူနာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့စိတ်ဟာ ကျွန်တော်တို့ကိုယ်ပေါ်မှာ မယုံနိုင်စရာကောင်းလောက်တဲ့ တန်ခိုးသြဇာတွေရှိတယ်။ အများအားဖြင့် ကျွန်တော်တို့ရဲ့ ဒုက္ခတွေဟာ ကိုယ့်စိတ်က ထင်နေတဲ့အရာများသာဖြစ်တယ်။ တချို့လူတွေဟာ တကယ်နာမကျန်းဖြစ်ကြတယ်။ တချို့ကျတော့လည်း သူတို့ကိုယ်သူတို့ နာမကျန်းဖြစ်တယ်လို့ထင်ကြတယ်။ တချို့ကျတော့လည်း သူတို့ကိုယ်သူတို့ နာမကျန်းဖြစ်အောင်လုပ်ကြတယ်။ ဘောဒိုး မြို့ဝန်ဖြစ်တဲ့အခါမှာ မွန်တိန်းက ခင်ဗျားတို့ရဲ့



ပြဿနာတွေကို ကျွန်တော့်လက်နဲ့ကိုင်တွယ်ဖို့ အဆင်သင့်ရှိပါတယ်။ ဒါပေမယ့် အသည်းထဲ၊ နှလုံးထဲတော့ မထည့်နိုင်ဘူးလို့ ပြောခဲ့ပါတယ်။

လောကမှာ စိတ်အထင်နဲ့ နာမကျန်းဖြစ်မှုရှိသလို စိတ်အထင်နဲ့ ဆင်းရဲမွဲတေနေသူတွေလည်း ရှိတယ်။ တခြားသူတွေမှာ ဒုက္ခတွေရောက်နေချိန် ကိုယ့်မှာ ဝင်ငွေကလေးနည်းနည်းပါးပါး လျော့သွားတာနဲ့ ဘဝဆုံးတော့မလောက် ပြောနေတာမျိုးကတော့ တကယ်ဆင်းရဲတဲ့သူတွေကို စော်ကားနေတာနဲ့ အတူတူပါပဲ။ ကိုယ့်ခေါင်းပေါ်မှာ အမိုးတစ်ခု၊ စားစရာပန်းကန်တစ်ချပ်၊ ဝတ်စရာအဝတ်တစ်စုံ ရှိနေပါလျက် ခြိုးခြံပါအောင် ညည်းပြနေတာကတော့ မရှိဆင်းရဲသားတွေကို စော်ကားတာနဲ့ အတူတူပါပဲ။ တစ်ခါတုန်းက မိတ်ဆွေတစ်ယောက်ကပြောဖူးတယ်။ အမျိုးသမီးတစ်ယောက်ဟာ အိမ်ထောင်ပရိဘောဂကောင်းကောင်းနဲ့ မနေနိုင်လို့ သူ့ကိုယ်သူ သတ်သေသွားသတဲ့။ သူ့စိတ်ထဲမှာ ထင်နေတဲ့ ဆင်းရဲဒုက္ခမျိုးဆိုတာ အဲဒါမျိုးပါ။

ပျော်ရွှင်မှုကို အတားအဆီးဖြစ်စေတဲ့အကြောင်းများဖြစ်တဲ့ နာမကျန်းဖြစ်ခြင်းနဲ့ ဆင်းရဲခြင်းတို့အပြင် နောက်အကြောင်းတစ်ကြောင်းရှိသေးတယ်။ အဲဒါကတော့ ရှုံးနိမ့်ခြင်းပဲ။ ကိုယ့်ရည်မှန်းချက်မအောင်မြင်ဘဲ ရှုံးနိမ့်သွားတာ။ အချစ်ရေးမှာ ရှုံးနိမ့်သွားတာ။ ကျွန်တော်တို့ဟာ အနာဂတ်အတွက် စီမံကိန်းတွေကို ဆွဲကြတယ်။ အဲဒီစီမံကိန်းတွေဟာ ဖရိုဖရဲဖြစ်သွားပြီး ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေဟာလည်း ပျက်စီးသွားခဲ့ကြတယ်။ ကျွန်တော်တို့ဟာ အချစ်ခံချင်ကြတယ်။ ဒါပေမယ့် အချစ်မခံရဘူး။ မနာလိုဝန်တိုမှုဟာ ကျွန်တော်တို့ရဲ့ နေ့နဲ့ညတွေကို အဆိပ်ခတ်နေတယ်။ ကျွန်တော်တို့ဟာ အလုပ်တစ်ခုကို လိုချင်ကြတယ်။ ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ခရီးသွားဖို့ ပြင်ဆင်ကြတယ်။ ဒါပေမယ့် မသွားဖြစ်ဘူး။ ဒီလိုဖြစ်ပျက်လာတဲ့အခါမှာ ဥပေက္ခာဝါဒီလို့ခေါ်ကြတဲ့ စတိုးအစ်တွေကတော့ ဖြေသိမ့်ရတာလွယ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမအောင်မြင်မှု၊ ရှုံးနိမ့်မှုတွေဟာ တကယ့်အမှန်မဟုတ်ဘူး၊ စိတ်အထင်သာဖြစ်တယ်လို့ ယူဆကြတာကိုး။ ရွှေ[illegible]ပြဿနာသာဖြစ်တယ်လို့ ယူဆကြတာကိုး။ ကိုယ့်မျှော်မှန်းချက်[illegible] အကောင်အထည်မဖော်နိုင်တဲ့လူဟာ ဘာဖြစ်လို့ စိတ်ဆင်းရဲ[illegible]။ ထိုင်ခန္ဓာမှာ ထိခိုက်နာကျင်လို့လား။ မဟုတ်ပါဘူး။ သူ့ရဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေကိုဖြစ်စေတဲ့ ချက်ယွင်းချက်တွေကို ပြန်သတိရပြီး သူ့ရဲ့ အနာဂတ် အောင်မြင်မှုတွေကိုလည်း သူနဲ့ပြိုင်ဘက်တွေက ကပျက်ယပျက်လုပ်ကြဦး မှာလားလို့ စိုးရိမ်နေလို့ပါ။ တကယ်လို့ အတိတ်က အမှားတွေကို ပြန်တွေးပြီး စိုးရိမ်ခြင်းမဖြစ်၊ နောက်အနာဂတ်အတွက်လည်း တွေးတောပူပန်ခြင်းမဖြစ် ဘဲ လက်ရှိအခြေအနေကို အာရုံစူးစိုက်ပြီး လက်ရှိအလုပ်ကို အောင်မြင်ဖို့ ကြိုးစားခဲ့ရင် ကျေနပ်လောက်တဲ့ရလာဒ်တွေ အမြဲလိုလို ပေါ်ထွက်လာမှာ သေချာပါတယ်။ အဲဒီလိုစိတ်ကူးနဲ့ တွေးတောပူပန်တတ်သူတွေအတွက် သျှင် အဂ္ဂနေးကီးသတ်စ်ရဲ့နည်းကို လိုက်နာဖို့အကြံပေးချင်တယ်။ ဒါကတော့ မိမိ အလိုရှိတဲ့အရာကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း မြင်တတ်ဖို့ပါပဲ။

ခင်ဗျားဟာ ပြည်နယ်တစ်ခုမှာ ဘုရင်ခံဖြစ်ချင်တယ်။ ဒါပေမယ့် မဖြစ်ခဲ့ဘူး။ မဖြစ်တော့ကော ဘာအရေးလဲ။ ခင်ဗျားမတွေ့ချင် စကားမပြော ချင်တဲ့လူတွေနဲ့ တစ်နေကုန်ထိုင်ပြီး စကားမပြောရတော့ဘူးပေါ့။ စဉ်းစား ဖို့ အချိန်မရတော့ဘူးပေါ့။ စဉ်းစားဖို့ အချိန်မရလောက်အောင် များပြားတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်မဆိုင်ရတော့ဘူးပေါ့။ ခင်ဗျား ကိုယ်ရေးကိုယ်တာတွေလိုက်ကြည့်၊ ဆီလိုအပေါက်ရှာပြီး ခင်ဗျားကျူးလွန် ခြင်းမရှိတဲ့ ပြစ်မှုတွေကို ကျူးလွန်ပါတယ်လို့ စွပ်စွဲမယ့်ရန်သူတွေကို မတွေ့ရ တော့ဘူးပေါ့။ ဘုရင်ခံရာထူးမရတော့ ခင်ဗျားအဖို့ အေးအေးဆေးဆေး တောင် နေရသေးတယ်။ ဇနီးမိန်းမနဲ့နေပြီး ကိုယ်ဖတ်ချင်တဲ့စာအုပ်ကလေးဖတ် လိုက်၊ ကိုယ်စကားပြောချင်တဲ့အဖော်နဲ့ စကားပြောလိုက်။ ဘယ်လောက် ဟန်ကျသလဲ။ မအောင်မြင်သည့်တိုင် တစ်ဖက်မှာ ကောင်းတာတွေ အများ ကြီးရှိပါတယ်။ ဒါဟာ ကံမကောင်းတာလို့ ပြောလို့မရပါဘူး။

'ဒီနေ့ည ကျွန်တော်စိတ်ဆင်းရဲရတယ်။ ကျွန်တော်တော့ မြို့တော် ဝန်ရာထူးကိုမရဘူး။ ကိုယ့်လက်အောက်က လူနှစ်ယောက်ကတော့ ရာထူး တိုးသွားတယ်။ ဒါပေမယ့် မြို့တော်ဝန်ဖြစ်ရင် မြို့သူမြို့သား ခြောက်ထောင်နဲ့ နောက်လေးငါးနှစ်ဆက်ဆံနေရဦးမှာ။ ကျွန်တော် ဒီထက်ပိုပြီး စိတ်ဆင်းရဲဦး မှာ' လို့ စတင်ဒဲလ်က ရေးခဲ့ဖူးတယ်။

တကယ်လို့သာ ကိုယ့်ဘဝအဖြစ်အပျက်တွေကို ပွင့်လင်းတဲ့ သဘော ထားနဲ့ ပြန်ကြည့်နိုင်ရင် ကိုယ်ရှုံးနိမ့်ပြီး မရခဲ့တဲ့ အရာတွေဟာ ကိုယ်တကယ်



လိုချင်တဲ့အရာတွေမဟုတ်ဘူးဆိုတာ မကြာခဏ ပြန်တွေ့ရတတ်ပါတယ်။ ဘကယ်ကတော့ လူရဲ့ထုတ်ဖော်ပြောဆိုတဲ့ ဆုတောင်းနဲ့ တကယ်လိုချင်တဲ့ ဆန္ဒကြားထဲမှာ တော်တော်ခြားနားချက် ရှိပါတယ်။ အိမ်ထောင်ပြုချင်လိုက် ဘာ၊ အမတ်ဖြစ်ချင်လိုက်တာ၊ ပုံတူကောင်းကောင်းတစ်ပုံ ရေးချင်လိုက်တာ လို့ ပါးစပ်ကထုတ်ပြောပေမယ့် တကယ်စိတ်ထဲမှာ ရှိချင်မှရှိတတ်တာ။ ဘကယ့်ဆန္ဒဟာ ပါးစပ်က ထွက်လာတာမဟုတ်ဘူး။ အလုပ်ကိုပဲ ကောက် လုပ်သွားတာ။ ကိုယ့်ဆန္ဒတစ်ခုဟာ မဖြစ်နိုင်တဲ့အရာတစ်ခုလည်း မဟုတ် ဘူး၊ အဓိပ္ပာယ်ကင်းမဲ့တဲ့ အရာတစ်ခုလည်း မဟုတ်ဘူးဆိုရင် ပိုင်းဖြတ်မှုနဲ့ လုပ်ရင် အဲဒီဆန္ဒဟာ အကောင်အထည်ပေါ်နိုင်တယ်။ ဂုဏ်သိက္ခာကိုလိုချင် တဲ့ လူတစ်ယောက်ဟာ ဂုဏ်သိက္ခာကိုရတယ်။ မိတ်သင်္ဂဟကိုလိုချင်တဲ့သူ ဟာ မိတ်ဆွေတွေကို တွေ့တယ်။ အောင်နိုင်မှုတွေကို လိုချင်တဲ့ အမျိုးသမီး ဟာ အောင်နိုင်မှုတွေကိုရတယ်။ လူငယ်ဘိုနာပတ်ဟာ အာဏာကို လိုချင် တယ်။ အာဏာကိုရယူရာမှာ တွေ့ရတဲ့အတားအဆီးတွေဟာ ကျော်လွှားလို့ ရမှရပါ့မလားလို့ ထင်ရတယ်။ ဒါပေမယ့် ကျော်လွှားနိုင်ခဲ့တယ်။

ဟုတ်ပါတယ်။ တစ်ခါတစ်လေမှာ အောင်မြင်မှုကို မရနိုင်တဲ့အခြေ အနေတွေ အများကြီးရှိတယ်။ စကြဝဠာကြီးကို ပြောင်းရွှေ့ပစ်ဖို့ဆိုတာ လွယ် တာမှတ်လို့။ ဒီတော့ လူမှာလည်း အခက်အခဲတွေ ရှိတာပေါ့။ အခက်အခဲက တခြားမှာမရှိရင် ကိုယ့်ကိုယ်တွင်းမှာတောင် ရှိနေသေးတယ်။ သူဟာ တစ်စုံ တစ်ခုသောရလာဒ်ကို လိုချင်တယ်လို့ သူ့ဘာသာသူ ထင်တယ်။ ဒါပေမယ့် အတွင်းအင်အားတစ်ခုက သူ့ကို ဆန့်ကျင်ဘက်အရပ်ကို တွန်းပို့နေတယ်။ အဲဒီထဲမှာ စာရေးဆရာတွေက အများဆုံးပဲ။ စာရေးဆရာတော်တော်များ များက သူတို့ ဘယ်လို စာအုပ်မျိုးတွေကို ရေးချင်တဲ့အကြောင်း။ ဒါပေမယ့် မရေးနိုင်တဲ့အကြောင်း စသဖြင့် မကြာခဏပြောတတ်ကြတယ်။ ဒါက တကယ်မရေးချင်လို့ပါ။ တကယ်ရေးချင်တယ်ဆိုရင် အဲဒီအခြေအနေက ရုန်းထွက်ပြီး ဘာဖြစ်လို့ မရေးနိုင်ရမှာလဲ။ လက်ရှိဘဝက ရုန်းထွက်ပြီး ဘာဖြစ်လို့ မရေးနိုင်ရမှာလဲ။ လက်ရှိဘဝက ရုန်းထွက်ပြီးရေးပေါ့။ အားလ် ဇက်ရဲ့ စိတ်တန်ခိုးနဲ့ စိတ်စွမ်းအင်ကိုကြည့်ပါလား။ သူ ရေးချင်တဲ့စာပေမျိုး တွေကို ရေးနိုင်ဖို့အတွက် အဲဒီလိုစာပေတွေကို ရေးနိုင်တဲ့ဘဝမျိုးမှာ ကျင်

www.burmeseclassic.com

www.burmeseclassic.com



လည်ခဲ့တယ်။ သူ့အလုပ်မှာ နှစ်မြုပ်စူးစိုက်ထားတဲ့ ဘားလ်ဇက်ရဲ့ စိတ်တန်ခိုးဟာ ထင်ရှားတဲ့ သက်သေသာဓကတစ်ခုပါပဲ။

ပလေတိုရဲ့ သမ္မတနိုင်ငံကျမ်း ဒဿမစာစောင်မှာ ဣသာဆိုတဲ့ အာမီးနီးယန်းလူမျိုးဟာ ဟိဒ်ဒစ်ဆိုတဲ့ ငရဲကိုရောက်သွားတော့ သေသူတို့ရဲ့ ဝိညာဉ်တွေ ဘယ်လိုနေရသလဲဆိုတာကို သွားတွေ့တယ်။

'ဣသာနှင့်ဝိညာဉ်များ ရောက်သည့်အခါ၌ သူတို့၏ တာဝန်သည် ကြမ္မာနတ်သမီးဆီသို့ သွားရန်ဖြစ်၏။ သို့ရာတွင် ပုရောဟိတ်တစ်ဦး ရောက်လာကာ သူတို့ကို စီစဉ်တကျဖြစ်အောင် စီမံ၏။ ထို့နောက် ကြမ္မာနတ်သမီး၏ ဒူးပေါ်မှ ကံမဲပြားများနှင့် ဇီဝနမူနာများကိုယူကာ အထက်တစ်နေရာသို့ တက်၍ အောက်ပါအတိုင်း ပြောလေ၏။ (ကြမ္မာနတ်သမီး၏ စကားကို ကြားနာကြကုန် ။ လိုအပ်ခြင်း၏ သမီးပျိုဖြစ်သော ကြမ္မာနတ်သမီး၏ စကားကို ကြားနာကြကုန် ။ အို ပုထုဇဉ်အပေါင်းတို့၊ ပုထုဇဉ်တို့၏ သံသရာစက်ဝိုင်းကို မြင်ကြကုန်။ သင်တို့၏ပါရမီဉာဏ်က သင်တို့ကို မရွေး။ သင်တို့ကသာ သင်တို့၏ ပါရမီဉာဏ်ကို ရွေးချယ်ကြရမည်။ ပထမဆုံး ကံမဲပြားကို ဆွဲသူသည် သူကြိုက်ရာဘဝတစ်ခုကို ရွေးချယ်ရမည်။ ထိုဘဝသည် သူ၏ ကြမ္မာသာဖြစ်သည်။ ကောင်းခြင်းမင်္ဂလာသည် လွတ်လပ်၏။ ထိုကောင်းခြင်းမင်္ဂလာကို အသရေပျက်အောင်၊ သို့မဟုတ် အသရေမရှိအောင် လုပ်သည်နှင့် အမျှ သူသည် ကောင်းခြင်းမင်္ဂလာကို ထိုအတိုင်းအတာအထိသာ ရမည်ဖြစ်၏။ ရွေးချယ်သူ၏ တာဝန်သာဖြစ်၏။ ဘုရားသခင်ကမူ လွတ်လပ်ပေ၏) ဟု ပြော၏။ စကားပြန်သူက ထိုသို့ ပြောပြီးသည့်အခါ၌ သူသည် ကံမဲပြားကို ကြဲလိုက်၏။ သူတို့ကလည်း မိမိအနီးသို့ ကျလာကြသော ကံမဲပြားအသီးသီးကို ကောက်ယူကြ၏။ ဣသာမှာ (ခွင့်ပြုချက်မရသဖြင့်) ကောက်ယူခြင်း မပြုချေ။ သူတို့အားလုံးပင် မိမိတို့ကောက်ယူရရှိသော ကံမဲပြားနံပတ်ကိုသိကြ၏။ ထို့နောက် မြေကြီးပေါ်တွင် ဘဝနမူနာများကို ရွေးကြ၏။ ရှိနေသော ဝိညာဉ်ထက် ဘဝများက ပိုလျက်ရှိ၏။ ဘဝမျိုးလည်းစုံ၏။ တိရစ္ဆာန်အမျိုးမျိုးတို့၏ ဘဝနှင့် အခြေအနေအမျိုးမျိုးတို့မှ လူတို့ဘဝများ ပါဝင်ကြ၏။ ထိုအထဲတွင် ရက်စက်ကြမ်းကြုတ်သည့် မင်းဆိုးမင်းညစ်များလည်းပါ၏။ အချို့မင်းဆိုးများသည် အသက်ရှင်လျက်ရှိကြပြီး အချို့မှာလည်း မင်းဆိုးဘဝမှ လျှောကျ



ကာ ဆင်းရဲခြင်း၊ မင်းပြစ်မင်း ဒဏ်ခံရခြင်း၊ တောင်းရမ်းစားသောက်ရခြင်း အဖြစ်သို့ ရောက်ကြကုန်၏။ မိမိတို့ ကိုယ်ဟန်နှင့် အလှကြောင့် ကျော်ကြားသူများ၊ အားကစားပွဲတွင် အောင်မြင်မှုနှင့် ခွန်အားကြောင့် ကျော်ကြားသူများ၊ မျိုးရိုးနှင့်ဇာတိကြောင့် ကျော်ကြားသူများ၏ ဘဝများလည်းရှိ၏။ အချို့မှာလည်း ဆန့်ကျင်ဘက်အရည်အချင်းများကြောင့် ကျော်ကြားမှုနှင့် ပြောင်းပြန်ကျသော ဘဝများလည်းရှိ၏။အလားတူ မိန်းမများလည်းရှိ၏။ သို့ရာတွင် အခြားတပါးသော အရည်အချင်းများလည်းရှိသေး၏။ ယင်းတို့သည် တစ်ခုနှင့်တစ်ခု ရောနှောလျက်ရှိကြ၏။ စည်းစိမ်ဉစ္စာ၏ သဘောနှင့်လည်းကောင်း၊ ဆင်းရဲနွမ်းပါးခြင်း သဘောနှင့်လည်း ရောနှောကြ၏။ ရောဂါဘယ၏ သဘောနှင့်လည်းကောင်း၊ ကျန်းမာခြင်း၏ သဘောနှင့်လည်းကောင်း ရောကြ၏။ ပထမ ရွေးရမည့်သူသည် ရှေ့သို့တက်လာကာ အကြီးမားဆုံးသော ရက်စက်မှုကို ရွေးချယ်၏။ တဏှာနှင့်မောဟတို့ ပိတ်ဖုံးသည်ဖြစ်၍ အခြားအရာများကို ဘာမျှမစဉ်းစားနိုင်။ သူလုပ်ရမည့် အလုပ်များတွင် အခြားသော မကောင်းမှုများအပြင် မိမိ၏ ကလေးငယ်ကို ဝါးမျိုစားသောက်ရမည့်အချက် ပါသည်ကိုလည်းမသိ။ သို့ရာတွင် ပြန်လှန်စဉ်းစား၍ ကံမဲပြားတွင်ပါသည့် အချင်းအရာတို့ကို မြင်သည့်အခါ၌ကား ရင်ကိုထုကာ မိမိအရွေးမှားခြင်းအတွက် ငိုကြွေးခြင်းပြု၏။ ဤတွင် သူသည် မိမိ၏ အဖြစ်ဆိုးအတွက် မိမိကိုယ်မိမိ အပြစ်မဖို့ဘဲ နတ်များကိုလည်းကောင်း၊ ကံတရားများကိုလည်းကောင်း၊ မိမိမှအပဖြစ်သော အခြားအရာတိုင်းကိုလည်းကောင်း အပြစ်ဖို့လေ၏။'

ကျွန်တော်တို့ဟာလည်း ကျွန်တော်တို့ရဲ့ ကံအကြောင်းတရားကို စစ်ဆေးဖို့ အခွင့်ရှိပါတယ်။ ယောက်ျားတစ်ယောက်ဟာ လူမှုအဆင့်အတန်းကြောင့်ဖြစ်စေ၊ စီးပွားရေးအဆင့်အတန်းကြောင့်ဖြစ်စေ၊ ငွေကြေးကြောင့်ဖြစ်စေ မိန်းမတစ်ယောက်ကို လက်ထပ်တယ်။ ဒါပေမယ့် မိန်းမကတော့ ဒုတိယတန်းစားလောက်ပဲရှိတယ်။ ဒါကို သူကိုယ်တိုင်လည်း သိတယ်။ အားလုံးကလည်းသိတယ်။ နှစ်လသုံးလလောက်လဲကြာရော ဒီမိန်းမအသုံးမကျတာတွေကို ထုတ်ညည်းတော့တာပဲ။ ဒါပေမယ့် ဒါတွေကိုအစတုန်းက သူ မသိခဲ့ဘူးလား။ ဒါဟာ ကံအကြောင်းတရားလို့ ပြောရတော့မှာပဲ။ ပိုက်ဆံနဲ့အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



မှုကို လောဘတကြီး လိုက်လံရှာဖွေတဲ့သူဟာ တစ်နေ့မှာ အနေးနဲ့အမြန်ဆို သလို စိတ်ဆင်းရဲရမယ်ဆိုတာ နားလည်သဘောပေါက်ဖို့ ဉာဏ်ပညာတို့ အတွေ့အကြုံတို့ သိပ်များများ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဘဝမျိုး ဟာ ကိုယ့်ရဲ့အပြင်က အရာဝတ္ထုတွေအပေါ်မှာ အမှီပြုနေရလို့ပါပဲ။ ရည်မှန်း ချက်ကြီးတဲ့လူဟာ တစ်နေ့မှာ ဒုက္ခရောက်တတ်တယ်။ သူ မသိတဲ့ အဖြစ် အပျက်တစ်ခုကြောင့်၊ ဒါမှမဟုတ် မကြာခဏပြောတဲ့ မမှန်ကန်တဲ့ မှတ်ချက် တစ်ခုကြောင့် တစ်နေ့မှာ ဩဇာတိက္ကမကြီးတဲ့ လူတစ်ယောက်က ကိုယ့်ကို အန္တရာယ်ပေးလာနိုင်တယ်။ ဒါမှမဟုတ်ရင်လည်း တိုင်းပြည်က ကိုယ့်အပေါ် မှာ စွပ်စွဲလာနိုင်တယ်။ သူကတော့ သူကံဆိုးတယ်၊ ကံကြမ္မာဟာ သူ့ဘက်မှာ မရှိဘူးလို့ ပြောမှာပဲ။ ကံကြမ္မာဟာ အကျိုးအမြတ်ကို မျှော်ကိုးတဲ့လူတွေရဲ့ ဘက်မှာ ဘယ်တော့မှမရှိဘူး။ အကျိုးအမြတ်တွေရရေး မရရေးဟာ သူတို့ အပေါ်မှာ မတည်ဘူး။ အကြောင်းအရာအပေါ်မှာပဲ တည်တယ်။ နတ် သိကြားတို့ကိုပဲ အားကိုးမှာပဲ။

ကျွန်တော်တို့ဟာ လောဘနဲ့ မျှော်မှန်းချက်ကြီးခြင်းကြောင့် ကျွန် တော်တို့ အချင်းချင်း ပဋိပက္ခဖြစ်ကြရတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုနဲ့ ပြန်ပြီး ပဋိပက္ခဖြစ်ရတာကတော့ ပိုလို့တောင် ဆိုးသေးတယ်။ ကျွန်တော် တို့ဟာ မနေ့ကအလုပ်တွေနဲ့ ဘဝတစ်လျှောက်လုံးက အလုပ်တွေကို ပြန် လှန်စစ်ဆေးနိုင်ပြီး 'ငါဟာ တော်တော်မိုက်တာပဲ။ ငါမှားခဲ့တာပဲ။ ဒါပေမယ့် ငါ့စိတ်ကူးနဲ့အကောင်းဆုံးကြိုးစားလုပ်ခဲ့တာပဲလေ။ ငါ ပြောခဲ့တဲ့စကားကို နောက်လည်းပြောနိုင်ပါတယ်။ အမှားတွေ့ခဲ့ရင်လည်း ငါတွေးတာက မှား နေလို့၊ ဒါမှမဟုတ် ငါကြားရတဲ့ အချက်အလက်တွေကိုက မှားနေလို့၊ ဒီလိုဖြစ် ရတယ်ဆိုတာ ဝန်ခံရပါတယ်' လို့ အောက်မေ့နိုင်ရင်၊ ဒီလို အဗျတ္တပေါင်း စည်းညီညွတ်မှုရရင် နောက်တရပြီး စိတ်မချမ်းမသာဖြစ်နေတာတွေဟာ လည်း ပျောက်ကွယ်သွားမှာပါ။ ဒါပေမယ့် အများအားဖြင့်တော့ ဒီလို ကိုယ့် ဘာသာကိုယ်ပြန်ပြီး ဝေဖန်နိုင်တဲ့အခါမျိုး၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရဲတဲ့ သတ္တိမျိုး၊ ကိုယ့်ဘာသာကိုယ် ပြန်ပြီးသဘောတူညီချက် ယူနိုင်တာမျိုးကတော့ အလွန်ရှားတယ်။ ကျွန်တော်တို့အားလုံးမှာ ပုဂ္ဂိုလ်နှစ်ယောက်ရှိတယ်။ တစ်ယောက်ကတော့ လူ့အဖွဲ့အစည်းဝင်ဖြစ်ပြီး၊ နောက်တစ်ယောက်က



တော့ ပြင်းပြတဲ့ခံစားချက်တွေရှိတဲ့ လူသားဖြစ်တယ်။ တစ်နည်းပြောရရင် စဉ်းစားဉာဏ်ရှိတဲ့လူနဲ့ တိရစ္ဆာန်စိတ်ရှိတဲ့လူဖြစ်တယ်။ ကျွန်တော်တို့ဟာ ကိုယ့်စိတ်အလိုကို လိုက်မှားနေကြတဲ့ သားကောင်တွေဖြစ်ပြီး ဘဝတစ်ပိုင်း မှာသာ စဉ်းစားဉာဏ်ရှိတဲ့လူတွေပါလားလို့ ပြန်စဉ်းစားလိုက်ရင် တော်တော် စိတ်မချမ်းမသာစရာကောင်းတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသဘောတူညီ ချက်ယူဖို့ဆိုတာ တော်တော်ခက်တဲ့ကိစ္စပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် တို့အတွေးတွေဟာ ကိုယ်တွေးချင်သလို တွေးလို့ရတာမဟုတ်ပဲ သူ့ဘာသာသူ အကြောင်းအမျိုးမျိုးကနေပြီး ပေါ်ထွက်လာကြလို့ပါ။ ကျွန်တော်တို့ဟာ အာသာတစ်ခုကို ဖြေဖျောက်ဖို့ ကြိုးစားရာမှာ မှားယွင်းတဲ့အကဲဖြတ်ချက် တွေ၊ အားနည်းတဲ့ ချေပချက်တွေနဲ့ ကျိုးကြောင်းယုတ္တိရှိရှိ စကားပြောဟန် ဆောင်နေကြတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ကို အန္တရာယ်ဖြစ်အောင် လုပ်တဲ့လူတစ်စုကို မုန်းတယ်။ ဒါပေမယ့် ဒီလိုမုန်းတယ်ဆိုတာကို ဝန်မခံချင် ကြဘူး။ ဒါပေမယ့် ဒီအမုန်းဟာ ကျွန်တော်တို့ ကိုယ်ထဲမှာ ရှိတယ်ဆိုတာ ကျွန်တော်တို့ရဲ့ ဩတ္တပ္ပစိတ်က ပြောနေတယ်။ ဒီတင် ကိုယ့်ဘာသာကိုယ် မကျေမနပ်ဖြစ်လာတယ်။ ခါးသီးလာတယ်။ စိတ်တိုလာတယ်။ မိုက်မဲလာ တယ်။ ကျွန်တော်တို့ မိတ်ဆွေတွေကို စော်ကားလာတယ်။ ဘာဖြစ်လို့လဲဆို တော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ဖြစ်ချင်တဲ့ လူမျိုးဖြစ်မလာဘဲကိုး။ ဒါကြောင့်မို့ 'ကိုယ့်ကိုယ်ကိုယ် သိပါလေ' ဆိုတဲ့ ဆိုကရေးတီးရဲ့ အဆုံးအမ ဟာ အရေးကြီးနေတာပေါ့။ ဒီတော့ စိတ်တည်ငြိမ်အေးချမ်းမှုကို ရချင်ရင် ဉာဏ်အမြော်အမြင်ရှိတဲ့လူဟာ တွေးခေါ်မှုကို ပုံပန်းပျက်စေတဲ့ ဆန္ဒတွေ၊ သတိရချက်တွေကို ဓမ္မဓိဋ္ဌာန်ကျအောင် လုပ်ရလိမ့်မယ်။

စိတ်ဆင်းရဲမှုရဲ့ နောက်အကြောင်းတစ်ကြောင်းကတော့ အန္တရာယ် ကိုကြောက်ခြင်း ဖြစ်တယ်။ ဒီလို ပြောတဲ့အတွက် တချို့သော အကြောက်များ ဟာ မရှိသင့်ဘူး၊ မလိုအပ်ဘူးလို့ ကျွန်တော်ပြောလိုတာမဟုတ်ဘူး။ လျှင်မြန် စွာ ပြေးသွားနေတဲ့ မော်တော်ကားတိုက်မှာကိုမကြောက်၊ ရှောင်တိမ်းဖို့ကို မစိုက်တဲ့သူဟာ ချက်ချင်းသေသွားမှာပေါ့။ လက်နက်ကိုင်ထားပြီး နယ်လို့တဲ့ အိမ်နီးချင်းကို မကြောက်တဲ့ တိုင်းပြည်တစ်ပြည်ဟာ မကြာခင် ပျက်စီးသွား မှာပေါ့။ ဒါပေမယ့် ကြိုတင်မပြောနိုင်တဲ့ကိစ္စမျိုးတွေကို ကြောက်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး။ တချို့လူတွေဟာ မကျန်းမာမှာကို ကြောက်ကြတဲ့အတွက် ဘဝပျက်သွားရတာတွေ တွေ့တယ်။ ကိုယ့်ပိုက်ဆံတွေကုန်ပြီး မွဲသွားတော့မှာပဲလို့ တွေးပြီး စိုးရိမ်နေတဲ့လူဟာ ဘယ်တော့မှ စိတ်ချမ်းသာမှုကို ရမှာမဟုတ်ဘူး။ မနာလိုတတ်တဲ့ ယောက်ျားဟာ သူချစ်တဲ့ မိန်းမအတွက် တခြားပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်သတ်ရမှာကို ကြောက်နေတယ်။ ဒါနဲ့ ဒီလိုအကြောင်းကို သူ့စိတ်ကူးထဲမှာ ဖျောက်ဖျက်ပစ်တယ်။ နောက်ဆုံးတော့ သူ့ရဲ့အကြောင်းနဲ့ သူ့ရဲ့ အချစ်ကို သတ်ပစ်လိုက်တယ်။ ဒီမှာတင် သူကြောက်နေတဲ့ အန္တရာယ်ကို ဆိုက်တော့တာပါပဲ။

အကြောက်ကြောင့်ဖြစ်လာတဲ့ ပြင်းထန်တဲ့ စိတ်ခံစားမှုဟာ အကျိုးလည်းမများပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်မလား ဖြစ်မလားဆိုပြီး မျှော်လင့်စိုးရိမ်နေရတာဟာ တကယ်ဖြစ်လာပြီး ရင်ဆိုင်ရတာထက် ပိုဆိုးပါတယ်။ မကျန်းမာတာဟာ ကြောက်စရာကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မျှော်လင့်ထားတာလောက်တော့ ကြောက်စရာမကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖျားနာခြင်းနဲ့ မကျန်းမမာဖြစ်ခြင်း အလေ့အထတို့ကြောင့် ခန္ဓာကိုယ်ကြီးရဲ့ တုံ့ပြန်ပုံဟာ တစ်မျိုးဖြစ်သွားလို့ပါ။ ကျွန်တော်တို့ တော်တော်များများဟာ သေမှာကို ကြောက်ကြတယ်။ ဒါပေမယ့် ဘယ်လိုသေမလဲဆိုတာနဲ့ ပတ်သက်လို့တော့ ဘယ်သူမှ ဘာမှမပြောနိုင်ပါဘူး။ ကျွန်တော်တို့ ဘယ်လိုပဲသိထားထား ကျွန်တော်တို့ တွေဟာ ဖြုန်းစားကြီးလည်း သေသွားနိုင်တာပဲ။ သာမန်ကိစ္စတွေမှာလည်း သေခြင်းတရားရဲ့ သဘောဟာ အမျိုးမျိုးသော ရုပ်ပိုင်းဆိုင်ရာ အခြေအနေ အမျိုးမျိုးတွေရှိနေတယ်။ သေလုနီးပါးဖြစ်တဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံဖူးတာကို ကျွန်တော် ကောင်းကောင်းသတိရနေတယ်။ ကျွန်တော်လုံးလုံးသတိလစ်သွားတယ်။ ဒါပေမယ့် အဖြစ်အပျက် မဖြစ်ခင် အချိန်ကလေးကို ပြန်စဉ်းစားကြည့်လို့ ရသလောက်တော့ ဘာမှ သိပ်ကြောက်စရာမကောင်းလှဘူး။ ကျွန်တော်ဟာ ငရဲကပြန်လာတဲ့ အာမေးနီးယားလူမျိုး၊ ဣသာလိုဖြစ်နေတယ်။ သဘောကတော့ သူဟာ နစ်မြုပ်သွားပြီး ပြန်အသက်ရှင်လာခဲ့တဲ့သဘောပဲ။ သူ့အဖို့ သေတာဟာ ဘာမှကြောက်စရာလန့်စရာမရှိဘူးလို့ ပြောတယ်။

အနာဂတ်နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့အသိဟာလည်း အမြဲလိုလို



မှားနေတတ်တယ်။ ကျွန် [illegible] ဂတ်ဘေးတွေကို ပစ္စုပ္ပန်ကနေ တွေးပြီး ကြောက်နေကြတယ်။ တကယ်ကတော့ ဘဝဟာ အနာဂတ်ဘေးတွေမတွေ့ဘဲ ပစ္စုပ္ပန်မှာကိုက တော်တော်ခက်ခဲပင်ပန်းလှပြီ။ ဒီတော့ ဘာဖြစ်လို့ အနာဂတ်ကိုတွေးပြီး ပူပန်နေရဦးမှာလဲ။ နာမည်ကျော်ပြဇာတ်တစ်ပုဒ်မှာ ပင်လယ်ကူးသင်္ဘောကြီးပေါ်မှာ ခရီးသွားနေတဲ့ အခန်းတစ်ခန်းပါတယ်။ လက်ထပ်ပြီးလို့ မင်္ဂလာဦးခရီးထွက်လာတဲ့ ဇနီးမောင်နှံနှစ်ယောက်ဟာ လက်ရန်းမှာရပ်ပြီး ပင်လယ်ကြီးကို ငေးကြည့်နေကြတယ်။ နောက်ခံတေးသံစုံတီးဝိုင်းကြီးကလည်း တီးလို့ပေါ့။ ဒီတုန်းမှာ သူတို့နှစ်ယောက် ဝေးကွာသွားကြပြီး သင်္ဘောကြီးအမည်ထိုးထားတဲ့ အသက်ကယ်လေ့တစ်စင်းပေါ်လာတယ်။ သက်ကယ်လှေကလေးပေါ်မှာ ထိုးထားတဲ့ သင်္ဘောအမည်ကတော့ တိုက်တန်းနစ်တဲ့။ ပွဲကြည့်ပရိသတ်အဖို့တော့ အဲဒီရှုခင်းဟာ တော်တော်ကြေကွဲစရာကောင်းနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတိုက်တန်းနစ်ဆိုတဲ့ သင်္ဘောကြီးက မကြာခင်နစ်တော့မှာကိုး။ ဒါပေမယ့် ပြဇာတ်ထဲက မောင်နှံကတော့ လှပတဲ့ညနေခင်းလေးမှာ ကြည်နူးနေကြတယ်။ လာမယ့်ဘေးကို သိပြီးကြောက်နေရင် သူတို့ကြောက်တာဟာ ကြောက်သင့်တဲ့ကိစ္စပဲ။ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမယ့် ပျော်စရာကောင်းတဲ့ အချိန်ကလေးကို ဖျက်ဆီးလိုက်သလိုတော့ ဖြစ်သွားတာပေါ့။ လူတော်တော်များများဟာ ကျရောက်မယ့်ဘေးဒဏ်တွေကို စိတ်ကူးနဲ့ တွေးကြောက်ရင်း သူတို့ဘဝတွေကို ဖျက်ဆီးခဲ့ကြပါတယ်။

လူချမ်းသာတွေထဲမှာတော့ ပျင်းရိငြီးငွေ့ခြင်းဟာ စိတ်မချမ်းမြေ့ခြင်းကို ဖြစ်စေတဲ့ အကြောင်းတစ်ခု ဖြစ်တတ်ပါတယ်။ အလုပ်အကိုင်မရှိသူတွေဟာ စိတ်ညစ်ကောင်း စိတ်ညစ်ကြမယ်။ ဒါပေမယ့် သူတို့ကတော့ ပျင်းရိငြီးငွေ့ခြင်းမဖြစ်ကြပါဘူး။ ချမ်းသာတဲ့ ယောက်ျားမိန်းမတွေဟာ သူတို့ဘဝကို သူတို့ စိတ်ဝင်စားစရာကောင်းအောင် မလုပ်ကြဘဲ ဇာတ်သဘင်တွေ ပျော်ပွဲရွှင်ပွဲတွေမှာတင် အချိန်ဖြုန်းနေကြတော့ ကြာလာတဲ့အခါမှာ ငြီးငွေ့လာကြတော့တာပေါ့။ တစ်စုံတစ်ရာ စိတ်ဝင်စားမှုရှိတဲ့ လူတွေအဖို့တော့ ပြဇာတ်တွေဟာ ပျော်ရွှင်မှုကိုပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြဇာတ်တွေ၊ ပွဲလမ်းသဘင်တွေကို ကြည့်ခြင်းဖြင့် သူတို့ရဲ့ ဖန်တီးနိုင်တဲ့စွမ်းအားတွေ

www.burmeseclassic.com



ဟာ ပြည့်ဖြိုးလာတာတော့ပါပဲ။ ချစ်နေတဲ့သူရဲ့ယောက်ဟာ အချစ်ပြဇာတ်တစ်ပုဒ်ကို သဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘဝနဲ့ ကိုက်နေတာကိုး။ ဂျူးလီယက် ဆီဇာပြဇာတ်ကိုကြည့်နေတဲ့ နိုင်ငံခေါင်းဆောင်တစ်ယောက်ဟာ သူ့အလုပ်စားပွဲကို သတိရနေတယ်။ ဒါပေမယ့် ပွဲကြည့်ပရိသတ်ရဲ့ အခန်းဟာ အမြဲလိုလို ဒီလိုဖြစ်နေရင်၊ ပွဲကြည့်ပရိသတ်ဟာ တကယ့်ဘဝပြဇာတ်ထဲမှာ ဇာတ်ဆောင်တစ်ဦးမဟုတ်ခဲ့ရင် သူဟာ တဖြည်းဖြည်းငြီးငွေ့လာပြီး စိတ်ညစ်စရာတွေ၊ စိုးရိမ်စရာတွေကို ကြံဖန်တွေးလာတော့တာပါပဲ။ အမြဲတမ်းကိုယ့်ကိုယ်ကိုယ် ပြန်တွေးနေတာ၊ ပြန်မရနိုင်တဲ့ အတိတ်ကိုတမ်းတနေတာ၊ မသိနိုင်တဲ့ အနာဂတ်အတွက် စိုးရိမ်ကြောက်လန့်တာတို့ ပေါ်လာတော့တာပါပဲ။

* * *

ဆန်းတော့ဆန်းတယ်။ တကယ်ဖြစ်စေ၊ အထင်နဲ့ဖြစ်စေ တွေ့နေရတဲ့ အဲဒီဒုက္ခသုက္ခတွေက လွတ်မြောက်အောင်လုပ်ဖို့နည်းမရှိဘူးလို့ ပြောတဲ့အခါမှာ လူတော်တော်များများဟာ ဒီလိုကြားရတာကို ပျော်ချင်ပျော်နေတာ။ ဒီပျော်ရွှင်မှုဟာ ကျန်းမာသန့်ရှင်းတဲ့ ပျော်ရွှင်မှုမျိုးတော့ မဟုတ်ဘူးပေါ့။ ခါးသီးတဲ့ပျော်ရွှင်မှုမျိုးတော့ ဖြစ်တာပေါ့။ သူတို့တစ်တွေဟာ သူတို့ဒုက္ခသုက္ခတွေကို ဇရသာခံပြီး ပျော်ချင်ပျော်နေတတ်ကြတယ်။ သူတို့ကို လာကူညီတဲ့ သူတွေတို ကြိုက်ချင်မှကြိုက်တာ။ ဟုတ်ပါတယ်။ တစ်ဦးတစ်ယောက်ဆုံးရှုံးလို့ ပြီးခါစခံစားရတဲ့ ပရိဒေဝသောက၊ မဖြစ်သင့်ဘဲနဲ့ဖြစ်လို့ ကြုံတွေ့လိုက်ရတဲ့ ဒုက္ခတွေဟာ ဘေးကဘယ်လိုပဲ ဖြေသိမ့်ပေးမယ့် ဖြေသိမ့်လို့မရနိုင်အောင်ပါပဲ။ ဒီလိုအခါမျိုးမှာ မိတ်ဆွေဟာ သူတို့ရဲ့ စကားလုံးမဲ့ပြီး စိတ်ရှည်တဲ့ ကိုယ်ချင်းစာနာမှုကို ပြရုံထက် ဘာမှမတတ်နိုင်ပါဘူး။

ဒါပေမယ့် ဝမ်းနည်းပူဆွေးမှုတွေကို ပြသဖို့အတတ်နိုင်ဆုံး ကြိုးစားကြတဲ့ ငိုချင်းသည်တွေကို ကျွန်တော်တို့ တွေ့ဖူးနေကြတာပဲ။ အချိန်ကသာကုစားပေးနိုင်တဲ့ သောကတွေကို အမူအရာနဲ့ ပြသဖို့ အစွမ်းကုန်ကြိုးစားကြ



သူတွေလေ။ သူတို့သောကဟာ သူတို့ကိုမှအပ အခြားသူများကို ဘာမျှသက်ရောက်ခြင်းမရှိတဲ့အချိန်မှာ ပြန်မရနိုင်တဲ့ အတိတ်ကို တမ်းတမ်းတတဖြစ်နေသူတွေကိုတော့ ကျွန်တော် သနားမိပါရဲ့။ သူတို့တစ်တွေ စိတ်ပျက်လက်ပျက်ဖြစ်တိုင်း ဘဝမှာ ပျော်ရွှင်မှုကို မျှော်လင့်နေကြတဲ့လူငယ်တွေ ရဲရင့်သူတွေကို သူတို့လိုဝမ်းနည်းပူဆွေးနေအောင် စိတ်ညစ်အောင်လုပ်တာမျိုးကိုတော့ ကျွန်တော်အပြစ်ဆိုတယ်။

ဒီလိုအပြုအမူမျိုးကို ကျွန်တော်တို့ အားမပေးသင့်ဘူး။ တကယ်ဝမ်းနည်းကြေကွဲမှုဆိုတာမျိုးဟာ တစ်ခြားသူတွေကို ကူးစက်ပြီး အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဘယ်လောက်ပဲ ဖုံးဖိသည့်တိုင် မရှောင်မလွှဲသာ ပေါ်တာပါပဲ။ တစ်ခါတုန်းက တော်တော်ကြေကွဲဖို့ကောင်းတဲ့ အဖြစ်အပျက်တစ်ခုမှာ အဓိကဖြစ်တဲ့ အမျိုးသမီးငယ်တစ်ယောက်ကို ပျော်ရွှင်မြူးတူးနေတဲ့ လူတွေကြားမှာ ကျွန်တော်တွေ့ဖူးတယ်။ သူမရဲ့ တုံ့ကျိဘာဝေပြုနေမှု၊ မပြုံးမရယ်မျက်နှာထားတည်နေပုံ၊ တစ်နေရာရာကို ငေးစိုက်ကြည့်နေပုံ စသည်တို့ဟာ သူမရဲ့ စိတ်အခြေအနေကို ဖော်ပြနေတယ်။ ဒါပေမယ့် သူမရဲ့ ကြိုးစားအားထုတ်ထားရတဲ့ တည်ငြိမ်အေးချမ်းမှုဟာ အနားမှာ ပျော်ပါးနေတဲ့သူအဖို့ စိတ်သက်သာရာရစေတယ်။ ကွယ်လွန်သွားတဲ့ မိတ်ဆွေများကို အကောင်းဆုံးဂုဏ်ပြုနည်းဟာ ကျန်တဲ့မိတ်ဆွေများကို အလားတူ ချစ်ကြည်မြတ်နိုးမှုနဲ့ ဆက်ဆံဖို့ပါပဲ။

ဒါပေမယ့် စိတ်ထဲမှာ တမြေ့မြေ့ဆွေးနေရတဲ့ အဖြစ်မျိုးကို ဘယ်လိုလုပ်ပြီး ဖြေဖျောက်မလဲ။ အိပ်ပျော်တဲ့နေရာမှာတောင် လိုက်လံနှောင့်ယှက်နေတဲ့ ဝမ်းနည်းကြေကွဲမှုမျိုးကို ဘယ်လိုကာကွယ်တားဆီးရမှာလဲ။ ဒါကိုတော့ သဘာဝကြီးက ဖြေဆေးတွေပေးထားပါတယ်။ အလွယ်တကူလည်း ရှာတွေ့လို့ရပါတယ်။ ပင်လယ်တွေ၊ တောင်တန်းတွေ၊ တောအုပ်တွေဟာ စိတ်ကို တည်ငြိမ်အေးချမ်းတဲ့ရသကို ပေးပါတယ်။ သူတို့ရဲ့ ခမ်းနားမှု ဥပေက္ခာသဘောဆောင်မှုကို မြင်လိုက်ရတော့ ကျွန်တော်တို့ရဲ့ သေးငယ်အနှစ်မဲ့မှုတို့ဟာ ထင်ထင်ရှားရှားကြီး ပေါ်လာတဲ့အတွက်ကြောင့်ပါပဲ၊ ဒြာခဏဆိုသလို ကျွန်တော်တို့တတွေ သိပ်ပြီးဝမ်းနည်းကြေကွဲနေတုန်းမှာ သစ်ပင်တွေအောက်က မြက်တောထဲမှာ တစ်ယောက်တည်းထွက်ပြီး ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ကုန် လဲလျောင်းနေရတာဟာ ဘယ်လောက်များ စိတ်ပန်းပြေလိုက်ပါသလဲ။ ဘယ်လောက်ပဲ ပူဆွေးကြေကွဲနေသည်ဖြစ်စေ ကျွန်တော်တို့မှာလည်း လူမှုရေးတွေ အများကြီးရှိကြတယ် မဟုတ်လား။ ကြေကွဲနေတဲ့အတွက် လူ့အသိုင်းအဝိုင်းက ခဏခွာပြီး ရှက်ကိုလိပ်ထားလိုက်ရင် နည်းနည်းတော့ သက်သာရရသွားတာပဲ။ ဒါကြောင့်မို့ စိတ်ညစ်လာရင် ခရီးထွက်သွားတာဟာ အကောင်းဆုံးဆေးတစ်လက်ဖြစ်နေတာပေါ့။ ဒီလိုမဟုတ်ဘဲ ဒုက္ခသုက္ခဖြစ်နေတဲ့ ပတ်ဝန်းကျင်ထဲမှာပဲ ပေတေနေရင် ဒီစိတ်ခံစားမှုဟာ မပျောက်တော့ဘဲ ကြေကွဲစရာတွေချည်း သတိရရနေတော့တာပဲ။ ခရီးသွားတာဟာ ကျောက်ဆူးကို ဖြုတ်ပြီး မျှောလိုက်တာနဲ့ အတူတူပါပဲ။

ကြေကွဲမှုကနေပြီး ခိုလှုံရာကိုရှာနိုင်တဲ့ အခြား နေရာတစ်ခုကတော့ ဂီတပါ။ ဂီတကိုယ်တိုင်မှာ ဝိဉာဏ်ရှိပါတယ်။ ဂီတဟာ ဘာနဲ့အလားတူသလဲဆိုရင် စိတ်ထဲကို ဖြတ်သန်းစီးဆင်းသွားတဲ့ ရေစီးကြောင်းတစ်ခုနဲ့တူတယ်။ အဲဒီ ဂီတစီးကြောင်းကြီး ဖြတ်သန်းသွားပြီးတဲ့နောက်မှာ စိတ်ဟာ ကြည်လင်သန့်စင်သွားတော့တာပါပဲ။ တစ်နည်းပြောရဦးမယ်ဆိုရင် ဂီတဟာ ကျွန်တော်တို့ရဲ့ ခံစားချက်တွေကို ဆင့်ခေါ်သူ၊ ပင့်ဖိတ်ပေးသူ။ အဲဒီခံစားချက်တွေရဲ့ အရေးပါမှုကို လျှင်မြန်စွာ၊ အံ့သြဖွယ်ကောင်းစွာ ပြုလုပ်ပေးသူဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ခံစားချက်တွေကို လှုံ့ဆော်ပေးလိုက်တဲ့ ဂီတအပုဒ်တိုင်းမှာ အဲဒါနဲ့အညီ အဲဒီခံစားချက်တွေကို ဖြေသိမ့်ယုယပေးတဲ့ အချိန်ရဲ့ ဖြတ်သန်းမှုကို အမှတ်အသားပြနေတဲ့ နာရီများနှင့်အတူ ဂီတဟာ နိစ္စလို ထင်နေတဲ့ ကျွန်တော်တို့ အထင်တွေ၊ စိတ်ကြေကွဲမှုတွေကို ထုတ်ဖော်ဆေးကြောပေးတယ်။

'ကျွန်တော်တော့ စာအုပ်တစ်အုပ်ကို တစ်နာရီလောက်ဖတ်လိုက်ရင် ဝမ်းနည်းကြေကွဲတာတွေ မှန်သမျှ ပျောက်သွားတာပဲ။ စာအုပ်တစ်အုပ်ကို တစ်နာရီဖတ်ပြီး မပျောက်တဲ့ကြေကွဲမှုမျိုးရယ်လို့ မတွေ့ဖူးသေးဘူး' လို့ ပြောလေ့ရှိကြတယ်။ ကျွန်တော်ကတော့ အဲဒီအဆိုကို ကောင်းကောင်းနားမလည်ဘူး။ ကျွန်တော့်အဖို့တော့ စာဖတ်ရုံနှင့် တကယ်ဝမ်းနည်းကြေကွဲမှုတစ်ခုကို ဖြေဖျောက်ပစ်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို အချိန်မျိုးမှာ စာအုပ်ကို အာရုံစူးစိုက်မထားနိုင်လို့ပဲ။ စာဖတ်တယ်ဆိုတာ စိတ်ကလွတ်



လပ်နေဖို့လိုတယ်။ စိတ်နာလန်ထတဲ့အချိန်မျိုးမှာဆိုရင်တော့ စာဖတ်လို့ကောင်းမယ်ထင်တာပဲ။ အစွဲတစ်ခုကို ချွတ်ချင်ရင်၊ ပြေပျောက်အောင်လုပ်ချင်ရင် အာရုံစူးစိုက်ပြီး လုပ်ရတဲ့လက်တွေ့အလုပ်တစ်ခုနဲ့မှ ဖြေဖျောက်နိုင်တယ်။ ဥပမာ စာရေးခြင်း၊ အင်မတန်နုတဲ့ စက်ပစ္စည်းကိရိယာလေးတွေကို ကိုင်တွယ်ပြုပြင်ခြင်း၊ အန္တရာယ်များတဲ့လမ်းမှာ လမ်းလျှောက်ခြင်း စတဲ့အလုပ်တွေနဲ့သာ ဖြေဖျောက်နိုင်တယ်။ ကိုယ်ခန္ဓာအားဖြင့် မောပန်းနွမ်းနယ်တာဟာ ကျန်းမာရေးနဲ့ညီညွတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ပင်ပန်းလာရင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လို့ပဲ။

စိတ်ညစ်တဲ့လူများကတော့ 'ခင်ဗျားတို့ ပြောနေတာတွေဟာ အလကားပါပဲဗျာ။ ခင်ဗျားတို့ပေးတဲ့ဆေးတွေက စွမ်းလည်းမစွမ်း၊ အရာလည်းမရောက်ပါဘူး။ ဘယ်လိုပဲလုပ်လုပ် ဘဝကို စိတ်ဝင်စားမှုကို ပြန်လည်နိုးကြားလာအောင် မလုပ်နိုင်တော့ပါဘူး။ ကျွန်တော့်ဝမ်းနည်းကြေကွဲမှုကို ပျောက်အောင် မလုပ်နိုင်တော့ပါဘူး။ ကျွန်တော့်ဝမ်းနည်းကြေကွဲမှုကို ပျောက်အောင် ဘာနဲ့မှ လုပ်လို့ရမှာမဟုတ်ပါဘူး' လို့ ပြောတတ်ကြတယ်။

ခင်ဗျားဘယ်နှယ့်လုပ်ပြောနိုင်သလဲ။ ခု ကျွန်တော်ပြောတဲ့ဆေးနည်းတွေကို သုံးပြီးပြီလား။ ဒီလိုမပြောခင်မှာကော လက်တွေ့စမ်းသပ်မကြည့်သင့်ဘူးလား။ ပျော်ရွှင်မှုကို ထုတ်လုပ်မပေးနိုင်ပေမယ့် ဝမ်းနည်းမှု၊ စိတ်ညစ်မှုကို ပျောက်အောင်လုပ်ပေးနိုင်တဲ့နည်းလမ်းတွေကော့ ရှိပါတယ်။

အတိတ်ကို အလွန်အမင်း အချိန်ယူတွေးတောခြင်းမှ ရှောင်ကြဉ်ပါ။ ဒီလိုပြောတဲ့အတွက် တွေးတောခြင်းဟာ မကောင်းဘူးလို့ ကျွန်တော်ဆိုလိုတာမဟုတ်ဘူး။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တိုင်းဟာ တွေးတောဆင်ခြင်တဲ့နည်းနဲ့ ပြုလုပ်သင့်တယ်။ တွေးတောဆင်ခြင်ခြင်းဟာ အရာဝတ္ထုတစ်ခုအပေါ်မှာသာ စူးစိုက်ထားတယ်ဆိုရင် ဘာမှအန္တရာယ်မရှိဘူး။ အန္တရာယ်ရှိတာက ကိုယ်ဆုံးရှုံးခဲ့တာ၊ ကိုယ်အစော်ကားခံခဲ့ရတာ၊ ကိုယ်အလွဲပြုမှုခံခဲ့ရတာကို အချိန်ကြာမြင့်စွာ စိတ်ထဲမှာ အပြန်ပြန်အလှန်လှန် စဉ်းစားနေတဲ့ကိစ္စပဲ။ အတိုချုပ်ပြောရရင် ကုသလို့မရတဲ့အရာကို ပြန်လည်တွေးတောစဉ်းစားနေရတာဟာ အချည်းနှီးပဲ။ 'ဖိတ်သွားတဲ့ နို့အတွက် ငိုမနေနဲ့' ဆိုတဲ့ အင်္ဂလိပ်စကားပုံရှိတယ် မဟုတ်လား။ ဘယ်တော့မှ ရှင်းလင်းချက်မထုတ်ပါနှင့်

www.burmeseclassic.com



ဘယ်တော့မှ ညည်းတွားခြင်းမပြုဖို့ ဒစ္စရယ်လီက ကျွန်တော်တို့ကို ပြောခဲ့ဖူးတယ်။ ဒေးကားကတော့ 'ကျွန်ုပ်သည် မိမိဆန္ဒများကို ချုပ်တည်းတတ်လာခဲ့ပြီ။ ကမ္ဘာ့ နိယာမများကို ဆန့်ကျင်တိုက်ခိုက်ခြင်းမပြုရန် နေတတ်လာခဲ့ပြီ' လို့ ရေးခဲ့ဖူးပါတယ်။ မကြာခဏဆိုသလို စိတ်ကို သန့်စင်အောင်လုပ်ပေးပြီး အသစ်ဖြစ်အောင် လုပ်ပေးရမယ်။ မေ့ပျောက်ခြင်းမရှိရင် ပျော်ရွှင်မှုလည်း မရှိနိုင်ဘူး။ မပျော်ရွှင်တဲ့ လှုပ်ရှားလုပ်ကိုင်သူဆိုလို့ တစ်ယောက်ကိုမှ ကျွန်တော်မတွေ့ဖူးသေးဘူး။ ဘယ်နှယ့်လုပ် မပျော်ဘဲနေမလဲ။ ကစားနေတဲ့ ကလေးတစ်ယောက်လို သူလည်းပဲ သူ့အကြောင်းကိုသူ မတွေးတော့ဘူးပေါ့။

သူ့မိတ်ဆွေရေးတဲ့ စာအုပ်တွေကို ဖတ်ရတဲ့အခါ၊ ဒါမှမဟုတ် သူတို့ စကားတွေကို ကြားရတဲ့အခါမှာ ခေတ်သစ်ကမ္ဘာလောကကြီးမှာ ပျော်ရွှင်မှုဆိုတာ ဘယ်နည်းနဲ့မှ မရှိနိုင်တော့ဘူးလို့ ထင်မိတယ်လို့ ဘာထရန်ရပ်ဆဲက ရေးခဲ့ဖူးတယ်။ ဒါပေမယ့် သူ့ဥယျာဉ်မှူးနဲ့ စကားပြောမိတဲ့အခါမှာတော့ ဒီအတွေးဟာ တော်တော်အဓိပ္ပာယ်မရှိတဲ့အတွေးဆိုတာ တွေ့လာရတယ်တဲ့။ ခြံသမားဟာ သူ့ခရမ်းချဉ်သီးတွေနဲ့ သူ့ခရမ်းသီးတွေကို စောင့်ရှောက်တယ်။ ခြံသမားဟာ သူ့အလုပ်နဲ့ သူ့ခြံအကြောင်းကို ကောင်းကောင်းသိတယ်။ သူ့ခြံထွက်သီးနှံတွေဟာ အောင်မြင်သန်မာတယ်ဆိုတာ သူသိတယ်။ အဲဒီအတွက် သူဂုဏ်ယူတယ်။ ဒီမှာပျော်ရွှင်မှုတစ်မျိုးကို ကျွန်တော်တို့ တွေ့လာရပြီ။ ဒါဟာ ကြီးကျယ်တဲ့ အနုပညာရှင်တိုင်း၊ ဖန်တီးသူတိုင်းရဲ့ ဆုလာဘ်ဖြစ်တယ်။ ဉာဏ်ရှိတဲ့သူတွေအဖို့ အလုပ်ဟာ မကြာခဏဆိုသလို အတွေးက ထွက်ပြေးလွတ်မြောက်သွားတာဖြစ်တယ်။ ဒါပေမယ့် အဲဒီ ထွက်ပြေးလွတ်မြောက်မှုဟာ ကျိုးကြောင်းဆီလျော်ပြီး ဉာဏ်အမြော်အမြင်ရှိတဲ့ ထွက်ပြေးလွတ်မြောက်မှု ဖြစ်တယ်။ အလုပ်မလုပ်ဘဲ ဆန္ဒသာရှိသူ၊ တောင့်တမှုသာရှိသူသည် အကျင့်ပျက်ပြားခြင်းကို မွေးပေးလျက်ရှိ၏လို့ ပြောလေ့ရှိကြတယ်။ 'တွေးရုံသာတွေးပြီး အလုပ်မလုပ်သူဟာလည်း အကျင့်ပျက်ပြားမှုကို မွေးပေးနေတယ်' လို့ ပြောရင်ရတယ်။ ဘယ်ကိုမှမရောက်တဲ့ အတွေးဟာ အန္တရာယ်ကြီးတယ်။ လှုပ်ရှားလုပ်ဆောင်တဲ့သူဟာ စကြဝဠာကြီးရဲ့ ဝိရောဓိတွေကိုလည်း မမှုဘူး။ ဘဝရဲ့ အရှုပ်အထွေးတွေကိုလည်း ဂရုမစိုက်ဘူး။ တွေ့လာသမျှကို လက်ခံပြီး အဲဒီအပေါ်မှာ ပေါင်းချုပ်သုံးသပ်ယူတယ်။



တစ်ဖက်မှာတော့ အလုပ်မလုပ်သူဟာ စကြဝဠာကြီးရဲ့အပေါ် သူမြင်ရတဲ့ မညီညွတ်မှုတွေကို ဝမ်းနည်းကြေကွဲစရာလို့ အောက်မေ့နေတယ်။ တကယ်ကတော့ အဲဒီဝမ်းနည်းကြေကွဲစရာဟာ အတုအယောင်မျှသာဖြစ်တယ်။ ဒါပေမယ့် အလုပ်တစ်ခုတည်းနဲ့ မလုံလောက်ဘူး။ မိမိအစိတ်အပိုင်းအဖြစ်ပါဝင်ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်းကြီးနဲ့ သဟဇာတဖြစ်အောင် ပြုလုပ်ရမယ်။ အမြဲတစေ ဝိရောဓိတွေနဲ့ ရင်ဆိုင်နေရခြင်းဟာ လူတစ်ယောက်ကို အားကုန်မောပန်းစေတယ်။ တစ်ခါတစ်ရံမှာ အလုပ်ကို ပျက်စီးစေတယ်။

ကိုယ်နေတဲ့အသိုင်းအဝိုင်းဟာ ကိုယ်နဲ့ရည်မှန်းချက်ပန်းတိုင်တူရမယ်။ ကိုယ့်လုပ်ငန်းတွေကို စိတ်ဝင်စားတဲ့ အသိုင်းအဝိုင်းဖြစ်ရမယ်။ အဲဒီလိုအသိုင်းအဝိုင်းမျိုးကို ရှာဖွေနေတတ်ဖို့လိုတယ်။ တစ်ခါတလေမှာ ဖြစ်တတ်တာက ကိုယ်ဟာ ကိုယ်မိသားစုနဲ့တောင် အဆင်မပြေဘဲ ဖြစ်နေတတ်တယ်။ သူတို့တစ်တွေက ကိုယ့်ကိုနားမလည်ကြဘူးလို့ ထင်တယ်။ ဒီမိသားစုနဲ့သာ အမြဲတစေအဆင်မပြေဖြစ်နေရင် ကိုယ်လည်းစိတ်ဆင်းရဲမယ်။ မိသားစုအားလုံးလည်း စိတ်ဆင်းရဲကြမယ်။ ဒီလိုအဆင်မပြေဖြစ်နေမယ့်အစား ကိုယ့်ကိုနားလည်တဲ့ အပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟကိုရှာပါ။ ကိုယ်က ဘာသာတရားကိုင်းရှိုင်းရင် ဘာသာရေးသမားတွေထဲမှာ သွားနေပါ။ ကိုယ်က တော်လှန်ရေးသမားဆိုရင်လည်း ကိုယ့်လိုလူတွေထဲမှာ သွားနေပါ။ ကိုယ့်ကို သံသယရှိနေတဲ့သူတွေကို သဘောပေါက်အောင် လုပ်ဖို့ကြိုးစားပါ။ ဒီလို ကြိုးစားရင် ကိုယ်နဲ့သဘောတူတဲ့လူတွေက ကိုယ့်ကို ထောက်ခံအားပေးကြမှာပါပဲ။ ပျော်ရွှင်မှုရဖို့အတွက် ကိုယ့်ကို လေးစားကြည်ညိုသူတွေရှိရမယ်၊ ချစ်ခင်မြတ်နိုးသူတွေ ရှိရမယ်လို့ လွဲမှားစွာ ထင်နေကြတယ်။ အရေးကြီးတာက ကိုယ့်အသိုင်းအဝိုင်းက အထင်ကြီးလေးစားဖို့ပဲ လိုတာပါ။ ကိုယ့်အသိုင်းအဝိုင်း ကျဉ်းကျဉ်းကလေးမှာသာနေတတ်တဲ့ စတီဖင်နီမာလာမေဟာ သူ့ကို မရဲတရဲ မယုံတစ်ဝက်ယုံတစ်ဝက်နဲ့ ကြည်ညိုလေးစားတဲ့ သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ထင်ရှားကျော်ကြားသူတစ်ဦးထက် ပိုပြီး ပျော်ရွှင်မှုရခဲ့တယ်။ အတွေးတစ်ခုတည်းရှိခြင်း၊ အာရုံတစ်ခုတည်းစူးစိုက်ခြင်းတို့ကြောင့် ဘုန်းကြီးကျောင်းဟာ ရေတွက်ခြင်းငှာမစွမ်းနိုင်တဲ့ လူတွေကို စိတ်ငြိမ်းချမ်းမှုပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ဝေးလံပြီး ကြိုတင်မျှော်မှန်းလို့မရနိုင်တဲ့ ဝမ်းနည်းစရာတွေကို တွေးခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်မှုကင်းအောင်မလုပ်ပါနဲ့။ ရက် အတန်ကြာတုန်းက ကျွန်တော်ဟာ တွိလာရီဥယျာဉ်ထဲမှာ စိတ်မချမ်းမသာ ဖြစ်နေတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ဖူးတယ်။ သူ့ပတ်ဝန်းကျင်ပန်းခြံထဲမှာ တော့ ကလေးတွေက ပျော်လို့မြူးလို့။ ရေပန်းရေမွှာတွေက ဖြာလို့။ နေခြည် က ဝင်းပလို့။ သူဟာ သစ်ပင်တွေအောက်မှာ လမ်းလျှောက်နေတယ်။ တစ် ယောက်တည်း စိတ်ညစ်လို့ပေါ့။ နောက်နှစ်နှစ်ကြာရင် ကြုံတွေ့ရမယ်လို့ သူပြောတဲ့ဘဏ္ဍာရေးအကြပ်အတည်း၊ စစ်ရေးအကြပ်အတည်းတွေကို တွေးပြီး စိတ်ညစ်နေတယ်။ ဒီတော့ ကျွန်တော်က 'ခင်ဗျားရှူးနေသလား။ နောင်တစ်နှစ်ကြာရင် ဘာဖြစ်မယ်ဆိုတာ ဘယ်သူပြောနိုင်လို့လဲ။ ဘဝမှာ အလိုလိုကမှ ရင်မောစရာတွေများပြီး ပျော်ရတဲ့အချိန်က နည်းရတဲ့ အထဲမှာ ဘာဖြစ်လို့ စိတ်ညစ်စရာတွေကို ကြိုတွေးနေရတာလဲ။ ဘာပဲဖြစ်ဖြစ် အနာ ဂတ်ဟာ ခင်ဗျားတွေးထားသလို မည်းမှောင်ပြီးမနေပါဘူး။ ဒီတော့ ပစ္စုပ္ပန် မှာ ပျော်အောင်နေစမ်းပါ။ ကြည့်စမ်း ကလေးတွေဟာ သူတို့ ရွက်လှေက လေးတွေကို ကန်ထဲမှာ ရွက်လွှင့်ကစားနေကြတယ်။ သူတို့ကို အတုခိုးစမ်းပါ။ ကိုယ့်တာဝန်ကိုယ်လုပ်ပါ။ ကျန်တာကို ဘုရားသခင်စီမံလိမ့်မပေါ့' လို့ ကျွန်တော်က ပြောတယ်။

အမှန်ပါပဲ။ အနာဂတ်ကို စဉ်းစားတယ်ဆိုရင် အဖြစ်အပျက်တွေ ကို ဖန်တီးနိုင်တဲ့ ကိုယ့်လုပ်ပိုင်ခွင့်ထဲမှာပဲ စဉ်းစားရမှာပေါ့။ လုပ်ရှားလုပ်ကိုင် နေသူဟာ ကံယုံဝါဒီတစ်ယောက်မဖြစ်နိုင်ဘူး။ ဗိသုကာဟာ သူဆောက်နေ တဲ့ အိမ်ရဲ့အနာဂတ်ကို စဉ်းစားရတယ်။ အလုပ်သမားတစ်ယောက်ဟာ သူ့ရဲ့ဇရာအရွယ်မှာ လုံခြုံဖို့အတွက် နည်းလမ်းတွေကို စဉ်းစားရတယ်။ လွှတ်တော်အမတ်တစ်ယောက်ဟာ သူမဲပေးမယ့် ဘတ်ဂျက်ရဲ့ အကောင်း အဆိုးကို စဉ်းစားရမယ်။ ဒါပေမယ့် ဆုံးဖြတ်ချက်ချပြီးပြီ၊ လုပ်စရာရှိတာကို လုပ်ပြီးပြီဆိုရင်တော့ စိတ်ကို အေးအေးထားရလိမ့်မယ်။ ကိုယ်ဘာမှ မတတ် နိုင်တဲ့ အရာတွေအတွက် ပူပင်သောက ရောက်နေခြင်းဟာ ဘာမှအဓိပ္ပာယ် မရှိဘူး။



လူတစ်ယောက်ဟာ ပျော်ရွှင်မှုရလာပြီဆိုရင် အဲဒီပျော်ရွှင်မှုကို ဖြစ်စေတဲ့အရာတွေ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းထားဖို့ အရေးကြီး တယ်။ အောင်မြင်မှုရလာတဲ့အခါ အမျိုးသား၊ အမျိုးသမီးတော်တော်များများ ဟာ အောင်မြင်မှုဒဏ်ကို မခံနိုင်ကြတော့ဘဲ ဖြစ်သွားတတ်တယ်။ ဆင်ခြင် စဉ်းစားတာမရှိတော့ဘူး။ နှိုင်းနှိုင်းချိန်ချိန် မရှိတော့ဘူး။ ကြင်ကြင်နာနာမရှိ တော့ဘူး။ ဆင်ခြင်မှု၊ နှိုင်းချိန်မှု၊ ကြင်နာမှုတို့ဟာ အောင်မြင်မှုရအောင် လုပ်ရာမှာ တော်တော်ထိရောက်တဲ့အရည်အချင်းတွေဖြစ်တယ်။ အောင်မြင် လာတာနဲ့ သူတို့ဟာ မောက်မာလာတတ်ကြတယ်။ အဆင်ခြင်ဉာဏ်ကင်း လာတတ်ကြတယ်။ ကိုယ့်ကိုယ်ကိုယ် သိပ်ယုံကြည်သွားတတ်ကြတယ်။ အဲဒီ အရာတွေဟာ ခက်ခဲတဲ့အလုပ်တွေကို လုပ်ရာမှာ အတားအဆီးတွေ ဖြစ် တယ်။ နောက်ဆုံးမှာ သူတို့အောင်မြင်မှုတွေဟာ တဖြည်းဖြည်းပြိုကွဲယိုင် လဲပြီး ကျဆုံးသွားကြတော့တာပါပဲ။ ဒီလို ကောင်းရာကနေ ဆိုးသွားတဲ့အခါ မှာ သူတို့ဟာ အလန့်တကြားဖြစ်ကုန်ကြတယ်။ ဒီအခါမှာ ပျောက်ဆုံးသွား တဲ့ ပျော်ရွှင်မှုကို ပြန်ရမလားဆိုပြီး ရှေးအစဉ်အဆက် လုပ်ခဲ့ကြသလို နတ် သိကြားတွေထံ ပူဇော်ကန်တော့ကြတယ်။ ဒီနည်းဟာ ဉာဏ်အမြော်အမြင်ရှိ တဲ့ နည်းပါပဲ။ ဆာမိုနိုင်ငံက မင်းဆိုးတစ်ပါးဖြစ်တဲ့ ပိုလီကရိတ်ဟာ နတ်တို့ကို ပူဇော်တဲ့အနေနဲ့ သူ့ရဲ့ လက်စွပ်ကို ပင်လယ်ထဲကို ပစ်ချခဲ့တယ်။ ပိုလီကရိတ် လက်စွပ်ကို ပင်လယ်ထဲ ပစ်ချတဲ့နည်းတွေ အများကြီးပါ။ အဲဒီ အထဲမှာ အလွယ်ကူဆုံးနည်းကတော့ ရိုကျိုးနှိမ့်ချခြင်းပဲ။နိဝါတတရားထားခြင်းပါပဲ။

ပျော်ရွှင်မှုရဖို့ နည်းလမ်းတွေကို ကျွန်တော်တီထွင်တာ မဟုတ်ပါ ဘူး။ တွေးခေါ်ခြင်းအလုပ်ကို လုပ်ခဲ့ကြတဲ့ ဒဿနဆရာကြီးများက သင်ကြား ခဲ့လို့ ကျွန်တော်တို့ သိပြီးသားတွေပါ။ ရှေးဂရိခေတ်တုန်းက ရှိခဲ့ကြတဲ့ စတိုး အစ် (ဥပေက္ခာဝါဒီ) များနဲ့ အက်ပီကျူရီးယန်း (ပျော်ပျော်နေသေခဲဝါဒီ) များဟာ ကိုယ့်ကံကြမ္မာကို လက်ခံဖို့၊ ဆန္ဒတွေကို ထိန်းချုပ်ဖို့၊ ကိုယ်နဲ့ သဟ ဇာတဖြစ်တဲ့ဘဝကို ရွေးချယ်ဖို့ ပြောခဲ့ဟောခဲ့ ကြပါတယ်။ ဒီဒဿနဟာ မားကတ်ဩရဲလီယတ်ရဲ့ ဒဿနဖြစ်ပါတယ်။ မွန်တိန်းရဲ့ ဒဿနဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်ရဲ့ ပညာရှိကဝိတို့ရဲ့ ဒဿနဖြစ်ပါတယ်။

ဘာပြောတယ်။ ဒီလိုယုတ်ညံ့တဲ့၊ အောက်တန်းကျတဲ့ ကံကြမ္မာကို

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ လက်ခံရမယ် ဟုတ်လား။ ဒီလို ဘာမဟုတ်တဲ့ ပျော်ရွှင်မှုကလေးကို လက်ခံရမယ် ဟုတ်လား။ အန္တရာယ်များတဲ့ဘဝမျိုးကို မနေရဘူးလို့ ငြင်းပယ်ရမယ် ဟုတ်လား။ ထိန်းချုပ်စောင့်စည်းနေရမယ် ဟုတ်လား။ ဘာလဲ။ ခင်ဗျား ပေးချင်တဲ့ အကြံဉာဏ်ဟာ ဒါပဲလား။ ကျုပ်တို့က ပျော်ရွှင်မှုတွေဘာတွေ မလိုချင်ဘူးဗျ။ သူ့ရဲ့ကောင်းဝါဒပဲ လိုချင်တယ်လို့ အန္တိသူတော်စင်ဝါဒီတွေကပြောတယ်။ (အန္တိသူတော်စင်ဆိုတာ သူတော်စင်လိုနေဖို့မလိုဘူး၊ ကိုယ်ကြိုက်သလို စည်းမရှိကမ်းမရှိ နေနိုင်တယ်၊ ဘဝဆိုတာ အန္တရာယ်တွေများမှ နေပျော်တယ်လို့ ယူဆတဲ့ ဒဿနဆရာတွေဖြစ်ပါတယ်။ အဲဒီအထဲမှာ ဒဿနဆရာနစ်ရှေးတို့၊ စာရေးဆရာ အန်ဒရေဂျီစသူတို့ပါ ပါတယ်။ ဒါပေမယ့် အန်ဒရေဂျီဆိုတဲ့ ပုဂ္ဂိုလ်က တော်တော်အသိရခက်တဲ့ ပုဂ္ဂိုလ်ပါ။ တစ်ခါတစ်ရံမှာ သူဟာ အန္တိသူတော်စင်ဝါဒီဖြစ်ပြီး တစ်ခါတစ်ရံမှာလည်း သူတော်စင်ဝါဒီဖြစ်ပါတယ်။ နောက်တက်လာတဲ့ လူငယ်များအဖို့တော့ အန်ဒရေမာရိုးဟာလည်း သူတော် စင်ဝါဒီတစ်ဦးပါ။)

အဆွေအန္တိသူတော်စင်ဝါဒီ၊ အဆွေပြောတာလည်း တစ်စိတ်တစ်ပိုင်းတော့ မှန်ပါတယ်။ ချုပ်တည်းစောင့်စည်းမှုဟာ ပျော်ရွှင်မှုမဟုတ်ဘူးဆိုတာကို ဒီနေရာမှာ ကျွန်တော်နည်းနည်းရှင်းချင်ပါတယ်။ ဉာဏ်ပညာဟာ သူ့ရဲ့ကောင်းပီသတဲ့လုပ်ဆောင်မှုထဲမှာ မပါဘူးလို့ ထင်ရင်တော့ အဆွေမှားပါလိမ့်မယ်။ ကျွန်တော်တို့ လှုပ်ရှားလုပ်ဆောင်မှုတွေနဲ့ ပတ်သက်ခြင်းမရှိဘဲ ပေါ်ပေါက်လာတဲ့အဖြစ်အပျက်များကို အလျှော့ပေးလိုက်ခြင်းဟာ ကိုယ့်ကိုယ်ကိုယ် အရှုံးပေးလိုက်တာနဲ့တူပါတယ်။ ကျွန်တော်တို့ဟာ ပင်လယ်ကြီးနဲ့ ပင်လယ်ကြီးထဲက မုန်တိုင်းတွေကို လက်ခံနေရတယ်။ လူထုတွေနဲ့ သူတို့ရဲ့ အလိုဆန္ဒတွေကို လက်ခံနေရတယ်။ လူနဲ့သူရဲ့တိုက်ပွဲတွေကို လက်ခံနေရတယ်။ လူ့ခန္ဓာကိုယ်ကြီးနဲ့ သူ့ရဲ့ လိုအပ်ချက်တွေကို လက်ခံနေရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီအရာတွေဟာ ပြဿနာရဲ့ အစိတ်အပိုင်းဖြစ်နေလို့ပဲ။ အဲဒီ အရာတွေကို လက်ခံခြင်းမပြုဘူးဆိုရင် ကျွန်တော်တို့ရဲ့ ပြောစကား ဆိုစကားတွေဟာ ဝိုးတိုးဝါးတားဖြစ်တဲ့စိတ်ကူး ကမ္ဘာနဲ့သာ ပတ်သက်နေတော့မှာပေါ့။ ကျွန်တော်တို့ဟာ ရှုပ်ထွေးတဲ့ကမ္ဘာလောကကြီးကို ပြောင်းလဲပစ်နိုင်တယ်လို့ ယုံကြည်ကြတယ်။ မုန်တိုင်းထဲမှာ သင်္ဘောတစ်စင်းကို



ပဲ့ကိုင်နိုင်တယ်လို့ ယုံကြည်ကြတယ်။ လူအုပ်တစ်အုပ်ကို လွှမ်းမိုးနိုင်တယ်လို့ ယုံကြည်ကြတယ်။ နောက်ဆုံးအားဖြင့် ကျွန်တော်တို့ကိုယ်တိုင် ကျွန်တော်တို့ ပြောင်းလဲပြုပြင်နိုင်တယ်လို့ ယုံကြည်ကြတယ်။ ကျွန်တော်တို့ဟာ ရောဂါဖြစ်စေတဲ့ အကြောင်းရင်းအားလုံးကို ပပျောက်သွားအောင် မလုပ်နိုင်ဘူး။ ရောဂါကို ရှုံးနိမ့်တဲ့အကြောင်းရင်းတွေ၊ ဒါမှမဟုတ် အောက်ကျနောက်ကျဖြစ်ရတဲ့အကြောင်းတွေ အားလုံးကို ပပျောက်အောင်မလုပ်နိုင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ နာမကျန်းဖြစ်မှု၊ ရှုံးနိမ့်မှုနဲ့ အောက်ကျနောက်ကျ ဖြစ်မှုတို့ကို အောင်မြင်မှုအတွက် အသုံးချလို့ရနိုင်တယ်။ စိတ်ငြိမ်းချမ်းငြိမ်သက်အောင်လုပ်ရေးအတွက် အသုံးချလို့ရနိုင်တယ်လို့ ကျွန်တော်ပြောချင်တယ်။

လူတို့သည် ပျော်ရွှင်ခြင်းကိုရရန် ဆန္ဒမရှိကြ။ အင်္ဂလိပ်လူမျိုးများသာလျှင် ထိုဆန္ဒကို တောင့်တကြ၏လို့ နစ်ရှေးက ရေးဖူးတယ်။ တစ်နေရာမှာလည်း သူက ကျွန်ုပ်သည် ပျော်ရွှင်မှုကို မလိုချင်။ ကျွန်ုပ်၏ အလုပ်ကိုသာ လုပ်ချင်၏လို့ ရေးခဲ့ပါတယ်။ ဒါပေမယ့် အလုပ်လုပ်ရင်းကော ပျော်ရွှင်ချမ်းမြေ့မှုကို မရှာနိုင်ဘူးလား။ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ စည်းစိမ်ချမ်းသာနဲ့ နေရတာလည်း မဟုတ်ဘူး။ အပျော်အပါးတွေကို လိုက်စားနေတာလည်း မဟုတ်ဘူး။ ဘာမှအလုပ်မလုပ်ဘဲနေရတာလည်းမဟုတ်ဘူး။ အလေးနက်ဆုံးဆိုတဲ့ ဒဿနဆရာတွေလည်းပဲ တခြားသူတွေလို ပျော်ရွှင်ချမ်းမြေ့မှုကို ရှာကြတာပါပဲ။ ဒါပေမယ့် သူတို့ကတော့ သူတို့နည်းနဲ့ သူတို့ ရှာတာပေါ့။

ပျော်ရွှင်ချမ်းမြေ့မှုကို သွားရာလမ်းမှာ ဉာဏ်ပညာရှိခြင်းဟာ တစ်ခုတည်းသော ပထမခြေလှမ်းဖြစ်တယ်။ ဉာဏ်ပညာဟာ မိမိစိတ်ထဲမှာ ရှိတဲ့ အချည်းနှီးသော ဖိစီးမှုတွေကို လမ်းရှင်းပေးတယ်။ အသေးဖွဲဆုံးသော ခံစားချက်တွေ၊ အချည်းနှီးအကျိုးမဲ့ ဆွေးနွေးတာတွေကို အဆုံးသတ်ပစ်တယ်။ အဲဒီလုပ်ငန်းတွေ အောင်မြင်သွားတာနဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို ရလာတာပါပဲ။ ဒါပေမယ့် အဲဒီပျော်ရွှင်ချမ်းမြေ့မှုဟာ ဘယ်လိုဟာလဲ။ ဘာနဲ့တူသလဲ။ အဲဒီပျော်ရွှင်ချမ်းမြေ့မှုဟာ ချစ်ခြင်းမေတ္တာနဲ့ ဖန်တီးမှုကြောင့်ရတဲ့ ကြည်နူးမှုအရသာတို့ ပေါင်းစပ်ထားတဲ့အရာ၊ ကိုယ့်ကိုယ်ကိုယ် မေ့ပျောက်ထားနိုင်မှုပါပဲ။ မေတ္တာနဲ့ ကြည်နူးမှုဟာ ပုံစံအမျိုးမျိုးကွဲနိုင်တယ်။ လူနှစ်ယောက်ရဲ့အကြားမှာရှိတဲ့ ချစ်ခြင်းမေတ္တာဖြစ်နိုင်တယ်။ ဂီတပညာဆရာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိကြတဲ့ လူ့ဘောင်ကြီးအပေါ်မှာထားရှိတဲ့ချစ်ခြင်း မေတ္တာလည်း ဖြစ်နိုင်တယ်။

ကိုယ့်ချစ်သူခင်သူများနဲ့ နာရီပေါင်းများစွာ၊ နေ့ပေါင်းများစွာ အတူ မနေဖူးတဲ့သူဟာ ပျော်ရွှင်မှုကို နားမလည်နိုင်ဘူး။ ဒီလိုနေရ တာဟာ သာမန်အဖြစ်အပျက်တွေ၊ သာမန်မြင်ကွင်းတွေကို ဘယ်လောက်လှပတင့် တယ်အောင် လုပ်ပေးနိုင်သလဲဆိုတာ သူ နားမလည်နိုင်ဘူး။ ချစ်သောသူနဲ့ အတူနေရခြင်းကြောင့် ဘယ်လောက် စိတ်ချမ်းသာမှုရသလဲဆိုတာ သူ သဘောမပေါက်နိုင်ဘူး။ စတဲင်ဒယ်ကတော့ အချစ်နဲ့ ပျော်ရွှင်မှုကြားက တူညီမှုကို ကောင်းကောင်းနားလည်သူတစ်ယောက်ဖြစ်ပါတယ်။ ဒီနေရာမှာ သူ့ဝတ္ထုတစ်ပုဒ်ထဲက ဖေးဘရစ်ရဲ့ ပျော်ရွှင်မှုအကြောင်းကို ရေးထားတာကို ကျွန်တော် သွားသတိရပါတယ်။ ဖေးဘရစ်ဟာ ပါးမီးအကျဉ်းထောင်ထဲမှာ ရောက်နေတယ်။ သေမိန့်ကျလို့ မကြာခင်မှာ သေရတော့မယ်။ ဒါပေမယ့် သူ့ကို ဆယ်လီလီယာက လာတွေ့တဲ့အခါမှာ သူ့အကျဉ်းရက်တွေဟာ ဘယ် လောက်များ ပျော်စရာကောင်းလိုက်ပါသလဲ။ သူဟာ ပျော်နေတယ်။

မိန်းမတစ်ယောက်အချစ်ဟာ ဖေးဘရစ်အဖို့ သူ့ဘဝကို လျှောက် နိုင်သလို မိခင်မေတ္တာဟာလည်း မိခင်တစ်ယောက်အဖို့ ကိုယ်ကိုယ်ကိုယ် လျှောက်နိုင်စေပါတယ်။ နောက်လိုက်ငယ်သားတွေရဲ့ ခေါင်းဆောင်အပေါ် မှာ ထားတဲ့မေတ္တာ၊ အနုပညာရှင်က အနုပညာအပေါ်မှာထားတဲ့မေတ္တာဟာ လည်း ထိုအတိုင်းပါပဲ။ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် မေ့ပျောက်နိုင်တာ နဲ့အမျှ၊ ကိုယ့်ကိုယ်ကိုယ် ပျောက်ကွယ်သွားအောင် လုပ်နိုင်တာနဲ့အမျှ၊ လျှို့ ဝှက်နက်နဲတဲ့စေ့ဆော်မှု တစ်ခုခုကြောင့် အခြားဖြစ်တည်မှုတစ်ခုခုကို ရောက်သွားတာနဲ့အမျှ၊ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ရှာဖွေတော့တာ ပါပဲ။ အခြားဖြစ်တည်မှုများရှိတဲ့အဖြစ်အပျက်ဘွေဟာ အရေးမကြီးတဲ့ အဖြစ်ကို ရောက်သွားတော့တာပါပဲ။ အလိုမပြည့်တဲ့မိန်းမတစ်ယောက်ဟာ စည်းစိမ်ချမ်းသာလိုတယ်။ ဒါပေမယ့် ယောကျ်ားတစ်ယောက်နဲ့ ချစ်မိတဲ့ မိန်းမတစ်ယောက်ကတော့ ဘာကိုမှ မလိုတော့ပါဘူးဆိုတဲ့ စကားရှိတယ်။

ကိုယ့်ရဲ့အချစ်ကို နူနယ်သိမ်မွေ့တဲ့သူတွေကို ပေးအပ်ရတဲ့အတွက် ယောကျ်ားမှာ အန္တရာယ်တွေရှိတယ်ဆိုတာ မှန်တယ်။ မိန်းမတစ်ယောက်ကို



အရှုးအမူးချစ်တဲ့သူ၊ ကလေးတွေကို အလွန်အကျွံချစ်တတ်တဲ့သူ၊ ဒါမှမဟုတ် တိုင်းပြည်ကို ပြင်းပြင်းထန်ထန် ချစ်တတ်တဲ့သူတွေဟာ ကံကြမ္မာရဲ့ အလှည့် စားကို ခံရတတ်ပါတယ်။ သူဟာ ကျန်းမာရေးကောင်းမွန်သည့်တိုင် အဲဒီ နောက်မှာတော့ စိတ်ဆင်းရဲရတော့ပါပဲ။ အာဏာရှိသည့်တိုင် ခွန်အား ကောင်းသည့်တိုင် အနှိမ်ခံရတော့တာပါပဲ။ သတ္တိကောင်းပြီး ဘဝဒဏ်ရာ ဒဏ်ချက်တွေကို ခံနိုင်သည့်တိုင် တစ်ဖက်သားကို တောင်းပန်တိုးလျှိုးရတော့ တာပါပဲ။ သူ့ကို ကံကြမ္မာက အပိုင်ကိုင်ထားပြီးပြီလေ။ ကိုယ်ချစ်ခင်နှစ်သက် သူ နာမကျန်းဖြစ်တဲ့အတွက် အကြီးအကျယ် စိုးရိမ်သောကရောက်ရတယ်။ ကိုယ်ကိုယ်တိုင် ခံစားနေတာထက်တောင် စိတ်ဆင်းရဲရသေးတယ်။ သူဟာ အဲဒီလို အခါမျိုးမှာ အကူအညီပေးချင်တယ်။ ဒါပေမယ့် သူ ဘာမှမတတ် နိုင်ဘူး။ သူဟာ ဘေးကနေကြည့်ပြီး သူ့ကိုယ်သူ သရဲဘောကြောင်သူ တစ် ယောက်လို့ ထင်နေတယ်။ သစ္စာဖောက်တစ်ယောက်လို့ ခံစားနေရတယ်။ သူချစ်ခင်တဲ့သူက ဖြစ်နေပြီး သူက ဘာမှမဖြစ်ဘဲဖြစ်နေတော့ သူ့ဘာသာ သူ မလုံမလဲဖြစ်ပြီး စိတ်ဆင်းရဲနေတယ်။ ဒါဟာ လူ ရဲ့ ဆင်းရဲဒုက္ခတွေထဲ မှာ အကြီးဆုံးပဲလို့ ထင်တယ်။ ဒါဖြင့် အဲဒီအခါမှာ ကျွန်တော်တို့ရဲ့ ဥပေက္ခာ ဝါဒီဉာဏ်အမြော်အမြင်ဟာ ဘယ်ကိုရောက်သွားပြီလဲ။ နူနယ်သိမ်မွေ့တဲ့ သူများနဲ့ ကိုယ့်ကြမ္မာကိုနီးကပ်ထားတာဟာ ရူးသွပ်ခြင်းတစ်မျိုးပဲမဟုတ် လား။ မွန်တိန်းဟာ သူ့နိုင်ငံသားတွေရဲ့ အရေးကိစ္စကို အသည်းထဲ၊ နှလုံး ထဲကို သွတ်သွင်းဖို့ ငြင်းဆိုခဲ့တယ်မဟုတ်ဘူးလား။ ဟုတ်ပါတယ်။ ဒါပေမယ့် မွန်တိန်းကကော ဘာသားနဲ့ထုထားတာမို့လဲ။ လာဘာတီဒုက္ခရောက်လာတဲ့ အခါမှာ သူလည်း စိတ်ဆင်းရဲရတာပဲ မဟုတ်ဘူးလား။ ဒီလို ဝိရောဓိဖြစ် နေတာကို ဘယ်သူမှ ငြင်းနိုင်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခရစ် ယာန်ဉာဏ်အမြော်အမြင်က ဒီအချက်ကို ထည့်သွင်းစဉ်းစားလို့ပါပဲ။ တင်ခံ့ တည်းသော ပြည့်စုံတဲ့အဖြေကတော့ ပြောင်းလဲခြင်းမရှိတဲ့ အချစ်နဲ့ချစ်နိုင် တဲ့သူကိုသာ ချစ်ခင်ဖို့ပါပဲ။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တွေ သန္တိသုခရတယ် ဆိုတာ အဲဒီလို မေတ္တာထားနိုင်လို့ ဖြစ်ပါတယ်။ ဒါပေမယ့် လူရဲ့ဝေဒနာစိတ် ကတော့ လူတွေနဲ့သာ ပတ်သက်ပါတယ်။ တကယ့်ချစ်မေတ္တာမရှိသောအရပ်မှာ ဉာဏ်အမြော်အမြင်ကိုလည်း တန်ဖိုးထားကြတာမဟုတ်ပါဘူး။ ချစ်မေတ္တာ

www.burmeseclassic.com



ဟာ ကျွန်တော်တို့ကို မောင်းနှင်ထုတ်ပါတယ်။ စကားအရာမှုသာဖြစ်တဲ့ ဒုက္ခဝေဒနာတွေကို ကျန်းမာသန့်ရှင်းစွာနဲ့ ယုံကြည်မှုကင်းအောင် လုပ်မေး ပါတယ်။

ပျော်ရွှင်ချမ်းမြေ့မှုကို တားဆီးနေတဲ့အရာတစ်ခုတော့ရှိတယ်။ အဲဒါကတော့ ခေတ်သစ်လူသားရဲ့ မရေမရာနိုင်မှုပဲ။ ခေတ်သစ်လူသားဟာ တကယ့်ခံစားချက်တွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားတဲ့အခါမှာ သူ့ခေါင်းထဲမှာ မရေရာဒြပ်မဲ့တဲ့ ဖော်မျူလာတွေ၊ တရားသေအယူအဆတွေနဲ့ ပြည့်နေတတ်တယ်။ တိရစ္ဆာန်တွေနဲ့ ရိုးစင်းတဲ့ လူတွေမှာ သဘာဝကျစွာ ပျော်ရွှင်ချမ်းမြေ့မှုရှိတတ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဆန္ဒဟာလည်း ရိုးစင်းပြီး အစစ်အမှန်ဖြစ်လို့ပဲ။ ယဉ်ကျေးတဲ့လူကတော့ ကိုယ့်စကားတွေနဲ့ကိုယ် ကြက်တူရွေးတစ်ကောင်လို ဖြစ်နေပြီး သိပ်ခံစားရခြင်းမရှိတဲ့ အချစ်တွေ၊ အမုန်းတွေနဲ့ သူ့ဘာသာသူ ပြန်ပြီး ဒုက္ခပေးနေတယ်။

အဲဒီပြောင်းပြန်ဖြစ်မှုကနေပြီး လူတွေထင်နေတဲ့ ဒုက္ခသုက္ခတွေ ပေါ်လာခဲ့တော့တာပါပဲ။ ကျွန်တော်တို့ရဲ့ တကယ့်ခံစားချက်တွေကို ပြန်လည်ဖမ်းမိအောင်လုပ်ရာမှာ အနုပညာသည်ကတော့ ဒဿနပညာရှင်ထက် ကျွန်တော်တို့ကို ကူညီနိုင်ပါတယ်။

* * *

ပျော်ရွှင်ချမ်းမြေ့မှုရဲ့ လျှို့ဝှက်ချက်ကို သိချင်ကြသလား။ လွန်ခဲ့တဲ့ နှစ်အတန်ကြာတုန်းက တိုင်းသတင်းစာကြီးရဲ့ လူပျော်ကြော်ငြာကဏ္ဍမှာ အဲဒီမေးခွန်းကို မေးခဲ့ပါတယ်။ သိချင်တယ်လို့ ပြန်ကြားတဲ့လူတိုင်းကို သတင်းစာတိုက်က စာတစ်စောင်စီ ပြန်ပို့ပေးပါတယ်။ အဲဒီစာထဲမှာ သျှင်မက်သယူးရဲ့ ကထာနှစ်ပုဒ်ပါပါတယ်။ "တောင်းလော့၊ ထိုအရာကိုရအံ့။ ရှာလော့၊ ထိုအရာကို တွေ့အံ့။ ခေါက်လော့၊ တံခါးပွင့်အံ့။ တောင်းသောသူတိုင်းသည် ရကြကုန်၏၊ ရှာသောသူတိုင်းသည် တွေ့ကြကုန်၏။ ခေါက်သောသူတိုင်းသည် တံခါးပွင့်ကြကုန်၏" လို့ ရေးထားပါတယ်။ ချမ်းမြေ့ပျော်ရွှင်မှုရဲ့ သော့ချက်



ဟာလည်း ဒီအတိုင်းပါပဲ။ ပန်ဒိုရာရဲ့ ကြုပ်အောက်ဆုံးမှာ မျှော်လင့်ချက်ရှိတယ်လို့ ရှေးလူကြီးတွေက ပြောခဲ့ကြတယ်။ အဲဒီ မျှော်လင့်ချက်ကို မတွေ့ခင်တုန်းကတော့ မကောင်းဆိုးဝါးတွေအများကြီးပေါ့။ နောက်ဆုံး မကောင်းဆိုးဝါးတွေ ထွက်ပြေးကုန်ကြတော့မှ မျှော်လင့်ချက်ကိုတွေ့တာ မဟုတ်လား။ မိတ်ဆွေချစ်ကြည်မှုကို ရှာတဲ့သူဟာ မိတ်ဆွေကိုတွေ့မှာပဲ။ အလားတူပဲ ပျော်ရွှင်မှုကို တကယ်လိုလိုချင်ချင်ရှာရင် ပျော်ရွှင်မှုကို တွေ့မှာပဲ။

ခပ်ငယ်ငယ်တုန်းကတော့ ကျွန်တော်တို့တစ်တွေဟာ ဖြေလို့မရတဲ့ မေးခွန်းတွေကို မေးခဲ့ကြတာပေါ့။ ငါ့အချစ်နဲ့ထိုက်တန်တဲ့ ပြည့်စုံတဲ့ လူတစ်ယောက်ကို ဘယ်မှာများ ရှာရပါ့မလဲ။ ငါ့ယုံကြည်မှုနဲ့ ထိုက်တန်တဲ့ မိတ်ဆွေတစ်ယောက်ကို ဘယ်မှာများ တွေ့နိုင်ပါ့မလဲ။ ငါ့တိုင်းပြည်ရဲ့ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုကို ပေးနိုင်တဲ့တရားဥပဒေတွေကို ဘယ်မှာများ တွေ့နိုင်ပါ့မလဲ။ ငါကိုယ်တိုင်ကော ငါ့ပျော်ရွှင်ချမ်းမြေ့မှုကို ဘယ်လိုများ ရှာလို့ရနိုင်ပါ့မလဲ။

ပြဿနာကို ဒီလိုလိုက်ရှာနေတဲ့သူအဖို့တော့ ဘယ်တော့မှ ရှာလို့တွေ့နိုင်မှာမဟုတ်ပါဘူး။

ဒီပြဿနာရဲ့ မေးခွန်းတွေကို ဒီလိုမမေးလို့ ဘယ်လိုမေးရမလဲ။ ငါ့လို အားနည်းချက်ရှိတဲ့ လူတွေကို ဘယ်မှာများ ရှာလို့တွေ့နိုင်ပါ့မလဲ။ လူမျိုးတစ်မျိုးရဲ့ တည်ရှိမှုအတွက် ရှားပါးတဲ့ အရည်အချင်းတွေဟာ ဘာတွေများပါလိမ့်။ ငါ့ရဲ့ခွန်အားနဲ့ ငါ့ရဲ့အချိန်ကို ဘယ်အလုပ်မျိုးမှာ အသုံးချရပါလိမ့်။ ငါရနိုင်တဲ့ ပျော်ရွှင်မှုမျိုးဟာ ဘယ်လိုပျော်ရွှင်မှုမျိုးပါလိမ့်။ ဘယ်သူ့အချစ်နဲ့မှ ငါပျော်ရွှင်မှုရနိုင်ပါလိမ့်။

လူတွေရဲ့ အရေးကိစ္စတွေဟာ အမြဲတမ်းဟန်ချက်ညီနေတာမဟုတ်ပါဘူး။ ယုံကြည်မှု၊ ဉာဏ်အမြော်အမြင်၊ အနုပညာ စသည်တို့ကြောင့် တစ်ခါတစ်ခါမှာ ဟန်ချက်ညီမှုကို ရနိုင်တာမှန်ပါရဲ့။ နောက်တော့ ပြင်ပဖြစ်ရပ်တွေနဲ့ စိတ်အလိုဆန္ဒက အဲဒီဟန်ချက်ညီမှုကို ဖျက်ဆီးပစ်လိုက်တော့တာပဲ။ အဲဒီအခါကျတော့ ကိုယ်ဟာ ကျောက်ဆောင်ကြီးကို နောက်တစ်ခါပြန်တတ်ရပြန်ရော။ တကယ်တော့ အဲဒီလို သတ်မှတ်ထားတဲ့ နေရာတစ်ခု (ဟန်ချက်ညီမှု) ရဲ့ ပတ်ပတ်လည်မှာ ယိမ်းလိုက်၊ ယိုင်လိုက်၊ တည့်မတ်သွားလိုက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားနေရတာကိုက ဘဝပါပဲ။ ဒီလိုနေရာတစ်ခုရှိတယ်လို့ သိထားတာကိုက ပျော်ရွှင်မှုပါပဲ။ အပြင်းထန်ဆုံးဆိုတဲ့ အချစ်မှာ မရေတွက်နိုင်တဲ့ သေးဖွဲတဲ့ ပဋိပက္ခကလေးတွေရှိပြီး သစ္စာရှိခြင်းဆိုတဲ့အရာက အဲဒီပဋိပက္ခကလေးတွေကို ဖြေရှင်းပေးသွားပါတယ်။ အလားတူပဲ၊ ပျော်ရွှင်မှုဆိုတာဟာလည်း ရှန်းကန်မှုတွေ၊ အရှုံးတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး မျှော်လင့်ချက်က ဆယ်ယူထားရတဲ့အရာဖြစ်ပါတယ်။ ။

**မြသန်းတင့်**

BURMESE CLASSIC .com

## လောကသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| 1. | ဇမိုး | Letters For All |
| 2. | ဦးသာနိုး | English Grammar For All |
| 3. | ဦးသာနိုး | Writing Simple and Pleasant |
| 4. | ဇမိုး | English for Exams and Jobs |
| 5. | ဒေါက်တာခင်မောင်ဝင်း | အခြေခံသင်္ချာသစ် |
| 6. | ပျဉ်းမနားမောင်နီသင်း | ပုံပြင်ဖတ်ရအောင် |
| 7. | အံ့မောင် | ရေခဲနတ်ဒေဝီ |
| 8. | အံ့မောင် | အမြုတေရှာပုံတော် |
| 9. | မောင်ထွန်းသူ | ဇာတ်မြစ် ပ + ဒု + တ |
| 10. | မြသန်းတင့် | သုခမြို့တော် |
| 11. | ဦးအေးမောင် | ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ |
| 12. | ချိုထွန်း | Commercial Spoken English |
| 13. | ဇမိုး | Idiomatic English |
| 14. | ကျော်အောင် | အိုဂျေရှုဆလမ် |
| 15. | ဦးဝင်းတင် (EFA) | Media English (1) |
| 16. | ဦးဝင်းတင် (EFA) | Media English (2) |
| 17. | မောင်သော်က | ကဗျာ့ဘူကေး |
| 18. | ဘဝသစ်ဦးအောင်ကျော် | English For Travel and Business |
| 19. | မြသန်းတင့် | လူလေးသို့ ပေးစာများ |
| 20. | ဦးဝင်းတင် (EFA) | Media English (3) |
| 21. | ဆရာဦးစိုင်းအောင်ဝင်း | Excellent Essays and Letters |
| 22. | တက်တိုး | အင်္ဂလိပ်ဘာသာမေးမြန်းစရာ |
| 23. | မောင်ပေါ်ထွန်း | သန်းခေါင်ယံလွတ်လပ်ရေး |
| 24. | ဦးဝင်းအောင် | Street Talk |
| 25. | ဒေါ်ခင်မျိုးချစ် | အင်္ဂလိပ်စာ အင်္ဂလိပ်စကား |

www.burmeseclassic.com